www.burmeseclassic.com

# THE VALHALLA EXCHANNGE

HARRY PATTERSON

# ပျံလေသည့်ငှက်ခါး

နတ်နွယ်

BURMESE CLASSIC



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ပျံလေသည့်ငှက်ခါး

## နတ်နွယ်

ဖြန့်ချိရေး

အောင်မြင်
(ရန်အောင်စာပေ-၂)
အမှတ် ၁၁၉၊ ရွှေတိဂုံအရှေ့မုခ်၊
ဗဟန်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

ပျံ့လေသည့်ငှက်ခါး စာပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း
[ဒုတိယအကြိမ်၊ ၂၀၀၈၊ ဩဂုတ်]

✧

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၁၆၁၁၀၇

✧

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၇၂၀၃၈

✧

စီစဉ်ထုတ်လုပ်မှု
နီနီအောင်

✧

မျက်နှာဖုံးကာလာတွဲ
ကိုစိုင်း (stars)

✧

အတွင်းပုံနှိပ်
ဦးဝင်းကျော်ထွန်း 'မုံရွေးပုံနှိပ်တိုက်'၊
အမှတ် ၈၀/ခ၊ သံလွင်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

✧

မျက်နှာဖုံးပုံနှိပ်

ဦးဇော်မြင့်ဝင်း Colour Zone Offset ပုံနှိပ်တိုက်၊
အမှတ်-၁၈၄ (B)၊ ၃၁လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

✧

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂-ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

✧

အတွင်းဖလင် - 'ပုံရိပ်ရှင်'
စာအုပ်ချုပ် - ရွှေတြိဂံ
တန်ဖိုး - ၂၅၀၀ ကျပ်

## အမှာ

ဤဝတ္ထုကိုရေးသားသူမှာ ဟယ်ရီပက်တာဆင် (HARRY PETTERSON) ဖြစ်သည်။ ဟယ်ရီပက်တာဆန်ဟူသည် ကလောင်အမည် ဂျက်ဟစ်ဂင် (JACK HIGGINS) ၏ နာမည်ရင်း ဖြစ်သည်။ စာရေးသူသည် ဂျက်ဟစ်ဂင်အမည်နှင့်ရော ဟယ်ရီပက်တာဆင် အမည်နှင့်ရော ဝတ္ထုများ ရေးသားသည်။

သူတို့ဆီတွင် ကြော်ငြာရာတွင် ဟယ်ရီပက်တာဆင်နှင့် ဂျက်ဟစ်ဂင်ကို ရောထွေးကြော်ငြာလေ့ရှိပါသည်။ အကြောင်းမှာ ဂျက်ဟစ်ဂင်ဟူသောအမည်က ပိုမိုထင်ရှား အောင်မြင်သောကြောင့် ဖြစ်သည်။

အချုပ်ကိုပြောရလျှင် ဟယ်ရီပက်တာဆင်နှင့် ဂျက်ဟစ်ဂင်သည် လူတစ်ဦးတည်းသာဖြစ်သည်။ ထို့ကြောင့် ဤဝတ္ထုကို ဂျက်ဟစ်ဂင် ရေးသည်ဟုလည်း ဆိုနိုင်ပါသည်။

နတ်နွယ်

www.burmeseclassic.com

## နတ်နွယ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အဖ ဦးဘဝမ်း၊ အမိ ဒေါ်စောလုံတို့မှ ၁၉၃၃–ခု ဖေဖော်ဝါရီလ ၁–ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမြင့်ဖြစ်သည်။

မြစ်ကြီးနားမြို့ တောင်းဖန်းအထက်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။

စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်၊ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ အမျိုးသားသတင်းစာတွင် ဘာသာပြန်အယ်ဒီတာ၊ မိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာချုပ် လုပ်ခဲ့ပြီး ယခုအခါ နွယ်နီမဂ္ဂဇင်း အယ်ဒီတာချုပ်ဖြစ်သည်။

၁၉၅၀–ပြည့်နှစ် ဇွန်လ ၂၈–ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် ''ကျောင်းသူမ''ကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထု၊ ဝေဖန်စာနှင့် ဘာသာပြန်များ အမြောက်အမြား ရေးသားခဲ့ပြီး လုံးချင်းဝတ္ထု ၁၀၀–ကျော် ရေးသားခဲ့သည်။ လုံးချင်းဝတ္ထု ၂၀–ကျော် ဘာသာပြန်ဆိုခဲ့သည်။ **အပြာ၊ အဝါ၊ တကွေ့တော့ တွေ့ကြဦးမည်၊ တံခွန်တိုင် မောင်နှမများ** နှင့် **မြန်မာပြည်မြောက်ပိုင်း** တို့သည် စာရေးသူ၏ ထင်ရှားသော ပင်ကိုရေးဝတ္ထုများဖြစ်ကြသည်။ **ရောမက မိန်းမပျက်** နှင့် **စိန်ခေါ်ပွဲ** တို့သည် ထင်ရှားသည့် ဘာသာပြန်လက်ရာများဖြစ်သည်။ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးများဖြစ်ကြသော **မိုဗီဒစ်** နှင့် **ကာရာမာဇော့ ညီအစ်ကိုများ** တို့ ပြန်ဆိုပြီးစီးပြီး ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ **မိုးဇော်ဟိန်း** အမည်ဖြင့် လုံးချင်းဝတ္ထုများ ဘာသာပြန်ဆိုခဲ့သည်။ မင်းကျော်နှင့်တွဲပြီး **မလိခ** ကလောင်အမည်ဖြင့် **မြန်မာဝတ္ထုအညွှန်းများ** ရေးသားခဲ့သည်။ **ကမ္ဘာ့ဝတ္ထုအညွှန်း**ကိုလည်း ပြုစုခဲ့သည်။



ဘိုလီးဗီးယားနိုင်ငံတွင် ကလေးသူငယ်များသည် 'ကွယ်လွန်သူများနေ့' တွင် စားသောက်ဖွယ်ရာများနှင့် လက်ဆောင် ပစ္စည်းများကို သင်္ချိုင်းသို့ ယူဆောင်သွားပြီး သွားလေသူများအတွက် စွန့်ပစ်ထားတတ်ကြသည်။ ရှေးခေတ်ဟောင်း အယူအဆနှင့် ခရစ်ယာန် အစဉ်အလာတို့ကို ပေါင်းစပ်ထားခြင်းပင် ဖြစ်သည်။ ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် အတော်ကလေး ကိုက်ညီသည်ဟု ဆိုရမည်။ သို့တစေလည်း ဤလို အခါသမယမျိုးတွင် သေဆုံးပြီးသူများသည် သင်္ချိုင်းဂူအတွင်းမှ ထွက်ပြီး လမ်းလျှောက်လိမ့်မည်ဟု အင်မတန် အယူသီးသော ဘိုလီးဗီးယား တောသူတောင်သားများပင် ယုံကြည်လိမ့်မည် မဟုတ်ပါ။ သို့သော် ကျွန်တော်ကတော့ ယုံကြည်သည်။

လာဝါတာသည် သတ္တု တူးဖော်ရာ မြို့ကလေးတစ်မြို့ ဖြစ်သည်။ လူဦးရေ ငါးထောင်၊ ခြောက်ထောင်ခန့် ရှိပြီး အင်ဒီတောင်တန်း အခေါင်အဖျားတွင် မြုပ်ဝင်လျက် ရှိသည်။ အင်မတန် ဝေးခေါင်သော အရပ်တစ်ခု ဖြစ်သည်။ ဒီးရှားနိုင်ငံမှနေ၍ ခရီးသည်တင် လေယာဉ် တောက်လျှောက် မပေါက်ပါ။ သို့ဖြင့် ကျွန်တော်သည် ကုန်တင်လေယာဉ်ဟောင်းကြီး တစ်စင်းဖြင့် လိုက်ပါသွားရသည်။

ကျွန်တော် ရောက်ရှိသွားသည့်အချိန်တွင် မိုး သည်းထန်စွာ ရွာသွန်းလျက် ရှိသည်။ သို့သော် ကံကောင်းထောက်မသဖြင့် လေယာဉ်ကွင်း အဆောက်အအုံကလေး၏ အနီးတွင် အငှားကားတစ်စီး ရပ်ထားသည်ကို တွေ့ရှိရသည်။ ကားမောင်းသူမှာ လူနီတစ်ယောက် ဖြစ်သည်။ မိုးကာအင်္ကျီအဝါကြီးကို ဝတ်ထားပြီး ခေါင်းတွင် မြက်ဦးထုပ် ဆောင်းထားသည်။ သူသည် ကားငှားမည့်သူ တစ်ဦးကို တွေ့ရှိရသောအခါ အထူးပင် အံ့အားသင့်သွားပုံရသည်။ ဝမ်းသာသွားပုံ ရသည်။

www.burmeseclassic.com



ဟိုတယ်ကိုလား ဆရာ''

သူက ကျွန်တော်၏ လက်ဆွဲအိတ်ကို ဆွဲယူရင်း မေးလိုက်သည်။

''အိတ်ဆယ်စီယာ''

ကျွန်တော်က ပြောလိုက်သည်။

''အဲဒါ ဟိုတယ်မဲ့ပေါ့ ဆရာ၊ ကျွန်တော်တို့မြို့မှာ ဟိုတယ်တစ်ခုပဲ ရှိပါတယ်''

သူက သွားများကို ဖြီပြရင်း ပြောသည်။

ကားက အောက်စော်နံသည်။ မိုးယိုသည်။ မီးရောင်များ လင်းထိန်နေသော မြို့ကလေးဘက်သို့ ကားကို မောင်းဆင်းသွားသောအခါ ကျွန်တော့်မှာ များစွာမှ စိတ်ပျက်မိရသည်။ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည် ဖြစ်ရသည်။ ငါ ဒီကို ဘာလာလုပ်တာလဲ၊ ဘာကိစ္စလဲ၊ ဘာအစီပွာယ်လဲ၊ ကိုယ့်အမြီး ကိုယ်လိုက်ခုတ်သည့် ကြောင်ကလေးတစ်ကောင်လိုပင် ဖြစ်တော့သည်။ မရှိသည့် သတင်းတစ်ပုဒ်နောက်သို့ လိုက်ပါခြင်းပင် မဟုတ်ပါလား။ လာဝါတာကို တွေ့မြင်ရတော့ ပို၍ စိတ်ပျက်ဖွယ်ရာ ဖြစ်သည်။ ကျွန်တော်တို့၏ ကားသည် လမ်းငယ်၊ လမ်းကျဉ်းကလေးတို့ကို ချိုးကာ ကွေ့ကာနှင့် တစ်လမ်းဝ တစ်လမ်းထွက် ပြေးလွှားလျက် ရှိသည်။ လမ်းဘေး ဝဲယာတွင် အိမ်ငယ်ငယ် နိမ်နိမ့်နိမ့်ကလေးများ ပြွတ်သိပ်လျက် ရှိသည်။

ခဏမျှအကြာတွင် မြို့အလယ်ရှိ ဗဟိုရင်ပြင်သို့ ကျွန်တေ ; ရောက်ရှိသည်။ မြို့ရင်ပြင်၏ အလယ်တွင် လှပသော ရေပန်းကြီးတစ်ခု ႃသည်။ ကိုလိုနီခေတ်က အမွေအနှစ်တစ်ခု ဖြစ်သည်။ နတ်သမီးရုပ်များ၏ ပါးစပ်များ၊ နှာခေါင်းများမှ ရေများ ပန်းထွက်လျက် ရှိသည်။ ယခုအထိ အားလုံး ကောင်းမွန်လျက် ရှိနေသေးသည်မှာ အံ့သြဖွယ်ရာတစ်ခု ဖြစ်သည်။ ဟိုတယ်သည် ရင်ပြင်ကျယ်ကြီး၏ တစ်ဖက်ထိပ်တွင် ဖြစ်သည်။ လမ်းတစ်ဖက်ရှိ တိုင်တန်းများအနီးတွင် လူအချို့ စုဝေးလျက် ရှိသည်ကို ကျွန်တော် ကားပေါ်မှ အဆင်းတွင် တွေ့မြင်ရသည်။ သူတို့က ဝတ်ကောင်းစားလှတွေနှင့် ဖြစ်သည်။ လေထဲတွင် ဆေးလိပ်နံ့များ မွှန်နေသည်။

''ဘာလုပ်နေကြတာလဲ''

ကျွန်တော်က မေးလိုက်သည်။

''သူတော်စင်များနေ့လေ၊ ပွဲတော်သမမှာပေါ့''

''သူတို့ကို ကြည့်ရတာ သိပ်ပြီး ပျော်ပျော်ပါးပါး မရှိကြပါဘူး''

ကားမောင်းသူ ပခုံးတွန့်လျက်-

''မိုးပေါ့ မိုးဖျက်တာပေါ့၊ မီးရှူးမီးပန်းတွေ လွှတ်လို့ မရဘူး။ နောက်ပြီးတော့ ဒီပွဲတော်က တည်တည်ငြိမ်ငြိမ် ကျင်းပရတာ မဟုတ်လား၊ ခ... သူတို့ သုသာန်ကို သွားကြလိမ့်မယ်၊ ဘဝတစ်ပါးသို့ ပြောင်းသွားကြတဲ့ လူတွေ ...ကို သွားပြီး နှုတ်ဆက်ကြလိမ့်မယ်၊ ကျွန်တော်တို့က ဒီပွဲကို ကွယ်လွန်သူများ...နေ့လို့ ခေါ်တယ်၊ ဆရာ ကြားဖူးသလားတော့ မသိဘူးပေါ့''



''မက္ကဆီကို နိုင်ငံမှာလည်း ဒီအတိုင်းပါပဲ''

ကျွန်တော်က သူ့ကို ကားခ ရှင်းပေးပြီးနောက် ဟိုတယ်တွင်းသို့ ...ဝင်ရောက်ခဲ့သည်။ သည်ဟိုတယ်မှာလည်း ခေတ်ကောင်းစဉ်က လက်ရာတစ်ခု ဖြစ်သည်။ သို့သော် ပျက်ယွင်းစတော့ ပြုနေပြီ ဖြစ်သည်။ နံရံမှ အင်္ဂတေများ ကွာကျနေသည်။ မျက်နှာကြက်တွင် အကွက်ကြီးတွေ စွန်းထင်းလျက် ရှိသည်။ ဟိုတယ် စာရေးသည် ကျွန်တော့်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသောအခါ ကားဒရိုင်ဘာကဲ့သို့ပင် အံ့အားသင့်သွားဟန် ရှိသည်။ သူ့လက်မှ သတင်းစာကို သျှင်မြန်စွာ ချထားလိုက်သည်။

''ကျွန်တော် အခန်းတစ်ခန်း လိုချင်တယ်''

''ရပါတယ် ဆရာ၊ ဘယ်လောက် ကြာကြာနေမလဲ''

''တစ်ညပဲ၊ မနက်ဖြန် ပီရူးကို ပြန်မယ်''

ကျွန်တော်က ကြည့်ရှု ရေးမှတ်နိုင်ရန်အတွက် မှတ်ပုံတင်ကတ်ပြားကို ...ယူလိုက်သည်။

သူက မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်ရင်း…

''အလုပ်ကိစ္စနဲ့ လာတာလား၊ ဆရာက သတ္တုတွင်းကုမ္ပဏီကလား''

ကျွန်တော်က ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး ဆယ်ဒေါ်လာတန် ငွေစက္ကူ တစ်ရွက်ကို ထုတ်ယူကာ မှတ်ပုံတင်စာအုပ် အနီးတွင် ချထားလိုက်သည်ကို မှတ်ပုံတင်စာရေး ရေးနေရာမှ ရပ်လိုက်ပြီး ကြည့်သည်။

''တနင်္လာနေ့က ဒီမှာ လူတစ်ယောက် သေတယ်လို့ လီမားမြို့က သတင်းစာတွေမှာ ဖတ်လိုက်ရတယ်၊ ခင်ဗျားတို့ရဲ့ ဟိုတယ်ရှေ့ ရင်ပြင်ထဲမှာ ဒဏ်ရာ... နဲ့ လဲကျပြီး သေသွားတယ်လို့ ရေးထားတယ်၊ ရဲအဖွဲ့က သူ့ရဲ့ လက်ဆွဲအိတ်ကို ရှာကြည့်တဲ့အခါမှာ ဒေါ်လာငွေ ငါးသောင်းနဲ့ နာမည် သုံးမျိုးနဲ့ နိုင်ငံကူးလက်မှတ် သုံးစောင်ကို တွေ့ရတယ်လို့ ဖော်ပြထားတယ်''

''ဟုတ်ပါတယ် ခင်ဗျာ၊ ဆီညော်ဘော်ယာပါ၊ ဆရာက သူ့မိတ်ဆွေလား''

''မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ကို မြင်ရင်တော့ ကျွန်တော် သိလိမ့်မယ်လို့ ထင်တယ်''

''လောလောဆယ်တော့ သူ့အလောင်းက သုဘရာဇာဆီမှာ ရှိနေတယ်။

www.burmeseclassic.com



ဘွကို စောင့်တဲ့အနေနဲ့ ခုနစ်ရက် ထားလေ့ရှိတယ်''

''ကျွန်တော့်ကို ဒီလိုပဲ ပြောလိုက်ကြတယ်''

''လက်ဖတင်နှင် ဂိုမက်က ဒီအမှုကို ကိုင်ရတဲ့ ရဲအုပ်ကြီးပဲ၊ ရဲစခန်း ချင်ပြင်ရဲ့ တစ်ဖက်မှာ ရှိတယ်''

''ဒီလို ကိစ္စမျိုးတွေမှာ ရဲနဲ့ ဆက်ဆံရတာ သိပ်ပြီး အလုပ်မဖြစ်ဘူး''

ကျွန်တော်က နောက်ထပ် ဆယ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက် ထုတ်ပြီး ပထမ တစ်ဆယ်တန်အနီးတွင် ချထားလိုက်သည်။

''ကျွန်တော်က သတင်းထောက်တစ်ယောက်ပဲ၊ ဒီသတင်းက ကျွန်တော် ရေးဖို့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာနိုင်တယ်''

''ဩော်… ဆရာက သတင်းစာဆရာကိုး၊ ကျွန်တော် ဘာကူညီရမလဲ''

သူ့မျက်လုံးမှာ အရောင်တောက်လာသည်။

''ဘော်ယာ… သူ့အကြောင်း ခင်ဗျား ဘာပြောနိုင်သလဲ''

''ဘာမှတော့ သိပ်ပြောနိုင်မှာ မဟုတ်ဘူး၊ ပြီးခဲ့တဲ့အပတ်က ဆူကရီကနေ သူ ရောက်လာတယ်၊ မိတ်ဆွေတစ်ယောက် ရောက်လာမှာကို စောင့်နေတယ်လို့ ပြောတယ်''

''အဲဒီလူ ရောက်တော့ ရောက်လာသလား''

''အဲဒါတော့ ကျွန်တော် မသိဘူး ဆရာ''

''သူ့ပုံပန်းသဏ္ဌာန် ပြောစမ်းပါ''

''အသက် ၆၅ နှစ်လောက် ရှိပြီ၊ ဒါထက် ပိုကြီးချင် ကြီးမယ်၊ မငယ်ဘူး၊ ဟုတ်တယ် ပိုပြီး ကြီးနိုင်တယ်၊ ဒါပေမဲ့ အပြောရတော့ ခက်တယ်၊ သူ့ကို ကြည့်ရတာ တော်တော်ကလေး မာတယ်၊ အရွယ်တင်တယ်၊ ရောမ လူကြီးပဲ''

''ဘာပြောတယ်''

''ရောမလူကြီးပဲ၊ အရပ်ရှည်တာ မဟုတ်ဘူး၊ ကိုယ်လုံးကိုယ်ထည် ကြီးတာပဲလို့ ပြောရမယ်၊ လက်ပြင် ကျယ်တယ်၊ လည်ပင်း တုတ်တယ်''

သူက လက်နှစ်ဖက်ကို ဆန့်ပြရင်း ပြောသည်။

''လူဝကြီးလား''

''ဝတာ မဟုတ်ဘူး၊ တောင့်တင်းခိုင်မာတာပဲ၊ စပိန်စကား ကောင်းကောင်း ပြောနိုင်တယ်၊ ဂျာမန်သံတော့ နည်းနည်းဝဲတယ်''

''ဂျာမန်သံ ဝဲတယ်ဆိုတာ သေချာရဲ့လား''

''သေချာပါတယ်၊ ဂျာမန် အင်ဂျင်နီယာတွေ ဒီကို ခဏခဏ လာနေတာပဲ၊ သူတို့ ပြောတဲ့အသံကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်''



''မှတ်ပုံတင်စာအုပ်ထဲမှာ ဘာရေးထားသလဲ၊ ကျွန်တော် ကြည့်ရမလား''

သူက မှတ်ပုံတင်စာအုပ်ကို ကျွန်တော့်ဘက်သို့ လှည့်ပေးလိုက်သည်။ ကျွန်တော့်နာမည်၏ အထက်ဘက် စာကြောင်းတွင် သူ့နာမည်ကို တွေ့ရသည်။ သူ့လက်မှတ်ကို တွေ့ရသည်။ နေ့စွဲ ရေးထိုးရာတွင် ခုနစ်ဂဏန်းတွင် တုံးကလေး ခတ်ထားသည်။ ဥရောပနည်းဟန် ဖြစ်သည်။

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး ငွေစက္ကူ နှစ်ရွက်ကို ဟိုတယ်စာရေး ထံသို့ တွန်းပို့လိုက်သည်။

''ကျေးဇူးပဲ''

သူက ငွေစက္ကူနှစ်ရွက်ကို ကောက်ယူလိုက်ပြီး အင်္ကျီရင်ဘတ် အိတ်ထဲသို့ လျင်မြန်စွာ ထည့်လိုက်သည်။

''ဆရာ့အတွက်အခန်း ကျွန်တော် လိုက်ပြမယ်''

ကျွန်တော်က လက်မှ နာရီကို ကြည့်လိုက်သည်။ ခုနစ်နာရီ ထိုးပြီးပြီ။

''ဒီအချိန် သုဘရာဇာဆီကို သွားလို့ ဖြစ်မလား''

''ဖြစ်ပါတယ် ဆရာ၊ အသုဘရုံမှာ သုဘရာဇာတစ်ယောက် တစ်ညလုံး အချိန်ပြည့် တာဝန်ချထားတယ်၊ ကျွန်တော်တို့ဆီမှာ ထုံးစံတစ်ခု ရှိတယ်၊ သေသွားတဲ့ လူတွေကို သုံးရက်လုံးလုံး နေ့ရော ညရော စောင့်ကြည့်နေရတယ်၊ တကယ်လို့များ…''

သူက ဤနေရာတွင် ခေတ္တမျှ တုံ့ဆိုင်းနေသည်။

''ပြန်ရှင်လို ရှင်ညားပေါ့''

''ဟုတ်ပါတယ် ဆရာ၊ သေခြင်းဆိုတာ နောက်ဆုံး အမှုကိစ္စပဲ၊ ဒါကြောင့်မို့လို့ အင်မတန် သေချာဖို့ အရေးကြီးပါတယ်၊ ဘယ်ဘက်ကို သွားပါ ဆရာ၊ ပထမဆုံး တွေ့တဲ့ လမ်းကို လိုက်ပါ၊ လမ်းဆုံးတာနဲ့တစ်ပြိုင်နက် သုဘရာဇာ အိမ်ကို တွေ့ပါလိမ့်မည်၊ ဘယ်လိုမှ မှားစရာ အကြောင်း မရှိဘူး၊ တံခါးပေါက်မှာ မီးအပြာလေး ထွန်းထားတယ်၊ သုဘရာဇာရဲ့ နာမည်က ဟူးကိုးတဲ့၊ ရာဖီမာရီနိုက လွှတ်လိုက်တယ်လို့ ပြောပါ ဆရာ''

''ကျေးဇူးတင်ပါတယ်''

''နောက်ပြီးတော့ ဆရာ၊ ဆရာ ပြန်လာတဲ့အချိန်မှာ တစ်ခုခု စားချင်ရင် မှာပါ ဆရာ၊ ကျွန်တော် တစ်ညလုံး ရှိနေပါ့မယ်''

သူက သတင်းစာကို ကောက်ယူသည်။ ကျွန်တော် ဟိုတယ်အပြင်ဘက်သို့ ထွက်ခဲ့သည်။ သင်္ချိုင်းသို့ သွားမည့် လူအုပ်ကြီးသည် တစ်စုလျက် ရှိနေပြီ။ အပေါ်ဆုံး လှေကားထစ်တွင် ရပ်ပြီး ကျွန်တော် ကြည့်သည်။ မက္ကဆီကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည့်အတိုင်းပင် ဖြစ်သည်။ ရှေ့ဆုံးတွင် လူနှစ်ယောက် မီးတုတ်ကို ကိုင်ထားသည်။ ယမမင်း ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ သည့်နောက်တွင် ကလေးများ ဖြစ်သည်။ အလယ်တွင် ဖယောင်းတိုင်များ ကိုင်ထားကြသည်။ မီးကြောင့် အချို့ ဖယောင်းတိုင်များ ငြိမ်းကုန်ပြီဖြစ်သည်။ လူကြီးများက စားသောက်ဖွယ်ရာခြင်းများကို ကိုင်ဆောင်လျက် နောက်မှ လိုက်လာကြသည်။ တစ်စုံတစ်ယောက် ပလွေတိုတိုကို သဲ့သဲ့ကလေး မှုတ်နေသည်။ ဗုံသံကလည်း လက်ညှိုးကလေးတစ်ချောင်းတည်းဖြင့် ညင်သာပျောင်းနွဲ့စွာ တီးခတ်နေခြင်း ဖြစ်သည်။ ယင်းမှ တစ်ပါးကား အားလုံးပင် တိတ်ဆိတ်လျက်ရှိသည်။

သူတို့သည် ကျွန်တော် သွားရမည့်ဘက်သို့ပင် သွားနေကြသည်။ သို့ဖြင့် ကျွန်တော်သည် လူတန်းကြီးနောက်မှ ကပ်ပြီး လိုက်ပါသွားသည်။ မိုးသည်းထန်စွာ ရွာသွန်းလျက် ရှိသဖြင့် ကျွန်တော်က မိုးကာအင်္ကျီ ကော်လာကို ထောင်ထားရသည်။ သုဘရာဇာအိမ်ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိပါသည်။ မာရီနို လမ်းညွှန်လိုက်သည့်အတိုင်းပင် တံခါးပေါက်တွင် မီးပြာပြာကလေး ထွန်းထားသည်။ တံခါးရှေ့တွင် ကျွန်တော် ခေတ္တမျှ ရပ်နေသည်။ လူတန်းကြီး တဖြည်းဖြည်း ဝေးသွားသည်ကို ကြည့်နေသည်။ ပလွေသံနှင့် ဗုံသံက ချော ကျချားဖွယ်ရာ ဖြစ်သည်။ လူတန်းကြီး အခြားလမ်းတစ်ခုအတွင်းသို့ ဝင်ရောက် ကွယ်သွားသောအခါတွင်မှ တံခါးပေါ်မှ လူခေါ် ခေါင်းလောင်းကြိုးကို ဂ တ်ဆွဲလိုက်သည်။

အတော်ကလေး ကြာသည်အထိ ဘာသံမျှ မကြားရပါ။ မည်သည့် လှုပ်ရှားမှုမျှ မတွေ့ရပါ။ မိုးသံကိုသာ ကြားနေရသည်။

ကျွန်တော်က ခေါင်းလောင်းသံကြိုးကို နောက်တစ်ကြိမ် ဆွဲမည်အပြု လိုက်တွင်မှ အတွင်းမှ လှုပ်ရှားမှုတစ်ခုကို သတိပြုမိရသည်။ ဖြည်းလေးစွာ လျှောက်လာနေသော ခြေသံကို ကြားရသည်။ တံခါးတွင် တပ်ဆင်ထားသော ချောင်းကြည့်ပေါက်ကလေး ပွင့်လာသည်။ မျက်နှာတစ်ခု ပေါ်လာသည်။ အမှောင်ထဲတွင် မှုန်ရေးရေး ဖြူဖျော့ဖျော့။

"ဟူးဂိုးလား…"

ကျွန်တော်က မေးလိုက်သည်။

"ဘာကိစ္စ ရှိလို့ပါလဲ ဆီညော်"

သူ့အသံက သဲ့သဲ့ကလေး။

"ဆီညော်ရီကာဒိုဘော်ယာရဲ့ အလောင်းကို ကြည့်ချင်လို့ပါ"

"မနက်မှ လာပါလား ခင်ဗျာ"

"ကျွန်တော့်ကို ရာဖီမာရီနိုက လွှတ်လိုက်တာပါ"

သူ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက် ကြည့်ပေါက်က ‌ သွားသည်။ တံခါး မင်းတုပ်ဖွင့်သံ ကြားရသည်။ တံခါးကြီး အသံ ွင့်သည်။ တံခါးဝတွင် သူ ရပ်နေသည်။ လက်တစ်ဖက်တွင် မှန်အိ ။ အမေရိကန် သည်။ သူက အိုမင်းလှချေပြီ။ ကမ္ဘာ့ဒွါန်းရုပ် ဖြစ်သည်။ သချိုင်း အိုးစုကြီးတစ်ခုပမာ ဖြစ်သည်။ အတွင်းသို့ ကျွန်တော် ဝင်လိုက်သ တံခါးကို ပြန်ပိတ်သည်။

"ကျုပ်နောက်ကို လိုက်ခဲ့ပါ"

သူ ရှေ့မှ သွားသည်။ လမ်းတိုကလေးတစ်ခု ဖြစ်သည်။ ခေတ္တမျှ သွားမိသောအခါ သစ်သားတံခါးတစ်ခုကို တွေ့ရသည်။ တံခါးကို သူ ဖွင့်သည်။ ရှတ်တရက်ဆိုသလို လူသေနံ့များကို ကျွန်တော် ရှူရှိုက်ရသည်။ ကျွန်တော် ခေတ္တမျှ တုံ့ဆိုင်းနေမိသည်။ ပြီးမှ သူ့နောက်သို့ လိုက်ပါသွားသည်။

ကျွန်တော် ဝင်ရောက်သွားသော အခန်းသည် မှောင်နေသည်။ မှုန်နေသည့် အခန်း၏ အလယ်လောက်တွင် ကြိုးဖြင့် ချိတ်ဆွဲထားသော မှန်အိမ်တစ်ခုသာ ရှိသည်။ အလောင်းများ ထားရှိသော သည်လို အခန်းမျိုး ကျွန်တော် အလျင်က တွေ့ဖူးသည်။ သည့်ထက်တော့ ကောင်းမွန်ကြသည်။ အခန်း၏ တစ်ဖက်ခြမ်းတွင် ခေါင်းတွေ မြင်ရသည်။ ဆယ်ခု၊ ဆယ့်နှစ်ခုလောက် ရှိသည်။ သူက ကျွန်တော့်ကို စင်မြင့်ကလေးတစ်ခုပေါ်ရှိ စားပွဲနှင့် ကုလားထိုင်ရှိရာသို့ ခေါ်သွားသည်။

ကျွန်တော်က အမှောင်တွင်းသို့ အားစိုက်ပြီး ကြည့်သည်။ ခေါင်းတွေ အားလုံး ဖွင့်ထားသည်။ ခေါင်းအတွင်းရှိ အလောင်းများကို ကောင်းစွာ မြင်လာသည်။ အလောင်းကောင်များ၏ လက်ချောင်းများကို ကြိုးစတစ်ခုစီတွင် ချည်ထားသည်။ ကြိုးစားသည် အပေါ်သို့ တက်သွားသည်။ စက်သီးကို ဖြတ်ပြီး တစ်ဖက်သို့ ဆင်းသွားသည်။ ကြိုးစ၏ တစ်ဖက်ထိပ်တွင် ခေါင်းလောင်းကလေးတွေ ဆွဲချိတ်ထားသည်။

သူက မှန်အိမ်ကို ချထားလိုက်သည်။

"ဒီကြိုးကို ဆွဲတဲ့လူ ရှိသလား"

ကျွန်တော်က မေးလိုက်သည်။ ယခုအခါ သူ့ကို ကျွန်တော် ကောင်းစွာ မြင်တွေ့ရသည်။ သူ့အသက် ရှစ်ဆယ် ကျော်လောက်ပြီ။

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက တစ်ခါ ဆွဲတယ် ခင်ဗျာ။ ကောင်မကလေး တစ်ယောက်ပဲ၊ ဒါပေမဲ့ နောက်သုံးရက် အကြာမှာ သူ ပြန်သေသွားတယ်၊ သူ့အဖေက သူ့သမီး မသေဘူးဆိုပြီး တစ်လလောက် ဒီအတိုင်းပဲ ထားတယ်၊ နောက်မှ ရဲတွေနဲ့ ဖြေရှင်းယူရတယ်"

www.burmeseclassic.com

www.burmeseclassic.com



''အင်း… ဒီလိုပဲ ဖြစ်ရမယ်''

သူက စာအုပ်ကြီးတစ်အုပ်ကို ဖွင့်လိုက်သည်။ ကလောင်တံကို မင်အိုးသည့်နောက်ဝွက်ပြီး-

ထားကြသည်။ ခြာက ဆီညှော်ဘော်ယာနဲ့ ဘာတော်သလဲ၊ စာအုပ်ထဲမှာ ကျုပ်များက စာ-ုမယ်''

ကျွန်တော်က ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည်။ ဆယ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက် ထုတ်ရပြန်သည်။

''ဆွေမျိုး မတော်ပါဘူး၊ မိတ်ဆွေတစ်ယောက်ပါ၊ ကျွန်တော်က သတင်းစာဆရာတစ်ယောက်ပါ၊ သူ သေတဲ့သတင်း ကြားလို့ သူ့ကိုများ ကျွန်တော် သိမလားလို့ လမ်းကြုံလို့ ဝင်ကြည့်တာပါ''

သူ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက် ကလောင်တံကို ချထားလိုက်သည်။ မှန်အိမ်ကို ကောက်ယူလိုက်ပြီး-

''ဒီဘက်ကို သွားရအောင် ဆရာ''

ဘော်ယာ၏ ခေါင်းသည် နောက်ဆုံးတန်းတွင် ဖြစ်သည်။ အစွန်ဆုံးတွင် ဖြစ်သည်။ အဘိုးကြီးက မှန်အိမ်ကို မြှောက်ပြသောအခါ ကျွန်တော် တုန် သွားသည်။ လူသေကောင်၏ နီရဲသော နှုတ်ခမ်းများ၊ ဖြူဖွေးသော သွားများ ဖြည့်ဖောင်းသော ပါးများကို မြင်ရသည်။ နောက်မှ အလောင်းကို သုဘ က ပြင်ဆင်ထားခြင်း ဖြစ်ကြောင်း သတိပြုမိသည်။ လူတစ်ယောက်၏ မျ နှင့် မတူပါ။ ဖယောင်းရုပ်တစ်ခုနှင့် တူသည်။ မှုရင်းရုပ် ပျောက်အောင် လိမ်းခြယ် ထားသည်။ ကျွန်တော် မြင်ဖူးသော ဓာတ်ပုံတစ်ခုနှင့် မည်သို့မျှ နှိုင်းယှဉ်ကြည့်၍ မရပါ။ သူ့မျက်နှာကို ပကတိအတိုင်း တွေ့မြင်ရသည့်တိုင်သော်လည်း ဓာတ်ပုံနှင့် မည်သို့ တူနိုင်ပါမည်နည်း။ နှစ်ပေါင်း ၃၀ ကြာချေပြီ။ ၄၅ နှင့် ၇၅ နှစ် ဆိုသည်မှာ များစွာမှ ခြားနားလှပေသည်။

ထိုစဉ်တွင် ခေါင်းလောင်းသံ ရုတ်တရက် ထွက်ပေါ်လာသည်။ ကျွန်တော် လန့်ပြီး ခုန်မိမတတ် ဖြစ်သည်။ ပြီးမှ အပြင်ဘက်မှ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်ခြင်း ဖြစ်ကြောင်း သတိပြုမိသည်။

''ဆရာ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ အပြင်မှာ လူတစ်ယောက် ရောက်နေတယ်''

ဟူးဂိုး အခန်းတွင်းမှ ကမန်းကတန်း ထွက်သွားသည်။ ကျွန်တော့်ကို ဘော်ယာ၏ ခေါင်းဘေးတွင် တစ်ယောက်တည်း ထားခဲ့သည်။ ဘော်ယာ၏ လက်ချောင်းများတွင် လက်စွပ် ပါခဲ့လျှင်လည်း သူတို့ ချွတ်ယူပြီးလောက်ပြီ ယခုမူ ၎င်းလက်ချောင်းများတွင် ကြိုးစတစ်ခုသာ ချည်ထားသည်။ သူတို့က သူ့ကို



ကောင်းစွာ ဝတ်ဆင်ပေးထားသည်။ အပြာရောင် ဝတ်စုံ၊ ကော်လ သည်စည်းအနက် ပေါ်လွင်ထင်ရှားခြင်း ရှိသည်။

အပြင်ဘက် စင်္ကြံဆီမှ စကားပြောသံများ ကြားရသည်။ အမေရိကန် တစ်ယောက်၏ အသံ ဖြစ်သည်။

''အင်္ဂလိပ်စကား ပြောတတ်သလား၊ မတတ်ဘူးလား''

ထို့နောက် ထိုလူ၏ အသံကို ကြားရပြန်သည်။ စပိန်စကား မတတ် တတ်နှင့် ဖြစ်သည်။

''ဘော်ယာရဲ့ အလောင်းကို ကြည့်ချင်တယ်၊ ကျုပ် အဝေးကြီးက လာရတယ်၊ ကျုပ်မှာ အချိန်မရှိဘူး''

ဟူးဂိုး ကန့်ကွက်သေးသည်။

''မိုးချုပ်နေပြီ ဆရာ''

သို့သော် သူ့ကို တွန်းဖယ်ခြင်းပြုကြောင်း ထင်ရှားသည်။

''အလောင်း ဘယ်မှာလဲ၊ ဒီထဲမှာလား''

အမှောင်တွင်းသို့ ကျွန်တော် ဆုတ်ဝင်လိုက်သည်။ ကျွန်တော်၏ ဆုံးဆောင်ချက် မှန်ကန်ကြောင်း တွေ့ရှိရသည်။

အခန်းတွင်းသို့ သူ ဝင်လာသည်။ တံခါးဝတွင် သူ ရပ်နေသည်။ အိမ် အလင်းရောင်တွင် သူ့ခေါင်းမှ ဆံပင်များ ဖွေးဖြူနေသည်။ သူ၏ စစ် ဘာအင်္ကျီကြီးပေါ်တွင် မိုးစက်များ တင်ကျန်နေသည်။ ကိုယ်ဟန် တောင့်တင်း သည်၊ စစ်ဟန် စစ်မာန် ရှိနေဆဲ ဖြစ်သည်။ သူ၏ ဆံပင်နှင့် နှုတ်ခမ်းမွေးတို့က ကလျှင် သူ့အသက် ၇၅ နှစ် ဆိုသည်ကို ပြဆိုနေသည်။

ကျွန်တော် များစွာ အံ့အားသင့်ရသည်။ သမိုင်းတွင် ထင်ရှားခဲ့သော ဗိုလ်ကြီးတစ်ဦးကို လူကိုယ်တိုင် တွေ့မြင်နေရခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ခင်မီတန်ကင်းနင်း၊ ကွန်ဂရက် မော်ကွန်းဝင်၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်၊ ငွေကြယ် ဖိလစ်ပိုင်၊ ဒီဒေး၊ ကိုရီးယားနှင့် ဗီယက်နမ် တိုက်ပွဲပြန်၊ လူအများ ညှည်သြိုလေးစားခြင်း ခံရသော အမေရိကန်ကြီးတစ်ဦး၊ သူ့အသံက ရူးရှသည်။ ခင်မြင်သည်။ သြဇာရှိသည်။

''ဘယ်ဟာလဲ''

ဟူးဂိုးက သူ့ကို ဖြတ်ကျော်သွားပြီး မှန်အိမ်ကို မြှောက်ပြသည်။

''ဒီမှာပါ ခင်ဗျာ''

ကျွန်တော်က ချောင်ထဲတွင် ပုဝင်နေရသည်။

ကင်းနင်း၏ မျက်နှာ တည်ငြိမ်သည်။ သို့သော် သူ့မျက်လုံးများ ရူးရှ ည်၊ တစ်စုံတစ်ခုကို မျှော်လင့်ရှုးစိုက်သည်။ ခေါင်းအတွင်းမှ မျက်နှာကို သူ

www.burmeseclassic.com

www.burmeseclassic.com

ိုက်ပြီး ကြည့်နေသည်။ သူ့မျက်လုံးမှ အာရုံစူးစိုက်မှုများ ပျောက်ကွယ် သွားသည်။ သူ့မျက်လုံးမှ အရောင်များ ပျောက်သွားသည်။ သူ့ပခုံးများ ကုန် သွားသည်။ သည်တစ်ခါတွင် သူ၏ ဇရာကို တွေ့မြင်ရသည်။

သူ ဖြည်းလေးစွာ လှည့်လိုက်ပြီး ဟူးဂိုးကို ခေါင်းညိတ်ပြသည်။

''ဒါပါပဲ ကျေးဇူးတင်ပါတယ်''

''ဆရာ လိုချင်တဲ့လူ မဟုတ်ဘူးပေါ့''

''မဟုတ်ဘူး၊ သွားမယ်''

သူ အသက်ကို ရှိုက်ပြီး ရှူလိုက်သည်။ အားအင်များ ပြန်လည်ပြည့် လာပုံ ရသည်။ အခန်းတွင်းမှ သူ ထွက်သွားသည်။

ကျွန်တော်က အမှောင်တွင်းမှ လျင်မြန်စွာ ထွက်လိုက်သည်။

''ဆရာ''

ဟူးဂိုး စကားစသည်။ ကျွန်တော်က သူ့ကို တိတ်ဆိတ်နေရန် လက်ရိ ပြပြီး တံခါးဆီသို့ လျှောက်သွားသည်။ လေယာဉ်ကွင်းမှ အငှားကား အပြင်တွ ရပ်ထားသည်ကို တွေ့ရသည်။ ဒရိုင်ဘာက မိုးရေထဲတွင် အသင့် စော င့်ဆိုင လျက် ရှိသည်။

''ဟိုတယ်ကို သွားမယ်''

ဗိုလ်ချုပ်ကြီးက ကားပေါ်သို့ တက်ရင်း ပြောလိုက်သည်။

ကျွန်တော်၏ အင်္ကျီလက်ကို ဆွဲလျက်-

''ဆရာ ဘယ်လိုဟာတွေလဲ''

''ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာပဲ''

ကျွန်တော်က ယင်းသို့ ပြောလိုက်ပြီးနောက် စင်္ကြံလမ်းအတိုင်း လျင်မြ စွာ လျှောက်သွားပြီး အပြင်သို့ ထွက်ခဲ့သည်။

တက္ကစီကားကို ဟိုတယ်ရှေ့တွင် တွေ့ရသည်။ ကား ဆီသို့ ကျွန်တော် ချဉ်းကာ သွားစဉ်တွင် ဟိုတယ်တွင်းမှ လူတစ်ယောက် ခပ်သုတ်သုတ် ထွက်လာ ကားပေါ်သို့ တက်သွားသည်။ မိုးသဲသဲတွင် ကားမောင်းထွက်သွားသည်။ ကာ ထွက်သွားသည်ကို ကျွန်တော် အတန်ကြာအောင် ရပ်ပြီး ကြည့်နေသည်။ သို့သေ ကားထဲတွင် ကင်းနင်း ပါ၊ မပါ မတွေ့မြင်ရပါ။

ကောင်တာတွင် ရာဖီး မရှိပါ။ သို့သော် ကောင်တာရှေ့တွင် ကျွန်တော ရပ်ပြီး မိုးရေမိုးစက်များကို ခါနေစဉ်တွင် လက်ဝဲဘက်မှ တံခါးတစ်ခု ပွင့်လာ

ရာဖီး ထွက်ပေါ်လာသည်။

''ဆရာ အဆင်ပြေခဲ့သလား''

သူ ပြုံးပြုံး မေးသည်။

''သိပ်မပြေပါဘူး၊ စောစောက ဒီရှေ့က ... ... ထွက်သွားတာ တွေ့လိုက်ပါတယ်''

''အင်း ဟုတ်ပါတယ်၊ မစ္စတာစမစ်ရဲ့ လေယာဉ်မှူးပဲ၊ မစ္စတာစမစ်က ခုကလေးတင် ရောက်လာတဲ့ အမေရိကန် တစ်ယောက်ပဲ၊ သူက ကိုယ်ပိုင် လေယာဉ်ပျံနဲ့ လာပေမဲ့ အသွားမှာ ရာသီဥတု မကောင်းလို့ ဒီမှာ ခဏဝင်နား တာ''

''မစ္စတာစမစ် ဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော် သူ့အတွက် အခုပဲ ဝီစကီတစ်ခွက် ပို့ခဲ့တယ်၊ ဆရာကော ဘာသောက်မလဲ''

''အင်း… အခုအချိန်မှာတော့ ဘရန်ဒီများများကလေး သောက်လိုက်ဖို့ လိုအပ်နေတာ အမှန်ပဲ''

ကျွန်တော်က ပြောလိုက်သည်။

မိုးကာအင်္ကျီ ကြယ်သီးများကို ဖြုတ်ရင်း သူ့နောက်သို့ ကျွန်တော် လိုက်ပါသွားသည်။ ယမကာခန်းသည် အပျံစားပင် ဖြစ်သည်။ နံရံတွေက သစ်သားကျောက်တုံးတွေ ဖြစ်သည်။ ယမကာမျိုးစုံ ရှိသည်။ ကင်းနင်းသည် မီးဖိုရှေ့တွင် ထိုင်ခုံ ...လက်ကုလားထိုင်နှင့် ဖြစ်သည်။ သူ့လက်ထဲတွင် ဖန်ခွက်တစ်လုံး ရှိသည်။ သူက ဖျတ်ခနဲ မော့ကြည့်သည်။

''တည်းဖော်တည်းဖက် ဧည့်သည်တစ်ယောက်ပါ ဆီညော်၊ အဖော် ပြုကြတာပေါ့၊ ဆီညော်ဟိုဟာက်ဂင်၊ ဆီညော်စမစ်၊ ဆီညော်အတွက် ကျွန်တော် ဘရန်ဒီ ယူခဲ့မယ်''

ရာဖီးက ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးပြီး ထွက်သွားသည်။

''ကျွန်တော့်အသွား ပြောလေ့ရှိတဲ့အတိုင်း ပြောရရင်တော့ ဒီညမျိုး ... ကြောင်တစ်ကောင်တောင် အပြင်ထွက်ဖို့ မကောင်းတဲ့ ညမျိုးပဲ''

ကျွန်တော်က မိုးကာအင်္ကျီကို ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်ရင်း ပြောလိုက်သည်။

သူက ကျွန်တော့်ကို ပြုံးမော့ပြီး ကြည့်သည်။ ထင်ရှားကျော်ကြားသော ကင်းနင်း၏ အပြုံးပင် ဖြစ်သည်။ ထို့နောက် သူက လက်တစ်ဖက်ကို ဆန့်တန်း လိုက်ပြီး-

''မစ္စတာအိုဟာက်ဂင့်က အင်္ဂလိပ်လူမျိုးနဲ့ တူတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ယာလန် မြောက်ပိုင်းသား တစ်ယောက်ပဲ ဆိုပါတော့ ဗိုလ်ချုပ်ကြီး"

ကျွန်တော်က ပြောလိုက်သည်။

သူ့မျက်နှာမှ အပြုံး ပျောက်မသွားပါ။ သို့သော် သူ၏ မျက်လုံးများ အေးစက်တင်းမာသွားသည်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားသော သူ့လက်မှ သန်မာလှသည်။

ကျွန်တော်တို့၏ အခြေအနေကို ရာဖီးက ဝင်ရောက်ထိန်းသိမ်းသည်။ သူက ကျွန်တော့်အတွက် ဘရန်ဒီ ယူလာသည်။

"ဆီညော်အတွက်ကော နောက်တစ်ခွက် ယူလာရမလား"

ကင်းနင်းကို သူ မေးသည်။

ကင်းနင်း ပြုံးလျက်၊ စောစောကအတိုင်း ပြုံးလျက်-

"နောက်မှ ယူမယ်၊ နောက်မှပဲပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

ရာဖီး အခန်းထဲမှ ထွက်သွားသည်။ ကင်းနင်း ကုလားထိုင်တွင် ကျော မှီလိုက်သည်။ ကျွန်တော့်ကို ကြည့်သည်။ ဝီစကီ အနည်းငယ် မော့လိုက်သည်။ သူက ကျွန်တော် လူမှားသည်ဟု မပြောပါ။ အချိန်မဖြုန်းပါ။ သူက ရိုး ရှင်းရှင်း ပင် ပြောသည်။

"ကျုပ်တို့ အလျင်တုန်းက တွေ့ဖူးကြသလား"

"လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်တုန်းက ရင်ခွဲရုံမှာ တွေ့ခဲ့ကြတယ်၊ အဲဒီတုန်းက ကျွန်တော်က အမှောင်ထဲမှာ ရပ်နေခဲ့တယ်။ အဲ ဗိုလ်ချုပ်ကြီးကို သတင်းစာ ရှင်းလင်းပွဲတွေမှာ တွေ့ဖူးတာကတော့ နှစ်ပေါင်းများစွာ ရှိပြီပေါ့၊ နိုင်ငံရေးနဲ့ စစ်ရေး သတင်းတွေကို ရေးတဲ့ လူတစ်ယောက်ဟာ ဗိုလ်ချုပ်ကြီး ကင်းနင်းကို မသိဘဲနေလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

"အိုဟက်ဂင်၊ တိုင်းမှာ ရေးနေတဲ့ အိုဟက်ဂင်လား"

"ဟုတ်ပါတယ် ခင်ဗျား"

"အင်း... တရုတ်ပြည်နဲ့ ပတ်သက်လို့ သား ရေးခဲ့တဲ့ သတင်းတွေကို ကျုပ် ကောင်းကောင်း မှတ်မိနေတယ်။ ဒါပေမဲ့ တရုတ်ပြည်အကြောင်း သား မရေးတာ တော်တော်ကြာသွားပြီ ထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါနဲ့ ဘော်ယာအကြောင်း ပြောပါဦး ဗိုလ်ချုပ် ကြီး"

ကျွန်တော်က စီးကရက်တစ်လိပ်ကို ထုတ်ယူရင်း ပေးလိုက်သည်။

"သူ့အကြောင်း ဘာပြောရမှာလဲ"

သူက ကုလားထိုင်တွင် ကျောမှီလိုက်ပြီး အေးအေးလူလူ ထိုင်ရင်း ဟု မေးသည်။

ထိုအခါ ကျွန်တော်က တစ်ချက် ရယ်မောလိုက်ပြီး-

"ဒီလိုဆိုရင်တော့ ဗိုလ်ချုပ်ကြီး... ကျွန်တော်တို့ တစ်မျိုး ပြောကြရ အောင်၊ ရီကာဒိုဘော်ယာဆိုတဲ့ လူတစ်ယောက် တနင်္လာနေ့က ဒီမှာ ရုတ်တရက် သေဆုံးသွားတဲ့အတွက် လန်ဒန် တိုင်းသတင်းစာကြီးက နာမည်ကျော် သတင်း ထောက် တစ်ယောက် ဘာကိစ္စ အပင်ပန်းခံပြီး ဒီကို ရောက်လာရသလဲ"

"ပြောပါ သား၊ ကျုပ် နားထောင်နေပါတယ်"

သူက ဖြည်းလေးစွာ ပြောသည်။

"ရီကာဒိုဘော်ယာ ဆိုတာ တခြား မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ အတွင်းမှာ ဘရာဇီး၊ အာဂျင်တီးနား၊ ချီလီနဲ့ ပါရာဂွေးနိုင်ငံတွေမှာ အသုံးပြု ခဲ့တဲ့ မာတင်ဘိုးမန်းရဲ့ နာမည်ဝှက်တစ်ခုပဲ"

"မာတင်ဘိုးမန်း ဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီး၊ နာဇီပါတီ ဌာနချုပ်မှူးနဲ့ ဟစ်တလာ ရဲ့ အတွင်းရေးမှူး မာတင်ဘိုးမန်းပဲပေါ့၊ ဟစ်တလာရဲ့ ထိပ်သီးခေါင်းဆောင် တွေထဲမှာ အခုထက်ထိ ဖမ်းမမိသေးတဲ့ လူတစ်ယောက်ပဲပေါ့"

"ဘိုးမန်း သေပြီ၊ ဘာလင်မြို့တွင်းကနေ ဖောက်ထွက်ပြီး ပြေးဖို့ ကြိုးစားရင်း သေသွားတာပဲ၊ ဗိုက်ခင်ဒမ်ဘာဘန်ကာကို ဖြတ်အပြေးမှာ တံတား ပေါက်ကွဲရာမှာ ပါသွားတာပဲ၊ ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့ ညမှာပေါ့"

ဗိုလ်ချုပ်ကြီးက တိုးညင်းစွာ ပြောသည်။

"မေလ ၂ ရက်နေ့ နံနက်စောစောပိုင်းပါ ဗိုလ်ချုပ်ကြီး"

ကျွန်တော်က သူ့စကားကို ထောက်ပစ်လိုက်သည်။

"ဒီဇာတ်လမ်းကိုပဲ ဆက်ပြောကြည့်ရအောင်၊ ဘိုးမန်းဟာ ဌာနချုပ် ဘန်ကာကနေ မနက် ၁ နာရီ ၃၀ မှာ ထွက်သွားတယ်။ သူ့ကို အမြောက်ဆန် ထိမှန်တဲ့ တံတားပေါ်မှာ မြင်လိုက်တဲ့ လူက ဟစ်တလာရဲ့ ဒရိုင်ဘာ အိုင်းရစ် ကင်မကာပဲ၊ ဒါပေမဲ့ ဒီဇာတ်လမ်း မခိုင်လုံတဲ့ အကြောင်းကတော့ ဟစ်တလာ လူငယ်အဖွဲ့ခေါင်းဆောင် အာတာအော့ဇမန်းဟာ မီးရထား တံတားကို ဖြတ်ပြေး တယ်၊ ဘိုးမန်းထက် နောက်ကျတယ်"

ဗိုလ်ချုပ်ကြီး ခေါင်းညိတ်လျက်-

"ဒါပေမဲ့ အော့ဇမန်းက ပြောသားပဲ၊ ဘိုးမန်းနဲ့ ဟစ်တလာရဲ့ ဆရာဝန် စတမ်းဖက်ဂါအိုကို လာတာဘူတာရုံဘေးမှာ သေနေတာ တွေ့တယ်ဆို"

"ဒီဇာတ်လမ်းကို ဘယ်သူမှ ထောက်ခံမယ့်လူ မရှိဘူး"

ကျွန်တော်က ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဖန်ခွက်ကို ချထားလိုက်သည်။ ဆေးတံကို ထုတ်ယူသည်။ ထို့နောက် ဆေးအိတ်ထဲမှ ဆေးများ ထုတ်ယူပြီး ဖြည့်နေသည်။

''ဒီလိုဆိုရင် သူ မသေသေးဘူး ဆိုတာကို မောင်ရင် ယုံတာပေါ့ ဟုတ်လား၊ လူတွေက ရူးတာပဲလို့ မပြောပေဘူးလား''

''ကျွန်တော့်ဘက်မှာ ထောက်ခံတဲ့လူတွေ အများကြီး ရှိပါတယ်၊ စတာလင်ကနေပြီး ဟစ်တလာရဲ့ ဒရိုင်ဘာ ဂျက်ကော့ဂလပ်အထိပေါ့၊ ဂျက်ကော့ ဟာဆိုရင် ဘိုးမန်းကို စစ်ကြီးပြီးတဲ့ နောက်မှာ မြူးနစ်မြို့မှာ ကိုယ်တိုင် မြင်တွေ့ လိုက်တဲ့ လူတစ်ယောက်ပဲ၊ နောက်တစ်ယောက်ကတော့ အိုက်ခမန်း၊ သူ့ကို ၁၉၆၀ ပြည့်နှစ်မှာ အစ္စရေးတွေက ဖမ်းမိတော့ ဘိုးမန်း မသေသေးဘူး ဆိုတာကို သူ ပြောတယ်၊ မဟုတ်ဘဲနဲ့ လုပ်ပြောစရာ ဘာအကြောင်း ရှိသလဲ''

''စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး''

''နာဇီတွေနောက်ကို အမြဲတမ်း ခြေရာကောက်နေတဲ့ နာဇီမုဆိုးကြီး ဆိုင်မွန်ဝိုက်ဆင်သဲက ဆိုရင် ဘိုးမန်း အသက်ရှင်နေသေးတယ် ဆိုတာကို အမြဲတမ်း ပြောတယ်၊ ဘိုးမန်းရဲ့ သတင်းကို သူ အမြဲတမ်း ရနေတယ်ဂဲ့ ဆို တယ်၊ ဖာရာဂိုက ဘိုးမန်းကို သူကိုယ်တိုင် တွေ့ပြီး သတင်းမေးရတာ ၅လို့ ပြောတယ်၊ ၁၉၆၄ ခုနှစ် နောက်ပိုင်းမှာ အနောက်ဂျာမနီအစိုးရက ဘိုးမ ဖမ်းမိရင် ဆုငွေတစ်သိန်း ပေးမယ်လို့ ကြေညာတယ်၊ သူ့ကို ချူရင်ဘဝ် ခုံရုံးက မျက်ကွယ်မှာ သေဒဏ်ပေးထားတယ်''

ကျွန်တော်က ရှေ့ကို အနည်းငယ် ကုန်းငုံ့လိုက်ပြီး-

''ဗိုလ်ချုပ်ကြီး နောက်ထပ် ဘာသိချင်ပါသေးသလဲ၊ ၁၉၄၅ ခုနှစ်က စပိန်ကနေ အာဂျင်တီးနားကို ဘိုးမန်းနဲ့အတူ ယူဘုတ်ကလေးနဲ့ ခရီးသွားရတဲ့ စပိန်တစ်ယောက်အကြောင်း ပြောရဦးမလား''

သူ ပြုံးသည်။ ရှေ့သို့ အနည်းငယ် ကုန်းလိုက်ပြီး မီးဖိုတွင် ထင်းတုံး တစ်တုံး ထည့်သည်။ ထို့နောက်-

''အဲဒီ စပိန်ကို ကျုပ် တွေ့ပြီးပါပြီ၊ ဘိုးမန်းဟာ အခုအချိန်အထိ အသက်ရှင်နေတုန်းဆိုရင် သူ ဘာလုပ်နေသလဲ''

''ရဲဘော်ဟောင်းများအဖွဲ့၊ ဒီလုပ်ငန်းအတွက် ငွေသန်းပေါင်းများစွာ သူတို့ အကုန်ခံပြီး လှုပ်ရှားကြတယ်''

''ဖြစ်နိုင်ပါတယ်၊ အင်း… ဖြစ်နိုင်ပါတယ်''

သူ ခေါင်းတဆတ်ဆတ် ညိတ်ပြီး မီးဖိုကို ငေးစိုက်ပြီး ကြည့်နေသည်။

''တစ်ခု သေချာတာကတော့ စောစောက အလောင်းရုံမှာ တွေ့ခဲ့တဲ့ လူဟာ သူ မဟုတ်တာတော့ သေချာတယ်၊ ဟုတ်တယ် မဟုတ်လား''



ကျွန်တော်က ပြောလိုက်သောအခါ သူ ဆတ်ခနဲ ခေါင်းထောင်ကြ

''မောင်ရင် ဘာလို့ ဒီလို ပြောနိုင်တာလဲ''

''ဗိုလ်ချုပ်ကြီးရဲ့ မျက်နှာကို ကျွန်တော် မြင်ရလို့ပဲ''

သူ ခေါင်းညိတ်သည်။

''ဟုတ်တယ်၊ သူ ဘိုးမန်း မဟုတ်ဘူး''

''ဘော်ယာ သေတဲ့အကြောင်း ဗိုလ်ချုပ်ကြီး ဘယ်လို သိသလဲ၊ နယူးယော့တိုင်း သတင်းစာမှာ လာဝါတာက သတင်း ဘယ်နည်းနဲ့မှ မျက်နှာဖုံး မှာ မပါနိုင်ပါဘူး''

''ဘရာဇီးမှာ ကျုပ်ရဲ့ အထောက်တော်တစ်ယောက် ရှိတယ်၊ သူ့လက် ထဲမှာ လူတချို့ရဲ့ စာရင်းတွေ ရှိနေတယ်၊ အဲဒီလူတွေရဲ့ လှုပ်ရှားမှုနဲ့ ဖြစ်ပျက်မှု တွေ မှန်သမျှကို ကျုပ်ဆီကို သတင်းပို့ရတယ်၊ ဘော်ယာရဲ့ သတင်း ကြားကြား ချင်း ကျုပ် လိုက်လာတာပဲ''

''ဗိုလ်ချုပ်ကြီးနဲ့ တွေ့ရတာ ကျွန်တော့်အဖို့ အများကြီး တန်ဖိုး ရှိပါတယ်''

''မောင်ရင် ဘာသိချင်သလဲ၊ ဘိုးမန်းရဲ့ လူပုံပန်းကို သိချင်သလား၊ သူ့အရပ်က ငါးပေနဲ့ ခြောက်လက်မ ရှိတယ်၊ လည်ပင်း တုတ်နိုင်တယ်၊ ပါးရိုး ထားတယ်၊ မျက်နှာ ပြတယ်၊ လူအုပ်ထဲမှာ ဆိုရင် သူဟာ ပျောက်နေတယ်၊ ဘာပြုလို့လဲ ဆိုတော့ သူဟာ ရိုးရိုး လူတစ်ယောက်ပဲ၊ သာမန်လူတစ်ယောက်ပဲ၊ ဆိပ်ကမ်း အလုပ်သမားတစ်ယောက်နဲ့ ဘာမှ မခြားနားဘူး၊ သူ့ကို ဂျာမနီလူထုက မသိဘူး၊ သူ့ပုံနဲ့ သူ့သတင်း သတင်းစာတွေမှာ မပါဘူး၊ ဂုဏ်ထူး ဘွဲ့ထူးတွေကို သူ မမက်ဘူး၊ သူက အာဏာပဲ အဓိကထားတယ်၊ သူဟာ ဂျာမနီမှာ တန်ခိုး အာဏာ အရှိဆုံး လူတစ်ယောက်ပဲ၊ ဒီအကြောင်းကို စစ်ကြီး ပြီးမှပဲ လူတွေ သိကြတယ်''

သူက မီးဖိုကို ငေးစိုက်ပြီး ပြောနေခြင်း ဖြစ်သည်။

''ပါးကွက် အာဏာသားပဲ၊ ရဟူဒီ သန်းပေါင်းများစွာ သေရတာ သူ့အာဏာစက်ပဲ''

ကျွန်တော်က ပြောလိုက်သည်။ သူက-

''ချူရင်ဘတ် စစ်ခုံရုံးမှာ ဂိုးရင်းက ဘာပြောသလဲ၊ မောင်ရင် မှတ်မိ သလား၊ ဘိုးမန်း ဘယ်မှာလဲလို့ မေးတော့ ငရဲမှာ ဆီပူထိုးနေတယ်လို့ ဖြေတယ် ဟုတ်လား''

ကုလားထိုင်မှ သူ ထသည်။ ယမကာကောင်တာ၏ နောက်ဘက်သို့ သူ သွားသည်။ ဝီစကီပုလင်းတစ်လုံးကို ယူလိုက်ပြီး-

''နောက်တစ်ခွက်လောက် ယူဦးမလား''

www.burmeseclassic.com

www.burmeseclassic.com


"သိပ်ကောင်းတာပေါ့၊ ဘရန်ဒီ ပေးပါ"

ကျွန်တော် ထိုင်ရာမှ ထသွားပြီး ကောင်တာရှေ့ရှိ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်လိုက်သည်။ ဗိုလ်ချုပ်ကြီးက ကျွန်တော့် ဖန်ခွက်ထဲသို့ အရက် ငှဲ့ထည့်ရင်း–

"တစ်ကြိမ်တုန်းက ကျုပ်ဟာ စစ်သုံ့ပန်းတစ်ယောက် ဖြစ်ခဲ့ရတယ်၊ မောင်ရင် သိသလား"

"လူတိုင်း သိတဲ့ အချက်တစ်ခုပဲ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးကို ကိုရီးယားမှာ ဖမ်းမိသွားတယ်၊ တရုတ်တွေက ဗိုလ်ချုပ်ကြီးကို မန်ချူးရီးယားမှာ နှစ်နှစ်ဝေတိ ထားတယ်၊ အဲဒါကြောင့်ပဲပေါ့၊ သမ္မတနှစ်ဆင်က ဗိုလ်ချုပ်ကြီးကို သူနဲ့အတူ ပီကင်းကို ခေါ်သွားတာ မဟုတ်လား"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ ကျုပ် အခု ပြောတာက ဒီထက် အလျင်ကျတယ်၊ ဒီအလျင်က တစ်ခါ ကျုပ် စစ်သုံ့ပန်း ဖြစ်ခဲ့ရတယ်၊ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးခါနီးမှာပေါ့၊ ဂျာမန်တွေက ကျုပ်ကို ဖမ်းမိသွားတယ်၊ ဘာဗားရီးယားပြည်နယ် အော်လဘတ်ဒေသမှာပေါ့၊ ထင်ရှားတဲ့ စစ်သုံ့ပန်းတွေ အထူး အကျဉ်းစခန်းတစ်ခု ဖွင့်ထားတယ်"

ယင်းအချက်ကို ကျွန်တော် မသိပါ၊ ဖြစ်ပျက်ခဲ့သည်ကလည်း ကြာပြီ ဖြစ်သည်။ နောက်ပြီး သူ ထင်ရှားကျော်ကြားခဲ့သည်က ကိုရီးယားစစ် ပြီးမှ ဖြစ်သည်။

"အဲဒါ ကျွန်တော် မသိဘူး ဗိုလ်ချုပ်ကြီး"

ကျွန်တော် အမှန်အတိုင်း ပြောလိုက်သည်။

သူက သူ့ဖန်ခွက်ထဲသို့ ရေခဲထည့်လိုက်သည်။ ထို့နောက် ဝီစကီ တော်တော်များများကလေး လောင်းထည့်သည်။

"စစ်ကြီး ပြီးသွားတဲ့အထိ ကျုပ်ဟာ အဲဒီစခန်းမှာပဲ၊ အယ်လပိုင် ခံတပ် ဆိုပြီး လူတွေ အထင်မှားနေတဲ့ နေရာပေါ့၊ ဒေါက်တာဂိုဘဲ ဝါဒဖြန့်ထား တာပေါ့၊ အဲဒီဒေသမှာ အယ်လပိုင် ခံတပ်ကြီးဆိုတာ တကယ် ရှိတယ်လို့ မဟာမိတ်တွေက ယုံကြည်ခဲ့ကြတယ်၊ ဒါကြောင့်မို့လို့ အဲဒီဒေသကို ဝင်တဲ့ မဟာမိတ်တပ်တွေဟာ အထူးသတိထားပြီး တဖြည်းဖြည်း စမ်းပြီး ဝင်ကြရတယ်၊ အဲဒီအတွက် ဘာလင်က ထွက်ပြေးတဲ့ နာဇီကြီးတွေဟာ အဲဒီဒေသမှာ နားခိုရာ ဒေသတစ်ခု ရခဲ့ကြတာပေါ့"

"အဲဒီဒေသကို ဟစ်တလာ သွားနိုင်တာပေါ့၊ ဒါပေမဲ့ မသွားပါဘူး"

"ဟုတ်တယ်"

"နောက်ပြီးတော့ ဘိုးမန်း"

"မောင်ရင် ဘာပြောချင်တာလဲ"

"ကျွန်တော် အခုထက်ထိ စဉ်းစားလို့ မရတဲ့အချက်တစ်ခုက ... သူတော် လူကောင်း တစ်ယောက်ပဲ၊ သူ့အတွက် လုံခြုံတဲ့ နေရာတစ်ခု ... ထွက်ပြေးနိုင်တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမဲ့ သူဟာ ဘယ်ကိုမှ ထွက်မပြေးခဲ့ဘူး၊ နောက်ဆုံးအချိန်အထိ ဌာနချုပ် ဘန်ကာမှာ နေခဲ့တယ်၊ သူ့မှာ အကြံအစည်တစ်ခု ရှိရမယ်"

"သိပ်ဟုတ်တာပေါ့ မောင်ရင်ရယ်"

ဗိုလ်ချုပ်ကြီးက ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြီး ပြောသည်။

"အဲဒါကို ဗိုလ်ချုပ်ကြီး ဘယ်လို သိသလဲ"

ကျွန်တော်က တိုးညင်းစွာ မေးလိုက်သည်။

ထိုအခါ လျှို့ဝှက်မှုသည် ပေါက်ကွဲချေတော့သည်။

"ကျုပ် ဘယ်လို သိသလဲဆိုတော့ ကျုပ်ကိုယ်တိုင် သူ့ကို တွေ့ရလို့ပဲ ပေါ့"

သူက လွတ်ခနဲ အော်ပြောလိုက်သည်။

"ကျုပ်နဲ့ သူနဲ့က အခု မောင်ရင်နဲ့ ကျုပ်ပဲလောက်ပဲ ဝေးတယ်၊ သူနဲ့ သေနတ်ချင်း ပြိုင်ပစ်ရတယ်၊ သူ့လည်ပင်းကို ကျုပ်လက်တွေနဲ့ ညှစ်ရတယ်၊ မောင်ရင် သိလား"

သူ ခေတ္တမျှ ရပ်နားလိုက်သည်။ သူ့လက်များကို ဖြန့်ကားပြီး မယုံကြည် နိုင်သည့်ဟန်ဖြင့် ကြည့်နေသည်။

"ဒါပေမဲ့ နောက်ဆုံးတော့ လွတ်သွားတယ်"

သူ တိုးညင်းစွာ ပြောသည်။

ကောင်တာပေါ်တွင် သူ မှီလိုက်သည်။ ခေါင်းငိုက်စိုက် ကျသွားသည်။ အချိန်အတော်ကြာကြီး ကြာသွားသည်။ ကျွန်တော် ဘာမျှ မပြောနိုင်ပါ။ ... မေးနိုင်ပါ။ ရင်ထဲတွင်မှု သူ ခေါင်းပြန်မော့လာသည်။ တည်ငြိမ်မှုကို သူ ပြန်လည်ရရှိသည်။

"အဖြစ်အပျက်တွေက အင်မတန် ဆန်းကြယ်တယ် မောင်ရင်၊ ဘယ်လိုမှ ယုံကြည်နိုင်စရာ မရှိတဲ့ ဒီအကြောင်းတွေကို ကျုပ် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ အခု မောင်ရင့်ကို ပထမဆုံး ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

- ၂ -

သည်ဇာတ်လမ်းသည် တစ်နေရာရာမှ စတင်သည်ဟု ဆိုလျှင် ၁၉၄၄ ခုနှစ် ဖေ[illegible] ၂၅ ရက်နေ့ နံနက် အင်းဘရပ်မြို့၏ မြောက်ဘက် တစ်နေရာတွင် စတင်သည်ဟု ဆိုရပါမည်။

စစ်ကြောင်း နောက်များရှိ ထရပ်ကားပေါ်မှ ဂျက်ဟောင်းဝပ် နိုးထ လာသောအခါ နံနက်ခင်း လင်းရောင်ခြည် ပျိုးစပြုချေပြီ။ ရာသီဥတုက [illegible] ဘရား သဖြင့် အေးမြလှသည့် မြေပြင်ပေါ်တွင် နှင်းပွင့်ဖြူဖြူများ လွှမ်းနေ[illegible] သည်။ ဖြူ[illegible]တို့ တစ်ညတာ ရပ်နားခဲ့သော တောင်ကြားသည် ဘာဘာရီယားတောင် [illegible]၏ [illegible]ပ်ခေါင်များတွင် ဖြစ်သည်။ သို့သော် နှင်းမြူများ ပိတ်ဆိုင်းနေသဖြင့် တော[illegible] [illegible]တောင်ထွတ်များကို ဟောင်းဝပ် တွေ့မြင်ရခြင်း မရှိပါ။ သူက အနည်းငယ် သွေးပူလာစေရန် ခြေထောက်ကို ဆောင့်လိုက်သည်။ ထို့နောက် စီးကရက်တစ်လိပ် ကို မီးညှိသည်။

တပ်ကြပ်ကြီး ဟူးဗားသည် မီးဖိုလျက်ရှိပြီး မီးဖိုဘေးတွင် ရဲဘော်များ မီးလှုံလျက် ရှိသည်။ ရဲဘော်များဟူ၍ များများစားစားကား မဟုတ်။ သူတို့အားလုံး ပေါင်းမှ ၅ ယောက်မျှသာ ဖြစ်သည်။အန်ဒါဆင်၊ အိုဂရက်ဒီ၊ ဂါးလင်းနှင့် ဖိုင်းဘမ်း။

ဖိုင်းဘမ်း၊ တစ်ချိန်က ထင်ပေါ်ကျော်ကြားသော ကလယ်ရီနက်သမား ကလေး ဖြစ်သည်။ ယခုအခါ သူသည် မီးတောက်ထဲတွင် ဘဝသစ်တစ်ခုကို မွေးမြူလျက် ရှိသည်။ အိပ်ရာမှ နိုးလာသော ဟောင်းဝပ်ကို ပထမဆုံး တွေ့မြင်သူ မှာ ဖိုင်းဘမ်းပင် ဖြစ်သည်။

"ဟော့၊ ဗိုလ်ကြီး အိပ်ရာက နိုးလာပြီ၊ သူ့မျက်နှာ သိပ်မသာဘူး"

"ကိုယ့်မျက်နှာကိုပဲ မှန်ထဲမှာ ကြည့်ကြည့်ပါဦး၊ ဒေစီပန်းကလေးလို လန်းရွှေမယ်များ အောက်မေ့နေသလား"



ဂါးလင်းက ပြောလိုက်သည်။

"သူနဲ့ တူတာကတော့ ခွေးသေးပန်းပဲ"

အိုဂရက်ဒီက တွယ်လိုက်သည်။

"တော်စမ်းပါ"

ဖိုင်းဘမ်းက ပြန်ပြောသည်။

ဟူးဗားက သတ္တုခွက်ထဲသို့ ကော်ဖီ လောင်းထည့်သည်။ ထို့နောက် ဘာမျှမပြောဘဲ ဟောင်းဝပ်ကို ကော်ဖီခွက် လှမ်းပေးသည်။ အဝေးတစ်နေရာဆီ မှ အံမြောက်သံများ ကြားရသည်။

"ရှစ်ဆယ့် ရှစ်"

ဗိုလ်ကြီးက ပြောလိုက်သည်။

ဟူးဗား ခေါင်းညိတ်သည်။

"သူတို့ အခုထက်ထိ အရှုံးမပေးကြသေးဘူးလား၊ ကျွန်တော်တော့ ဘယ်လိုမှ စဉ်းစားလို့ မရဘူး၊ ရေဒီယိုကို ဖွင့်ပြီး နားထောင်လိုက်ရင်တော့ စစ်ကြီးဟာ ပြီးလုပြီလို့ ပြောနေတာပဲ"

"ဂျာမန်တွေကို သူတို့ ပြောဖို့ မေ့နေလို့ နေမှာပေါ့"

"ဟုတ်တယ်၊ သူတို့ကို ပြောဖို့ လိုအပ်တယ်"

ဟောင်းဝပ် ခေါင်းခါသည်။

"သူတို့ကို ပြောလို့ ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး၊ သူတို့ဟာ ဘယ်တော့မှ အရှုံးပေးမယ့် သတ္တဝါတွေ မဟုတ်ဘူး၊ အခြေအနေကတော့ ဒီ သဘောပဲ"

ဟူးဗား ပြုံးလိုက်ပြီး -

"ဗိုလ်ကြီး ဘာစားမလဲ၊ ကျွန်တော်တို့မှာ ရာရှင်ဘူးတွေ အများကြီး ရှိသေးတယ်၊ နောက်ပြီး[illegible]ဘာ့ ဆေးလိပ် သောက်ချင်ရင်လည်း ရှိတယ်၊ မနေ့ညက တင့်ကားက ငနဲတွေဆီကို ဖိုင်းဘမ်း သွားပြီး ပဲဘူး ခြောက်ဘူးနဲ့ ဆေးလိပ်နဲ့ [illegible]လာတယ်"

"ကော်ဖီပဲ တော်ပါပြီ၊ နောက်မှ စားတာပေါ့"

တပ်ကြပ်ကြီး မီးဖိုဆီသို့ ပြန်သွားသည်။ ဟောင်းဝပ် ထရပ်ဘေးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ခြေထောက်များကို မကြာခဏ ဆောင့် သည်။ အေးစက်နေသော လက်ချောင်းများကို ကော်ဖီခွက်တွင် ခပ်နာနာကြီး [illegible]ပ်ထားသည်။ သူက အသက် ၂၃ နှစ်သာ ရှိသေးသည်။ ဗိုလ်ကြီးတစ်ယောက် အနေနှင့် အသက်ငယ်လှသည်။ သို့သော် ဤသည်မှာ စစ်၏ သ[illegible]ဘောပင် ဖြစ် သည်။ သူက စစ်ကုတ်အင်္ကျီ ဝတ်ထားသည်။ လည်ပင်းတွင် [illegible]ဖလာ ပတ်ထား

www.burmeseclassic.com

www.burmeseclassic.com



...င်းတွင် သိုးမွေးဦးထုပ် ဆောင်းထားသည်။ မုတ်ဆိတ်မွေးများ မရိတ် ...ည်မှာ လေးရက် ရှိပြီ ဖြစ်သဖြင့် မည်းနက်နေသည်။

သူက အိုဟိုင်ယိုပြည်နယ်က လယ်သမားတစ်ဦး၏ သား ဖြစ်သည်။ အသက် ၁၉ နှစ်အရွယ်က ကဗျာဆရာ ဖြစ်ရန် မျှော်မှန်းခဲ့သည်။ ကိုလံဘီယာ တက္ကသိုလ်တွင် သတင်းစာပညာ သင်ကြားခဲ့သည်။ သို့သော် ယခုအခါတွင် စစ်ကြီးက ဖန်တီးလိုက်သဖြင့် အမှတ် ၇ ဗြိတိသျှ သံချပ်ကာတပ်မ၏ စစ်ကြောင်း တစ်ခုတွင် တိုက်ကင်းတာဝန်ကို ဦးဆောင်နေရသည်။

ဟူးဗား မီးပုံဘေးတွင် ဆောင့်ကြောင့် ထိုင်နေသည်။ ဖိုင်းဘမ်းက သူ့ကို ပဲပန်းကန် လှမ်းပေးသည်။

"ဗိုလ်ကြီးကော မစားဘူးလား"

"မစားသေးဘူးတဲ့"

"ဘုရားသခင် ဘယ်လို ပုံစံမျိုးလဲ"

"လေးစားပါ ဖိုင်းဘမ်း၊ သူ့နဲ့ပတ်သက်ပြီး ပြောတဲ့အခါမှာ လေးလေး စားစား ပြောပါ"

ဟူးဗားက ဖိုင်းဘမ်းကို ဓားဦးချွန်နှင့် ထိုးရင်း ပြောသည်။

"ကျွန်တော် သူ့ကို လေးစားပါတယ်၊ လေးစားတာမှ အများကြီး လေးစားပါတယ်၊ ဆလာနိုမှာတုန်းက သူနဲ့ ဆရာ ဘယ်လိုဝင်ပြီး တိုက်တယ် ဆိုတာ ကျွန်တော် သိပါတယ်၊ အန်ဇီယိုမှာတုန်းကလည်း ဂျာမန်တွေက စက်သေနတ်နဲ့ ဆီးပစ်တော့ ကျွန်တော်တို့ လူတွေ သုံးပုံ နှစ်ပုံလောက် ပြုတ်သွားတယ် မဟုတ်လား၊ ကျန်တဲ့ သုံးပုံ တစ်ပုံကို ကျွန်တော်တို့ရဲ့ ဗိုလ်ကြီးက ကယ်လို့ ချမ်းသာရာ ရတာ မဟုတ်လား၊ သူ့ကို တပ်မတော်ကို ဘုရားသခင်က ပို့လိုက်တာပဲ၊ အဲဒီတော့ သူ့အနေနဲ့ မကြာမကြာ အစား စားပေးဖို့တော့ လိုတယ်၊ တနင်္ဂနွေနေ့ နောက်ပိုင်းမှာ သူ ဘာမှ ဟုတ်တိပတ်တိ မစားသေးဘူး"

"တနင်္ဂနွေနေ့က သူ့လူ ကိုးယောက် ဆုံးခဲ့တယ်၊ အဲဒါကို မင်း မေ့နေသလား"

"အဲဒီ လူတွေဟာ မရှိတော့ဘူး၊ အားလုံး သေကုန်ပြီ။ သူသာ အားမွေးမထားဘူးဆိုရင် နောက်ထပ်လည်း ဆုံးဦးမှာပဲ၊ အဲဒီအထဲမှာ ကျွန်တော်လည်း ပါသွားနိုင်တာပဲ၊ ကျွန်တော် ပြောတာက သူ့ကို ကြည့်စမ်းပါ၊ ဘယ်လောက် ပိန်သလဲ၊ သူ့အင်္ကျီကြီးက သူ့ကိုယ်ခန္ဓာ နှစ်ခုစာလောက် ဖြစ်နေတယ်၊ သူ့ကို ကြည့်ရတာ တက္ကသိုလ်ရောက်စ ချာတိတ်ကလေးတစ်ယောက်လိုပဲ"

"ဟုတ်တယ်လေ၊ ဒါမျိုးကို သူတို့က ငွေကြယ်ဘွဲ့ပေးတာပဲပေါ့"

... ရဲဘော်များ ရယ်ကြသည်။ ဖိုင်းဘမ်းက-

"ကျွန်တော်တော့ ဒီလိုအချိန်မျိုးမှာ အသေမခံနိုင်ဘူး"

"အားလုံး သေကြတာပဲ၊ အနေနဲ့ အမြန်ပဲ၊ မင်းလည်း ... ပဲ"

"သေတာတော့ သေမှာပဲ၊ ဒါပေမဲ့ ဒီမှာတော့ မသေနိုင်ဘူး၊ ဒီဒေးမှာလည်း မသေခဲ့ဘူး၊ အိုမာဟာမှာလည်း မသေခဲ့ဘူး၊ အာဒင်နီမှာလည်း မသေခဲ့ဘူး၊ တခြား တိုက်ပွဲကြီးတွေမှာလည်း ဘာမှ မဖြစ်ခဲ့ဘဲနဲ့ ဒီမှာ သေရမယ် ဆိုတာ အဓိပ္ပာယ် မရှိဘူး၊ အင်္ဂလိပ်တွေကို စောင့်ရှောက်ရင်းနဲ့ သေရမယ်ဆိုတာ မဟုတ်ဘူး"

"အင်္ဂလိပ်တွေနဲ့ တို့နဲ့ လက်တွဲခဲ့ကြတာ လေးနှစ် ရှိသွားပြီဆိုတာ ခင်း မသိဘူးလား"

"ဒါပေမဲ့ ဒီလို မကိုးမကား အဝတ်တွေကို ကျွန်တော် သည်းခံလို့ မရဘူး"

ဖိုင်းဘမ်းက သူတို့ဆီသို့ လျှောက်လာနေသော စစ်ကြောင်းမှူး၊ ဒုတိယ ဗိုလ်မှူးကြီးဒင်းနင်းနှင့် ၎င်း၏ တပ်ရေးတို့ကို ခေါင်းညိတ်ပြရင်း ပြောသည်။ သူတို့က စကော့တလန်လူမျိုး တောင်ပေါ်သားများ ဖြစ်ကြသည်။ ခေါင်းတွင် နီးရာအဝတ် ဦးထုပ်များ ဆောင်းထားကြသည်။

"မောနင်း ဟောင်းဝပ်၊ တကယ် အေးတဲ့ညပဲ၊ ဒီနှစ် ဆောင်းသက် ရှည်တယ်"

ဒင်းနင်းက အနီးသို့ ရောက်လာသောအခါ ပြောသည်။

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး"

"မီလာရေ မြေပုံ ကြည့်ရအောင်"

တပ်ရေးက ကားနံရံတွင် ကပ်ပြီး မြေပုံကို ဖြန့်လိုက်သည်။ ဗိုလ်မှူးကြီး က မြေပုံတွင် လက်ထောက်လျက်-

"ဒီမှာ အင်းဘရေပ်၊ ဒီမှာ ကျုပ်တို့ တောင်ကြားထိပ်ကို ငါးမိုင်လောက် သွားရင်၊ ဆောလဘတ်ကို သွားတဲ့ လမ်းမကြီးနဲ့ ဆုံမယ်၊ အဲဒီမှာ ပြဿနာတွေ နိုင်တယ်၊ ဘယ့်နှယ်လဲ"

"တွေ့နိုင်ပါတယ် ဗိုလ်မှူးကြီး"

"ဟုတ်ပြီ၊ ကျုပ်တို့ နာရီဝက်အတွင်း ချီတက်ကြမယ်၊ ဗိုလ်ကြီး ရှေ့က ထွက်ပါ၊ ဂျစ်တစ်စီးကို ကင်းထောက် လွှတ်ပါ"

ဒင်းနင်းနှင့် တပ်ရေးတို့ ထွက်ခွာသွားကြသည်။ ဟောင်းဝပ်က ဟူးဗား နှင့် ရဲဘော်များဘက်သို့ လှည့်လျက်-

"ဆရာဟူးဗား၊ ကြားတယ် မဟုတ်လား"

"ကြားပါတယ် ဗိုလ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပြီ၊ ဖိုင်ဘမ်းနဲ့ အိုဂရက်ဒီကို ဆရာ ခေါ်သွား၊ ဂါးလင်းနဲ့ ...ဆင် ကျွန်တော်နဲ့ နေ၊ ငါးမိနစ် တစ်ကြိမ် ရေဒီယို သတင်းပို့၊ ကဲ သွားကြတော့''

၎င်းတို့ ထွက်ခွာသွားစဉ်တွင် ဖိုင်ဘမ်းက-

''မယ်တော် မေရီဘုရား၊ ကျွန်တော်မျိုးသည် ဂျူးလူငယ်ကလေးပါ၊ ကျွန်တော်မျိုးတို့ကို ကူညီမှိုင်းမတော်မူပါ ဘုရား''

ဒီရေဒီယိုမှ သတင်းများ ကောင်းမွန်လာသည်။ ရုရှ တပ်နီတော်သည် ဘာလင်မြို့ကို လုံးဝဝိုင်းရံလိုက်ပြီး မြို့တော်၏ တောင်ဘက် ၇၅ မိုင်အကွာရှိ အမေရိကန်တပ်များနှင့် ပေါင်းသွားပြီ ဖြစ်သည်။ ဂျာမနီနိုင်ငံကို နှစ်ပိုင်း ပိုင်းလိုက်ပြီ ဖြစ်သည်။

''ဘာလင်မြို့ကို ဝင်နိုင် ထွက်နိုင်တဲ့ လမ်းက လေကြောင်းတစ်ခုပဲ ရှိတော့တယ် ဗိုလ်ကြီး၊ သူတို့ ဘယ်လိုမှ မခံနိုင်တော့ဘူး၊ လက်နက်ချရတော့မှာပဲ၊ အမှန်အတိုင်းဆိုရင် ဒီနည်းပဲ ရှိတော့တာပဲ''

အန်ဒါဆင်က ဟောင်းဝပ်ကို ပြောသည်။

''ဒီလို မဟုတ်ဘူး၊ ခင်ဗျားဟာ ဟစ်တလာ ဒါမှမဟုတ် ( ဘဲ၊ ဒါမှမဟုတ် ဟင်းမလားဆိုရင် ဘာဖြစ်မလဲ၊ စစ်ခုံရုံး အတင်ခံရမယ်၊ သေး... အပေးခံရမယ်၊ ဒီတော့ ခင်ဗျား ဘာလုပ်မလဲ၊ ကိုယ်နဲ့ တစ်ဖက်က လူဝေ... ကိုယ်နဲ့အတူ တတ်နိုင်သမျှ ခေါ်သွားဖို့ပဲပေါ့''

ထိုအခါ ကားမောင်းနေသော အန်ဒါဆင်၏ မျက်နှာတွင် စိုးရိမ်စိတ်များ ဝင်လာသည်။ သူက ဂါးလင်းလို မဟုတ်ပါ။ သူ့မှာ မိန်းမ ရှိသည်၊ ကလေး နှစ်ယောက် ရှိသည်။ သမီးကလေးက ၅ နှစ်၊ သားကလေးက ၆ နှစ်။ သူသည် ကားစတီယာရင်ကို တင်းကျပ်စွာ ဆုပ်ထားသဖြင့် သူ၏ လက်ခေါက်များ ဖြူဖွေးလျက် ရှိတော့သည်။

သည်လူ စစ်ထဲဝင်ဖို့ မကောင်းဘူးဟု ဟောင်းဝပ် တွေးမိသည်။ အန္တရာယ်ကင်းတဲ့ အလုပ်တစ်ခုကို ရွေးဖို့ ကောင်းဂါယ်။ သူများတွေ ဒီလိုပဲ လုပ်ကြတာပဲ။

တခြားသူ တစ်ဦး၏ ခံစားမှုအတွက် မိမိ ဤမျှ အသည်းမာသည်မှာ ဆန်းသည်ဟုလည်း ပြောရမည်။ မဆန်းဘူးဟုလည်း ဆိုနိုင်သည့် အကြောင်းမှာ စစ်ကြီး ဖြစ်နေသည်။ သေခြင်းကရားသည် ဘာမျှ မဆန်းပါ။ စိတ်ထဲတွင် တွေးနေရမည့် အချိန် မဟုတ်ပါ။

ရေဒီယိုမှ အသံထွက်ပေါ်လာသည်။ ဟူးဗား၏ အသံသည် ကြည်လင်စွာ ထွက်ပေါ်လာသည်။



''သကြား ၁ က သကြား ၂ ကို ပြောနေတယ်၊ ကြားရဲ့...''

''ကောင်းကောင်း ကြားရတယ်၊ ခင်ဗျားတို့ အခု ဘယ်မှာလဲ''

''ကျွန်တော်တို့ အခု လမ်းဆုံကို ရောက်နေပြီ ဗိုလ်ကြီး၊ ဂျာမန်တစ်ယောက် မတွေ့ရဘူး၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ''

ဟောင်းဝပ် နာရီကို ကြည့်ပြီး-

''အဲဒီမှာပဲ နေ၊ မိနစ် ၂၀ အတွင်း ကျုပ်တို့ ရောက်လာမယ်၊ ဒါပဲ ...ပြီ''

သူက စကားပြောခွက်ကို ထားလိုက်ပြီး ဂါးလင်းဘက်သို့ လှည့်ကာ-

''အံ့သြစရာပဲ၊ ကျုပ်က သူတို့ဆီက သတင်းတစ်ခုခု ကြားရလိမ့်မယ် ...မျှော်လင့်နေတာ၊ အင်မတန် တိုက်ဖို့ကောင်းတဲ့ နေရာတစ်ခုပဲ''

ထိုစဉ်မှာပင် သူ့နားထဲတွင် ပေါက်ကွဲသံတစ်ခု ကြားလိုက်ရသည်။ ...ရာမ လေအဟုန်တစ်ခုက သူ့အား ဆွဲယူသယ်ဆောင်သွားသည်။ သူ၏ မျက်စိ ...မြင်တွင် ကမ္ဘာကြီးသည် ပျောက်သွားလိုက် ပေါ်သွားလိုက် ရှိသည်။ နောက်ဆုံး ...တွင် သူသည် မြောင်းတစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။ သူ့ဘေးတွင် ဂါးလင်း ...နေသည်။ သို့သော် သူ၏ သံခမောက် မရှိတော့။ သူ၏ ခေါင်းအထက်ပိုင်းလည်း ...ရှိတော့။ သူတို့ စီးလာသော ဂျစ်ကားသည် တုံးလုံးလဲလျက်ရှိသည်။ သည့်နောက် ...ကား တင့်ကားတစ်စီး မီးလောင်နေသည်။ တင့်ကားအတွင်းမှ ခဲယမ်းမီး ...ကျောက်များ အဆက်မပြတ် ပေါက်ကွဲလျက် ရှိသည်။ တင့်ကားအတွင်းမှ ရဲဘော် ...တစ်ယောက် ထွက်လာသည်။ သူ့ကိုယ်တွင် မီးစွဲလောင်နေသည်။ မြေပြင်ပေါ်သို့ ... ကျသွားသည်။

တကယ် ဖြစ်သည်ဟု ယုံနိုင်စရာ မရှိ။ မည်သို့မှ ယုံနိုင်စရာ မရှိ။ ...ဟောင်းဝပ် ဘာသံမျှ မကြားလိုက်။ ပေါက်ကွဲသံကြီးကိုသာ ရုတ်တရက် ကြား...လိုက်ရသည်။ သူ့လက်တွင် သွေးများ စွန်းထင်းလျက် ရှိသည်။ သို့ရာတွင် ...ဟောင်းဝပ်သည် မှန်ပြောင်းကို ထုတ်ယူပြီး ကြည့်လိုက်သည်။ ကမ်းတစ်ဖက်မှ ...တောင်ကုန်းဆီသို့ ကြည့်သည်။ ရုတ်တရက်ဆိုသလို မြင်ကွင်းတွင် တိုက်ဂါး ...တင့်ကားတစ်စီး ပေါ်လာသည်။ တင့်ကားပေါ်တွင် နာဇီဗိုလ်မှူးဝတ်စုံနှင့် လူရွယ် ...တစ်ယောက် ရပ်နေသည်ကို အထင်းသား တွေ့မြင်ရသည်။ ဟောင်းဝပ် ကြည့်...နေစဉ်မှာပင် နာဇီဗိုလ်မှူးသည် စကားပြောခွက်ကို မြှောက်ယူပြီး အမိန့်ပေးသည်။ ...တိုက်ဂါး တင့်ကား၏ ၈၈ အမြောက်ကြီးမှ မီးများပွင့်လာသည်။

...တိုက်ဂါး တင့်ကား၏ အမြောက်စင်တွင် ဟောင်းဝပ် တွေ့မြင်လိုက်ရသော ...နာဇီဗိုလ်မှူးသည် အမှတ် ၅၀၂ တင့်ကားတပ်ရင်း၊ တပ်ဖွဲ့ ၃ မှ ဗိုလ်မှူးကားရစ်တာ ...ဖြစ်သည်။ ပြီးခဲ့သည့် ၅ မိနစ်အတွင်းက အဖြစ်အပျက်သည် ဒုတိယကမ္ဘာစစ်

www.burmeseclassic.com

www.burmeseclassic.com



…းတွင် အပြောင်မြောက်ဆုံးသော နာဇီတင့်ကား စွမ်းရည်ပင် ဖြစ်တော့သည်။

ရစ်တာသည် တင့်ကား သူရဲကောင်း ဖြစ်သည်။ ရုရှ စစ်မျက်နှာတွင် အောင်ပွဲပေါင်း ၁၂၀ ရရှိခဲ့သူ ဖြစ်သည်။ သူက သူ့လုပ်ငန်းကို ကောင်းစွာ ကျွမ်းကျင်သည်။ သူ့တွင် တင့်ကား နှစ်စီးသာ ရှိသည်။ မဟာမိတ်တို့၏ အင်အား နှင့် မည်သို့မျှ မယှဉ်သာ။ ယင်းအချက်ကို သူသည် နံနက်စောစောက ခြေကျင် ခရီးဖြင့် ကင်းထောက်ထားပြီး ဖြစ်သည်။ ဒင်နင်းသည် ဆောလဘာတ်လမ်းဆုံ တွင်သာ တိုက်ပွဲ ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ယင်းကြောင့်ပင် သူက ကြိုတင်ပြီး တိုက်ခိုက်ခြင်း ဖြစ်သည်။ သည်နည်းပဲ ရှိသည်။

အတိုင်းထက် အလွန်ပင် အောင်မြင်သူဟု ဆိုရမည်။ အကြောင်းမှာ တောင်ကြားထဲတွင် ရှိနေသော မဟာမိတ် တင့်ကားများသည် မည်သည့်ဘက် သို့မျှလည်း မတိမ်းရှောင်နိုင်၊ နောက်ကြောင်းလည်း ပြန်မဆုတ်နိုင်ပါ။ ပထမ… သူ ပစ်လိုက်သော အမြောက်ဆန်သည် ရှေ့ဆုံးမှ ဂျစ်ကားကို တိုက်ရိုက်ထိမှန် ရန် သီသီလေးသာ လိုသွားသည်။ ဂျစ်ကား မှောက်သွားပြီး ဟောင်းဝပ်နှင့် ရဲဘော် နှစ်ယောက် မြောင်းထဲသို့ လွင့်သွားခဲ့သည်။ ဒုတိယ အမြောက်ဆန်သည် ရှေ့ဆုံးမှ တင့်ကားကို ထိမှန်သည်။ ရစ်တာက သူ၏ အမြောက်သမား ဝ…ကြီး အားရစ်ဟော့ဖာထံသို့ ပစ်ကွင်းပြောင်းရန် အမိန့်ပေးလိုက်သည် … အမြောက်ကြီး တစ်ဖက်သို့ လည်သွားသည်။ ခဏအကြာတွင် ပစ်ခ… ပြုလိုက်ရာ စစ်ကြောင်း၏ နောက်ဆုံးတွင် ရှိသော ဘရင်းကယ်ရီ၊ … တိုက်ရိုက် ,ထိမှန်သည်။

စစ်ကြောင်းကြီး တစ်ခုလုံး ရပ်တန့်သွားသည်။ ရှေ့သို့လည်း မတိုးနိုင် နောက်သို့လည်း မဆုတ်နိုင်။ အလယ်တွင် ပိတ်ပြီး မိနေသည်။ ရစ်တာက လက်ကို မြှောက်ပြီး အချက်ပြလိုက်သည်။ တောတန်း၏ အခြားတစ်ဖက်တွင် တိုက်ဂါးနှစ်စီး ပေါ်လာသည်။ ထို့နောက် ပစ်ခတ်ခြင်း စတင်တော့သည်။

၅ မိနစ်အတွင်းမှာပင် ၈၈ အမြောက်ကြီး ၃ လက်နှင့် စက်သေနတ် ၆ လက်တို့၏ လက်ချက်ကြောင့် သံချပ်ကာကား အစီး ၃၀ နှင့် တင့်ကားကြီး ၈ စီးတို့သည် မီးဟုန်းဟုန်း တောက်လောင်ကြရတော့သည်။

ရှေ့ဆုံးမှ သွားသော တိုက်ကင်း ဂျစ်ကားသည် ဆော့လဘာတ်လမ်းဆုံသို့ ရောက် ရှိပြီး သစ်ပင်များအကြားတွင် ပျောက်ဝင်သွားပြီ ဖြစ်သည်။ အိုဂရက်ဒီက စ… ယာရင် နောက်တွင် ထိုင်နေသည်။ ဟူးဗားက သူ့ဘေးတွင် ရှိပြီး စီးကရ… မီးညှိနေသည်။ ဖိုင်းဘမ်းမှာမူ လမ်းအထက်ဘက်ရှိ သစ်ပင်ရင်းတစ်ခုတွင် တင်ပျဉ်…

…င်ပြီး ပဲဘူး တစ်ဘူးကို မောင်းချဓားဖြင့် ဖောက်ပြီး …နိုင်ဖယ်ကို ပေါင်ပေါ်တွင် တင်ထားသည်။

အိုဂရက်ဒီမှာ အသက် ၁၈ နှစ်သာ ရှိသေးသည်။ ကပ်သားသစ် တစ်ယောက် ဖြစ်သည်။ တပ်ထဲသို့ ရောက်သည်မှာ မကြာသေးချေ။

''ဒီလူက ဘယ်လိုလူလဲ မသိဘူး၊ လုပ်တာကိုင်တာလည်း ဝက် …တစ်ကောင်လိုပဲ၊ စားတာ သောက်တာလဲ ဝက်တစ်ကောင်လိုပဲ၊ ပါးစပ်ကလည်း …ကားပြောတာ ဘယ်တော့မှ မနားဘူး၊ တွေ့ကရာကို ရယ်စရာ လုပ်ပစ်တာပဲ''

အိုဂရက်ဒီက ဟူးဗားကို ပြောလိုက်သည်။

ဟူးဗားက-

''ဒါက သူ့ကိစ္စပဲ၊ အိုဟားမားကို တို့ ရောက်တော့ တို့အင်အား …၁၂ ယောက် ရှိတယ်၊ အခု မင်းပါနဲ့မှ ခြောက်ယောက်ပဲ ရှိတော့တယ်၊ …ကယ်တော့ မင်းက ဘာမှ အသုံးဝင်တာ မဟုတ်သေးဘူး၊ ဖိုင်းဘမ်းအကြောင်း …ဘာမှ မပြောပါနဲ့၊ သူက ဘွဲ့တံဆိပ်တွေ လက်တစ်ဆုပ်လောက် ရထားတဲ့ လူ …တစ်ယောက်ပဲ''

ရုတ်ခြည်းဆိုသလိုပင် အောက်ဘက် တောင်ကြားဆင်းမှ အမြောက်သံ …များ၊ စက်သေနတ်သံများ ထွက်ပေါ်လာသည်။

ဖိုင်းဘမ်းသည် သေနတ်ကို လက်တွင် ကိုင်ပြီး ကားဆီသို့ ပြေးဆင်း …လာသည်။

''ဟေး ဟာရီ၊ တစ်ခုခုတော့ ဖြစ်ကုန်ပြီနဲ့ တူတယ်၊ ဘယ်လိုသဘော …လဲ''

''တစ်ခုခုတော့ အကြီးအကျယ် မှားပြီနဲ့ တူတယ်၊ ချာတိတ်ရေ… …ဒီက သွားကြမယ်''

ဟူးဗားက အိုဂရက်ဒီ၏ ပခုံးကို ပုတ်ပြီး ပြောလိုက်သည်။

ဖိုင်းဘမ်း ကားနောက်ပိုင်းသို့ ခုန်တက်သည်။ အိုဂရက်ဒီက ကားကို …မြန်စွာ ကွေ့လှည့်ပြီး တောင်ကြားထဲသို့ မောင်းဆင်းသွားစဉ်တွင် ဖိုင်းဘမ်း …သေနတ်တွင် နေရာယူသည်။ အမြောက်သံများနှင့် စက်သေနတ်သံများသည် …ခုအခါ အဆက်မပြတ်လိုပင် ဖြစ်သည်။ ကြားထဲတွင် ပေါက်ကွဲသံကြီးများ …ထွက်ပေါ်လာသည်။ သူတို့ကား လမ်းကွေ့တစ်ခုကို ကွေ့လိုက်စဉ်တွင် သူတို့ …သို့ တက်လာနေသော နာဇီတင့်ကားတစ်စီးကို တွေ့ရသည်။

ဖိုင်းဘမ်း၏ လက်များက စက်သေနတ် လက်ကိုင်တွင် တင်းကျပ်စွာ …ဆုပ်ထားလိုက်သည်။ သို့သော် တင့်ကားနှင့် နီးကပ်လွန်းနေပြီ ဖြစ်သဖြင့် ပစ်ခတ် …၍ မဖြစ်နိုင်တော့ပေ။ လမ်းတစ်ဖက်တစ်ချက်တွင် ထင်းရှူးပင်များ ပိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



…ကြံပြောပေါက်လည်း မရှိချေ။

အိုဂရက်ဒီ ဟစ်အော်လိုက်သည်။ ကားလက်ကိုင်ကို ကိုင်ထားသော လက်များကို လွှတ်လိုက်ပြီး သူ့ကိုယ်ကို ကာကွယ်သည့်အနေဖြင့် လက်များ… မြှောက်ထားလိုက်သည်။ တင့်ကားပေါ်ရှိ ဗိုလ်မှူး၏ ဦးထုပ်မှ တံဆိပ်ကို ဖိုင်းဘမ်း… တွေ့မြင်ရသည်။ တစ်ခဏအတွင်းမှာပင် တင့်ကားနှင့် ဂျစ်ကား ခေါင်းချင်းဆိုင် တိုက်မိသည်။ ဖိုင်းဘမ်း ချုံထဲသို့ ခေါင်းစိုက်ပြီး လွင့်ကျသွားသည်။ တိုက်ဂါ… တင့်ကားကြီးသည် ဂျစ်ကားကလေးကို အောက်ဘက်တွင် နင်းချေပြီးနောက် လမ်းအကွေ့တွင် ပျောက်ဝင်သွားသည်။

ဟောင်းဝပ်သည် အတန်ကြာ သတိလစ် မေ့မျောနေရာမှ အဆက်မပြတ်သော ပေါက်ကွဲသံများကြောင့် သတိ ပြန်လည်ရရှိလာသည်။ ရေပြည်က ရှခင်းပ… ဖြစ်သည်။ တောင်ကြားတစ်ခုလုံး မီးနီများ ဖုံးလွှမ်းနေသည်။ နာ ကျင်စွာ… အော်ဟစ်သံများ ဘဝက်ညံနေသည်။ လူသားကို မီးလောင်သည့် အနံ့များ ထွက်… ပေါ်နေသည်။ သူနှင့် မလှမ်းမကမ်း လမ်းမပေါ်တွင် ဗိုလ်မှူးကြီး နင်း… ပက်လက်ကြီး ရှိနေသည်ကို မြင်ရသည်။ သူ့လက်တစ်ဖက်တွင် ခြောက်… သေနတ်ကို ဆုပ်ကိုင်ထားသည်။ ဒင်းနင်း၏ တစ်ဖက်တွင် ဘရင်းကဗ… တစ်စီး သစ်ပင်တစ်ပင်တွင် စောင်းထောင်လျက် ရှိသည်။ ကားထဲမှ အလောင်းများ ထွက်ကျနေသည်။ တစ်လောင်းပေါ် တစ်လောင်း ဆင့်ပုံလျက် ရှိသည်။

ဟောင်းဝပ် ကြိုးစားပြီး မတ်တတ်ထသည်။ လဲကျသွားသည်။ သို့သော် သူ့ကို တစ်စုံတစ်ယောက်က ဆွဲဖမ်းထားလိုက်သည်။

''ဗိုလ်ကြီး ဘာမှ မစိုးရိမ်နဲ့၊ ကျွန်တော် ကိုင်ထားတယ်''

ဟူးဗား၏ အသံ ဖြစ်သည်။

ဟောင်းဝပ် မှုံမိုက်စွာဖြင့် လှည့်ကြည့်လိုက်သောအခါ ဟူးဗားအပြင် ဖိုင်းဘမ်းကိုပါ တွေ့ရှိရသည်။

''ခင်ဗျားတို့ ဘာမှ မဖြစ်ဘူးနော်''

''အိုဂရက်ဒီတော့ မရှိတော့ဘူး၊ ကျွန်တော်တို့ကား တိုက်ဂါးတစ်စီးနဲ့ ခေါင်းချင်းဆိုင် တိုက်မိတယ်၊ ဗိုလ်ကြီး ဘယ်ထိသွားသလဲ''

''ဘာမှ မဖြစ်လောက်ဘူး၊ သွေးတွေက ဂါးလင်းရဲ့ သွေးတွေပဲ၊ ဂါးလင်းနဲ့ အန်ဒါဆင်တို့တော့ သွားကြပြီ''

ဖိုင်းဘမ်းက အင်မ်ဝမ်း သေနတ်ကို အသင့်ကိုင်ထားသည်။

''တကယ်ပြောင်တဲ့ တိုက်ပွဲပဲ''

ဟောင်းဝပ်က-

''သေမင်းကို ကျုပ် တွေ့လိုက်တယ်၊ ယူနီဖောင်းအနက်နဲ့ လူချောချော တစ်ယောက်ပဲ၊ ဦးထုပ်မှာ ငွေအရိုးခေါင်း တံဆိပ်နဲ့''

''ဟုတ်လား၊ ကျွန်တော်လည်း အဲဒီနေ့ကို တွေ့လိုက်တယ်''

ဖိုင်းဘမ်းက ပါးစပ်တွင် စီးကရက်တစ်လိပ်ကို ထည့်ကာ ခေါင်းကို ယမ်းခါလိုက်ပြီး-

''ဆိုးတယ်၊ တော်တော်ဆိုးတယ်၊ ကျွန်တော့် စိတ်ထဲမှာ ဒီစစ်ကြီး ပြီးပြီလို့ ထင်နေတာ၊ လက်စသတ်တော့ နေ့တစ်သိုက်က ကျွန်တော်တို့ကို ခြေဖို့ ကြိုးစားနေတုန်းပဲ''

အမှတ် ၅၀၂ တင့်ကားတပ်ရင်း သို့မဟုတ် ယင်း၏ အကြွင်းအကျန် တပ်ဖွဲ့သည် ဆောလဘတ်လမ်းမကြီးအနီးရှိ လင်းဒေါ့ရွာကလေးတွင် တပ်စွဲလျက် ရှိသည်။ ဘပ်ရင်းမှူး မက်စ်ဂျက်ဂါသည် ၄င်း၏ ရုံးကို ရွာ ထမင်းဆိုင်လေးတွင် ဖွင့်လှစ်ထားသည်။

ကားရစ်တာသည် ပထမထပ်ရှိ အိပ်ခန်းတစ်ခန်းကို ရရှိပြီး၊ ထိုအခန်း ဘွင်း၌ နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိသည်။ ၃၆ နာရီအတွင်း ပထမဆုံးအကြိမ် …ာပန်းစွာ အိပ်ပျော်သွားရခြင်းပင် ဖြစ်သည်။ သူသည် ခုတင်ပေါ်တွင် ယူနီဖောင်း အပြည့်အစုံနှင့် အိပ်ပျော်လျက် ရှိသည်။ နွမ်းနယ်လွန်းသဖြင့် ဖိနပ်များကိုပင် မချွတ်နိုင်ချေ။

ညနေ ၃ နာရီလောက်တွင် တစ်စုံတစ်ယောက်က သူ့ပခုံးကို ဆုပ်ကိုင်ပြီး နှိုးသဖြင့် သူ နိုးရသည်။ မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ တပ်ကြပ်ကြီး ဟော့ဖာကို တွေ့ရှိရသည်။ ရစ်တာ ဆတ်ခနဲ ထထိုင်ပြီး-

''ဘာလဲ''

''ဗိုလ်မှူးကြီးက အခေါ်ခိုင်းလို့ပါ၊ သိပ်အရေးကြီးတယ်တဲ့''

''သူဘရာဇာတွေအတွက် အလုပ်တွေက သိပ်များပါကလား''

ရစ်တာက သူ့ခေါင်းမှ ဆံပင်များကို လက်ဖြင့် ထိုးဖွလိုက်ပြီး-

''အားရစ်… မင်းကော တစ်ရေးတစ်မော အိပ်ရရဲ့လား''

ဟော့ဖာသည် အသက် ၂၃ နှစ်အရွယ်၊ ပိန်ပိန်သွယ်သွယ် လူငယ်တစ်ဦး ဖြစ်သည်။ ခေါင်းတွင် ဦးထုပ်အနက် ဆောင်းထားပြီး ကိုယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



...င်ကျားကျား ဝတ်ရုံရှည်ကြီး ဝတ်ထားသည်။ သူသည် ဟာ့ဗ် ...တန်းဒေသမှ ထမင်းဆိုင်ရှင်တစ်ဦး၏ သား ဖြစ်သည်။ ရစ်တာ၏ လက်အောက်တွင် အမှုထမ်းခဲ့သည်မှာ ၄ နှစ် ရှိသွားပြီ ဖြစ်သည်။ ရစ်တာကို အထူးပင် လေးစားကိုးကွယ်သူတစ်ဦး ဖြစ်သည်။

''နှစ်နာရီလောက် အိပ်ရပါတယ်''

ရစ်တာက ဦးထုပ်ကို ဆောင်းရင်း-

''မင်း လူညာပဲ၊ မင်းလက်မှာ စက်ဆီတွေ ပေနေတယ်၊ အင်ဂျင်ကို နှိုက်နေတာ မဟုတ်လား''

''တစ်ယောက်ယောက်ကို လုပ်ခိုင်းဖို့ပဲ၊ ဒါပေမဲ့ တစ်ယောက်မှ လူမရှိဘူး''

ရစ်တာ ပြုံးလိုက်ပြီး-

''အခြေအနေကတော့ တော်တော်ကလေး ဆိုးလာပြီ၊ ကဲ အဲဒီတော့ ကော်ဖီနဲ့ စားစရာ တစ်ခုခု လုပ်ကွာ၊ အရက်ကလေး တစ်ခွက်ရောပေါ့၊ ကိစ္စက အချိန် မကြာကောင်းပါဘူး''

အောက်ထပ်သို့ သူ လျင်မြန်စွာ ဆင်းသွားသည်။ ရဲဘော်ကား ...း တစ်ယောက်က သူ့ကို ထမင်းဆိုင်၏ အတွင်းဘက်ရှိ အခန်းတစ်ခန်းသို့ ဆောင်သွားသည်။ အခန်းထဲတွင် ဗိုလ်မှူးကြီးဂျက်ဂါနှင့် တပ်ခွဲမှူးနှစ်ဦး စ...ပေါ်ရှိ မြေပုံကို ကြည့်ရှုနေကြသည်။

ဂျက်ဂါ လှည့်ကြည့်ပြီး ရစ်တာကို တွေ့မြင်သောအခါ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ထွက်လာသည်။

''အမယ်လေး… ကာ ရယ်၊ ကိုယ် ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ ဧရာမဂုဏ်ပကာသနကြီးပဲ၊ မောင်ရင်တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ တပ်ရင်းတစ်ခုလုံးအတွက်ပဲ''

''ကျွန်တော် ဘာမှ နားမလည်ပါလား''

ရစ်တာ ဇဝေဇဝါ ပြောသည်။

''ဟုတ်တာပေါ့၊ မောင်ရင် ဘယ်နားလည်ပါ့မလဲ''

ဂျက်ဂါက ကြေးနန်းစာရွက်တစ်ရွက်ကို ကောက်ယူရင်း-

''ဒီကနေ့ မနက် အောင်ပွဲသတင်းကို တပ်မကို ကိုယ် ပို့လိုက်တယ်၊ တပ်မက တစ်ခါ ဘာလင်ကို ရေဒီယိုနဲ့ သတင်းပို့လိုက်ပုံ ရတယ်။ အခု ဘာလင်က အထူးအမိန့် ရောက်လာတယ်၊ မောင်ရင်နဲ့ ဟော့ဖာ အခုချက်ချင်း သွားကြရမယ်''



ဟော့ဖာသည် ရစ်တာ မှာကြားထားခဲ့သည့်အတိုင်း ကော်ဖီတစ်ခွက် ဖျော်ထားသည်။ အမဲသားနှင့် ပေါင်မုန့်တို့ကို စီစဉ်ထားသည့် အခန်းတွင်းရှိ စားပွဲငယ်ကလေးပေါ်တွင် စားဖွယ်သောက်ဖွယ်များကို ပြင်ဆင်နေစဉ်တွင် တံခါးပွင့်လာပြီး ရစ်တာ ဝင်လာသည်။

တစ်စုံတစ်ခုတော့ ထူးခြားပြီ ဆိုသည်ကို ဟော့ဖာ သိလိုက်သည်။ အကြောင်းမှာ ဗိုလ်မှူး၏ မျက်နှာ သည်မျှ ဖြူရော်သည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးပါ။

ရစ်တာသည် ဦးထုပ်ကို ခုတင်ပေါ်သို့ ပစ်လိုက်ပြီး လည်ပင်းမှ သူ့ရဲကောင်းတံဆိပ်ကို အနေအထား တည့်အောင် ပြင်လိုက်သည်။

''ကော်ဖီက တယ်မွှေးပါလား၊ အားရစ်ရေ… တကယ့်ကော်ဖီပါလား၊ အရက်ပုလင်းကော ပါလားဟေ့၊ ဒါတွေကို ရအောင် မင်း ဘယ်သူ့ကိုများ သတ်ခဲ့ရသလဲ''

''ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားထားတာပဲ ဗိုလ်မှူး''

''အေး ကောင်းတယ်၊ ဒီလိုဆိုရင် ဖန်ခွက်နှစ်လုံး ရှာကွာ၊ တို့နှစ်ယောက် အောင်ပွဲခံကြရမယ်လို့ ပြောလိုက်တယ်''

''အောင်ပွဲ ခံရမယ်၊ ဟုတ်လား''

''ဟုတ်တယ် အားရစ်၊ တို့နှစ်ယောက် ဘာလင်ကို သွားကြရမယ်''

''ဘာလင်… ဟုတ်လား ဗိုလ်မှူး''

ဟော့ဖာ ခေါင်းခြောက်သွားဟန်ဖြင့်-

''ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သွားမလဲ၊ ဘာလင်ကို ရုန်သူတွေ ဝိုင်းထားပြီပဲ''

''အရေးကြီးတဲ့ ပုဂ္ဂိုလ်ဆိုရင် လေယာဉ်ပျံနဲ့ တင်ပယ်ဟော့ကို ဖြစ်စေ၊ ဂါးတော့ကို ဖြစ်စေ သွားနိုင်တယ်၊ အေး… ကျုပ်တို့ဟာ အရေးကြီးတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ပဲ အားရစ်၊ ကဲ ရဲဘော် ငှဲ့ပေတော့''

ရုတ်ခြည်းဆိုသလိုပင် ရစ်တာ ဒေါသဖြစ်လာသည်။ သူ့မျက်နှာ ပိုပြီး ဖြူရော်သွားသည်။ ဖန်ခွက် ကိုင်ထားသော လက် တုန်ယင်နေသည်။

''ကျွန်တော်တို့ နှစ်ယောက် အရေးကြီးတယ်၊ ဟုတ်လား ဗိုလ်မှူး''

''ဟုတ်တယ် အားရစ်၊ မင်းကို အခုပဲ သူရဲကောင်းဘွဲ့ ပေးလိုက်တယ်၊ ကိုယ်က ဂုဏ်ထူးဆောင်ဓား ရမယ်၊ ကိုယ်တို့ကို အဓိပတိကြီးကိုယ်တိုင် ဘွဲ့နှင်းမယ်၊ ကဲ ဘယ်လိုလဲ၊ ဂျာမနီပြည်ကြီး ပျက်စီးခါနီးမှာ ကျုပ်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တစ်စင်း ပျံပေးမယ်၊ ဘေးက တိုက်လေယာဉ်တွေ စောင့်ရှောက်က်မယ်၊ ဟုတ်ပလား"

ရစ်တာက အားရပါးရ ရယ်မောလိုက်သည်။

- ၃ -

ဧပြီလ ၂၆ ရက်နေ့ နံနက်တွင် ဂျေ၊ ယူ ၅၂ လေယာဉ်နှစ်စင်းသည် တင့်ကားသုံး ခဲယမ်းမီးကျောက်များ တင်ဆောင်လျက် ဘာလင်မြို့အလယ်ရှိ အရေးပေါ် လေယာဉ်ကွင်းတွင် ဆင်းသက်နိုင်ကြသည်။

ခရီးသည်ဟူ၍ ကားရစ်တာနှင့် အားရစ်ဟော့ဖာတို့ နှစ်ဦးသာလျှင် ရှိသည်။ လေယာဉ်မှ သူတို့ ဆင်းသောအခါ မယုံကြည်နိုင်ဖွယ်ရာသော အပျက်အယွင်းများကို တွေ့မြင်ကြရသည်။ သူတို့၏ နောက်မှ ရိုရှာအမည်ရှိ လေယာဉ်မှူး ဆင်းသက်လိုက်ပါသည်။

လေယာဉ်ပေါ်မှ ခဲယမ်းမီးကျောက်များကို သယ်ချနေကြသော စစ်သား များသည် အထူးပင် ထိတ်လန့်တုန်လှုပ်နေကြဟန် ရှိသည်။ မြို့တော်ကို ဝိုင်းရံ ထားသော ရုရှတပ်မီးတော်သည် မြို့ကို အမြောက်များဖြင့် တရစပ် ပစ်ခတ်လျက် ရှိသည်။ အမြောက်သံသည် သူတို့ ခေါင်းပေါ်မှ ဖြတ်ကျော်သွားပြီး အနီးရှိ တိုက်ပျက်များတွင် ကျကေက်ပေါက်ကွဲသည်။ လေထဲတွင် ယမ်းငွေ့၊ ဖုန်မှုန့်များ ပြည့်သိပ်လျက် ရှိသည်။

ရိုရှာ၊ ရစ်တာနှင့် ဟော့ဖာတို့သည် အနီးရှိ အုတ်နံရံတစ်ခုဆီသို့ ပြေးသွားပြီး ကုန်းဝပ်နေကြသည်။ လေယာဉ်မှူးက သူတို့ကို စီးကရက် တည်ခင်း ခင်း. . .

"မရဏာမြို့တော်ကြီးက ကြိုဆိုပါတယ်"

"ဗိုလ်ကြီး၊ အလျင်ကကော ဒီလို ဆင်းဖူးသလား"

ရစ်တာက မေးလိုက်သည်။

"ဟင့်အင်း၊ ဒါက နောက်ထပ် တိုးတက်လာတာပဲ၊ တင်ပါဟော့နဲ့ ါးတော့မှာ အခုအချိန်အထိ လေယာဉ် ဆင်းလို့ရသေးတယ်၊ ဒါပေမဲ့ အဲဒီကနေ ဒီကို ကုန်းကြောင်းခရီး လာဖို့က မလွယ်ဘူး၊ ရုရှတွေက နေရာအနှံ့ ဖောက်

www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးလိုက်ပြီး-

''ဒါပေမဲ့ သူတို့ကို ကျုပ်တို့ မောင်းထုတ်မယ်၊ အချိန်သာ နည်းနည်းပေးပါ၊ ဘာမှ ပြောစရာ မလိုဘူး၊ ကျုပ်တို့မှာ စစ်ပြန် စစ်မှုထမ်းဟောင်းများ တပ်ဖွဲ့ ရှိတယ်၊ အသက် ၆၀ ကျော်တွေလေ၊ နောက်ပြီးတော့ ဟစ်တလာ လူငယ်အဖွဲ့လည်း ရှိသေးတယ်လေ၊ ဆယ်သုံး လေးနှစ် ကောင်ကလေးတွေ၊ ဒီကြားထဲမှာတော့ မရှိဘူး၊ အဓိပတိကြီးပဲ ရှိတယ်၊ ဒါပေမဲ့ အဓိပတိကြီးဟာ တပ်မကြီး လေး ငါးခုနဲ့ ညီမျှတယ်လို့ ပြောနိုင်တယ်။

စစ်မြေပြင်ကားတစ်စီး ရောက်ရှိလာသဖြင့် သူတို့ စကားပြတ်သွားသည်။ ကားကို စစ်ပုလိပ်တစ်ဦးက မောင်းနှင်ပြီး ကားပေါ်တွင် တပ်ကြပ်ကြီးတစ်ဦး ပါရှိသည်။ တပ်ကြပ်ကြီး၏ ယူနီဖောင်းက သစ်သစ်လွင်လွင် ဖြစ်သည်။

''ဗိုလ်မှူးရစ်တာပါလား''

''ဟုတ်တယ်''

တပ်ကြပ်ကြီးက ခြေစုံရိုက်လိုက်သည်။ လက်တစ်ဖက်ကို ဆန့်တန်းပြီး အလေးပြုသည်။

''ဗိုလ်ချုပ်ကြီး ဗက်ဂီလိန်က လွှတ်လိုက်ပါတယ်၊ ဗိုလ်မှူးကို အဓိပတိကြီးရဲ့ ဌာနချုပ်ကို လိုက်ပို့ဖို့ ဖြစ်ပါတယ်''

''ကောင်းပြီ၊ အခုပဲ သွားကြမယ်''

တပ်ကြပ်ကြီး ထွက်သွားသည်။ ရစ်တာက ရှိရှာဘက်သို့ လှည့်ပြီး-

''ကျုပ်တို့ရဲ့ ဇာတ်လမ်းကတော့ ဆန်းဆန်းကလေးပဲ''

''အင်း... ဇာတ်သိမ်းခါနီးကလေးမှာပေါ့''

ရှိရှာ ပြုံးလိုက်ပြီး-

''ကျွန်တော်ကတော့ ပြန်ရမယ်၊ ကျွန်တော့်ကို ပေးလိုက်တဲ့ အမိန့်ကတော့ ချာရီတီဆေးရုံက လူနာ ၅၀ ကို တင်ပြီး အမြန်ဆုံး လှည့်ပြန်ဖို့ပဲ၊ အဲ ဗိုလ်ကြီးတို့ ဘာလင်က ပြန်ထွက်နိုင်ဖို့ မလွယ်ဘူးကွဲ့ တူတယ်''

''ကျုပ် အသွားက ကက်သလိပ်ဘာသာဝင် ဘုန်းကြီးပဲ၊ ထူးခြားဆန်းကြယ်မှုတွေ ဖြစ်တတ်တဲ့အခါ အမြဲတမ်း ပြောလေ့ရှိတယ်''

ရစ်တာ လက်ကို ဆန့်တန်းလျက်-

''ကံကောင်းပါစေ''

''ဗိုလ်မှူးလည်း ကံကောင်းပါစေ''

ရှိရှာက ခေါင်းပေါ်မှ အမြောက်ဆန် ဖြတ်ကျော်သွားသည်ကို ငုံ့ရှောင်ရင်း ပြန်ပြောသည်။

စစ်မြေပြင်ကားသည် ဝိုင်ဟင်ပလာမှ ထွက်ပြီး ဇော့စထရက်သို့ ဝ... သောအခါ နိုင်ငံတော် အဆောက်အအုံကြီးကို တွေ့မြင်ကြရသည်။ မြင်ကွင်းသည် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်သည်။ အမြောက်ဒဏ်၊ ဗုံးဒဏ်ကြောင့် ပျက်စီးယိုယွင်း ပျက် ရှိသည်။ နောက်ထပ်လည်း အမြောက်ဆန်များ ရံဖန်ရံခါ ကျရောက်ပြီး ပြိုပျက်နေဆဲ ဖြစ်သည်။ လမ်းများအားလုံး လူသူလေးပါး ရှင်းနေသည်။ သို့သော် အပျက်အယွင်းများ ပိတ်ဆို့စုပုံနေသည်။ ဒရိုင်ဘာသည် ကားကို ဂရုပြုပြီး မောင်းနေရသည်။

''ဘုရား... ဘုရား... ဒီလိုမျိုး ပျက်စီးနေတဲ့ကြားမှာဘယ်သူ အလုပ်လုပ်နိုင်မှာလဲ၊ မယုံနိုင်စရာပဲ''

ဟော့ဖာက ပြောလိုက်သည်။

''မြေကြီးအောက် မီတာ ၃၀ လောက်မှာ အဓိပတိကြီးရဲ့ မြေအောက် ခံ ဘန်ကာ ရှိတယ်၊ ဘယ်ဗုံး ဘယ်အမြောက်ဆန်မှ မရောက်နိုင်ဘူး''

စစ်ရဲတပ်ကြပ်ကြီးက ပြန်ပြောသည်။

ကားဂိုဒေါင်လည်း ပျက်စီးလျက် ရှိချေပြီ။ သို့သော် သူတို့ ကားရပ်ထားရန် အခန်းတစ်ခန်း ရှိနေသေးသည်။ သူတို့ ကားရပ်လိုက်စဉ်တွင် အမှောင်ထဲမှ စစ်ပုလိပ် အစောင့်တစ်ယောက် ထွက်လာသည်။ သို့သော် တပ်ကြပ်ကြီးက အစောင့်ကို လက်ယမ်းပြလိုက်ပြီး ရစ်တာဘက်သို့ လှည့်ကာ-

''ဗိုလ်မှူး၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ၊ ကျွန်တော်တို့ ပထမဆုံး ဗိုလ်ချုပ် မုန်ကားဆီမှာ သတင်းပို့ရမယ်''

ရစ်တာက သားရေ စစ်ကုတ်အင်္ကျီကြီးကို ချွတ်လိုက်ပြီး ဟော့ဖာကို ပေးလိုက်သည်။ ထိုအခါ သစ်လွင်သော စစ်ဝတ်စုံအနက် ပေါ်လွင်လာသည်။ တံဆိပ်များ တောက်ပလျက် ရှိသည်။ သူက လက်အိတ်ကို ပြင်ပြီး စွပ်သည်။ တပ်ကြပ်ကြီးသည် ရစ်တာကို အထူးပင် အထင်ကြီး လေးစားသွားဟန် ရှိသည်။ အလေးပြုသည့်အနေဖြင့် ကိုယ်ကို တောင့်ရပ်လိုက်သည်။

''ဗိုလ်မှူး အဆင်သင့် ဖြစ်ပလား''

ရစ်တာ ခေါင်းညိတ်သည်။ တပ်ကြပ်ကြီး ခုံထည်စွာ ထွက်သွားသည်။ သူတို့ နောက်မှ လိုက်လာသည်။ အုတ်နံရံများအကြားရှိ မှောင်မည်းစိုထိုင်းသော လမ်းကျဉ်းကလေးအတိုင်း သူတို့ ဆင်းသွားကြသည်။ လမ်းတစ်လျှောက်တွင် နေသော စစ်သားများကို တွေ့ရသည်။ များသောအားဖြင့် အိပ်ပျော်နေကြသည်။ အချို့က သူတို့ကို မျက်လုံးများ ဖွင့်ကြည့်ကြသည်။ သို့သော် အံ့ဩဟန်ကား မပြကြချေ။

သူတို့သည် စကားကို လေသံတိုးတိုးဖြင့်သာ ပြောကြသည်။ လမ်း

www.burmeseclassic.com

www.burmeseclassic.com



ညာမြို့ကဲတွင် ဒိုင်နမိုလည်သံနှင့် ပန်ကာလည်သံများကသာ လွှမ်းမိုးလျက် ရှိသည်။ အပေါ်ဘက်တွင် ပေါက်ကွဲမှု ဖြစ်သောအခါ အောက်ဘက်တွင် အနည်းငယ် တုန်ခါသွားသည်။ အသက်ရှူရသည်မှာ မကောင်းပါ။ မွန်းကျပ်လျက် ရှိသည်။

ဗိုလ်ချုပ်မှန်ကား၏ အခန်းမှာ နေချင့်စဖွယ် မရှိပါ။ သေးသေးကျဉ်းကျဉ်း ကလေး ဖြစ်သည်။ အခန်းထဲတွင် အားလုံး ပြွတ်သိပ်လျက် ရှိသည်။ သူတို့ ရောက်ရှိသွားချိန်တွင် အခန်းထဲတွင် အရာရှိ ၆ ယောက်လောက်ဖြင့် ပြည့်ကျပ်လျက် ရှိသည်။ ဗိုလ်ချုပ် မှန်ကားသည် အဒေါ့ဟစ်တလာ ဖော်လံတီယာတပ်ဖွဲ့၏ တပ်မှူးကြီး ဖြစ်သည်။ ယင်းတပ်ဖွဲ့သည် ဋ္ဌာနချုပ် ကာကွယ်ရေးတပ်ဖွဲ့ ဖြစ်ပြီး လက်ရွေးစင် လူအင်အား နှစ်ထောင်ခန့် ရှိသည်။

စစ်ဝတ်စုံ သားသားနားနားနှင့် ဝင်လာသော ရစ်တာကို တွေ့မြင်ရသောအခါ ဗိုလ်ချုပ်မှန်ကား တုံ့ခနဲ ရပ်လိုက်သည်။ အခန်းတွင်းရှိ လူများအားလုံး လှည့်ကြည့်သည်။ တပ်ကြပ်ကြီးက အလေးပြုလိုက်ပြီး ရစ်တာ၏ အမိန့်စာကို စားပွဲပေါ်တွင် တင်လိုက်သည်။ မှန်ကားက အမိန့်စာကို လျှပ်တစ်ပြက်မျှ ကြည့်လိုက်သည်။ သူ့မျက်လုံးများ အရောင်တောက်လာသည်။ သူက စားပွဲပေါ်တွင် ကုန်းငုံ့လိုက်ပြီး လက်ကို ဆန့်တန်းလိုက်သည်။

''ရဲဘော်ကြီး ရစ်တာ၊ တွေ့ရတာ ဝမ်းသာလိုက်တာ''

ထို့နောက် တယ်လီဖုန်းကို ကောက်ယူပြီး ပြောသည်။

''ဗိုလ်မှူးရစ်တာ၊ ကျွန်တော် ပြောတဲ့ အင်းဘရပ်တိုက်ပွဲ သူရဲကောင်း''

အားလုံးပင် လှုပ်လှုပ်ရှားရှား စီစီညံညံ ဖြစ်သွားကြသည်။ အချို့က ရစ်တာကို လက်ဆွဲပြီး နှုတ်ဆက်သည်။ တချို့က သူ့ကို ကံကောင်းသူအဖြစ်နှင့် ထိကိုင်ကြသည်။ ရစ်တာ အနေရ အထိုင်ရ ခက်သည်။ မှန်ကား တယ်လီဖုန်း ချလိုက်သောအခါတွင်မှ ရစ်တာ စိတ်သက်သာရာ ရသွားသည်။

''အဓိပတိကြီးက ဗိုလ်မှူးကို ချက်ချင်း တွေ့ချင်တယ်လို့ ဗိုလ်ချုပ်ကြီး ဖက်ဂီလိန်က ပြောတယ်''

မှန်ကားက သူ့လက်ကို ဟန်ပါပါမြှောက်ပြီး အလေးပြုကာ-

''ရဲဘော်အတွက် ရဲဘော်များအားလုံးဟာ ဂုဏ်ယူတယ်၊ ရဲဘော်ရဲ့ အောင်ပွဲဟာ ကျုပ်တို့ရဲ့ အောင်ပွဲပဲ''

''ကိုယ်ပဲ ရူးနေသလား၊ သူတို့ပဲ ရူးနေကြပလား အားရစ်''

တပ်ကြပ်ကြီး၏ နောက်သို့ လိုက်ပါသွားရင်း ရစ်တာက ဟော့ဖာကို တီးတိုးပြောလိုက်သည်။

''ဘုရား··· ဘုရား··· ဗိုလ်မှူး သူများတွေ ကြားသွားပါ့မယ်''



ဟော့ဖာက သူ့လက်မောင်းကို ခေတ္တမျှ ဆုပ်ကိုင်ရင်း ပြော...

''ဟုတ်ပြီ ဟုတ်ပြီ၊ ကိုယ် စကားပြော ဆင်ခြင်ပါ့မယ်၊ မြန်မြန်လုပ်...၊ အားရစ်၊ နောက်ထပ် ဘာတွေ တွေ့ရဦးမလဲ ဆိုတာ ကိုယ် သိချင်လှပြီ''

ယခုအခါတွင် သူတို့သည် အဓိပတိကြီး၏ မြေအောက်ဆောင် အောက်ဆုံးထပ်သို့ ဆင်းသွားနေကြပြီ ဖြစ်သည်။ ဤအထပ်တွင် အဓိပတိကြီး၏ လက်ရင်းလူများသာ နေထိုင်ကြသည်။ ဂိုဘဲနှင့် ၎င်း၏ မိသားစု၊ ဘိုးမန်း၊ အဓိပတိကြီး၏ သမားတော်ကြီး ဒေါက်တာ စတမ်းဖက်ဂါး၊ သူတို့ နေထိုင်ကြသည်။ ဗိုလ်ချုပ်ကြီး ဖက်ဂီလိန်၏ အခန်းသည် ဘိုးမန်း၏ အခန်းနှင့် ကပ်လျက် ဖြစ်သည်။

ဖက်ဂီလိန်၏ အခန်းမှာလည်း မှန်ကား၏ အခန်းလိုပင် ဖြစ်သည်။ သေးငယ်သည်။ အုတ်နံရံများ စိုထိုင်းသည်။ စားပွဲတစ်လုံး၊ ကုလားထိုင် နှစ်လုံးနှင့် ဗီရိုတစ်လုံး ရှိသည်။ စားပွဲပေါ်တွင် စစ်မြေပုံကြီး ဖြန့်ထားသည်။ တပ်ကြပ်ကြီး တံခါးဖွင့်လိုက်စဉ်တွင် ဗိုလ်ချုပ်ကြီးသည် မြေပုံကို ဂရုတစိုက် ကြည့်ရှုလျက် ရှိသည်။

ဖက်ဂီလိန် မော့ကြည့်သည်။ သူ့မျက်နှာ တည်တည်ကြီး ဖြစ်သည်။ သို့ရာတွင် ရစ်တာကို တွေ့မြင်သောအခါ အားရပါးရ ရယ်မောလိုက်ပြီး စားပွဲကို ကျော့လျှောက်ကာ နှုတ်ဆက်သည်။

''ရဲဘော်ကြီး ရစ်တာ၊ ကိုယ်တို့အားလုံးအတွက် ဂုဏ်ယူစရာပဲ၊ အဓိပတိကြီးက တွေ့ချင်နေလှပြီ''

သူ၏ လိုက်လံမှုသည် အနည်းငယ် လွန်လွန်းသည်ဟု ဆိုရမည်။ အကြောင်းမှာ ရစ်တာသည် ဤပုဂ္ဂိုလ်ကြီးနှင့် အလျင်က တစ်ကြိမ်မျှ မျက်လုံးချင်း မဆုံဖူးပါ။

သူသည် တစ်ချိန်က မြင်းတပ်ဖွဲ့ တပ်မှူးကြီး ဖြစ်သည်။ သူရဲကောင်းဆုံး ချီးမြှင့်ခြင်း ခံရသည်။ ယင်းကြောင့် သူသည် သူရဲဘောကြောင်သူ တစ်ဦး မဟုတ်ပါ။ သို့သော် လက်ဆွဲနှုတ်ဆက်သောအခါ သူ့လက်များ တင်းမာခြင်း မရှိပါ။ သူ့မျက်ခုံးများတွင် ချွေးတွေ စို့နေသည်။ သူသည် အထူးပင် ချောမောချောလျက် ရှိသည်။ ယခုတစ်လောတွင် သည်လို ပုဂ္ဂိုလ်မျိုးတွေကို ရစ်တာ တွေ့ရှိနေရသည်။

''ဒါလောက်လည်း မဟုတ်သေးပါဘူး ဗိုလ်ချုပ်ကြီး''

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော် တပ်ကြပ်ကြီးရဲ့ ဆောင်ရွက်ချက်လည်း အထူးပြောင်မြောက်ပါပေတယ်''

ဖက်ဂီလိန်က ဟော့ဖာကို ခေါင်းအနည်းငယ် ညိတ်ပြပြီး ပြောလိုက်သည်။ လက်ဆွဲ နှုတ်ဆက်ခြင်းကား မပြုချေ။

''သူကတော့ နဲလုတ်မောင်းပေါ်က လူပဲ''

ရစ်တာက သွေ့ခြောက်စွာ ပြောလိုက်သည်။

''အမှန်ပါပဲ ရစ်တာ၊ ကျုပ်တို့အားလုံးကပဲ အသိအမှတ်ပြုပါတယ်၊ နောက်တစ်ခုကတော့...''

သူ့စကား မဆုံးမီမှာပင် တံခါးပွင့်လာပြီး လူ တောင့်တောင့်တုတ်တုတ်ကြီး တစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာသည်။ သူသည် ရာထူးတံဆိပ် တပ်ဆင် ဖော်ပြထားခြင်း မရှိသော ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ့ရင်ဘတ်တွင် အာဇာနည်ဘွဲ့တံဆိပ် တစ်ခုသာ တပ်ဆင်ထားသည်။ ယခင် အစိုးရဟောင်းလက်ထက်က အကျဉ်းခံခဲ့ရသော နိုင်ငံရေးသမားများအား ပေးသည့် ဘွဲ့တံဆိပ်ဖြစ်သည်။

''သြော်... မာတင်ပါလား၊ အရေးကြီးတဲ့ကိစ္စ ရှိလို့လား၊ ကျွန်ုပ်ကို အမိပတိကြီးက အမိန့်ပေးထားတယ်၊ ဒီပုဂ္ဂိုလ် ရောက်ရောက်ချင်း သူ့ကို ပို့ပေးရမယ်တဲ့၊ သူက ဗိုလ်မှူးရစ်တာ၊ ဗုဒ္ဓဟူးနေ့က အင်းဘရပ်လမ်း တိုက်ပွဲ မယုံကြည်နိုင်လောက်တဲ့ အောင်ပွဲကြီးကို ဆင်နွှဲလာတဲ့ ပုဂ္ဂိုလ်ပဲပေါ့၊ ဗိုလ သိပါတယ်နော်၊ ပါတီဌာနချုပ်မှူးကြီး ဘိုးမန်း''

ရစ်တာ မသိပါ။ သူသည် အခြား ဂျာမနီလူမျိုးများကဲ့သို့ပင် ဘိုးမန်း၏ နာမည်ကိုသာ ကြားဖူးပါသည်။ သူ့မျက်နှာကို ပါတီထိပ်သီး ပုဂ္ဂိုလ်များ စုရုံး ရိုက်ထားသော ဓာတ်ပုံတွင်သာ ရုံဖန်ရံခါ မြင်ဖူးပါသည်။ အထူးတလည် မှတ်မိခြင်းကား မရှိပါ။ ဂိုဘဲနှင့် ဟင်းမလားတို့လို တစ်ကြိမ် တွေ့မြင်လျှင် မှတ်မိနိုင်သည့် ရုပ်လက္ခဏာမျိုး မဟုတ်ပါ။

သို့တစေလည်း သူသည် ဂျာမနီနိုင်ငံတွင် ဩဇာအာဏာ အရှိဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ အထူးသဖြင့် ဟင်းမလား ထွက်ပြေးသွားသည့် နောက်ပိုင်းတွင် ဖြစ်သည်။ မာတင်ဘိုးမန်း နာဇီပါတီ ဌာနချုပ်မှူးနှင့် အမိပတိကြီး၏ အတွင်းရေးမှူး။

''တွေ့ရတာ ဝမ်းသာပါတယ် ဗိုလ်မှူး''

သူ လက်ဆွဲနှုတ်ဆက်ပုံက ခိုင်ကျည်လှသည်။ အားအင်အပြည့် ဖြစ်သည်။

''ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး''



ဘိုးမန်းက တပ်ကြပ်ကြီးဘက်သို့ လှည့်ကာ-

''သူက မောင်ရင်ရဲ့ သေနတ်သမားလား၊ အင်း... တကယ့် လက်ဖြောင့်သမားပဲ၊ တစ်ခါ တစ်ခါ ကျုပ်စိတ်ထဲမှာ ဟာ့ပစ်ဘောင်တန်းက လူတွေဟာ ပါးစပ်မှာ သေနတ်ကိုက်ပြီး မွေးလာသလားလို့တောင် ထင်မိတယ်''

ဟော့ဖာကို လူတစ်ယောက်အနေဖြင့် ပထမဆုံး အသိအမှတ် ပြုခံရခြင်းပင် ဖြစ်သည်။

ဘိုးမန်း တံခါးကို ဖွင့်ကာ ဖက်ဂီလိန်ဘက်သို့ လှည့်ပြီး-

''ကျုပ်ကိစ္စက နေလို့ ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို အောက်ထပ်မှာ တွေ့မယ်လေ၊ ကျုပ်လည်း အမိပတိကြီးနဲ့ တွေ့စရာ ရှိတယ်''

ဘိုးမန်း ထွက်သွားသည်။ ဖက်ဂီလိန်က အခန်းတွင်းမှ လူနှစ်ယောက်ကို လှည့်ကြည့်သည်။ တစ်ယောက်က ဝတ်စုံနက်နှင့် တစ်ယောက်က ဝတ်ရုံရှည်ကြီးနှင့် အမိပတိကြီး လိုချင်သော အမျိုးအစားများပင် ဖြစ်သည်။

ဘိုးမန်း၏ ရုံးခန်းသည် အနေအထား ကောင်းမွန်လှသည်။ တံခါးတစ်ပေါက်သည် တယ်လီဖုန်းစက်ခလုတ်ရုံနှင့် အတွေထွေ ဆက်သွယ်ရေးဌာနသို့ ရောက်ရှိပြီး အခြားတံခါးပေါက် တစ်ပေါက်သည် ဂိုဘဲ၏ ရုံးခန်းသို့ ရောက်ရှိသည်။ ယင်းတို့ဖြင့် သူ မသိဘဲနှင့် ဘာတစ်ခုမျှ ဟစ်တလာထံသို့ မရောက်ရှိနိုင်ပါ။ ဘာတစ်ခုမျှ ဟစ်တလာထံမှ ထွက်မလာနိုင်ပါ။ ယင်းမှာလည်း သူ လိုချင်သည့် အနေအထားပင် ဖြစ်သည်။

ဘိုးမန်းသည် ဖက်ဂီလိန်၏ အခန်းမှ ထွက်လာပြီးနောက် ဘယ်မျှ မသွားဘဲ သူ့အခန်းသို့ တောက်လျှောက် ပြန်ခဲ့သည်။ အခန်းထဲတွင် ဗိုလ်မှူးကြီး ဇီလီရက်တင်ဟူးဗား ရှိနေသည်။

ဗိုလ်မှူးကြီးသည် စားပွဲပေါ်ရှိ မြေပုံကို ကြည့်နေသည်။

''ဟင်းမလားအကြောင်း နောက်ထပ် ဘာကြားသလဲ''

ဘိုးမန်းက မေးလိုက်သည်။

''အခုထိတော့ ဘာမှ မကြားသေးဘူး''

''ဒီကောင် တစ်ခုခု လုပ်နေတာ အမှန်ပဲ၊ ဖက်ဂီလိန်လည်း ဒီအတိုင်းပဲ သူ့ကို သတိထားပြီး ကြည့်စမ်းပါ ဇီလီ''

''ဟုတ်ကဲ့''

''နောက်ပြီးတော့ နောက်တစ်ခု လုပ်စမ်းပါဦး ဇီလီ၊ အမှတ် ၅၀၂

www.burmeseclassic.com

www.burmeseclassic.com



...ပ်ရင်းက ဗိုလ်မှူးရစ်တာ ဆိုတာ ရောက်နေတယ်၊ အဓိပတိကြီး ဓားဆု ချီးမြှင့်တာကို ခံယူဖို့ပဲ၊ ခင်ဗျား အချိန်ရလို့ရှိရင် သူ့ကိုယ်ရေးမှတ်တမ်း ကို ကျုပ် လိုချင်တယ်၊ သူနဲ့ ပတ်သက်တာမှန်သမျှ ခင်ဗျား ရှာနိုင်သမျှပေါ့''

''ဟုတ်ကဲ့''

''အဲဒါကြောင့် ခင်ဗျားကို ကျုပ် သဘောကျတာပဲ ဝီလီ၊ ခင်ဗျားဟာ ဘာတစ်ခွန်းမှ ပြန်မမေးဘူး''

ဘိုးမန်းက သူ့ပခုံးကို ပုတ်လိုက်ပြီး-

''ကဲ လာ ကျုပ်တို့ အခု ဥယျာဉ်ဆောင်ကို သွားကြမယ်၊ သူ့ကို ကျုပ် ပြမယ်၊ သူ့ကို ခင်ဗျား သဘောကျပါလိမ့်မယ်၊ ကျုပ် ခိုင်းတာကို သူ လုပ်ပေးနိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်''

ဥယျာဉ်ဆောင်တွင် အဓိပတိကြီး၏ စာကြည့်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း နှစ်ခန်းနှင့် ရေချိုးခန်းတို့ ရှိသည်။ ယင်းနှင့် ကပ်လျက်တွင် မြေပုံခန်း ရှိသည်။ ထိုင် ပီး အစည်းအဝေး ကျင်းပရန် ဖြစ်သည်။ အဆောင်၏ အဝင်ဝတွင် ဧည့်ခန်း ကဓ တစ်ခုရှိသည်။ ရစ်တာနှင့် ဟော့ဖာတို့သည် ယင်းအပြင် ဧည့်ခန်းတွင် စေ ဆိုင်းနေကြရသည်။

ဘိုးမန်းသည် လှေကား အောက်ခြေတွင် ရပ်လိုက်ပြီး ရက်တင်ဟူးဗားကို အမှောင်ထဲသို့ ဆွဲထားသည်။

''သူ့ကို ကြည့်ရတာ ခန့်တယ်၊ သူ ဝတ်ထားတဲ့ ယူနီဖောင်းနဲ့ လိုက် တယ်၊ ဟုတ်တယ် မဟုတ်လား၊ အာရယာန်လူမျိုးတွေထဲမှာ အချောဆုံး လူ တစ်ယောက်ပဲ၊ သူ့မျက်နှာပေါ်က အပြုံးကို သတိထားပြီး ကြည့်စမ်းပါ၊ သူ့ကို အများကြီး အားထားနိုင်တယ် ဝီလီ''

''ဟော… အဓိပတိကြီး လာနေပြီ''

ရက်တင်ဟူးဗားက ကတိုက်ကရိုက် ပြောလိုက်သည်။

ရစ်တာသည် ဟစ်တလာ လူငယ်လေးများ၏ အစွန်တွင် ရပ်နေသည်။ ထူးဆန်းသော အိပ်မက်များ တကယ် ဖြစ်ပျက်နေသည်ဟု ထင်ရသည်။ မယုံကြည်နိုင်စရာများပင် ဖြစ်သည်။ သူ၏ လက်ယာဘက်ရှိ ကောင်ကလေးများကိုပင် ကြည့်ပါ။ ဆယ့်နှစ်ယောက်၊ ဆယ့်သုံးယောက် ရှိသည်။ သူ့ရသတ္တိအတွက် ဘွဲ့ ချီးမြှင့်မည့် သူ့ဘေးရှိ ကောင်ကလေး၊ သူ့ခေါင်းတွင် ပတ်တီး ပတ်ထား သည်။ လူကြီးဆောင်း သံခမောက် လေးလေးကြီးကို ဆောင်းထားသည်။ သွေး



... တစိမ့်စိမ့် စီးကျနေသည်။ ကောင်ကလေးသည် မကြာခဏဆိုသလို ... ...ကို ပြောင်းပြီး ရပ်သည်။ သူ့ကိုယ်သူ လဲကျမသွားရန် ကာကွယ်နေခြင်း ...သည်။

''ပခုံးကို ဆန့်ထား၊ သိပ်မကြာတော့ပါဘူး''

ရစ်တာက တိုးညင်းစွာ ပြောလိုက်သည်။

ထိုစဉ်မှာပင် တံခါး ပွင့်လာသည်။ ဟစ်တလာ ထွက်လာသည်။ ...တ်ဂီလိန်၊ ဂျိုဒယ်၊ ဘီတယ်နှင့် ကရပ်တို့ ခြံရံလျက် ဖြစ်သည်။ ကရပ်သည် ...သနာပတိချုပ်အသစ် ဖြစ်သည်။

ရစ်တာသည် အဓိပတိကြီးကို အကြိမ်များစွာ တွေ့မြင်ဖူးခဲ့သည်။ ...ရင်ဘတ်တွင် မိန့်ခွန်းပြောကြားစဉ်က လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်က ...ရီတွင် လည်းကောင်း၊ ၁၉၄၂ ခုနှစ်က အရှေ့ဘက် စစ်မျက်နှာသို့ လာရောက် ...ဉ်က လည်းကောင်း ဖြစ်သည်။ သူ မြင်ဖူးခဲ့သော ဟစ်တလာသည် ဆွဲဆောင် ...င်စွမ်း ရှိသော ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်သည်။

သို့သော် ယခု မြင်တွေ့နေရသော ဟစ်တလာသည်ကား ယခင်ကနှင့် ...အားလုံးချောသည်။ ခါးကိုင်းနေသော အဘိုးကြီးတစ်ယောက် ဖြစ်သည်။ လူမမာ ...း တစ်ယောက် ဖြစ်သည်။ ဂျက်ကက်အင်္ကျီကြီးက အဆမတန် ပွယောင်း ...က် ရှိသည်။ တစ်ကိုယ်လုံး ဖြူဖွေးနေသည်။ ပါးနှစ်ဖက် ချိုင့်ဝင်နေသည်။ ...က်လုံးများ မှေးမှိန်လျက် ရှိသည်။ ဂျိုဒယ် ကိုင်ထားသော သေတ္တာပေါ်မှ ...ရဲကောင်း ဘွဲ့တံဆိပ်ကို သူ လှမ်းယူလိုက်တအခါ သူ့လက်များ တဆတ်ဆတ် ...န်နေသည်ကို တွေ့ရသည်။

စီတန်းနေသူများအတိုင်း တရွေ့ရွေ့ သူ လျှောက်လာသည်။ တစ်ခွန်းစ ...ခွန်းစ ဆိုသလို အားပေးစကား ပြောသည်။ ရံခါတွင် လူငယ်ကလေးများ၏ ...းပြင်ကို တို့ပုတ်သည်။ သည်လိုနှင့် ရစ်တာနှင့် ဟော့ဖာတို့ထံ ရောက်ရှိလာ ...သည်။

ဖက်ဂီလိန်က-

''ဗိုလ်မှူးကာရစ်တာနဲ့ တပ်ကြပ်ကြီး အားရစ်ဟော့ဖာ၊ အမှတ် ၅၀၂ ...င့်ကားတပ်ရင်း၊ ဧပြီလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်တက်အချိန်မှာ…''

အဓိပတိကြီးက လက်တစ်ဖက်ဖြင့် ခုတ်ချဟန်ပြုကာ တားလိုက်သည်။

သူ့မျက်လုံးများ ရုတ်တရက် တောက်လာသည်။ သူက စိတ်မရှည်ဟန် ...း ဂျိုဒယ်၏ လက်မှ ဘွဲ့တံဆိပ်ကို ဆွဲယူလိုက်သည်။ ရစ်တာသည် သူ့ကိုယ် ...င် ဖြည်းညင်းစွာ ထိခတ်မှုများ ရှိသည်ကို သတိပြုရင်း ရှေ့သို့ ငေးစိုက်ပြီး ...ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်လုံးများကို စူးစိုက်ပြီး ကြည့်သည်။

"ဂျာမနီနိုင်ငံသားများကိုယ်စား အဓိပတိကြီးက သင့်အား ကျေးဇူးတင်ရှိတယ်"

ထို့နောက် ဟစ်တလာသည် တစ်ဖက်သို့ လှည့်ကာ-

"ဒီအရာရှိရဲ့ အောင်မြင်မှုကို လူကြီးမင်းတို့ သိကြတယ် မဟုတ်လား တင့်ကား သုံးစီးတည်းနဲ့ ဗြိတိသျှ အမှတ် ၇ သံချပ်ကာတပ်မရဲ့ စစ်ကြောင်းတစ်ခုလုံးကို သုတ်သင်ပစ်လိုက်တယ်၊ သံချပ်ကာကား အစီး ၃၀ မီးလောင်ကျွမ်းသွားတယ်၊ ကဲ တွေ့တယ် မဟုတ်လား၊ ဒါနဲ့တောင် ဒီစစ်ပွဲကို ကျုပ်တို့ မနိုင်နိုင်ဘူးလို့ ခင်ဗျားတို့ ပြောကြသေးသလား၊ လူတစ်ယောက်အနေနဲ့ ဒါ့လောက် စွမ်းဆောင်နိုင်တယ် ဆိုရင် သူ့လိုလူမျိုး ၅၀ ဆိုရင် ဘယ်လောက် စွမ်းဆောင်နိုင်မလဲ"

သူတို့အားလုံး ခိုးလိုးခုလု ဖြစ်နေကြသည်။

ကရက်က-

"အဓိပတိကြီးရဲ့ ခေါင်းဆောင်မှုအရဆိုရင် ဘာမဆို ဖြစ်နိုင်ပါတယ်"

ဘိုးမန်းက ရက်တင်ဟူးဗားကို လေသံဖြင့်-

"ဂိုဘဲ ရေးပေးတဲ့ စာကြောင်း ဖြစ်ရမယ်၊ ဒီမယ် ဝီလီ၊ ကျုပ်ငေ အများကြီး သဘောကျတယ်၊ သူ့ကို ကြည့်ရတာ သေမင်းနဲ့ တူတယ်၊ အသ က ဖြူဖြူ၊ ယူနီဖောင်းက နက်နက်နဲ့ ကျုပ်တို့ကို အပြင်ဘက်မှာ ဘာ စောင့်နေတယ်ဆိုတာ ချက်ချင်း သတိရစရာပဲ၊ အမေရိကန်စာရေးဆရာ ပိုး ရေးတဲ့ သေမင်းနီရဲ့ ဇာတ်လမ်း ဆိုတာ ဖတ်ဖူးသလား"

"ကျွန်တော် မဖတ်ဖူးပါဘူး ခင်ဗျာ"

"ဖတ်ဖူးဖို့ ကောင်းတယ် ဝီလီ၊ အမှန်တရားကို ကြာရှည်ဖုံးကွယ်ထားလို့ မရနိုင်ဘူးဆိုတဲ့ ဇာတ်လမ်းပဲ"

ရဲဘော်လေးတစ်ယောက် လေကားမှ ဆင်းလာသည်။ ဘိုးမန်းနှင့် ရက်တင်ဟူးဗားတို့ ဖြတ်ကျော်သွားပြီး ဘွဲ့နှင်းသဘင်ခန်း အပြင်ဘက်တွင် တံဆိုင်းလျက်ရှိသည်။ ကရက်သည် ရဲဘော်လေးကို သတိပြုမိသဖြင့် တစ်ဖက်သို့ တိုးရွေ့ကာ လက်ကို ဆန့်တန်းလိုက်သည်။ ကရက်သည် ရဲဘော်လေးက သူ့လက်ထဲသို့ ကြေးနန်းစာကို ထည့်လိုက်သည်။ ကရက်က ကြေးနန်းစာကို လျင်မြန်စွာ ဖတ်ရှုသည်။

ဟစ်တလာက စိတ်ဝင်စားစွာဖြင့်-

"ဝင့်ဆီက သတင်းလား"

ဗိုလ်ချုပ်ကြီး ဝင့် ဦးစီးသော အမှတ် ၁၂ တပ်မတော်သည် တစ်ချိန်ထုတ် တစ်ချိန်တွင် ရန်သူများကို ထိုးဖောက်ပြီး ဘာလင်မြို့ကြီးကို ကယ်တင်နိုင်လိမ့်မည်ဟု သူ မျှော်လင့်နေဆဲ ဖြစ်သည်။

ကရက် တုံ့ဆိုင်းလျက် ရှိရာ ဟစ်တလာက-

"ဖတ်စမ်းပါ ကိုယ့်လူ၊ ဖတ်စမ်းပါ"

ကရက်က တံတွေးမျိုချလိုက်ပြီးနောက်-

"ဝင့်နဲ့ အမှတ် ၉ တပ်မတော် ပေါင်းမိဖို့ မဖြစ်နိုင်ဘူး၊ နောက်ထပ် ညွှန်ကြားချက်ကို စောင့်ဆိုင်းနေသည်"

အဓိပတိကြီး ဒေါသအိုး ပေါက်ကွဲသည်။

"တနင်္ဂနွေနေ့ကအတိုင်းပဲ၊ ဘာထူးသလဲ၊ ဗိုလ်ချုပ်စတိန်နားကို အမှတ် … တပ်မတော်ကိုလည်း ပေးထားတယ်၊ အဲဒီဒေသမှာ ရှိသမျှ တပ်တွေကို …ပေးထားတယ်၊ တိုက်ဖို့ အမိန့်လည်း ပေးထားတယ်၊ အဲဒါ ဘာဖြစ်လာသလဲ"

အမှန်က အမှတ် ၁၁ တပ်မတော် ဆိုသည်မှာ စာရွက်ပေါ်မှာသာ ရှိသည်။ လူတစ်ယောက်၏ စိတ်ကူးထဲမှာသာ ရှိသည်။ သို့သော် သည်အချက်ကို သူ့အား မည်သူကမျှ မပြောရဲပါချေ။

"လက်စသတ်တော့ ကျုပ်တပ်တွေက ကျုပ်ကို ဆွဲချနေတာပဲ၊ ဟုတ်တယ် မဟုတ်လား လူကြီးမင်းတို့"

သူ အရူးပမာ ဖြစ်လာသည်။

"ကျုပ်မှာ သစ္စာဖောက်တွေနဲ့ ဆက်ဆံရမယ့် နည်းလမ်း ရှိတယ်။ …လိုင် လုပ်ကြံမှုကို မှတ်မိကြတယ် မဟုတ်လား၊ သစ္စာဖောက်တွေကို ဘယ်လို …ရှင်းလိုက်တယ်ဆိုတဲ့ ရုပ်ရှင်ကို ခင်ဗျားတို့ ကြည့်ကြရတယ် မဟုတ်လား"

ထို့နောက် သူသည် မြေပုံခန်းအတွင်းသို့ ဝင်သွားသည်။ ဂျိုဒယ်၊ ဘီတယ်နှင့် ကရက်တို့ နောက်မှ လိုက်ပါသွားကြသည်။ တံခါး ပိတ်သွားသည်။ ဖက်ဂီလိန်က အိပ်မက်ထဲက လူတစ်ယောက်ပမာ ရဲဘော်တစ်ယောက်ကို အချက်ပြလိုက်သည်။ ထိုရဲဘော်က ကလေးများကို ခေါ်ဆောင်သွားသည်။

အတန်ကြာ တိတ်ဆိတ်နေသည်။

"ကျွန်တော်တို့ ဘာလုပ်ရမလဲ ဗိုလ်ချုပ်ကြီး"

အတန်ကြာမှ ရစ်တာက မေးလိုက်သည်။

ဖက်ဂီလိန် လန့်သွားသည်။

"ဗိုလ်မှူး ဘာပြောတယ်"

"ကျွန်တော်တို့ အခု ဘာလုပ်ရမလဲ"

"အို… ကင်တင်းကို သွားပါ၊ အဲဒီမှာ စားဖွယ်သောက်ဖွယ်တွေ စီစဉ်ထားတယ်၊ အေးအေးဆေးဆေး စားသောက်ပြီး အနားယူကြပါ"

www.burmeseclassic.com

www.burmeseclassic.com

သူ ကြိုးစားပြီး ပြုံးသည်။ ရစ်တာ၏ ပခုံးကို ပုတ်လျက်-

"လောလောဆယ်တော့ စိတ်အေးလက်အေးသာ နေပါ ဗိုလ်မှူး၊ ဗိုလ် ... ကို မကြာခင်မှာ ဘျူပ် အခေါ်ခိုင်းလိုက်မယ်၊ နောက်ထပ် အောင်ပွဲသစ် ... ဆင်နွှဲရမှာပေါ့"

သူက ရဲဘော်ရဲတစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ ထိုရဲဘော် ... က သူတို့ကို ခေါ်ဆောင်သွားသည်။ သူတို့ လှေကားမှ တက်သွားကြသည် ... လှေကားရင်းတွင် ဘိုးမန်းနှင့်ရက်တင်ဟူးဗားတို့ မရှိကြတော့။

လှေကားထိပ်သို့ ရောက်သောအခါ ရစ်တာက လေသံ တိုးတိုးဖြင့် ...

"အားရစ်ရေ... ဘယ်လို သဘောရသလဲ၊ ကလေးလေးတွေနဲ့ အဘိုးကြီး ... တွေကို အရူးကြီးတစ်ယောက် ခေါင်းဆောင်နေတယ်၊ အင်း... ကိုယ်တို့တော့ ... အကြွေးဆပ်ကြရတော့မယ်၊ ကိုယ်တို့ အားလုံးပဲပေါ့"

ဖက်ဂီလိန်သည် သူ့အခန်းသို့ ပြန်လည် ရောက်ရှိသောအခါ တံခါးကို ပိတ် လိုက် ... ပြီး စားပွဲ၏ နောက်ဘက်ရှိ ကုလားထိုင်တွင် ထိုင်သည်။ ဗီရိုတစ်ခုကို ဖွင့် ... ပြီး ဘရန်ဒီပုလင်း တစ်လုံးကို ထုတ်ယူသည်။ ပုလင်းဖုံးကို ဖွင့်ကာ ဘ ... အတော်များများ မော့ချလိုက်သည် သူသည် ထိတ်လန့်ကြောက်ရွံ့သူ ဝ ... ဖြစ်ခဲ့သည်မှာ ကြာပြီ။ ယခုမူ နောက်ဆုံးအဆင့်သို့ ရောက်ရှိချေပြီ။

သူသည် နာဇီပါတီအတွင်း ထိပ်တန်းသို့ ရောက်ရှိခဲ့သော အခြား ... ခေါင်းဆောင်များနည်းတူပင် ဖြစ်သည်။ သူ့တွင် သမိုင်းနောက်ခံ ဘာမျှ မရှိပါ ... ပညာအရည်အချင်း ဘာမျှ မရှိပါ။ သူသည် တစ်ချိန်က ဂျော်ကီတစ်ဦး ဖြစ်သည် ... နာဇီတပ်မတော်အတွင်းသို့ စစ်သားလေးဘဝမှ စတင် ဝင်ရောက်ခဲ့သူ။ အဓိပတိ ... ကြီး ဌာနချုပ်တွင် ဟင်းမလား၏ ကိုယ်ရံတော်အဖြစ် ခန့်အပ်ခြင်း ခံရသည် ... စပြီး သူ၏ တက်လမ်း စတင်ခဲ့သည်။ အီဗာဘရန်း၏ ညီမ ဂရီတယ်ကို သူ ... လက်ထပ်ခဲ့ပြီး အထက်သို့ တက်လှမ်းခဲ့သည်။

ယခုမူ ဟင်းမလားလည်း မရှိတော့။ သူကြမ္မာကို သူ ဖန်တီးရမည့် ... အချိန် ဆိုက်ရောက်နေချေပြီ။ သူက နောက်ထပ် ဘရန်ဒီတစ်ကျိုက် မော့လိုက် ... သည်။ ထို့နောက် ထိုင်ရာမှ ထပြီး ဦးထုပ်ကို ယူကာ အခန်းထဲမှ ထွက်သွား ... သည်။

... နေသည့် ၇ နာရီအချိန်ခန့်လောက်တွင် စားသောက်ခန်းအတွင်း၌ ရစ်တာနှင့် ... ဘော့ဟာတို့ ပုလင်းတစ်လုံးနှင့် အေးဆေးစွာ စကားပြောနေကြစဉ် ရုတ်တရက် ... သလို ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်လာသည်။ အပြင်ဘက် စင်္ကြံဆီမှ အော်ဟစ်သံ ... ၊ ရယ်မောသံများ ကြားရပြီးနောက် ဝုန်းခနဲ တံခါးပွင့်ကာ အခန်းတွင်းသို့ ... ရာရှိကလေး နှစ်ယောက် ပြေးဝင်လာကြသည်။

ရစ်တာက အရာရှိတစ်ယောက်ကို ဖမ်းဆွဲထားလိုက်ပြီး-

"ဟေ့... ဘာဖြစ်တာလဲ"

"လေတပ်ဗိုလ်ချုပ် ရစ်တာဗွန်ဂရိမ်နဲ့ လေသူရဲ ဟန်နာရိုက်တို့ မြူးနစ် ... နေပြီး လေယာဉ်ပျံနဲ့ ရောက်လာတယ်၊ သူတို့ ဂါးတော့မှာ ဆင်းတယ်၊ ... ဒီကနေ ဖိုင်ဆီလာစတော့ လေယာဉ်ကလေးနဲ့ ဒီကို ဆက်ပြီး ပျံလာကြတယ်"

တခြား အရာရှိကလေးက ဆက်ပြီး-

"လေယာဉ်ပျံကို ဗိုလ်ချုပ်ကြီးကိုယ်တိုင် မောင်းတယ်၊ သူ့ကို ကျည်ဆန် ... သွားတော့ ရိုက်က ဆက်ပြီး မောင်းတယ်။ အလျင် ဒါဘာဂျာက လမ်းတစ်ခု ... မှာ ဆင်းတယ်၊ ဘယ်လောက် တော်တဲ့ မိန်းမလဲ"

အရာရှိနှစ်ဦး ထွက်သွားကြသည်။

"သူ့ရဲကောင်းတွေရဲ့ နေ့ပဲ"

အသံတစ်သံ ထွက်ပေါ်လာသည်။ ရစ်တာ မော့ကြည့်လိုက်သောအခါ ... တံခါးအနီးတွင် ရပ်နေသော ဘိုးမန်းကို တွေ့မြင်ရသည်။

"ဌာနချုပ်မှူးကြီး"

ရစ်တာက ရပ်သည်။ သို့သော် ဘိုးမန်းက သူ့ကို ဖိထားပြီး-

"အင်း... ပြောစမှတ်ပြုလောက်ပါပေတယ်၊ သူတို့ မပြောဘဲ ချန်ထား ... တစ်ခုပဲ ရှိတယ်၊ အဲဒါကတော့ မြူးနစ်ကနေပြီး တိုက်လေယာဉ်တွေ ... လာတယ်ဆိုတဲ့ အချက်ပဲ၊ လေယာဉ်အစင်း ၄၀ ကျော် ပစ်ချခံရတယ်၊ တစ်ဖက် ... ကြည့်တော့ ဗိုလ်ချုပ်ကြီး ဗွန်ဂရိမ် ဒီကို ရောက်လာတာက အဓိကပဲ၊ ... ပတိကြီးက သူ့ကို ဗိုလ်ချုပ်ရာထူးနဲ့ လေတပ်ဦးစီးချုပ် ခန့်ဖို့ အစီအစဉ် ရှိ ... ယ်၊ ဒါကို သူကိုယ်တိုင် ပြောချင်တယ်၊ ကြေးနန်းနဲ့ အကြောင်းကြားတာက ... ပြီး မလေးနက်ဘူးဆိုတဲ့ သဘောပဲပေါ့"

ဘိုးမန်း ထွက်ချက်သည်။ ဟော့ဖာက-

"အစင်း ၄၀ ကျော် ကျတယ် ဟုတ်လား၊ ဘုရား... ဘုရား ... ယ်လိုကြောင့်များလဲ"

"တယ်လီဖုန်းနဲ့ ပြောလို့ရတဲ့ ကိစ္စကို လူကိုယ်တိုင် ပြောချင်တဲ့အတွက် ... ကိုယ်တို့ အဓိပတိကြီးဟာ အံ့ဩစရာ မကောင်းဘူးလား အားရစ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘုရား… ဘုရား… ဗိုလ်မှူး ဒီလိုမျိုး မပြောပါနဲ့၊ ဗိုလ်မှူးကို သူ
ဆွဲထုတ်သွားပြီး ကြိုးပေးလိမ့်မည်၊ ကျွန်တော့်ကိုရောပေါ့"

ဟော့ဖာက ပါးစပ်တွင် လက်ညှိုးထောင် ပိတ်ရင်း ထိတ်လန့်စွာ ပြောလိုက်သည်။

ဘိုးမန်း သူ့ရုံးခန်းသို့ ပြန်လည်ရောက်ရှိသောအခါ သူ့အား ရက်တင်ဟူးဗားက စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရသည်။

"ဗိုလ်ချုပ်ကြီး ဖက်ဂီလိန်ကို တွေ့သလား"

ဘိုးမန်းက မေးလိုက်သည်။

"သူ ဒီက ထွက်သွားတာ ၅ နာရီ ရှိသွားပြီ၊ ကျွန်တော် ရတဲ့ သတင်းအရဆိုရင် သူဟာ အခုအချိန်မှာ ရှာလော့တန်ဘတ်က အိမ်မှာ အရပ်ဝတ် အရပ်စားတွေ လဲဝတ်နေတယ်"

ရက်တင်ဟူးဗားက သူ၏ မှတ်စုများကို ကြည့်ရင်း ပြောသည်။

ဘိုးမန်း ခေါင်းညိတ်လိုက်ပြီး-

"အင်မတန် စိတ်ဝင်စားစရာ ကောင်းတာပဲ"

"အဓိပတိကြီးဆီကို သတင်းပို့ရမလား"

"မပို့ပါနဲ့ ဝီလီ၊ ဘူးလေးရာ ဖရုံမဆင့်နဲ့လို့ ဆိုရိုးစကား ရှိတယ် မဟုတ်လား၊ ကနေ့ည အစည်းအဝေးကျ ဖက်ဂီလိန် ဘယ်မှာလဲလို့ ကျုပ် မေးမယ်၊ အဲဒီတော့မှပဲ သူ သိပါစေတော့။ ဒီမှာ ဝီလီ၊ လောလောဆယ်မှာ သိပ်အရေးကြီးတာတစ်ခု ဆွေးနွေးစရာ ရှိတယ်၊ ထင်ရှားကျော်ကြားတဲ့ အကျဉ်းသားတွေ ကိစ္စပဲ၊ ကျုပ် ပြောတဲ့ ဖိုင်တွေ ရှာထားပလား"

"ရှာထားပြီးပါပြီ ခင်ဗျာ"

ရက်တင်ဟူးဗားက ဖိုင်များကို စားပွဲပေါ်တွင် တင်လိုက်သည်။

"ပြဿနာတစ်ခု ရှိနေတယ်၊ အဓိပတိကြီးက သူတို့ကို ဘယ်လိုလုပ် ရမယ် ဆိုတာ စိတ်ကူး ရှိနေတယ်၊ သူ့ဆီကို စစ်သုံ့ပန်း ဌာနမှူးကြီး ဘာဂျာ လာသွားတယ်၊ ဘာဂျာက ထင်ရှားတဲ့ အင်္ဂလိပ်၊ အမေရိကန်နဲ့ ပြင်သစ် အကျဉ်းသားတွေအကြောင်း ပြောသွားတယ်၊ နောက်ပြီးတော့ ဩစတြီးယား သံအမတ်ကြီးအကြောင်းလည်း ပြောသွားတယ်၊ အဓိပတိကြီးက သူတို့အားလုံးကို ပစ်သတ်ဖို့ ဘာဂျာကို ပြောလိုက်တယ်"

"ဘာမှ အကျိုးမရှိတဲ့ အလုပ်ပဲ"

ဘိုးမန်းက ဖိုင်တွေကို လက်နှင့်ခေါက်ရင်း-

"ဒါပေမဲ့ ကျုပ် စိတ်ဝင်စားတာက အောလဘာတ်က အကျဉ်းသားတွေပဲ"

"အော်လဘာတ်မှာ အကျဉ်းသားတွေ သိပ်မရှိတော့ဘူး၊ ပြောင်းကုန်ပြီ"

"ဘယ်နှယောက် ကျန်သေးသလဲ"

"၅ ယောက်ပဲ ကျန်တော့တယ်၊ ယောကျ်ား ၃ ယောက်၊ မိန်းမ ၂ ယောက်"

"ကောင်းတယ်၊ အင်မတန်ကောင်းတဲ့ 'မ'ဂဏန်းပဲ၊ အမျိုးသမီးတွေအကြောင်း ပြောစမ်းပါ"

"မဒမ်ကလဲယာဒီဘိုဗီး၊ အသက် ၃၀၊ လူမျိုး ပြင်သစ်၊ သူ့အမေက ညီသွတ်ဘူးသူဌေး၊ အင်တင်နီဒီဘိုဗီးနဲ့ လက်ထပ်တယ်၊ ဆွေကြီးမျိုးကြီးပဲ၊ သူတို့ကို ကြည့်ရတာ အစိုးရသစ်ကို လိုလားထောက်ခံတဲ့ ပုံမျိုးပဲ၊ ဒါပေမဲ့ ဆက်ဆယ်တမ်းကျတော့ သူ့ယောကျ်ားက ပြင်သစ် မြေအောက် တော်လှန်ရေးသမားတွေနဲ့ ပေါင်းတယ်၊ သူ့ကို ဖွန်လထဲမှာ သတင်းအရ ဖမ်းမိတယ်၊ ထွက်ပြေးဖို့ ကြိုးစားတဲ့အတွက် ပစ်သတ်လိုက်ရတယ်"

"အင်း… ပြင်သစ်တွေဟာ ပြောလောက်ပါပေတယ်"

"အမျိုးသမီးကိုလည်း မြေအောက်လုပ်ငန်းမှာ ပါတယ်လို့ ယူဆရတယ်၊ သူ့တို့အိမ်က ရေဒီယိုတစ်လုံး မိတယ်၊ အမျိုးသမီးကတော့ သူ ဘာမှ မသိဘူးလို့ ပြောတယ်၊ ဒါပေမဲ့ ထောက်လှမ်းရေးကတော့ သူဟာ 'စန္ဒရားဆရာ' တစ်ယောက်ပဲလို့ ယူဆတယ်"

ဝီလီက 'စန္ဒရားဆရာ' ဟူသော စကားလုံးကို နားမလည်ဟန်ဖြင့် မော့ကြည့်သည်။ ဘိုးမန်း ပြုံးသည်။

"အင်္ဂလိပ်ကျောင်းသားလေးတွေ သုံးတဲ့ စကားပဲ၊ ရေဒီယို အော်ပရေတာကို သုံးတဲ့ စကားလုံးပဲ"

"ကျွန်တော် သိပြီ" ရက်တင်ဟူးဗား ဖိုင်ကို ပြန်ကြည့်လျက်-

"ပြင်သစ် ဆွေကြီးမျိုးကြီးတွေ အားလုံးလောက်နဲ့ ဆွေမျိုး တော်တယ်"

"အင်း… ဒါကြောင့် သူ့ကို အော်လဘာတ် မှာထားတာပဲပေါ့၊ နောက်တစ်ယောက် ပြောပါဦး"

"မဒမ် ကလော်ဒင်း ရှီဗာလီယာ"

"စန္ဒရား ဆရာမ"

"ဟုတ်ပါတယ်"

"အသက် ၇၀ လောက် ရှိရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''၇၅ နှစ်ပါ''

''၁၉၄၀ တုန်းက အိမ်ပေါ်ကြီးက အထူး ဖိတ်ကြားလို့ သူ ဘာလင် လာပြီး စန္ဒရားတီးတယ်၊ အဲဒီတုန်းက သူ ပါရီမှာ တော်တော်ကလေး နာမ ပျက်လိုက်သေးတယ်''

''အမှန်တော့ အဲဒါက သူလုပ်ငန်းတွေကို အကာအကွယ် လုပ်တာ ဂျူးတွေကို လွတ်အောင် လုပ်ပေးတဲ့ ထိပ်သီးပုဂ္ဂိုလ်တွေထဲမှာ သူတစ်ယော အပါအဝင်ပဲ''

''တကယ် သတ္တိကောင်းတဲ့ အဘွားကြီးပဲ''

''နောက်တစ်ယောက်ကတော့ ပေါဂီလတ်ပါ''

''ဝန်ကြီးဟောင်း''

''ဟုတ်ပါတယ် ခင်ဗျာ၊ အသက် ၆၀၊ တစ်ချိန်က ဆရာဝန်ကြီး စာရေးဆရာကြီး တစ်ယောက်အဖြစ်နဲ့လည်း ကမ္ဘာမှာ ကျော်ကြားတယ်၊ စစ်မဖြ ခင်က နိုင်ငံရေးနယ်ထဲ ဝင်တယ်၊ ဗီရှီ အစိုးရအဖွဲ့ထဲမှာ ပြည်ထဲရေးဝန်ကြီး ဖြစ်တယ်၊ သူ့လက်ထက်မှာ နိုင်ငံရေးသမားတွေကို လွှတ်ပစ်ခဲ့တယ်၊ ဂေါ အဆက်အသွယ် ရှိတယ်လို့ ထင်ရတယ်၊ ပြင်သစ် သုခမိန်အဖွဲ့ဝင်''

''နောက် ဘာရှိသေးလဲ''

''၁၉၁၅ ခုနှစ်မှာ ပြင်သစ် တပ်မတော်ကို ရိုးရိုး စစ်သား ဝင်တယ်၊ အဲဒီခေတ်က အစိုးရကို ဆန့်ကျင် ဆန္ဒပြတဲ့ သဘောပဲ၊ ပိုင်းမှာ ကွန်မြူနစ်ပါတီ ဝင်တယ်၊ ဒါပေမဲ့ ၁၉၂၇ ခုနှစ်မှာ ရုရှက အပြမ်း ကွန်မြူနစ်ဝါဒကို စွန့်လွှတ်တယ်''

''သူ့အားနည်းချက်က ဘာလဲ''

''အားနည်းချက်... ဟုတ်လား''

''ဟုတ်တယ်လေ၊ ကျုပ်တို့ အားလုံးမှာ အားနည်းချက် တစ်ခုခုတော့ ရှိတတ်ကြတာပဲ၊ တချို့လူတွေက မိန်းမ လိုက်စားတယ်၊ တချို့က ညလုံးပေါက် ဖဲရိုက်တယ်၊ တချို့က အရက်သောက်တယ်၊ ဂီလဘ်မှာ ဘာရှိသလဲ''

''မရှိပါဘူး ခင်ဗျား၊ ထောက်လှမ်းရေးသတင်းမှာ အားလုံး ရှင်း ပါတယ်၊ သူနဲ့ ပတ်သက်လို့ ထူးခြားချက် တစ်ခုပဲ ရှိပါတယ်''

''ဘာလဲ''

''စကိတ်စီးတာ သိပ်ဝါသနာပါတယ်၊ ၁၉၂၄ ခုနှစ်က ပထမအကြိမ် ကျင်းပတဲ့ အိုလံပစ်မှာ သူ ရွှေတံဆိပ် ရတယ်၊ အဲဒီအချိန်တုန်းက သူ အသ ၃၉ နှစ် ရှိပြီ၊ အံ့သြစရာကောင်းတဲ့ အောင်မြင်မှုတစ်ခုပဲ''

''စိတ်ဝင်စားစရာပဲ၊ ကဲ အင်္ဂလိပ်ကြီးအကြောင်း ပြောပါဦး''



''အင်္ဂလိပ်ကြီးဆိုတာ သိပ်မမှန်ပါဘူး၊ ဂျပ်စတင် ဖစ်ဂရယ် အား နှရသ မမြောက် ဒွန်ဒရမ်မြို့စားကြီး၊ အိုင်းရစ်ဘွဲ့ပဲ၊ သူက အိုင်ယာလန်မှာ မွေးတာ၊ နောက်ပြီးတော့ သူက ဒသမမြောက် ဖီတာရှန်မြို့စားကြီး၊ အဲဒါကတော့ အင်္ဂလိပ်ဘွဲ့ပဲ၊ ယောက်ရှိုင်ယားနယ်နဲ့ ဆိုင်တယ်''

''အင်္ဂလိပ်တွေနဲ့ အိုင်းရစ်တွေက တစ်ယောက်နဲ့ တစ်ယောက် ဒါလောက် အဖွဲ့မကြီးကြပါဘူး၊ စစ်ကြီး ဖြစ်လာတဲ့အခါကျတော့ အင်္ဂလိပ်စစ်တပ် ထဲကို အိုင်းရစ်တွေက အမြောက်အမြား ဝင်ကြတာပဲ''

''ဟုတ်ပါတယ် ခင်ဗျား၊ လော့ဒ်ဒွန်ဒရယ်ရဲ့ ဦးလေးဟာ ပထမ ကမ္ဘာစစ်တုန်းက ကြည်းတပ်မှာ ဗိုလ်မှူးတစ်ယောက်ပဲ၊ ဘွဲ့တံဆိပ်တွေ အများကြီး ရတယ်၊ ဒါပေမဲ့ စစ်ကြီးပြီးတဲ့အခါကျတော့ အိုင်ယာလန် အမျိုးသား တပ်မတော်ကို ဝင်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တယ်''

''မြို့စားကြီးအကြောင်း ပြောစမ်းပါဦး၊ သူ့မှာ ဘာမှတ်တမ်း ရှိသလဲ''

''အသက် ၃၀၊ ဒီအက်စ်အို၊ သူ့ရဲ့ကောင်းဘွဲ့ရ၊ စစ်ဖြစ်ခါစက အိုင်းရစ် မြို့တော်တပ်မှာ ဗိုလ်ကလေး၊ နောက် နှစ်နှစ်ကြာတော့ အထူးလေတပ်မှာ ဒုတိယ ဗိုလ်မှူးကြီး၊ ရွှန်းမဲ့ရဲ့ ဒေသမှာ လေယာဉ်အစင်း ၁၃၀ ကို ဖျက်ဆီးခဲ့တယ်၊ သူ့ကို စစ္စလီမှာ ဖမ်းမိတယ်၊ ငါးကြိမ်တိတိ ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်၊ နောက်ဆုံးမှာ သူ့ကို ထင်ရှားတဲ့ စစ်သုံ့ပန်းတစ်ယောက်အနေနဲ့ အာလဘတ်ကို ပို့ခဲ့ကြတာပဲ''

''အင်း... အဲဒါကတော့ မြို့စားကြီး ဒွန်ဒရမ်နဲ့ ပတ်သက်လို့ အရေးအကြီးဆုံး အချက်ပဲ''

''ဟုတ်ပါတယ် ခင်ဗျား၊ နောက်ပြီးတော့ မြို့စားကြီးဟာ ဂျော့ဘုရင်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲ တော်ပါတယ်''

''အင်း၊ အဲဒါက သူ့ကို တကယ် ထင်ရှားစေတာပဲ၊ ကဲ နောက်ဆုံး ကျန်နေတဲ့ လူအကြောင်း ပြောပါဦး၊ ကျုပ်တို့ရဲ့ အမေရိကန် မိတ်ဆွေကြီး အကြောင်းပေါ့''

''ဗိုလ်မှူးချုပ် ဟင်မီလတန်ကင်းနင်း၊ အသက် ၄၅ နှစ်''

''ကျုပ်နဲ့ အတူတူပဲ''

ဘိုးမန်းက ပြောလိုက်သည်။

''မှန်ပါတယ် ခင်ဗျာ၊ ဌာနချုပ်မှူးကြီးက ဇွန်လ ၁၇ ရက်နေ့မှာ မွေးပါတယ်၊ ဗိုလ်မှူးချုပ်ကင်းနင်းက ဇူလိုင်လ ၂၇ ရက်နေ့မှာ မွေးပါတယ်၊ သူ ကတော့ အမေရိကန် လူမျိုးတွေရဲ့ ထုံးစံအတိုင်းပဲ၊ အမြဲတမ်း တစ်ခုခုဖြစ်ဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



''သူ့အကြောင်းကို ကျုပ် သိတယ်၊ ဒါပေမဲ့ ထပ်ပြောစမ်းပါဦး''

''ဟုတ်ကဲ့ ခင်ဗျာ၊ ၁၉၁၇ ခုနှစ်မှာ ပြင်သစ် နိုင်ငံခြားတပ်ဖွဲ့ကို သူ စစ်သားအဖြစ်နဲ့ ဝင်တယ်၊ နောက်နှစ်မှာ အမေရိကန်တပ်မတော်ကို ဒုဗိုလ် အဆင့်နဲ့ ပြောင်းတယ်၊ စစ်ကြီး နှစ်ခုကြားမှာ သူ သိပ်ပြီး အလုပ်မဖြစ်ဘူး၊ ပင်တဂွန်စစ်ဌာနချုပ်က သူ့ကို သဘောမကျဘူး၊ သူတို့ အလိုကျ လူတစ်ယောက် မဟုတ်ဘူး''

''တစ်မျိုး ပြောရရင်တော့ သူက သူတို့အတွက် တော်လွန်းနေတယ် စာတွေ သိပ်တတ်တယ်၊ ဘာသာစကားတွေ အများကြီး ပြောတယ်၊ ကျုပ်တို့ရဲ့ ဌာနချုပ်လိုပဲပေါ့၊ ကဲ ဆက်ပြောပါဦး''

''ဘာလင်မှာ စစ်သံမှူးအဖြစ် သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့တယ် ၁၉၃၄ ခုနှစ်ကနေ ၁၉၃၇ ခုနှစ်အထိ ရွှန်းမဲနှင့် အထူးသဖြင့် ရင်းနှီးတယ်''

''အဲဒီ သစ္စာဖောက်နဲ့လား''

''၁၉၃၉ ခုနှစ်မှာ ရှန်ဟဲမှာ သူ ရှိတယ်၊ ဂျပန်တွေကို တိုက်ရတယ် ၁၉၄၀ မှာ သူဟာ ဗိုလ်မှူးပဲ ရှိသေးတယ်၊ အဲဒီနောက် သူ ဖိလစ်ပိုင်၊ ရောက်တယ်၊ ဂျပန်တွေကို ပြောင်ပြောင်မြောက်မြောက် ခံတိုက်တယ်၊ သူ့ သေပြီလို့ အောက်မေ့ထားကြတုန်းမှာ ဩစတြေးလျကို သူ ရောက်လာတယ စာနယ်ဇင်းတွေက သူ့ကို သူရဲကောင်းအဖြစ် ချီးကျူး ရေးသားကြတယ်၊ သ ကို ရာထူးတိုးပေးတယ်၊ ပြီးတော့ သူ့ကို အင်္ဂလန် ပို့လိုက်တယ်၊ ဌာနချုပ်မှာ ထားတာပဲ၊ ဒါပေမဲ့ စစ်မြေပြင်ကို သူ ပြန်ရောက်တယ်''

''နောက်ကော...''

''ဒီနောက်ပိုင်းမှာ ပြင်သစ် မြေအောက်တပ်ဖွဲ့တွေနဲ့ ပေါင်းဖို့ ဒေါ်ဒေါ်နီ မှာ အင်္ဂလိပ်တပ်တွေနဲ့ အတူ လေထီးနဲ့ ဆင်းတယ်၊ မနှစ်က ဇူလိုင်လမှာ ကျွန်တော်တို့ လေထီးတပ်ဖွဲ့က သူ့ကို ဖမ်းမိတယ်၊ ရထားနဲ့ ဂျာမနီကို ခေါ်အလာ မှာ ခုန်ချပြီး ထွက်ပြေးလို့ ခြေထောက် ကျိုးသွားတယ်၊ ဆေးရုံကနေ တစ်ခါ ထွက်ပြေးဖို့ ကြိုးစားတယ်''

''နောက်ဆုံးကျတော့ အော်လဘတ်ကို ရောက်လာတာပဲပေါ့''

''ဟုတ်ပါတယ် ခင်ဗျား''

''အောလဘတ်မှာ ဘယ်သူ အုပ်ချုပ်နေသလဲ''

''ဒုဗိုလ်မှူးကြီး မက်ဟက်ဆာ၊ လီနင်ဂရက်မှာ သူရဲကောင်းဘွဲ့ ရ တယ်၊ ဘယ်ဘက်လက် ပြတ်သွားတယ်၊ ရေးစစ်သားကြီးပဲ''

''ကျုပ် သိတယ်၊ သူနဲ့အတူ ဘယ်သူတွေ ရှိသလဲ''

''သူ့မှာ လူ ၂၀ ပဲ ရှိတယ်၊ သူ့ဆီမှာ ရှိတဲ့ တိုက်ပွဲဝင်နိုင်တဲ့ လူ



တွေအားလုံးကို ပြီးခဲ့တဲ့ အပတ်ထဲက ခေါ်သွားပြီ၊ သူ့လက်အောက်က ဗိုလ်ရှု ၅ နှစ်၊ အရန် တပ်ကြပ်ကြီး ရှိနေဒါကတော့ လူကောင်းတစ်ယောက်ပဲ၊ သူရဲကောင်းဘွဲ့ ရတယ်၊ ဒါပေမဲ့ သူ့ခေါင်းမှာ ငွေပြား ပတ်ထားရတယ်၊ ကျန်တဲ့ လူတွေအားလုံးဟာ အရန်တွေနဲ့ အကျိုးတွေပဲ''

သူက နောက်ဆုံး ဖိုင်ကို ပိတ်လိုက်သည်။ ဘိုးမန်းက ကုလားထိုင် တွေ ကျောမှီလိုက်သည်။ သူတို့ အထက်ဘက်တွင် ရှုရှုတပ်များက အမြောက် များနှင့် ပစ်ခတ်နေသဖြင့် တိုးသိမ့်သိမ့် ရှိသည်မှာအပ ဘန်ကာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

''နားထောင်စမ်း၊ ပိုပြီး နီးလာတယ်လို့ မထင်ရဘူးလား၊ နောက်ဆုံး မှာ ဘာဖြစ်မယ်လို့ ထင်သလဲ''

ဘိုးမန်းက မေးလိုက်သည်။

''ခင်ဗျာ''

ရက်တင်ဟူးဗား ထိတ်လန့်သွားဟန်ဖြင့် မော့်ကြည့်သည်။

''လူတွေမှာ စိတ်ကူးတစ်ခုကတော့ ရှိကြတာပဲ၊ ဒါပေမဲ့ အဲဒီစိတ်ကူး တွေဟာ တစ်ခါ တစ်ခါမှာ အမှားအယွင်းတွေ ဖြစ်ကုန်တတ်ကြတယ် ဗိုလီ၊ မျှော်လင့်တဲ့ အချက်တစ်ခုကြောင့် အားလုံး ကပြောင်းကပြန် ဖြစ်ကုန်တတ် တယ်၊ ဒီလို အချိန်မျိုးမှာ အမေရိကန် စကားနဲ့ ပြောရင်တော့ လက်ထဲမှာ> အပိုင်တစ်ခု ရှိဖို့ လိုတယ်''

''ထင်ရှားတဲ့ အကျဉ်းသားတွေကို ပြောတာလား၊ သူတို့ဟာ တကယ် ပဲ အရေးပါသလား''

''အရေးပေါ်တဲ့ အချိန်မှာ ဈေးဆစ်နိုင်တာပေါ့၊ ဒါပဲပေါ့၊ ဒါထက်တော့ မပိုဘူးပေါ့၊ မဒမ်ရှီဗာလီယာနဲ့ ဂီလတ်တို့ဟာ နိုင်ငံကျော်တွေပဲ၊ မဒမ်ဒီဘိုဗီလီ က ဆွေကြီးမျိုးကြီးတွေနဲ့ ဆက်သွယ်တယ်၊ အင်္ဂလိပ်တွေက မှူးမတ်တွေကို ဘန်ဖိုးထားတယ်၊ အထူးသဖြင့် ဘုရင်နဲ့ အမျိုးတော်ရင်ပေါ့''

''ကင်းနင်းကျတော့ကော''

''အမေရိကန်တွေက သူတို့ရဲ့ သူရဲကောင်းတွေအပေါ်မှာ အင်မတန် အခွဲအလမ်း ကြီးတတ်တယ်''

ဘိုးမန်းသည် ရှေ့တူရူကို ငေးစိုက်ပြီး ကြည့်နေသည်။

ရက်တင်ဟူးဗားက-

''ဒါဖြင့် သူတို့ကို ကျွန်တော်တို့ ဘာလုပ်မလဲ၊ ဌာနချုပ်မှူးကြီးမှာ ဘယ်လို စိတ်ကူး ရှိသလဲ''

ဘိုးမန်း ပြုံးလျက်-

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စဉ်းစားမိတာ တစ်ခု ရှိတယ် ဗိုလီ၊ အဲဒီအပေါ်မှာ မောင်ရင် အများကြီး အားကိုးအားထား ပြုနိုင်တယ်"

■

- ၄ -

ာလင်မြို့၏ တောင်ဘက် မိုင် ၄၅၀နှင့် အင်းဘရပ်မြို့၏ အနောက်မြောက် ဘက် ၅၅ မိုင်အကွာ အင်းမြစ်ကမ်းပေါ်တွင် တည်ရှိသော ရှားလော့အောလဘတ် ဲကိုက်ကြီး၏ မြောက်ဘက် မျှော်စင်ထိပ်ဖျား ပြတင်းပေါက် သေးသေးငယ်ငယ် ာလေးမှ နေ၍ အောက်ဘက် ပေ ၈၀ တွင် ရှိသော အမှောင်နှင့် မည်းမည်း ျှာဉ်တွင်းသို့ ဒုဗိုလ်မှူးကြီး ဂျပ်စတင်ဘီအား ကုန်းငုံ့ပြီး ကြည့်လိုက်သည်။

သူ့လက်များက ကျစ်ထားသော ကြိုးတစ်ချောင်းကို စမ်းကိုင်မိသည်။ ါဂီလတ်က သူ၏ နောက်ဘက် အမှောင်တွင်းမှနေ၍-

"သူ ရောက်သွားပလား"

"မရောက်သေးဘူး"

ခေတ္တမျှအကြာတွင် ကြိုး လျော့သွားသည်။ အောက်ဘက်မှ ရုတ်တရက် ရောင် လက်သွားသည်။ ထို့နောက် စောစောကအတိုင်း ပြန်လည်မည်းမှောင် ားသည်။

ဘီအားက-

"ရောက်သွားပြီ၊ ကျွန်တော့်အလှည့်ပဲ၊ ဒီပြတင်းပေါက်ကလေးကို န်ရစ်ပေါ့"

သူသည် ခွေးခြေတစ်ခုပေါ်တွင် ရပ်နေရာမှ ဂီလတ်၏ ပခုံးပေါ်တွင် ောက်ခိုလိုက်သည်။ ထို့နောက် သူ့ခြေထောက်များကို ပြတင်းပေါက် အပြင်သို့ ုံးထုတ်သည်။ သူက ကြိုးများကို ဆုပ်ကိုင်လျက် ပြတင်းပေါက်၏ အပြင်ဘက် ွင် ခေတ္တမျှ နားနေသည်။

"ဘယ်လိုလဲ ပေါ၊ စိတ်မပြောင်းဘူးလား"

"ကြော် ဂျပ်စတင်ရယ်၊ ကျုပ် ဘယ်လိုလုပ်ပြီး ဆင်းနိုင်မှာလဲ တစ်ဝက် ောက် ရောက်ရင် လက်အံသေပြီး ပြုတ်ကျသွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ၊ ဦး ဘာလုပ်ရမယ် ဆိုတာတော့ သိတယ် မဟုတ်လား။ ကျွန်တော် အောက်ကို ရောက်သွားရင် အချက်ပြလိုက်မယ်၊ ကြိုးကို ဆွဲတင်ပြီး ကြမ်းပြင်အောက်မှာ ဝှက်ထားပါ၊ နောက်ပြီးတော့ ဒီနေရာကနေ အမြန်ဆုံး ထွက်သွားပါ"

"စိတ်ချပါ"

"အမျိုးသမီးတွေကို ကျွန်တော် နှုတ်ဆက်တယ်လို့ ပြောပါ"

"ကံကောင်းပါစေ"

ဘီအား ကြိုးမှ လျှောဆင်းသည်။ ခဏအကြာတွင် အမှောင်ထဲ၌ တစ်ယောက်တည်းတည်း ရှိနေတော့သည်။ လေတိုက်သဖြင့် ကြိုးယိမ်းနေသည်။ သူ့လက်များက ကြိုး တစ်ထစ်ပြီး တစ်ထစ် လျှောဆင်းလျက် ရှိသည်။ အိမ်တွင် ဖြစ် ကြိုးနှင့် ပေ ၈၀ အနိမ့်သို့ ဆင်းရခြင်း၊ ငါ ရူးများ ရူးနေပလားဟု တွေးမိသည်။

မိုးဖွဲဖွဲ ရွာနေသည်။ ကောင်းကင်တွင် ကြယ်တစ်ပွင့်မျှ မတွေ့ရပါ။ သူ့လက်မောင်းများ ညောင်းကိုက်စပြုလာသည်။ သို့ဖြင့် ခပ်မြန်မြန် လျှောဆင်းသည်။ သူ့ခြေထောက်များက အုတ်နံရံကို ကန်၍ ကန်၍ ပေးရသည်။ လက်ခေါက်များ ပွန်းပဲ့သည်။

နောက်ဆုံးတွင် သူသည် လေထဲတွင် ချာလည် လည်သွားသည်။ နောက် ရုတ်ခြည်းဆိုသလို လက်မှ ကြိုးစ လွတ်ထွက်သွားသည်။

ဘုရား... ဘုရား... သွားပြီ၊ ငါတော့ သွားပြီ။ သူက အသံထွက်ပြီး မအော်မိရန် ပါးနစ်ဖက်ကို လက်ဝါးဖြင့် ဖိညှစ်ထားလိုက်ရသည်။ လေထဲ ၁၀ ပေခန့် ကျသွားပြီးနောက် မြေကြီးပေါ်သို့ သူ ရောက်ရှိသွားသည်။ စိုစွတ်နေသော မြက်ခင်းပေါ်တွင် လိမ့်သွားသည်။

လက်တစ်ခုက သူ့လက်မောင်းကို လှမ်းကိုင်သည်။ သူ့ကို ဆွဲထူသည်။

"ဘာဖြစ်သွားသလဲ"

ကင်းနင်းက မေးသည်။

"ဘာမှ မဖြစ်ဘူးလို့ အောက်မေ့ရတာပဲ"

ဘီအားက သူ့လက်များကို ကွေးဆန့်ပြီး ကြည့်သည်။

"ကံကောင်းလို့ပဲ၊ ကျွန်တော်တော့ သွားပြီလို့ ထင်တာ၊ အင်း... မိုလ်ချုပ် ရှိတဲ့ နေရာဆိုရင်တော့ ဒီလိုပဲ ဖြစ်မှာပဲ"

"အပျော်ပေါ့" ကင်းနင်းက လက်နှိပ်ဓာတ်မီးကို အပေါ်သို့ ထောင်ပြီး ဖျတ်ခနဲ ထိုးလိုက်သည်။

"ကဲ သွားကြစို့၊ ကိုယ်ပြောတဲ့ ရေထုတ်မြောင်းပေါက်က အောက်ဘက် ကျနေတဲ့ ကြာကန်ကလေးထဲမှာ"

အမှောင်ထဲတွင် သူတို့ သတိထားပြီး အောက်သို့ ဆင်းသွားကြသည်။ ကားထစ်များကို စမ်းပြီး ဆင်းကြရသည်။ အောက်ဘက်တွင် ရေပန်းကို တွေ့ရှိရသည်။ လုပ်ပစ္စာ ပြုလုပ်ထားသော ကြာကန်ကလေးသည် မြက်ခင်းပြင်၏ တစ်ဖက်ထိပ်တွင် ဖြစ်သည်။ ရေကန်၏ နောက်ဘက်တွင် အုတ်နံရံ ရှိသည်။ ရေများသည် ကြေးခြင်္သေ့ခေါင်းမှ ပန်းထွက်ပြီး ရေကန်တွင်းသို့ ကျနေသည်။ ထိုရေကန်ကလေးကို အစမ်း လေ့ကျင့်မှုများ ပြုစဉ်က ဘီအား ကြိမ်ဖန်များစွာ တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။

"ဆင်းကြမယ်"

ကင်းနင်း ထိုင်ချလိုက်ပြီး ဒူးဆစ်လောက် နက်သော ရေထဲသို့ ဆင်းသည်။ ရေထဲတွင် သူ လျှောက်သွားသည်။ ဘီအား နောက်မှ လိုက်သွားသည်။ ကင်းနင်းသည် ခြင်္သေ့ခေါင်းအနီးရှိ အမှောင်ထဲတွင် ကုန်းငုံ့လျက် ရှိသည်။

"ဒီမှာ ရေတံခါးကို စမ်းကြည့်လို့ ရတယ်၊ ရေထဲမှာ တစ်ဝက် မြုပ်နေတယ်"

ကင်းနင်း လေသံဖြင့် ပြောသည်။

"ဒီတံခါးကို ဖြုတ်လို့ရရင် ရေမြောင်းတွေထဲကို ကိုယ်တို့ ဝင်သွား မယ်၊ ရေမြောင်း တစ်ခုပြီးတစ်ခု ဝင်လိုက်သွားရင် နောက်ဆုံးကျရင် မြစ်ထဲကို ရောက်သွားမှာပဲ"

"မရောက်လို့ရှိရင်ကော"

ဘီအားက မေးလိုက်သည်။

"တိုက်ပိတ်ခံရရုံပေါ့၊ ဒါက တစ်ကဏ္ဍပဲ၊ လောလောဆယ် အရေးကြီး တာကတော့ ရှိနေဒါနဲ့ သူ့ခွေးကြီး ကင်းလှည့် ရောက်မလာခင် ကိုယ်တို့မှာ အချိန် ၁၀ မိနစ် ရှိတယ်"

ထို့နောက် ကင်းနင်းသည် သူ့အိတ်ထဲမှ သံမဏိချောင်းကလေးတစ်ခုကို ထုတ်ယူပြီး ရေတံခါးပေါက်ကို ကုတ်ကော်လျက် ရှိသည်။ တကျွီကျွီ မြည်သံ ကြားရပြီးနောက် တံခါးကလေး ပွင့်ကြွလာသည်။ သူက လက်နှစ်ဖက်ဖြင့် အားစိုက်ပြီး ဆွဲလိုက်ရာ ကြေးတံခါးလေးတစ်ခုလုံး သူ့လက်ထဲတွင် ပါလာသည်။

"ကဲ ဂျပ်စတင်၊ ရေတံခါးတော့ ပွင့်သွားပြီ၊ မောင်ရင် ရှေ့က ဝင်ပေတော့"

ဘီအား ရေထဲတွင် လေးဘက် ထောက်လိုက်သည်။ လက်နှိပ်ဓာတ်မီးလေးကို အသုံးပြုပြီး ကျဉ်းမြောင်းသော ရေမြောင်းကလေးအတွင်းသို့ ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



ကင်းနင်းက ရေတံခါးလေးကို သူ့နေရာတွင် ပြန်တပ်ပြီးနောက် ဘီအား၏ နောက်သို့ လိုက်ပါသွားသည်။

"ကလေးဘဝတုန်းက ရေမြောင်းထဲ ဝင်ပြီး ဆော့ရတာနဲ့ မတူ ဘူးလား"

ဘီအားက လေသံဖြင့် ပြောလိုက်သည်။

"စကားမများနဲ့၊ သွားမှာသာ သွားစမ်း၊ ညသန်းခေါင်လောက်မှာ ကျုပ်တို့ မြစ်ထဲ ရောက်ပြီး လှေတစ်စင်း အဆင်သင့် တွေ့မယ်ဆိုရင် ကျုပ်တို့ အတွက် အချိန် ၆ နာရီလောက် ရတယ်၊ ကျုပ်တို့ ပျောက်နေတာကို သူတို့ မနက်ကျမှ သိမယ်"

ကင်းနင်းက ပြန်ပြောလိုက်သည်။

ယင်းသို့ဖြင့် ဘီအားသည် လက်နှိပ်ဓာတ်မီးကို ပါးစပ်တွင် ကိုက်လျက် တံတောင်ကျော်ကျော် နက်သော ရေတွင် လေးဘက်ထောက်ပြီး ဆက်သွားနေ သည်။ အတန်ကြာ သွားမိသောအခါ ၅ ပေခန့် အကျယ်ရှိသော ရေပြွန်တစ်ခု အတွင်းသို့ သူတို့ ရောက်ရှိသွားကြသည်။ သို့ဖြင့် သူတို့သည် လေးဘက်မထောက် ရတော့ဘဲ ခေါင်းငုံ့ပြီး ခါးကိုင်းကာ လျှောက်သွားနိုင်ကြသည်။

သည်နေရာတွင် ရေကလည်း တစ်ပေခန့်သာ နက်သည်။ ရေ… သည် အောက်ဘက်သို့ မတ်မတ်ကြီး စိုက်ဆင်းသွားသည်။ အနံ့အသက် ဆိုးရွားလှသည်။ သစ်ရွက်ဆွေးနံ့၊ ရေပုပ်နံ့နှင့် ဟောင်နေသည်။ ကင်းနင်း…

"သွား သွား ဆက်သွား… ဥယျာဉ်မှူးဆီက ကျုပ် ရထားတဲ့ သတင်း အရဆိုရင် ကျုပ်တို့ မကြာခင်မှာဘဲ ပင်မရေမြောင်းကြီးထဲကို ရောက်သွားမယ်၊ ပင်မရေမြောင်းကြီးကို ရောက်ရင် မြစ်ကို ရောက်ရဲ့ပဲ"

"အင်း… မြစ်အနံ့တောင် ရနေသလိုပဲ"

ဘီအားက ပြန်ပြောသည်။

လေး ငါး ဆယ်မိနစ်ခန့် သွားမိသောအခါ တကယ်ပင် ပင်မမြောင်းကြီး သို့ ရောက်ရှိသွားကြသည်။ သူတို့ ဆင်းသွားသော မြောင်းမှ ရေများသည် ပင်မမြောင်းကြီးအတွင်းသို့ ရေတံခွန်သဖွယ် ထိုးကျလျက် ရှိသည်။ ဘီအားက သူတို့၏ အောက်ဘက် အတော်နက်နက်တွင် ရှိသော အမြှုပ်များထနေသည့် ရေစီးကြောင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက်-

"ဟုတ်တယ်ဗျို့၊ တကယ်ပဲ၊ တကယ်မှ တကယ်ပဲ၊ ကျွန်တော်တို့ စိတ်ကူးယဉ်နေတာ မဟုတ်တော့ဘူး"

"အိုး… စကားများမနေနဲ့၊ မြန်မြန်ဆင်းစမ်းပါ"

ကင်းနင်းက သူ့ကို ဆတ်ခနဲ တွန်းလိုက်သည်။ ဘီအား အောက်သို့ …ခနဲ ကျသွားသည်။ အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။ ခဏအကြာတွင် …သူသည် အောက်ဘက်တွင် မတ်တတ်ရပ်လျက် မြည်တွန် တောက်တီးနေပေ… သည်။

"အား… ရေတွေက တကယ့် ရေပုပ်တွေပဲ၊ ရေပုပ်ရေသိုးတွေပဲ"

ကင်းနင်းလည်း အောက်သို့ လျှောဆင်းလိုက်ပြီး-

"ဒါက အရေးမကြီးပါဘူး၊ မြစ်ကို ရောက်ရင် ရေချိုးပစ်လိုက်ရုံပဲ၊ အရေးကြီးတာက အချိန်ပဲ"

ကင်းနင်းသည် လက်နှိပ်ဓာတ်မီးကို ထိုးလျက် ရှေ့မှ လျှောက်သွား သည်။ ဘီအား နောက်မှ လိုက်ပါသည်။ သို့သော် ကိုက် ၆၀၊ ၇၀ ခန့် သွားမိ သောအခါ ရေမြောင်းကြီး ဆုံးသွားသည်။ သူတို့ရှေ့တွင် အုတ်နံရံကြီး ပိတ်နေ တော့သည်။

"သွားပြီ၊ လမ်းတစ်ခု ဆုံးသွားပြီ၊ နောက်ကြောင်းပြန်ဖို့ပဲ ရှိတော့တယ်"

ဘီအားက ပြောလိုက်သည်။

"နေပါဦး၊ ဒီရေတွေဟာ တစ်နေရာရာကို သွားရမှာပေါ့"

ကင်းနင်းက ယင်းသို့ ပြောလိုက်ပြီး လက်နှိပ်ဓာတ်မီးကို အင်္ကျီအိတ်ထဲ သို့ ထည့်လိုက်သည်။ ထို့နောက် အသက် တစ်ချက် ဝအောင် ရှူလိုက်ပြီးနောက် ရေထဲတွင် ငုပ်လိုက်သည်။ ခဏအကြာတွင် ရေပေါ်သို့ ပြန်ပေါ်လာပြီး-

"ကျုပ် ထင်တဲ့အတိုင်းပဲ၊ ရေမြောင်းက အောက်ကို နိမ့်ပြီး စီးသွား တယ်၊ ကျုပ် ဝင်ကြည့်မယ်"

ဘီအားက-

"ဖြစ်ပါ့မလား၊ မြောင်းက ကိုက် ၂၀၊ ၃၀ လောက် ရှည်နေရင် ဘယ့်နှယ် လုပ်မလဲ၊ ဒါ့ထက် ရှည်ချင်လည်း ရှည်နေလိမ့်မယ်၊ နောက်ကို ပြန်လှည့်လာလို့ရမှာ မဟုတ်ဘူး၊ တစ်ခါတည်း မွန်းပြီး နစ်သွားမယ်"

"စွန့်စားရမှာပဲ ဂျပ်စတင်"

ကင်းနင်းက ကြိုး တစ်ဖက်ဘက်ကို သူ့ခါးတွင် ချည်နှောင်လျက် ရှိသည်။

"ကျုပ် အပြင်ကို ထွက်ချင်တယ်၊ ပါးကွက် အာဏာသားတွေ ရောက် လာပြီး ပစ်သတ်မှာကို ရဲတိုက်ထဲမှာ ထိုင်ပြီး စောင့်မနေနိုင်ဘူး"

သူက ကြိုးစတစ်ဖက်ကို ဘီအား့အား ပေးလိုက်ရင်း-

"မောင်ရင်လည်း လိုက်လာချင်တယ် ဆိုရင်တော့ ဒီအစကို မောင်ရင့် ခါးမှာ ချည်ထားပါ၊ ကိုယ် တစ်ဖက်ကို ရောက်သွားရင် ကြိုးကို ဆွဲလိုက်မယ်"

"တစ်ဖက်ကို မရောက်ရင်ကော"

"ကိုယ့်ရဲ့ အုတ်ဂူပေါ်မှာ နှင်းဆီပန်းကလေးတွေ တင်ပေးပါ၊ ပန်းခြံထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ကလဲယာ စိုက်ထားတဲ့ ကြက်သွေးရောင်ကလေးတွေပေါ့''

သူ တစ်ချက် ပြုံးလိုက်သည်။ အသက်ကို ဝအောင် ရှူလိုက်သည်။ ထို့နောက် ရေအောက်တွင် ကွယ်ပျောက်သွားသည်။

ဂျပ်စတင်ဘီအား စောင့်ဆိုင်းလျက် ရှိသည်။ လက်နှိပ်ဓာတ်မီး အလင်းရောင်က ဖျော့ဖျော့ကလေးသာ လင်းသည်။ အုတ်နံရံများပေါ်က အညစ်အကြေးတွေကိုသာ တွေ့ရသည်။ ရေထဲတွင် ကူးသွားသော ကြွက်တစ်ကောင် နှစ်ကောင်ကိုသာ မြင်ရသည်။ အပုပ်နံ့က ဆိုးရွားလှသည်။ အအေးဒဏ်ကလည်း ပြင်းထန်လှသည်။ အရိုးတွေ ကွဲအက်ကုန်ပြီလားဟု ထင်ရသည်။

ရုတ်တရက် ကြိုးတင်းသွားသည်ကို သူ သတိပြုမိသည်။ သို့သော် သူ တုံ့ဆိုင်းနေသည်။ မိမိ၏ စိတ်ထဲက ထင်လိုက်သည်များလားဟု စဉ်းစားနေသည်။ ခဏအကြာတွင် နောက်တစ်ကြိမ် ကြိုးတင်းသွားပြန်သည်။ သည်တစ်ကြိမ်တွင် ခပ်ဆတ်ဆတ်ကလေး ဖြစ်သည်။

''ကောင်းပြီ... ကောင်းပြီ''

သူ ပြောလိုက်သည်။ လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပြီး အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ သူက လက်နှစ်ဖက်ဖြင့် ရေအောက်ရှိ ပြွန်ပေါက်အစိုင်းကို စမ်းလိုက်သည်။ ထို့နောက် အသက် ဝအောင် ရှူလိုက်ပြီး ရေအောက်ပြွန်အတွင်းသို့ ဝင်ရောက်သွားသည်။

ကင်းနင်းသည် ဇရာမပြွန်ခေါင်းကြီးတစ်ခုအနီးရှိ ရေထဲတွင် ဝပ်လျက်ရာမှ ဘီအားကို ဆွဲထူလိုက်သည်။

''ဖြည်းဖြည်း... ဖြည်းဖြည်း''

''တကယ်ပဲ ဟင်မီလတန်၊ အစ်ကိုကြီးရဲ့ အပျော်ခရီးကလေး တော်တော် မသက်သာတာဘဲ၊ နံလိုက်တာကလည်း အိမ်သာတွင်းထဲ ရောက်နေသလို အတိုင်းပဲ၊ အေးလိုက်တာကလည်း တစ်ကိုယ်လုံး ခဲတော့မယ်''

ကင်းနင်းက သူ့စကားကို ဂရုမထားဘဲ-

''နားထောင်စမ်း၊ မြစ်ရေစီးသံ ကြားရကယ်၊ သိပ်မဝေးတော့ဘူး''

သူ ခပ်သုတ်သုတ် လျှောက်သွားသည်။ ပြွန်ခေါင်း ဆင်ခြေလျှော အတိုင်း အောက်သို့ လျှောသွားလိုက်၊ ဘေးသို့ ချော်သွားလိုက်နှင့် ဖြစ်သည်။ ဘီအားလည်း နွမ်းနယ်စွာ ထရပ်ပြီး နောက်မှ လိုက်ပါရသည်။ ယခုအခါတွင် ကင်းနင်းသည် အော်ဟစ် ရယ်မောကာနှင့် ဒူးဆစ်လောက်ရှိသော ရေညှိညှိတွင် ပြေးလွှားလျက် ရှိသည်။

''မြစ်ကို မြင်ရပြီ၊ မြစ်ကို ရောက်နေပြီ''

''ဟုတ်တယ် ဟုတ်တယ်၊ ရောက်နေပြီ''

တောက်ပသော အဝိုင်းကြီးတစ်ခုကို တွေ့မြင်ရသည်။ ရေမြောင်းတွင်းသို့ အလင်းရောင် လင်းဖြာလျက် ရှိသည်။ ဘီအား ခေတ္တမျှ ငေးမောကြည့်ရှုနေပြီးနောက် ကင်းနင်း၏အနီးသို့ ပြေးသွားကာ လေးဘက်ထောက်ချလိုက်သည်။ ကင်းနင်းသည် ရေမြောင်းထိပ်ရှိ သံတိုင် တံခါးတိုင်းကြီးအနီးတွင် ဒူးထောက်ဝပ်တွားလျက် ရှိသည်။ တံခါး၏ အခြားတစ်ဖက်တွင်ကား တပ်ကြပ်ကြီး မက္ကဒါနှင့် လက်နက်ကိုင် တပ်သားများ။

''လူကြီးမင်းတို့ကို ကျွန်တော်တို့ စောင့်နေတာ အတော်ကလေး ကြာသွားပြီ၊ မက္ကဒါဆိုရင် စိတ်တောင် မရှည်တော့ဘူးနဲ့ တူတယ်''

ရှုနေဒါက နှုတ်ခွန်းဆက် စကားပြောသည်။ သူ၏ အယ်လ်ဖေးရှင်း ခွေးမကြီး မက္ကဒါသည် ညီးညီးညံ့ညံ့ အသံပြုကာ သံတိုင်ကြားသို့ နှုတ်သီးကို ထိုးသွင်းလျက် ရှိသည်။ ကင်းနင်းက ခွေးမကြီး၏ နားရွက်ကို ဆွဲကိုင်ကာ-

''ခွေးစုတ်မကလေး... ညည်း ငါ့ကို မကိုက်ဘူး မဟုတ်လား''

ဘီအားက-

''ကောင်းပါပြီ ဆရာကြီး၊ ကျုပ်တို့ အပြင်ကို ကောင်းကောင်းမွန်မွန် ထွက်လာပါ့မယ်''

ဗိုလ်မှူးကြီး မက်စ်ဟက်ဆာသည် ကုလားထိုင်တွင် ကျောမှီပြီး ထိုင်နေရာမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ ထို့နောက် စီးကရက်ဘူးကို လက်တစ်ဖက်တည်းဖြင့် ကျွမ်းကျင်စွာ ဖွင့်လိုက်သည်။ စားပွဲ၏ တစ်ဖက်တွင် ဗိုလ်ရှိနက် ထိုင်နေသည်။ သူက ယူနီဖောင်း အပြည့်အစုံနှင့် ဖြစ်သည်။ ခါးတွင် ခြေသေနတ် တပ်ဆင်ထားသည်။

''ထူးခြားပါပေတယ်၊ နောက်တစ်ခါဆိုရင် ကင်းနင်း ဘာလုပ်ဦးမလဲ မသိဘူး''

ဗိုလ်မှူးကြီးက ပြောလိုက်သည်။

''ဘုရားမှပဲ သိပါလိမ့်မယ် ဗိုလ်မှူးကြီး''

''သူတို့ ထွက်ပြေးကြလိမ့်မယ်လို့ ရေးလိုက်တဲ့ စာမှာ လက်မှတ် ထိုးမထားဘူး ဟုတ်လား''

''ဗိုလ်မှူးကြီးကိုယ်တိုင် ဖတ်ကြည့်ပါဦး''

ဗိုလ်ရှိနက်က စာရွက်ကလေးတစ်ခုကို ပေးလိုက်သည်။ ဗိုလ်မှူးကြီး ဖတ်ကြည့်ရှုသည်။

''ကင်းနင်းနှင့် ဘီအားတို့ ကနေ့ည ရေမြောင်းကြီးမှနေ ထွက်ပြေးကြ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်''

ခဲတံဖြင့် ခပ်သော့သော့ ရေးထားသည်။ စာလုံးကြီးများနှင့် ဖြစ်သည့် သို့သော် ကောင်းမွန်မှန်ကန်သော ဂျာမန်စာ အရေးအသား ဖြစ်သည်။ သူ သက်ပြင်းချလိုက်ပြီး-

''အင်း… ကျုပ်တို့ စခန်းမှာ သစ္စာဖောက်တစ်ယောက် ရှိနေတာပဲ သူတို့အထဲက တစ်ယောက်ယောက်က သစ္စာဖောက်တာပဲ''

''ကျွန်တော်တော့ ဒီလို မထင်ဘူး ဗိုလ်မှူးကြီး''

''ဆိုစမ်းပါဦး''

''ဗိုလ်ချုပ်ကင်းနင်းဟာ မိလ္လာပြွန်နဲ့ ရေမြောင်းတွေအကြောင်း တစ်ယောက်ယောက်ဆီက သိရတာပဲ ဖြစ်မယ်၊ စစ်သားတစ်ယောက်ယောက် ဒါမှမဟုတ် အလုပ်သမား တစ်ယောက်ယောက်ဆီ ဖြစ်မယ်''

''ဟုတ်ပြီ၊ ဗိုလ်ကြီး ပြောတာ ကျုပ် သဘောပေါက်ပြီ၊ တစ်ယောက် ယောက်ဟာ သူတို့ဆီက လာဘ်စားမယ်၊ ပြီးတော့ သူတို့ လွတ်မသွားအောင် ဗိုလ်ကြီးဆီကို ပစ်စာ ပို့လိုက်တယ်''

ဗိုလ်မှူးကြီး ခေါင်းကို ယမ်းခါလိုက်ပြီး-

''မကောင်းဘူး၊ ကျုပ် မကြိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် သူတို့ကို ခေါ်…

ရီနက် ထွက်သွားသည်။ ဟက်ဆာ မတ်တတ်ထလိုက်ပြီး အရက်… သို့ လျှောက်သွားသည်။ သူ၏ နဖူးတွင် အမာရွတ်ကြီးတစ်ခု ရှိနေသည်။ သူသည် လူချောလူခန့် တစ်ယောက် ဖြစ်သည်။ ယူနီဖောင်းက သေသပ် သပ်… သည်။ လက် မရှိသော လက်ဝဲဘက် အင်္ကျီလက်ကို ခါးပတ်တွင် ထိုးထည့် ထားသည်။

ဖန်ခွက်ထဲသို့ ဘရန်ဒီ လောင်းထည့်နေစဉ်တွင် သူ့နောက်မှ အခန်း တံခါး ပွင့်လာသည်။ သူ လှည့်ကြည့်သောအခါ ကင်းနင်းနှင့် ဘီအားတို့ကို အခန်းတွင်းသို့ ခေါ်ဆောင်လာသော ရီနက်ကို တွေ့ရသည်။ သူတို့၏ နောက်… ရှနေဒါ လိုက်ပါလာသည်။

''ဘုရား… ဘုရား…''

ဟက်ဆာ ရွတ်ဆိုလိုက်သည်။

သူတို့ကို ကြည့်ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်သည်။ ဖိနပ် မပါ၊ ခြေထောက် ဗလာ ဖြစ်ကြသည်။ တစ်ကိုယ်လုံးတွင် အညစ်အကြေးများ ပေတင်နေသည်။ ကော်ဇောပေါ်သို့ ရေ အစက်လိုက် ကျနေသည်။ ဟက်ဆာ ကမန်းကတန်း ဆိုသလိုပင် နောက်ထပ် ဖန်ခွက်နှစ်လုံးတွင် အရက်များ လောင်း ထည့်လိုက်သည်။

''ခင်ဗျားတို့ကို ကြည့်ရတာ တစ်ခွက်လောက် … ဖြစ် … ထင်ရတယ်''

ကင်းနင်းနှင့် ဘီအားတို့ ရှေ့သို့ တိုးလာ…

''စေတနာ ထက်သန်ပါပေတယ်''

ဘီအားက ပြောလိုက်သည်။

ကင်းနင်းက ဖန်ခွက်ကို မြှောက်လျက်။

''ကျေးဇူးပဲ''

ဟက်ဆာက သူ့စားပွဲသို့ လျှောက်သွားကာ ကုလားထိုင်တွင် ထိုင်လျက်။

''အလုပ်ကိစ္စ ပြောကြရအောင်၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေကို မလုပ် ကြပါနဲ့''

''ကိုယ့်ရဲ့ လွတ်မြောက်မှုအတွက် ကြိုးပမ်းတာ၊ ကိုယ့်တပ်နဲ့ ပြန်ဆက် မိအောင် ကြိုးစားတာဟာ အရာရှိတိုင်းရဲ့ လုပ်ငန်းတာဝန်ပဲ''

ကင်းနင်းက ပြန်ပြောသည်။

''တခြား အချိန်တွေဆိုရင်တော့ ဟုတ်ပါတယ်၊ ကျုပ် မငြင်းပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာတော့ မဟုတ်ဘူး၊ ၁၉၄၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာတော့ မဟုတ်ဘူး၊ စစ်ကြီး ဖြစ်လာတာ ငါးနှစ်ခွဲ ရှိသွားပြီ၊ မကြာမီ စစ်ကြီး ပြီးတော့ မယ်၊ ပြီးသလောက်ကို ဖြစ်နေပါပြီ၊ ကနေ့ ပြီးမလား၊ နက်ဖြန် ပြီးမလားပဲ၊ ဒီအချိန်မှာ ကျုပ်တို့အားလုံး လုပ်ရမယ့် အလုပ်က စောင့်နေကြဖို့ပဲ''

''ဘာကို စောင့်နေကြရမှာလဲ၊ ပါးကွက်သား တပ်ဖွဲ့ လာမှာကို စောင့်နေကြရမှာလား၊ ခင်ဗျားတို့ အဓိပတိကြီးက ဘယ်လို အမိန့်ပေးထားတယ် ဆိုတာကို ကျုပ်တို့ သိတယ်၊ ပစ်သတ်၊ အားလုံးကို ပစ်သတ်လို့ အမိန့်ပေးထား တယ် မဟုတ်လား၊ ဟင်းမလားကလည်း ဒီအမိန့်ကို သဘောတူတယ်လို့ ကျုပ် နောက်ဆုံး ကြားရတယ်''

ကင်းနင်းက ပြောလိုက်သည်။

''ခင်ဗျားတို့ဟာ ကျုပ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိပါတယ်၊ ဒီအချက်ကို အလျင်ကလည်း ကျုပ် အကြိမ်ပေါင်းများစွာ ပြောခဲ့ပြီးပါပြီ''

ကင်းနင်းက-

''ဟုတ်ပါတယ်၊ ဒါပေမဲ့ အဓိပတိကြီးရဲ့ အမိန့် ပါးကွက်သားအဖွဲ့ ဒီတိုက်ကို ရောက်လာရင် ဗိုလ်မှူးကြီး ဘာလုပ်မလဲ၊ ကျူးကူးတံတားကို ဆွဲတင် ထားမလား၊ ဒါမှမဟုတ် ကျုပ်တို့ကို ပစ်မိန့်ပေးမလား၊ ဗိုလ်မှူးကြီးလည်း စစ်သားတစ်ယောက်အနေနဲ့ သစ္စာဆိုထားရတယ် မဟုတ်လား၊ ဂျာမန် ဘုန်းတော်ကြီး လူတိုင်း လူတိုင်းဟာ သစ္စာဆိုထားကြရတယ် မဟုတ်လား''

ဟက်ဆာက ကင်းနင်းကို စူးစိုက်ပြီး ကြည့်သည်။ သူ့မျက်နှာ ဖြူရော်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အမာရွတ်ကြီး ပိုပြီးပေါ်လွင်လာသည်။

ဘီအားက ပျော့ပျောင်းစွာဖြင့်-

"သူ ပြောတာ အဓိပ္ပာယ်ရှိပါတယ် ဗိုလ်မှူးကြီး"

"လူကြီးမင်းတို့ နှစ်ယောက်ကို ကျုပ် ရိက္ခာဖြတ်နိုင်တယ်၊ တိုက်ပိတ်နိုင်တယ်၊ ဒါပေမဲ့ ကျုပ် မလုပ်ပါဘူး၊ ဒီအချိန် ဒီအခြေအနေမှာ ကျုပ် မလုပ်ပါဘူး၊ လူကြီးမင်းတို့ရဲ့ အခန်းကိုပဲ ပြန်ကြပါ၊ လူကြီးမင်းတို့ဘက်ကလည်း နားလည်မှု ရှိလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်"

ရှီနက်က ကင်းနင်း၏ လက်မောင်းပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။ ကင်းနင်းက ရှန်းဖယ်လိုက်သည်။ ထို့နောက် စားပွဲပေါ်တွင် ကုန်းငုံ့လိုက်ပြီး-

"ကျုပ် ပြောမယ် မက်စ်၊ ဗိုလ်မှူး လုပ်စရာတစ်ခုပဲ ရှိတယ်၊ အဲဒါကတော့ အချိန်ရှိတုန်းမှာ ရှီနက်ကို လွှတ်ပြီး မဟာမိတ်တပ်ဖွဲ့တစ်ခုခုနဲ့ ဆက်သွယ်သင့်တယ်၊ ဗိုလ်မှူးကြီးရဲ့ ဂုဏ်သိက္ခာနဲ့ အသက်စည်းစိမ် တည်မြဲမှုအတွက် လက်နက် ချသင့်တယ်"

ဟက်ဆာက ကင်းနင်းကို အတန်ကြာ စူးစိုက်ကြည့်ပြီးနောက်-

"ဗိုလ်ချုပ်နဲ့ လော့ဒွန်ဒရမ်တို့ကို သူတို့အခန်းကို ပြန်ပို့လိုက်ပါ ရှီနက်"

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး"

ရှီနက် ခြေစုံရိုက်လိုက်သည်။ ထို့နောက် ကင်းနင်းဘက်သို့ လှည့်လျက်-

"ဗိုလ်ချုပ်ခင်ဗျာ"

"အို... တော်စမ်းပါ"

ကင်းနင်းက ယင်းသို့ ပြောလိုက်ပြီးနောက် ထိုင်ရာမှ ထကာ ထွက်သွားသည်။

ဘီအား တုံ့ဆိုင်းနေသည်။ သူက တစ်စုံတစ်ခု ပြောလိုဟန် ရှိသည်။ သို့သော် ဘာမှ မပြောတော့ဘဲ ပခုံးကို တွန့်လိုက်သည်။ ထို့နောက် ကင်းနင်း နောက်သို့ လိုက်သွားသည်။ ရှီနက်နှင့် ရှနေဒါတို့နောက်မှ လိုက်သွားကြသည်။ ဟက်ဆာသည် အရက်စင်သို့ ပြန်လျှောက်သွားပြီးနောက် တစ်ခွက် ငှဲ့လိုက်သည်။ ပုလင်းကို အရက်စင်တွင် သူ ပြန်၍ တင်ထားစဉ်တွင် တံခါးခေါက်သံ ပေါ်ထွက်လာပြီး အခန်းတွင်းသို့ ရှီနက် ပြန်လည်ဝင်ရောက်လာသည်။

"ဗိုလ်ကြီးကော တစ်ခွက်လောက် သောက်မလား"

ဟက်ဆာက မေးလိုက်သည်။

"ကျွန်တော် မသောက်ပါဘူး ဗိုလ်မှူးကြီး၊ အခု ရက်အတွင်းမှာ ကျွန်တော့်ဗိုက်က ဘီယာပဲ သောက်လို့ရပါတယ်"

မီးဖိုဆီသို့ ဟက်ဆာ လျှောက်သွားသည်။

"သူ ပြောတာ ဘယ်လို သဘောရသလဲ၊ မှန်တယ်လို့ ထင်သလား"

ရှီနက် မဖြေပါ။ ဆုတ်ဆိုင်းနေသည်။ ဟက်ဆာက-

"ပြောစမ်းပါ၊ ခင်ဗျား သဘော ပြောစမ်းပါ"

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး သူ ပြောတာ မှန်တယ်လို့ ပြောရပါ့မယ်၊ သူ ပြောတဲ့အတိုင်း လုပ်သင့်ပါတယ်၊ တကယ်လို့ ကျွန်တော်တို့ မလုပ်ခဲ့လို့ ရှိရင် တစ်ခုခု ဆိုးဆိုးရွားရွား ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့အားလုံး ဒုက္ခရောက်နိုင်ပါတယ်"

ဟက်ဆာက အပြင်သို့ ထွက်ကျလာသော ထင်းစ တစ်စကို ကန်သွင်းရင်း-

"အင်း... ဗိုလ်ကြီး ပြောတာ မှန်ပါတယ်"

-

ကင်းနင်းနှင့် ဘီအားတို့သည် ခန်းမကြီးကို ဖြတ်သန်းပြီးနောက် လှေကားမှ တက်သွားကြသည်။ သူတို့၏ နောက်မှ ရှနေဒါ၊ လက်နက်ကိုင် တပ်သား နှစ်ယောက်နှင့် အယ်လ်ဇေးရှင်းခွေးမကြီး မက္ကဒါတို့ လိုက်ပါသည်။ လှေကားကြီးမှာ ကြီးမားကျယ်ဝန်းလှသည်။ တပ်ခွဲတစ်ခွဲလောက် ရင်ပေါင်တန်းပြီး တက်သွားနိုင်သည်။

"ကျွန်တော့်ကို တစ်ခါတုန်းက မင်းသားကြီး ကလပ်ဂေဘယ်က အမ်ဂျီအမ် ရုပ်ရှင်ခြံကြီးကို လိုက်ပြဖူးတယ်၊ အခု ကျွန်တော်တို့ ရောက်နေတဲ့ နေရာက ဇာတ်ခုံ အမှတ် ၆ နဲ့ အတော်တူတယ်၊ ကျွန်တော် ဒီအကြောင်း အလျင်က ပြောဖူးသလား"

ဘီအားက မေးလိုက်ရာကင်းနင်းက-

"ခဏ ခဏပေါ့"

အပေါ်ထပ်သို့ ရောက်သောအခါ ရှာမ ဝက်သစ်ချ တံခါးကြီးတစ်ခုရှေ့တွင် သူတို့ ရပ်လိုက်ကြသည်။ တံခါးအနီးတွင် အစောင့်တစ်ယောက် ရှိသည်။

ရှနေဒါက တံတောင်လောက် ရှိသော သော့ကြီးတစ်ချောင်းကို ထုတ်လိုက်ပြီး အထုအထည် ကြီးမားလှသော သော့အိမ်ထဲသို့ သွင်းထည့်ပြီး လှည့်လိုက်သည်။ တံခါးကြီးကို သူ တွန်းဖွင့်ပြီး နောက်သို့ ဆုတ်ကာ ရပ်လိုက်သည်။

ကင်းနင်းတို့ အခန်းတွင်းသို့ ဝင်ရောက်သောအခါ ရှနေဒါက-

"လူကြီးမင်းများ ခင်ဗျာ၊ စကားမစပ် ပြောရရင် မြောက်ဘက် မျှော်စင်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းကို ဘယ်သူမှ သွားခွင့် မရှိပါဘူး ခင်ဗျား၊ နောက်ပြီးတော့ ရေဇလာ ဥယျာဉ်ထဲမှာလည်း အစောင့် နှစ်ယောက် ချထားပါတယ်''

''သိပ်မှန်တဲ့ အလုပ်ပေါ့၊ မဟုတ်ဘူးလား၊ ဗိုလ်ချုပ်ကြီး''

ဘီအားက ပြောလိုက်သည်။

''ခင်ဗျားတို့ အဲဒီဇာတ်ကို တစ်ညလုံး ကနိုင်ပါတယ်''

ကင်းနင်း ယင်းသို့ ပြောပြီး မှောင်မည်းသော ကျောက်လှေကားကို တက်သွားသည်။ ဘီအား လိုက်ပါသည်။ သူတို့နောက်ဘက်တွင် တံခါးကြီး ဂျိန်းခနဲ မြည်ပြီး ပိတ်သွားသည်။ သူတို့သည် ယခုအခါ မြောက်ဘက် မျှော်စင်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ ရှေးအခါကဆိုလျှင် ရဲတိုက်ကြီးမှ ခုခံသူများသည် ဤမြောက်ဘက် မျှော်စင်သို့ နောက်ဆုံး နယ်မြေအဖြစ် သတ်မှတ် ဆုတ်ခွာတတ်ကြသည်။ ဤဘက်ပိုင်းသည် ရဲတိုက်ကြီး တစ်ခုလုံးနှင့် သီးခြားလို တည်ရှိနေသည်။ အနိမ့်ဆုံး ပြတင်းပေါက်သည်ပင်လျှင် မြေပြင်မှ ပေ ၅၀ မြင့်ပြီး၊ သံတိုင်များ အခိုင်အခံ့ တပ်ဆင်ထားသည်။ အကျဉ်းသားများကို ချုပ်နှောင်ထားရှိရန်အတွက် အကောင်းဆုံး နေရာပင် ဖြစ်သည်။ အလုံခြုံဆုံးနေရာ ဖြစ်သည်။ ယင်းကြောင့်ပင် ဟက်ဆာသည် အကျဉ်းသားများကို ဤဘက်ပိုင်း၌ လွတ်လပ်စွာ သွားလာခွင့်ပြုထားခဲ့ခြင်း ဖြစ်သည်။

မဒမ်ရှီဗာလီယာသည် စန္ဒရားတီးလျက် ရှိသည်။ သူမ၏ လက်သံက လွင်သည်။ သို့သော် စိတ်ပါ လက်ပါ တီးနေခြင်းကား မဟုတ်ပါ။ လက်ချောင်းများကို လှုပ်ရှား လေ့ကျင့်ပေးနေခြင်းသာ ဖြစ်သည်။ ကင်းနင်းက ခန်းမဆောင်ကြီး၏ တံခါးကို ဖွင့်လိုက်သည်။

ခန်းမဆောင်ကြီးက ကြီးကျယ်ခမ်းနားလှသည်။ မျက်နှာကြက် မြင့်သည်။ လှပစွာ ခုံးနေသည်။ နံရံများတွင် ၁၅ ရာစုနှစ်က ချုပ်ဝတ်တန်ဆာများ ရှိသည်။ ဂီလတ်နှင့် ကလဲယာဒီဘိုဗီးတို့သည် မီးဖိုဘေးတွင် ထိုင်လျက် အေးအေးလူလူ စကားပြောလျက် ရှိကြသည်။ မဒမ်ရှီဗာလီယာက စန္ဒရားတွင် ဖြစ်သည်။

ကင်းနင်းနှင့် ဘီအားတို့ကို တွေ့မြင်သောအခါ မဒမ်ရှီဗာလီယာသည် စန္ဒရား ခလုတ်ပေါ်တွင် ရွေ့လျားနေသော လက်ချောင်းများကို ရပ်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

''သေရွာက ပြန်လာတဲ့ လူတွေပါလား''

''အင်း… ရယ်စရာကောင်းတာတော့ အမှန်ပါပဲ၊ ကျွန်တော်လည်း ရယ်လိုက်ရတာ အူတွေတောင် နာနေပြီ''

ကလဲယာနှင့် ပေါဂီလတ်တို့ မတ်တတ် ထရပ်လိုက်ကြသည်။

ဂီလတ်က-

''ဘယ်လို ဖြစ်ကြတာလဲ၊ ကျုပ် ပထမဆုံး သိရတဲ့ အချက်ကတော့ …သားတွေ ရောက်လာပြီး အပေါ်ထပ် မျှော်စင်တံခါးကို ပိတ်လိုက်ကြတယ်၊ …လည်း အခုပဲ ကြိုးတွေဖှက်ပြီး ဆင်းလာခဲ့တာပဲ''

''ဘာဖြစ်သလဲဆိုတော့ သူတို့က ကျွန်တော်တို့ကို အသင့်စောင့်နေ… ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး ရှိနေဒါရယ်၊ ခွေးမကလေး မဏ္ဍဒါရယ်ပေါ့၊ …ကလေးကတော့ ဗိုလ်ချုပ်ကြီးကို တကယ့် ချစ်ပုံ ရပါတယ်''

ဘီအား ပြောလိုက်သည်။

''နေပါဦး သူတို့ ဘယ်လိုသိတာလဲ''

ကလဲယာက မေးသည်။

''ကိုယ်လည်း အဲဒါ သိချင်တာပဲ''

ကင်းနင်း၏ အဖြေ။

ဘီအားက အရက်ဗီရိုဆီသို့ လျှောက်သွားပြီး ဘရန်ဒီတစ်ခွက် ငှဲ့လျက်။

''ကျွန်တော် စဉ်းစားမိပြီ၊ ဥယျာဉ်မှူး ရှမစ်ပဲ၊ ဗိုလ်ချုပ်ကို ရေမြောင်း …င်းပေးတဲ့ ပုဂ္ဂိုလ်ပဲပေါ့၊ အင်း…စီးကရက် အလိပ်တစ်ရာဟာ မလုံလောက် …့ ဆိုရမှာပေါ့''

''ခွေးမသား… ဒီကောင့်ကို ကျုပ် သတ်မယ်''

ကင်းနင်းက ကြုံးဝါးလိုက်သည်။

''သူ့ကို မသတ်ခင် ရေတော့ အလျင် ချိုးလိုက်ပါဦး ဟင်မီလတန်၊ …တို့ကြီးရဲ့ကိုယ်က တကယ် မွှေးတာပဲ''

ကလဲယာက သူမ၏ နှာခေါင်းရှေ့တွင် လက်ညှိုးကလေးကို ဟန်ပါပါ …ယမ်း၍ ပြောလိုက်သည်။

''ချစ်နံ့ကလေး သင်းတယ်ဆိုတာ ဒါပေါ့''

ဂီလတ်က ပြောလိုက်ရာ သူတို့ ဝေါခနဲ ရယ်မောကြသည်။ ကင်းနင်းက-

''ဟစ်တလာရဲ့ ပါးကွက် အာဏာသားတွေ ရောက်လာပြီး ပစ်သတ် … အချိန်အထိ ခင်ဗျားတို့ ရယ်နိုင်ကြပါစေလို့ ကျုပ် ဆုတောင်းပါတယ်'

အားလုံး တိတ်သွားသည်။ ကင်းနင်း အခန်းထဲမှ ဒေါနှင့် ထွက်သွား …ည်။ ဘီအားက ဖန်ခွက်ထဲမှာ ဘရန်ဒီကို အကုန် မော့သောက်လိုက်ပြီး-

''အံ့သြစရာပဲ၊ ကျွန်တော်တော့ ရယ်စရာဆိုလို့ ဘယ်လိုမှ စဉ်းစားလို့ …ဘူး၊ ကဲ ကျွန်တော့်ကို ခွင့်ပြုကြပါဦး''

ဘီအား ထွက်သွားသောအခါ ဂီလတ်က-

''ဟုတ်တယ်၊ သူ ပြောတာ မှန်တယ်၊ အခြေအနေ မကောင်းဘူး၊ …ယ်လို့ ဟင်မီလတန်နဲ့ လော့ဒွန်ဒရမ်တို့ လွတ်သွားပြီး မဟာမိတ်တပ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ဆီကို ရောက်သွားရင်တော့ အကူအညီ ခေါ်လာနိုင်တာပေါ့"

ကလဲယာက ထိုင်လိုက်ပြီး-

"အို… အဓိပ္ပာယ်မရှိတာတွေ လုပ်နေကြတာပဲ၊ ဘာမှ မလိုပါဘူး ဟက်ဆာအနေနဲ့ ကျွန်မတို့ကို သတ်မှာကို ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်နေ မဟုတ်ဘူး၊ သူက ဒီလို လူစား မဟုတ်ဘူး"

သည်အခါ ဂီလတ်က-

"ဗိုလ်မှူးကြီးဟက်ဆာ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ သူက စစ်သား တစ်ယောက်ပဲ၊ စစ်သားဆိုတာ အထက်က ပေးတဲ့ အမိန့်ကို လိုက်နာရတာ ကလဲယာ"

တံခါးခေါက်သံ ကြားရသည်။ တံခါးပွင့်သွားပြီး အခန်းတွင်း ဟက်ဆာ ဝင်ရောက်လာသည်။ သူက ပြုံးလိုက်ပြီး သူတို့သုံးယောက်ကို မ မသာ ခါးညွှတ်ကာ အလေးပြုသည်။ ထို့နောက် မဒမ်ရှီဗာလီယာဘက်သို့ လှ လျက်။

"စစ်တုရင် ထိုးကြမလား"

"ထိုးတာပေါ့၊ ဒါပေမဲ့ ကျွန်မတို့ ဒီမှာ အငြင်းပွားနေတာ တစ် ရှိတယ်၊ အဲဒါကို ဖြေရှင်းပေးပါဦး၊ စစ်ရဲတပ်ဖွဲ့တွေ ရောက်လာပြီး ကျွန်မတို့ ပစ်သတ်ရင် ရှင် ဒီအတိုင်းပဲ ကြည့်နေလိမ့်မယ်လို့ ပေါက ပြောတယ်၊ ကလဲ ကတော့ ရှင် ကြည့်နေမှာ မဟုတ်ဘူးလို့ ယူဆတယ်၊ အဲဒါ ဘယ်လိုလဲ"

"ကျွန်တော့်စိတ်ထဲမှာ အသေအချာ ထင်နေတာကတော့ မဒမ် ခုနစ်ကွက်မှာ နိုင်မယ် ဆိုတာပဲ"

"စစ်သားတစ်ယောက်ရဲ့ အဖြေပဲ၊ အင်း… ဟုတ်ပြီ ဟုတ်ပြီ"

မဒမ်ရှီဗာလီယာ မတ်တတ်ထရပ်ပြီး စန္ဒရားခုံကို ကျော်ပတ်ကာ တုရင်ခုံဆီသို့ လျှောက်သွားသည်။ ဟက်ဆာက သူမနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ သူမက ပထမ စပြီး ရွှေ့သည်။ ကလဲယာက စာအုပ်တစ်အုပ် ဆွဲယူပြီး ဖတ်နေသည်။ ဂီလတ်ကမူ ဆေးတံကို ပါးစပ်တွင် ခဲလျက် မီးဖို ငေးစိုက်ပြီး ကြည့်နေသည်။ တစ်ခန်းလုံး ငြိမ်သက်လျက် ရှိသည်။

ခေတ္တမျှအကြာတွင် တံခါးပွင့်လာပြီး ကင်းနင်း ဝင်ရောက်လာသည်။ ဂျက်ကတ်အင်္ကျီ အညို၊ ထရက်ဆုဘောင်းဘီ အဖြူနှင့် ဖြစ်သည်။

"တယ်ဟုတ်ပါလား ဟင်မီလတန်၊ ကနေ့ညမှ တကယ် ချောတာ မိလ္လာပြွန်ထဲမှာ လေးဘက် တွားသွားလိုက်တာ အစ်ကိုကြီးအတွက် တကယ် ကောင်းသွားတာပဲ"

ကလဲယာဒီဘိုဗီးက ပြောလိုက်သည်။ ဟက်ဆာက မော့မကြည့်ဘဲ

"ဗိုလ်ချုပ်တော့ အပြတ်မိနေပြီနဲ့ တူတယ်"

"ကနေ့ညအဖို့ ကျုပ်တို့ကိစ္စ မပြီးသေးဘူးလား"

"ပြီးပါပြီ၊ ဒါပေမဲ့ စောစောက ဗိုလ်ချုပ် ပြောခဲ့တဲ့စကားတစ်ခု ရှိ တယ်၊ အဲဒီစကားဟာ အကျိုး ဖြစ်ထွန်းနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဒီစွကို ကျွန်တော်တို့ မနက်ဖြန် မနက်ကျရင် ဆွေးနွေးကြရအောင်၊ မနက် စာဖက်ရည်သောက်အပြီး တွေ့ကြရအောင်"

"အင်မတန်ကောင်းတဲ့ အစီအစဉ်ပဲ"

ကင်းနင်းက ပြန်ပြောလိုက်သည်။ ဟက်ဆာက ဟင်မီလတန်ကို ဂရု မပြုတော့ဘဲ ရှေ့သို့ ကုန်းငုံ့ကာ ဘီရှော့ကို ရွှေ့လိုက်ပြီး-

"ပြီးသွားပြီ"

မဒမ်ရှီဗာလီယာက စစ်တုရင်ခုံကို ကြည့်ရှုသုံးသပ်လိုက်ပြီးနောက် ပြင်းတစ်ချက် ချလိုက်ကာ-

"ခုနစ်ကွက်လို့ ရှင် ပြောခဲ့တယ်၊ အခု ငါးကွက်တည်းနဲ့ ပြီးသွား သယ်"

မက်စ်ဟက်ဆာ ပြုံးလိုက်သည်။

"လူတစ်ယောက်ဟာ အမြဲတမ်းဆိုသလိုပဲ တစ်ကွက်ကျော် ရနေဖို့ လိုပါတယ်၊ မဒမ် ဒါဟာ စစ်သားကောင်းတစ်ယောက်ရဲ့ ပထမဆုံး အရေး ကြီးတဲ့ အရည်အချင်းပဲ"

လင်မြို့တွင် မာတင်ဘိုးမန်းသည် ညသန်းခေါင်ကျော်အချိန်အထိ သွားစားပွဲတွင် ထိုင်လျက်ရှိသည်။ အကြောင်းမှာ သည်ရက်များတွင် ဟစ်တလာသည် ညလုံး ပေါက် အလုပ်လုပ်လေ့ ရှိသောကြောင့်ပင် ဖြစ်ပါသည်။ ဟစ်တလာသည် နာရီ သုံး လေးနာရီထက် စောပြီး အိပ်ရာဝင်လေ့ မရှိပါ။ ဘိုးမန်းသည် ဟစ်တလာကြီးနှင့် အမြဲတမ်းပင် ကပ်နေချင်သည်။ အခြားလူများ မကပ်နိုင်စေရန် ဖြစ်သည်။

တံခါးခေါက်သံ ပေါ်ထွက်လာပြီး အခန်းတွင်းသို့ ရက်တင်ဟူးဗား ရောက်လာသည်။ သူ့လက်ထဲတွင် ချိတ်ပိတ်ထားသော စာအိတ်တစ်အိတ် ပါသည်။

"ဌာနချုပ်မှူးကြီးအတွက်ပါ"

"ဘယ်သူ့ဆီကလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မသိပါဘူး၊ ကျွန်တော် စားပွဲပေါ်မှာ တွေ့တာပဲ 'ဦးစား... ၇' လို့ ရေးထားပါတယ်"

'ဦးစားပေး ၇' ဆိုသည် လျှို့ဝှက်အမှတ်အသား ဖြစ်သည်။ အ... လျှို့ဝှက်သည်ဟု ဆိုလိုသည်။ ဘိုးမန်းတစ်ဦးတည်းသာ ကြည့်ရှုရန် ဖြစ်သည်...

ဘိုးမန်း စာအိတ်ကို ဖောက်လိုက်သည်။ ထို့နောက် မော့ကြည့်သည်... သူ့မျက်နှာတွင် မည်သည့် အမူအရာမျှ မရှိပါ။

"ဗိုလ်ချုပ်မှူးကြီး ဗွန်ဂရိန်နဲ့ ဟာန်နရိုက်တို့ စီးလာတဲ့ ဗိုင်ဆီလာစ... လေယာဉ်ပျံကို ဖျက်ဆီးပစ်လိုက်ကြပြီ၊ ဂါးတော့ကို ချက်ချင်း ဖုန်းဆက်... နက်ဖြန် မနက်မှာလေယာဉ်ပျံတစ်စင်း ထပ်ပို့ပေးပါလို့ ပြောပါ"

ဘိုးမန်းက စာအိတ်ကို မြှောက်လျက်-

"ဒီထဲမှာ ဘာပါတယ်လို့ ထင်လဲ ဝီလီ၊ အင်မတန် စိတ်ဝင်စား... ကောင်းတဲ့ သတင်း ပါတယ်၊ ကျုပ်တို့ရဲ့ စစ်သေနာပတိကြီးက မဟာမိတ်... ဆီမှာ လက်နက်ချဖို့ ကမ်းလှမ်းတယ်"

"ဘုရား... ဘုရား..."

ရက်တင်ဟူးဗား အာမေဋိတ်သံ ပြုလိုက်သည်။

"အဓိပတိကြီးက ဘာပြောမလဲ မသိဘူး၊ ကဲ သွားကြည့်ကြရအောင်..."

ဘိုးမန်း ကုလားထိုင်ကို နောက်သို့ တွန်းဆုတ်လိုက်ပြီး ထိုင်ရာ... ထရပ်လိုက်သည်။

...ရာရှိ

...နိုင်ငံတော်

...က်ပဲ"

- ၅ -

...ဆာသည် သူ၏ အခန်းပြတင်းပေါက်မှနေ၍ အောက်ဘက် ေ... ...မြစ်ဆီသို့ ကွေ့ဝိုက်ကာ ဆင်းသွားသော လမ်းကလေးကို တွေ့မြင်သည်။ အတန်... ...ခုပ်၏ တစ်ဖက်တွင်ကား အောလဘတ်ကျေးရွာကလေးသည် ပုံပြ... ...ရွာကလေးတစ်ရွာပမာ ဆွတ်ပျံ့ဖွယ်ရာ တည်ရှိနေသည်။ ရွာ၏ အနောက်ဘက်ပြီး... ...တောင်ကမ်းပါးယံတွင်ကား စိမ်းလန်းသော ထင်းရှူးပင်များသည် ငွေနှင်းဖြူ... ...တွင်းဝယ် နစ်မြုပ်လျက် ရှိတော့သည်။

ဟုတ်သည်။ ငွေနှင်းများ ကျနေသည်။ သို့သော် ဖွဲဖွဲမျှသာ ဖြစ်သည်။ ...ကြီးသည် တောက်ပသာယာလျက် ရှိနေသည်။

သူ့နောက်မှ တံခါးပွင့်လာပြီး ရှိနက် ဝင်လာသည်။ ဟာက်ဆာက-

"နှင်းတွေ ကျနေပြန်ပြီ၊ ဆောင်း မကုန်သေးဘူးဆိုတဲ့ သဘောပဲ"

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော် မနက်က ရွာထဲက ဖြတ်လာ... တောဘက်က ကလေးတွေ စကိတ်စီးပြီး ကျောင်းကို လာကြတာ တွေ့...ယ်"

ဟာက်ဆာသည် အရက်စင်ဆီသို့ လျှောက်သွားပြီး ဘရန်ဒီတစ်ခွက် ...ည်။

"ကနေ့ မနက် ဘာလင်ကို ဆက်ကြည့်သေးသလား"

"ဟုတ်ကဲ့ ဗိုလ်မှူးကြီး၊ ဆက်ကြည့်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ...သို့ မရပါဘူး"

"ရေဒီယိုကော"

"မီးသီးနှစ်လုံး ကျွမ်းနေတယ်လို့ စတန်းက ပြောပါတယ်"

"အသစ် လဲမထည့်ဘူးလား"

"အပို တစ်လုံးမှ မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အနေနဲ့ ဘယ်သူနဲ့မှ ဘာအဆက်အသွယ်မှ လုပ်မရတော့ဘူး ဗိုလ်ကြီး ပြောနေတာလား"

"အခုအတိုင်းကတော့ ဒီသဘောပဲ ဖြစ်နေပါတယ် ဗိုလ်မှူးကြီး ဒါပေမဲ့ ဘာလင်နဲ့ အဆက်အသွယ်ရဖို့ ကျွန်တော်တို့ ကြိုးစားနေတုန်းပါ လိုအပ်တဲ့ မီးသီး ရှာရအောင် စတန်း ရှာတွေကို ကားနဲ့ သွားနေပါတယ်"

"ဟုတ်ပြီ၊ နောက် ဘာပြောစရာ ရှိသေးသလဲ"

"ဗိုလ်ချုပ် ကင်းနင်းနဲ့ ဗိုလ်မှူးကြီး ဘီအားတို့ ရောက်နေကြပါပြီ လေယာဉ်မှ" "ကောင်းပြီ၊ သူတို့ကို ခေါ်လိုက်ပါ၊ နောက်ပြီးတော့ ဒီမှာ ရှီနက်… နက်ဖြန် မနက် ဟုတ်ကဲ့ ဗိုလ်မှူးကြီး"

ဘိုဒီလ်ကြီးလည်း ဒီမှာ ရှိနေပါ"

"ဒိုင်းနင်းက ခေါင်းတွင် ကက်ဦးထုပ်ကလေး ဆောင်းထားပြီး အရောင်ကောင်းတဲ့ သာ စစ်ကုတ်အင်္ကျီကြီးကို ဝတ်ထားသည်။ ဘီအားကမူ အဖြူပေါ်တွင် ဆီမှာ လှအကြားများ ပါရှိသော ရေခဲပြင် ရုပ်ဖျောက်သည့် ဝတ်စုံကြီးကို ဝတ်ထားသည်။ အရှေ့ဘက် စစ်မြေပြင်တွင် ဂျာမန်စစ်သားများ ဝတ်သည့် ဝတ်စုံ ဖြစ်သည်။ ဟက်ဆာက-

"လူကြီးမင်းတို့ လေ့ကျင့်ခန်း ယူကြမလို့လား"

"ဒါက ကိစ္စမရှိပါဘူး၊ ခင်ဗျား ဘယ်လို ဆုံးဖြတ်သလဲ"

ကင်းနင်းက ဒိုးဒိုးဒေါက်ဒေါက်ပင် မေးလိုက်သည်။

ဟက်ဆာက လက်တစ်ဖက်ကို မြှောက်ကာလိုက်ပြီး-

"ဗိုလ်ချုပ်က သိပ်လောတာကိုး၊ စဉ်းစားစရာတွေ အများကြီး ရှိတယ်"

"အလို ဘုရားရေ… ပြန်လည်သွားပြန်ပလား၊ ပြဿနာက ခင်ဗျား တစ်ခုခုကို တိတိကျကျ လုပ်မလား၊ မလုပ်ဘူးလား ဆိုတာပဲ"

"ကျွန်တော်တို့ မနေ့ညကတည်းက ဘာလင်နဲ့ အဆက်အသွယ် ရဖို့ ကြိုးစားနေတယ်၊ အခုထက်ထိတော့ မရသေးဘူး"

"ဘာလင် ဟုတ်လား၊ ဗိုလ်မှူးကြီး ရယ်စရာ ပြောနေတာလား ဘာလင် တစ်မြို့လုံး ရှုရှုတွေ ပြည့်နေပြီ"

"အဲဒီလိုတော့ မဟုတ်သေးပါဘူး၊ ခမ်ပတိကြီး အခုအချိန်အထိ ဘာလင်မှာ ရှိနေပါသေးတယ်၊ ဂျာမန်တပ်တွေလည်း အများကြီး ရှိနေပါသေးတယ်"

"ထားပါတော့… ဒါတွေက မိုင် ၄၅၀ ဝေးတဲ့ အရပ်က ပြဿနာပါ၊ ကျုပ်တို့ ပြောနေတာက ဒီက ပြဿနာပါ၊ ဗိုလ်မှူးကြီး ဘာလုပ်မလဲ ဘာပဲ ကျုပ် သိချင်တယ်"

"နောက်တစ်မျိုး ပြောရရင်တော့ မဟာမိတ်တပ်ဖွဲ့တွေဆီကို ဗိုလ်ကြီး ရှီနက်ကို လွှတ်မလားဆိုတဲ့ အချက်ပဲ၊ သူနဲ့အတူ ကျွန်တော်တို့အထဲက တစ်ယောက်ယောက် လိုက်သွားရမလား"

ဘီအားက ဝင်ပြောသည်။

"မလွှတ်ဘူး"

ဟက်ဆာက လက်ဝါးဖြင့် စားပွဲကို ပုတ်လိုက်ပြီး-

"ဒီကိစ္စ မဖြစ်နိုင်ဘူး၊ ကျုပ် မလုပ်နိုင်ဘူး၊ ကျုပ်ဟာ ဂျာမန် အရာရှိတစ်ဦး ဆိုတာကို လူကြီးမင်းတို့ သတိမမေ့စေချင်ဘူး၊ ကျုပ်ဟာ ကျုပ်နိုင်ငံတော်အတွက် အတတ်နိုင်ဆုံး တာဝန် ထမ်းဆောင်နေတဲ့ လူတစ်ယောက်ပဲ"

"ခင်ဗျား ပြောတာ ဘာအဓိပ္ပာယ်လဲ"

ကင်းနင်းက မေးလိုက်သည်။

ဟက်ဆာ မျက်မှောင်ကုတ်သည်။ ခေတ္တမျှ စဉ်းစားနေသည်။ အတန်ကြာမှ ခေါင်းညိတ်လိုက်ပြီး-

"တစ်နေ့နေ့တော့ ဘာလင်နဲ့ အဆက်အသွယ် ရအောင် ကျုပ် ဆက်ပြီး ကြိုးစားဦးမယ်၊ ဒီပြဿနာမှာ သူတို့ရဲ့ အမိန့်ကို ကျုပ် သိချင်တယ်"

ကင်းနင်းက တစ်စုံတစ်ခု ပြောမည်ပြုရာ ဟက်ဆာက တားလိုက်ပြီး-

"ဒါ ကျုပ် လုပ်ဖို့ ဆုံးဖြတ်ထားတဲ့ အချက်ပဲ၊ ဒါကို လူကြီးမင်းတို့လည်း သဘောပေါက်ဖို့ပဲ၊ ပထမဆုံး ကျုပ်တို့ ထုံးတမ်းစဉ်လာအတိုင်း လုပ်မယ်"

"ဒုတိယ…"

ဘီအားက မေးလိုက်သည်။

"မနက်ဖြန် ဒီအချိန် ရောက်လို့မှ ဘာမှ မကြောင်းမထူးဘူးဆိုရင် ဗိုလ်ကြီးရှီနက်ကို လွှတ်ဖို့ စဉ်းစားမယ်၊ သူကလည်း သွားဖို့ သဘောတူတယ် ထင်ပေါ့"

ဟက်ဆာက ရှီနက်ဘက်သို့ လှည့်လျက်-

"ဒီကိစ္စမှာ ကျုပ် အမိန့်ပေးနေတာ မဟုတ်ဘူး၊ သဘောပေါက်လား"

ရှီနက် ပြုံးလိုက်ပြီး-

"ဗိုလ်မှူးကြီး သင့်လျော်တယ်ထင်တဲ့ အလုပ်ကို ကျွန်တော် လုပ်ဖို့ အသင့်ပါပဲ"

"ဘာပြုလို့ ကနေ့ အချိန်ဖြုန်းနေကြသလဲ"

ကင်းနင်း စကားစလိုက်သည်။ ဟက်ဆာ ထရပ်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

''ကျွန်တော် ပြောချင်တာတော့ ဒါပါပဲ၊ ကောင်းသော နံနက်ခင်း လူကြီးမင်းများ''

ရှီနက်ကို ခေါင်းညိတ်ပြလိုက်ပြီး–

''ဗိုလ်ချုပ်ကြီးနဲ့ ဗိုလ်မှူးကြီးတို့ကို လေ့ကျင့်ခန်း လုပ်ဖို့ လိုက်ပို့ ၊ ဗိုလ်ကြီး''

ရေဇလာဥယျာဉ်ထဲတွင် အေးမြခြင်း ရှိလှသည်။ နှင်းပွင့်ကလေးသည် လေသို့ လွင့်နေကြသည်။ အဝင်ဝများတွင် အစောင့်များ ချထားသည်။ တပ်ကြပ် ရှနေဒါသည် ခွေးကြီး မက္ကဒါနှင့်အတူ ကင်းနင်းနှင့် ဘီအားတို့၏ နောက် လိုက်ပါလျက် ရှိသည်။ တစ်ကြိမ်တွင် ကင်းနင်းသည် နောက်သို့ လှည့် လက်ဖျောက်တီးလိုက်သည်။ အယ်လ်ဇေးရှင်းကြီး ကြိုးတင်းသွားပြီး တ မြည်တမ်းသွားသည်။

''သူ့ကို လွှတ်ထားလိုက်ပါ''

ကင်းနင်းက ရှနေဒါကို ဂျာမန်လို ပြောလိုက်သည်။

ရှနေဒါက တုံ့ဆိုင်းစွာဖြင့် ခွေး၏ လည်ကုပ်တွင် ချည်ထား သံကြိုးကို ဖြုတ်ပေးလိုက်သည်။ ခွေးကြီးသည် ကင်းနင်းထံသို့ ပြေးသွ သူ့လက်ကို လျှာဖြင့် လျှက်လျက် ရှိသည်။ ကင်းနင်း ဒူးထောက်ကာ ထိုင်လို ပြီး မက္ကဒါ၏ နားရွက်များကို ပွတ်ရင်း ဘီအားကို ပြောသည်။

''ကဲ ဘယ်လို သဘောရသလဲ''

''ဒါလောက်ပဲ မျှော်လင့်ထားတာပဲ၊ ဟက်ဆာက ဂျာမန်တစ်ယော တကယ့် ပုံစံ စစ်သားတစ်ယောက်ပဲ၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ပဲ နားလည် လူစားမျိုးပဲ၊ ကျွန်တော်တို့ လိုချင်တာက အများကြီးပဲ၊ သူ့ကို လက်နက်ချခို တင်မကဘူး၊ လက်နက် အပ်ရမယ့် လူကိုပါ လိုက်ရှာခိုင်းသေးတယ်၊ ကျွန် တို့ ဒါလောက်ပဲ ရမှာပါ''

''မောင်ရင် ပြောတာ ဟုတ်တယ်''

ပေါ်ဂီလတ်နှင့် မဒမ်ရှီဗာလီယာတို့ ဥယျာဉ် အနီမ့်ပိုင်းမှ တက် ကြသည်ကို တွေ့ရသောအခါ ကင်းနင်း မတ်တတ် ထရပ်လိုက်သည်။ အမျိုး ကြီးသည် ဂျာမန် စစ်ကုတ်အင်္ကျီကြီးကို ဝတ်ထားပြီး ခေါင်းတွင် ပဝါ စည်း သည်။ ဂီလတ်က ဦးထုပ် နက်ပြာကလေးကို ဆောင်းပြီး ကုတ်အင်္ကျီ ဝတ် သည်။

''ခွေးနွေးပွဲ ဘယ်လို ပြီးသွားကြသလဲ''

ဂီလတ်က သူတို့အနီးသို့ လျှောက်လာရင်း မေးသည်။

''ကဲ ဂျပ်စတာင်ရေ… မောင်ရင်ပဲ သူတို့ကို ရှင်းပြလိုက်ပါတော့၊ ယ်တော့ ဒီကိစ္စတွေ ထပ်တလဲလဲ ပြောရလွန်းလို့ ငြီးငွေ့လှပြီ၊ ကနေ့အတွက် တော့ ဒါလောက်ပဲ တော်လောက်ပါပြီ''

ကင်းနင်းသည် ယင်းသို့ ပြောဆိုပြီးနောက် ထိုနေရာမှ ထွက်သွားသည်။ နောက်မှ မက္ကဒါ လိုက်ပါသွားသည်။ ကင်းနင်းသည် အောက်ဘက်ရှိ ကြာကန် လေးကို လွန်ပြီး ဆင်းသွားသည်။ ထို့နောက် ပန်းပင်များ ပျိုးသော ပျိုးအိမ် လေးအတွင်းသို့ ဝင်သွားသည်။ ရှနေဒါ သူ့နောက်သို့ လိုက်ပါသည်။ သို့သော် အိမ်အတွင်းသို့ ဝင်မလိုက်ဘဲ အပေါက်ဝမှာပင် နေရစ်သည်။

ပျိုးအိမ်ကလေးအတွင်း၌ ပူနွေးသည့် အပင်ငယ်ကလေးတွေ ပြည့်နေ သည်။ စပျစ်ရုံတွင် စပျစ်သီးများ ညွတ်နေသည်။ ကင်းနင်းသည် ကျောက်ခင်း း ကလေးအတိုင်း လျှောက်သွားသည်။ အလယ်ဗဟို ရေပန်း ရှိရာအထိ သည်။ ရေပန်းအနီးတွင် ကြက်သွေးရောင် နှင်းဆီပန်းကလေးများကို မြုစု ထောင်လျက်ရှိသော ကလဲယာဒီဘိုဗီးကို တွေ့ရသည်။ ကြက်သွေးရောင် ာင်းနှင်းဆီက သူ အနှစ်သက် အခုံမင်ဆုံးသော ပန်းပင် ဖြစ်သည်။

ကင်းနင်းသည် ကလဲယာ၏ အနီးတွင် ရပ်လိုက်ပြီး သူမကို အတန်ကြာ ေးစိုက်ပြီး ကြည့်နေမိသည်။ သူမက အမှန်တကယ်ပင် လှပသော အမျိုးသမီး စ်ယောက် ဖြစ်သည်။ နက်မှောင်သော ဆံပင်များကို လည်ကုပ်ပေါ်တွင် ဖြန့်ထားသဖြင့် သွယ်လျသော မျက်နှာကလေးက အထူးပင် ပေါ်လျက် ရှိတော့ ည်။ ပါးပြင် နှစ်ဖက် ဖောင်းမို့သည်။ မျက်လုံးမှာ ဝန်းစက်သည်။ နှုတ်ခမ်းအစုံ ်းစိုသည်။ သည်အခါ ဝေဒနာဟောင်းတစ်ခုကို သူ ခံစားရသည်။ ရင်ထဲတွင် ုပ်ခတ်ရသည်။

သူ ငယ်စဉ်ကပင် သူ့မိဘများ ကွယ်လွန်ခဲ့သည်။ ဦးလေးတစ်ယောက် သူ့ကို ထောက်ပံ့ခဲ့သည်။ သို့သော် ထိုဦးလေးကို တစ်ကြိမ် တစ်ခါမျှ တွေ့မြင်ဖူးပါ။ ရှန်ဟဲမြို့တွင် သင်္ဘောကုမ္ပဏီ လုပ်ကိုင်လျက် ရှိကြောင်းသာ သိရသည်။ သို့ဖြင့် သူ၏ ငယ်ရွယ်စဉ် ဘဝသည် ဘော်ဒါကျောင်းများသာ ဖြစ်တော့သည်။ နောက်ဆုံးတွင် သူသည်ဝက်စ်ပွိုင့် စစ်တက္ကသိုလ်သို့ ရောက်ရှိ တော့သည်။

သည်အချိန်မှ စ၍ သူ၏ ဘဝကို တပ်မတော်သို့ ပေးအပ်ထားရသည်။ စ်သားဘဝတွင် လုံးဝ မြှုပ်နှံထားရသည်။ သူ့ဘဝသည် စစ်တပ်သာ ဖြစ်သည်။ က မိန်းမယူဖို့လည်း စိတ်မကူးမိခဲ့။ မိသားစုတစ်စု တည်ဆောက်ဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



...ဝမှာ မိန်းမတွေ တွေ့ခဲ့ရပါသည်။ သို့သော် သာယာမှု သဘောမျှသာ ဖြစ်သည်။ ယခုတော့ အစစအရာရာ ပြောင်းလဲပါချေပြီ။ သူ့ဘဝ တွင် ပထမဆုံးအကြိမ်အဖြစ်နှင့် အခြားသော လူသားတစ်ဦးက သူ့ရင်ဝယ် ငြိတွယ်ပါချေပြီ။ ဤကိစ္စသည် သူ့ဘဝ၏ လုပ်ငန်းစဉ်များနှင့်တော့ ညီညွတ် သည် မဟုတ်ချေ။

ကလဲယာ လှည့်ကြည့်ပြီး ပြုံးသည်။ သူမ၏ လက်ထဲတွင် ဥယျာဉ်သုံး ခက်ရင်းခွကလေး ရှိသည်။

"ဩော်... အစ်ကိုကြီး ပါလား၊ ဘယ့်နှယ်လဲ"

"အင်း... နောက်ထပ် ၂၄ နာရီတော့ စောင့်ရဦးမယ်၊ မက်စ်ဏ ဘာလင်က စစ်သုံ့ပန်းဌာနချုပ်နဲ့ အဆက်အသွယ် ရလို့ရငြား နောက်ဆုံးအကြိမ် ကြိုးစားချင်သေးတယ်၊ သေရေးရှင်ရေး အချိန်အထိ စည်းစနစ်ကြီးတဲ့ ဂျာမန် အရာရှိ တစ်ယောက်ပဲ"

"အစ်ကိုကြီး သဘော ဘယ်လိုလဲ"

"အခုချက်ချင်း လွတ်ချင်တာပဲပေါ့၊ ကိုယ်တို့ အဖမ်းခံနေကြရတာ ဘယ်လောက် ကြာပြီလဲ၊ ကလဲယာလည်း သိသားပဲ"

သူက စိတ်အား ထက်သန်စွာ ပြောသည်။

"ပွဲကြီးပွဲကောင်းတွေ လွတ်ကုန်ပြီဆိုတဲ့ သဘောပေါ့ ဟုတ်လား"

သူ မျက်မှောင်ကြုတ်သည်။ အမျိုးသမီးက ဆက်ပြောသည်။

"စစ်... ဟုတ်တယ်၊ အစ်ကိုကြီး တန်ဖိုးထားတာ ဒီစစ်ကြီးပဲ ခရာသံတွေ ကြားနေရတယ်၊ စစ်မြေပြင် ရနံ့ ရတယ်၊ ဒီစစ်ကြီးဟာ အစ်ကိုကြီး ရဲ့ ဘဝပဲ၊ ဒါပေမဲ့ အစ်ကိုကြီး အခုနေ လွတ်လို့ ရှိရင်တော့ ဒီစစ်ကြီးမှာ ဆင်နွှဲဖို့ အခွင့် ရပါဦးမလား"

"ဘယ်ပြောနိုင်မလဲ"

"ဟုတ်တယ်၊ ဘယ်သူမှ မပြောနိုင်ဘူး၊ ကလဲယာအနေနဲ့ အစားထိုး ပေးနိုင်တာကတော့ ဆောင်းနှင်းဆီပွင့်ကလေးတွေပဲ..."

အမျိုးသမီးက လှဲ့လှဲ့ကလေး ပြုံးလိုက်သည်။

ထိုအခါ ကင်းနင်းသည် အမျိုးသမီးကို သိုင်းဖက်လိုက်သည်။ သူ့ရင်ခွင် တွင်းသို့ သူမ၏ ကိုယ်ကလေးကို ဆွဲယူလိုက်သည်။ ထို့နောက် သူ၏ နှုတ်ခမ်း အစုံကို တပ်မက်စွာ နမ်းရှိုက်လိုက်တော့သည်။

ရစ်တာသည် စားသောက်ခန်းတွင် စန္ဒရားတီးလျက် ရှိသည်။ ရှိပင်၏ တီးလုံး တစ်ပိုင်းတစ်စ ဖြစ်သည်။ သူ နှစ်သက်သော သံစဉ်ကလေး ဖြစ်သည်။ စန္ဒရား



...သည် မကောင်းလှသော်လည်း လွင့်ပျံနေသော သံစဉ်ကလေးတွင် သူ ...ဘေးမိသည်။ အတိတ်ကာလက နေ့ရက်များကို သတိရမိသည်။ ဖခင်ကို ...သည်။ မိခင်ကို သတိရသည်။ သူ ငယ်စဉ်က နေထိုင်ခဲ့သော ကျေးလက်အိမ် ...လေးကို သတိရသည်။

ယခုအခါတွင် ရုရှတို့သည် အမြောက်များဖြင့် အဆက်မပြတ် ပစ်ခတ် ...က် ရှိသည်။ သည်မျှ နက်ရှိုင်းသော မြေအောက်ကျင်းထဲမှပင် ပေါက်ကွဲသံ ...ကို ကြားနေရသည်။ အုတ်နံရံကြီးများ တုန်ခါသွားသည်၊ ယမ်းနံ့တွေ မွှန် ...သည်။ ယမ်းခိုးတွေ ဝေနေသည်။

အရက်မူးနေသော စစ်ဗိုလ်ကလေး တစ်ယောက်သည် စန္ဒရားပေါ်သို့ ...ထိုးလာသည်။ သူ့လက်ထဲမှ ဘီယာများ စန္ဒရားခလုတ်များပေါ်သို့ ဖိတ်ကျ ...သည်။

"သောက်သုံးမကျတာတွေ တော်လောက်ပြီ၊ မြူးမြူးကြွကြွကလေး ...ပ်စမ်းပါ၊ ရင်ထဲမှာ နွေးသွားမယ့်ဟာမျိုး၊ သံပြိုင်တေးကလေး တစ်ပုဒ်ဗျာ"

ရစ်တာက စန္ဒရား တီးနေသည်ကို ရပ်လိုက်ပြီး အမူးသမားကို မော့ ကြည့်သည်။

"မင်း ငါ့ကို ပြောနေတာလား"

သူ့အသံသည် တည်ငြိမ်သည်။ သို့သော် ကြောက်မက်ဖွယ်ကောင်း ...သည်။ သူ့မျက်နှာ ရဲလာသည်။ သူ့မျက်လုံးများ မှောင်လာသည်။

အရက်မူးနေသော စစ်ဗိုလ်ကလေးသည် ရစ်တာ၏ ရာထူးအဆင့်အတန်း ...င် သူ့ရဲကောင်း ဘွဲ့တံဆိပ်များကို တွေ့မြင်သွားပြီး နောက်ဆုတ်သွားသည်။

"တောင်းပန်ပါတယ် ဗိုလ်မှူး၊ ကျွန်တော် မှားသွားပါတယ်"

"သွား..."

မူးယစ်ဆူညံနေသော လူအုပ်ကြီးဆီသို့ အမူးသမားကလေး လျှောက်ဝင် ...သွားသည်။ အမူးသမားများအနီးမှ သူနာပြုဆရာမကလေး တစ်ယောက် ဖြတ် ...ာက်သွားသည်။ အမူးသမားတစ်ယောက်က သူမကို လှမ်းဆွဲသည်။ အခြား ...ယောက်က သူမ၏ ဂါဝန်အောက်သို့ လက်နှိုက်သည်။ ဆရာမကလေးက ...ခစ် ရယ်မောပြီး နောက်တစ်ယောက်နှင့် နမ်းနေသည်။

မြင်ကွင်းကို ရစ်တာ စက်ဆုပ်ငြီးငွေ့သည်။ စန္ဒရားမှ ထသွားသည်။ ...ရက်ကောင်တာတွင် မိမိဘာသာ အရက်တစ်ခွက် ငှဲ့ယူပြီး လူရှင်းသော စား ...လုံးတွင် သွားထိုင်သည်။ ခဏအကြာတွင် ယောဟာ ဝင်ရောက်လာသည်။ ...ယောဟာသည် စားသောက်ခန်းကို မျက်စိတစ်ချက် ကစားလိုက်ပြီးနောက် ရစ်တာ ...သို့ သွက်လက်စွာ လျှောက်လာသည်။ သူ့မျက်နှာသည် လှုပ်ရှားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် စောစောက အံ့သြစရာတစ်ခု တွေ့လိုက်ရတယ် ဗိုလ်မှူး''

''ဘာများလဲ''

''ဗိုလ်ချုပ်ဖက်ဂီလိန်ကို စစ်သားနှစ်ယောက် ခေါ်သွားတယ်၊ သူ့ကိုယ်မှာ ရာထူးတံဆိပ်တွေ ဘာမှ မရှိတော့ဘူး၊ သူ့မျက်နှာမှာ သွေးလည်း တစ်စက်မှ မရှိဘူး''

''စစ်ကြီးရဲ့ ရလဒ်တွေပဲပေါ့ အားရစ်၊ ကဲ တစ်ခွက်လောက် ဖော သောက်လိုက်ဦး''

''ဘုရား… ဘုရား… သူဟာ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်၊ နောက်ပြီး သူရဲကောင်းဘွဲ့ ရထားတဲ့ လူတစ်ယောက်''

''နောက်ဆုံးမှာ ဒီလိုပဲ ဖြစ်ကြရတာပေပဲ''

''ကျွန်တော်တို့ ဒီကို လာတာ မှားတာပဲ၊ ကျွန်တော်တို့ ဒီက ပြန်ထွက် နိုင်ဖို့.မလွယ်ဘူး၊ ကျွန်တော်တို့ ဒီမှာ ခွေးသေ ဝက်သေ သေကြရတော့မှာပဲ''

ဟော့ဖာက အခန်းကိုကြည့်ရင်း ပြောသည်။

''ဒီလိုတော့ မဟုတ်သေးပါဘူး''

ထိုအခါ ဟော့ဖာ၏ မျက်နှာသည် မျှော်လင့်ချက် ရောင်ခြည်သန်း လာပြီး-

''ဗိုလ်မှူး ဘာသတင်း ကြားလို့လဲ''

''မကြားပါဘူး၊ ဒါပေမဲ့ ကျုပ်စိတ်က သိနေတယ်၊ ကဲ မောင်ရင့် အတွက် အရက်တစ်ခွက် ငှဲ့ပြီးတော့ အဲဒီ စစ်တုရင်ခုံကို ယူခဲ့''

ဘိုးမန်းနှင့် ရက်တင်ဟူးဗားတို့သည် အတွင်းဘက် တံခါးပေါက်မှ နေ၍ မြင်ကွင်း တစ်ခုလုံးကို တွေ့မြင်နေကြရသည်။

ရက်တင်ဟူးဗားက-

''သူ့အဖေဘက်က တကယ့် ဆွေကြီးမျိုးကြီးပဲ၊ ဖရက်ဒရစ်ရဲ့ အနွယ် တော်တွေပဲ''

''သူ့ကို သေသေချာချာ ကြည့်စမ်း၊ မူးနေတဲ့ ကောင်ကို ဘယ်တို့ လုပ်လိုက်တယ်ဆိုတာ တွေ့တယ် မဟုတ်လား၊ ကျုပ် တစ်ခု ပြောမယ် ဝီလီ သူ့လို လူမျိုးဟာ လက်သီးလက်မောင်းတန်းပြီး ဟေး… ဟစ်တလာလို့ အော်တတ် တဲ့ လူမျိုး မဟုတ်ဘူး၊ ဒီလိုလူမျိုးတွေကို ကျုပ် သိတယ်၊ အင်္ဂလိပ်စစ်ဗိုလ်တွေလို ဦးထုပ်ကို လက်ဖျားကလေးနဲ့ ထိပြီး အလေးပြုတတ်တဲ့ လူမျိုး၊ အဲဒီလိုလူမျိုး



တွေဟာ ကျုပ်တို့ရဲ့ အက်စ်အက်စ်တပ်ဖွဲ့မှာ ရောက်နေစေကာမူ ဒီအတိုင်းပဲ၊ ဒီအချိုး သူတို့ဟာ ခင်ဗျားတို့လိုပဲ ရေခဲ့ရေဖျားအထိ လိုက်မယ့် လူတွေပဲ''

''ဟုတ်ပါတယ် ခင်ဗျာ၊ သူတို့ဟာ သူတို့ အရာရှိတွေရဲ့ ခေါင်းဆောင်မှု နောက်ကို လိုက်မယ့် လူတွေပါပဲ၊ အက်စ်အက်စ် တပ်ဖွဲ့ဝင်တွေဟာ စည်းကမ်း ရှိတယ်၊ ကမ္ဘာမှာတော့ အတော်ဆုံးပါပဲ''

ရက်တင်ဟူးဗားက ဘိုးမန်း၏ စကားကို ထောက်ခံသည်။

''ဒါပေမဲ့ ဝီလီ… ရစ်တာလို လူမျိုးဟာ ဒါထက်မကဘူး၊ ဒီလိုလူမျိုး တွေက လိုက်ပြီဆိုရင် ငရဲထိအောင် လိုက်မယ့် လူစားတွေ၊ ဘာဖြစ်လို့လဲ သိ သလား၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလို လူစားတွေဟာ ဘာကိုမှ မဖြုံလို့ဘဲ၊ သူတို့ ဟာ သူတို့ပဲ။ သူတို့လို လူမျိုး သူတို့ပဲ ရှိတယ်''

''ခေါင်းဆောင်ကြီး ပြောတဲ့ သဘောကို အမိန့်ရှိပါဦး''

''သူဟာ တကယ့် သူရဲကောင်းတစ်ယောက်ပဲ၊ ကျုပ် ဖတ်ဖူးတဲ့ စာအုပ်တွေထဲက သူရဲကောင်းမျိုးပဲ၊ ကျုပ် စာအုပ်တွေ အများကြီး ဖတ်ဖူးပါ တယ်၊ အင်္ဂလိပ် ဂန္ထဝင်က အစ ဖတ်ဖူးပါတယ်၊ သူတို့က ဘိုးမန်းဆိုတာ အလကား တောသားတစ်ယောက်လို့ ထင်နေကြတယ်၊ ဂိုဘဲတို့ လူစုပေါ့၊ မဟုတ် ပါဘူး၊ သူတို့ တတ်တာထက် ကျုပ် အများကြီး ပိုတတ်ပါတယ်၊ နေရာတိုင်းမှာပဲ ဆိုပါတော့၊ မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ရစ်တာဟာ တကယ် စစ်မှန်တဲ့ အာရီယန် အမျိုးအနွယ် တစ်ယောက် ပဲ၊ ခေါင်းဆောင်ကြီး ဟစ်တလာ မျှော်မှန်းတဲ့ ပုံစံမျိုးပဲ၊ ဒီပုံစံမျိုးကို ကျုပ်တို့ လည်း မရနိုင်ဘူး၊ မုဒိမ်းမှုတွေ၊ မီးရှို့တာတွေ၊ သတ်တာ ဖြတ်တာတွေ ဘေးဖယ် ထားလိုက်၊ စံကို ပြောတာ၊ သားနားတယ်၊ ဂုဏ်တင့်တယ်၊ အကြောက်အရွံ့ ကင်းတယ်၊ ရစ်တာဟာ ဒီလိုလူမျိုးပဲ''

ရက်တင်ဟူးဗား ခေါင်းညိတ်သည်။

''ဒါဖြင့် ကျွန်တော် သူ့ကို သွားခေါ်ပေးရမလား''

''နောက်မှ ခေါ်မယ် ဝီလီ၊ အခု ကျုပ် အဓိပတိကြီးဆီကို သွားလိုက်ဦး မယ်၊ ဟင်းမလား ထွက်ပြေးတဲ့ကိစ္စ၊ ဖက်ဂီလိန့် သတ္တိကြောင်တဲ့ ကိစ္စတွေ အတွက် အဓိပတိကြီး ဒေါပွနေလိမ့်မယ်၊ သူ့အနား ကျုပ် ရှိနေမှ ဖြစ်မယ်၊ ရစ်တာကို ခင်ဗျား သွားပြီး စကားပြောပါ၊ သူ တစ်ခွက် နှစ်ခွက်လောက် သောက်ပြီးတဲ့အခါပေါ့၊ သူ ဘာများ ပြောင်းလဲသွားသလဲ ကြည့်ပါ၊ ကျုပ် သူ့နဲ့ နောက်မှ တွေ့မယ်၊ သန်းခေါင်ကျော်လောက်မှ တွေ့မယ်''

www.burmeseclassic.com

www.burmeseclassic.com



အမြောက်ဆိုး ရှာသွန်းခြင်း ပိုမိုပြင်းထန်လာသည်။ မိုးချုန်းသံ အဆက်မပြတ် ဖြစ်သည်။ နံရံများ အဆက်မပြတ်လို တုန်ခါနေသည်။ စားသောက်ဆိုင်အတွင်း ရှိ အခြေအနေ ဆိုးရွားလျက် ရှိသည်။ အခန်းထဲတွင် လူတွေ ပြည့်ကျပ်ပြီး ကျွက်ကျွက်ဆူနေသည့် အမှုသမားတွေ ဟိုနားမှာ တစ်ယောက်၊ ဒီနားမှာ တစ်ယောက် လဲနေသည်။

နောက် ၂ နာရီခန့် အကြာတွင် ရက်တင်ဟူးဗားး ပြန်လာသောအခါ ရစ်တာနှင့် ဟော့ဖာတို့သည် နောက်ပိုင်း စားပွဲတစ်ခုတွင် ရှိနေကြဆဲပင် ဖြစ်သည်။ စစ်တုရင် ထိုးနေကြသည်။

''ကျုပ် ထိုင်လို့ ရမလား''

ရက်တင်ဟူးဗားက မေးလိုက်သည်။

''ထိုင်ပါ''

ရစ်တာက မော့ကြည့်ရင်း ပြောသည်။

ပြင်းထန်သော ပေါက်ကွဲသံကြီးကြောင့် တစ်ခန်းလုံး ဘုန်ခါသွားသည်ကို ရက်တင်ဟူးဗားက ဝေ့ကြည့်လိုက်ပြီး-

''ဒီအသံကို ကျုပ် မကြိုက်ပါဘူး၊ ကျုပ်တို့ ဒီနေရာမှာ အန္တရာယ်ကင်းပါ့မလား ဗိုလ်မှူး''

ရစ်တာက ဟော့ဖာကို ကြည့်လိုက်ပြီး-

''ဘယ့်နှယ်လဲ အားရစ်''

ဟော့ဖာ ပခုံးတွန့်လိုက်ပြီး-

''သူတို့မှာ အကြီးဆုံးက တစ်ဆယ့် ခုနစ် ဒသမ ငါးပဲ၊ ဒီကောင်တွေက ဒီနေရာထိအောင် မရောက်နိုင်ပါဘူး''

''ဒါဆိုရင်တော့ စိတ်အေးစရာပဲ''

ရက်တင်ဟူးဗားက သူတို့နှစ်ယောက်ကို စီးကရက် တည်သည်။

ရစ်တာက-

''ခပ်စောစောက ထူးဆန်းတာ တစ်ခု ဟော့ဖာ မြင်လိုက်ရတယ်၊ ဗိုလ်ချုပ်ကြီး ဖက်ဂီလိန်ကို စကြ်ာလမ်းအတိုင်း အစောင့်အရှောက်တွေနဲ့ ခေါ်သွားတယ်၊ သူ့ရာထူးတံဆိပ်တွေကို ဖြုတ်ထားတယ်''

''ဟုတ်တယ်၊ စိတ်မကောင်းစရာပဲ၊ ရှက်စရာလည်း ကောင်းတယ်။ သူ မနေ့က ထွက်ပြေးတယ်၊ သူ ပျောက်နေတာကို အဓိပတိကြီး သိသွားတော့ သူ့ကို ရှာဖို့ တပ်ဖွဲ့တစ်ဖွဲ့ လွှတ်လိုက်တယ်၊ သူ့ကို သူ့အိမ်မှာ အရပ်ဝတ်အရပ်စားနဲ့ တွေ့ရတယ်၊ မိန်းမတစ်ယောက်နဲ့အတူ တွေ့ရတယ်၊ သူ့ကို အပြင်ခေါ်သွားပြီး လွန်ခဲ့တဲ့ နာရီဝက်လောက်ကပဲ ပစ်သတ်လိုက်ကြပြီ''

ရစ်တာက တစ်စုံတစ်ရာ စိတ်လှုပ်ရှားဟန်မပြဘဲ-



''ဗိုလ်မှူးကြီး ပြောတဲ့အတိုင်းဆိုရင်တော့ သူ့ကို ဒီလိုလုပ်ဖို့ပဲ ရှိတာပဲ''

''ကျုပ်တို့ဟာ အခုလို အချိန်မျိုးမှာ ယူနီဖောင်းကို ချွတ်ပြီး ထွက်သွားဖို့ မဖြစ်နိုင်ဘူး၊ ဘယ်သူမှ ထွက်သွားလို့ မရဘူး''

ရက်တင်ဟူးဗားက နောက်ထပ် စီးကရက်တစ်လိမ် မီးညှိပြီး-

''ဒါနဲ့ ဗိုလ်မှူးကို ဌာနမှူးကြီးက တွေ့ချင်တယ်၊ ခဏကလေးနေရင်ပေါ့၊ အဲဒါ ဗိုလ်မှူး အဆင်သင့် လုပ်ထားစေချင်တယ်''

''ဟုတ်ကဲ့ ဗိုလ်မှူးကြီး၊ ဌာနကြီးမှူးရဲ့ အမိန့်အတိုင်းပါပဲ''

ရစ်တာ မထေ့တထေ့လေး ပြုံးလိုက်ပြီး-

''နောက်ကော ဘာရှိသေးသလဲ ဗိုလ်မှူးကြီး''

ရက်တင်ဟူးဗားသည် မိမိကို သွားတော့ဟု အပြောခံရသလိုလို ခံစားမိသည်။ သို့ဖြင့် လျှင်မြန်စွာ ပြောလိုက်သည်။

''မရှိပါဘူး၊ ဗိုလ်မှူးကို ကျုပ် ဒီမှာပဲ လာခေါ်မယ်''

ထိုအချိန်တွင် အခန်းတွင်းသို့ အကူရဲဘော်တစ်ယောက် ဝင်လာသည်။ အခန်းကို ကြည့်သည်။ ထိုနောက် သူတို့ကို ခေါင်းညွှတ်ပြီး အလေးပြုသည်။ သူက ခြေစုံရိုက်လိုက်ပြီး ရက်တင်ဟူးဗားကို စာရွက်တစ်ရွက် ပေးသည်။ ရက်တင်ဟူးဗား ဖတ်သည်။ သူ့မျက်နှာ ပြုံးရွှင်လာသည်။ သူက အကူအရဲဘော်ကို သွားရန် လက်ရိပ်ပြလိုက်သည်။

''သတင်းကောင်းပါပဲ၊ ဗိုလ်ချုပ်ကြီး ဗွန်ဂရိန်နဲ့ ဟန်နာရိုက်တို့ စီးလာတဲ့ လေယာဉ်ပျံကလေး မနေ့ကပဲ အမြောက်ဆန်မိပြီး ပျက်စီးသွားပြီ''

''ဒီလိုဆိုရင် ဗိုလ်ချုပ်ကြီးလည်း ဒီမှာ ထာဝရနေသည့်သည် ဖြစ်သွားပြီပေါ့၊ အင်း…ကံဆိုးတာပဲ''

''မဟုတ်ဘူး… ကနေ့ ညနေပဲ တခြား လေယာဉ်တစ်စင်းနဲ့ သူ ထွက်သွားပြီ၊ ကျုပ် သွားလိုက်ဦးမယ်၊ ဒီသတင်းကို ဌာနချုပ်မှူးကြီး၊ အဓိပတိကြီးရော ကြားချင်ကြမှာပဲ''

သူ ထွက်သွားသည်။

''ဗိုလ်မှူးကို သူ ဘာကိစ္စ တွေ့ချင်တာလဲ''

ဟော့ဖာက နားမလည်ဟန်ဖြင့် မေးလိုက်သည်။

''သူနဲ့ တွေ့တဲ့အခါကျရင် သိရမှာပဲ''

ဖို့နောက် ရစ်တာသည် စစ်တုရင်ခုံကို ခေါင်းညိတ်ပြလိုက်ပြီး-

''ကဲ… မောင်ရင့်အလှည့်''

www.burmeseclassic.com

www.burmeseclassic.com



သသန်းခေါင်ကျော်-အချိန်တွင် မြို့တော် အတိုင်ပင်ခံလူကြီး ဝေါလတာဝှန်သည် အစောင့်အရှောက်များ လိုက်ပါခြံရံလျက် မြေအောက် ဌာနချုပ်စခန်းသို့ ရောက်ရှိလာသည်။ သူက ဘာဖြစ်သည်ကို သဲသဲကွဲကွဲ မသိရှိဘဲနှင့် ည ၁ နာရီလောက်တွင် အဒေါ့ဟာစ်တလာနှင့် အီဗာဘရန်တို့ကို လက်ထပ်ပေးရသည်။ အသိသက်သေ နှစ်ဦးသာ ရှိသည်။ မာတင်ဘိုးမန်းနှင့် ဝါဒဖြန့်ချိရေးဝန်ကြီး ဂျိုးဇက်ဂိုဘဲတို့ ဖြစ်သည်။

မင်္ဂလာနံနက်စာ စားပွဲကို ချက်ချင်းပင် တည်ခင်းသည်။ ရှန်ပိန်အရက် ဖောသီစွာနှင့် ဖြစ်သည်။ ည ၂ နာရီလောက်တွင် အဓိပတိကြီးသည် ကပ်လျက် ရှိသော အခန်းတစ်ခုသို့ သွားရောက်ပြီး သူ၏ သေတန်းစာကို နှုတ်မှ အမိန့်ပေး ပြောဆိုသည်။ ထိုအချိန်တွင် သင့်လျော်သည့် အခြေအနေကို စောင့်ဆိုင်းနေသော ဘိုးမန်း အခန်းထဲမှ ထွက်လာသည်။

ရက်တင်ဟူးဗားက အပြင်ဘက်စင်္ကြံမှ စောင့်ဆိုင်းလျက် ရှိသည်။

"ကဲ... အခြေအနေတော့ ပေးပြီ၊ ရစ်တာကို ကျုပ် တွေ့မယ်၊ သူ့ကို ခေါ်ခဲ့ပါတော့ ဗိုလီ"

ရက်တင်ဟူးဗားက ရစ်တာကို ရုံးခန်းအတွင်းသို့ ခေါ်ဆောင်လာချိန်တွင် ရန်သူ၏ အမြောက်ဒဏ် အထူးပင် ပြင်းထန်စွာ ထွက်ပေါ်လာသည်။ ဌာနချုပ်မှူးသည် လေဝင်ပေါက်မှ နေ၍ လွင့်ပျံလာသော ဖုန်မှုန့်နှင့် မီးခိုးများကို မော့ကြည့်ပြီး-

"ဒီလိုမျိုး ဖြစ်နေတာ ရက်ပေါင်းများစွာသာ မကြာသေးဘူး ဆိုရင်တော့ ကျုပ် လန့်မိမှာ အမှန်ပဲ"

"မကောင်းတာတော့ အမှန်ပါပဲ"

ရစ်တာက ပြောလိုက်သည်။

"ဒီအချိန်မှာတော့ ဘာလင်မြို့မှာ ဘယ်နေရာမှ မကောင်းပါဘူး"

ရင်တင်ဟူးဗားက တံခါးအနီးတွင် နေရာယူလျက် ရှိသည်။ မာတင်ဘိုးမန်းသည် သူ့ရှေ့မှ နာဇီတပ်မှူးကလေးကို အတန်ကြာမျှ ငေးစိုက်ပြီး ကြည့်နေသည်။ ပြီးမှ-

"ဗိုလ်မှူး၊ ဘာလင်မြို့က ထွက်မသွားချင်ဘူးလား"

ရစ်တာက ပြုံးလိုက်ပြီး-

"ကျွန်တော် သွားချင်တာ အမှန်ပါပဲ ခင်ဗျာ၊ ဒါပေမဲ့ ဘယ်လိုမှလည်း မဖြစ်နိုင်ပါဘူး"



"ဘာမဆို ရင်ဆိုင်ရဲတဲ့ လူတွေအဖို့ ဘာမဆို ဖြစ်နိုင်ပါတယ်၊ ဗိုလ်မှူးဟာ အဲဒီလို လူမျိုးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျုပ် ထင်တယ်"

"ပြောနိုင်ပါတယ်"

"ကောင်းတယ်၊ ကျုပ်တို့ အကောင်အထည် ဖော်ကြည့်ကြရအောင်၊ အဲ့ ခင်ဗျားရဲ့လူ ဟောဒ်ဟာ၊ သူ့ကို ယုံရရဲ့လား"

"အသက်နဲ့ လဲပြီး ယုံရပါတယ်၊ သူ့ရဲ့ နိုင်ငံရေး ယုံကြည်ချက်ကိုတော့ ကျွန်တော် မဆိုလိုပါဘူး၊ အခုလို အချိန်မျိုးမှာပေါ့"

"ဟုတ်ပြီ၊ ကျုပ် သဘောကျပြီ"

ထို့နောက် ဘိုးမန်းသည် သူ့ရှေ့တွင် ဖြန့်ထားသော မြေပုံကို ကြည့်လျက်-

"ဒီဒေသကို ဗိုလ်မှူး သိသလား၊ အင်းဘရပ်ရဲ့ အနောက်မြောက် အင်းမြစ်ပေါ်မှာ..."

"ကျွန်တော် သိပါတယ်၊ ကျွန်တော် ထွက်လာတုန်းက ကျွန်တော့်ရဲ့ တပ်ဟာ အဲဒီဒေသမှာ ရှိပါတယ်၊ မိုင် ၅၀ လောက် အကွာမှာပေါ့"

ဘိုးမန်းက-

"အခု မရှိတော့ဘူး၊ သူတို့အထဲက ကျန်တဲ့ လူတွေကိုလည်း မနေ့နက်ကပဲ အဲဒီကနေ မိုင်တစ်ရာလောက် ဝေးတဲ့ နေရာမှ အမေရိကန် ဆဌမ တပ်မတော်က ချေမှုန်းပစ်လိုက်ပြီ"

ရစ်တာသည် သူ၏ တပ်ရင်း၊ တပ်ရင်းမှူးနှင့် ရဲဘော်များကို သတိရမိသဖြင့် ဘိုးမင်း၏ အသံကို ခေတ္တမျှ မကြားတော့ဘဲ ဖြစ်သွားသည်။ အတန်ကြာမှ ဘိုးမန်း၏ စကားကို ရုတ်တရက် ပြန်ပြီး ကြားလိုက်ရသည်။

"ဗိုလ်မှူး စိတ်ထိခိုက်သွားတဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ မကြာခဏ ကြားနေရတဲ့ ဓာတ်လမ်းဟောင်းတွေပါပဲ၊ ဆက်ပြီး အမိန့်ရှိပါ ခင်ဗျာ"

ရစ်တာက ပြောလိုက်သည်။

"ဟုတ်ပြီ၊ အင်းဘရပ်၊ အော်လဘတ်နဲ့ ကလာဂျင်ဘက်ကြားမှာ ရှိတဲ့ ဒေသဟာ အခုအချိန်အထိ ကျုပ်တို့ လက်ထဲမှာပဲ ရှိနေတယ်၊ ဒါပေမဲ့ အခြေတော့ မခိုင်ဘူးပေါ့၊ ရန်သူက အထူးသတိထားပြီး တိုးဝင်နေတယ်၊ ဘာပြု လို့တုန်းဆိုတော့ ကျုပ်တို့ရဲ့ အယ်လပိုင်ခံတပ်ကြီး အခိုင်အမာ ရှိနေတယ်ဆိုတဲ့ သတင်းကြောင့်ပဲ၊ ဒါပေမဲ့ အခြေအနေမှန်ကို သူတို့ သိသွားတာနဲ့ တစ်ပြိုင်နက် တစ်ခါတည်း ဖောက်ဝင်သွားမှာပဲ"

"အချိန်မရွေး ဖောက်ဝင်သွားနိုင်တဲ့ အခြေအနေ ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



''ရှိတယ်၊ ဒါကြောင့်မို့ ကျုပ်တို့ လုပ်စရာရှိတာကို မြန်မြန်လုပ်ကြ ရမယ်''

''ကျွန်တော်တို့ ဘာလုပ်ကြရမလဲ''

ဘိုးမန်းက ခဲတံတစ်ချောင်းကို ကောက်ယူလိုက်ပြီး အေလဘတ် နေရာတွင် စက်ဝိုင်းတစ်ခု ဝိုင်းလိုက်သည်။

''အင်းမြစ်ကမ်းပေါ်မှာ ရှိတဲ့ ဟောဒီ အေလဘတ်ရဲတိုက်ကြီးမှာ အရေးကြီးတဲ့ အကျဉ်းသား ၅ ယောက် ရှိတယ်၊ တစ်ယောက်က အမေရိကန် ဗိုလ်ချုပ်ကြီးပဲ၊ ကျန်တဲ့ လူ ၄ ယောက်အကြောင်းတော့ ဗိုလ်မှူး လောလော ဆယ် သိဖို့ မလိုသေးဘူး၊ အရေးကြီးတာက သူတို့ တစ်ယောက်စီဟာ သူတို့ နိုင်ငံအတွက် အရေးပါတဲ့ လူတွေဆိုတာ သိထားဖို့ပဲ၊ သူတို့ရဲ့ မှတ်တမ်းဖိုင်တွေ ကို ဗိုလ်မှူး နောက်ကျတော့ ဖတ်ကြည့်ပေါ့''

''တဆိတ် ခင်ဗျား၊ ဌာနချုပ်မှူး အခုပြောနေပုံက အဲဒီကို ကျွန်တော် သွားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ သေချာပေါက် ထည့်တွက်ထားတဲ့ သဘောပဲ ဒါပေမဲ့ ပထမဆုံး အရေးကြီးတာက ဘာလင်မြို့ထဲက ထွက်သွားနိုင်ဖို့ပဲ''

''မှန်တယ်''

''ဘယ်လိုလုပ်ပြီးထွက်သွားနိုင်မလဲ''

''ဗိုလ်ချုပ်ကြီး ဗွန်ဂရိန်နဲ့ ဟန်နာရိုက်တို့ စီးလာတဲ့ ဖိုက်ဆယ်လာ စတော့ လေယာဉ်ပျံ မနေ့က အမြောက်ဆန်ထိပြီး ပျက်သွားတယ်ဆိုတာ ဗိုလ်မှူး ကြားမှာပေါ့''

''ဟုတ်ကဲ့ ကြားပါတယ်၊ သူတို့ မနေ့ညက အာရာဒို လေ့ကျင့်ရေး လေ့ယာဉ်ကလေးနဲ့ ပြန်သွားကြရတယ်လို့ သိရပါတယ်''

ထိုစဉ်မှာပင် ရစ်တာသည် ရုတ်တရက် သဘောပေါက်သွားဟန်ဖြင့်-

''ဩော်... ကျွန်တော် သိပြီ၊ ဖိုက်ဆယ်လာစတော့ဟာ...''

''မော်တော်ကား ဆိုင်တစ်ခုရဲ့ နောက်ဘက် ကားဂိုဒေါင်ထဲမှာ ရှိနေ တယ်၊ အဲဒီနေရာရဲ့ လိပ်စာကို ကျုပ် ပေးလိုက်မယ်၊ ဗိုလ်မှူးတို့ ကနေ့ည ဖြစ်စေ၊ ဒါမှမဟုတ် မနက်ဖြန်ည သန်းခေါင်လောက်မှ ဖြစ်စေ သွားကြဖို့ပဲ၊ ရုရှ အမြောက်တွေကို ရှောင်ဖို့ အကောင်းဆုံးအချိန်ကတော့ ညသန်းခေါင်ကျော်ပဲ အေလဘတ်နဲ့ ၁၀ မိုင်လောက်ဝေးတဲ့ ဟောဒီ အန်ဟိုင်းဆိုတဲ့ နေရာမှာ လေယာဉ်ကွင်းတစ်ခုရှိတယ်၊ စစ်ကြီး မဖြစ်ခင်တုန်းက အသက်ကယ်အဖွဲ့တွေ သုံးတဲ့ ကွင်းပဲ၊ အဲဒီမှာ အခု ဘယ်သူမှမရှိဘူး၊ ဗိုလ်မှူးတို့ မနက်စောစော ရောက်သွားမှာပဲ''

''ဟုတ်ကဲ့၊ အဲဒီကနေ ကျွန်တော် ဘာဆက်လုပ်ရမလဲ''

''အဲဒီမှာ ကား တွေ့မယ်၊ အားလုံး စီစဉ်ထားတယ်၊ ကျုပ်ဟာ ...ည်းရုံးရေးသမားတစ်ယောက် ဆိုတာ ကျုပ် ရန်သူတွေကတောင် အသိအမှတ်ပြုရတယ်''

ဘိုးမန်း ပြုံးလိုက်သည်။

''အဲဒီကနေပြီးတော့ အေလဘတ်ကို သွားရမယ်၊ ကျုပ်ပြောတဲ့ ...အကျဉ်းသား ၅ ယောက်ကို ခေါ်ပြီးတော့ အန်ဟိုင်းကို ပြန်လာရမယ်၊ အဲဒီနေ့မှာပဲ ...တို့ကို လေယာဉ်ပျံတစ်စင်းနဲ့ ခေါ်သွားမယ်၊ ဘာများ မေးစရာ ရှိသလဲ''

''အများကြီးပဲ၊ ဒီစစ်ဆင်ရေးရဲ့ ရည်ရွယ်ချက်က ဘာလဲ''

''အကျဉ်းသားတွေကို ပြောတာလား''

ဘိုးမန်းက လက်ကို ဝှေယမ်းပြလိုက်ပြီး-

''ထင်ရှားတဲ့ အကျဉ်းသားတွေကို သတ်ပစ်တယ်ဆိုတဲ့ ကောလာဟလ ...တွေကို ဗိုလ်မှူး ဘာမှ မစဉ်းစားပါနဲ့၊ အဓိပ္ပာယ်မရှိ ဖြုန်းတီးပစ်တာမျိုးကို ...ျုပ် ဘယ်တော့မှ မလိုလားဘူး၊ ရန်သူတွေနဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေး ...တဲ့အခါမှာ ဒီလူတွေဟာ အများကြီး အသုံးဝင်ပါလိမ့်မယ်''

''ဓားစာခံ ဆိုပါတော့''

''ပြောနိုင်ပါတယ်''

''ကောင်းပါပြီ၊ ရဲတိုက်မှာ ဘယ်လိုအခြေအနေတွေ ရှိသလဲ၊ ဘယ်သူ ... အုပ်ချုပ်နေသလဲ''

ရစ်တာက မေးလိုက်သည်။

''ဗိုလ်မှူးကြီး ဟက်ဆာ၊ လူကောင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ ခြေကျိုး ...တယ်၊ သူ့မှာ အဘိုးကြီး ၂၀ လောက် ရှိတယ်၊ အရန်တပ်သားတွေပဲ၊ ဘာ ...နိုးရိမ်စရာ မရှိဘူး''

''အကျဉ်းသားတွေကို ကျွန်တော့်လက်ထဲ လွှဲပေးဖို့ အမိန့်ကတော့ ...လိုက်မယ် မဟုတ်လား''

''အမိန့်ကြီးကိုယ်တိုင် လက်မှတ်ထိုးပြီး ပေးလိုက်မယ်''

''တကယ်လို့ သူက လွှဲမပေးဘူးလို့ ငြင်းဆန်နေရင် ဘာလုပ်ရမလဲ၊ ...ာက်နှစ်ကျော်ကျော် အမှုထမ်းလာပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် နားလည် ...တာကတော့ စစ်ဖြစ်နေတဲ့ အချိန်မှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိဘူး၊ ...းသဖြင့် ဆန့်ကျင်ဘက် အခြေအနေကို အမြဲတမ်း မျှော်လင့်ထားဖို့ လိုတယ်၊ ...တ်ဆုံး အခြေအနေအထိ တွက်ထားဖို့ လိုပါတယ်''

''ဗိုလ်မှူး ပြောတာ မှန်တယ်''

ဘိုးမန်းက မြေပုံကို ခဲတံဖြင့် ခေါက်လျက်။

www.burmeseclassic.com

www.burmeseclassic.com

"အန်ဟိုင်းရဲ့ အနောက်ဘက် ၁၀ မိုင်လောက်မှာ နာဇီတပ်ဖွဲ့တစ်ခု ရှိတယ်၊ နောက်ဆုံး ရတဲ့ သတင်းအရ ဆိုရင်တော့ လူ သုံး လေးဆယ်လောက် ရှိမယ်"

"သူတို့က ဂျာမန်တွေပဲလား"

"မဟုတ်ဘူး၊ ဒါပေမဲ့ ပထမတန်းတပ်ဖွဲ့တစ်ခုပဲ၊ ဖင်လန်လူမျိုးတွေပဲ စကီးတပ်ဖွဲ့ပဲ"

"ကြေးစားတွေပေါ့"

ရစ်တာက ပြောလိုက်သည်။

"ဟုတ်တယ်၊ သူတို့နဲ့ ချုပ်ထားတဲ့ စာချုပ်က မေလ ၁ ရက်နေ့ နံနက် ၉ နာရီမှာမှ ပြည့်မယ်၊ ဒီအတွင်းမှာ ကန်ထရိုက်ရဲ့ သဘောအရ သူတို့ကို ဗိုလ်မှူး သုံးနိုင်တယ်၊ သူတို့ကို သုံးပြီး အကျဉ်းသားတွေကို ရအောင် လုပ်နိုင်တယ်၊ ကျုပ် ပြောတာ သဘောပေါက်သလား"

"ဟုတ်ကဲ့"

"ဟုတ်ပြီ"

ဘိုးမန်းက ရစ်တာကို ဖိုင်ကလေးတစ်ခု ပေးသည်။

"ဗိုလ်မှူး လိုအပ်မယ့်ဟာတွေ အားလုံး ဒီထဲမှာ ပါတယ်၊ လေယာဉ်ရှိ ထားတဲ့ ကားကိုဒေါင် လိပ်စာက အစပေါ့၊ လေယာဉ်မှူးရဲ့ နာမည်က တာဂျ သူလည်း နာဇီတပ်ဖွဲ့ဝင်တစ်ယောက်ပဲ၊ ဒီကိစ္စအားလုံးကို ကျုပ်တို့ အတွင်းပိုင်း က တာဝန်ယူပြီး လုပ်တယ်ဆိုတာ ဗိုလ်မှူး သဘောပေါက်ရောပေါ့၊ သြော် အရေးကြီးတာ တစ်ခု ပြောစရာ ရှိတယ်"

"ဘာများလဲ ခင်ဗျာ၊ အမိန့်ရှိပါဦး"

"ဗိုလ်မှူးတို့နဲ့အတူ လူတစ်ယောက် လိုက်လာလိမ့်မယ်၊ ကျုပ်ရဲ့ ကိုယ်စားလှယ်ပဲ၊ လုပ်ငန်းတွေအားလုံး အဆင်ပြေ ချောမောအောင် လိုက်လုပ် ပေးလိမ့်မယ်၊ သူ့နာမည်က ဟာစထရက်ဆာ၊ သူနဲ့ အစစအရာရာ တိုင်ပင်ပြီး လုပ်ပါ"

ရစ်တာသည် သူ့လက်ထဲတွင် တင်းကျပ်ဂျာ ဆုပ်ကိုင်ထားသော ဖိုင် ကလေးကို ငေးစိုက်ပြီး ကြည့်နေသည်။

"ဗိုလ်မှူး စိတ်ထဲမှာ ဘာတွေများ မရှင်းတာ ရှိနေသလဲ"

မာတင်ဘိုးမန်းက အေးဆေးစွာ မေးလိုက်သည်။

ရစ်တာက ခေါင်းမော့လိုက်ပြီး-

"အကျဉ်းသားတွေ၊ သူတို့ကို ဘာမှ မလုပ်ပါဘူးဆိုတဲ့ ကတိ၊ ဌာနချုပ် မှူးကြီး ကတိပေးစေချင်ပါတယ်၊ အခြေအနေ အားလုံးဟာလည်း ဌာနချုပ်မှူး ကြီး ပြောတဲ့အတိုင်း အတိအကျ ဖြစ်ဖို့ လိုပါတယ်"

"သြော်... ဗိုလ်မှူးရယ်"

ဘိုးမန်းသည် စားပွဲကို ကွေ့လျှောက်လာပြီး၊ ရစ်တာ၏ ပခုံးပေါ်တွင် လက်တစ်ဖက် တင်လိုက်သည်။

"ဘာမဆို မဟုတ်တာတွေ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ်ဟာ ဒီလို လူမျိုး မဟုတ်ပါဘူး၊ စိတ်ချပါ"

ရစ်တာက ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်ပြီးနောက်-

"အမိန့်အတိုင်းပါပဲ ဌာနချုပ်မှူးကြီး"

"ဟုတ်ပြီ၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျုပ်သာ ဗိုလ်မှူးနေရာမှာ ဆိုရင်တော့ တစ်ရေးလောက် ဝဝ အိပ်လိုက်မှာပဲ၊ မနက်ဖြန်ညနေမှာ ဗိုလ်မှူးနဲ့ ဟော့ဖာ ဒီက ထွက်သွားနိုင်ဖို့ ရက်တင်ဟူးဗားက ခွင့်ပြုအမိန့်ထုတ်ပေး လိမ့်မယ်၊ ဗိုလ်မှူးတို့ကို ကျုပ် ထပ်ပြီး တွေ့နိုင်တော့မယ် မထင်ဘူး၊ ဒါပေမဲ့ ကျုပ် တွေ့နိုင်အောင် ကြိုးစားပါ့မယ်၊ တကယ်လို့ မတွေ့ကြတော့ဘူးဆိုရင် တော့ ခုတစ်ခါတည်း နှုတ်ဆက်တာပဲ"

သူက လက်ဆန့်တန်းပေးသည်။ ရစ်တာ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ပြီးမှ လက်ဆွဲနှုတ်ဆက်သည်။ ရက်တင်ဟူးဗားက တံခါးဖွင့်ပေးသည်။ ရက်တင် ဟူးဗား တံခါးကို ပြန်ပိတ်လိုက်သောအခါ ဘိုးမန်းသည် စားပွဲကို ကွေ့လျှောက် သွားသည်။ စားပွဲ၏ တစ်ဖက်သို့ ရောက်ရှိသောအခါ ရက်တင်ဟူးဗားဘက်သို့ လှည့်လိုက်သည်။ သူ့မျက်နှာတွင် ထူးဆန်းသော အရိပ်အသွင်များ ပေါ်ထင်နေ သည်။

"ဘုရား... ဘုရား... ဝီလီရေ သူက ကျုပ်ကို ကျမ်းကျိန်ခိုင်းတယ်၊ ဒါမျိုးကို ဗိုလ်မှူးကြီး ကြားဖူးပါစ"

ဟော့ဖာသည် စားသောက်ဆိုင်မှ စောင့်ဆိုင်းလျက် ရှိသည်။ စားပွဲတွင် ရစ်တာ ထိုင်သောအခါ သူက စိတ်အားထက်သန်စွာဖြင့် ကုန်းငုံ့လိုက်ပြီး-

"ဘာတဲ့လဲ ဗိုလ်မှူး"

"ကိုယ်လည်း ဘာမှန်းတော့ သေသေချာချာ မသိဘူး အားရစ်၊ သူက တော့ ကိုယ့်ကို ပြောတာပဲ၊ ကိုယ့်ကို တာဝန်ပေးတာပဲ၊ ဘာပဲဖြစ်ဖြစ် အဖိုးတန် ဘာ တစ်ခုတော့ ရှိပါတယ်၊ အဲဒါကတော့..."

ရစ်တာ ရှေ့သို့ ကုန်းငုံ့လိုက်ပြီး လက်များ ဖိုင်ကလေးပေါ်တွင် တင် ကာ စတင်ပြောဆိုတော့သည်။ ■

www.burmeseclassic.com

www.burmeseclassic.com

- ၆ -

အောလဘတ်ဒေသတွင်ကား ငွေနှင်းများ ကျဝေနေဆဲ ဖြစ်သည်။ ရှီနက် တံခါး ခေါက်ပြီး ဗိုလ်မှူးကြီး၏ အခန်းတွင်းသို့ ဝင်ရောက်သွားသည်။ ဗိုလ်မှူးကြီး ဟက်ဆာသည် ပြတင်းပေါက်အနီးတွင် ရပ်ပြီး အောက်ဘက်ရှိ တောင်ကြားဒေသ ကို ကြည့်နေရာမှ လှည့်ပြီး စားပွဲဆီသို့ လျှောက်လာသည်။

''ဘယ့်နှယ်လဲ၊ အခြေအနေက ဒီအတိုင်းပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဗိုလ်မှူးကြီး၊ ဘာလင်ကို အဆက်အသွယ်လုပ်လို့ မရသေးပါဘူး''

''ရေဒီယိုကိစ္စကော''

''စတန်းလည်း ဒီအနားတစ်ဝိုက်မှာ ရှိတဲ့ ရွာတိုင်းကို သွားပြီး ရှာတာ ပဲ၊ ရွာတွေမှာ ဒီလို ရေဒီယိုမျိုးနဲ့ ဒီလို မီးသီးမျိုး ရှိတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဗိုလ်မှူးကြီး သိတဲ့အတိုင်းပဲ၊ ဒီဒေသမှာ ဒီလို ရေဒီယိုမျိုးတွေ မသုံးရဘူးလို့ လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက ပိတ်ပင်ထားခဲ့တော့ ရွာသားတွေဟာ သူတို့အပြစ် ဖြစ်မှာစိုးလို့ ရှိတယ်ဆိုတာ ဖွင့်မပြောရဲကြဘူး''

''ဒီလိုအခြေအနေမှာ ဒီလိုမျိုးပဲ ဖြစ်မှာပေါ့၊ အင်း··· ကျုပ်တို့ သေသေချာချာ ဆုံးဖြတ်ရမယ့် အချိန် ရောက်လာပြီပေါ့''

''မှန်ပါတယ် ဗိုလ်မှူးကြီး''

ဟက်ဆာ ခေတ္တမျှ တိတ်ဆိတ်စွာ ထိုင်နေသည်။ လက် မရှိသော အင်္ကျီလက်ကို ဆုပ်ကိုင်နေသည်။

''မနေ့က ကျုပ် ပြောခဲ့တဲ့အတိုင်းပဲ၊ အခုကိစ္စမှာ ကျုပ် အမိန့်ပေး နေတာ မဟုတ်ဘူး၊ နောက်ပြီးတော့ ဒီကိစ္စဟာ အင်မတန် အန္တရာယ်ကြီးတယ် ဆိုတာကို ထောက်မပြဘူးဆိုရင်လည်း ကျုပ် တာဝန်ပျက်ကွက်ရာ ကျလိမ့်မယ်၊ ဒီဒေသရဲ့ အခြေအနေ မခိုင်မာတဲ့အတွက် ဗိုလ်ကြီးဟာ ရန်သူတပ်ဖွဲ့တစ်ဖွဲ့နဲ့



ခါပြီး ပထမဆုံး သေနတ်နဲ့ အပစ်ခံရမယ်၊ ပြီးတော့မှ စစ်ဆေးမေးမြန်း လုပ်လိမ့်မယ်၊ ကျုပ် ပြောတာ သဘောပေါက်သလား''

''ကောင်းကောင်းကြီး သဘောပေါက်ပါတယ်''

''ဒါလည်းပဲ သွားမှာပဲလား''

''ဗိုလ်မှူးကြီးခင်ဗျာ၊ စစ်ရေးထောင့်ကနေ ကြည့်ရင် ကျွန်တော်ဟာ တိုးကြီးတစ်ယောက်ပါပဲ၊ ဒီလို တာဝန်မျိုးကို ထမ်းဆောင်ဖို့အတွက် အရွယ် နေပါပြီ၊ ကျွန်တော် နောက်ဆုံး တွေ့ခဲ့ရတဲ့ စစ်ပွဲဟာ ၁၉၁၈ ခုနှစ်က နောက်ဘက် စစ်မျက်နှာမှာပါပဲ၊ ဒါပေမဲ့ အခုကိစ္စမှာ ဗိုလ်မှူးကြီးကိုယ်တိုင် သွားဖို့လည်း မဖြစ်နိုင်ပါဘူး၊ နောက်ပြီးတော့ ဒီလို ကိစ္စမျိုးမှာ အခြားအဆင့် င်ဦးဦးကို လွှတ်ဖို့လည်း မရှိနိုင်ပါဘူး၊ ဗိုလ်မှူးကြီး ပြီးရင် အရာရှိဆိုလို့ တော် တစ်ယောက်ပဲ ရှိပါတယ်၊ ဒါကြောင့်မို့လို့ ဒီကိစ္စမှာ ကျွန်တော်တို့ ခြား ရွေးချယ်စရာ နည်းလမ်း မရှိပါဘူး''

''ဗိုလ်ကြီးနဲ့အတူ ဘယ်သူ့ကို ခေါ်သွားမလဲ''

''ရှမစ်ကို ခေါ်သွားမယ်လို့ အောက်မေ့ပါတယ်၊ သူလည်း ကျွန်တော် အသက်အတူတူပဲ၊ ဒါပေမဲ့ ဒရိုင်ဘာကောင်းတစ်ယောက်ပဲ၊ ကျွန်တော်တို့ ကားတစ်စီး ယူသွားမယ်''

''ကောင်းတယ်၊ ဟုတ်တယ်၊ ဗိုလ်ကြီး ပြောသလိုပဲ တခြား ရွေးစရာ မ်းမရှိဘူး၊ ဗိုလ်ချုပ်ကင်းနင်းနဲ့ ဗိုလ်မှူးကြီးဘီအားတို့ကို ခေါ်ခဲ့ပါ၊ သူတို့ကို ပ်ရဲ့ ဆုံးဖြတ်ချက် ပြောရမယ်''

''သူတို့ အပြင်မှာ ရှိနေကြပါတယ် ဗိုလ်မှူးကြီး''

ရှီနက် တံခါးဆီသို့ လျှောက်သွားသည်။ ဟက်ဆာက-

''ရှီနက်···''

''ဟုတ်ကဲ့ ဗိုလ်မှူးကြီး''

''ကျုပ် သဘောကျတယ်၊ ဗိုလ်ကြီးဟာ ရဲရင့်တဲ့ လူတစ်ယောက်ပဲ''

''ဒါတော့ မဟုတ်ဘူး ဗိုလ်မှူးကြီး၊ ကျွန်တော်ဟာ အင်မတန် ကြောက် လူတစ်ယောက်ပါ''

ရှီနက် ပြုံးလိုက်ပြီး ဆက်ပြောသည်။

''ကျွန်တော့်မှာ မိန်းမနဲ့ သမီးနှစ်ယောက် ရှိတယ်၊ ကျွန်တော် သူတို့ သိပ်ပြီး တွေ့ချင်တယ်၊ ကျွန်တော် အခု လုပ်တာဟာ သူတို့အတွက် လုပ် ပါ၊ ကျွန်တော်တို့အားလုံးအတွက် အကောင်းဆုံးပဲလို့လည်း ကျွန်တော် ထင် တယ်''

''ဗိုလ်ကြီး ပြောတာ မှန်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ရှိနက် အပြင်ထွက်သွားသည်။ အတန်ငယ် ကြာသောအခါ ကင်းနင်း... ဘီအားတို့ကို ခေါ်ဆောင်ပြီး ပြန်လည်ဝင်ရောက်လာသည်။

ဗိုလ်ချုပ်ကင်းနင်းက စိတ်အားထက်သန်စွာဖြင့် -

''ဗိုလ်မှူးကြီး ဆုံးဖြတ်ချက် ချပြီးပလား''

ဟက်ဆာ ခေါင်းညိတ်သည်။ ထို့နောက် လက်မှ နာရီကို ကြည့်ပြီး-

''၁၂ နာရီတိတိမှာ ဗိုလ်ကြီးရှိနက် သွားလိမ့်မယ်၊ စစ်ကားတစ်စီး... သွားမယ်၊ သူနဲ့အတူ ဒရိုင်ဘာတစ်ယောက် ခေါ်သွားမယ်၊ အင်းဘရပ်ဘက်မှာ မဟာမိတ်တပ်ဖွဲ့တစ်ဖွဲ့ကို တွေ့အောင် ရှာလိမ့်မယ်၊ ဟုတ်လား ဗိုလ်ကြီး''

''ဟုတ်ပါတယ် ဗိုလ်မှူးကြီး''

''ဗိုလ်မှူးကြီးရဲ့ မှန်ကန်မှုအတွက် ဘုရားသခင်ရဲ့ အလိုတော်ကို ချီးကျူး... ရမှာပဲ၊ ဒီအကြောင်းကို ကျုပ်တို့ မိတ်ဆွေတွေကို သွားပြောလို့ ဖြစ်မလား''

''ဘာဖြစ်လို့မဖြစ်ရမှာလဲ ခင်ဗျာ''

ကင်းနင်းနှင့် ဘီအားတို့ တံခါးဆီသို့ မျက်နှာမူလိုက်သည်။ ဟက်ဆာ... မတ်တတ် ထရပ်ပြီး-

''တစ်ခု ပြောရဦးမယ်''

''ဘာများလဲ''

''ဗိုလ်ကြီးရှိနက်နဲ့ တပ်ကြပ်ရှမစ်တို့ဟာ ဒီကိစ္စမှာ သူတို့ရဲ့ ကိုယ်ကျ... ကို စွန့်ပြီး ဆောင်ရွက်ကြရလိမ့်မယ်၊ ကျုပ် ပြောတာ သဘောပေါက်သလား''

ကင်းနင်း မျက်မှောင်ကြုတ်လိုက်သည်။ ဘီအားက ရှိနက်ထံ လက်... ဆန့်တန်းပေးလိုက်သည်။

''ကျွန်တော်တို့ ကောင်းကောင်း သဘောပေါက်ပါတယ်၊ အားလုံးရဲ့... ကိုယ်စား ကျွန်တော်က ဗိုလ်ကြီးကို ကျေးဇူးတင်ကြောင်း ပြောပါတယ်''

''အားလုံးအတွက် အသက်ရှင်နေဖို့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစား... ပါ့မယ် ဗိုလ်မှူးကြီး''

ရှိနက် ပြုံးပြီး ပြောလိုက်သည်။

ကင်းနင်းနှင့် ဘီအားတို့ ထမင်းစားခန်းအတွင်းသို့ ဝင်ရောက်သောအခါ ပေါ်ဂီလတ်နှင့် ကလဲယာတို့ ပြတင်းပေါက်အနီးတွင် ထိုင်နေကြသည်ကို တွေ့ရှိကြရသည်။ မဒမ်ရှီဗာလီယာက စန္ဒရားခုံတွင် ဖြစ်သည်။ အမျိုးသမီးကြီးက ကင်းနင်းတို့ကို တွေ့မြင်သောအခါ စန္ဒရား တီးနေသည်ကို ရုတ်ခြည်း ရပ်လိုက်သည်။



ဂီလတ် မတ်တတ် ရပ်လိုက်ပြီး-

''ဘယ်လိုလဲ''

''ပြီးသွားပြီ၊ အခု ၁၂ နာရီမှာ ရှိနက် သွားလိမ့်မယ်''

ကင်းနင်း မီးဖိုအနီးတွင် ရပ်ပြီး-

''ကံကောင်းရင်တော့ နာရီပိုင်းအတွင်း သူ ပြန်ရောက်လာမှာပဲ၊ ကနေ့ ညနေဆိုရင် ကျုပ်တို့အားလုံး လွတ်ပြီ''

ဘီအားက စီးကရက်တစ်လိပ် မီးညှိပြီး-

''နောက်တစ်နည်း ပြောရရင်တော့ လက်ရဲဇက်ရဲသမားတွေနဲ့ တွေ့... သွားရင် ညနေလောက်ဆိုရင် သူ သေပြီပဲ၊ အဲဒါကော ဗိုလ်ချုပ် စဉ်းစားမိ... သလား''

''အဓိပ္ပာယ်မရှိတာဘဲ၊ ရှိနက်ဟာ ပထမကမ္ဘာစစ်တုန်းက အနောက်... ဘက် စစ်မျက်နှာမှာ လေးနှစ် နေခဲ့တယ်၊ သုံးကြိမ်ဒဏ်ရာ ရခဲ့တယ်။ အခုအချိန်... မှာ သူ ဘာမှ မဖြစ်နိုင်ပါဘူး''

''ဒါပေမဲ့ မတော်တဆ ဖြစ်သွားရင် ကျွန်မတို့ ဘာလုပ်ကြမလဲ''

ကလဲယာက မီးဖိုအနီးသို့ လျှောက်လာပြီး ထိုင်ရင်း မေးသည်။

''အဲဒီလိုဆိုရင် ကျုပ်တို့ဟာ တစ်ခုခုကိုတော့ တိတိကျကျ လုပ်ကြ... ရတော့မှာ အမှန်ပဲ''

ကင်းနင်းက တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လျက် သူတို့... ဘက်သို့ လှည့်ပြီး ထပ်ဖြည့်ကာ ပြောသည်။

''ကျုပ် သိတာ တစ်ခုတော့ ရှိတယ်၊ ကျုပ်ကို ဒီကနေ တစ်ယောက်... ယောက်က ထုတ်သွားမယ်ဆိုရင်တော့ နာဇီပဲ ဖြစ်စေ ဘယ်သူပဲ ဖြစ်စေ မလွယ်... ဘူး ဆိုတာပဲ''

သူ တံခါးကို ပိတ်ပြီး ထွက်သွားသည်။

...ိုးမန်း၏ ရုံးခန်းသို့ ရက်တင်ဟူးဗား ဝင်ရောက်သွားသောအခါ စားပွဲတွင် ...ာနချုပ်မှူးကြီး စာရေးနေသည်ကို တွေ့ရသည်။

''ဝီလီရေ... ခဏနော်၊ မနေ့ညက ဒိုင်ယာရီရေးဖို့ မေ့သွားတယ်၊ ...ခ်ပတိကြီးနဲ့ အချိန်တော်တော်ကလေး ကြာသွားတယ်''

အတန်ကြာသောအခါ ဖောင်တိန်ကို သူ ချလိုက်ပြီး စာအုပ်ကို ပိတ်... ...်က်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ… ဝီလီ၊ အခြေအနေ ဘယ်လိုလဲ၊ စိတ်ဓာတ်အခြေအနေ ဘယ်လိုလဲ"

"စိတ်ဓာတ်၊ ဟုတ်လား ခင်ဗျာ"

ရက်တင်ဟူးဗား နိုးလိုးခုလု ဖြစ်သွားဟန် ရှိသည်။

"ဒီမှာ ကိုဖိန့်လူ၊ ဒီအခြေအနေမှာ ဘာမှ ဖုံးစရာဖိစရာ မလိုပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ၊ အမှန်အတိုင်း ပြောရရင်တော့ လုံးဝ ရှက်စရာကြီးပါပဲ၊ ကျွန်တော့်တစ်သက်မှာ ယူနီဖောင်းတွေနဲ့ လူ ဒါလောက်များများ အရက်မူးနေတာမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး၊ ကင်တင်းတစ်ခုလုံး အမူးသမားတွေနဲ့ ပြည့်နေတာပဲ၊ နောက်ပြီးတော့ မိန်းမတွေ အားလုံးလည်း တစ်ယောက်မှ မကောင်းကြတော့ဘူး၊ ကြည့်ရတာ အားလုံး မရှိတော့ဘူး၊ သွားပြီ အားလုံး သွားပြီ"

"ခင်ဗျား ဘယ်လို ထင်လဲ၊ ရုရှအမြောက်တွေ ဘာလို့ ရပ်သွားသလဲ၊ မြို့ထဲကို ရောက်နေတဲ့ သူတို့လူတွေကို ပြန်ထိကုန်မှာ စိုးလို့ပဲ၊ နောက်ဆုံးသတင်းအရဆိုရင် သူတို့ဟာ ဌာနချုပ်နဲ့ ပေထောင့်ခြောက်ရာလောက်ပဲ ဝေးတော့တယ်"

"ဝင့်ရဲ့ တပ်မတော်ကကော"

"ရိုင်မင်းရဲ့ တပ်မကြီးနဲ့ ဆက်ထားတုန်းပဲ၊ ဒါပေမဲ့ ဒါက ကျုပ်တို့အတွက် ဘာမှ အထောက်အကူ မရှိဘူး၊ ကျုပ်တို့အဖို့ ဇာတ်သိမ်းပြီ"

ရက်တင်ဟူးဗား တုန်လှုပ်ချောက်ချားဟန်ဖြင့်-

"ဇာတ်သိမ်းပြီ ဟုတ်လား"

"ဇာတ်သိမ်းတာ အတော်ကလေးတောင် ကြာသွားပြီဆိုတာ ခင်ဗျား မသိဘူးလား၊ ၂၂ ရက်နေ့က စတိန်းနာ ပြန်လည်ထိုးစစ် မစခင်ကတည်းက ကျုပ်တို့ စစ်ရှုံးပြီလို့ အဓိပတိကြီးက ကြေညာခဲ့တယ်၊ သူ ဘာလင်မှာ သေဖို့ ဆန္ဒရှိတယ်၊ လက်ထပ်တဲ့ပွဲမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ သူ ပြောခဲ့တယ်"

"ဘုရား… ဘုရား…"

ရက်တင်ဟူးဗားက ကြောက်လန့်စွာ ရွတ်ဆိုလိုက်သည်။

"ဒါဟာ ဂျာမန် ပြည်သူတွေအပေါ်မှာ သူ့အနေနဲ့ အတတ်နိုင်ဆုံး စွမ်းဆောင်တာပါပဲ"

ဘိုးမန်းသည် ရက်တင်ဟူးဗားက တစ်စုံတစ်ခု ဝေဖန်ပြောကြားမည်ကို စောင့်စားနေဟန် ရှိသည်။ ရက်တင်ဟူးဗားသည် သူ၏ သွေ့ခြောက်နေသော နှုတ်ခမ်းများကို လျှာဖြင့် တို့လျက်ရင်း-

"ဌာနချုပ်မှူးကြီးခင်ဗျာ"

"အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ အတွေးအခေါ်ပဲ၊ ယုံကြည်



ချက်အတွက် သေရတာဟာ အသက်ရှင်နေရတာထက် အရေးကြီးတယ်"

ဘိုးမန်းက ပြုံးလိုက်သည်။

"ဒါပေမဲ့ အရေးမပါလှတဲ့ လူတွေအတွက်တော့လည်း ဒီလိုမျိုး လုပ်စရာ မလိုပါဘူး၊ ဥပမာ စစ်အထဲမှာ ခင်ဗျားတို့ ပါစရာ မလိုပါဘူး"

"ကျွန်တော်… ဟုတ်လား ခင်ဗျာ၊ ကျွန်တော် ဘယ်လိုမှ နားမလည်ပါလား"

"ခင်ဗျားရဲ့ ကံကြမ္မာက အသက်ရှင်နေဖို့ပဲ ဝီလီ၊ ဒါ့ထက် ရှင်းအောင် ပြောရရင်တော့ ကနေ့ ညနေမှာ ခင်ဗျား ဒီက ထွက်သွားရမယ်"

ရက်တင်ဟူးဗားက သူ့ကို အံ့သြစွာ ကြည့်ပြီး-

"ဘာလင်ကနေ ထွက်သွားရမယ် ဟုတ်လား"

"အဓိပတိကြီးရဲ့ စစ်ဘက်လက်ထောက် ဂျီအန်မီယာနဲ့အတူ ထွက်သွားရမယ်၊ ဝါဒဖြန့်ချိရေးဝန်ကြီးဌာနက လိုရင့်နဲ့ အန်ဒါတို့လည်း ပါမယ်၊ သူတို့က အဓိပတိကြီးရဲ့ နိုင်ငံရေးစာတမ်းနဲ့ သေတမ်းစာကို ရေတပ်ဗိုလ်ချုပ်ကြီး ဒိုးနက်ဆီကို ပို့ပေးရမယ်၊ ကျုပ်က ခင်ဗျားကို ထည့်ပေးလိုက်ဖို့ ပြောတယ်၊ အဓိပတိကြီးက သဘောတူတယ်"

"ကျွန်တော်… ကျွန်တော့်ကို ဂုဏ်ပြု…"

"အမှန်ပဲ ဝီလီ၊ ဒိုးနက်ဆီကို ခင်ဗျား ရောက်တာ မရောက်တာက အဓိက မဟုတ်ဘူး၊ ခင်ဗျားအတွက် ဒါ့ထက် အရေးကြီးတဲ့ အလုပ် ရှိတယ်"

ဘိုးမန်းက အံဆွဲထဲမှ စာအိတ်ကို ထုတ်ယူပြီး ဖုန်ခါလိုက်သည်။

"ဒီကိစ္စက ဘာလင်က ခင်ဗျား ထွက်သွားဖို့အတွက် အရေးကြီးတဲ့ အလုပ်ပဲ၊ ဒိုးနက်ကိစ္စနဲ့ ဘာမှ မဆိုင်ဘူး"

အာလဘတ် ရဲတိုက်ကြီး၏ ဗဟိုကွင်းရင်ပြင်တွင်ကား ဗိုလ်ရှီနက်သည် ထွက်ခွာရန် ပြင်ဆင်လျက် ရှိသည်။ ၎င်းသည် စစ်ကားအနီးတွင် ရပ်လျက် ရှိသည်။ နှင်းဒဏ် လေဒဏ်ကို ကာကွယ်ရန်အတွက် ဂရိတ်ကုတ်အင်္ကျီကြီး၏ ကောလာကို ထောင်ထားသည်။ တပ်ကြပ်ရှမစ်က ကားအင်ဂျင်စက်ကို စစ်ဆေးလျက် ရှိသည်ကို စောင့်ဆိုင်းလျက် ရှိသည်။

"အခြေအနေအားလုံး ကောင်းရဲ့လား"

ရှီနက်က မေးလိုက်သည်။

"ကောင်းပါတယ် ဗိုလ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းတယ်''

''တစ်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ ဟက်ဆာ၊ ကင်းနင်းနှင့် ဘီအားတို့ တံခါးမကြီးမှ ဆင်းလာကြပြီး ရင်းပြင်အတွင်းသို့ လျှောက်လာနေကြသည်ကို တွေ့မြင်ရသည်။

''အားလုံး အဆင်သင့်ပဲလား ဗိုလ်ကြီး''

ဟက်ဆာက မေးလိုက်သည်။

''ဟုတ်ကဲ့၊ အားလုံး အဆင်သင့်ပါပဲ ဗိုလ်ကြီး''

''ဟုတ်ပြီ၊ ဗိုလ်ချုပ်ကင်းနင်းက ဗိုလ်ကြီးကို ပေးစရာတစ်ခု ရှိတယ်''

ကင်းနင်းက စာအိတ်တစ်အိတ် ပေးသည်။

''ဒီမှာ ဖြစ်နေတဲ့ အခြေအနေတွေကို ကျုပ် ရေးပေးလိုက်တဲ့စာပဲ ဗိုလ်ကြီး ပထမဆုံး တွေ့တဲ့ မဟာမိတ်အရာရှိတစ်ယောက်ကို ပေးပါ၊ ပြဿနာတွေ အားလုံး ပြေလည်လာလိမ့်မယ်''

''ဟုတ်ကဲ့ ဗိုလ်ချုပ်''

ရှီနက်က စာအိတ်ကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ခါးတွင် ပတ်ထားသော သေနတ်ခါးပတ်ကို ဖြုတ်လိုက်သည်။ သေနတ်ခါးပတ်ကို ဗိုလ်မှူးကြီး ဟက်ဆာသို့ လှမ်းပေးသည်။

''လက်ရှိအခြေအနေမှာ ဒီသေနတ် မလိုတော့ဘူး''

ထိုနောက် သူသည် ကားနောက်ပိုင်းတွင် တင်ထားသော ဂပ်ကြစ် ရှမစ်၏ သေနတ်ကိုလည်း ထုတ်ယူလိုက်ပြီး-

''ဒါလည်း အတူတူပဲပေါ့''

ဟက်ဆာ ခေတ္တမျှ တုံ့ဆိုင်းနေသည် ပြီးမှ သေနတ်များကို ယူလိုက်သည်။

''အင်း... မှန်ပါတယ်''

ရှီနက်က ရှမစ်ကို ခေါင်းညိတ်ပြလိုက်သည်။ ရှမစ် စက်နှိုးသည်။ ရှီနက်သည် သတိအနေအထား ပြုလိုက်ပြီးနောက် လှပခံ့ညားစွာ အလေးပြုလိုက်သည်။

''လေးစားပါတယ် ဗိုလ်မှူးကြီး၊ လေးစားပါတယ် လူကြီးမင်း ခင်ဗျာ''

ဟက်ဆာနှင့် ကင်းနင်းတို့က ပြန်လည်တုံ့ပြန်ကြသည်။ ရှီနက် ကားအတွင်းသို့ ဝင်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ရှမစ် ကားမောင်းထွက်၍ ကားသည် ကျုံးတံတားကို ဖြတ်ကျော်ပြီးနောက် လမ်းအကွေ့တွင် ပျောက်ဝင်သွားတော့သည်။

ကားစက်သံ ဝေးပြီး ပျောက်သွားသောအခါ ဘီအားက-

''ကျွန်တော် တစ်ခု စဉ်းစားမိတယ်''

''ဘာများလဲ''

ကင်းနင်းက မေးသည်။

''ရှီနက်တို့ ဂျာမန်တပ်က တွေ့ပြီး၊ ရှီနက်ရဲ့ ကိုယ်ပေါ်က စာကို တွေ့သွားရင် အခြေအနေ မကောင်းမှာတော့ သေချာတယ်''

''ဒါကို ကျုပ် သိပါတယ်၊ ဒီစာကို ရေးကတည်းက ကျုပ် စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ဟာ ဒီအခြေအနေမှာ ဒါလောက်တော့ စွန့်စားကြရမှာပဲ''

ကင်းနင်းက ခပ်ပြတ်ပြတ် ပြောပြီး ရဲတိုက်ကြီးဆီသို့ လျှောက်သွားသည်။

ညနေ ၄ နာရီ အချိန်လောက်တွင် ရက်တင်ဟူးဗားသည် ရစ်တာနှင့် ဟော့ဖာတို့ကို မြို့အောက်ဌာနချုပ်၏ တံခါးပေါက်ဆီသို့ ခေါ်ဆောင်သွားသည်။ ၎င်းတို့သည် ကိုယ်ဖျောက်ဝတ်စုံကို ဝတ်ဆင်ပြီး ခေါင်းတွင် သံခမောက်များ ဆောင်းထားကြသည်။ ၎င်းပြင် လမ်းခရီးအတွက် လိုအပ်သော ရိက္ခာ တစ်အိတ်စီနှင့် ဖြစ်သည်။ သူတို့၏ ခါးတွင် မောင်းပြန်ပစ္စတိုများ ချိတ်ဆွဲထားကြပြီး ခြေထောက်နှစ်ဖက်တွင်လည်း လက်ပစ်ဗုံး တစ်လုံးစီ တပ်ဆင်ထားကြသည်။

ရန်သူတို့၏ အမြောက်သံကား တရစပ် ပေါ်ထွက်ဆဲပင် ဖြစ်သည်။ မိုဒယ်ပလာအနီးဆီမှ ပြင်းထန်သော တိုက်ပွဲသံများကိုလည်း ကြားနေရသည်။

ရက်တင်ဟူးဗားက ရစ်တာ၏ ပခုံးပေါ်တွင် လက်တစ်ဖက် တင်လိုက်ပြီး-

''ကျုပ် ပြောနိုင်တာကတော့ ဗိုလ်မှူးတို့ ကံကောင်းပါစေ၊ ဗိုလ်မှူးတို့နဲ့အတူ ဘုရားသခင် ရှိပါစေ ဆိုတာပဲ''

ဘုရားသခင်...။

ဘုရားသခင်သည် မိမိ၏ဘက်တွင် ရှိချေသလောဟု ရစ်တာ တွေးလိုက်သည်။ ရစ်တာ ပြုံးလိုက်သည်။ ထို့နောက် ဟော့ဖာ၏ ပခုံးကို ပုတ်လိုက်ပြီး ဆိုနေရာမှ ထွက်ခွာသည်။

စက်သေနတ်သံ ပေါ်ထွက်လာသည်။ ရစ်တာတို့ မြေကြီးပေါ်တွင် ပြားပြားဝပ်သွားကြသည်ကို ရက်တင်ဟူးဗား တွေ့မြင်လိုက်ရသည်။ ခဏ ကြာသောအခါ ရစ်တာနှင့် ဟော့ဖာတို့သည် မြေပြင်တွင် ဝပ်နေရာမှ ထပြီး မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင်ရှိ အဆောက်အအုံပျက်ကြီး တစ်ခုအတွင်းသို့ ပြေးဝင်သွားကြသည်။

အမှောင်ရိပ်အတွင်းမှ ဘိုးမန်း ထွက်လာသည်။

"သူတို့ သွားကြပြီပေါ့ ဟုတ်လား ဗိုလ်မှူး"

"ဟုတ်ပါတယ်၊ ဌာနချုပ်မှူးကြီး"

ဘိုးမန်းက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။

"ကျူပ် အပြင်ကို သွားဖို့ အချိန် ၃ နာရီလောက်တော့ ရမယ်၊ ဗိုလ်မှူးလည်း တခြား သွားစရာရှိတယ်ဆိုရင် အဲဒီအချိန်တော့ ရောက်အောင် ပြန်လာခဲ့ပေါ့၊ အဲဒီအချိန်မှာ ဗိုလ်မှူးလည်း သွားရမယ်၊ ကဲ အချိန်ရှိတုန်း မြန်မြန်ကလေး သွားလိုက်ကြစို့"

"ဟုတ်ကဲ့"

ကားဂိုဒေါင်ဆီသို့ ရက်တင်ဟူးဗား ခပ်သုတ်သုတ် လျှောက်သွားသည်။ ခဏကြာသောအခါ ကားစက်နှိုးသံ ပေါ်ထွက်လာသည်။ စစ်ကားတစ်စီးကို ရက်တင်ဟူးဗား မောင်းပြီး ထွက်လာသည်။ ကားနောက်ပိုင်းတွင် အင်မ်ကို ၃၄ အမျိုးအစား စက်သေနတ်တစ်လက် ရှိသည်။ ကားပေါ်သို့ ဘိုးမန်း တက်သည်။ ရက်တင်ဟူးဗား ခေါင်းတွင် သံခမောက် ဆောင်းထားသည်။ ဘိုးမန်းသို့ လည်း သံခမောက်တစ်လုံး ပေးသည်။

ဘိုးမန်းက ခေါင်းကို ယမ်းခါလိုက်သည်။

"တကယ်လို့ ကျူပ်ကို ကျည်တစ်တောင့် မှန်စရာ ရှိတယ်ဆိုရင် ဒီသံခမောက်က ဘာမှ မတတ်နိုင်ပါဘူး၊ ၁၉၁၈ ခု နောက်ပိုင်းမှာ ကျူပ် တစ်ခါမှ သံခမောက် မဆောင်းခဲ့ဘူး၊ ကဲ သွားကြစို့၊ ကျူပ်တို့မှာ အချိန်မရှိဘူး"

တိုက်ဂါတန်ကို လွန်သောအခါ ရစ်တာနှင့် ဟော့ဖာတို့သည် လူနေတိုက်တန်းများ ကို ဖြတ်ကျော်ကာ အသော့အနင် သွားကြရသည်။ သူတို့၏ ပတ်ပတ်လည်တွင် မော်တာကျည်ဆန်များ မပြတ် ကျရောက်လျက် ရှိသည်။ ထိုမျှမကပါ ရုရှ လေယာဉ်များသည် တိုက်ခေါင်မိုးများပေါ်တွင် ခပ်နိမ့်နိမ့်ကလေး ပျံသန်းလာကြပြီး မြင်မြင်သမျှကို ပစ်ခတ်ကြသည်။

ရစ်တာတို့သည် တံခါးပေါက်တစ်ခုအတွင်းသို့ ပြေးဝင် ပုန်းအောင်းကြ ရသည်။ သူတို့အနီးတွင် သဲအိတ်များ ထပ်ကာသော ခံကတုတ်တစ်ခု ရှိသည်။ ကတုတ်အတွင်းမှနေ၍ ဟစ်တလာ လူငယ်ကလေးများက စက်သေနတ်ဖြင့် ချိန်ပစ်ခတ်လျက် ရှိကြသည်။ သို့သော် သူတို့၏ ပစ်ခတ်မှုသည် ထိရောက်မှု



[illegible]ချေ။

"ဘုရား… ဘုရား… ကလေးလေးတွေ စစ်သားလုပ်တမ်း ကစား [illegible]ကြတာပါလား"

ဟော့ဖာက စက်ဆုပ်ဟန်ဖြင့် ပြောလိုက်သည်။

"သူတို့ဟာ အသက်စွန့်ဖို့ အဆင်သင့်ပဲ၊ သူတို့က အခုထက်ထိ [illegible]ကြည်ချက်တွေနဲ့ပဲ အားရစ်"

ရစ်တာက ပြန်ပြောသည်။

ထို့နောက် ရစ်တာသည် ရက်တင်ဟူးဗား ပေးလိုက်သော မြေပုံကို [illegible]ရှုလျက်ရှိသည်။ ဟော့ဖာက သူ့အနီးတွင် ကပ်လျက် ရှိသည်။

"ဗိုလ်မှူး… ကျွန်တော်တို့ ဘာလုပ်နေကြတာလဲ၊ ဘာအဓိပ္ပာယ်လဲ"

"အသက်ရှင်ရေးပဲပေါ့ အားရစ်၊ အသက်ရှင်ရေးအတွက် ကိုယ်တို့ [illegible]နေကြတာပဲပေါ့၊ ဘာဖြစ်မလဲ ဆိုတာတော့ ဘယ်သူမှ မပြောနိုင်ဘူးပေါ့၊ [illegible]ပေမဲ့ စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပဲ"

"ဗိုလ်မှူး တစ်ခုခုကို နောက်နေတာ မဟုတ်လား၊ ဒါကြောင့်မို့ [illegible]မှူးရဲ့ ပါးစပ်က ပြုံးနေတာပဲ မဟုတ်လား"

"ကိုယ် သေသွားတဲ့အထိ ပြုံးနေမှာတော့ အမှန်ပဲ အားရစ်၊ ကဲ [illegible]လိုက်ကြဦးစို့၊ နောက်ထပ် နှစ်ဖာလုံလောက် သွားကြရဦးမယ်"

သူတို့ တစ်လမ်းပြီး တစ်လမ်း လျှောက်သွားကြသည်။ ဗုံးကျင်းတစ်ခုမှ [illegible]ခုသို့ ခုန်ပြောင်းကြရသည်။ လမ်းတွင် ထိတ်လန့်ကြောက်ရွံ့လျက် ရှိသော [illegible]များနှင့် ကလေးများကို တွေ့ရသည်။ မြို့စောင့်တပ်သား အဘိုးကြီးများကို [illegible]ကျန်းက ထလာသော လူသေကောင်များပမာ တွေ့ရှိကြရသည်။

နောက်ဆုံးတွင် သူတို့သည် အရှေ့ အနောက် ရိပ်သာလမ်းသို့ ရောက် [illegible]ကြသည်။ သည်နေရာ ဘစ်ဝိုက်တွင် လူအနည်းငယ် ရှိသည်။ အမြောက်ဒဏ် [illegible] အနည်းငယ် ကင်းဝေးပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

"ဟိုမှာ"

ရစ်တာက ပြောလိုက်ပြီး မျက်နှာချင်းဆိုင်ရှိ လမ်းကလေးဆီသို့ [illegible]ဟုန်ထိုး ပြေးသွားသည်။ 'ဘက်ဒေါ့' ကားရုံ၏ ပြတင်းမှန်များ ပေါက်ကွဲ [illegible] ရှိသည်။

ရစ်တာသည် ကားရုံကို ကျော်ဖြတ်ကာ လျှောက်သွားသည်။ နောက်[illegible] [illegible]ကားဂိုဒေါင်သို့ ရောက်သွားသည်။ ကားဂိုဒေါင် တံခါးများ ပိတ်ထားသည်။ [illegible]နေရာတွင် မလွယ်ပေါက် တံခါးကလေးတစ်ခု ရှိသည်။

"အဲဒါပဲ၊ အဲဒီတော့ ကိုယ် ဝင်မယ်၊ မောင်ရင်က ကာဗာလုပ်"

www.burmeseclassic.com

www.burmeseclassic.com



ရစ်တာက ဟော့ဖာကို ခပ်ပြုံးပြုံးကလေး ပြောလိုက်သည်။

ဟော့ဖာသည် သေနတ်ကို မောင်းတင်လိုက်ပြီး နံရံတွင် ပြားကပ်လိုက်သည်။ ရစ်တာက မလှမ်းမကမ်းရှိ မလွယ်ပေါက် တံခါးလက်ကိုင်ကို လှည့်လိုက်သည်။ အလိုလိုက် သင့် ပွင့်သည်။ ရစ်တာ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် တံခါးကို ဝုန်းခနဲ တွန်းဖွင့်ကာ အတွင်းသို့ ဒိုင်ဗင်ထိုးပြီး ဝင်လိုက်သည်။ မောင်းပြန် သေနတ်သံများ အဆက်မပြတ် ပေါ်ထွက်လာသည်။ ထို့နောက် ရပ်သွားသည်။ သည်အခါတွင် ဟော့ဖာက လက်တုံ့ပြန်သည့်အနေဖြင့် ပစ်ခတ်သည်။

အတန်ကြာသောအခါ ပြကတေ့ တိတ်ဆိတ်သွားသည်။ ရစ်တာက-

"မိတ်ဆွေများ ခင်ဗျာ၊ ကျွန်တော်တို့ ဗိုလ်ကြီး ဗာဂျာနဲ့ တွေ့ရအောင် လာတာပါ"

တိတ်နေသည်။

အတန်ကြာသောအခါတွင်းမှ အသံတစ်ခု ထွက်ပေါ်လာသည်။

"သက်သေပြပါ"

"မရဏဗိမာန်"

ရစ်တာ ဟစ်အော်လိုက်သည်။

ဖိုင်ဆီလာစတော့ လေယာဉ်ပျံကို ယခုအခါ သူ တွေ့မြင်နေရခြင်း ဖြစ်သည်။ လေယာဉ်ပျံ၏ တစ်ဖက်ဘေး အမှောင်တွင်းမှ နေ၍ နာဇီ စစ်ဗိုလ် ထွက်လာသည်။ သူ့လက်တွင် အမေရိကန်လုပ် သွန်ပဆင် စက်သေနတ်ကလေး ကို ကိုင်ထားသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ပထမတော့ ကျွန်တော်က ခင်ဗျားတို့ကို ရုရှတွေလို့ အောက်မေ့လိုက်တာ"

ရစ်တာက သွန်ပဆင် စက်သေနတ်ကလေးကို ခေါင်းညိတ်ပြလျက်-

"သူတို့သာ ဝင်လာရင်တော့ အားလုံး အူမွေ့သွားကြမှာပဲ"

ဗာဂျာ ပြုံးလျက်-

"အာဒင်နီတုန်းက ကျွန်တော် ရလာတဲ့ ပစ္စည်းလေးပဲ"

ထို့နောက် ဗာဂျာသည် ပါးစပ်တွင် စီးကရက်တစ်လိပ် တပ်လိုက်သည်။ ရုရှ ရိုင်ဖယ်ကျည်အခွံဖြင့် ပြုလုပ်ထားသော မီးခြစ်ကလေးကို ခြစ်လိုက်သည်။

"ဟာစထရက်ဆာကော"

ရစ်တာက ပတ်ဝန်းကျင်ကို ကြည့်ရင်း မေးလိုက်သည်။

"သူ မရောက်သေးပါဘူး၊ ဖြည်းဖြည်းပေါ့၊ ကျွန်တော်တို့ ညသန်းခေါင် ဒီက ထွက်နိုင်ကြမှာပဲ"

ဗာဂျာက သေတ္တာတစ်လုံးပေါ်တွင် ထိုင်ရင်း ပြောသည်။



"ဟုတ်ပြီ၊ ဒါနဲ့ ဟာစထရက်ဆာ ဆိုတဲ့ ပုဂ္ဂိုလ်ကို ဗိုလ်ကြီး သိ လား"

ရစ်တာက ဗာဂျာ၏ ဘေးတွင် ထိုင်ရင်း မေးလိုက်သည်။ ဟော့ဖာက လေယာဉ်ပျံဆီသို့ လျှောက်သွားသည်။ ဗာဂျာ တုံ့ဆိုင်းနေပြီးနောက်-

"ဗိုလ်ကြီး သူ့ကို မသိဘူးလား"

"တစ်ခါမှ မတွေ့ဖူးဘူး"

"ကျွန်တော်လည်း မတွေ့ဖူးဘူး၊ ဒီပွဲမှာ ကျွန်တော်က ဒရိုင်ဘာ ...ယောက်ပဲ"

ရစ်တာက လေယာဉ်ပျံကို ခေါင်းညိတ်ပြလျက်-

"ဘာဗာရီတောင်တန်းကို ကျုပ်တို့လူစု ဒီလေယာဉ်ပျံနဲ့ တောက်လျှောက် ...သွားမှာတော့ မဟုတ်ပါဘူး ထင်တယ်"

"ကျွန်တော်တို့ လမ်းတစ်ဝက်မှာ ခဏဆင်းရပါမယ်။ ပလောင်ရဲ့ ...အောက်ဘက်က လေယာဉ်ကွင်းတစ်ခုပေါ့၊ ကျွန်တော်တို့ လက်ထဲမှာ ရှိနေ ...ယ်လို့ ယူဆရတာပဲ"

"တကယ်လို့ ရန်သူ့ လက်ထဲ ရောက်နေရင်ကော"

"စိတ်ဝင်စားစရာပဲ"

"ကျုပ်တို့ ဘာလင်မြို့က ထွက်သွားနိုင်လိမ့်မယ်လို့ ဗိုလ်ကြီး ထင် ...သလား"

"ဘာပြုလို့ ထွက်မသွားနိုင်ရမှာလဲ၊ ဟန်နာတောင် လေယာဉ် မဖြစ် ...လောက်ကလေးနဲ့ ထွက်သွားနိုင်သေးတာပဲ"

"ကျုပ်တို့ ထွက်မယ့်အချိန်က သိပ်မမှောင်ဘူး"

"ကျွန်တော်လည်း အဲဒါကို တွက်မိပါတယ်၊ ဒါကိုကလည်း တစ်နည်း ...ကောင်းပါတယ်၊ ရုရှတွေက ကျွန်တော်တို့ကို မျှော်လင့်မထားဘူးပေါ့၊ သူတို့ ရဲ့ ...တိုက်လေယာဉ်တွေလည်း ကင်းလှည့်နေမှာ မဟုတ်ဘူး၊ တင်ပယ်ဟော့နဲ့ ဂါးတော့ကို ...ကို သိမ်းထားပြီးနေပြီကိုး၊ အဲဒီတော့ သူတို့အလစ်မှာ ကျွန်တော် တို့ ...ထွက်သွားနိုင်မှာ အမှန်ပါပဲ"

ဗာဂျာက ပြောလိုက်သည်။

ကြမ်းပြင်ပေါ်တွင် ဂုန်အိတ်အဟောင်း နှစ်လုံး သုံးလုံး ရှိသည်။ ...ဂျာက ယင်းအိတ်များပေါ်တွင် လဲလျောင်းလိုက်သည်။ သေနတ်ကို ရင်ဘတ် ...ပေါ်တွင် တင်ထားသည်။

"ကျွန်တော်တော့ တစ်ရေးလောက် အိပ်လိုက်ဦးမယ်၊ ဟာစထရက်ဆာ ...ရောက်ရင် ကျွန်တော့်ကို နှိုးပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသို့ ပြောပြီး၊ ခေါင်းတွင် ဆောင်းထားသော ဦးထုပ်ကို မျက်နှာပေါ်သို့ ဆွဲချလိုက်သည်။ ရစ်တာ ယဲ့ယဲ့ကလေး ပြုံးပြီး ဟောဖာကို လှည့်ကြည့်လိုက်သည်။

"သူ ဘာလုပ်တာလဲ ဗိုလ်မှူး"

ဟောဖာက ချောက်ချောက်ချားချား မေးသည်။

"သူ အိပ်တာပဲပေါ့၊ လက်ရှိအခြေအနေမှာတော့ သိပ်မှန်တဲ့ အလုပ်ပေါ့၊ ကဲ… ကိုယ်တို့နှစ်ယောက်ကော ဘယ်သူ အလျင် အိပ်မလဲ"

ဗိုလ်ရှီနက်နှင့် တပ်ကြပ်ရှမစ်တို့သည် ညနေစောင်း အချိန်လောက်တွင်း အင်းဘက် မြို့သို့ သွားသော လမ်းပေါ်ရှိ ဂရပ်ဟူသော ရွာကလေးသို့ ရောက်ရှိသွားကြသည်။ တစ်ရွာလုံး တိတ်ဆိတ် ခြောက်ကပ်လျက် ရှိသည်။ လူသူ တစ်စုံတစ်ယောက်မျှ မတွေ့မြင်ရပါ။ သူတို့သည် အောလဘတ်မှ မိုင် ၄၀ လောက် ခရီးပေါက်လာခဲ့ ဖြစ်သည်။ လမ်းတွင် ကား ခတ်ဆိတ်နေသဖြင့် ၃ နာရီလောက် သောင်တင်နေ ခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် မည်သည့်ဘက်က စစ်သားတစ်ယောက်မျှ မတွေ့ရပါ။ စစ်ပြေးများ မတွေ့ရသည်ကတော့ မဆန်းပါ၊ သည်အရပ်က တောသူတောင်သားများသည် သူတို့မြေကို သူတို့ မြတ်နိုးလှသည်။ သူတို့ ဘယ်ကိုမျှ မပြေးပါ။ ပြေးစရာလည်း မရှိပါ။

သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ရှိသော အိမ်တစ်အိမ်မှ ပြတင်းပေါက် ခန်းဆီးတစ်ခု လှုပ်သွားသည်။ ရှီနက် ကားပေါ်မှ ဆင်းပြီး ထိုအိမ်ဆီသို့ လျှောက် သွားသည်။ အိမ်ရှေ့ တံခါးကို ခေါက်လိုက်သည်။ အထဲမှ ဘာသံမျှ မကြားရ ပါ။ သူက တံခါးကို ကန်လိုက်သည်။

"တံခါးဖွင့်စမ်းပါ၊ ခင်ဗျားတို့ကို ဒုက္ခပေးရအောင် လာတာ မဟုတ်ပါဘူး"

အတန်ကြာသောအခါတွင်မှ မင်းတုပ် ဖြုတ်သံ ကြားရသည်။ တံခါး ပွင့်လာသည်။ တစ်ခေါင်းလုံး ဖြူဖွေးလျက် ရှိသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ သူ့နောက်ဘက်တွင် ကလေး ချီထားသော အမျိုးသမီးငယ် တစ်ယောက် ရှိသည်။

"အမိန့်ရှိပါ ဗိုလ်ကြီး"

အဘိုးကြီးက ယဉ်ကျေးစွာ ပြောသည်။

"အိမ်သားတွေကော"



"ရှိပါတယ်၊ အားလုံး အိမ်ထဲမှာပါ"

"အမေရိကန်တွေ အလာကို စောင့်နေကြတာလား"

"အမေရိကန်ပဲဖြစ်ဖြစ်၊ အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ ရုရှတွေ မဖြစ်ဖို့ဘဲ အရေးကြီးပါတယ်"

အဘိုးကြီးက ခပ်ပြုံးပြုံး ပြောသည်။

"ဒီတစ်ဝိုက်မှာ ကျုပ်တို့တပ်တွေ ရှိသေးသလား"

"မရှိပါဘူး ခင်ဗျာ၊ သူတို့ ဆုတ်သွားတာ နှစ်ရက်လောက် ရှိပါပြီ"

"တစ်ဖက်က တပ်တွေကော၊ သူတို့ကို အဘိုးကြီး တွေ့မိသလား"

အဘိုးကြီး တုံ့ဏှိုဘာဝေ ရှိနေသဖြင့် ရှီနက်က–

"ပြောစမ်းပါ၊ သိပ်အရေးကြီးတယ်"

"ကနေ့ မနက်ပဲ ကျုပ်သားရဲ့ လယ်တဲကို သွားတယ်၊ အခြေအနေ ဘယ်လို ရှိသလဲဆိုပြီး သွားကြည့်တာပဲ၊ ကျုပ်သားက စစ်ထဲ ပါသွားတယ်၊ အခု ဒီမှာ ရှိနေတာက သူ့မိန်းမပဲ၊ ကျုပ်သားနဲ့ နေတယ်၊ ကျုပ်သားရဲ့ အိမ်က ဒီကနေ သုံးမိုင်လောက် ဝေးတယ်၊ အဲဒီမှာ အင်္ဂလိပ်စစ်တပ်တစ်တပ် စခန်းချ နေတယ်၊ လယ်ထဲက အဆောက်အအုံတွေ အားလုံးကို သူတို့ သိမ်းထားတယ်၊ ဒါနဲ့ ကျုပ် ပြန်လာခဲ့တယ်"

"ဘာတပ်လဲ၊ ခြေလျင်တပ်လား၊ တင့်ကားတပ်လား"

အဘိုးကြီး ခေါင်းခါသည်။

"မိုးကာတဲတွေ အများကြီး ဆောက်ထားတယ်၊ တဲအကြီးကြီးတွေပဲ၊ သံချပ်ကာတင်ကားတွေ ဝင်လိုက် ထွက်လိုက်ပဲ၊ သူတို့ကားတွေ အားလုံးမှာ ကြက်ခြေနီ တံဆိပ်တွေ ရေးထားတယ်"

"ဟုတ်ပြီ၊ ကျုပ် သွားလိုက်ဦးမယ်"

ရှီနက် စိတ်လှုပ်ရှားစွာနှင့် ကားဆီသို့ ပြန်လျှောက်သွားသည်။ ကား ပေါ်သို့ ရောက်သောအခါ –

"ဒီကနေ သုံးမိုင်လောက်မှာ အင်္ဂလိပ်တွေရဲ့ စစ်မြေပြင်ဆေးရုံတစ်ရုံ ရှိတယ်"

ပြဿနာအားလုံး အဆင်ပြေသည်ဟု ရှီနက် တွေးလိုက်သည်။ အခြေ အနေ ကောင်းမွန်သည်။ သည့်ထက် ကောင်းနိုင်စရာ မရှိတော့။

ရှမစ် ကားလီဗာကို ဖိနင်းသည်။ လမ်းကျဉ်းကျဉ်းကလေးပေါ်တွင် သူတို့ ကားကလေး ခုန်ပေါက်ပြေးလွှားလျက် ရှိသည်။

လမ်းချိုးတစ်ခုကို သူတို့ကား အကွေ့လိုက်တွင် မျက်နှာချင်းဆိုင်မှ ထွက်လာသော အင်္ဂလိပ်စစ်တပ် သံချပ်ကာတင်ကားတစ်စီးနှင့် ပက်ပင်းတိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမစ် ကားလက်ကိုင်ကို တအား လှည့်လိုက်သည့်တိုင် သူနာတင်ကား ရှေ့ပိုင်း နှင့် တိုက်မိပြီး သူတို့ကား တိမ်းမှောက်သွားသည်။

ရှမစ် ကားပေါ်မှ လွင့်ထွက်သွားသည်။ သူ ချက်ချင်း ထရပ်သည် ရှီနက်မှာမူ ကားထဲမှာပင် ကျန်ရစ်သည်။ လက်ထဲတွင် စတင်းဂန်းသေနတ် ကိုင်ထားသော အင်္ဂလိပ်စစ်သားကလေးတစ်ယောက် ခုန်ထွက်လာသည်ကို သူ မြင်တွေ့ရသည်။ စတင်းဂန်းမှ မီးများ ပွင့်သွားပြီး ရှမစ် တလိမ့်ခေါက်ကွေး လွင့်လဲသွားသည်။

ရှီနက် ကားထဲမှ လူးလဲကာ ထွက်ပြီး လက်နှစ်ဖက်ကို မြှောက်ယမ်းကာ ဟစ်အော်လိုက်သည်။

"မပစ်ပါနဲ့၊ မပစ်ပါနဲ့"

ရန်သူစစ်သားက ထပ်ပစ်သည်။ လမ်းခင်းထားသော ကျောက်တုံးများ ကို ကျည်ဆန်များ ထိမှန်၍ ရှီနက်၏ လက်ယာဘက် လက်မောင်း ပွန်းပဲ့ ဖြစ် သွားသည်။ ကားပေါ်သို့ သူ လဲကျသွားသည်။

ဟစ်အော်သံများ သူ ကြားရသည်။ တပ်ကြပ်ကြီးတစ်ယောက်က စစ်သားလေးကို ဆွဲယမ်းလိုက်ပြီး သူ့လက်မှ သေနတ်ကို လုယူလိုက်သည် ခဏအကြာတွင် ရှီနက်အနီးသို့ အင်္ဂလိပ်တပ်ကြပ်ကြီး ရောက်ရှိလာသည်။ သူ့ အနီးတွင် ဒူးထောက်ပြီး ထိုင်သည်။

ရှီနက်၏ ပါးစပ်က အတင်းကြိုးစားပြီး ပြောသည်။ သူ့အိတ်ထဲ သွေးစွန်းနေသော စာအိတ်ကို ထုတ်ပေးသည်။

"ကျုပ်ကို ခင်ဗျားတို့ တပ်မှူးဆီကို ခေါ်သွားပါ၊ သေရေးရှင်ရေး အရေးကြီးတယ်"

ထို့နောက် ရှီနက် သတိလစ်သွားသည်။

အမှတ် ၁၇၃ စစ်မြေပြင် စစ်ဆေးရုံမှ ဗိုလ်မှူးရော်ဂျာမှဟော်လန်သည် နံနက် ၈ နာရီမှ စတင်ကာ လူနာများကို ခွဲစိတ်ခဲ့ရသည်။ လူနာများ အဆက်မပြတ် ဖြစ်သည်။ လူနာများကလည်း တကယ့် ဆေးရုံကြီးများတွင် ခွဲစိတ်ရသည့် အခြေအနေမျိုးများ ဖြစ်ကြသည်။ သူ့မှာ ရှိသည်က မိုးကာတဲနှင့် စစ်မြေပြင် အသုံးအဆောင်များသာ ဖြစ်သည်။ သူနှင့် သူ့လူများသည် အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်ဆောင်ကြရသည်။ သည်လို လုပ်ခဲ့ကြရသည်မှာ နေ့ရက်ပေါင်း လည်း အတော် ကြာညောင်းသွားပြီ ဖြစ်သည်။ သို့တစေ အတော်မသတ်နိုင်

သေးချေ။

ဗိုလ်မှူး မှဟော်လန်သည် သူ၏ နောက်ဆုံး လူနာဖြစ်သော အမြောက် တပ်သားကလေးကို ဒူးဆစ်အောက်မှ နေ၍ ခြေထောက်ကို ဖြတ်ပေးလိုက်ပြီး နောက် လှည့်ကြည့်လိုက်ရာ ခွဲစိတ်ခုတင်ပေါ်တွင် ပက်လက်ကြီး ရှိနေသော ရှီနက်ကို တွေ့မြင်ရလေသည်။

"ဒီလူနာက ဘယ်ကလဲ"

"ဂျာမန်စစ်ဗိုလ်တစ်ယောက်ပဲ၊ သူတို့ကားနဲ့ ကျွန်တော်တို့ ကား တစ်စင်း ခေါင်းချင်းဆိုင် တိုက်မိပြီး သေနတ်နဲ့ အပစ်ခံရတာပဲ"

တပ်ကြပ်ကြီး ဂရန့်က ဖြေသည်။

"သူ ဘယ်ထိသွားသလဲ"

"ပခုံးမှာ နှစ်ချက်၊ လက်မောင်းမှာ တစ်ချက်၊ သူက သူ့ကို တာဝန်ခံ တပ်မှူးဆီ ပို့ပေးဖို့ ပြောတယ်၊ ဒီဥစ္စာကို ထုတ်ပြတယ်"

တပ်ကြပ်ကြီးက သွေးစွန်းနေသော စာကို ပြသည်။ မှဟော်လန်က-

"ကောင်းပြီ၊ သူ့ကို ခွဲကြမယ်၊ အဆင်သင့် လုပ်၊ ကဲ လာကြ၊ အားလုံး လာကြ"

သူက စာအိတ်ကို ဖောက်ပြီး အတွင်းမှ စာကို ထုတ်ယူပြီး ဖတ် သည်၊ ဖတ်၍ ပြီးသွားသောအခါ -

"ဘုရား… ဘုရား… ငါ့အတွက် လုပ်စရာတွေကလည်း မကုန်နိုင် ပါကလား"

■

www.burmeseclassic.com

www.burmeseclassic.com



- ၇ -

သည်စစ်ကြီးတွင် ဂျာမနီ ရှုံးတော့မည်မှာ သေချာသောအခါ ဂက်စတာပိုအဖွဲ့ကြီး၏ ဂျူးဋ္ဌာနမှူး အဒေါ့အိုက်ခမန်းသည် သူ၏ ဋ္ဌာနချုပ် အဆောက်အအုံတွင် အခိုင်အမာ စခန်းကြီးတစ်ခု တည်ဆောက်စေပါသည်။ ကိုယ်ပိုင်မီးစက်၊ လေစက် စသည်ဖြင့် အားလုံး အပြီးအစုံ တပ်ဆင်စေပါသည်။

သည်စီမံချက်တစ်ခုလုံးကို ထိပ်တန်းလျှို့ဝှက် ပြုလုပ်ထားပါသည်။ သို့သော် တတိယနိုင်ငံတော်တွင် မာတင်ဘိုးမန်း မသိအောင်ကား မည်သူမျှ လျှို့ဝှက်မှု မပြုလုပ်နိုင်ပါချေ။ ဘိုးမန်းသည်သည်စခန်းအကြောင်းကို သိသည်နှင့်တစ်ပြိုင်နက် သူ့လက်အောက်သို့ ပြောင်းရွှေ့ပေးရန် တောင်းခံသည်။ အိုက်ခမန်းအနေဖြင့် မည်သို့မျှ ငြင်းဆန်နိုင်ခြင်း မရှိသဖြင့် မတ်လတွင် လွှဲပြောင်းပေးရန် သဘောတူခဲ့သည်။

အိုက်ခမန်း၏ အထူးစခန်းကို ဘိုးမန်းနှင့် ရင်တင်ဟူးဗားတို့ ရောက်ရှိသွားချိန်တွင်ကား အထူးစခန်းသည် ပျက်စီးဆိတ်သုဉ်းလျက် ရှိချေပြီတည်း။ တံခါးမကြီး ပြုတ်ပွင့်လျက် ရှိသည်။ ပြတင်းပေါက်များ ပေါက်ကွဲလျက် ရှိသည်။ ခေါင်မိုးတစ်ခုလုံးလည်း အမြောက်ဆန်များ ထိမှန်သဖြင့် ပြိုကျပျက်စီးလျက် ရှိချေပြီ။ ရက်တင်ဟူးဗားသည် ကားကို မှန်ကွဲစများပေါ်တွင် ဖြတ်မောင်းသွားပြီး အဆောက်အအုံ၏ နောက်ဘက်တွင် ရပ်လိုက်သည်။

ထိုအချိန်တွင် ရန်သူ အမြောက်သံများ ခေတ္တငြိမ်လျက် ရှိသည်။ ပစ်ခတ်သံများမှာလည်း သည်နေရာနှင့် အတန်ငယ် လှမ်းကွာလျက် ရှိသည်။ ဘိုးမန်းသည် ကားပေါ်မှ ဆင်းပြီး သံမဏိတံခါးကြီးဆီသို့ လျှောက်သွားသည်။ တံခါးကို ဖိနပ်ဦးနှင့် ကန်ပြီး အချက်ပေးလိုက်သည်။ ချောင်းကြည့်ပေါက်ကလေး ပွင့်လာသည်။ အစောင့်တပ်သား တစ်ယောက် အတွင်းမှ ချောင်းကြည့်သည်။ ဘိုးမန်းက တစ်ခွန်းမျှ မပြောပါ။ ချောင်းကြည့်ပေါက်ကလေး ပိတ်သွားသည်။ ခဏအကြာတွင် သံမဏိတံခါးကြီး ပွင့်လာသည်။

ရက်တင်ဟူးဗားသည် နိမ့်လျှောလမ်းအတိုင်း ကားကို မောင်းဆင်းသွားသည်။ တံခါးတွင် ဘိုးမန်း တက်နိုင်ရန် ကားကို ခေတ္တရပ်ပေးသည်။ ထို့နောက် သူတို့ကားသည် အစောင့် နှစ်ယောက်ကို ဖြတ်ကျော်ပြီးနောက် မှောင် မည်းသော ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ မောင်းဝင်သွားသည်။ နောက်ဆုံး တွင် သူတို့ကားသည် မီးများ ထိန်ညီးနေသော ကွန်ကရိကားရုံတစ်ခုတွင် ရပ် လိုက်သည်။

ကားရုံတွင် အစောင့်တပ်သား နှစ်ယောက်နှင့် မျက်နှာထား တင်းမာသော တပ်ကြပ်ကြီး တစ်ယောက်ကို တွေ့ရှိရသည်။

''ဘယ်လိုလဲဟေ့ ရှုတ်၊ အခြေအနေ ကောင်းရဲ့လား''

ဘိုးမန်းက မေးလိုက်သည်။

''ဘာပြဿနာမှ မရှိပါဘူး၊ ဋ္ဌာနချုပ်မှူးကြီး အပေါ်တက်မလား''

တပ်ကြပ်ကြီး ရှုတ်က လက်ဆန့်တန်းကာ အလေးပြုရင်း မေးလိုက်သည်။

''အေး...''

ထိုအခါ ရှုတ်က ဘိုးမန်းကို သံမဏိ ဓာတ်လှေကားဆီသို့ ဦးဆောင်ပြီး ခေါ်သွားသည်။ ဓာတ်လှေကား ခလုတ်ကို နှိပ်လိုက်ပြီး နောက်သို့ ဆုတ်ကာ-

''အမိန့်အတိုင်းပါ ဋ္ဌာနချုပ်မှူးကြီး''

ဘိုးမန်းနှင့် ရက်တင်ဟူးဗားတို့ ဓာတ်လှေကားအတွင်းသို့ ဝင်လိုက်ကြသည်။ ရက်တင်ဟူးဗားက အပေါ်သို့ တက်သည့် ခလုတ်ကို နှိပ်လိုက်သည်။ တံခါး ပိတ်သွားသည်။ ရက်တင်ဟူးဗားတွင် မောင်းပြန်ပစ္စတိုနှင့် လက်ပစ်ဗုံး ပါရှိသည်။

''ပြဿနာတွေ နိဂုံးချုပ်ဖို့ အချိန် သိပ်မဝေးတော့ဘူး ဝီလီ၊ ဗိုလ်မှူးကို ဒီကိစ္စထဲ ခေါ်လာတဲ့အတွက် ဗိုလ်မှူးတော့ အံ့သြသလား မသိပါဘူး''

''မအံ့သြပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို ချီးမြှောက်တာပဲလို့ ယူဆပါတယ်၊ ဒီကိစ္စမှာ ကျွန်တော် ပါဝင်ဆောင်ရွက်ခွင့် ရတာ တကယ့် အခွင့်အရေးကြီးပါပဲ''

ရက်တင်ဟူးဗားက တက်ကြွစွာ ပြောသည်။

''ဒီကိစ္စမှာ ဗိုလ်မှူးကို ထိုက်တန်လို့ တာဝန်ပေးတာပဲ၊ ဖန်ဒါကို မယုံရဘူး၊ ယုံရမယ့် လူတစ်ယောက် လိုတယ်၊ ဒီကိစ္စဟာ သိပ်အရေးကြီးတယ် ဆိုတာ ဝီလီ သိတယ် မဟုတ်လား''

''သိပါတယ် ခင်ဗျာ၊ ကျွန်တော် သေတဲ့အထိ ကျွန်တော့်ကို ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



အားကိုးနိုင်ပါတယ်''

ဘိုးမန်းက ရက်တင်ဟူးဗား၏ ပခုံးပေါ်တွင် လက်တင်လိုက်ပြီး-

''ကျုပ် သိပါတယ် ဝီလီ၊ ကျုပ် သိပါတယ်''

ဓာတ်လှေကား ရပ်သွားသည်။ တံခါးပွင့်သွားသည်။ အပြင်တွင် ဆရာဝန် အင်္ကျီဖြူကြီး ဝတ်ထားသော မျက်မှန်ထူထူနှင့် လူရွယ်တစ်ယောက် စောင့်ဆိုင်းလျက် ရှိသည်။

''မင်္ဂလာပါ ဌာနချုပ်မှူးကြီး''

သူက ယဉ်ကျေးစွာ ဆီးကြိုနှုတ်ဆက်သည်။

''အား... ရီးရေ ပရော်ဖက်ဆာ ဝိုက်ဒလာ ကျုပ်ကို စောင့်နေလိမ့်မယ်နဲ့ တူတယ်''

''ဟုတ်ကဲ့... ဌာနချုပ်မှူးကြီး၊ သူ စောင့်နေပါတယ်၊ ဒီဘက်ကြွပါ''

ကော်ဇော ခင်းထားသော စင်္ကြံလမ်းအတိုင်း သူတို့ လျှောက်သွားကြသည်။ မော်တာစက်များ လည်ပတ်သံမှတစ်ပါး အခြား ဘာသံမျှ မကြားရပါ။ ရီးသည် စင်္ကြံလမ်းအဆုံးတွင် ရှိသော တံခါးကို ဖွင့်ပြီး ဘိုးမန်းတို့ကို ဓာတ်ခွဲခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားသည်။ ခေါင်းတွင် နားကြပ်ဖုံးနားကြပ်များ တပ်ဆင်ပြီးနောက် ရီကော်ဒါတစ်လုံး ရှေ့တွင် ရပ်နေသော လူသည် ရီးကဲ့သို့ပင် ကုတ်အင်္ကျီ အဖြူကြီးကို ဝတ်ဆင်ထားသည်။ သူ့မျက်နှာတွင် ရွှေကိုင်းတပ် လခြမ်းသဏ္ဌာန် စာကြည့်မျက်မှန် တပ်ထားသည်။ သူ လှည့်ကြည့်သည်။ မျက်မှန်ကို ချွတ်သည်။ ထိုင်ရာမှ ဖြည်းညင်းစွာ ထသည်။

''ဟဲလို ပါမောက္ခကြီး၊ အခြေအနေ ဘယ်လိုလဲ''

ဘိုးမန်းက ထိုသူအား လက်ဆွဲနှုတ်ဆက်ရင်း တရင်းတနှီး ပြောဆိုမေးမြန်းသည်။

''ကောင်းပါတယ် ဌာနချုပ်မှူးကြီး၊ အခြေအနေ အားလုံးဟာ အကောင်းဆုံးဆိုတဲ့ အဆင့်မှာ ရှိပါတယ်၊ ဒီထက် ပိုပြီး ကောင်းနိုင်စရာ မရှိတော့ပါဘူး''

ဖရစ်ဝိုက်ဒလာသည် ဟိုက်ဒါဘတ်နှင့် ကင်းဘရစ်တက္ကသိုလ်တို့မှ ထွက်သော ဆေးပညာရှင် ဆရာဝန်ကြီးတစ်ဦး ဖြစ်သည်။ အမျိုးသား ဆိုရှယ်လစ် ဝါဒကို အစ ပထမ ကနဦးကတည်းက အားပေးထောက်ခံခဲ့သူ ဖြစ်သည်။ ဆဲလ် ဖွဲ့စည်းတည်ဆောက်မှုတွင် သုတေသနပြုခဲ့မှုကြောင့် နိုဘယ်ဆု ရရှိသည်။ ဘာလင်တက္ကသိုလ်တွင် အသက်အငယ်ဆုံးသော ပါမောက္ခတစ်ဦး ဖြစ်သည်။ ဥရောပတိုက်တွင် ထင်ရှားကျော်ကြားသော ပလတ်စတစ်ဆာဂျင်တစ်ဦးဖြစ်သည်။

သူသည် စံပြ သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်။ သူ၏ လုပ်ငန်းတွင် တစ်သမတ်တည်း ဇောက်ချ လုပ်ကိုင်နေသူ ဖြစ်သည်။ သူ၏ လုပ်ငန်းအတွက် ဘာမဆို လုပ်ကိုင်မည့်သူ ဖြစ်သည်။ သူက နောက်ဆုံး ရလဒ်ကိုသာ အဓိကထားသူ ဖြစ်သည်။ သူ၏ နာဇီခေါင်းဆောင်ကြီးများ တန်ခိုးအာဏာ ရရှိသောအခါ သူလည်း ထင်ရှားကြီးပွားတော့သည်။

သူ၏ သုတေသန လုပ်ငန်းများတွင် သုံ့ပန်း အကျဉ်းသားများကို အစမ်းသပ်ခံ သတ္တဝါများအဖြစ် အသုံးပြုခဲ့သည်။ လိုအပ်သော ကိုယ်လက်အင်္ဂါများကို အသက်ရှင်လျက် ရှိသော သုံ့ပန်းများထံမှ ခွဲစိတ်ရယူခဲ့သည်။

နောက်ဆုံးတွင် ဘိုးမန်းက သူ့ကို စည်းရုံးသိမ်းသွင်းခဲ့သည်။ သူ့အတွက် လိုအပ်သော အခွင့်အလမ်းများကို ပေးခဲ့သည်။ အခြား သိပ္ပံပညာရှင်များ မရရှိနိုင်သော အခွင့်အရေးများကို သူ ရရှိခဲ့သည်။

''ပါမောက္ခကြီးရဲ့ လူတွေကော''

ဘိုးမန်းက မေးသည်။

''ညနေစာ စားနေကြပါတယ်''

''အမျိုးသမီး သူနာပြု ၃ ယောက်၊ အမျိုးသား သူနာပြု ၂ ယောက် ပေါင်း ၅ ယောက် ဟုတ်တယ်လား''

''ဟုတ်ပါတယ် ခင်ဗျာ၊ ဘာဖြစ်လို့လဲ''

''ဘာမှ မဖြစ်ပါဘူး''

ဘိုးမန်း တည်ငြိမ်အေးဆေးစွာ ပြောသည်။

''ဒီလို အကျဉ်းအကျပ် ကာလမျိုးမှ တချို့လူတွေဟာ ကြောက်လန့်ပြီး ထွက်ပြေးတတ်ကြတယ်၊ ပါမောက္ခကြီးရဲ့ လူတွေတော့ တစ်ယောက်မှ ထွက်မပြေးဘူး မဟုတ်လား''

ဝိုက်ဒလာ အနည်းငယ် ချောက်ချားသွားဟန် ရှိပြီး-

''ဘယ်သူမှ ဒီလိုမျိုး ထွက်ပြေးဖို့ စိတ်မကူးကြပါဘူး ခင်ဗျာ၊ နောက်ပြီးတော့ အစောင့်တွေကို လွန်ပြီးတော့လည်း သူတို့ ထွက်မသွားနိုင်ကြပါဘူး''

''မှန်တယ်၊ ခင်ဗျား ပြောတဲ့အတိုင်း အခြေအနေတွေ ကောင်းတယ် ဆိုပေါ့၊ ကဲ ကျုပ်တို့ လုပ်ငန်း အဆင်သင့် ဖြစ်ပြီလား''

ဘိုးမန်းက မေးလိုက်သည်။

''အားလုံး အဆင်သင့်ပါပဲ''

''ကောင်းပြီ၊ ဒါဖြင့် လုပ်ငန်း စကြစို့''

ဝိုက်ဒလာသည် သူ့အင်္ကျီအိတ်ထဲမှ သော့တွဲတစ်ခုကို ထုတ်လိုက်သည်။ သော့တစ်ချောင်းကို ရွေးထုတ်ပြီး ဓာတ်ခွဲခန်း၏ တစ်ဖက်ထိပ်ရှိ တံခါးဆီသို့ လျှောက်သွားသည်။ ဘိုးမန်း၊ ရက်တင်ဟူးဗားနှင့် ရီးတို့ နောက်မှ လိုက်ပါသွား

www.burmeseclassic.com



ကြသည်။ ဝိုက်ဒလာသည် သော့တံကို သော့ပေါက်တွင်းသို့ ထိုးသွင်းလိုက်သည်။ တံခါး ပွင့်သွားသည်။

အခန်းတွင်းမှ ဂီတသံ ပျံ့လွင့်လာသည်။ ဝိုက်ဒလာအတွင်းသို့ ဝင်သွားသည်။ သူတို့နောက်မှ လိုက်ပါသည်။

စားပွဲတွင် လူတစ်ယောက် သူတို့ကို ကျောပေးပြီး စာဖတ်နေသည်။ အင်္ကျီအညိုနှင့် ဖလန်နယ်ဘောင်းဘီနှင့် ဖြစ်သည်။

''မင်္ဂလာပါ ဟာစထရက်ဆာ''

ဝိုက်ဒလာက နှုတ်ဆက်လိုက်သည်။

စထရက်ဆာ ဆိုသူသည် ထိုင်ရာမှ ထလိုက်ပြီး သူတို့ဘက်သို့ လှည့်သည်။ မာတင်ဘိုးမန်းသည် မိမိနှင့် ချွတ်စွတ်တူသော ရုပ်ပုံလွှာကို ငေးမောပြီး ကြည့်နေသည်။

ရက်တင်ဟူးဗားမှာမူ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားဟန် ရှိသည်။

''ဘုရား... ဘုရား...''

ဟု တီးတိုးရွတ်ဆိုလိုက်သည်။

''နေကောင်းပါစ... စထရက်ဆာ''

ဘိုးမန်းက လက်ဆန့်တန်းပြီး နှုတ်ဆက်လိုက်သည်။

''ဟုတ်ကဲ့... ကောင်းပါတယ် ခင်ဗျာ''

သူ့အသံက ဘိုးမန်း၏ အသံအတိုင်းပင် ဖြစ်သည်။

ဘိုးမန်း ခေါင်းကို ယမ်းခါလိုက်သည်။

''လူတစ်ယောက် စကားပြောပုံကို အတိအကျ သိထားနိုင်ဖို့ ခဲယဉ်းတယ်၊ ဒါပေမဲ့ သူ့ပြောပုံကတော့ ကျုပ်အတိုင်းပဲ''

''ကျွန်တော်တို့ သုံးလလုံးလုံး နေ့ရောညပါ အပြင်းအထန် လေ့ကျင့်ထားကြပါတယ်၊ တိပ်ရီကော်ဒါကို ဖွင့်လိုက် ပိတ်လိုက်၊ နားထောင်လိုက် ပြောကြည့်လိုက်ပေါ့''

ရှီးက ပြောသည်။

''ကောင်းပါပေတယ်၊ ဟုတ်ပြီ၊ ကျုပ် အခု စထရက်ဆာနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်''

''အမိန့်အတိုင်းပါ ဌာနချုပ်မှူးကြီး''

ဝိုက်ဒလာက ဖြေကြားသည်။



သူနှင့် ရှီးတို့ အခန်းထဲမှ ထွက်သွားကြသည်။

ဘိုးမန်းက ရက်တင်ဟူးဗားကို ဆွဲထားပြီး-

''သူ့ ကိုယ်ပွားတွေ ကိစ္စ ဘာလုပ်ရမယ်ဆိုတာ နားလည်တယ် မဟုတ်လား''

''နားလည်ပါတယ် ဌာနချုပ်မှူးကြီး''

ရက်တင်ဟူးဗား ထွက်သွားသည်။ ဘိုးမန်းက တံခါးကို ပိတ်လိုက်ပြီးနောက် စထရက်ဆာဘက်သို့ လှည့်လိုက်သည်။

''ကဲ... စထရက်ဆာ အချိန်ရောက်လာပြီ''

မာတင်ဘိုးမန်းသည် သူ၏ အင်္ကျီကြယ်သီးကို ဖြုတ်လျက် ရှိတော့သည်။

ဝိုက်ဒလာနှင့် ရှီးတို့ ဓာတ်ခွဲခန်းတွင် စိတ်ရှည်စွာ စောင့်ဆိုင်းလျက် ရှိကြသည်။ မိနစ် ၂၀ ခန့် ကြာသောအခါ တံခါးပွင့်သွားပြီး ဘိုးမန်းနှင့် စထရက်ဆာတို့ ထွက်ပေါ်လာကြသည်။ ဌာနချုပ်မှူးကြီးသည် စစ်ဝတ်စုံနှင့် ဖြစ်ပြီး စထရက်ဆာမှာမူ ကုတ်အင်္ကျီအနက် သက္ကလပ်ဦးထုပ်နှင့် ဖြစ်သည်။

''ကျွန်တော်တို့ ဘာလုပ်ပေးရဦးမလဲ ဌာနချုပ်မှူးကြီး''

ပါမောက္ခဝိုက်ဒလာက မေးသည်။

''လမ်းခွဲကြဖို့ပဲ ရှိတယ်''

မာတင်ဘိုးမန်းက ပြန်ပြောသည်။

ထို့နောက် ဘိုးမန်းသည် တံခါးအနီးတွင် ရပ်နေသော ဗိုလ်မှူးကြီး ရက်တင်ဟူးဗားကို ခေါင်းညိတ်ပြလိုက်သည်။ ထိုအခါ ဗိုလ်မှူးကြီး၏ လက်ထဲ၌ မောင်းပြန်ပစ္စတို ရောက်ရှိလာသည်။ သေနတ်ပြောင်းဝမှ ပြေးထွက်လာသော ကျည်ဆန်များသည် ဝိုက်ဒလာနှင့် ရှီးတို့ကို နောက်ဘက် နံရံဆီသို့ လွင့်ထွက်သွားကြစေတော့သည်။ ရက်တင်ဟူးဗားသည် ကျည်ကပ်ဟောင်းကို ထုတ်ပစ်လိုက်ပြီး ကျည်ကပ်အသစ် တစ်ခု ဖြည့်ထည့်လိုက်သည်။

ထို့နောက် ဘိုးမန်းကို သူ ကြည့်သည်။ သူ့မျက်နှာ ဖြူရော်နေသည်။

''သူနာပြုတွေကော''

ဘိုးမန်းက စူးစမ်းသည်။

''အခန်းထဲမှာ သော့ခတ်ထားတယ်''

''ကောင်းတယ်၊ သူတို့ကို ရှင်းလိုက်တော့''

ရက်တင်ဟူးဗား အခန်းထဲမှ ထွက်သွားသည်။ ခဏမျှ ကြာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ သေနတ်သံများ အဆက်မပြတ် ကြားရသည်။ ထိတ်လန့်တကြား အော်ဟ
သံများ အစီစီပွက်သလို ပေါ်ထွက်လာသည်။ ရုရှတို့၏ အမြောက်သံများလည်
ပြန်လည်ထွက်ပေါ်လာသည်။ သူတို့အထက်ရှိ အဆောက်အအုံကြီး တုန်
သွားသည်။

ရက်တင်ပဟူးဗား ပြန်လည် ရောက်ရှိလာသည်။ ခပ်ဖြည်းဖြည်း လျှော
လာသည်။

''ပြီးသွားပါပြီ ဌာနချုပ်မှူးကြီး''

ဘိုးမန်း ခေါင်းညိတ်လိုက်သည်။

''ကောင်းတယ်၊ ဒီမှာ ပြီးအောင် ရှင်းပြီးသွားရင် အောက်ကို ဆင
ကြမယ်''

ဘိုးမန်း စကြံသို့ ထွက်သွားသည်။ စထရက်ဆာ နောက်မှ ပါသွာ
သည်။ ရက်တင်ဟူးဗားသည်သူ့ခါးတွင် ချိတ်ထားသော လက်ပစ်ဗုံးကို ဖြုတ်
လိုက်ပြီး ဓာတ်ခွဲခန်းအတွင်းသို့ ပစ်သွင်းလိုက်သည်။ ဓာတ်ခွဲခန်းတစ်ခုလုံ
တုန်ခါသွားသည်။ ဓာတုဗေဒဆေးရည်များ မီးတောက်လောင်သည်။

မီးခိုးများ အပြင်သို့ လုံးထွက်လာသည်။ ဘိုးမန်းနှင့် စထရက်ဆာတို
ဓာတ်လှေကားသို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။ ရက်တင်ဟူးဗား သူတို့နောက်
သို့ ပြေးလိုက်သွားသည်။

''ဒါလောက် မပျာပါနဲ့၊ အချိန်တွေ အများကြီး ရှိပါတယ်''

ဘိုးမန်းက ပြောသည်။

ဓာတ်လှေကားရဲ့ တံခါး ပွင့်လာသည်။ သူတို့အတွင်းသို့ ဝင်ကြသည်
ဓာတ်လှေကားအောက်သို့ နိမ့်ဆင်းသွားသည်။

အောက်ထပ်သို့ ရောက်ရှိ၍ ဓာတ်လှေကားတံခါး ပွင့်သွားသောအခါ ရှိတ်နှင့်
သူ၏ တပ်သားနှစ်ယောက်တို့ အသင့်စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ကြရသည်
သူတို့၏ လက်ထဲတွင် သေနတ်များ အဆင်သင့် ကိုင်ဆောင်ထားကြသည်။

''ဘာမှ စိုးရိမ်စရာ မရှိဘူး။ အခြေအနေတွေ အားလုံး ကောင်းတယ်''

ဘိုးမန်းက ပြောလိုက်သည်။

''ဟုတ်ကဲ့ ဌာနချုပ်မှူးကြီး''

ရှိတ်က ယင်းသို့ ပြောလိုက်ပြီးနောက် စထရက်ဆာကို ကြည့်လိုက်

သည်။ သူ့ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

''ရှိတ်... ကျုပ်တို့ သွားကြမယ်၊ အားလုံး သွားကြမယ်၊ မင်းလူတွေ
အားလုံးကို ခေါ်''

ဘိုးမန်းက ညင်သာသိမ်မွေ့စွာ ပြောသည်။

ရှိတ်သည် တစ်ဖက်သို့ လှည့်ကာ လေး ငါးလှမ်းမျှ လျှောက်သွားပြီး
နောက် လက်ခေါက်မှုတ်လိုက်သည်။ ခေတ္တအကြာတွင် တံခါးဝတွင် စောင့်နေ
သော အစောင့်တပ်သား နှစ်ယောက် ပြေးလာကြသည်။

''သူတို့ကို တန်းစီခိုင်းပါ၊ အပြင်မှာ တွေ့ကြရမယ့် အခြေအနေတွေကို
ပြောပြမယ်''

ဘိုးမန်းက အမိန့်ပေးလိုက်သည်။

''ဟုတ်ကဲ့ ဌာနချုပ်မှူးကြီး''

ရှိတ်က သူ့လူများကို အော်ဟစ်ကာ အမိန့်ပေးလိုက်သည်။ စစ်သား
လေးယောက် တန်းစီကြသည်။ ရှိတ်က သူတို့၏ရှေ့တွင် ရပ်သည်။

''မင်းတို့ရဲ့ လုပ်ဆောင်မှုတွေ တကယ်ပဲ ကောင်းမွန် ပြောင်မြောက်
တယ်''

ဘိုးမန်းက ပြောသည်။

သူ့နောက်တွင် ရပ်နေသော ရက်တင်ဟူးဗား ကားပေါ်သို့ တက်သည်။
စက်သေနတ်၏ နောက်တွင် ရပ်သည်။ ဘိုးမန်းက ဆက်ပြောသည်။

''... ဒါပေမဲ့ ရဲဘော်တို့ ကျုပ်တို့ ခွဲခွာရမယ့်အချိန် ရောက်လာပြီ''

သည်တော့မှ ရှိတ်သည် အခြေအနေကို ရိပ်စားမိတော့သည်။ သူ့ပါးစပ်
မှ တစ်စုံတစ်ရာ ဟစ်အော်လိုက်သည်။ သို့သော် အသံမထွက်ပါ။ ထိုအချိန်မှာပင်
ရက်တင်ဟူးဗားက စက်သေနတ် ခလုတ်ကို ဆွဲသည်။ ရှိတ်နှင့် သူ့လူများ
အတုံးအရုံး ဖြစ်ကုန်ကြသည်။

သို့သော်စက်သေနတ်သံ ရပ်သွားသောအချိန်တွင် တပ်သား နှစ်ယောက်
သည် အသက် မသေသေးဘဲ လူးလွန့်လျက်ရှိနေသေးသည်။

''ကိစ္စပြတ်အောင် ရှင်း''

ဘိုးမန်းက အမိန့်ပေးသည်။

ရက်တင်ဟူးဗားသည် သူ၏ သေနတ်ကို ကောက်ယူပြီး အတုံးအရုံး
ဖြစ်နေသော အစောင့်တပ်သားများထံသို့ လျှောက်သွားသည်။ လူးလွန့်နေသော
တပ်သားတစ်ယောက်၏ ဦးနှောက်တွင်းသို့ ကျည်တစ်ချက် ပစ်သွင်းလိုက်သည်။
သွေးနှင့် ဦးနှောက်များ သူ့ဖိနပ်ကို ပန်းစင်လာသဖြင့် ရက်တင်ဟူးဗား ကမန်း
ကတန်း နောက်ဆုတ်လိုက်သည်။ ထိုအချိန်မှာပင် စက်သေနတ်သံ ပေါ်ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူ သတိပြုလိုက်မိသည်။

ချာခနဲ သူ လှည့်ကြည့်လိုက်သည်။ စက်သေနတ် နောက်တွင် ရပ်နေ
သော စထရက်ဆာကို တွေ့မြင်ရသည်။

''ဝီလီရေ… မင်း ပြောတဲ့အတိုင်း သေတဲ့အထိပဲပေါ့''

စက်သေနတ်ခလုတ်ကို သူ ဆွဲသည်။ သူ့မျက်နှာတွင် တစ်စုံတစ်ရာ
လှုပ်ရှားမှု မပြပါ။ ဤသည်မှာ ရက်တင်ဟူးဗား မသေဆုံးမီ နောက်ဆုံး တွေ့မြင်
ရခြင်းပင် ဖြစ်ပါသည်။

စထရက်ဆာ အပစ်ရပ်ပြီးနောက် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

''ကျုပ် သွားဖို့ အချိန်တန်ပြီ၊ ရှိတ်ရဲ့ မာစီဒီးကို ကျုပ် ယူသွားမယ်''

''ကျွန်တော်ကကော''

''ည ၁၁ နာရီအထိ ဒီမှာ စောင့်နေပါ၊ ၁၁ နာရီထိုးရင် ဌာနချုပ်ကို
ပြန်ပါ၊ လမ်းခရီး အခြေအနေ ကြည့်ပြီး ည ၁၂ နာရီလောက် အရောက်သွားပါ''

''အန္တရာယ်ကတော့ အတော်များတယ်၊ အမြောက်ဆန် ထိနိုင်တယ်၊
ကျည်ဆန် မှန်နိုင်တယ်၊ ရုရှတိုက်ကင်းနဲ့လည်း တိုးနိုင်တယ်''

ဘိုးမန်းက ပြောသည်။

''အဓိပတိကြီးလိုပဲ ကျုပ်ဟာ မျက်စိမှိတ်ပြီး လမ်းလျှောက်နေတာ
ကျုပ်ကိုယ်မှာ မမြင်ရတဲ့ သံချပ်ကာအင်္ကျီ ဝတ်ထားတယ်၊ ကျုပ် ဘာမှ မဖြစ်
နိုင်ဘူးဆိုတာ ကောင်းကောင်း ယုံထားတယ်၊ ကျုပ်တို့ နှစ်ယောက်စလုံး ဘာမှ
မဖြစ်နိုင်ဘူးလို့ စိတ်ချလက်ချ ယုံထားတယ်၊ ကျုပ်တို့ နှစ်ယောက်အပေါ်မှာ
လူပေါင်း မြောက်မြားစွာရဲ့ အနာဂတ်အရေး တည်နေတယ်''

စထရက်ဆာ ပြောသည်။

''မှန်ပါတယ် ခင်ဗျာ''

စထရက်ဆာ ပြုံးလိုက်ပြီး-

''ကျုပ် သွားမယ်''

မာစီဒီးကားဆီသို့ သူ လျှောက်သွားသည်။ ကားပေါ်သို့ သူ တက်သည်။
ကားစက်ကို သူ နှိုးစဉ် ဘိုးမန်းသည် သေနတ်တစ်လက်ကို ကောက်ယူပြီး
သူ့ထံသို့ ပြေးသွားသည်။

''ဒါ ယူသွားပါ''

''မလိုပါဘူး''

ယင်းသို့ ပြောပြီးနောက် စထရက်ဆာသည် ကားကို အမှောင်တွင်း
မောင်းဝင် ပျောက်ကွယ်သွားလေတော့သည်။



ခင်တာသည် နံရံကို ကျောမှီပြီး သမံတလင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်
ရှိသည်။ သူ့ပေါင်ပေါ်တွင် သေနတ် တင်ထားသည်။ သူ့မျက်လုံးများ မှိတ်ထား
သည်။ သို့သော် သူ မအိပ်ပါ။ အစောင့်တာဝန် ကျနေသော ဟော့ဖာ၏နည်းတူ
အဝေးဆီမှ လာနေသော ကားသံကို သူ ကြားသည်။

''ဗိုလ်မှူး''

ဟော့ဖာက ခေါ်လိုက်သည်။

''သိတယ်''

ရစ်တာ ပြန်ပြောသည်။

သူ မတ်တတ်ထလိုက်ပြီး နားစွင့်နေသည်။ သူတို့အနီးသို့ ဗာဂျာ
ရောက်ရှိလာသည်။

''တင့်ကားတော့ မဟုတ်ပါဘူး''

''မဟုတ်ပါဘူး ရိုးရိုးကားပဲ''

ရစ်တာက ပြောလိုက်သည်။

အပြင်ဘက်တွင် ကားသံ ရပ်သွားသည်။ သူတို့ထံသို့ လာနေသော
ခြေသံများ ကြားရသည်။

သူတို့ သုံးယောက် အမှောင်ထဲတွင် ငြိမ်သက်စွာ စောင့်ဆိုင်းနေကြ
သည်။ ခေတ္တမျှ ငြိမ်သက်တိတ်ဆိတ်နေသည်။ ထို့နောက် မလှမ်းမကမ်းမှ တံခါး
ခေါက်သံ ကြားရသည်။ ရစ်တာနှင့် ဗာဂျာတို့သည် ၎င်းတို့၏ လက်နှိပ်ဓာတ်မီး
များကို တစ်ပြိုင်တည်း ထိုးလိုက်ကြသည်။ မီးရောင်တွင် စထရက်ဆာကို တွေ့
ကြရသည်။

''ဟာစထရက်ဆာ၊ ကျုပ်တော့ ပွဲကြီးပွဲကောင်း တစ်ပွဲတော့ ဆင်နွှဲ
ရတော့မယ်''

ဗာဂျာက အားရပါးရ ပြောလိုက်သည်။

''တံခါးမကြီးကို ဖွင့်ကြရင် ကောင်းမယ်၊ အပြင်မှာ ကျုပ်ကား
ရပ်ထားတယ်၊ တစ်ယောက်ယောက်က ရိပ်မိသွားရင် မကောင်းဘူး''

စထရက်ဆာက ပြောသည်။ ဟော့ဖာက-

''ဘုရားသခင်က… ဒါဟာ…''

စထရက်ဆာက သူတို့ဘက်သို့ လှည့်လိုက်သည်။ ရစ်တာ၏ မျက်နှာ
ကို သူ တန်းတန်းမတ်မတ် ကြည့်ပြီး တည်ငြိမ်စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဟိန်းရစ် စထရက်ဆာပဲ၊ ဌာနချုပ်မှူးကြီးရဲ့ ကိုယ်စား ဒီကို ရောက်လာတာပဲ၊ ဗိုလ်မှူးတို့ ကျုပ်ကို စောင့်နေကြတာပဲ မဟုတ်လား"

"ဩော် ... ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ စထရက်ဆာကို စောင့် နေကြတာပဲ"

ရစ်တာက ပြောလိုက်သည်။ ထို့နောက် တံခါးမကြီးကို ဖွင့်နေကြသော ဗာဂျာနှင့် အားရစ်တို့ဘက်သို့ လှည့်လိုက်ပြီး-

"ဟာစထရက်ဆာရဲ့ ကားကို အထဲသွင်းလိုက်ပါ အားရစ်"

စထရက်ဆာက ဗာဂျာ၏ ပခုံးကို သိုင်းဖက်လိုက်ကာ-

"ကျုပ်တို့ ဒီလေယာဉ်ပျံနဲ့ ထွက်သွားလို့ ဖြစ်နိုင်ပါ့မလား"

"ဘာပြုလို့ မဖြစ်နိုင်ရမလဲ၊ ဒီအချိန် ဒီကာလမျိုး ဒီလိုမျိုး ထွက်သွား လိမ့်မယ်လို့ သူတို့ နည်းနည်းမှ မျှော်လင့်ထားကြမှာ မဟုတ်ဘူး၊ ကျွန်တော့်အနေ နဲ့ အဲဒီအခွင့်အရေးကို တွက်ထားတာပဲ"

ဗာဂျာက ဖြေသည်။

သူတို့သည် စကားကို လေသံတိုးတိုး ပြောကာ လေယာဉ်ပျံဆီသို့ လျှောက်သွားကြသည်။ ဟော့ဖာက မာစီဒီးကားကို ဂိုဒေါင်ထဲသို့ မောင်းသွင်း သည်။ ရစ်တာက တံခါးမကြီးကို ပြန်ပိတ်လိုက်သည်။

ဟော့ဖာက လေသံတိုးတိုးဖြင့်-

"အဲဒီလူဟာ ဟာစထရက်ဆာ မဟုတ်ဘူး၊ ဌာနချုပ်မှူးကြီး ဘိုးမန်းပဲ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ငါ သိတယ် အားရစ်၊ ဗာဂျာက သူ့ကို တစ်ခါမှ မတွေ့ဖူးဘူးလို့ ပြောတယ်၊ အခုကျတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ကောင်းကောင်းကြီး သိနေကြတာပဲ"

"ဒါဖြင့်ရင် သူ ဘယ်သူလဲဆိုတာကို ဗာဂျာ သိတာပေါ့"

ရစ်တာက ပါးစပ်တွင် စီးကရက်တစ်လိပ် တပ်ရင်း...

"သူ ဘယ်သူ ဖြစ်ရဦးမလဲ အားရစ်။ သူဟာ မာတင်ဘိုးမန်းပဲ ဖြစ်ဖြစ် ဟာစထရက်ဆာပဲ ဖြစ်ဖြစ်ပေါ့၊ ငါတို့အနေနဲ့ ဘာငြင်းနေစရာ ရှိသလဲ"

"ဗိုလ်မှူးရစ်တာ၊ ခဏလာပါဦး"

စထရက်ဆာက လှမ်းခေါ်သည်။ လေယာဉ်ပျံဆီသို့ သူတို့ လျှောက် သွားကြသည်။ စထရက်ဆာက လက်မှ နာရီကို ကြည့်လျက်-

"အခု ၉ နာရီထိုးပြီ၊ ဗိုလ်ကြီးဗာဂျာက ကျုပ်တို့ ညသန်းခေါင်လောက် မှာ ထွက်ကြမယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ ဟာစထရက်ဆာ"



"ဗိုလ်မှူး ဘာများ မရှင်းတာ ရှိသေးသလဲ"

"မရှိပါဘူး ခင်ဗျာ၊ ဌာနချုပ်မှူးကြီး ပေးလိုက်တဲ့ အမိန့်က အားလုံး ...င်းနေပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် ခဏနားလိုက်ဦးမယ်"

သူ ထွက်သွားသည်။

ရစ်တာ၏အနီးသို့ ဟော့ဖာ ရောက်လာသည်။

"သူ ဘာပြောသလဲ"

"မင်း ဘာသိချင်သလဲ"

"သူ ဘာမှ ရှင်းမပြဘူးလား"

"သူက ဘာများ မရှင်းတာ ရှိသေးသလဲလို့ မေးတယ်၊ ကိုယ်က ...ရှိဘူးလို့ ပြောလိုက်တယ်၊ မင်း သိချင်တာ ဒါပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်မှူး၊ ကျွန်တော် သိချင်တာ ဒါပါပဲ"

...၁၁ နာရီခွဲ၊ ရှုရှုတို့၏ အမြောက်သံများ ပြန်လည်ထွက်ပေါ်လာသည်။ ပထမတွင် ...တ်တောင်း ပြတ်တောင်း ဖြစ်သည်။ သို့သော် ၁၅ မိနစ်အတွင်းမှာ ပင် ...န်အဟုန်ပြည့် ဖြစ်သွားသည်။

ဗာဂျာသည် တံခါးအနီးတွင် ရပ်နေသည်။ သူ့လက်မှ နာရီကို လက်နှိပ် ...တ်မီးနှင့် ထိုးကြည့်သည်။ ၁၂ နာရီထိုးရန် ၅ မိနစ်တိတိသာ လိုတော့သည်။

"ကဲ ကျွန်တော်တို့ တံခါးတွေ ဖွင့်ပြီး လေယာဉ်ပျံကို အပြင်ထုတ်ကြ ..."

၎င်းက ပြောလိုက်သည်။

ည၏ မိုးကောင်းကင်သည် ဂိန်းပိန်းမှောင်လျက် ရှိသည်။ မကြာမကြာ ...မြောက်ဆန်များ ပေါက်ကွဲသောအခါတွင်သာ တောက်ပသော အလင်းရောင် ... ဖြစ်ပေါ်သည်။ သို့သော် အရှေ့ဘက်ပိုင်းတွင်သာ ဖြစ်သည်။ စတော့ လေယာဉ်ကို ၄ ယောက် တွန်းထုတ်သည်။ အတောင် တစ်ဖက်စီတွင် နှစ်ယောက်စီ ...သည်။ အပြင်သို့ ရောက်သောအခါ လမ်းပေါ်သို့ တွန်းရသည် သည်။ လမ်းပေါ်တွင် ...ယာဉ်က ဆန့်ရုံကလေးပင် ဖြစ်သည်။ အတောင်ပံ ထိပ်ဖျားများသည် ...နှစ်ဖက်ရှိ တိုက်နံရံများနှင့် လေး ငါး ခြောက်လက်မမျှ သာ လွှတ်လှမ်းသည်။

မလှမ်းမကမ်းဆီမှ တိုက်ပွဲသံများ ပြင်းထန်လာသည်။ ရစ်တာ၏ အနီး

www.burmeseclassic.com

www.burmeseclassic.com



တွင် လေယာဉ်ကို တွန်းလျက်ရှိသော ဗာဂျာက–

"ဗိုလ်မှူး စဉ်းစားကြည့်စမ်း၊ ကနေ့ည ကပ်ဆိုးကြီးထဲမှာ လူတွေ ထောင်ပေါင်းများစွာ သေကြရမယ်၊ ဒါပေမဲ့ လေယာဉ်ပျံ စက်နှိုးပြီး ပန်ကာတွေ လည်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ လူစု အသက်ရှင်ကြရမယ်"

"ရှင်ကောင်း ရှင်မယ်ပေါ့"

"မိတ်ဆွေမှာ ယုံကြည်မှု မရှိဘူးလား"

"ကျောက်တိုင်ကို လွန်သွားတဲ့အခါမှာ ထပ်မေးပါ"

သူတို့က စတော့လေယာဉ်ကို အရှေ့အနောက် လမ်းမကြီးပေါ်သို့ တွန်းကြသည်။ လေယာဉ်ဘီးက မှန်ကွဲများပေါ်တွင် တကျိုကျို မြည်လျက် ရှိသည်။

"လေကြောင်းက ဘယ်လိုတိုက်နေသလဲ ဗာဂျာ၊ လေကြောင်းမှန်[illegible] လိုတယ် မဟုတ်လား"

စထရက်ဆာက မေးသည်။

"ကျွန်တော် သိသလောက်တော့ လေက ကန့်လန့်ဖြတ်တိုက်နေတယ် မြောက်ကနေ တောင်ကို တိုက်နေတယ်၊ ဒါပေမဲ့ ဒါက အရေးမကြီးပါဘူး ဘာပြုလို့ဆိုတော့ ကျွန်တော်တို့မှာ ကွေ့စရာလမ်း ဘာမှ မရှိလို့ဘဲ"

လမ်းမကြီးသည် မှောင်ပြီး တိတ်နေသည်။ ရုရှတို့က ပို့စ်ဒမ်မာ[illegible] တစ်ဝိုက်ကိုသာ မဲပြီး ပစ်နေသည်။ ဗာဂျာက–

"ဟုတ်ပြီ၊ အားလုံး တက်ကြ၊ ဗိုလ်မှူးရစ်တာ မတက်နဲ့ဦး"

"ကျုပ်က ဘာလုပ်ရမှာလဲ"

ရစ်တာက မေးလိုက်သည်။

ဗာဂျာက ရစ်တာသို့ မီးကျည်သေနတ်နှင့် ယမ်းကပ်ကို လှမ်းပေးသည်။

"ဗိုလ်မှူး… လမ်းမကြီးအတိုင်း ကိုက် ၅၀ လောက် လျှောက်သွားပြီး စောင့်နေပါ၊ လေယာဉ်ပျံ စက်သံ ကြားတာနဲ့ တစ်ပြိုင်နက် သေနတ်ကို ပစ်ပါ ပြီးတော့ မြန်နိုင်သမျှ အမြန်ဆုံးသာ ပြန်ပြေးခဲ့ပေတော့"

"ကောင်းပြီ၊ ကျုပ် လုပ်မယ်"

ရစ်တာက ပြောလိုက်သည်။ ဟော့ဖာက သူ၏ အင်္ကျီလက်ကို ဆွဲလျက်–

"ဗိုလ်မှူး ကျွန်တော် လုပ်ပါရစေ"

"အဓိပ္ပာယ်မရှိတာဘဲ"

ရစ်တာက အေးစက်စွာ ပြောလိုက်သည်။

အမှောင်တွင်းသို့ သူ လျှောက်ဝင်သွားသည်။ ရုတ်တရက် ဆိုသလို သူ ဒေါသဖြစ်သည်။ သူ့ကိုယ်သူလည်း ဒေါသဖြစ်သည်။ ဟော့ဖာကိုလည်း ဒေါသဖြစ်သည်။ ဟော့ဖာက စေတနာနှင့် အကောင်းပြောခြင်း ဖြစ်ကြောင်း သူ သိပါသည်။ သို့သော် သူ့အချိန်နှင့် သူ ရှိပါသည်။ သူတို့နှစ်ယောက် တွဲခဲ့ကြသည်မှာလည်း ကြာပါပြီ။

သူက စိတ်ထဲတွင် ခြေလှမ်းများကို ရေတွက်ရင်း လျှောက်သွားသည်။ ကိုက် ၅၀ ပြည့်လောက်သောအခါ ရပ်လိုက်သည်။ ကျည်ကပ်ကို ဆောင့်သွင်းလိုက်သည်။ အဝေးဆီမှ အမြောက်သံများမှတစ်ပါး ညသည် ငြိမ်သက်လျက် ရှိသည်။

စတော့လေယာဉ်၏ အင်ဂျင်စက် အသက်ဝင်သောအခါ စက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဆူညံသွားတော့သည်။ ရစ်တာက လေယာဉ်ပျံစက်သံ ပေါ်ထွက်လာပြီး နှစ်စက္ကန့်လောက်အတွင်းမှာပင် ပစ္စတိုသေနတ်ကို အပေါ်သို့ ထောင်ပြီး ပစ်လိုက်သည်။ မီးကျည်သည် လေးထီးယော်ကလေးတွင် တွဲခိုပြီး လင်းလာသည်။ လမ်းမကြီးတစ်ခုလုံး ထိန်ထိန်လင်းသွားသည်။

လမ်း၏ အထက်ဘက် ကိုက် ၆၀၊ ၇၀ လောက်တွင် ရပ်ရှု တင့်ကား နှစ်စီးနှင့် ရန်သူတပ်သား ၁၀၀ လောက် ရှိသည်။ သူတို့မျက်နှာတွေကို ရစ်တာ မြင်ရသည်။ သူတို့ ကားသံတွေကို ကြားရသည်။ ရစ်တာ ချာခနဲ လှည့်ပြီး လေယာဉ်ပျံဆီသို့ တအားကုန် ပြေးသည်။

သူ့ကို ရဲဘော်များက ပြေးနေသော လေယာဉ်ပျံပေါ်သို့ ဆွဲတင်ကြသည်။ စထရက်ဆာက တံခါးကို ဖွင့်ထားပြီး ဟော့ဖာက သူ့ကုပ်ကို ဆွဲယူသည်။

သည်အချိန်တွင် ရန်သူများက တစ်ပြိုင်နက် ပစ်ခတ်ကြသည်။

ရစ်တာသည် လေယာဉ်ကြမ်းပြင်ပေါ်သို့ လေးဘက်ထောက်ပြီး ရောက်သွားသည်။

"မီးကျည် လိုတယ်၊ မီးကျည် ပစ်ပါ"

ဗာဂျာက ဟစ်အော်သည်။

ရစ်တာက မီးကျည်ကပ်ကို ကမန်းကတန်း စမ်းသည်။ လေယာဉ်သည် လမ်းမကြီးပေါ်တွင် အရှိန်ပြင်းစွာနှင့် ပြေးသွားလျက် ရှိသည်။ အမြီးက မိုးပေါ် ထောင်နေသည်။

ရန်သူ တင့်ကား တစ်စီးတော့ ထွက်လာသည်။ ဗာဂျာက တင့်ကားကို ကျော်အောင် မနည်းကြီးပင် တိမ်းရှောင်လိုက်သည်။ လက်ယာဘက် အတောင်ပံသည် တင့်ကား သေနတ်စင်နှင့် ပွတ်သီကလေးသာ လွတ်သွားသည်။ လေယာဉ်ကြီး ဘေးတစ်ဖက်သို့ ထိုးသွားသည်။

သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် လမ်းမကြီး လမ်းကြောင်းပေါ်သို့ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိသည်။ ရစ်တာက သူ့လက်ကို ပြတင်းပေါက်မှ ထုတ်ပြီး မီးကျည်သေနတ် ပစ်သည်။ ရုတ်တရက် လင်းထိန်လာသော အလင်းရောင်တွင် ကျောက်တိုင်ကြီး အနီးတွင် ကပ်ပြီး တွေ့လိုက်ရသည်။ ဇာဂျာက လွှတ်အောင် တိမ်းရှောင်သည်။ လေယာဉ်ပျံကြီးသည် လက်ယာဘက်သို့ ရုတ်တရက် ထိုးသွားသည်။ ဇာဂျာ တက်မကို ထိန်းလိုက်သည်။

ရုတ်ခြည်းဆိုသလိုပင် သူတို့သည် မြေကြီးနှင့် လွတ်သွားပြီး လေဖြ ထဲသို့ ရောက်ရှိသွားသည်။ ကျောက်တိုင်ကြီးဆီသို့ တန်းတန်းမတ်မတ် ပျံသန်းသွားလျက် ရှိတော့သည်။

''တိုက်ပြီ တိုက်ပြီ''

ဟော့ဖာက ဟစ်အော်လိုက်သည်။

သို့သော် ဇာဂျာသည် လေယာဉ်ကို သည်အတိုင်း မောင်းသွားနေပြ နောက်ဆုံးအချိန်ကျမှ အနီးကပ်ပြီး လေယာဉ်ကို မတင်လိုက်သည်။ လေယာ သည် ကျောက်တိုင်ကြီး အထက်ဘက် ၁၅ ပေ၊ ပေ ၂၀ ခန့်မှ လွတ်လွတ် ကင် ကင်းကြီး ဖြတ်ကျော်သွားသည်။

''ဘုရား... ဘုရား... လွတ်သွားပြီး ဘယ်လောက် အံ့ဩစရာ ကောင်းသလဲ''

စထရက်ဆာက ပြောလိုက်သည်။

''ဌာနချုပ်မှူးကြီး ကျွန်တော့်ကို ယုံတယ် မဟုတ်လား''

ဇာဂျာက ရယ်မောပြီး ပြောလိုက်သည်။ သူက စိတ်လှုပ်ရှားနေသဖြ 'ဌာနချုပ်မှူးကြီး' ဟူသော စကားလုံးကို မှားပြီး ပြောလိုက်မိသည်ကိုပ သတိမပြုမိဘဲ လက်ယာဘက် တက်မကို နင်းလိုက်ပြီး လေယာဉ်ကြီးကို တို ခေါင်မိုးများပေါ်တွင် ဝဲကွေ့လိုက်သည်။

ယင်းအချိန်လောက်မှာပင် ဌာနချုပ် ဘန်ကာ တံခါးပေါက်တစ်ခု စောင့်ကြပ်နေရသော နာဇီတပ်သားတစ်ဦးသည် မော်တော်ကားတစ်စီး ဆိုင် ရောက်လာသံကို ကြားရသည်။ စစ်ကားတစ်စီး မြင်ကွင်းတွင် ပေါ်လာပြီ ဘရိတ်အုပ်ကာ ရပ်လိုက်သည်။ ကားမောင်းသူသည် အမှောင် ဝိုးတဝါးထဲ ကားထဲမှ ထွက်လာပြီး တံခါးပေါက်ဆီသို့ လျှောက်လာသည်။

''ဘယ်သူလဲ''

အစောင့်က မေးလိုက်သည်။

အလင်းရောင်တွင် မာတင်ဘိုးမန်း ပေါ်လာသည်။ အစောင့်က အလေး ပြုလိုက်ပြီး -

''ကျွန်တော် တောင်းပန်ပါတယ် ဌာနချုပ်မှူးကြီး၊ ဌာနချုပ်မှူးကြီး



မှောင်ထဲမှာ ဆိုတော့ ကျွန်တော် မမှတ်မိလို့ပါ''

''ညက အတော်ဆိုးတာပဲ''

''ဟုတ်ပါတယ် ဌာနချုပ်မှူးကြီး''

''ဒါပေမဲ့ မကြာခင်မှာ ကျုပ်တို့အားလုံးအတွက် ကောင်းလာပါလိမ့် မည်''

ဘိုးမန်းက အစောင့်တပ်သား၏ ပခုံးကို ပုတ်ပြီး အမှောင်တွင်းသို့ ဝင်သွားသည်။

■

www.burmeseclassic.com

www.burmeseclassic.com

- ၈ -

စတော့လေယာဉ်အတွင်း၌ အေးဆေးငြိမ်းချမ်းမှုကို တော်တော်နှင့် မရရှိကြ အကြောင်းမှာ ဘာလင်မြို့ပေါ်တွင် သူတို့ ပျံနေသည့် လမ်းကြောင်းတစ်လျှော လုံးတွင် ရုရှတို့က အမြောက်များဖြင့် လိုက်လံပစ်ခတ်နေသောကြောင့် ဖြစ် သည်။ တစ်မြို့လုံးတွင်လည်း နေရာပေါင်းများစွာ၌ မီးများ လောင်ကျွမ်းလျက် ရှိသည်။ အမှောင်ထဲတွင် အမြောက်ဆန်များ ပေါက်ကွဲလင်းလက်လျက် ရှိသည်။

ရုတ်တရက်ဆိုသလို သူတို့လေယာဉ်သည် တုန်ခါသွားသည်။ လေယာဉ် ကိုယ်ထည်ကို တစ်စုံတစ်ခု ထိမှန်ဟန် ရှိသည်။

"လေယာဉ်ပစ်အမြောက်ပဲ၊ ကျွန်တော် အောက်ကို ဆင်းရမယ်"

ဗာဂျာ ပြောလိုက်သည်။

သူက လေယာဉ်ကို ရုတ်ခြည်းဆိုသလိုပင် ခပ်ကြမ်းကြမ်း စိုက်ပြီး ဆင်းသည်။ အောက်တွင် တောက်လောင်နေသော မီးတောက်များနှင့် အတော် ကလေး နီးသောအခါတွင်မှ သူက လေယာဉ်ကို ပြန်ပြီး မတ်တောင်လိုက်ပြီး ရှေ့တည့်တည့်သို့ ပျံသန်းသည်။

ဟော့ဖာ၏ မျက်နှာ တစ်ဖက်သို့ လွှဲသွားသည်။ သူ့မျက်နှာ သိသိသာ သာ ပျက်နေသည်။

"ခင်ဗျားရဲ့ တပ်ကြပ်ကြီးက ခံနိုင်ရည်မရှိဘူးနဲ့ တူတယ်"

စထရက်ဆာက အထင်သေးစကား ဆိုသည်။

"ရေတပ်မတော် ဗိုလ်ချုပ်ကြီးဒိုးနက်ဟာ ပင်လယ်ကို ထွက်တိုင်း ဖျားတယ်လို့ ပြောကြတယ်၊ ဒါပေမဲ့ သူဟာ ဂျာမနီနိုင်ငံရဲ့ အကြီးကျယ်ဆုံး သင်္ဘောသားကြီး မဟုတ်လား"

ရုစ်တာက တုံ့ပြန် ပြောလိုက်သည်။

တဖြည်းဖြည်းနှင့် အောက်ဘက်ရှိ မီးတောက်များ အမှောင်ထဲတွင်

က်သွားသည်။

"ကျွန်တော်တို့ လွတ်သွားပြီ၊ ဒီလို လွတ်လိမ့်မယ်လို့ ကျွန်တော် လုံးမထင်ခဲ့ဘူး"

ဗာဂျာက လေယာဉ် စက်သံကို ဖောက်ပြီး ပြောသည်။

"ခင်ဗျား တကယ်တော်တာပဲ၊ ခင်ဗျားကို ချီးကျူးပါတယ်"

စထရက်ဆာက ပြောသည်။

"ကျုပ်တို့ မလွတ်သေးဘူး"

ရုစ်တာက ရုတ်တရက် ပြောလိုက်သည်။

"မဟုတ်တာဘဲ၊ ရှေ့မှာ လမ်းကြီး ဖြောင့်နေပြီ"

ဗာဂျာက ပြန်အော်သည်။

တို့သည် ညအမှောင်ထဲနှင့် မိုးသဲသဲတွင် အမြင့်ပေ ၅၀၀ မှ ပျံသန်းလျက် သည်။ ဗာဂျာ၏ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ထင်နေသည်။

ဟော့ဖာ အိပ်ပျော်လျက်။

ဗာဂျာ၏အနီးတွင် ထိုင်နေသော စထရက်ဆာသည် စက်ခလုတ်ခုံမှ ရောင်ဖြင့် ဒိုင်ယာရီ ရေးမှတ်လျက် ရှိသည်။

ရုစ်တာသည် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင်းစထရက်ဆာကို ကြည့် သည်။ သည်လူကြီး ဘာတွေ လုပ်နေသနည်း။ မိမိကကော ဘာတွေ လုပ်နေ နည်း။

အဆုံးစွန်သော အချိန်တွင် ဘာဖြစ်ကြမည်ကို မသိနိုင်ပါ။ ဖြစ်လာ အခါမှပင် သိရပေမည်။ စစ်တုရင် ကစားသလိုပင် အကွက်တွေတော့ ရွှေ့နေ သည်။

ရုစ်တာသည် သူ၏ ထိုင်ခုံတွင် ကျောမှီလိုက်သည်။ ထို့နောက် သူ၏ င်လုံးများကို မှိတ်ထားလိုက်သည်။

ခုံကို တစ်စုံတစ်ယောက်က လှုပ်နှိုးသဖြင့် သူ နိုးလာသည်။

"ကျုပ်တို့ ပလေဘအင်းကို ရောက်နေပြီ၊ ဗာဂျာ လေယာဉ်ကွင်းနဲ့ က်အသွယ်လုပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



စထရက်ဆာက ပြောသည်။

ရစ်တာ လက်မှ နာရီကို ကြည့်လိုက်သည်။ အံ့အားသင့်သွားသည် ... သုံးနာရီ။ ဟော့ဖာဘက်သို့ လှည့်ပြီး-

''အခြေအနေ ဘယ့်နှယ်လဲ''

''ကောင်းပါတယ် ဗိုလ်မှူး''

ဗာဂျာက သူ့လည်ပင်းတွင် တပ်ထားသော မိုက်ခရိုဖုန်းတွင် ပြော... သည်။

''မြေခွေးနီလား... ဗီမာန် ပြောနေတယ်၊ ကျုပ်ပြောတာ ကြားသလား'' ကျိုးကျိုးကျစ်ကျစ် အသံများသာ ထွက်ပေါ်နေသည်။ ဗာဂျာက ဒိုင်ခွ... တစ်ခုကို ချိန်ပြီး နောက်တစ်ကြိမ် ထပ်ပြောသည်။

''မြေခွေးနီလား... အာဇာနည်ဗိမာန် ပြောနေတယ်''

ခဏအကြာတွင် အသံတစ်ခု ထွက်ပေါ်လာသည်။

'အာဇာနည်ဗိမာန်လား... မြေခွေးနီ ပြောနေတယ်၊ ခင်ဗျား ပြော... ကို ရနိုင်နှုန်း ၅၀ ကြားရတယ်''

''စီစဉ်ထားတဲ့အတိုင်း ဓာတ်ဆီ ထည့်ရအောင် ကျုပ် ဆင်းခဲ့မ... ကွင်းအခြေအနေ ဘယ်လိုလဲ''

''မိုးသဲတယ်၊ မြူဆိုင်းတယ်၊ မြင်နိုင်ခြင်း ကိုက် ၁၅၀၊ ပြေးလမ်းမီး... ဖွင့်ပေးမယ်''

''ကျေးဇူးတင်ပါတယ်''

ဗာဂျာက ပြန်ပြောသည်။

ခေတ္တမျှအကြာတွင် သူတို့ လက်ယာဘက်တွင် မီးတန်းနှစ်ခု ထွက်... လာသည်။

''ကွင်းကို မြင်ရပြီ၊ အခု ဆင်းလာပြီ''

ဗာဂျာ လေယာဉ်ကို ကွေ့ပြီး ဆင်းသည်။

''ကျွန်တော်တို့ ဒီမှာ ကြာဦးမလား''

ရစ်တာက မေးသည်။

''ဓာတ်ဆီဖြည့်ရုံပဲ၊ ကျုပ်တို့ အဝေးကြီး ဆက်ပြီး သွားရဦးမ...''

စထရက်ဆာက ဖြေသည်။

သူတို့သည် မိုးနှင့် မြူကို ဖောက်ပြီး မီးရောင်တန်းနှစ်ခုအတွင်း... ထိုးဆင်းသည်။ ဗာဂျာက ဘရိတ်များကို ဆွဲလိုက်သောအခါ လေယာဉ် ဘီး... များ ထွက်ပေါ်လာသည်။ လေယာဉ် တဖြည်းဖြည်း နှေးသွားပြီး အမြီးပိုင်း မြေပြင်... ထိသည်။





ထိုစဉ်မှာပင် ဗာဂျာ ထိတ်လန့်တကြား ဟာဟ်အော်လိုက်သည်။ အကြောင်း... အမှောင်ထဲမှ မောင်းထွက်လာသော ထရပ်ကားများတွင် ရုရှတပ်မတော်၏ ...ယ်နီအမှတ်တံဆိပ်များ တွေ့မြင်ရသောကြောင့် ဖြစ်သည်။

''မောင်း မောင်း... မြန်မြန်မောင်း''

စထရက်ဆာက အော်သည်။

ဗာဂျာက လေယာဉ်စက်ရှိန်ကို မြှင့်လိုက်သည်။ ဘေးပြတင်းပေါက်... ခုကို ကျည်ဆန်တစ်ခု ထိမှန်သည်။ ရစ်တာက သေနတ်ပြောင်းကို ယင်း... ကျည်ဆန်ပေါက်မှ ထုတ်လိုက်ပြီး ကျည်တစ်ကပ်ကို ဆွဲထည့်လိုက်သည်။ ထို... ...နှင့်တွင် သူတို့၏ လေယာဉ်သည် ပြေးလွှားလျက်ရှိချေပြီ။ လေယာဉ်လမ်းအဆုံး... ...သို့ ပြေးနေသည်။ ကားတွေက လေယာဉ်နှင့် ပြိုင်ပြီး မောင်းသည်။ သို့သော်... ...ကက်မှာ ကျန်ရစ်ခဲ့ကြသည်။ ဗာဂျာက လေယာဉ်မောင်းတံကို ဆွဲလိုက်သည်။ ...တို့၏ လေယာဉ် အမှောင်ထဲတွင် ထိုးတက်သွားသည်။

အမြင့်ပေ ၃၀၀၀ သို့ ရောက်ရှိသောအခါတွင်မှ ရှေ့သို့ တည့်တည့်... ...သည်။ စထရက်ဆာက-

''ကဲ ဘာလုပ်ကြမလဲ''

သူ၏ တည်ငြိမ်အေးဆေးသော အသံ ပျောက်ကွယ်ချေပြီ။ သူ့မျက်နှာ... ...ွင် စိုးရိမ်မှုများ ပေါ်လွင်နေသည်။

''သေချာတာကတော့ ကျွန်တော့်မှာ နောက်ထပ် မိနစ် ၄၀ စာပဲ ...တ်ဆီ ရှိတယ်''

ဗာဂျာက ပြောလိုက်သည်။ ထို့နောက် ရစ်တာဘက် လှည့်ပြီး-

''ဗိုလ်မှူး မြေပုံကို ကြည့်စမ်းပါ၊ အပေါ်က မြေပုံ ကျွန်တော်တို့ရဲ့ ...ာင်ဘက် မိုင် ၅၀ အတွင်းမှာ ဘာရှိသလဲလို့''

ရစ်တာကာ မြေပုံကို သူ့ပေါင်ပေါ်တွင် ဖြန့်လိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ...ကြည့်သည်။

'ပလိုဒင်ဆိုတဲ့ နေရာတစ်ခုတော့ တွေ့ရတယ်၊ အနီဝိုင်းကလေးနဲ့ ...ထားတယ်၊ မိုင် ၄၀ လောက် ဝေးမယ်၊ အနီဝိုင်းကလေး ပြထားတဲ့သဘော... အရန်ဓာတ်ဆီဖြည့်စခန်း မဟုတ်လား''

''ညပိုင်း တိုက်လေယာဉ်တွေအတွက် အရန်ထားတဲ့ စခန်းပဲ၊ အရေး... ဖြစ်ရင် ဆင်းဖို့ပဲ၊ လေယာဉ်ရုံတစ်ရုံ ရှိတယ်၊ လေယာဉ်လမ်း ရှိတယ်... ...ယာဉ်လမ်းက မြက်ခင်းလမ်းပဲ၊ စစ်မဖြစ်ခင်တုန်းက ပုဂ္ဂလိက ကလပ်ကွင်း... ...ခဲ့ပဲ၊ ကျွန်တော် သူတို့နဲ့ ဆက်သွယ်လို့ ရမလား မသိဘူး၊ ကြိုးစားကြည့်ဦး... ...''

www.burmeseclassic.com

www.burmeseclassic.com



"ပထမတစ်ခါ ဆက်သွယ်တုန်းကတော့ ပြဿနာ ဖြစ်ခဲ့ပြီ၊ ဂျာမန်တ
အကျအန ပြန်ပြောတာပဲ"

စထရက်ဆာက ပြောသည်။

"ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော် ဘယ်မှ သွားလို့ မရဘူး
ဓာတ်ဆီကုန်သွားတဲ့ အချိန်မှာ အောက်ကို ထိုးဆင်းဖို့ပဲ ရှိတယ်၊ အဲဒီအချိန်မှာ
လေထီးနဲ့ ခုန်ဆင်းကြရအောင်လည်း လေထီးက တစ်လက်တည်း ရှိတယ်
အဲဒီလေထီးကလည်း ကျွန်တော့်အောက်မှာ ရှိတယ်"

ဗာဂျာက ပြောသည်။

"ဟုတ်ပြီလေ… ကျွန်တော် သဘောပေါက်ပြီ၊ ခင်ဗျားအနေနဲ့ ကောင်း
တယ် ထင်သလိုသာ လုပ်ပါ"

စထရက်ဆာက လိုက်လျောလိုက်သည်။ သူ၏ ပါးရိုးကြီးများ ထော
နေသည်။ သူ၏ လက်သီးများကို တင်းတင်း ဆုပ်ထားသည်။ သူက အုပ်ချုပ်
မဟုတ်တော့။ သူ့ကို အခြေအနေက ဖန်တီးလျက် ရှိချေပြီ။

သည်တစ်ကြိမ်တွင်တော့ ဗာဂျာသည် မြေပြင်နှင့် ရိုးရိုးရှင်းရှင်းပင်
ဆက်သွယ်သည်။

"ဖိုင်ဆယ်လာစတော့ အေကေ ၄၀ က ပလိုဒင်ကို ခေါ်နေတယ်
ကျွန်တော့်မှာ ဓာတ်ဆီကုန်နေတယ်၊ အရေးပေါ် အကူအညီ လိုနေတယ်
ကျေးဇူးပြု၍ အကြောင်းပြန်ပါ"

တစ်ဖက်မှ ချက်ချင်းပင် ပြန်ကြားသည်။

"တခြားနေရာကို ကြိုးစားကြည့်ပါ၊ ကျုပ်တို့ကို ည ၇ နာရီကတည်း
က ရုရှတွေ ဝိုင်းထားပြီ"

"ကျွန်တော့်မှာ တခြား ရွေးစရာ လမ်းမရှိဘူး၊ အဲဒီကို ၃ နာရီ ၄
မှာ ရောက်မယ်၊ အဲဒီနောက် ၅ မိနစ်မှာ ကျွန်တော် ဝဲပြီး ဆင်းခဲ့မယ်"

ဗာဂျာက ပြန်ပြောသည်။

ခေတ္တမျှ တိတ်ဆိတ်နေသည်။ ပြီးမှ-

"ကောင်းပြီ၊ ကျုပ်တို့ အတတ်နိုင်ဆုံး ကြိုးစားမယ်"

"ကောင်းပါပြီ မိတ်ဆွေ၊ ကျွန်တော်တို့ လာနေပြီ"

ဗာဂျာက လေယာဉ်ကို တဖြည်းဖြည်း နိမ့်ဆင်းသည်။

လေယာဉ်ပြေးလမ်းကြောင်းအနီးတွင် လေယာဉ် နှစ်စင်း မီးလောင်လျက် ရှိသည်

"အင်း တန်ဖိုးကြီးတဲ့ အချက်ပြမီးတွေပဲ၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးတ



ရောပဲ"

ဗာဂျာက ပြောလိုက်သည်။

လေယာဉ်ရုံ နှစ်ခု ရှိသည်။ မျှော်စင်ကလေးတစ်ခု ရှိသည်။ ကိုက်
၁၀၀ လောက်တွင် တဲတွေ ရှိသည်။ တဲတွေ၏ အနီးတွင် ထရပ်ကားတွေ ရပ်
ထားသည်။ တစ်စုံတစ်ရာ ပစ်ခတ်သံများ မကြားရပါ။ သူတို့ ဆင်းသည့်အချိန်
တွင် လေယာဉ်နှစ်စင်း မီးလောင်နေသည်ကိုသာ တွေ့ရသည်။

ဗာဂျာက လေယာဉ်ကို မျှော်စင်ဆီသို့ မောင်းသွားချိန်တွင် လူ လေး
ငါး ခြောက်ယောက် ပြေးထွက်လာသည်။ လူနှစ်ယောက်က လေယာဉ်ဘီး
ချွမ်းတုံးများကို သယ်လာသည်။ တံခါးပွင့်သွားသည်။ အလင်းရောင်တွင် အရာရှိ
တစ်ယောက် ရပ်နေသည်။

ဗိုလ်ကလေးတစ်ယောက် ဖြစ်သည်။ အသက် ၂၃ နှစ်၊ ၂၄ နှစ်လောက်
ရှိမည်။ မုတ်ဆိတ်မွေးတွေနှင့် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ အတော်ကလေး
ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

ဗာဂျာက သူ့လက်ကို ဆန့်တန်းလိုက်ပြီး-

"ဟိန်နီဗာဂျာပါ၊ မောင်းချထားဖို့ မလိုဘူးပေါ့ မဟုတ်လား"

"ဘာလိုစရာ ရှိသလဲ၊ လေယာဉ်ပျံနှစ်စင်း မီးလောင်နေတာက
ရှေ့မှတ်သစ်ပင်ပေါ်က ဖယောင်းတိုင်တွေ ကျနေတာပဲ၊ ကျွန်တော်တို့ရဲ့ ရေပိုက်
တလည်း စစချင်းဆိုသလိုပဲ အမြောက်စာ မိသွားပြီ၊ ကျွန်တော်တို့ မီးသတ်စရာ
ဘာမှ မရှိဘူး၊ ဒါနဲ့ ကျွန်တော့်နာမည် ဖရန့်ကယ်ပါ"

"ဗိုလ်ကြီးက ဒီမှာ တာဝန်ခံတပ်မှူးပဲပေါ့"

စထရက်ဆာက မေးလိုက်သည်။

"ဟုတ်တဲ့ တာဝန်ခံတပ်မှူး ဗိုလ်ကြီးသောဂင် မနေ့ညကပဲ ကျဆုံး
သွားပါတယ်၊ ရုရှတင့်ကားတွေက ည ၁၁ နာရီလောက်မှာ အမြောက်တွေနဲ့
ဝင်ပြီး စက်သေနတ်တွေနဲ့ ဆွဲပါတယ်"

"ခြေလျင်တပ်နဲ့ကော မတိုက်ဘူးလား"

ရစ်တာက မေးသည်။

ဖရန့်ကယ်က ရစ်တာ၏ ယူနီဖောင်းမှ သူ့ရဲကောင်းဘွဲ့တံဆိပ်တို့ကို
ကြည့်လိုက်ပြီး သူ့ကိုယ်ကို တောင့်ရပ်လိုက်သည်။

"မတိုက်ပါဘူး ဗိုလ်မှူး၊ သူတို့ အမှောင်ထဲမှာပဲ နေပါတယ်၊ လွန်ခဲ့တဲ့
တစ်နာရီလောက်က အမြောက်တွေနဲ့ ထပ်ပစ်ပါတယ်၊ လေယာဉ်ပျံနှစ်စင်း အဲဒီ
တုန်းက မီးလောင်သွားတာပါပဲ"

ရစ်တာ အမှောင်တွင်းသို့ လျှောက်သွားသည်။ ဟိုနေရာ သည်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အလေး ်င်းတွေ ပြန့်ကြဲနေသည်။ လေယာဉ်လမ်း၏ အခြားတစ်ဖက်ထိပ်တွင် ကား ယွန်ကာ လေယာဉ်တစ်စင်း အမြီးထောင်ပြီး ခေါင်းစိုက်လျက် ရှိသည်။ မြေပြင်တွင် ဇရာမအစင်းကြောင်းကြီး ရှိနေသဖြင့် ယင်းလေယာဉ်သည် ဝမ်းဗိုက် နှင့် ရှပ်ပြီး ဆင်းခြင်း ဖြစ်ကြောင်း ဖော်ပြလျက် ရှိသည်။

ရစ်တာက ပြန်လှည့်လာပြီး-

''ဗိုလ်ကြီးမှာ လူ ဘယ်နှယောက် ရှိသလဲ''

ဖရန်ကယ်က-

''၆ ယောက်၊ အဲဒီလေယာဉ်တွေက လူတွေတော့ လစ်ကုန်ကြပြီ အဲ နောက်ပြီးတော့ ဗိုလ်မှူးတို့ အဖွဲ့သားတွေတော့ ရှိတယ်၊ မနေ့ညက ရောက် လာကြတယ်၊ တဲတွေမှာ စခန်းချနေကြတယ်၊ အဲဒီ ကား ၄ စီးဟာ သူတို့ကား တွေပေါ့''

''ကျုပ်တို့ အဖွဲ့သားတွေ… ဟုတ်လား၊ နာဇီတပ်ဖွဲ့လို့ ပြောတာလား ဘယ်တပ်ဖွဲ့လဲ''

ရစ်တာက မေးလိုက်သည်။

''အိုင်းဆတ်တပ်ဖွဲ့ပါ ဗိုလ်မှူး''

ရစ်တာ၏ မျက်နှာ ဖွေးသွားသည်။ ဖရန်ကယ်၏ အင်္ကျီရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဆုပ်ဆွဲကိုင်လိုက်ပြီး-

''ဒီလို အကောင်တွေကို ကျုပ်တို့နဲ့ တစ်ဖွဲ့တည်းလို့ ဘယ်တော့မှ မပြောပါနဲ့၊ ကျုပ် ပြောတာ ကြားလား''

အိုင်းဆတ်တပ်ဖွဲ့ဆိုသည်မှာ ရုရှကို မတိုက်မီက ဟင်းမလား ဖွဲ့စည်း ခဲ့သော 'အထူးကွန်မန်ဒို'တပ်ဖွဲ့ ဖြစ်သည်။ အခြားနာဇီတပ်ဖွဲ့များမှ ဆိုးသွမ်း သောင်းကျန်းသူများကိုလည်း ယင်းတပ်ဖွဲ့သို့ ပြောင်းရွှေ့ပေးသည်။

စထရက်ဆာ ရှေ့သို့ တိုးလာပြီး ရစ်တာကို ဆွဲသည်။

''အေးအေးဆေးဆေး လုပ်ပါ ဗိုလ်မှူး၊ သူတို့ အခု ဘာလုပ်နေကြ သလဲ''

''သောက်ပွဲကြီး ကျင်းပနေကြတယ်၊ သူတို့မှာ မိန်းမတွေလည်း ပါတယ်''

ဖရန်ကယ်က ဖြေသည်။

''မိန်းမတွေ… ဟုတ်လား''

''အကျဉ်းစခန်းတွေက ကောင်မလေးတွေပဲ၊ ဂျူးမလေးတွေပဲ''

ခေတ္တမျှ တိတ်ဆိတ်နေသည်။

ဗာဂျာက မီးလောင်နေသော လေယာဉ်ပျံများဆီသို့ ခေါင်းညိတ်ပြလျက်-



''အခြေအနေကောင်းတုန်းမှာ သူတို့ ဘာပြုလို့ ပျံမသွားကြတာလဲ''

''သူတို့ ဓာတ်ဆီ နည်းသွားလို့ ဒီမှာ ဆင်းကြတာပဲ၊ ဒီမှာကလည်း ဓာတ်ဆီဆိုလို့ တစ်စက်မှ မရှိဘူး၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ဓာတ်ဆီ ပြတ်သွားတာပဲ''

စထရက်ဆာက-

''ဓာတ်ဆီ မရှိဘူး ဟုတ်လား၊ ဗိုလ်ကြီးတို့မှာ နည်းနည်းတော့ ရှိမှာ ပေါ့၊ စတော့က ဓာတ်ဆီ များများ မလိုပါဘူး၊ ဟုတ်တယ်မဟုတ်လား ဗာဂျာ''

''၁၀ ဂါလံလောက်ပဲ လိုတယ်ဆိုတောင် ကျွန်တော့်မှာ ပေးစရာ မရှိပါဘူး''

ဗာဂျာက အမြီးထောင်လျက်ရှိသော ယွန်ကာ လေယာဉ်ဆီသို့ ကြည့် လျက်-

''အဲဒီလေယာဉ်ထဲမှာကော မရှိဘူးလား''

''သူ့အထဲမှာရှိတဲ့ ဓာတ်ဆီတွေကို ကျွန်တော်တို့ ထုတ်ယူပြီးပြီ၊ ကျန်လို့ရှိရင် နည်းနည်းပဲ ကျန်မယ်၊ အဲဒါနဲ့တော့ ဗိုလ်ကြီးတို့ ဘယ်မှ ရောက် မှာ မဟုတ်ဘူး''

တဲတွေဆီမှ ရယ်မောသံကြီး ရုတ်တရက် ထွက်ပေါ်လာသည်။ သီချင်း ဆိုသံများလည်း ကြားရသည်။

''ဖိုက်ဆယ်လာစတော့ဟာ ဓာတ်ဆီအမျိုးအစား သိပ်ကောင်းကောင်း မလိုဘူး မဟုတ်လား''

ရစ်တာက ဗာဂျာကို မေးလိုက်သည်။

''မလိုပါဘူး သိပ်အကောင်းကြီး မလိုပါဘူး''

ရစ်တာက တဲတွေဆီသို့ ခေါင်းညိတ်ပြလျက်-

''ဟိုမှာ ကား ၄ စီး ရှိတယ်၊ အဲဒီကားတွေထဲမှာ ဓာတ်ဆီ ဂါလံ လေး ငါးဆယ်တော့ ရှိမှာပဲ၊ အဲဒါနဲ့ အလုပ်ဖြစ်မလား''

ဗာဂျာက-

''ဖြစ်နိုင်ပါတယ်၊ ယွန်ကာက လေယာဉ်ဓာတ်ဆီ ထုတ်ယူလို့ ရမယ်ဆိုရင် အလုပ်ဖြစ်နိုင်ပါတယ်''

ရစ်တာက ဖရန်ကယ်ဘက်သို့ လှည့်လျက်-

''ဖြစ်တယ် မဟုတ်လား''

ဖရန်ကယ် ခေါင်းညိတ်သည်။

''ကျွန်တော့်ဘက်ကတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ အိုင်းဆတ် လူကြီးမင်း တွေကတော့ ဖြစ်မယ် မထင်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့ဟာ နိုင်ငံတော်အတွက် အင်မတန် အရေးကြီး အထူးမစ်ရှင်အဖွဲ့ပဲ၊ ကျုပ်တို့မှာ အဓိပတိကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ အမိန့်စာတွေ ပါတယ်''

စထရက်ဆာက ပြောလိုက်သည်။

''ဝမ်းနည်းပါတယ် လူကြီးမင်း၊ ကနေ့ ကျွန်တော်တို့ နိုင်ငံမှာ အင်မတန် ထူးဆန်းတာတွေ ဖြစ်နေပါတယ်၊ စောစောက လူကြီးမင်း ပြောတဲ့ စကားများထဲ အရေးမထားတဲ့ လူမျိုးတွေ ရှိနေပါတယ်၊ အထူးသဖြင့် တဲထဲက လူမျိုးတွေပေါ့''

ဖရန်ကယ်က ပြောသည်။

''ဒါကတော့ လွယ်ပါတယ်၊ သူတို့ရဲ့ စိတ်ထားတွေကို ပြောင်းပေးမှာပေါ့၊ သူတို့ လူ ဘယ်လောက်လောက် ရှိသလဲ''

ရစ်တာက မေးလိုက်သည်။

''၃၀ လောက် ရှိမယ်''

''ဟုတ်ပြီ၊ ဗိုလ်ကြီး လူနှစ်ယောက်ကို လေယာဉ်ပျံထဲက ခေါ်ထုတ်ခိုင်းပါ၊ ကျန်တဲ့ လူတွေကို ထရပ်ကားတွေထဲက ခေါ်ဆီ ထုတ်ခိုင်းပြီး အိုင်းဆတ် လူကြီးမင်းတွေ ကိစ္စကို ကျုပ် ရှင်းမယ်''

ရစ်တာက ယင်းသို့ ပြောလိုက်ပြီးနောက် စထရက်ဆာဘက်သို့ လှည့်လျက်-

''သဘောတူသလား''

စထရက်ဆာက လှဲ့လှဲ့ကလေး ပြုံးလိုက်ပြီး-

''ဩော်… ဗိုလ်မှူးနှယ် ဒါ့ထက်ကောင်းတဲ့ အစီအစဉ် ဘယ်မှာ ရှိမလဲ''

ထရပ်ကားများတွင် လူတစ်ယောက်မျှ မရှိပါ။ စားသောက်ခန်းသို့ သွားသော တံခါးပေါက်တွင်လည်း အစောင့်တစ်ယောက်မှ မရှိပါ။ ရစ်တာက ရဲရဲလျှောက်သွားသည်။ စထရက်ဆာက သူ့နောက်မှ တစ်လှမ်းကွာမှ လိုက်ပါသည်။

''ကျုပ် ရှုးနေပြီနဲ့ တူတယ်''

စထရက်ဆာက ပြောလိုက်သည်။

''ဌာနချုပ်က လူတွေဟာ ရှံဖန်ရံခါဆိုသလို ရှေ့တန်းက တပ်တွေကို သွားကြည့်ဖို့ ကောင်းမယ်လို့ ကျွန်တော်တို့ ပြောခဲ့ကြတယ်၊ အခုလည်း ဌာနချုပ်မှူးကြီးအတွက် အတွေ့အကြုံ ရတာပဲပေါ့''

 

ရစ်တာ တံခါးဝတွင် ရပ်လိုက်၏။ တိတ်ဆိတ်သွားလို့ ဖြစ်သည်။

စထရက်ဆာက-

''ဗိုလ်မှူး ကျုပ်ကို ဘယ်လို ခေါ်လိုက်တာလဲ'

''ကျွန်တော် ခေါ်တာ မှားသလား''

''ကျုပ် သိသလောက် ပြောရရင်တော့ ဌာနချုပ်မှူးကြီး မာတင်ဘိုးမန်း ဘာလင်က ဌာနချုပ်ဘန်ကာမှာ ရှိနေတယ်၊ လူတစ်ယောက်ဟာ တစ်ချိန်တည်းမှာ နှစ်နေရာမှာ ရှိနေဖို့ဆိုတာ အင်မတန်ဆန်းကြယ်တဲ့ အလုပ်ပဲ''

''လူနှစ်ယောက် ရှိနေရင် လွယ်ပါတယ်''

''အဲဒီလူ ဘယ်သူက အစစ်၊ ဘယ်သူက အတုဆိုတဲ့ ပြဿနာ ရှိနေဦးမှာပဲ၊ ကျုပ် ပြောတာ မဟုတ်လား''

ရစ်တာ ပြုံးလိုက်ပြီး-

''မှန်ပါတယ် ခင်ဗျာ၊ ကဲ ကျွန်တော်တို့ ဝင်ကြရအောင်''

ရစ်တာက တံခါးကို ဖွင့်ပြီး အလင်းရောင်တွင်းသို့ ဝင်သွားသည်။ ထမတွင် သူတို့နှစ်ယောက် ဝင်သွားသည်ကို မည်သူကမျှ သတိမပြုမိပါ။ …သြစရာတော့လည်း မဟုတ်ပါ။ စားပွဲတွင် ရှိနေသူများ အားလုံး မူးနေကြသည်။ …ခန်းထောင့် တစ်နေရာတွင် မိန်းကလေး ၁၀ ယောက်ခန့် ပြွတ်သိပ်လျက် …နေသည်။ ဆံပင်တွေ ဖရိုဖရဲ ဖြစ်နေသည်၊ အဝတ်အစားတွေ တွန့်ကျေနေသည်၊ …က်နှာများ ဖြူရော်လျက် ရှိသည်။ သေရမည့်အချိန်ကို စောင့်နေသော သတ္တဝါ…ပမာဖြစ်သည်။

စားပွဲရှည်ကြီး တစ်ဖက်ထိပ်တွင် ဗိုလ်ကြီးတစ်ယောက် ထိုင်နေသည်။ …မျက်နှာက ရက်စက်ကြမ်းကြုတ်သည့် အသွင် ရှိသည်။ သူ့ပေါင်ပေါ်တွင် …ာင်မကလေး တစ်ယောက် ရှိသည်။ လက်တစ်ဖက်က ကောင်မကလေးကို …င်းကျပ်စွာ ဖက်ထားသည်။ ကောင်မလေးကို ကြည့်ရသည်မှာ အသက် ၁၆ …ထက် ကျော်ပုံမရသေး။ ရစ်တာကို ကောင်မလေးက စ၍ တွေ့မြင်သည်။ သူ့မ… မျက်လုံးများ ပြူးကျယ်သွားသည်။ ထိုအခါတွင်မှ ဗိုလ်ကြီးဖြစ်သူသည် …ာင်မလေး၏ ထိတ်လန့်မှုကို သတိပြုမိသွားပြီး ကောင်မလေး ကြည့်နေရာဘက်သို့ …ည့်ကြည့်လိုက်သည်။

ရစ်တာ မားမားကြီး ရပ်နေသည်။ လက်နှစ်ဖက်ကို တင်ပါးများပေါ်…င် တင်ထားသည်။ ခြေထောက် နှစ်ဖက်ကို အနည်းငယ် ခွဲထားသည်။ …မင်းကြီး ရပ်နေသည့်အလား ဖြစ်သည်။ ဗိုလ်ကြီးသည် ရစ်တာ၏ ခွဲ့ညား…သော ဝတ်စုံနက်၊ သူ့ရဲ့ကောင်းတံဆိပ်များနှင့် မည်းနက်သော မျက်ခုံးများကို …ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဗိုလ်ကြီးက ဒီမှာ တာဝန်ခံလား''

ရစ်တာက အေးဆေးစွာ မေးလိုက်သည်။

ဗိုလ်ကြီးသည် သူ့ပေါင်ပေါ်မှ မိန်းကလေးကို ဖက်လိုက်ပြီး ထရပ်လိုက်သည်။

တစ်ခန်းလုံး၏ တိတ်ဆိတ်ငြိမ်သက်သွားသည်။

''ဟုတ်တယ်၊ ဂရုစကီ''

သူ ဖြေသည်။

''ယူကရိန်းလူမျိုးလား''

ရစ်တာက မေးသည်။

ဂရုစကီ မျက်နှာကြီး ရဲသွားပြီး-

''ခင်ဗျားက ဘယ်သူလဲ''

''မင်းရဲ့ အထက်အရာရှိတစ်ယောက်ပဲ''

ရစ်တာက တည်ငြိမ်စွာ ပြောသည်။

''ပတ်ပတ်လည်မှာ ရုရှတပ်တွေ ဝိုင်းနေတာကို သိလျက်သားနဲ့ ဘာပြုလို့ အစောင့်ချမထားလဲ''

''မလိုပါဘူး၊ မနက် မိုးလင်းသေးဘဲနဲ့ သူတို့ မလာပါဘူး၊ သူတို့ပုံစံကို ကျုပ် သိပါတယ်၊ သူတို့ မလာခင် ကျုပ်တို့ ဒီက ထွက်သွားမှာပဲ၊ အဲ... မသွားခင်မှာတော့...''

သူက ကောင်မလေးကို လက်တစ်ဖက်နှင့် လှမ်းဖက်ပြီး ဆွဲယူလိုက်သည်။

''ဝမ်းနည်းပါတယ်၊ မင်းတို့ အခု ဒီကနေ ဘယ်ကိုမှ သွားနိုင်တော့မှာ မဟုတ်ဘူး၊ မင်းတို့ကားတွေက ဓာတ်ဆီတွေကို တို့လေယာဉ်ပျံအတွက် ယူရလိမ့်မယ်''

ရစ်တာက ပြောလိုက်ရာ-

''ဘာပြောတယ်''

ဂရုစကီ ဟစ်အော်လိုက်သည်။

''သူ့ကို အမိန့်စာတွေ ပြလိုက်ပါ''

ရစ်တာက စထရက်ဆာကို ပြောလိုက်သည်။ ထို့နောက် ကောင်မလေးကို ကြည့်လိုက်သည်။ ထို့နောက် ဂရုစကီကို ဂရုမစိုက်ဘဲ အခန်းထောင့်ဆီသို့ လျှောက်သွားပြီး အခြား ကောင်မလေးများကို ကြည့်သည်။

စထရက်ဆာက-

''ကျုပ် ဖတ်ပြမယ်၊ နိုင်ငံတော် အစိုးပတိကြီးနဲ့ ခေါင်းဆောင်ကြီးရဲ့



အမိန့်ပဲ၊ အထူးလျှို့ဝှက်စာတမ်းအောက်မှာ လက်မှတ်ထိုးထားတဲ့ နာမည်ကိုတော့ ဗိုလ်ကြီး မှတ်မိမှာပေါ့၊ အဒေါ့ ဟစ်တလာ''

''သူက ဘာလင်မှာပဲ၊ ကျုပ်တို့က ဒီမှာပဲ၊ ခင်ဗျားတို့ ကားထဲက ဓာတ်ဆီတွေကို လိုချင်တယ်ဆိုရင် ကျုပ် သေမှပဲ ရမယ်''

ဂရုစကီက ပြောသည်။

''ဒါဆိုရင်လည်း ဖြစ်ပါတယ်''

ရစ်တာက ထိုသို့ ပြောလိုက်ပြီး ညာဘက်လက်ကို မြှောက်ကာ လက်ဖျစ်တွက်လိုက်သည်။ ပြတင်းပေါက် မှန်တစ်ချပ် ကွဲသွားပြီး သေနတ်ပြောင်းတစ်ခု ပေါ်လာသည်။ သေနတ်ပြောင်း၏ နောက်ဘက်တွင် ဗာဂျာ၏ မျက်နှာကြီး ပြုံးနေသည်။ ဝုန်းခနဲ တံခါးပွင့်သွားသည်။ ဟော့ဖာဝင်လာသည်။ သူ့လက်ထဲတွင် သေနတ် ရှိသည်။

ရစ်တာက ဂရုစကီ လွှတ်လိုက်သော ကောင်မလေးကို-

''မင်းနာမည် ဘယ်သူလဲ''

''ဗန်စတိန်၊ ကလာရာ ဗန်စတိန်''

ကောင်မလေးက ဖြေသည်။

ရစ်တာက သူမ၏ စကားပြောသံကို ချက်ချင်းပင် ခွဲခြားသိရှိသဖြင့်-

''ပြင်သစ်လား''

''ကျွန်မရဲ့ မွေးစာရင်းမှာတော့ ပြင်သစ်ပဲ၊ ဒါပေမဲ့ ရှင်တို့အတွက်တော့ ကျွန်မဟာ ဂျူးတစ်ယောက်ပဲ''

''ကျုပ် ဘာပြောရမလဲ၊ ဝမ်းနည်းပါတယ်လို့ ပြောရမလား၊ အကြောင်း ထူးမလား''

ရစ်တာက ပြင်သစ်လို မေးသည်။

''နည်းနည်းကလေးမှ မထူးပါဘူး''

''ကောင်းပြီ၊ ဒီလိုဆိုရင် လက်တွေ့ပိုင်းကို ပြောရအောင်၊ မင်းနဲ့ မင်းသူငယ်ချင်းတွေ အခုချက်ချင်း သွားကြတော့၊ လေယာဉ်ကွင်းရဲ့ အပြင်ဘက်မှာ ရုရှတွေ ရှိတယ်၊ မင်းတို့ရဲ့ လက်တွေကို ခေါင်းပေါ်မှာ မြှောက်ပြီး ပါးစပ်က သွက်သွက်ကလေး အော်ပြီး သူတို့ဆီကို သွားကြပေတော့၊ မင်းတို့ကို သူတို့ လက်ခံမှာပဲ''

''နေပါဦး... ဘာတွေ ဘယ်လိုဖြစ်နေတာလဲ''

ဂရုစကီက ဂျာမန်လို မေးသည်။

''တိတ်၊ မင်းပါးစပ် ပိတ်ထားစမ်း၊ မင်း ငါ့ကို စကားပြောရင် ခြေထောက်ကို စေ့ထား၊ သတိ ကြားလား၊ အားလုံး သတိ''

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် သတိအနေအထား ပြုလုပ်ကြသည်။ ကောင်မလေး သူ့အဖော်များကို သွားကြရန် ဂျာမန်ဘာသာဖြင့် ပြောသည်။ သူတို့ တုံ့ဆိုင်း ကြသည်။

''အေး၊ ဒီမှာ နေရစ်ပြီး သေကြပေတော့၊ ငါတော့ သွားတော့မယ်''

ကောင်မလေး ပြေးထွက်သွားသည်။ ထိုအခါတွင် မိန်းကလေးမျ အားလုံး ကောင်မလေးနောက်သို့ ပြေးလိုက်ကြသည်။

ရစ်တာသည် စားပွဲများကြားတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်

''မင်းတို့ ဝတ်ထားတဲ့ ယူနီဖောင်းတွေကြောင့် မင်းတို့ကိုယ် မင်း ဂျာမန်စစ်သားတွေလို့ ထင်နေကြတယ်၊ ဒါပေမဲ့ မဟုတ်ဘူး၊ မင်းတို့ ဘာကော တွေလဲ ဆိုတာကို မင်းတို့ နားလည်အောင် ငါ ရှင်းရှင်းပဲ ပြောမယ်''

ဂရုစကီ ဒေါသတကြီး ဟစ်အော်လိုက်ပြီး သူ၏ လျှုဂါပစ္စတို ဆွဲထုတ်သည်။ သည်လိုမျိုး ဖြစ်လာလိမ့်မည်ဟု အစောကြီးကတည်းက မျှော် ထားခဲ့သော စထရက်ဆာသည်သူ၏ အင်္ကျီအိတ်အတွင်းမှ နေ၍ သေနတ် နှစ်ချက် ပစ်လိုက်သည်။ ဂရုစကီ လွင့်သ ။ တစ်ခါတည်း ပွဲချင်းပြီးသ

ထိုအခါ အမှုးသမားများ ဟ ပြီး သူတို့၏ သေနတ်မျ ဆွဲယူကြသည်။ သို့သော် ဗာဂျာနှင့် ဟော့ဖ ပြိုင်တူ ပစ်ခတ်လိုက်ကြသ သူတို့နှစ်ယောက်ကြားတွင် လူ ၄ ယောက် လဲကျသွားသည်။

''ဟုတ်ပြီ၊ သူတို့ သေနတ်တွေကို သိမ်းပြီး ငါတို့ မသွားမ သူတို့ကို ဒီမှာပဲ ထိန်းထား''

ရစ်တာက ဟော့ဖာကို အမိန့်ပေးလိုက်သည်။

ထို့နောက် ရစ်တာ အပြင်သို့ ထွက်သွားသည်။ သူ့နောက်မှ စထရက် ပါသွားသည်။ ဖရန့်ကယ်က သူတို့ထံသို့ လျှောက်လာပြီး တွေ့သည်။

''အားလုံး အဆင်ပြေတယ်၊ ယွန်ကာ လေယာဉ်ထဲက ဓာတ်ဆီ ဂါလံ ရတယ်၊ ကားတွေက ရတဲ့ ဓာတ်ဆီနဲ့ ရောပြီးပြီ၊ ဗိုလ်မှူးတို့ လေယ ကို ဓာတ်ဆီ အပြည့် ဖြည့်ပေးနိုင်တယ်''

''ဘယ်လောက်ကြာရင် ကျုပ်တို့ သွားနိုင်မလဲ''

''၅ မိနစ် ၁၀ မိနစ်ပေါ့''

ရစ်တာက ဖရန့်ကယ်ကို စီးကရက်တစ်လိပ် ပေးသည်။

''ဗိုလ်ကြီးနဲ့ ဗိုလ်ကြီးရဲ့ လူတွေကို ကျုပ်တို့ ခေါ်မသွားနိုင် ဝမ်းနည်းပါတယ်၊ ဗိုလ်ကြီးတို့ကို အခြေအနေဆိုးထဲမှာ ထားပစ်ခဲ့ရမှာပဲ''

''ကိစ္စမရှိပါဘူး၊ ဗိုလ်မှူးတို့ သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော် သူ စေ့စပ်မှာပဲ၊ ဒီအခြေအနေမှာ တခြားနည်း လုပ်စရာ ကျွန်တော် မတွေ့ ဘူး''

ဖရန့်ကယ်က ပြောသည်။ ရစ်တာက-

''ဗိုလ်ကြီး မှန်ပါတယ်၊ ကျွုပ်သာ ဗိုလ်ကြီးနေရာမှာဆိုရင်တော့ သောက်ခန်းထဲက ကောင်တွေကို သော့ခတ်ထားမှာပဲ၊ အဲဒါက အများကြီး င်းလိမ့်မယ်''

တပ်ကြပ်ကြီးတစ်ယောက် သူတို့ထံသို့ ခပ်သုတ်သုတ် ရောက်ရှိလာပြီး လေးပြုကာ-

''စတော့လေယာဉ် ပျံသန်းဖို့ အဆင်သင့် ဖြစ်နေပြီ ဗိုလ်ကြီး''

လေယာဉ်ကွင်း အပြင်ဘက် အမှောင်ထဲတွင် လှုပ်ရှားမှုများ တွေ့မြင် သည်။ အင်ဂျင်စက်သံတစ်ခု ကြားရသည်။

''ဗာဂျာ... ဟော့ဖာ... သွားကြမယ်၊ ရုရှတွေ လာတော့မယ်''

လေယာဉ်ရုံဆီသို့ ရစ်တာ ပြေးသွားသည်။ သူ့နောက်မှ စထရက်ဆာ က်ပါလာသည်။ သူတို့နှစ်ယောက် လေယာဉ်ပေါ်သို့ ရောက်ရှိချိန်တွင် ဟော့ဖာ ဗာဂျာတို့သည် ရောက်ရှိလာကြသည်။ ဗာဂျာသည် သူ့ကိုယ်ကို ခါးပတ်ပင် တော့ပါ။ တံခါးကို ဆွဲပိတ်လိုက်ပြီး လေယာဉ်စက်ကို နှိုးလိုက်သည်။ င့် စတော့လေယာဉ်သည် လေယာဉ်လမ်းကြောင်းပေါ်သို့ ပြေးနေပြီး စက္ကန့် အတွင်းမှာပင် ကောင်းကင်ဘက်သို့ ကွေ့လှည့်သည်။

လေယာဉ်ဖျက်များကို လောင်ကျွမ်းနေသော မီးတောက်များ ငြိမ်းသွား ဖြစ်သည်။ လေယာဉ်ကွင်းတစ်ခုလုံး ပိန်းပိန်းပိတ် မှောင်နေသည်။

''ဘုရား တရားကို ယုံကြည်တယ် ဆိုရင်တော့ ဒီအချိန်ဟာ ဘုရား ား အောက်မေ့ရမယ့် အချိန်ပဲ''

ဗာဂျာက ပြောလိုက်သည်။

သူက လေယာဉ်စက်ရှိန်ကို မြှင့်ပြီး လေယာဉ်ကို ရှေ့သို့ တွန်းတင် က်သည်။

သူတို့သည် အမှောင်ထဲတွင် ထိုးထွက်သွားသည်။ ရစ်တာက ထိုင်ခုံ း ကျောမှီလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ မိမိအတွက် နောက်ဆုံး ပင်လောဟု သူ စဉ်းစားလိုက်မိသည်။ ထိုစဉ်မှာပင် ဗာဂျာက လေယာဉ် း ခလုတ်ကို ဆွဲလိုက်သဖြင့် စတော့လေယာဉ်သည် အမှောင်ထုထဲတွင် တက်သွားသည်။

ရစ်တာ တစ်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ စထရက်ဆာသည် ကုတ်အင်္ကျီမှ ကျည်ပေါက် နှစ်ပေါက်ကို ကြည့်ရှုစစ်ဆေးလျက် ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အရဏ်သည် နေးကွေးလှသည်။ နံနက် ၄ နာရီ ၃၀ အချိန်တွင် သူတို့သည် ထူထပ်သော တိမ်တိုက်များအတွင်းတွင် ပျံသန်းလျက် ရှိသည်။ အရဏ်သည် ဖျော့ဖျော့ကလေးမျှသာ ရှိသည်။ သည့်ထက် မပိုပါချေ။

စထရက်ဆာနှင့် ဟော့ဖာတို့ နှစ်ယောက်စလုံး အိပ်ပျော်နေကြသည် ဘာဂျာမှာမူ အေးဆေးစွာဖြင့် လေချွန်လျက် ရှိသည်။

"လေယာဉ် မောင်းရတာကို ဗိုလ်ကြီး တော်တော်နှစ်သက်ပုံ ရတယ်"

"မိန်းမတွေထက် ပိုပြီး နှစ်သက်တယ်"

သူ ပြုံးပြုံးကလေး ပြောသည်။

ရစ်တာ ကျောမှီလိုက်စဉ်တွင် စထရက်ဆာ နိုးလာသည်။

"ကျွန်တော် အပေါ်တက်ကြည့်မယ်၊ ဒီတိမ်တိုက်တွေအပေါ် တက်ပြီး ကြည့်မယ်၊ ကျွန်တော့် စိတ်အထင်တော့ ရောက်နေပြီလို့ ထင်တယ်"

ဘာဂျာက ယင်းသို့ ပြောပြီး လေယာဉ်မောင်းတံကို ဆွဲလိုက်သည် လေယာဉ် ခေါင်းထောင်ပြီး စတက်သွားသည်။ သို့သော် ထူထပ်သော တိမ်တိုက်များ မကုန်ဆုံးနိုင် ရှိနေသည်။ နောက်ဆုံးတွင် ဘာဂျာသည် လေယာဉ်ပျံကို ရေပြင်ညီ ပျံသန်းလိုက်ပြီး-

"မဟုတ်သေးဘူး၊ ကျွန်တော် နောက်တစ်မျိုး စမ်းကြည့်မယ်၊ အောက် ကို ဆင်းကြည့်မယ်"

သူက လေယာဉ်မောင်းတံကို ရှေ့သို့ တွန်းလိုက်သည်။ စထ… လေယာဉ် အောက်သို့ စိုက်ပြီး ဆင်းသွားသည်။ တိမ်တိုက်များ ပိုပြီး မှောင်လာ သည်။ ပိုပြီး အနှောင့်အယှက် ဖြစ်လာသည်။ သူတို့ရှေ့တွင် ပိတ်ဆို့လျက် ရှိသည်။ လေယာဉ်ကိုယ်ထည်ကို မိုးသီးမိုးပေါက်များ ရိုက်မှန်သည်။ ဘာဂျာသည် လေယာဉ်မောင်းတံကို အတင်းပင် တွန်းထားရသည်။ သူတို့သည် ပေ ၄၀… သို့ ရောက်ရှိသွားပြီ ဖြစ်သော်လည်း ဆက်ပြီး ဆင်းနေဆဲပင် ဖြစ်သည်။ ဟော့… ထိတ်လန့်စွာ ညည်းညူလျက် ရှိသည်။

နောက်ဆုံးတွင် သူတို့သည် ပေ ၃၀၀၀ သို့ ရောက်ရှိသွားပြီး နေ… အလင်းရောင်ကို တွေ့ရှိကြရသည်။ ဘာဂျာက လေယာဉ်ကို တည့်လိုက်သည် ကျယ်ပြန့်သော တောင်ကြားအတိုင်း ပျံသန်းသွားနေသည်။ နှင်းတောထဲတွင် ထင်းရှူးပင်များ စိမ်းလန်းလျက် ရှိသည်။ သူတို့၏ တစ်ဖက်တွင် ဘာဗာရီး… တောင်ထိပ်ကို တွေ့မြင်နေရသည်။ ဘာဂျာက-

"ကဲ… ဗိုလ်မှူး မြေပုံကို ကြည့်ပါဦး၊ အန်ဟိန်းကို တွေ့ရပြီနဲ့ တူတယ်"

…ဟိုင်းသည် ဆီဖြည့်တင်…်အတွက်လောက်သာ ရည်စူးဆောက်လုပ်ထားသော …င်းယ်ဂလေး ဝ… သည်။ လေယာဉ်ပြေးလမ်း တစ်ခုနှင့် လေယာဉ် …ှင်ရုံ ရှိသည်။ မြေ… …ပါ။

နှင်းပွင့်များ တဖွဲဖွဲ ကျနေသည်။ လေတိုက်ခြင်း မရှိပါ။ ဖိုင်ဆယ်လာ …တော့ လေယာဉ်ကလေးသည် မြောက်ဘက်မှနေ၍ မှင်စာကလေးတစ်ကောင် …မ ထိုးစိုက်လိုက်ပြီး ဆင်းလာသည်။ စက်သံသဲ့သဲ့ကလေးမျှသာ ဖြစ်သည်။ …ယာဉ်ပြေးလမ်းပေါ်တွင် ဘီးများ ထိတိုက်သောအခါ နှင်းပွင့်တန်း နှစ်တန်း …က်ပေါ်သည်။

"ရုံတွေဆီကို တောက်လျှောက်မောင်း၊ လေယာဉ်ပျံကို ရုံထဲမှာ ဝှက် …ားရမယ်"

စထရက်ဆာက ပြောလိုက်သည်။

"ဟုတ်ကဲ့"

ဘာဂျာ ခေါင်းညိတ်သည်။

လေယာဉ်ရုံများအနီးသို့ ရောက်ရှိသောအခါ စထရက်ဆာ၊ ရစ်တာနှင့် …ော့ဖာတို့ လေယာဉ်ပေါ်မှ ဆင်းပြီး လေယာဉ်ရုံတံခါး တစ်ပေါက်ကို ဖွင့်ကြ …ည်။ ဘာဂျာက လေယာဉ်ကို ရုံအတွင်းသို့ မောင်းသွင်းပြီး စက်ကို သတ်လိုက် …ည်။ ထို့နောက် လေယာဉ်ပေါ်မှ သူ ခုန်ဆင်းရင်း ကျယ်လောင်စွာ ပြောသည်။

"ကဲ… ရောက်ပြီ၊ ကျောက်တိုင်ကနေ အန်ဟိုင်းကို ငါးနာရီခွဲ ကြာ …ယ်"

ထို့နောက် သူသည် ရစ်တာကို တံခါးဆီသို့ ဆွဲခေါ်သွားရင်း-

"တောင်ပေါ် လေကလေးကို ရှူကြည့်စမ်း"

ဟော့ဖာသည် လေယာဉ်ရုံနှစ်ခုကို ဆက်သွယ်ထားသော တံခါးပေါက် …နေ၍ တစ်ဖက်ရုံထဲသို့ ဝင်သွားသည် ခဏအကြာတွင် သူ ပြန်ရောက်လာပြီး …ကာထဲသို့ သတင်းပို့သည်။

"ဟိုဘက်ရုံထဲမှာ စစ်ကားလေးတစ်စီး ရှိတယ် ဗိုလ်မှူး၊ ကားနောက်ပိုင်း … ခြင်းတောင်းတစ်ခု ရှိတယ်"

စထရက်ဆာက-

"ဟုတ်ပြီ၊ ကျုပ် စီစဉ်ထားတဲ့အတိုင်းပဲ"

တစ်ဖက်ရုံအတွင်းသို့ သူ ဝင်သွားသည်။ အခြားသူများ နောက်မှ

www.burmeseclassic.com



သို့က်ပါသွားကြသည်။ ခြင်းတောင်းမှာ ပျော်ပွဲစားထွက်သည့် ခြင်းတောင်း... ဖြစ်သည်။ ခြင်းတောင်းအနီးတွင် သားရေသေတ္တာကလေး တစ်လုံးလည်း ရှိသည်... စထရက်ဆာက ယင်းသေတ္တာလေးကို ကားစက်ဖုံးပေါ်တွင် တင်ပြီး ဖွင့်သည်... အတွင်းတွင် ရစ်တာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အသံလွှင့်စက်က... ာတစ်လုံး ရှိသည်။

စထရက်ဆာက-

"ပထမတန်းပဲ၊ သည်ကနေ့ သည်အချိန်မှာတော့ ကမ္ဘာပေါ်မှာ... အကောင်းဆုံးပဲ၊ ဗြိတိသျှ ထောက်လှမ်းရေးသမားတစ်ယောက်ဆီက လက်ဆော... ပို့လိုက်တာပဲ"

ထို့နောက် သူ့လက်မှ နာရီကို ကြည့်ပြီး-

"ငါးနာရီခွဲ ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းတယ်၊ တောင်ပေါ် လေအေးကလေးမှာ ဝိုင်းဖွဲ့ကြရအောင်... တစ်ခုခု စားကြမယ်၊ ပူပူကလေး သောက်မယ်၊ ပြီးတော့..."

"တစ်ခုခု စားကြမယ် ဟုတ်လား"

ဗာဂျာက မေးလိုက်သည်။

"အင်းပေါ့၊ မောင်ရင်က ဒီခြင်းတောင်းထဲမှာ ဘာတွေ ရှိမယ် ထင်... လို့လဲ"

ဗာဂျာက ခြင်းတောင်းအဖုံးကို ဖွင့်လိုက်သည်။ အထဲတွင်ကား ပေါင်မုန့်... သုံးလုံး၊ ဝက်အူချောင်းများ၊ ထောပတ်၊ ကြက်ဥပြုတ်များ၊ ဓာတ်ဘူးကြီး နှစ်လုံး... နှင့် ရှနက်ဂျင် အရက်တစ်လုံး။

ဗာဂျာက ဓာတ်ဘူးတစ်လုံး၏ အဖုံးကို ဖွင့်လိုက်ပြီး ဘူးဆို့ကို ဆွဲထုတ်... လိုက်သည်။ ထို့နောက် ဓာတ်ဘူးမှ ထွက်လာသော ရနံ့တို့ကို သူ အားရပါးရ... ရှူရှိုက်နေသည့် သူ့မျက်နှာတွင် ကျေနပ်အားရသော အသွင်အမူများ ပေါ်လွင်လာ... သည်။

"ကော်ဖီ ... ကော်ဖီပူပူကလေး"

သူက ဓာတ်ဘူးအဖုံးခွက်ထဲသို့ အနည်းငယ် ထည့်လိုက်ပြီး မြည်းကြည့်... သည်။

"ကောင်းတယ် ... တကယ်ကောင်းတယ်"

"ကိုယ် ညွှဲ့ဝတ်ကျေတယ်ဆိုတာ တွေ့တယ် မဟုတ်လား"

စထရက်ဆာက ပြောသည်။

"အစ်ကိုကြီး တကယ် စည်းရုံးရေး ကောင်းတာပဲ"

"အလျင်ကလည်း ပြောခဲ့ပါပြီ"

ရစ်တာက-

"ကျွန်တော်တို့ စားသောက်ပြီးရင် ဘာလုပ်ကြမလဲ"

စထရက်ဆာ ပြုံး... -

"၇ နာရီတိတိ ... ဆပ် လေယာဉ်ပျံတစ်စင်း ရောက်လာလိမ့်... ယ်၊ လေယာဉ်မှူးက အင်မ... ချရတယ်၊ အချိန်မှန် ရောက်လာလိမ့်မယ်"

ထို့နောက် သူသည် တံခါးမကြီးတွင် တပ်ဆင်ထားသော မလွယ်ပေါက်... ကလေးကို ဖွင့်လိုက်ပြီး-

"တကယ်ကောင်းတဲ့ လေပဲ၊ ခေါင်းထဲမှာ အားလုံး ကြည်သွားတာပဲ"

ဟော့ဖာက ရစ်တာကို ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်တစ်ချပ် ပေးရင်း-

"ကျွန်တော်တော့ ဘယ်လိုမှ နားမလည်နိုင်ဘူး ဗိုလ်မှူး၊ နောက်ထပ် ... လေယာဉ်ပျံတစ်စင်းက ဘယ်သူ လာမှာလဲ၊ သူ ဘာဖြစ်လို့ ကျွန်တော်တို့ကို ... ပြောတာလဲ"

"အမိပတိကြီးကိုယ်တိုင် လာတာပဲ ဖြစ်မှာပေါ့ အားရစ်၊ ကိုယ့်အဖို့ ...တော့ ဒီအချိန်မှာ ဘာတစ်ခုမှ အံ့ဩစရာ မရှိတော့ဘူး"

ရစ်တာ ခပ်ပြုံးပြုံးပင် ပြောလိုက်သည်။

၇ နာရီထိုးရန် ၅ မိနစ်အလိုတွင် ကားစက်ခေါင်းကို မှီရပ်ကာ စီးကရက်တစ်လိပ် ... ကို ရှိုက်ဖွာနေသော ဗာဂျာသည် ကိုယ်ကို ဆန့်ရပလိုက်ပြီး-

"လေယာဉ်ပျံတစ်စင်း လာနေပြီ၊ ကျွန်တော် အသံကြားတယ်"

ရစ်တာက မလွယ်ပေါက်ကို ဖွင့်ပြီး အပြင်သို့ ထွက်ကြည့်သည်။ ... ...င်းပွင့်များ တဖွဲဖွဲ ကျနေသည်။ အပေါ်ကို မော့ကြည့်သော သူ့မျက်နှာပေါ်သို့ ...င်းပွင့်ကလေးများ တင်ကျန်သည်။ လေယာဉ်ပျံသံက အတော်ကလေး ဝေးသေး... သည်။ သို့သော် ကြားရသည်ကတော့ အမှန်ပင်။

အတွင်းသို့ သူ ပြန်ဝင်သွားပြီး-

"ဟုတ်တယ်၊ သူ ပြောတာ မှန်တယ်"

စထရက်ဆာက သားရေသေတ္တာကလေးကို ဖွင့်လိုက်ပြီး စကားပြော... ...ွက်ကို လက်တစ်ဖက်တွင် ကိုင်လိုက်သည်။ ထို့နောက် ခိုင်ခွင်ကို အနည်းငယ် ...လိုက်ပြီး အင်္ဂလိပ်လို ပြောသည်။ အားလုံးပင် အံ့အားသင့်ရသည်။

"ဗိမာန်၊ ဗိမာန်၊ ကျုပ် ခေါ်တာ ကြားသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဗိမာန်၊ အိုဒင် ပြောနေတယ်၊ ကျုပ် ဆင်းဖို့ ကွင်းရှင်းလား"

"အားလုံး ရှင်းတယ် ပြီးပြီ"

စထရက်ဆာသည် စကားပြောခွက်ကို ပြန်ထည့်လိုက်ပြီး သား... သေတ္တာကလေးကို ပိတ်လိုက်သည်။

"ဘယ်လိုအကြောင်းကိစ္စ ဆိုတာ ကျွန်တော်တို့ သိခွင့်ရှိပါသလား"

ရစ်တာက မေးလိုက်သည်။

"နောက်မှ ပြောမယ်"

စထရက်ဆာက အနည်းငယ် စိတ်မမှန်ဟန်ဖြင့်-

"လောလောဆယ်မှာ ဒီတံခါးတွေကို ဖွင့်ရအောင်၊ လေယာဉ်... အောက်ကို ရောက်ရောက်ချင်း ဒီအထဲမှာ သွင်းထားရမယ်၊ ဘယ်သူမှ တွေ့မသွား... စေချင်ဘူး"

ရစ်တာ ပခုံးတွန့်လိုက်ပြီး ဟော့ဖာကို ခေါင်းညိတ်ပြလိုက်သည်... ဗာဂျာ၏ အကူအညီဖြင့် တံခါးများကို သူတို့ ဖွင့်ကြသည်။ လေယာဉ်ပျံ အဝေး... နီးလာပြီ ဖြစ်သည်။ သူတို့အားလုံး အပြင်ထွက်ပြီး စောင့်ဆိုင်းနေကြသည်...

ရုတ်ခြည်းဆိုသလိုပင် လေယာဉ် ပြေးလမ်းကြောင်း၏ မြောက်ဘ... ထိပ်တွင် လေယာဉ်ပျံတစ်စင်း ထွက်ပေါ်လာသည်။ စက်နှစ်လုံးကပ် လေယာ... ကြီးတစ်စင်း ဖြစ်သည်။

"ဘုရား... ဘုရား... အမေရိကန် ဒါကိုတာကြီးပဲ"

ဗာဂျာက ဟစ်အော်လိုက်သည်။

"ဟုတ်တယ်"

စထရက်ဆာက အတည်ပြုသည်။

ဒါကိုတာကြီး ဆင်းလာပြီ ဖြစ်သည်။ သူ့ပတ်ပတ်လည်တွင် နှင်း... ဖွာထွက်နေသည်။ စထရက်ဆာက လက်ပြပြီး ခေါ်သည်။ ဒါကိုတာကြီး သူ... ဘက်သို့ လှည့်လာသည်။ အမေရိကန်လေတပ် ဝတ်စုံကို ဝတ်ဆင်ထားသော... လေယာဉ်မှူးကို သူတို့ မြင်တွေ့ကြရသည်။

လေယာဉ်ရုံအတွင်းသို့ ဒါကိုတာလေယာဉ် ဝင်ရောက်လာသည်... လေယာဉ်စက်သံ နားကွဲမတတ် ဆူညံသည်။ သို့သော် ရုတ်ခြည်းဆိုသလို... စက်သံ ရပ်သွားသည်။

"တံခါးတွေ ပြန်ပိတ်ကြ"

စထရက်ဆာက အမိန့်ပေးသည်။

တံခါးများ ပြန်ပိတ်ပြီးသောအခါ လေယာဉ်ပေါ်မှ လေယာဉ်မှူး ဆင်း... လာသည်။အသက် ၃၀ ကျော်အရွယ် ဖြစ်သည်။ နာဇီတံဆိပ် ပါသော ဦးထုပ်...



...ဆောင်းထားပြီး လေယာဉ်မောင်း ဂျက်ကတ်အင်္ကျီကို ဝတ်ထားသည်။ ဂျာကင်... အင်္ကျီကို ချွတ်လိုက်သောအခါ သူ့အသွင်က သားနားလှသည်။

အချိုးအစား ကျနသော မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ...လက်ဝဲဘက်လက်တွင် 'ဂျော့ဝါရှင် ...ပ်ဖွဲ့' ဟူသော စာတန်း ပါရှိသည်။ ...သူ့ကိုယ်တွင် ဂျာမနီနိုင်ငံမှ ပေး... ...ရဲကောင်းဘွဲ့တံဆိပ်များ ဆင်ယင်... ...ထားသည်။ သို့သော် သူသည် အင်္ဂ... ...လူမျိုး တစ်ယောက်ပင် ဖြစ်သည်။

စထရက်ဆာသည် ဒါကိုတာ လေယာဉ်မှူးနှင့် လက်ဆွဲနှုတ်ဆက်ပြီး ...နောက် အခြားသူများဘက်သို့ လှည့်ကာ-

"လူကြီးမင်းများ ခင်ဗျာ၊ သူက ဗိုလ်ကြီးဆာလ်ဂျက်ဆင်ပါ၊ ဒါက... ...တော့ ဟိန်နီဗာဂျာ၊ ကျုပ်တို့ကို ဘာလင်မြို့ထဲကနေ စတော့နဲ့ မောင်းပို့ပေးခဲ့တဲ့ ...သူပေါ့"

ဗာဂျာက လက်ဆွဲနှုတ်ဆက်သည်။

"ဗိုလ်ကြီး ဆင်းပုံကို ကျွန်တော် ချီးကျူးပါတယ်"

"ဒါကတော့ ဗိုလ်မှူး ကားလ်ရစ်တာ"

ဂျက်ဆင်က သူ့လက်ကို ဆန့်တန်းပေးသည်။ သို့သော် ရစ်တာက ...ရှုမမူဘဲ စထရက်ဆာဘက်သို့ လှည့်လျက်-

"ကျွန်တော်တို့ စကားပြောကြရအောင်"

"သြော်... ရစ်တာကလည်း"

စထရက်ဆာ စကားစသည်။

"အခု ပြောရအောင်"

ရစ်တာ ခပ်ပြတ်ပြတ် ပြောပြီး ရုံးကူးတံခါးကို ဖွင့်ကာ တစ်ဖက်ရုံ... ...သို့ ကူးသွားသည်။

စထရက်ဆာ နောက်မှ လိုက်ပါသွားပြီး-

"ဆိုစမ်းပါဦး၊ ဘာပြောမလို့လဲ"

"ဒီ ဂျက်ဆင်ဆိုတဲ့ အမေရိကန်က ဘယ်သူလဲ၊ ကျွန်တော် သိချင် ...တယ်"

"ဒီမယ် ဗိုလ်မှူး၊ ကျုပ်တို့ရဲ့ နာဇီတပ်မတော်ကြီးဟာ တိုင်းပြည် ...ပေါင်းစုံက လူမျိုးပေါင်းစုံကို စည်းရုံးသိမ်းသွင်းခဲ့တယ်၊ နာဇီတပ်မတော်မှာ ...ပြင်သစ်တွေလည်း ပါတယ်၊ တူရကီတွေလည်း ပါတယ်၊ အင်္ဂလိပ်တွေလည်း ...ပါတယ်၊ အမေရိကန်တချို့ကိုလည်း စုစည်းပြီး 'ဂျော့ဝါရှင်တန်တပ်ဖွဲ့' ဆိုပြီး ...ခဲ့တယ်၊ များသောအားဖြင့်တော့ ငွေနဲ့၊ မိန်းမနဲ့ မျှားပြီး သိမ်းသွင်းခဲ့တဲ့ စစ် ...သုံ့ပန်းတွေပဲ ဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဂျက်ဆင်ကတော့ ဒီအထဲ

www.burmeseclassic.com

www.burmeseclassic.com



က မကျတ်ဘူး၊ သူက ဖင်လန် လေတပ်မတော်မှာ အမှုထမ်းခဲ့တယ်၊ ရုရှားတွေကို တိုက်ခဲ့တယ်၊ ဖင်လန်နိုင်ငံက ကျုပ်တို့နဲ့ ပူးပေါင်းရာကနေ စစ်ပြေငြိမ်းသွားတဲ့အခါမှာ ကျုပ်တို့ဘက်ကို သူ ကူးပြောင်းလာတာပဲ''

''ဘယ်လိုပဲ ပြောပြော သစ္စာဖောက်ဟာ သစ္စာဖောက်ပါပဲ''

''ဗိုလ်မှူး ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ လက်တွေ့တော့ မကျဘူး ကျုပ် သိတာကတော့ သူက လေသူရဲကောင်းတစ်ယောက် ဖြစ်တယ်၊ သတ္တိရှိတယ်၊ ကျုပ်တို့လုပ်ငန်းမှာ အသုံးချနိုင်တယ်၊ နောက်ပြီးတော့ သူ့ကို သူ့လူမျိုးတွေကလည်း လက်မခံတော့ဘူး၊ သူ့မှာ လုပ်စရာတစ်ခုပဲ ရှိတယ်၊ အဲဒါက ကျုပ်တို့ လုပ်ငန်းမှာ ပါဝင်ဖို့ပဲ၊ သူ့အဖို့ အသက်ရှင်ပြီး နေနိုင်စရာ တစ်ခုပဲ ရှိတယ် ကဲ… ဗိုလ်မှူး ဘာပြောစရာ ရှိသေးသလဲ''

''မရှိပါဘူး''

စထရက်ဆာ တံခါးကို ဖွင့်ပြီး တစ်ဖက်ရုံသို့ ပြန်ကူးသွားသည်။ တစ်ဖက်ရုံသို့ ရောက်သောအခါ ရစ်တာနှင့် ပြောခဲ့သည့် အကြောင်းများကို ဘာတစ်ခုမျှ ပြန်လည်ပြောဆိုခြင်း မပြုဘဲ သူ၏ အိတ်ထဲမှ မြေပုံတစ်ခုကိုသာ ထုတ်ယူပြီး ကားစက်ခေါင်းပေါ်တွင် ဖြန့်လိုက်သည်။ သူ့အနီးတွင် သူတို့အားလုံး ဝိုင်းအုံလိုက်ကြသည်။

''ဟောဒီမှာ အန်ဟိုင်း၊ အောလဘတ်က တောင်ဘက်မှာ ရှိတယ် ရှစ်မိုင် ကိုးမိုင်လောက် ဝေးတယ်၊ အနောက်ဘက် ၁၀ မိုင်လောက်မှာ လယ်တဲ တစ်ခု ရှိတယ်၊ အဲဒီမှာ ဖင်လန်တပ်သားတွေ ရှိတယ်''

''ကျွန်တော်တို့အားလုံး သွားကြမလား''

ရစ်တာက မေးသည်။

''အကုန်လုံး မသွားဘူး၊ ဗိုလ်ကြီးဗာဂျာက လေယာဉ်ပျံတွေနဲ့ နေခဲ့ပါ''

''ကျွန်တော်ကော''

ဂျက်ဆင်က မေးသည်။

''ဗိုလ်ကြီးက ကျုပ်တို့နဲ့အတူ လိုက်ခဲ့ရမယ်၊ အဲဒီမှာ ဗိုလ်ကြီး လုပ် နိုင်တာကလေးတွေ ရှိနိုင်တယ်''

ဂျက်ဆင် သဘောကျဟန် မရှိပါ။ သို့သော် သူ ဘာမျှမတတ်နိုင်ပါ။

စထရက်ဆာက ဆက်ပြောသည်။

''အခုအချိန်က စပြီး ကျုပ်တို့လုပ်ငန်းရဲ့ စစ်ရေးအပိုင်း စတင်ပြီ ဗိုလ်မှူးရစ်တာက လုံးဝ တာဝန်ယူ ကွပ်ကဲသွားလိမ့်မယ်''

''ကျွန်တော့်သဘော လုံးလုံးကို ဆိုလိုတာလား''

''အင်း… တစ်ခါတလေ နည်းနည်းပါးပါး အကြံပေးတာလောက်ထ



တော့ မထိခိုက်နိုင်ပါဘူး''

စထရက်ဆာက ခပ်ပြုံးပြုံး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

- ၄ -

စစ်မြေပြင်ဆေးရုံတွင် ထိုညက ဗိုလ်မှူး မှဟော်လန် ပင်ပန်းလာသည်။ အင်းဘရ တိုက်ပွဲတွင် ဒဏ်ရာ ရရှိသူ ၁၁ ဦး ည ၁၀ နာရီလောက်တွင် ရောက်ရှိလာကြသည်။ သူနှင့် သူ့အဖွဲ့သည် တစ်ညလုံးပင် အပြင်းအထန် ပြုစုကုသကြရသည်။

သူ၏ နောက်ဆုံး လူနာကား လက်ဝဲဘက် အဆုတ်တွင် စက်သေနတ် ကျည်ဆန် နှစ်ချက် ထိမှန်ခံရသော ဗိုလ်ကလေးတစ်ယောက် ဖြစ်သည်။ မှဟော်လန်သည် ၂ နာရီလုံးလုံး အပြင်းအထန် ကြိုးစားကုသသည်။ သို့သော် လူရွယ်ကလေးသည် နံနက် ၇ နာရီတွင် သွေးလွန်ပြီး သေဆုံးသွားသည်။

မှဟော်လန် တဲအပြင်ဘက်သို့ ထွက်သွားသောအခါ ဆီးနှင်းဖွဲဖွဲ ကျ နေသည်။ သူသည် သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ရင်း စီးကရက် တစ်လိပ် သောက်နေသည်။ တပ်ကြပ်ကြီး ဂရန့် လက်ဖက်ရည်တစ်ခွက်ဖြင့် ရောက်ရှိလာသည်။

''အတော်ဆိုးတဲ့ ညပဲ''

ဂရန့်က ပြောသည်။

''စစ်ကြီးဟာ ပြီးနေပြီဆိုပြီး ကျုပ်တို့ဟာ အခုထက်ထိ သွေးတွေ နပန်းလုံးနေရတုန်း ရှိသေးတယ်''

သူက လက်ဖက်ရည် တစ်ကျိုက် ကျိုက်လိုက်ပြီး-

''ကျုပ်တို့ရဲ့ ဂျာမန်မိတ်ဆွေကော ဘယ့်နှယ် နေသေးသလဲ''

''သက်သာပါတယ်၊ သူက ဗိုလ်မှူးနဲ့ တွေ့ချင်တယ်လို့ ပြောနေတယ်''

''ကောင်းပြီလေ… တွေ့ကြတာပေါ့''

သူက ပင်ပန်းနွမ်းနယ်စွာ ပြောလိုက်သည်။

သူတို့သည် ဆေးရုံတဲများအကြားမှ လျှောက်သွားကြပြီး တဲအမှတ် ၃၄ အတွင်းသို့ ဝင်ရောက်ကြသည်။ ရှီနက်သည် အစွန်ဆုံးခုတင်တွင်ဖြစ်သည်။



...တံတီးများ ထူထပ်စွာစည်းထားသော လက်သည် စောင်ပေါ်တွင် ရှိနေသည်။ ...ဟော်လန်သည် ခုတင်ခြေရင်းတွင် ချိတ်ထားသော လူနာမှတ်တမ်းကို ဖြုတ်ပြီး ကြည့်သည်။

ရှီနက်က မျက်လုံးများ ဖွင့်လျက်-

''မင်္ဂလာပါ ဗိုလ်မှူးကြီး''

''ဘယ့်နှယ် နေသေးသလဲ''

''အသက်ရှင်လျက်ပါပဲ၊ လက်မောင်းကတော့…''

''ကောင်းသွားမှာပါ၊ ခင်ဗျား အင်္ဂလိပ်စကား ကောင်းကောင်း ပြောတတ်သားပဲ''

''ကျွန်တော် လန်ဒန်မှာ ၁၀ နှစ် အလုပ်လုပ်ခဲ့ဖူးပါတယ်''

''ဪ… ဪ…''

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် ရှီနက်က-

''ဗိုလ်ချုပ်ကင်းနင်းရဲ့ စာကိစ္စ စဉ်းစားပြီးပြီလား''

မှဟော်လန် ခုတင်စွန်းတွင် ထိုင်သည်။ သူသည် ရုတ်ခြည်းဆိုသလို ...မင်းသွားဟန် ရှိသည်။

''အခြေအနေကတော့ အတော်မလွယ်ဘူးဖြစ်နေတယ်၊ ကျုပ်တို့ တပ်ဖွဲ့က ...တိုက်ခိုက်ရေးတပ်ဖွဲ့ မဟုတ်ဘူး၊ ကျုပ်တို့က ဆေးအဖွဲ့သားတွေပဲ၊ အကောင်းဆုံး ...တော့ တပ်မဌာနချုပ်ကို သတင်းပို့တာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်''

''ဌာနချုပ်က ဒီအနားမှာ ရှိသလား''

''နောက်ဆုံးအကြိမ် ကျုပ် ကြားတာကတော့ ဒီကနေ မိုင် ၂၀ လောက် ...မှာ ရှိတယ်၊ ဒါပေမဲ့ အခြေအနေတွေက အမြဲတမ်း ပြောင်းလဲနေတယ်''

ရှီနက် ခုတင်ပေါ်တွင် ထလိုက်ပြီး-

''ဗိုလ်မှူးကြီး ခင်ဗျာ၊ အခုကိစ္စမှာ အချိန်က သိပ်အရေးကြီးနေပါတယ်၊ ...ဆင်ရှားကျော်ကြားတဲ့ သုံ့ပန်းတွေကို သုတ်သင်ဖို့ ဘာလင်က အမိန့်ထုတ်လိုက် ...ပါပြီ၊ အေအလဘတ်ကို သုတ်သင်ရေးအဖွဲ့ ရောက်လာရင် ဗိုလ်ချုပ်ကင်းနင်းရော၊ ဗိုလ်မှူးကြီးတို့ရဲ့ ဗိုလ်မှူးကြီးဘီအားကော တခြားလူတွေကော အားလုံး သေ ...ကြရမှာ မလွဲဘဲ၊ ဒါကြောင့်မို့လို့ ဗိုလ်မှူးကြီးဟက်ဆာက ဒီအဖြစ်မျိုးနဲ့ မကြုံ ...တွေ့ရအောင် အမြန်ဆုံး လက်နက်ချချင်တာပါပဲ''

''ဒါပေမဲ့ ဒီနေရာနဲ့ အေအလဘတ်ကြားမှာ အခြေအနေက သိပ်ရှုပ်ထွေး ...နေတယ်၊ ဒါကို ဗိုလ်ကြီး အသိဆုံးပဲ၊ ဒီကိစ္စကို ဆောင်ရွက်ဖို့ တိုက်ခိုက်ရေး ...တပ်ဖွဲ့တစ်ခု လိုအပ်တယ်၊ လမ်းမှာ သူတို့ ဒုက္ခတွေ့နိုင်တယ်''

''တိုက်ကင်းလေး တစ်ဖွဲ့ဆိုရင် လုံလောက်မယ်ဟို့ ကျွန်တော် ထင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဆိုပါတော့ ဂျစ် နှစ်စီးလောက်ပေါ့၊ အရာရှိတစ်ယောက်နဲ့ ရဲဘော် နည်းနည်းပါးပါးပေါ့၊ သူတို့ကို ကျွန်တော် အကောင်းဆုံးလမ်းကနေ ခေါ်သွားမယ် ၄ နာရီလောက် သွားရင် ရောက်သွားမယ်၊ ကံကောင်းထောက်မရင်ပေါ့၊ အကျဉ်းသားတွေကို ခေါ်ပြီး သူတို့ ချက်ချင်း ပြန်လာနိုင်တယ်၊ ကနေ့ ည လောက်ဆိုရင် ဗိုလ်ချုပ်ကင်းနင်းနဲ့အဖွဲ့ ဒီကို ရောက်လာကြမှာပဲ''

''အပြန်ခရီးမှာ ခင်ဗျားတို့ တပ်တွေနဲ့ တိုးတယ် ဆိုရင်တော့ သူ ကို မစဉ်းစားဝံ့စရာဘဲ၊ အထူးသဖြင့် အမျိုးသမီးတွေရဲ့ ကံကြမ္မာပေါ့''

''ဒါဖြင့်ရင် သူတို့ဟာ နာဇီသုတ်သင်ရေးအဖွဲ့ ရောက်လာမှာကို စော နေကြပေတော့လို့ ဗိုလ်မှူးကြီး ပြောချင်တာလား''

မဟော်လန် သက်ပြင်းရှည်ကြီး ချလိုက်ပြီး-

''ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ်ကို နာရီဝက် အချိန် ပေးပါ၊ ကျုပ် ဘာလုပ်နိုင်မလဲလို့ ကြည့်မယ်''

မဟော်လန်သည် သူ၏ တဲသို့ တောက်လျှောက် ပြန်လာခဲ့ပြီး စားပွဲတွင် ထိုင်သည်။

''အခြေအနေကတော့ တကယ့်ကို ရှုပ်ထွေးနေတာပဲ၊ ဒါပေမဲ့ သူ ပြောတာ မှန်တယ်၊ ကျုပ်တို့ တစ်ခုခုတော့ လုပ်ရမယ်''

''ကျွန်တော် စဉ်းစားမိတာ တစ်ခုတော့ ရှိတယ် ဗိုလ်မှူး၊ အမေရိကန် ၃ ယောက်ကို လွှတ်ရင် ဘယ့်နှယ် နေမလဲ၊ ဗိုလ်ကြီးဟောင်းဝပ်နဲ့ သူ့ နှစ်ယောက်''

မဟော်လန်သည် စားပွဲ အံဆွဲထဲမှ ဝီစကီပုလင်းကို ဆွဲထုတ်နေစဉ် တန့်ရပ်သွားပြီး-

''လွန်ခဲ့တဲ့ အပတ်က အောလဘတ်လမ်း တိုက်ပွဲမှာ မသေဘဲ ကျန် တဲ့ သူတွေလား၊ ဟောင်းဝပ်ရဲ့ အခြေအနေ ဘယ့်နှယ်နေသလဲ''

''ဗိုလ်မှူးလည်း မှတ်မိမှာပေါ့၊ သူ့ကို အချက် ၅၀ လောက် ချုပ် တယ်၊ အမြောက်ဆန်ထိတာပဲ၊ ဒါပေမဲ့ မနေ့ကတော့ သူ လမ်းလျှောက်နေတာ သူ့ရဲ့ တပ်ကြပ်ကြီးနဲ့ တပ်သားက ဘာမှ မဖြစ်ဘူး''

''ကောင်းပြီလေ၊ သူနဲ့ တွေ့ကြည့်ရအောင် သူ့ကို ခေါ်ခဲ့ပါ''

ဂရန့် ထွက်သွားသည်။ မဟော်လန်သည် ဝီစကီပုလင်းကို အတန်ကြာ ငေးစိုက်ပြီး ကြည့်နေသည်။ ထို့နောက် သက်ပြင်းချလိုက်သည်။ ပုလင်းအဖုံး ပြန်ပိတ်လိုက်ပြီး ပုလင်းကို အံဆွဲထဲတွင် ပြန်ပိတ်ထားလိုက်သည်။ ထို့နောက် သူသည် စီးကရက်တစ်လိပ်ကို မီးညှိပြီး ရေးစရာ ရှိသည်များကို ရေးနေသည် အတန်ကြာသောအခါ ဂရန့် ဝင်လာသည်။



''ဗိုလ်ကြီးဟောင်းဝပ် ရောက်နေပါပြီ ဗိုလ်မှူး''

မဟော်လန် မော့ကြည့်ပြီး-

''ဟုတ်ပြီ၊ သူ့ကို အထဲခေါ်ခဲ့ပါ၊ နောက်ပြီးတော့ ကျုပ်တို့အတွက် လက်ဖက်ရည် ဖျော်ဗျာ''

ဂရန့် ထွက်သွားသည်။ ဟောင်းဝပ် တဲတွင်းသို့ ခေါင်းငုံ့ပြီး ဝင်လာ သည်။ သူ့ခေါင်းတွင် သံခမောက် ဆောင်းမထားပါ။ သူ့နဖူးတွင် အကျည်းတန် သော အမာရွတ်ကြီး ဒီရဲစွာ ရှိနေသည်။ ချုပ်ရိုးများကို ယခုတိုင် မြင်ရသည်။ လက်ဝဲဘက် လက်မှာလည်း ပတ်တီးများ ထူထပ်စွာ စည်းနှောင်ထားသည်။ တစ်ကိုယ်လုံး ဖြူရော်လျက် ရှိသည်။ မျက်လုံးများ ချိုင့်ဝင်နေကြသည်။ မျက်နှာ နွမ်းနယ်လျက် ရှိသည်။

မိမိတွင် ချမ်းသာသမျှ လူအင်အားသည် ဤလူငယ်ကလေးသာ ဖြစ် ဘောသည်ဟု မဟော်လန် တွေးလိုက်မိသည်။

မဟော်လန် ပြုံးလိုက်ပြီး-

''ထိုင်ပါ ဗိုလ်ကြီး၊ ခဏကလေးနေရင် လက်ဖက်ရည် လာပါလိမ့်မယ်၊ စီးကရက် သောက်ပါဦး''

''ကျေးဇူးတင်ပါတယ် ဗိုလ်မှူး''

မဟော်လန်က မီးခြစ် ခြစ်ပေးရင်း-

''ဘယ့်နှယ် နေသေးသလဲ ဗိုလ်ကြီး''

''နေကောင်းပါတယ်''

သည်လို လိမ်ညာသည့် အဖြေမျိုးကို သူ နေ့တိုင်း ကြားရသည်။ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ကြားရသည်။

''ကျုပ်မှာ ပြဿနာတစ်ခု ရှိနေတယ် ဗိုလ်ကြီး၊ ကူညီနိုင်လိမ့်မယ်လို့ ထင်တယ်''

''အမိန့်ရှိပါ ဗိုလ်မှူး''

''မနေ့က ဂျာမန်အရာရှိတစ်ယောက် သူ့ကိုယ်ထဲမှာ ကျည်နှစ်တောင့် နဲ့ ဒီကို ရောက်လာတယ်၊ သူက မဟာမိတ်တပ်ဖွဲ့ တစ်ဖွဲ့ကို လိုက်ရှာနေတာပဲ၊ သူ့မှာ ကင်းနင်းဆိုတဲ့ အမေရိကန် ဗိုလ်ချုပ်တစ်ယောက်ရဲ့စာ ပါတယ်၊ ဗိုလ်ချုပ် ကင်းနင်း ဆိုတာ ဗိုလ်ကြီး ကြားဖူးသလား''

''ဟင်မီလတန်ကင်းနင်းလား''

''ဟုတ်တယ် သူပဲ၊ သူက ဂျာမန်တွေ လက်ထဲမှာ သုံ့ပန်း ဖြစ်နေ တယ်၊ အခြား အရေးကြီးတဲ့ သုံ့ပန်း ၄ ယောက်နဲ့ အတူပေါ့၊ ဒီမှာ ဖတ်ကြည့် ရင် အသေးစိတ် တွေ့ရမယ်''

www.burmeseclassic.com

www.burmeseclassic.com







မဟော်လန်က သွေးစွန်းနေသော စာကို စားပွဲပေါ်တွင် တွန်းပေးလိုက်သည်။ ဟောင်းဝပ်က စာကို ကောက်ယူပြီး ဖတ်သည်။ ဂရန့် လက်ဖက်ရည်ခွက်များနှင့် ဝင်လာသည်။ ခွက်များကို စားပွဲပေါ်တွင် ချသည်။ မဟော်လန်က သူ့ကို နေရန် အချက်ပြသည်။

အတန်ကြာသောအခါ အမေရိကန်စစ်ဗိုလ်ကလေး ခေါင်းမော့လိုက်ပြီး–

"သူတို့ အခြေအနေ အတော်ကလေး ဆိုးနေပုံ ရတယ်၊ ဗိုလ်မှူးက ကျွန်တော့်ကို ဘာလုပ်စေချင်သလဲ"

"သူတို့ကို သွားခေါ်စေချင်တယ်၊ ဗိုလ်မှူးကြီးဟက်ဆာ လက်နက်ချ ... ဘာကို လက်ခံစေချင်တယ်၊ အကျဉ်းသားတွေကို ခေါ်ပြီး အမြန်ဆုံး ပြန်လာ ... စေချင်တယ်၊ ဒီစာကို ယူလာတဲ့ ဂျာမန်အရာရှိ ဗိုလ်ကြီးရိုနက်က ဗိုလ်ကြီးတို့ ... သမ်းပြီး ခေါ်သွားလိမ့်မယ်၊ သူ့ဒဏ်ရာ တော်တော်ကလေး ဆိုးတယ်၊ ဒါပေမဲ့ ... သူ့ကို သွားနိုင်အောင် ကျုပ်တို့ လုပ်ပေးနိုင်ပါလိမ့်မယ်"

"ဗိုလ်မှူးက ကျွန်တော့်ကို သွားစေချင်တာလား"

ဟောင်းဝပ်က မေးသည်။

"ဗိုလ်ကြီးနဲ့ ဗိုလ်ကြီးရဲ့ ရဲဘော် နှစ်ယောက်ပေါ့၊ ကျုပ် စိတ်ကူးထား ... တယ်၊ ဗိုလ်ကြီးတို့ကို လူနာတင်ကား တစ်စီး ပေးလိုက်မယ်၊ ဒါမှ အပြန်ကျ ... ရင် ချောင်ချောင်ချိချိ စီးကြရမှာ"

"ဒီနဲ့ အောလဘတ်ကြားမှာ အခြေအနေ ဘယ်လို ရှိသလဲ"

"စိတ်ထဲမှာ ထင်တာပဲ ရှိမယ်၊ ဘာမှ သေသေချာချာ မသိနိုင်ဘူး"

"ကျွန်တော့်ကို ရဲဘော် နှစ်ယောက်၊ ဂျာမန်တစ်ယောက်နဲ့ သွားခိုင်း ... တာ အမိန့်ပဲလား"

"ကျုပ်မှာ ဗိုလ်ကြီးကို အမိန့်ပေးနိုင်တဲ့ အနေအထား မရှိပါဘူး ... နောက်တစ်ခု အဖြစ်မှန်ကတော့ ကျုပ်မှာ ဘယ်သူ့ကိုမှလည်း ပြောစရာ မရှိဘူး ... ဗိုလ်ကြီး သိတဲ့အတိုင်းပဲ၊ ကျုပ်တို့က ဆေးတပ်ဖွဲ့ပဲ၊ ကျုပ်တို့ အလုပ်နဲ့ ကျုပ် ... တို့ ရှုပ်နေတာပဲ"

ဟောင်းဝပ်သည် စားပွဲပေါ်မှ စာရွက်ကို အတန်ကြာ ငေးစိုက်ပြီး ... ကြည့်နေသည်။ ထို့နောက် ခေါင်းကို ညိတ်လိုက်သည်။

"ဗိုလ်မှူး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် ဒီကိစ္စကို တပ်ကြပ်ကြီးဟူး ... နဲ့ ရဲဘော်ဖိုင်းဘမ်းတို့ကို ပြောပါ့မယ်၊ အခုလို အခြေအနေမျိုးမှာ သူတို့ကို ... ရွေးချယ်ခွင့် ပေးသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်"

"ကောင်းပါတယ်၊ ဒါပေမဲ့ အချိန်တော့ သိပ်မကြာစေနဲ့၊ ဒီကိစ္စမှာ အချိန်က သိပ်အရေးကြီးတယ်"

မဟော်လန်က ရိုနက်၏ စကားကို သုံးလိုက်သည်။

ဟောင်းဝပ် တဲထဲမှ ထွက်သွားသည်။

... င်လန်တပ်သားများသည် အန်ဟိုင်း၏ အနောက်ဘက် ၁၀ မိုင် အကွာလောက် ... တွင် ရှိသော လယ်တဲတစ်ခုတွင် တပ်ချလျက် ရှိသည်။ ၎င်းတို့တွင် လူအင်အား ... ၁၁ ယောက် ရှိပြီး၊ အားရစ်ဆော်ဇာ အမည်ရှိသော ဗိုလ်ကြီးတစ်ယောက်က ... အုပ်ချုပ်လျက် ရှိသည်။

နာဇီတပ်မတော်၏ နိုင်ငံခြားတပ်မကို ဖလန်းဒါး ပြည်နယ်သားများ၊ ... ဒတ်ချ်လူမျိုးများနှင့် နော်ဝေလူမျိုးများ ပါဝင်ကာ ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ... ဖင်လန်လူမျိုးများ ပါဝင်လာသည်။ ရုရှကို တိုက်ခိုက်ရာတွင် ရေခဲလျှောတပ်ဖွဲ့ ... အဖြစ် ပါဝင် ထမ်းဆောင်ကြသည်။

၁၉၄၅ ခုနှစ်တွင် အရှေ့ဘက် စစ်မျက်နှာ အကြီးအကျယ် ဆုံးရှုံးသော ... အခါ ဂျာမန်နှင့် ဖင်လန်လူမျိုးတို့ကို ပူးပေါင်းကာ တပ်ရင်းအသစ်တစ်ခု ဖွဲ့ရန် ... ဆုံးဖြတ်ခဲ့ကြသည်။ သို့ရာတွင် ဖင်လန်တပ်သားများအနက် မသေဘဲ ကျန်ရစ် ... ခဲ့သော အထက်အရာရှိ ဆော်ဇာနှင့် တပ်သားအချို့တို့သည် မေလ ၁ ရက်နေ့ ... တွင် စာချုပ် ကုန်ဆုံးသောအခါ စာချုပ်အသစ် ထပ်မံ ချုပ်ဆိုတော့မည် မဟုတ် ... ဟု ဆိုသဖြင့် ယင်းစီမံကိန်းသည် ပျက်ပြားရတော့သည်။ သို့ဖြင့် ကလာဂင်ဖတ်ရှိ ... တပ်မဌာနချုပ်သည် အိုဘာဗီးရှိ လယ်တဲတစ်ခုတွင် စခန်းချနေသော ဖင်လန် ... တပ်သားများအား နောက်ထပ် အမိန့်ကို စောင့်ဆိုင်းရန် ညွှန်ကြားလွှာ ပို့ထား ... သဖြင့် ၎င်းတို့သည် ဤဌာနတွင် သုံးပတ်လုံးလုံး သောင်တင်လျက် ရှိနေကြ ... ခြင်း ဖြစ်သည်။

ဆော်ဇာသည် အသက် ၂၇ နှစ်အရွယ် ချောမောလှပသော လူငယ် ... တစ်ဦး ဖြစ်သည်။ သူ့ကိုယ်တွင် သူ့ရဲကောင်း ဘွဲ့တံဆိပ်များ ဝင့်ထည်လျက် ... ရှိသည်။

သူသည် လယ်တဲ တံခါးပေါက်တွင် ရပ်ပြီး စီးကရက်တစ်လိပ်ကို ... သောက်ကာ တပ်ကြပ်ကြီး မက်တီဂက်ထရင် ခေါင်းဆောင်သော သူ၏ တပ်သား ... ၆ ယောက် တောင်ပေါ်မှ လျှောဖြင့် ဆင်းလာကြသည်ကို ကြည့်နေသည်။ ... က်ထရင်သည် စပါးကျီအနီးရှိ အုတ်တံတိုင်းကို ခုန်ပျံကျော်လွှားကာ ဆင်းလာ ... ပြီး ဆော်ဇာ၏ရှေ့တွင် လှပစွာ ကျရပ်သည်။ သူ့နောက်မှ လူများလည်း တစ် ... ယောက်ပြီး တစ်ယောက် ဆိုသလို လေထဲတွင် ပျံလွှားကာ ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဘာများ တွေ့ခဲ့ကြသလဲ''

ဆော်ဇာက မေးလိုက်သည်။

''ဘာများ တွေ့စရာရှိလို့လဲ၊ ကျွန်တော်တို့ လေ့ကျင့်ခန်းဆင်းပြီး ပြ
လာကြတာပဲ၊ ဌာနချုပ်က ဘာမှ အကြောင်းမကြားသေးဘူးလား''

''ဘာမှ အကြောင်းမကြားဘူး၊ ကိုယ်တို့ကို မေ့နေကြပြီနဲ့ တူတယ်''

ဂက်ထရင်သည် စီးကရက်ကို မီးညှိမည် ပြုလုပ်နေရာမှ အပြုံး ရပ်တ
သွားသည်။ ဆော်ဇာ၏ ပခုံးပေါ်သို့ ကျော်ကြည့်လျက်-

''ကြည့်ရတာတော့ သူတို့ ကျွန်တော်တို့ကို သတိပြန်ရသွားပြီ''

စစ်ကားသည် နှင်းတောထဲတွင် ဖြတ်သန်းကာ ဆင်းသွားလျက် ရှိသည်။ ဟော့ဖ
က မောင်းနှင်ပြီး ရစ်တာက သူ့ဘေးတွင် ဖြစ်သည်။ စထရက်ဆာနှင့် ဂျက်ဆ
တို့က နောက်ခုံတွင် ဖြစ်ကြသည်။ ဟော့ဖာသည် ကားကို လယ်တဲဝင်းထဲသို့
မောင်းဝင်သွားပြီး တုံ့ခနဲ ရပ်လိုက်သည်။

ဆော်ဇာနှင့် ဂက်ထရင်တို့သည် တံခါးအနီးတွင် ရပ်မြဲရပ်နေကြသည်။
သို့သော် ၎င်းတို့၏ တပ်သားအချို့သည် ရှေ့သို့ ဆက်သွားကြသည်။ တစ်ယော
နှစ်ယောက် ဆိုလျှင်မူ သူတို့၏ ကိုယ်တွင် လွယ်ထားသော သေနတ်များကို
ဖြုတ်ယူလိုက်ကြသည်။ ဆော်ဇာက ဖင်လန်ဘာသာဖြင့် တစ်စုံတစ်ရာကို
အေးဆေးစွာ ပြောလိုက်သည်။

''သူ ဘာပြောတာလဲ''

စထရက်ဆာက ဂျက်ဆန်ကို မေးသည်။

''ဖြည်းဖြည်း ကလေးတို့၊ ငါ မရှင်းနိုင်တာ ဘာမှ မရှိဘူးတဲ့''

စပါးကျီအတွင်းမှ ဖင်လန်တပ်သား ဆယ့်လေး ငါးယောက် ထွက်ပေါ်
လာသည်။ သူတို့တွင် လက်နက်ကိုယ်စီနှင့် ဖြစ်ကြသည်။

ပကတိ တိတ်ဆိတ်လျက် ရှိသည်။ အားလုံးပင် အခြေအနေကို စောင့်
ဆိုင်း ကြည့်ရှုနေကြသည်။ နှင်းပွင့်များ ကဆင်းနေသည်။

ရုတ်တရက်ဆိုသလို လျှော့ပွတ်သံတစ်ခု ထွက်ပေါ်လာပြီး အုတ်တံတိုင်း
ပေါ်မှ လျှောသမား တစ်ဦး ထွက်ပေါ်လာသည်။ ဆော်ဇာနှင့် တစ်ကိုက် နှစ်ကိုက်
အလိုတွင် သေသပ်စွာ ကျရပ်သည်။

နောက်တစ်ယောက်…

နောက်ထပ်ပြီး တစ်ယောက်…



သူတို့၏ လှုပ်ရှားမှုများက တိကျလှပသည်။ ဆော်ဇာ၏ မျက်နှာတွင်
အပြုံးရိပ် ပွင့်လာသည်။

''တွေ့လား… ကျုပ်တို့ကို''

''ခင်ဗျားတို့က ဘယ်လိုလဲ''

ယင်းကဲ့သို့ မေးနေဟန် ရှိသည်။

''ခင်ဗျားတို့ အားလုံး ဒီမှာ စောင့်နေကြ''

ရစ်တာက ပြောလိုက်သည်။

ကားပေါ်မှ သူ ဆင်းသည်။ ဝင်းကို ဖြတ်ပြီး ဆော်ဇာ ရှိရာသို့
လျှောက်သွားသည်။ ခေတ္တမျှ ကြာအောင် ဆော်ဇာကို ကြည့်နေသည်။ ပြီးမှ-

''မဆိုးပါဘူး၊ သိပ်မဆိုးပါဘူး''

''မဆိုးရုံပဲလား''

ဆော်ဇာက မေးသည်။

''ခုန်တာ သင့်ပါတယ်''

''ရဲဘော်က သည့်ထက် ပိုစွမ်းမယ်လို့ ထင်သလား''

''ဖြစ်နိုင်တာပေါ့''

လယ်တဲနံရံတွင် ရေခဲပြင်စီး လျှောဖိနပ်ရှည်များ အများအပြား ထောင်
ထားသည်။ ရစ်တာက လျှောတစ်စုံကို ယူပြီး စီးသည်။

သူ့နံဘေးကို ဟော့ဖာ ရောက်ရှိလာပြီး ဒူးထောက်ကာ-

''ကျွန်တော် တပ်ပေးပါရစေ ဗိုလ်မှူး''

ဆော်ဇာက ဟော့ဖာ၏ ဝတ်စုံနက်ကို ကြည့်သည်။ သူ့ရဲ့ကောင်း
ချွဲတံဆိပ်ကို ကြည့်သည်။ ထို့နောက် ဂက်ထရင်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ရစ်တာက သူ့ခြေထောက်များကို ဆောင့်လိုက်ပြီးနောက် ဟော့ဖာ
ပေးသော တုတ်များကို ယူသည်။ သူ ပြုံးလိုက်ပြီး-

''အားရစ်ရေ… ကြာလှပြီ''

သူ ရှေ့သို့ တွန်းလျှောပြီး ထွက်သွားသည်။ စစ်ကားကို လွန်သွား
သည်။ ဝင်းတံခါးမှ ထွက်သွားသည်။ ထို့နောက် မတ်စောက်သော တောင်စောင်း
ကို တက်စပြုသည်။ ထင်းရှူးပင်များအကြားမှ ဖြတ်ပြီး တက်သည်။ မည်သူမျှ
စကားမပြောပါ။ အားလုံးပင် စောင့်ကြည့်နေကြသည်။ သူက တည်ငြိမ်အေးဆေး
စွာပင် ကွေ့ကာကောက်ကာ တက်သွားနေသည်။

သူ ရပ်လိုက်ပြီး သူတို့ဘက်သို့ လှည့်လိုက်သည်။ သူသည် လယ်တဲဝင်း
၏ အထက်ဘက် ကိုက်တစ်ရာလောက်တွင် ရှိနေသည်။ ဖင်လန်များ ဆင်းထား
သော လမ်းကြောင်းသည် သူ့ရှေ့တွင် အထင်းသား ရှိနေသည်။ လူအားလုံးပင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံ အာရုံစိုက်ကြည့်လျက် ရှိကြသည်။ သူက ကျေနပ်အားရသော အသွင်ဆောင်နေသည်။

သူက ခေါင်းကို နောက်သို့ ပစ်လိုက်ပြီး ဝံပုလွေတစ်ကောင်ထို အော်ကြွေးကာ ရှေ့သို့ လျှောဆင်းချလိုက်သည်။ ဖင်လန် တပ်သားများ ဆင်းထားသော လမ်းကြောင်းပေးာင်းကို မလိုက်ဘဲ အမတ်စောက်ဆုံးသော တောင်စောင်းမှ ဆင်းလာသည်။ ပြွတ်သိပ်နေသော ထင်းရှူးပင်များအကြားမှ ကွေ့ကာ ဆင်းလာသည်။ ကြည့်မြင်ရသည်မှာ သည်းထိတ်ရင်ဖိုဖွယ်ရာ ကောင်းလှသည်။ ထို့နောက် လေထဲသို့ သူ လွင့်တက်လာသည်။ အုတ်တံတိုင်းပေါ်မှ ဖြတ်ကျော်သည်။ ကားပေါ်မှ ဖြတ်ကျော်သည်။ ထို့နောက် လေထဲတွင် အနည်းငယ် ဝဲပြီးနောက် ဆော်ဇာ၏ ရှေ့တည့်တည့် တစ်ကိုက် အကွာတွင် တုံ့ဆင်းရပ်သည်။

ဖင်လန် တပ်သားများထံမှ သြဘာသံများ ထွက်ပေါ်လာသည်။ ရစ်တာ ဆိုနေရာမှာပင် ရပ်နေသည်။ ဟော့ဖာက အနီးတွင် ဒူးထောက်ကာ လျှောက်ခြသည်။ ရစ်တာသည် ခေါင်းဆောင်းကို နောက်သို့ လှန်လိုက်ပြီး နှင်းကာအကျႌကို ဖွင့်ချွတ်လိုက်သည်။

"ဓာတ်ခုံပေါ်မှာ ကနေတာနဲ့ မတူဘူးလား"

စထရက်ဆာက ဂျက်ဆင်ကို ပြောလိုက်သည်။

ရစ်တာက သူ၏ လက်အိတ်များကို ဆွဲတင်းလိုက်ပြီးနောက် ဆော်ဇာကို မကြည့်ဘဲ ပြောသည်။

"ကျုပ်နာမည် ရစ်တာ၊ ဗိုလ်မှူး၊ ၅၀၂ တင့်ကားတပ်၊ အခု ဒီကို လာတာကတော့ ဘာလင်မြို့က အဓိပတိကြီးရဲ့ အထူးအမိန့်အရ ဒီတပ်ဖွဲ့ကို အုပ်ချုပ်ရအောင် လာတာပဲ"

ဆော်ဇာက ရစ်တာ၏ ဘွဲ့တံဆိပ်များကို ကြည့်သည်။ ရစ်တာ၏ မျက်နှာကို ကြည့်သည်။

"ယမမင်းကြီးကိုယ်တိုင် ရောက်လာတာပဲ"

ဂက်ထရင်က ပြောသည်။

"ကျုပ်ရှေ့မှာ ဂျာမန်လို ပြောပါ"

ရစ်တာက တည်ငြိမ်စွာ ပြောလိုက်သည်။

"ဗိုလ်ကြီးရဲ့ လူတွေဟာ ဂျာမန်နိုင်ငံတော်အတွက် လေးနှစ်ကာလ ပတ်လုံး တာဝန်ထမ်းဆောင်ခဲ့ကြတာမို့ အခုလည်း ကျုပ် လက်အောက်မှာ တာဝန်ထမ်းဆောင်ကြဖို့ အရည်အချင်း ပြည့်ဝကြလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ် ဗိုလ်ကြီး"



"အားလုံးလောက်ပဲ အရည်အချင်း ပြည့်ဝကြပါတယ်၊ ဒါပေမဲ့ ဒါက ရေးမကြီးပါဘူး၊ ဘာလင်က ဘာအဓိပ္ပာယ်နဲ့ အမိန့်တွေ ထုတ်နေတာလဲ၊ ကျုပ် ဘာမှ မသိဘူး"

ဆော်ဇာက ပြောသည်။

"ဟာစထရက်ဆာ"

ရစ်တာက အော်ခေါ်လိုက်သည်။

"ဟောဒီက လူကြီးမင်းကို တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်တော်တို့ရဲ့ အမိန့်စာတွေကို ပြပါဦး"

"ကောင်းပါပြီ ဗိုလ်မှူး"

စထရက်ဆာ ရောက်ရှိလာသည်။ သူ့အိတ်ထဲမှ အမိန့်စာများကို ထုတ်နေသည်။ ရစ်တာက တစ်ဖက်သို့ သုံး လေး လှမ်းမျှ လျှောက်သွားသည်။ ဖင်လန်တပ်သားများက သူ့ကို ငေးကြည့်နေကြသည်ကို ဂရုမပြုဘဲ ငွေစီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို သေသေချာချာ ရွေးချယ်နေသည်။ ဟော့ဖာ သူ့အနီးသို့ ခုန်လွှားရောက်ရှိလာပြီး မီးခြစ် ခြစ်ပေးသည်။

"ကျေးဇူးပဲ ဆရာကြီး"

သူတို့က သည်လိုမျိုး အကြိမ်ပေါင်းများစွာ သရုပ်ဆောင်ခဲ့ကြဖူးပြီ ဖြစ်သည်။

ဆော်ဇာသည် စထရက်ဆာ ပေးသော အမိန့်စာများကို စစ်ဆေးကြည့်ရှုလျက် ရှိသည်။ နိုင်ငံတော် အဓိပတိကြီးနှင့် ခေါင်းဆောင်ကြီးထံမှ အမိန့်များ ဖြစ်သည်။ အထူးလျှို့ဝှက်သည်။ အောက်ခြေတွင် အဒေါ့ဖ်ဟစ်တလာဟု လက်မှတ် ရေးထိုးထားသည်။

သူက စာရွက်များကို ပြန်ပေးသည်။ စထရက်ဆာက သူ၏ ပိုက်ဆံအိတ်ထဲတွင် ပြန်ထည့်သည်။

"ဘယ့်နှယ်လဲ၊ ကျေနပ်ပြီလား"

ရစ်တာက လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ကျွန်တော်တို့မှာ ပြဿနာတစ်ခု ရှိပါတယ်၊ ကျွန်တော်နဲ့ ကျွန်တော့် ရဲဘော်တွေက စာချုပ်နဲ့ အလုပ်လုပ်ကြပါတယ်"

ဆော်ဇာက ပြောသည်။

"ကြေးစားတပ်ဖွဲ့ပေါ့၊ ကျုပ် သိပါတယ်၊ အဲဒါ ဘာပြဿနာလဲ"

"ကျွန်တော့် လူတွေအားလုံးကပဲ ဟယ်ဆလင်ကီကို ပြန်ဖို့ ဆုံးဖြတ်ထားကြပါတယ်၊ ကန်ထရိုက်ကို အသစ် ပြန်မချုပ်ကြတော့ပါဘူး"

"မင်းတို့ရဲ့ ပထမစာချုပ်က မနက်ဖြန် မနက် ကိုးနာရီအထိ အတည်

www.burmeseclassic.com

www.burmeseclassic.com



…ဖြစ်တယ် အဲဒါကို မင်း ငြင်းချင်သလား''

…ရစ်တာ လူအားလုံး ကြားအောင် အသံကို မြှင့်ပြီး ပြောလိုက်သည်…

''မငြင်းပါဘူး၊ ဗိုလ်မှူး ပြောတာ မှန်ပါတယ်''

''ဒါဆိုရင် ပြီးနေတာပဲ၊ ဗိုလ်ကြီးနဲ့ ဗိုလ်ကြီးရဲ့ လူတွေဟာ အခုအချိန်… …အင် နာဇီတပ်မတော်ကြီးရဲ့ ဂာပ်ဖွဲ့ဝင်တွေ ဖြစ်တယ်၊ အဓိပတိကြီးရဲ့ ညွှန်ကြား… …ချက်တာ တရားဝင်နေတယ်၊ ဒါကြောင့် အခုအချိန်က စပြီး ဒီတပ်ဖွဲ့ကို ကျ… …ချုပ်တယ်''

ဆော်ဇာ ရုတ်တရက် မဖြေပါ။

သူ့အဖြေကို အတော်ကြီး ကြာအောင် စောင့်မျှော်နေကြရသည်။ အားလုံး… …ယင် စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည်။ နောက်ဆုံးတွင်မှ သူက အဖြေ… …သည်။

''ကောင်းပါပြီ ဗိုလ်မှူး၊ မနက်ဖြန် မနက် ကိုးနာရီအထိ ကျွန်တော်… …တို့ဟာ နာဇီတပ်သားတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဟာ သူတစ်ပါးရဲ့ ငွေ… …ယူပြီး သစ္စာဆိုထားတဲ့ လူတွေ ဖြစ်တယ်၊ ကျွန်တော်တို့ ဖင်လန်လူမျိုးတွေဟာ… …ဘယ်တော့မှ ကတိသစ္စာ မဖောက်ဖျက်ဘူး''

''ဟုတ်ပြီ''

ရစ်တာက ဂက်ထရင်ဘက်သို့ လှည့်လျက်

''တပ်ခွဲကို တန်းစီနိုင်းပါ၊ ကျုပ် မိန့်ခွန်းပြောစရာ ရှိတယ်''

ဂက်ထရင်၏ အမိန့်သံ ထွက်ပေါ်လာသည်။ ဖင်လန် တပ်သားများ… အပြေးအလွှား တန်းစီကြသည်။

စုစုပေါင်း ၃၅ ယောက် ဖြစ်သည်။

ရစ်တာက သူတို့ရှေ့တွင် ရပ်လိုက်သည်။ သူတို့ကို မျက်နှာချင်း… ဆိုင်လိုက်သည်။ ထို့နောက် သူ၏ မိန့်ခွန်းကို စတင် ပြောကြားသည်။

■

- ၁၀ -

…ာ နာရီထိုးပြီးပြီ ဖြစ်သည်။ ဗိုလ်မှူးကြီးဟက်ဆာ စားပွဲတွင် အလုပ်လုပ်နေ… …သည်။ တပ်ကြပ်ကြီးရှုနေဒါ တံခါးခေါက်ပြီး ဝင်လာသည်။

ဟက်ဆာ စိတ်အားထက်သန်စွာ မော့ကြည့်လျက်-

''ရှုနက် သတင်း ဘာကြားသလဲ''

''ဘာမှ မကြားရသေးပါဘူး၊ ဗိုလ်မှူးကြီး''

ဟက်ဆာသည် လက်ထဲမှ ဖောင်တိန်ကို ပစ်ချလိုက်ပြီး-

''ဒီအချိန်ဆိုရင် သူ ပြန်ရောက်ဖို့ ကောင်းပြီ၊ ကြည့်ရတာတော့ အခြေ… …အနေ ကောင်းပုံမရဘူး''

''ဟုတ်ပါတယ် ဗိုလ်မှူးကြီး''

''ထားပါတော့၊ ဘာကိစ္စလဲ''

''ရွာက ဟာမေယာ ရောက်နေပါတယ်၊ ရွာမှာ ထိနိုက်မှု တစ်ခုခု… …ဖြစ်တယ်၊ သူ့သားလို့ ယူဆရပါတယ်၊ ဂီလတ်ကို သူနဲ့အတူ ရွာကို ခေါ်သွားလို့… …ရလားလို့ မေးနေပါတယ်၊ ဒီအနီးတစ်ဝိုက်မှာ ဆရာဝန်ဆိုလို့ သူ တစ်ယောက်ပဲ… …ရှိပါတယ်''

''သူ့ကို ခေါ်ခဲ့ပါ''

ဂျိုဟာမေယာသည် အော်လဘတ်ရွာသူကြီး ဖြစ်သည်။ ကျေးရွာ… …ဘည်းခိုခန်း ဖြစ်သော ရွှေလင်းယုန် တည်းခိုခန်း၏ ပိုင်ရှင်လည်း ဖြစ်သည်။ …သူက အရပ်ထောင်ထောင်မောင်းမောင်း၊ တောင့်တောင့်တင်းတင်း ဖြစ်သည်။ အသယ်လပိုင်… …တောင်တန်းတစ်လျှောက်တွင် ထင်ရှားကျော်ကြားသော လမ်းပြတစ်ဦးလည်း… …ဖြစ်သည်။ ယခုအခါ သူသည် အထူးပင် စိတ်လှုပ်ရှားနေပုံရသည်။

''ဘာဖြစ်လို့လဲ မေယာ''

ဟက်ဆာက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်သား အာနီပါ ဗိုလ်မှူးကြီး၊ တောင်ပေါ်က အပြန် ခြတ်လမ်းကို သုံးတာပဲ၊ သစ်ပင်တစ်ပင်ပေါ်ကနေ ခုန်အချမှာ အကျမထော ပြီး ခြေကျိုးသွ တယ်နဲ့ တူတယ်၊ ဒေါက်တာ..."

"ဟုတ်ပြီလေ"

ဟက်ဆာက ရှနေဒါကို ခေါင်းညိတ်ပြလိုက်ပြီး-

"ဂီလတ်ကို အမြန်ဆုံး တွေ့အောင် ရှာပြီး ဟာမေယာနဲ့ သူ့ သားနဲ့ ရွာကို လိုက်ပို့လိုက်ပါ"

"ကျွန်တော် သူ့ကို စောင့်နေရမလား၊ ဗိုလ်မှူးကြီး"

"မစောင့်နဲ့၊ ဒီကို ပြန်လာခဲ့ပါ၊ ခင်ဗျားနဲ့ လူတစ်ယောက် ခေါ်သွား ပြီး သူ့ကို ဟိုမှာ ထားခဲ့ပါ၊ ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့၊ ဩော်... ဂီလတ် ပြောပါ၊ လက်ရှိအခြေအနေမှာ သူ ထွက်မပြေးဘူးလို့ ကျုပ် ယူဆတယ်လို့"

ထိုအချိန်တွင် ဂီလတ်သည် သူတို့၏ အခြေအနေကို ဗိုလ်ချုပ်ကင်းနင်း၊ ဗိုလ်မှူး ကြီး ဘီအားတို့နှင့် အကြိတ်အနယ် ဆွေးနွေးလျက် ရှိပါသည်။

"ကျုပ်တို့ ဒီအတိုင်း နေလို့တော့ မဖြစ်ဘူး၊ ရှိနက်ဟာ မနေ့ညက ပြန်ရောက်ရမယ်၊ တစ်ခုခုတော့ ဖြစ်နေပြီ"

ကင်းနင်းက ပြောသည်။ ဘီအားက-

"လမ်းဘေးက မြောင်းတစ်ခုခုထဲမှာ သေနေတာ ဖြစ်နိုင်တယ် ကျွန်တော် ပြောတာ မှတ်မိတယ် မဟုတ်လား"

"ဟုတ်ပြီ၊ အဲဒီတော့ ကျုပ်တို့ ဘာလုပ်ကြမလဲ"

ဂီလတ်က-

"အင်း... အစောင့်တပ်ဖွဲ့က လူတွေအားလုံးဟာ အတိုးကြီးတွေ ဂီလာနတွေချည်းပဲ၊ ဒါကို ကျုပ်လောက် ဘယ်သူမှ မသိဘူး၊ သူတို့ကို ကျုပ် တစ်လျှောက်လုံး ကုလာရတယ်၊ ဒါပေမဲ့ တစ်ဖက်ကနေ ကြည့်ရင်လည်း အင်အားကျတော့ သုံးချိုး တစ်ချိုး များနေသေးတယ်၊ ၇ ယောက်ကို တစ်ယော နှုန်း ရှိတယ်၊ ပြီးတော့ သူတို့မှာ လက်နက်တွေ အပြည့် တပ်ဆင်ထားတယ်"

"ဒါပေမဲ့ ကျုပ်တို့ ဒီမှာ အလကားထိုင်ပြီးတော့ စောင့်မနေနိုင်ဘူး"

ကင်းနင်းက ပြောလိုက်သည်။

ထိုအချိန်တွင် တံခါးဖွင့်ပြီး တပ်ကြပ်ကြီး ရှနေဒါ ဝင်ရောက်လာသည် နိုးက ခြေစုံရိုက်ကာ အလေးပြုလိုက်ပြီး-

"ဗိုလ်ချုပ်ကြီး ခင်ဗျား၊ ဒေါက်တာဂီလတ် ရွာထဲကို အမြန်ဆုံးသွား ဖို့ အပ်နေပါတယ်၊ ဟာမေယာရဲ့ သားကလေး ရေခဲလျှောစီးရင်း ဒဏ်ရာ သွားပါတယ်"

"ကျုပ် အခုချက်ချင်း လိုက်ခဲ့မယ်၊ ဆေးအိတ် သွားယူလိုက်ဦးမယ်"

ယင်းသို့ ပြောပြီး ပေါ်ဂီလတ် ကမန်းကတန်း ထွက်သွားသည်။ ရှနေဒါ နောက်မှ လိုက်ပါသွားသည်။

နိုသည် အသက် ၁၂ နှစ်သာ ရှိသေးသည်။ လူကောင်ကလည်း သေးသေး ယ်ယ်ကလေး ဖြစ်သည်။ ယခုအခါ သူ့မျက်နှာသည် နာကျင်သဖြင့် ရှုံ့မဲ့နေ သည်။ နဖူးတွင် ချွေးသီးချွေးပေါက်တွေ သီးနေသည်။ သူ့တွင် မိခင် မရှိတော့ ၊ သူ၏ ဖခင်သည် ခုတင်ဘေးတွင် ရပ်ပြီး ပေါ်ဂီလတ်က ကောင်ကလေး၏ ဘောင်းဘီကို ကတ်ကြေးတစ်လက်ဖြင့် ခွဲပစ်နေသည်ကို စိုးရိမ်ပူပန်စွာဖြင့် ကြည့်နေသည်။

ထို့နောက် ပေါ်ဂီလတ်၏ လက်ချောင်းများသည် လက်ယာဘက် ဒူးခေါင်း အောက်တွင် ဖူးရောင်နေသော အဖုကြီးကို စမ်းကြည့်လျက် ရှိသည်။ ပေါ်ဂီလတ် က ပြည်းညင်းစွာ ကိုင်တွယ်စမ်းသပ်သည်ကို ကောင်ကလေးသည် နာကျင်လွန်း ဖြင့် တအား ကုန်းအော်လိုက်သည်။

"ကျိုးသွားသလား ဒေါက်တာ"

မေယာက မေးသည်။

"အသေအချာပေါ့၊ ခင်ဗျားမှာ ကျပ်စည်းတဲ့ ကိရိယာတွေ ရှိတယ် ဟုတ်လား၊ တောင်ပေါ် ဘယ်ဆယ်ရေး ပစ္စည်းတွေ"

"ရှိတယ်၊ ကျွန်တော် သွားယူလိုက်မယ်"

"လောလောဆယ် သူ့ကို မော်ဖင်းတစ်လုံး ထိုးပေးမယ်၊ သူ့ခြေထောက် ဆက်ရမယ်၊ သူ တော်တော်ကလေး နာလိမ့်မယ်၊ ဩော် ဒါနဲ့ ရှနေဒါ အားခဲ့တဲ့ ရဲဘော်တစ်ယောက် ရှိပါတယ်၊ သူ့နာမည်က ဗော့ဆိုလားပဲ၊ သူ့ကို ခေါ်လိုက်စမ်းပါ၊ သူ ကျုပ်ကို ကူညီနိုင်ပါလိမ့်မယ်"

မေယာ ထွက်သွားသည်။ ဂီလတ်က မော်ဖင်းပုလင်းကို ဖောက်လိုက် း-

"မင်း မြောက်ဘက်လမ်းက ဆင်းပြန်ပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဒေါက်တာ"

www.burmeseclassic.com

''အဲဒီဘက်က မဆင်းဖို့ မင်းကို ဦးဦး ဘယ်နှခါ သတိပေးဖူးသ အခုလို ရေခဲတဲ့အချိန်မှာ သစ်ပင်တွေထဲမှာ နေရောင်ကလည်း မရှိတော့၊ လ က သိပ်မှာပြီး သိပ်မြန်နေတာပေါ့''

ယင်းသို့ ပြောပြီး ချာတိတ်ကို မော်ဖင်း ထိုးလိုက်သည်။

ထိုအချိန်တွင် တံခါးခေါက်သံ ထွက်ပေါ်လာပြီး အခန်းတွင်း တပ်သားဗော့ ဝင်ရောက်လာသည်။ သူက ကိုယ်လုံးကိုယ်ထည် သေးသေ လူလတ်ပိုင်းအရွယ် ဖြစ်သည်။ သံမဏိကိုင်း မျက်မှန် တပ်ထားသည်။ သူသ ဟာမင်းဘတ်မြို့မှ စာရေးတစ်ယောက် ဖြစ်ပြီး စောစောပိုင်းက မျက်လုံးကြေ ခစ်ထဲတွင် မပါဝင်ရချေ။ လွန်ခဲ့သည့် ဇူလိုင်လကမှ လူမရှိတော့သဖြင့် စစ်ထဲ ရောက်လာရခြင်း ဖြစ်သည်။

''ဒေါက်တာ ကျွန်တော့်ကို ခေါ်တယ်ဆို''

''ချာတိတ် ခြေထောက်ကို နေသားကျအောင် ပြန်ဆက်တဲ့ အချိန် မောင်ရင့်အကူအညီ လိုလိမ့်မယ်၊ မောင်ရင် အလျှင်တုန်းက ဒါမျိုးလုပ်ဖူးသလား''

''မလုပ်ဖူးပါဘူး ခင်ဗျာ''

သူ ထိတ်လန့်စွာ ပြန်ပြောသည်။

''ဘာမှ မပူနဲ့၊ ခဏနေရင် မောင်ရင် တတ်သွားမှာပဲ''

ခဏအကြာတွင် မေယာ ပြန်လည်ရောက်ရှိလာသည်။ ကျပ်စည်း ကိရိယာများနှင့် ပတ်တီးလိပ်များ ပါလာသည်။

''ကဲဟေ့ ရဲဘော်ကလေး၊ အာနီ ဘယ်လောက် သတ္တိရှိတယ်ဆိုတ ကြည့်ကြရအောင်''

အာနီသည် မော်ဖင်း ထိုးထားသော်လည်း ပထမအချက် အကိုင်လို မှာပင် သတိမေ့သွားသည်။ ယင်းသို့ ဖြစ်သွားသည်မှာ ကောင်းတော့လည် ကောင်းသည်ဟု ဂီလတ် ယူဆလိုက်သည်။ သူက ကောင်ကလေး၏ ခြေထော ကို ဖျောက်ခနဲ မြည်အောင် ဆွဲကိုင်ပြီး ပြန်ဆက်လိုက်သည်။ ဗော့၏ မျက် ဖွေးခနဲ ဖြစ်သွားသည်။

ဗော့သည် ညွှန်ကြားသည့်အတိုင်း ချာတိတ်၏ ခြေထောက်ကို ထိန်း ပြီး ကွပ်တစ်ခုကို ကပ်ထားသည်။ ဂီလတ်က ကျင်လည်စွာ ပတ်တီး စည်းပတ်သည်။

ကျပ်စည်း၍ ပြီးသောအခါ ဒေါက်တာဂီလတ်သည် မေယာကို ပြ ကြီး ကြည့်လိုက်ပြီး -

''ကဲ မိတ်ဆွေ… ကျုပ်ကို ဘရန်ဒီတစ်ခွက် ပေးမယ်ဆိုရင် ပေ ပါပြီ''



'ကျွန်တော်တို့ အခုချက်ချင်း ပြန်ကြမလား ဒေါက်တာ''

ဗော့က မေးသည်။

''ပြန်လို့ မဖြစ်သေးဘူး ရဲဘော်၊ ကျုပ်တို့ အေးအေးဆေးဆေး ဘရန်ဒီ လေး သောက်ရင်း ကောင်ကလေး သတိရတဲ့အထိ စောင့်ကြရလိမ့်မယ်၊ စ်နေ့လုံး စောင့်ချင် စောင့်ရမယ်''

သူတို့ လှေကားမှ ဆင်းသွားကြစဉ်တွင် အပြင်ဘက်တွင် ကားတစ်စီး က်သံ ကြားရသည်။ မေယာက ပြတင်းပေါက်မှ ငုံ့ကြည့်သည်။ ထို့နောက် တို့ဘက်သို့ လှည့်ပြီး -

''စစ်လူနာတင်ကား တစ်စီးပဲ ဒေါက်တာ၊ ကြည့်ရတာ ဂျာမန်ကား ာ့ မဟုတ်ဘူး''

ဂီလတ် ပြတင်းပေါက်သို့ လျှောက်သွားပြီး ငုံ့ကြည့်သည်။ ကားထဲမှ ဟောင်းဝပ် ခုန်ထွက်ပြီး ရွှေလင်းယုန်ဟိုတယ်ကို မော့ကြည့်လျက် ရှိသည်။ ာက်ထဲတွင် အမေရိကန်သေနတ်ကြီးနှင့် ဖြစ်သည်။

ဂီလတ်က ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး -

''ဒီမှာ… ဒီမှာ… ဗိုလ်ကြီး၊ တွေ့ရတာ ဝမ်းသာပါတယ်''

ဟောင်းဝပ် မော့ကြည့်သည်။ ခေတ္တမျှ တုံ့ဆိုင်းပြီးနောက် တံခါးဆီသို့ ျှာက်လာသည်။ ဂီလတ်က တပ်သား ဗော့ဘက်သို့ လှည့်ပြီး -

''ကနေ့ဟာ ရဲဘော်ရဲ့ ဘဝမှာ အင်မတန် ထူးခြားတဲ့ နေ့တစ်နေ့ပဲ၊ ပြစ်လို့လဲ ဆိုတော့ အခုအချိန်က စပြီး ရဲဘော်အတွက် ဒီစစ်ကြီး ပြီးသွားပြီ''

ာင်းဝပ်နှင့် အဖွဲ့သည် ဂမ်းတွင် ရွာသူရွာသားလည်း တစ်ယောက်မျှ မတွေ့။ သူ တပ်သားလည်း တစ်ယောက်မျှ မတွေ့၊ တစ်စုံတစ်ရာ ဖြစ်ပျက်ခြင်းလည်း ာနှင့် ရွှေလင်းယုန်ဟိုတယ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခြင်း သည်။

ဂီလတ်က ဟောင်းဝပ်ကို အားရပါးရ ဖက်ပွေ့ပြီး -

''ကျုပ် တစ်သက်မှာ လူတစ်ယောက်ကို တွေ့ရလို့ ဒီလိုမျိုး ဝမ်းသာ ျိုး တစ်ခါမှ မရှိဖူးဘူး၊ ကျုပ်နာမည်က ပေါ်ဂီလတ်၊ အောလဘတ်ရဲ့ဗိုက် ာ အကျဉ်းသား တစ်ယောက်ပဲ''

''ဟုတ်ကဲ့၊ ကျွန်တော်တို့ အဲဒီအတွက် လာခဲ့ကြတာပါပဲ၊ ကျွန်တော့် ည်ဲ ဂျက်ဟောင်းဝပ်ပါ''

www.burmeseclassic.com

"ဒါဆိုရင် ဗိုလ်ကြီးတို့ဆီကို ရှီနက် ရောက်လာတာပေါ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ လမ်းမှာ ကျည်ဆန်နှစ်တောင့်တော့ ရခဲ့တာ... အခု သူ ကားထဲမှာ ပါပါတယ်"

"ဒီလိုဆိုရင် သူ့ကို ကျုပ် ကြည့်ဦးမှပဲ၊ ကျုပ်က ဆရာဝန်တစ်ယောက် ပါ"

ထိုအချိန်တွင် လေကားရင်းသို့ တပ်သား ဇော့ ရောက်လာသည်... ဖိုင်းဘမ်းက တံခါးပေါက်မှ နေ၍ သတိပေးလိုက်သည်။

"ဗိုလ်ကြီး... ရန်သူ"

ဖိုင်းဘမ်းက သူ့လက်ထဲမှ အမ်ဝမ်းရိုင်ဖယ်ကို မြှောက်ချိန်လိုက်သည်... ဂီလတ်က လျှင်မြန်သွက်လက်စွာပင် ကြားဝင်လိုက်သည်။

"ဘာမှ မလုပ်ပါနဲ့၊ ဇော့က ကျုပ်ကို စောင့်ကြပ်နေတဲ့ အစော... တစ်ယောက် ဆိုပေမဲ့ သူ့တစ်သက်မှာ တစ်ခါမှ သေနတ်ပစ်ဖူးတဲ့ လူ မဟုတ်... ပါဘူး"

ဖိုင်းဘမ်းက သူ့သေနတ်ကို ပြန်ချထားလိုက်သည်။ ဂီလတ်... ဟောင်းဝပ်ကို-

"ဘယ်သူက ဘယ်သူ့ကိုမှ ပစ်စရာ ခတ်စရာ မလိုတော့ပါ... ဗိုလ်မှူးကြီးဟက်ဆာက ပထမဆုံး တွေ့တဲ့ မဟာမိတ်တပ်မှာ လက်နက်ချ... လို့ ပြောထားပါတယ်၊ အဲဒီအကြောင်း ရှီနက်က ပြောမပြဘူးလား"

"ဒီစစ်ကြီးဟာ ကြာလည်း ကြာလှပြီ၊ ကြမ်းလည်း သိပ်ကြမ်းတ... ကျွန်တော်တို့ အတွေ့အကြုံအရ ဘယ်ဂျာမန် တစ်ယောက်ကိုမှ မယုံ... ဒေါက်တာ"

ဖိုင်းဘမ်းက ပြောသည်။

"အင်း... ပြောရရင်တော့ ဒါက မောင်ရင်ရဲ့ အမြင်ပဲ၊ ကျု... အတွေ့အကြုံအရ ပြောရရင်တော့ သူတို့ဟာ ကျုပ်တို့လိုပဲ ကောင်းတယ်၊ ... တယ်၊ ကျုပ်တို့နဲ့ ဘာမှ မထူးခြားဘူး၊ ကဲ... ရှီနက်ကို ကျုပ် ကြည့်လိုက်... မယ်၊ ဇော့ရေ... ကျုပ် ဆေးအိတ် ယူခဲ့ပါ"

တံခါးဝတွင် ဂီလတ် ရပ်လိုက်ပြီး လူနာတင်ကားကို ကြည့်သည်... ထို့နောက် လမ်းတစ်လျှောက်ကို လှမ်းမျှော်ပြီး ကြည့်ကာ-

"အခြားကားတွေလည်း မတွေ့ပါလား၊ နောက်ထပ် မလာတော့... လား"

"ကျွန်တော်တို့ ရောက်လာနိုင်တာပဲ ကံကောင်းတယ်"

ဟောင်းဝပ်က ပြောလိုက်သည်။

ဂီလတ်သည် လူနာတင်ကား၏ နောက်တံခါးကို ဖွင့်ပြီး ကားအတွင်း... ဝင်သွားသည်။ ကားပေါ်တွင် ရှီနက် လဲလျောင်းလျက် ရှိသည်။ ပတ်တီးများ... ထပ်စွာ စည်းထားသော လက်က စောင်အပြင်တွင် ရှိနေသည်။ သူက မှိတ်... ထားသော မျက်လုံးများကို ဖြည်းဖြည်းဖွင့်ကြည့်သည်။ ဂီလတ်ကို တွေ့မြင်... သောအခါ ပြုံးပြီး-

"ဟော... ဒေါက်တာ ကျွန်တော်တို့ ပြန်တွေ့ကြရပြီ"

"ခင်ဗျား တာဝန်ကျေပါတယ်၊ ရှမစ်တစ်ယောက်ကော..."

ဂီလတ်က သွေးခုန်နှုန်း စမ်းရင်း မေးလိုက်သည်။

"သူ သေပြီ"

"သူဟာ လူကောင်းတစ်ယောက်ပဲ၊ သူ့အတွက် ကျုပ် စိတ်မကောင်း... ဘူး၊ ခင်ဗျားမှာ အဖျားနည်းနည်း ရှိတယ်၊ ဒဏ်ရာက သိပ်နာသလား"

"စောစောကတော့ အလူးအလဲပဲ"

"ကျုပ် လုပ်ပေးပါ့မယ်၊ ကောင်းကောင်း အိပ်ပျော်သွားမှာပေါ့"

ဇော့ ယူလာသော ဆေးအိတ်ကို ဖွင့်ပြီး မော်ဖင်း တစ်ပုလင်း ထုတ်ယူ... သည်။ ရှီနက်ကို မော်ဖင်း ထိုးပေးလိုက်သည်။ ထို့နောက် သူနာတင်ကားပေါ်မှ ... ဆင်းသည်။

"သူ့အခြေအနေ ဘယ့်နှယ်လဲ"

ဟောင်းဝပ်က မေးသည်။

"ကောင်းပါတယ်"

သူတို့ ဟိုတယ်တွင်းသို့ ဝင်သွားကြသည်။ ဟူးဗား နှင့် ဖိုင်းဘမ်းတို့ ... အရက်ကောင်တာ၏ တစ်ဖက်ထိပ်တွင် ရပ်နေကြပြီး၊ အခြား တစ်ဖက်ထိပ် ... ကား ဇော့ ရှိသည်။ မေယာက ဘရန်ဒီပုလင်းနှင့် ဖန်ခွက်များကို ထုတ်... သည်။

ဂီလတ်က-

"ဟောဒါက ဟာမေယာ၊ အောလဘတ်သူကြီးနဲ့ ရွှေလင်းယုန် ပိုင်ရှင်... သူက ကျုပ်ကို အကောင်းဆုံး ဘရန်ဒီနဲ့ ဧည့်ဝတ်ပြုဖို့ ရှိပါတယ်၊ ... ကြီးမင်းတို့လည်း ပါဝင်အားပေးကြပါ"

မေယာက ဖန်ခွက်များအတွင်းသို့ အရက်ငှဲ့သည်။ ဖိုင်းဘမ်းက သူ့... ခွက်ကို ဆွဲယူလိုက်သောအခါ ဟူးဗားက-

"ကိုယ့်လူ နေဦးလေ၊ ဒါက အထူးပွဲတစ်ပွဲပဲ၊ ကျုပ်တို့ ဆုမွန်တောင်း... ရမယ်"

ဟောင်းဝပ်က ဂီလတ်ဘက်သို့ လှည့်လျက်-

www.burmeseclassic.com

www.burmeseclassic.com



''ကဲ ဒေါက်တာရဲ့ ပွဲပဲ''

ဂီလတ်က-

''ဟုတ်ပြီ၊ ဒီစစ်ပွဲကြီးမှာ ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရတဲ့ ခင်ဗျား သုံးယောက်နဲ့ ဒီက ဂျာမန် မိတ်ဆွေများအတွက် အားလုံး ကျန်းမာ ချမ်းသာ ကြစေကြောင်း၊ သာယာချမ်းမြေ့စေကြောင်း ကျုပ် ဆုတောင်းပါတယ်''

''ဒေါက်တာ ဆန္ဒပြုတဲ့အတွက်''

ဖိုင်းဘမ်းက သူ၏ ခွက်ကို မော့လိုက်သည်။

''ကျုပ်တို့လှူစု ရဲတိုက်ကြီးကို မြန်မြန်သွားကြမှပဲ''

ဟောင်းဝပ်က ပြောလိုက်သည်။

''ဟုတ်တယ်၊ ဗိုလ်ကြီးတို့ကို သူတို့ စောင့်နေတာ လည်ပင်း ရှည်လှရော့မယ်၊ အထူးသဖြင့် ဗိုလ်ချုပ်ကင်းနင်းပေါ့၊ ကျုပ်တော့ ဒီမှာ ခ နေခဲ့ဦးမယ်၊ အပေါ်မှာ ကျုပ်ရဲ့ လူနာတစ်ယောက် ရှိတယ်''

ဂီလတ်က ရှင်းပြသည်။

''ကောင်းပါပြီ ဒေါက်တာ၊ ဒါပေမဲ့ ကျွန်တော့်ကို အထက်က ေ ဲ့ိုက်တဲ့ အမိန့်က ဒေါက်တာတို့ကို ခေါ်ပြီး အမြန်ဆုံး ပြန်လာရမယ်လို့ ပါ တယ်၊ အဲဒီတော့ ဒေါက်တာ့ကို ကျွန်တော် အချိန် တစ်နာရီ ပေးမယ်၊ ဟု လား''

သူတို့ အပြင်သို့ ထွက်သွားကြသည်။

''ဟို ဂျာမန်ကို ဘယ့်နှယ် လုပ်မလဲ၊ ကျွန်တော်တို့ သူ့ကို ခေါ်သွား ကြမလား''

ဖိုင်းဘမ်းက မေးသည်။

''သူ ကျုပ်နဲ့ နေရစ်ခဲ့လိမ့်မယ်၊ သူ့အကူအညီ ကျုပ် လိုတယ်''

ဂီလတ်က ပြတ်သားစွာ ပြောလိုက်သည်။

''ဒေါက်တာ့သဘောပါပဲ''

ဟောင်းဝပ်က ဖိုင်းဘမ်းကို ကားတွင်းသို့ တွန်းသွင်းလိုက်သည်။ ဟောင်းဝပ် ရှေ့မှ သူနာတင်ကား ထွက်သွားသည်။

ဗိုလ်မှူးကြီးဟက်ဆာသည် စားပွဲတွင် ထိုင်ပြီး စာရေးနေသည်။ သူ့ဇနီး ဖြစ်သည်။ ထိုအချိန်တွင် တံခါး ပွင့်သွားပြီး ရှနေဒါ ပြေးဝင်လာသည်။ သူ့ အတွက် အယ်လ်ဖေးရှင်း ပါလာသည်။ ရှနေဒါ၏ စိတ်များ လှုပ်ရှားလျက် ရှိသည်



လှုပ်ရှားမှုက သူ့လက်ထဲမှ ခွေးသို့ပင် ကူးစက်သည်။ မဏ္ဍဒါသည် အသံတို သည်းကာဖြင့် သူ့ကို လှည့်ပတ်လျက် ရှိသည်။ သူ့ခြေထောက်ကို ကြိုးများ နှံပတ်သည်။

''ဘယ်လို ဖြစ်လာတာလဲ၊ ဘာဖြစ်လို့လဲ''

ဟက်ဆာက မေးလိုက်သည်။

''သူတို့ လာနေကြပြီ ဗိုလ်မှူးကြီး၊ အင်္ဂလိပ်ကားတစ်စီးပဲ၊ တောင်ပေါ် ကို တက်လာနေပြီ''

''တစ်စီးတည်းလား သေချာရဲ့လား''

''အခုပဲ ကင်းရုံကတစ်ဆင့် သူတို့ ဖုန်းဆက်ပါတယ်၊ သူနာတင် ကားတစ်စီးလို့ ပြောတယ်''

''အဆန်းပဲ၊ ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် သူတို့ကို ကြိုဖို့ အမြန်ဆုံး လုပ်ရမယ်၊ အစောင့်တပ်ဖွဲ့ကို အသင့်ပြင်၊ ဗိုလ်ချုပ်ကင်းနင်းတို့ကို အကြောင်း ကြား၊ ကျုပ် အခုပဲ ဆင်းလာခဲ့မယ်''

ရှနေဒါ ထွက်သွားသည်။

ဟက်ဆာ ထိုင်ပြီး ကျန်ရစ်သည်။ သူ့လက်များ စားပွဲပေါ်တွင် မှောက် တင်ထားသည်။ သူ့မျက်နှာ မသိမသာ ကုပ်မှောင်လျက် ရှိသည်။

နောက်ဆုံးတွင် မျှော်လင့်ထားပြီး ဖြစ်သော အခြေအနေသည် ဆိုက် ရောက်လာချေပြီ။ ဇာတ်လမ်းတစ်ခု ပြီးဆုံးချေပြီ။ သူ ဘာဖြစ်သနည်း။ လက် တစ်ဖက်နှင့် မျက်စိတစ်ဖက် ဆုံးရှုံးရသည်။ သို့သော် သူ့မှာ ဇနီးဂါဒါနှင့် ကလေးများ ကျန်ရှိနေသေးသည်။ အားလုံး ပြီးချေပြီ။ များမကြာမီ အိမ်ပြန်ရ ပေတော့မည်။ သူ ထိုင်ရာက ထလိုက်ပြီး ဦးထုပ်နှင့် ခါးပတ်တို့ကို လှမ်းယူ လိုက်သောအခါ သူ့မျက်နှာတွင် အပြုံးရိပ်သမ်းနေတော့သည်။

သူနာတင်ကားသည် တောင်ပေါ်လမ်း၏ နောက်ဆုံး အကွေ့သို့ ရောက်ရှိပြီး အောလဘတ် ရဲတိုက်ကြီးကို ၎င်းတို့၏ အထက်တွင် ထီးထီးမားမားကြီး တွေ့ မြင်ရသောအခါ ဖိုင်းဘမ်းသည် ကားပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး မျှော်စင် များနှင့် စုလစ်မွန်းချွန်များကို တအံ့တသြ ငေးမောကြည့်ရှုသည်။

ထို့နောက်-

www.burmeseclassic.com

www.burmeseclassic.com



"သား… ဒီနေရာကို ကျွန်တော် အလျင်တုန်းက မြင်ဖူးတယ်၊ ဒီကျုံ ... တာရော အားလုံးပဲ၊ ဇင်းဒါးအကျဉ်းသမားပေါ့၊ ရိုနယ်ကိုးမင်း ... ဖြတ်ပြီး ကူးသွားတယ်၊ ရဲတိုက်ကြီးထဲကို ပြတင်းပေါက်တစ်ပေါက် ... ဝင်နိုင်အောင် ရွှေမင်းသမီးလေးက အကူအညီပေးတယ်"

"အဲဒါက ရုပ်ရှင်၊ အခုဟာက တကယ် ကိုယ့်လူ၊ ဒီရဲတိုက်ကြီး ... တွေ ဝိုင်းတိုက်တာကို ခံနိုင်အောင် ဆောက်ထားတာ၊ အဲဒီတံတိုင်းကြီး ... ဆိုရင် အနည်းဆုံး ၁၀ ပေလောက် ထူမယ်"

ဟူးဗားက ပြန်ပြောသည်။ ဟောင်းဝပ်က-

"သူတို့တွေဟာ ခေည့်ဝတ်ကျေပွန်တာတော့ အမှန်ပဲ၊ ဝင်ပေါက်တံခါး ... ကို ဖွင့်ထားတယ်၊ တစ်ခါတည်းသာ တန်းပြီး ဝင်သွားပေတော့၊ ဖြည်းဖြည်း ... တော့ ဖြည်းဖြည်း… ဘာတွေ တွေ့ရမလဲ ဆိုတာ ကြည့်ကြရအောင်"

ဟူးဗားက ကားအရှိန်ကို လျှော့ပြီး တံတားရှင်ကို ဖြတ်ကျော်သည်။ ... သံတံခါးကြီး ဖွင့်ထားသည်။ ၎င်းတို့သည် မှောင်သော အဝင်ဝ လိုဏ်ခေါင်း ... ဖြတ်သန်းပြီး ကျယ်သော အတွင်းရင်ပြင်သို့ ရောက်ရှိသွားကြသည်။

ရဲတိုက်စောင့်တပ်ဖွဲ့သည် တစ်တန်းတည်း စီလျက် ရှိသည်။ အားလုံး ၁၈ ယောက် ရှိသည်။ ဗိုလ်မှူးကြီးဟက်ဆာက ၎င်းတို့၏ ရှေ့တွင် ရပ်လျက် ရှိသည်။ ဗိုလ်ချုပ်ကင်းနင်း၊ ဗိုလ်မှူးကြီးဘီအား၊ ကလဲယာနှင့် မဒမ်ရှိတလီယာ တို့သည် ရဲတိုက်တံခါးမကြီး၏ အပေါ်ဆုံး လှေကားထစ်ပေါ်တွင် ရပ်လျက် ရှိကြသည်။

သုံ့နာတင်ကား ရပ်သွားပြီး ကားပေါ်မှ ဗိုလ်ကြီးဟောင်းဝပ် ဆင်းသွား သည်။ ဟက်ဆာက သူ့လူများကို အမိန့်ပေးလိုက်သည်။ အားလုံးပင် ယဉ်ကျေး စွာ အလေးပြုကြသည်။

"ကျုပ်နာမည် ဟက်ဆာ၊ ဗိုလ်မှူးကြီး၊ အမှတ် ၄၂ ခြေလျင်တပ်ရင်း လက်ရှိတာဝန်ကတော့ ဒီစခန်းရဲ့ တာဝန်ခံတပ်မှူး"

"ကျွန်တော်က ဗိုလ်ကြီး ဂျွန်အိပ်ချ်ဟောင်းဝပ်၊ အမှတ် ၂ ရိန်းဂျား တပ်ရင်း၊ အမေရိကပြည်ထောင်စု တပ်မတော်"

ဟက်ဆာက တစ်ဖက်သို့ လှည့်ပြီး-

"ဗိုလ်ချုပ်ကင်းနင်း၊ ဗိုလ်မှူးဘီအား၊ ကျေးဇူးပြုပြီး ဒီကို ကြွကြပါ"

၎င်းတို့ ကားမှ ဆင်းပြီး သူတို့ထံသို့ လျှောက်လာကြသည်။ နှင်းသဲ ... သည်။ ဟောင်းဝပ်က အလေးပြုလိုက်သည်။ ကင်းနင်းက သူ့လက် ... နင်း-

"... ခင်းကို တွေ့ရတာ အများကြီး ဝမ်းသာတယ်၊ တကယ်ပါပဲ သား"



"ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး"

ဟက်ဆာက-

"အဲဒီတော့ ဟောဒီက အရာရှိကြီးများကို သက်သေထားပြီး ကျုပ်နဲ့ ...ပ်အဖွဲ့ တရားဝင် လက်နက်ချပါတယ် ဗိုလ်ကြီးဟောင်းဝပ်"

သူ အလေးပြုသည်။ ထို့နောက် ရှနေဒါဘက်သို့ လှည့်ပြီး-

"ရဲဘော်တွေကို လက်နက်ချခိုင်းပါ"

ရဲဘော်များ လျင်မြန်စွာ လှုပ်ရှားကြသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ...ဘော်များ ပြန်လည်တန်းစီပြီး ဖြစ်သည်။ ၎င်းတို့၏ သေနတ်များကို သုံးစုခွဲ ...ပြီး စုထောင်ထားကြသည်။

...ဘ်ဇာ စီးနင်းလိုက်ပါသော သံချက်ကာ ကားသည် ဂျာမန်အထူးတပ်ဖွဲ့ကို ...ဦးဆောင် ချီတက်သည်။ ရစ်တာတို့၏ ကားက နောက်မှ လိုက်ပါပြီး သူတို့၏ ...နောက်တွင် ဖင်လန်တပ်သားတို့၏ ကားများ ဖြစ်ကြသည်။

၎င်းတို့သည် မွန်းတိမ်းချိန်အောက်တွင် လမ်းသွယ်တစ်ခုမှ နေ၍ ...င်းဘရပ်နှင့် အောလဘတ် ဆက်သွယ်ထားသော လမ်းမကြီးပေါ်သို့ ရောက်ရှိ ကြသည်။ သူတို့ရှေ့မှ သုံ့နာတင်ကား ဖြတ်သွားပြီး မကြာမတင်မီမှာပင် ဖြစ် သည်။ ရွာအနီးရှိ တောင်ထိပ်တစ်ခုပေါ်သို့ ရောက်ရှိသောအခါ ဆော်ဇာက ကားတန်းကြီးကို ရပ်ရန် အချက်ပေးလိုက်သည်။ ရစ်တာ၊ စထဲရက်ဆာနှင့် ...က်ဆင်တို့ ကားပေါ်မှ ဆင်းပြီး ဆော်ဇာ ရှိရာသို့ သွားသည်။

"ဘာဖြစ်လို့လဲ"

ရစ်တာက မေးလိုက်သည်။

"စောစောက ဒီလမ်းပေါ်မှာ ကားတစ်စီး ဖြတ်သွားတယ်၊ ကားကြီး ...စ်စီးပဲ၊ ကားတာရာတွေ ထင်နေတာကို တွေ့သလား၊ အဲဒီကားဟာ ဒီနားမှာ ...ရပ်ပြီး ရွာဘက်ကို ဆင်းသွားတယ်"

နှင်းများပေါ်တွင် စက်ဆီများ တင်ကျန်နေသည်ကို တွေ့ရသည်။ ရစ်တာ ... အောက်ဘက်သို့ ကြည့်လိုက်ပြီး-

"အောလဘတ်ဆိုတာ ဒါပဲပေါ့"

"နေရာကလေးကတော့ အင်မတန် အေးဆေးတာပဲ၊ လောကကြီးက ...ခွဲပြီး အောက်ဘက်မှ အေးအေးဆေးဆေး နေကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆင်က ပြောလိုက်သည်။

ရော်ဘာက ဆော်ဇာ၏ လက်မှ မှန်ပြောင်းကို ယူပြီး အောလဘာ

ကြီးကို ကြည့်သည်။ ထို့နောက် မှန်ပြောင်းကို ပြန်ပေးလိုက်ပြီး-

''ဘာမှ မတွေ့ရဘူး၊ ကျုပ်တို့ အလျင်သွားတဲ့ ကားဟာ တစ်

ဖြစ်နိုင်တယ်၊ အခြေအနေအရဆိုရင်တော့ ချက်ချင်း လိုက်ရအောင်''

''ဟုတ်တယ်၊ အမြန်ဆုံး လိုက်မှ ဖြစ်မယ်၊ ဒီအချိန်ရောက်မှ တ

အချော်တွေ အဖြစ်မခံနိုင်ဘူး''

စထရက်ဆာက အနည်းငယ် တုန်လှုပ်စွာဖြင့် ပြောသည်။ သူ့အနေ

ဆုံးအကြိမ် တုန်လှုပ်ချောက်ချားမှုကို ပြလိုက်ခြင်းပင် ဖြစ်သည်။

ကားတန်းကြီးကို ပထမဆုံး မြင်တွေ့သူမှာ မေယာ ဖြစ်သည်။ ၎င်းက လှေကား ထိပ် ပြတင်းပေါက်ကို သွားပိတ်စဉ် တောင်ပေါ်မှ ဆင်းလာသော ကားတန်းကြီး ကို လမ်းတစ်ဝက်တွင် တွေ့မြင်ခြင်း ဖြစ်သည်။ သူက ကားတန်းကြီး တစ်ချက်မျှ ကြည့်ပြီးနောက် ပေါဂီလတ် ရှိသော အိပ်ခန်းဆီသို့ ခပ်သုတ်သုတ် ပြေးသွားသည်။ ဂီလတ်က ယခုတိုင် မေ့မြောလျက် ရှိသော ချာတိတ်ကလေး ကို စမ်းသပ်စစ်ဆေးလျက် ရှိသည်။

''နာဇီတပ် တစ်တပ် တောင်ပေါ်က ဆင်းလာနေပြီ၊ သံချပ်ကာ ကား သုံးစီး၊ စစ်ကားကလေး နှစ်စီး၊ အားလုံး လူ ၄၀ လောက် ရှိမယ်''

ဗော့၏ မျက်နှာ လူသေကောင်လို ဖြူဖွေးသွားသည်။

''သေချာရဲ့လား''

ဂီလတ်က မေးသည်။

မေယာက ဗီရိုတစ်ခုကို ဖွင့်လိုက်ပြီး ကြေးမှန်ပြောင်း တစ်လက်ကို ထုတ်ယူကာ-

''ဒေါက်တာကိုယ်တိုင် ကြည့်ပါ''

သူတို့အားလုံး လှေကားထိပ်သို့ သွားကြသည်။ ဂီလတ်က မှန်ပြောင်း ကို ချိန်သည်။ ရှေ့ဆုံးမှ သံချပ်ကာကားကို ကြည့်သည်။ နာဇီတပ်ဖွဲ့တံဆိပ်ကို တွေ့မြင်ရသည်။ ပြီးလျှင် နောက်မှ ကားကလေးကို ကြည့်သည်။ ပထမဆုံး ရစ်တာကို တွေ့ရသည်။ ထို့နောက် စထရက်ဆာ-

ဂီလတ် မျက်မှောင်ကုတ်သည်။

''ဘာတွေ့လို့လဲ ဒေါက်တာ''



မေယာက မေးသည်။

''ဘာမှ မဟုတ်ဘူး၊ သူတို့အထဲမှာ အရုပ်သားတစ်ယောက် ပါတယ်၊ ကို ကျုပ် မြင်ဖူးတယ်လို့ ထင်တယ်၊ ဒါပေမဲ့ မဟုတ်ပါဘူး၊ သူတို့ ဝတ်ထား ယူနီဖောင်းတွေနဲ့ သူတို့ လက်ထဲမှာ ပါလာတဲ့ ရေခဲလှော်တွေကို ကြည့်ရပုံ ရောက်ရင်တော့ သူတို့ဟာ တောင်ပေါ်တပ်ဖွဲ့ပဲ''

ဂီလတ်က မှန်ပြောင်းကို ပိတ်လိုက်ပြီး မေယာသို့ ပြန်ပေးသည်။ ဘာက သူ၏ အင်္ကျီလက်ကို ဆွဲလျက်-

''ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဒေါက်တာ၊ ဒီကောင်တွေက ဘာမဆို လုပ်မယ့် အကောင်တွေ''

ဂီလတ်က-

''မကြောက်ပါနဲ့၊ စိတ်ငြိမ်ငြိမ်ထားပါ''

ထို့နောက် မေယာဘက်သို့ လှည့်လျက်-

''နောက် နှစ်မိနစ် သုံးမိနစ်ဆိုရင် သူတို့ ဒီကို ရောက်လာကြလိမ့် မယ်၊ အပြင်သွားပြီး သူတို့ကို တွေ့ပါ''

''အမေရိကန် စစ်သားတွေကိစ္စ ဘယ့်နှယ်လုပ်မလဲ၊ နှင်းပေါ်မှာ သူနာတင်ကားရာ ထင်းနေတယ်၊ သူတို့ မေးရင် ကျွန်တော် ဘာဖြေရမလဲ''

''မီးစင်ကြည့်ပြီးသာ ကပေတော့၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျုပ်နဲ့ တော့ ဒီမှာ ရှိတာကိုတော့ မပြောနဲ့၊ လောလောဆယ်မှာ ကျုပ်တို့နှစ်ယောက် ပုန်းနေမယ်၊ လိုအပ်တဲ့ အချိန်မှာ ကျုပ်တို့ နောက်ပေါက်ကနေ လစ်သွားမယ်၊ ဒါပေမဲ့ ဒီမှာ အခြေအနေတွေ ဘယ်လို ဖြစ်မယ်ဆိုတာ ကျုပ် သိသွားချင်တယ်၊ နောက်ပြီးတော့ အာနီ နိုးလာတဲ့ အချိန့်မှာလည်း ကျုပ် ရှိနေဖို့ လိုအပ်တယ်''

''ကောင်းပါပြီ ဒေါက်တာ''

ရှေ့ဆုံးမှ သံချပ်ကာကား ဟိုတယ်ရှေ့တွင် ဆိုက်ရပ်လိုက်စဉ်တွင် မေယာ သက်ပြင်းတစ်ချက် ချပြီး လှေကားမှ ဆင်းသွားသည်။ ဂီလတ်နှင့် ဗော့တို့သည် ပြတင်းပေါက် ကန့်လန့်ကာကြားမှ နေပြီး ချောင်းကြည့်နေကြသည်။ ရစ်တာ၊ စထရက်ဆာနှင့် ဂျက်ဆင်တို့ ကားပေါ်မှ ဆင်းလာသည်ကို တွေ့မြင် ကြရသည်။

''တော်တော် ဆန်းတယ်၊ နာဇီ စစ်ဗိုလ်တစ်ယောက်ရဲ့ လက်မှာ အမေရိကန်တံဆိပ် တပ်ထားတယ်၊ အဲဒါ ဘာအဓိပ္ပာယ်လဲ''

ဂီလတ်က ပြောလိုက်သည်။ ဗော့က-

''ကျွန်တော်လည်း မသိဘူး ဒေါက်တာ၊ နာဇီတပ်ဖွဲ့တွေနဲ့ ပတ်သက် လို့ ကျွန်တော် ဘာမှ မသိဘူး၊ မေယာနဲ့ စကားပြောနေတဲ့ သားရေကုတ်အင်္ကျီ နဲ့

www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်သူလဲ၊ ဂတ်စတာပိုလား''

''အင်း… ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ ကျုပ် စိတ်ထဲမှာ သူ မြင်ဖူးဘယ်လို့ပဲ အောက်မေ့နေတယ်''

သူက ပြတင်းပေါက်ကို အနည်းငယ် ဟလိုက်ရာ ဆော်ဇာ၏ ဟစ်အော် အမိန့်ပေးသံကို ကြားလိုက်ရသည်။

''အလို ဘုရားရေ… ဖင်လန်တွေပါလား''

သူ ငုံ့ကြည့်သည်။ ရုတ်ခြည်းဆိုသလို သူ တုန်လှုပ်ချောက်ချား သည်။ လက်နက်များ အပြည့်အစုံ တပ်ဆင်ထားသော လူသန် လူကြမ်းကြီးများ လမ်းက ရဲတိုက်သို့ တက်သည့် တစ်လမ်းနှင့် တောင်အောက်သို့ ဆင်းသည့် ဘစ်လမ်းပဲ ရှိသည်။ သို့ဖြင့် သူသည် ဗော့၏ အင်္ကျီရင်ဘတ်ကို ဆွဲလိုက်ပြီး

''ကဲ… ကိုယ့်လူတော့ သူ့ရဲကောင်းဖြစ်ဖို့ အချိန်တန်ပြီ၊ နောက် ပေါက်က ထွက်ပြီး တောလမ်းကနေ ရဲတိုက်ကြီးကို အရောက် သွားပေတော့ မြန်နိုင်သမျှ အမြန်ဆုံး ပြေးပေတော့၊ ဟက်ဆာကို နာဇီတွေ လာနေပြီဆိုတာ ပြောပေတော့၊ ကဲ သွားပေတော့''

ဂီလတ်က ဗော့ကို နောက်ဖေးဘက်သို့ တွန်းလွှတ်လိုက်သည်။ ထို နောက် ပြတင်းပေါက်မှ ပြန်လှည့်ကြည့်လိုက်သောအခါ ရစ်တာက မေယာ မေးခွန်းထုတ်နေသည်ကို တွေ့ရသည်။

''ဒီကားဘီးရာတွေက လွန်ခဲ့တဲ့ နာရီဝက်လောက်က ကားတစ်စီး ဖြတ်သွားတဲ့ ဘီးရာတွေပဲ၊ ကားကြီး တစ်စီးပဲ၊ ဘာကားလဲဆိုတာ ပြောစမ်း ပါ''

တိုက်ရိုက်ကြီး မေးလိုက်ခြင်း ဖြစ်သည်။

မေယာအနေနှင့် ဖြေစရာ တစ်ခွန်းပဲ ရှိသည်။

''သူနာတင်ကား တစ်စီးပါ ဗိုလ်မှူး''

''ဂျာမန် သူနာတင်ကားလား''

စထရက်ဆာက မေးသည်။

''မဟုတ်ပါဘူး ခင်ဗျာ၊ အင်္ဂလိပ် သူနာတင် ကားတစ်စီးပါ၊ ကားထဲ မှာ အမေရိကန် စစ်သား သုံးယောက် ပါပါတယ်၊ တစ်ယောက်က အရာရှိ ဗိုလ်ကြီးပါ''

''သူတို့ ဒီဘက်လမ်းကနေ ထွက်သွားကြတယ်၊ ဒီလမ်းက…''

''ရဲတိုက်ကြီးကို သွားတဲ့ လမ်းပါ''

''ရဲတိုက်ကို သွားတဲ့ လမ်း၊ တခြားလမ်း ရှိသေးသလား''

''ခြေကျင်လမ်းပဲ ရှိပါတယ်''



''နောက်တစ်ခု ပြောစမ်းပါဦး၊ အောလဘတ်ရဲတိုက်ကြီးမှာ လူ ဘယ်နှ ယောက် ရှိသလဲ''

မေယာ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်-

''၁၈ ယောက် ရှိပါတယ် ဗိုလ်မှူး၊ တပ်မှူးနဲ့ဆိုရင် ၁၉ ယောက်''

''ခင်ဗျားတို့ ဘယ်လို သဘောရသလဲ''

ရစ်ဘာက တစ်ဖက်သို့ လှည့်ပြီး မေးလိုက်သည်။

''ဘာမှ ပြဿနာမရှိပါဘူး''

စထရက်ဆာက ပြောသည်။

''ကောင်းပြီ၊ ကျုပ်တို့ သွားကြည့်ကြမယ်''

ရစ်တာက တည်ငြိမ်စွာ ပြောလိုက်ပြီးနောက် ကားဆီသို့ လျှောက်သွား သည်။

မေယာသည် ဟိုတယ်ရှေ့မှ နောက်ဆုံးကား ထွက်သွားသည်အထိ လှေကားထစ်ပေါ်တွင် ရပ်နေပြီး နောက်ဆုံးကား ပျောက်ကွယ်သွားသော အခါ ကွင်မှ ဟိုတယ်တွင်းသို့ ဝင်လာသည်။ ဂီလတ်က လှေကားရင်းတွင် ရှိနေသည်။

''ဘယ်လိုလဲ''

ဂီလတ်က မေးလိုက်သည်။

''ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ သူတို့ကို အားလုံး ပြောလိုက်ရတယ်၊ ကဲ ဒီတော့ ဒေါက်တာ သူတို့ ရဲတိုက်ကြီးမှာ ဘာလုပ်ကြမလဲ၊ ဗိုလ်မှူးကြီး ဟက်ဆာအနေနဲ့လည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ ဒေါက်တာရဲ့ မိတ်ဆွေ တွေကို သူတို့လက်ကို အပ်လိုက်ရမှာပဲ''

ဂီလတ် တစ်စုံတစ်ရာ ပြန်မပြောနိုင်မီတွင် အပေါ်ထပ် အိပ်ခန်းဆီမှ အာနီ၏ ဟစ်ခေါ်သံ ထွက်ပေါ်လာသည်။ ဂီလတ် လှေကားမှ ပြေးတက်သွား သည်။

ငံ့ဘိုက်ဝင်းအတွင်းတွင် ထင်ရှားသော အကျဉ်းသားများသည် ထွက်သွားရန် အသင့် ပြင်ဆင်လျက် ရှိနေကြသည်။ ရှီနက်ကို သူနာတင် ကားပေါ်မှ ချပြီး အကျဉ်းသားများ၏ ပစ္စည်းများကို ဂျာမန်စစ်သား သုံးဦးက ကားပေါ်သို့တင် လျက် ရှိသည်။ ကလဲယာနှင့် မဒမ်ရှီဗာလီယာတို့သည် ဆင်ဝင်အောက်တွင် ရှိနေကြပြီး ဟက်ဆာ၊ ဘီအားနှင့် ကင်းနှင်းတို့သည် လှေကားထစ်များ အောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် ဆေးလိပ် သောက်လျက် ရှိကြသည်။ ကျန်ဂျာမန်တပ်သားများကား တန်းစီလျက်ပင် ရှိကြသည်။

ပထမဆုံး လှုပ်လှုပ်ရှားရှား ဖြစ်သူမှာ ရှနေဒါ၏ အယ်လ်ဖေးရှ ခွေးကြီး မက္ကဒါပင် ဖြစ်သည်။ မက္ကဒါ ကြိုးမှ ရုန်းပြီး ဒေါသတကြီး ဟိ ဟောင်သည်။

"မက္ကဒါ ဘာဖြစ်တာလဲ… ညည်း ဘာကို ဟောင်တာလဲ"

ကင်းနှင်းက မျက်မှောင်ကုပ်ပြီး မေးလိုက်သည်။

တံတားဆီမှ ခြေသံများ ကြားရပြီး နောက်တစ်ခဏတွင် အဝင် ဥမင်အတွင်းမှ ဇော့ ဒယီးဒယိုင် ထွက်ပေါ်လာသည်။

"ဗိုလ်မှူးကြီး၊ နာဇီတွေ လာနေပြီ၊ နာဇီတွေ လာနေပြီ"

သူက အမူးသမား တစ်ယောက်လို ယိမ်းထိုးပြီး လာရာမှ ဟစ်အော် ပြောဆိုသည်။

ဟက်ဆာက လဲကျမည်ရှိသော ဇော့ကို သူ၏ အကောင်း လက်တစ်ဖက် ဖြင့် လှမ်းထိန်းဖက်ကိုင်ပြီး-

"ကိုယ့်လူ ဘာပြောတာလဲ"

"နာဇီတွေ… ဗိုလ်မှူးကြီး၊ ရွာထဲကနေ ဒီကို ကက်လာနေကြ တောင်ပေါ်တပ်ဖွဲ့က ဖင်လန်တပ်သားတွေပဲ၊ နာဇီဗိုလ်မှူးတစ်ယောက် အုပ်ချု တယ်"

ကင်းနှင်းက ဇော့ကို လက်နှစ်ဖက်ဖြင့် ဆွပ်ကိုင်ပြီး-

"အင်အား ဘယ်လောက် ပါသလဲ"

"၄၀ လောက် ရှိမယ်၊ သံချပ်ကာ ကား သုံးစီးနဲ့ ကားကလေး နှစ်စီး ပါတယ်"

"သူတို့မှာ ဘာလက်နက်တွေ ပါသလဲ"

"ကားတစ်စီးမှာ စက်ကြီးတစ်လက် ပါပါတယ် ဗိုလ်ချုပ်၊ ကျန်တာ တွေကတော့ စက်ကလေးတွေ၊ ရိုင်ဖယ်တွေပဲ"

ဖိုင်းဘမ်းက ဟူးဗားသို့-

"ဒါနဲ့ စစ်ကြီး ပြီးပြီဆို၊ ဒီမှာ အခု ကျွန်တော်တို့ သုံးယောက် ဂျာမန် သုံ့ပန်း ၁၉ ယောက်နဲ့ နာဇီတပ်သား ၄၀ နဲ့…"

ဟောင်းဝပ်က ကင်းနှင်းသို့-

"ကျွန်တော်တို့ ဒီက ပြေးလို့တော့ မဖြစ်နိုင်ဘူး၊ သူတို့ လက်ေ ရောက်သွားမှာပဲ၊ လမ်းက တစ်လမ်းတည်း ရှိတယ်"

ကင်းနှင်းက ဟက်ဆာကို ကြည့်လိုက်သည်။ မည်သို့ ပြောရမည်နည်း



… စဉ်းစားနေသည်။ ထိုစဉ်တွင် ခေါင်းဆောင်ပြီး ပြောသူက မဒမ်ရှီဗာလီယာ။

"ကဲ… မက်စ်… ဘယ်လို လုပ်ကြမလဲ၊ လမ်းဆုံးပြီလား၊ ဒါမှမဟုတ် …င်မှာ လုပ်နိုင်စွမ်း ရှိသေးသလား"

သူမက ရှေ့သို့ အနည်းငယ် တိုးပြီး-

"ဒီမယ် မက်စ်၊ ကျွန်မတို့အတွက် မဟုတ်ပါဘူး၊ ရှင့်အတွက်လည်း …ဟုတ်ပါဘူး၊ ရှင့်ဇနီး ဂါဒါနဲ့ ရှင့်ကလေးတွေအတွက်ပါ"

မက်စ်ဟက်ဆာသည် သူမကို အတန်ကြာမျှ စူးစူးဝါးဝါး ကြည့်နေ …ပြီးနောက် သူ၏ တပ်သားများဘက်သို့ လှည့်ကာ-

"ရဲဘော်တို့ သေနတ်တွေ ယူကြ၊ မြန်မြန် ယူကြ၊ ရှနေဒါ ရဲဘော် …စ်ယောက် ခေါ်ပြီး ကင်းတဲကို သွား၊ ဝင်းတံခါးပိတ်"

ရုတ်ခြည်းပင် ပျားပန်းခတ်သွားသည်။

ဟက်ဆာသည် ကင်းနှင်းဘက်သို့ လှည့်ပြီး အလေးပြုလိုက်သည်။

"ဗိုလ်ချုပ်ကင်းနှင်း ခင်ဗျား၊ ဗိုလ်ချုပ်ဟာ ဒီမှာရှိတဲ့ အရာရှိတွေထဲ …မှာ ရာထူး အကြီးဆုံး ဖြစ်တဲ့အတွက် ကျွန်တော်နဲ့ ကျွန်တော့်လူတွေကို ဗိုလ်ချုပ် …လက်ကို ပေးပါတယ်၊ ဗိုလ်ချုပ်ကြီး အမိန့် တောင်းခံပါတယ်"

ကင်းနှင်း၏ မျက်လုံးများ တောက်ပြောင်လာသည်။

"ကောင်းပြီ၊ ခင်ဗျား လူတွေကို တံတိုင်းပေါ်မှာ တပ်ဖြန့်ပြီး ဒီကောင် …တွေ ဘာလိုချင်တယ် ဆိုတာ ကျုပ်တို့ ကြည့်မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## - ၁၁ -

ဆော်ဇာ စီးနင်းလိုက်ပါလာသော ရှေ့ဆုံးမှ သံချပ်ကာ ကား ရဲတိုက် အဆင်ပေါက်နှင့် ကိုက် ၅၀ ခန့်အရောက်တွင် အဝင်တံခါးကြီး ဂျုန်းခနဲ ပိတ်သွားတော့သည်။ ဆော်ဇာက ချက်ချင်းပင် ရပ်တန့်ရန် အချက်ပြလိုက်သည်။

ရစ်တာ ကားပေါ်တွင် ရပ်လိုက်ပြီး အော်ဟစ်ကာ အမိန့်ပေးလိုက်သည်။

"တိုက်ပွဲ အသင့်၊ မြန်မြန် မြန်မြန်"

ဖင်လန်တပ်သားများမှာ ချက်ချင်းပင် တိုက်ပွဲဝင်ရန် ပြင်ကြသည်။ နောက်မှ လိုက်ပါလာသော သံချပ်ကာကား နှစ်စီးသည် ရှေ့ကား၏ တစ်ဖက်တစ်ချက်တွင် နေရာယူလိုက်သည်။ စက်ကြီးအဖွဲ့သားများ ပစ်ခတ်ရန် အဆင်သင့်ရှိသည်။ တခြား ဟာပ်သားများ ကားပေါ်မှ ခုန်ဆင်းပြီး နေရာယူကြသည်။

ကားစက်များကို ရပ်လိုက်သောအခါ တိတ်ဆိတ်သွားသည်။ ရစ်တာက သူ၏ မှန်ပြောင်းကို မြှောက်ကိုင်ပြီး ရဲတိုက်အုတ်ရိုးတစ်လျှောက်ရှိ လှုပ်ရှားမှုများကို ကြည့်သည်။

"ဘာတွေလဲ၊ ဘယ်လို ဖြစ်တာလဲ"

စထရက်ဆာက မေးသည်။

"စိတ်ဝင်စားစရာပဲ၊ ဂျာမန် သံခမောက်တွေလည်း မြင်ရတယ်၊ အမေရိကန် သံခမောက်တွေလည်း မြင်ရတယ်၊ တတိယကမ္ဘာစစ်ကြီးတော့ ဖြစ်ပြီနဲ့ တူတယ်"

ရစ်တာက အေးအေးဆွာ ပြောလိုက်သည်။

အုတ်ရိုးပေါ်တွင် ကင်းနင်း၊ ဘီအား၊ ဟက်ဆာနှင့် ဟောင်းဝပ်တို့သည် အနောက်ဘက် တံခါးဆောင် ပြအိုးပေါ်တွင် စုဝေးလျက် ရှိကြသည်။ နာဇီတပ်ရပ်တန့်သွားသည်။ စိုက်ကြည့်လျက် ရှိကြသည်။

"ကဲ... ဘာလုပ်ကြမလဲ"



ဘီအားက မေးသည်။ သူ့လက်တစ်ဖက်၌ စက်ကလေးတစ်လက် ရှိသည်။ ကင်းနင်းက ဝဲလ်သာပစ္စတိုနှင့် ဖြစ်သည်။

"ကျုပ်တို့ဘက်က အလေးအနက် ရှိကြောင်း အရိပ်အခြည်တော့ ပြမယ်"

ကင်းနင်းသည် စက်ကြီးအဖွဲ့သားများအနီးတွင် ကုန်းဝပ်လျက်ရှိသော ...နေ့ဒါအနီးသို့ ရောက်သွားသည်။ သူတို့က စက်သေနတ်ကို ၁၈ ရာစု အမြောက်တစ်လက် ဆင်ထားသော ကျည်ပေါက်မှာပင် ဆင်ထားသည်။

"ရှေ့ဆုံးက သံချပ်ကားရဲ့ ရှေ့ဘက် ၁၀ ကိုက်လောက် အကွာ ...ခဲပြင်ကို တစ်တွဲလောက် ဆွဲလိုက်စမ်းပါ"

ရှနေဒါ ထိတ်လန့်စွာ လှည့်ကြည့်သည်။ ထို့နောက် ဟက်ဆာကို ကြည့်သည်။

"ဗိုလ်မှူးကြီး၊ ကျွန်တော် ဘာလုပ်ရမလဲ"

"ကျုပ်တို့အားလုံး ဗိုလ်ချုပ်ကင်းနင်းရဲ့ ကွပ်ကဲမှုအောက်မှာ ရှိနေတယ်၊ သူ့အမိန့်ကို လိုက်နာကြရမယ်"

ဟက်ဆာက ပြောလိုက်သည်။

ရှနေဒါက စက်ကြီးအဖွဲ့ တာဝန်ခံ၏ ပခုံးကို ပုတ်လိုက်သည်။ စက်ကြီးတာဝန်ခံသည်လည်း အရန်တပ်သားတစ်ဦး ဖြစ်ပြီး တိုက်ပွဲတွင် တစ်ကြိမ်တစ်ခါ ... ပစ်ခတ်ဖူးခြင်း မရှိချေ။ သူ တုံ့ဆိုင်းနေသည်။ သူ့မျက်နှာတွင် ချွေးတွေ ...နေသည်။

ဖိုင်းဘမ်းသည် သူ့လက်မှ သေနတ်ကို ပစ်ချလိုက်ပြီး စက်ကြီးတာဝန်ခံ ...ဘေးသို့ တွန်းဖယ်လိုက်သည်။ ထို့နောက် စက်သေနတ် လက်ကိုင်ကို ...ပ်ကိုင်လိုက်သည်။

ဖိုင်းဘမ်းက စက်သေနတ်ပြောင်းကို ဇွေ့ယမ်းရင်း ကျည်ကို အတွဲလိုက် ...ပြုတ်သည်။ သံချပ်ကာ ကားများ၏ ရှေ့တွင် နှင်းပွင့်များ ဖွာလန်ကျဲသွားသည်။

ရစ်တာက နောက်ဘက်သို့ လှည့်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ-

"ပြန်မပစ်နဲ့၊ သူတို့ဘက်က အချက်ပေးတာပဲ ရှိသေးတယ်"

"ဗိုလ်ကြီး တွေ့လား၊ သူတို့ လူတွေ တစ်ယောက်မှ မလှုပ်ကြဘူး"

ဟူးဗားက ဟောင်းဝပ်ကို တီးတိုးပြောသည်။ ဖိုင်းဘမ်း ထရပ်ပြီး-

"ဒီတ်တွေပဲ၊ ဒီပွဲ ကြည့်လို့ ကောင်းမယ်"

ရစ်တာ ကားပေါ်မှ ခုန်ချသည်။ ဆော်ဇာက ရစ်တာထံသို့ ရောက်...ပြီး-

www.burmeseclassic.com

www.burmeseclassic.com



''တက်မလား''

''နေဦး၊ စကားပြောကြဦးစို့၊ သူတို့ဘက်က စကားပြောချင်ပုံ ရတယ်''

စထရက်ဆာဘက်သို့ လှည့်ပြီး-

''ဟုတ်လား…''

''ကျုပ်လည်း ဒီလိုပဲ သဘောရတယ်၊ ဟက်ဆာ စိတ်ကူးတစ်မျိုး ပြောင်းနိုင်တယ်၊ ကျုပ်တို့ သူ့ကို အခွင့်အရေး ပေးရအောင်''

''ကောင်းတယ်''

ရစ်တာက ဟော့ဖာဘက်သို့ လှည့်ပြီး-

''အားရစ်ရေ… ကိုယ်တို့ နည်းနည်းလောက် လမ်းလျှောက်ကြ အောင်၊ ကိုယ်နဲ့ မောင်ရင်နဲ့''

''ဟုတ်ကဲ့ ဗိုလ်မှူး''

''ဗိုလ်မှူး မကန့်ကွက်ဘူးဆိုရင် ကျုပ်လည်း လေ့ကျင့်ခန်း ယူပါရစေ''

''သဘောပါပဲ''

စထရက်ဆာက ဂျက်ဆင်ဘက်သို့ လှည့်ပြီး-

''မောင်ရင် နောက်ကို နည်းနည်းဆုတ်နေ၊ ခေါင်းစွပ်တစ်ခု စွပ်ထား မောင်ရင့်ကို သူတို့ မြင်မသွားစေချင်ဘူး''

ဂျက်ဆင် မျက်မှောင်ကုတ်လိုက်သည်။ သို့သော် ညွှန်ကြားသည့်အတိုင်း လိုက်နာသည်။ သံချပ်ကာ ကားတစ်စီး၏ နောက်ဘက်သို့ ဝင်လိုက်သည်။

''သူတို့က ပစ်ရင် ဘယ့်နှယ်လုပ်မလဲ''

ဆော်ဇာက မေးသည်။

''အဲဒီအခါကျရင် မောင်ရင် တာဝန်ယူပြီး ကွပ်ကဲပေတော့''

ရစ်တာက ယင်းသို့ ပြောပြီး ရှေ့သို့ လျှောက်သွားသည်။

နှင်းပွင့်များပေါ်တွင် တစွပ်စွပ် နင်းပြီး လျှောက်သွားကြသည်။ ရစ်တာ သည် စီးကရက်ဘူးကို ထုတ်ပြီး စီးကရက်တစ်လိပ်ကို ရွေးချယ်ပြီး စထရက်ဆာ သို့ တစ်လိပ် ပေးသည်။

''မသောက်ဘူး၊ ကျုပ် လိုက်လာတာ အံ့သြနေသလား''

''နည်းနည်းတော့ အံ့သြတာပေါ့၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ အဆုံးအဖြတ် ပေါ်မှာ ယုံကြည်ကြောင်း ပြတယ်လို့လည်း ယူဆပါတယ်''

''ကျုပ်ရဲ့ ကံကိုလည်း ကျုပ် ယုံကြည်တယ်''

အုတ်ရိုးပေါ်တွင် ကင်းနင်းက-

''အင်္ဂလိပ်နဲ့ လူကတော့ ခပ်အေးအေးပဲ၊ အာလွှာပသလွှာပ ပြောလို့''

''ဗိုလ်ချုပ်… ကျွန်တော်တို့ ဘာလုပ်ကြမလဲ''



ဟက်ဆာက မေးသည်။

''ကျုပ်တို့ သူနဲ့ တွေ့မှာပေါ့၊ ခင်ဗျားရယ်၊ ကျုပ်ရယ်… ပြီး ဗိုလ်ကြီး ဟောင်းဝပ်ရယ်၊ ဂျပ်စတင် မလိုက်နဲ့၊ တကယ်လို့ သူတို့ဘက်က ဖောက်ပြီး ပစ် ရင် ခင်ဗျား ကွပ်ကဲအုပ်ချုပ်ပေတော့၊ ကဲ လူကြီးမင်းတို့ သွားကြစို့၊ သူတို့ ဘာပြောသလဲဆိုတာ နားထောင်ကြရအောင်''

ရစ်တာ၊ စထရက်ဆာနှင့် ဟော့ဖာတို့သည် ခွဲတံတားထိပ်တွင် ရပ်လိုက်ကြသည်။ တွားမှုအကြာတွင် ဗဟိုတံခါးမကြီးရှိ မလွယ်ပေါက်ကလေး ပွင့်လာပြီး ကင်းနင်း ထွက်ပေါ်လာသည်။ သူ့နောက်မှ ဟက်ဆာနှင့် ဟောင်းဝပ်တို့ လိုက်ပါလာကြ သည်။ သူတို့ ရှေ့သို့ လျှောက်လာချိန်တွင် ရစ်တာတို့ လူစုကလည်း ရှေ့သို့ လျှောက်လာကြသည်။ အဖွဲ့ နှစ်ဖွဲ့ တံတားအလယ်တွင် တွေ့ဆုံကြသည်။

ရစ်တာက အလေးပြုလိုက်ပြီး ကောင်းမွန်ပီသသော အင်္ဂလိပ်စကား ဖြင့်-

''ဗိုလ်မှူးကားရစ်တာ၊ ၅၀၂၊ တင့်ကားတပ်ရင်း၊ လက်ရှိတာဝန်၊ တပ်ဖွဲ့ခေါင်းဆောင်၊ ဒါက ဟာစထရက်ဆာ''

''ဘာလင် ဌာနချုပ် သုံ့ပန်းအုပ်ချုပ်ရေးအဖွဲ့''

စထရက်ဆာက ဖြည့်စွက်ပြောဆိုသည်။

''ကျုပ်က အမေရိကပြည်ထောင်စု တပ်မတော်က ဗိုလ်ချုပ် ကင်းနင်း၊ ဒါက အမှတ် ၂ ရိန်းဂျားတပ်ရင်းက ဗိုလ်ကြီးဟောင်းဝပ်၊ ဗိုလ်မှူးကြီး ဟက်ဆာကိုတော့ ခင်ဗျားတို့ သိပါတယ်''

အားလုံးပင် ယဉ်ယဉ်ကျေးကျေး ဖြစ်သည်။ နည်းမှန် ထုံးမှန် ဖြစ်သည်။ သို့သော် ဂျက်ဟောင်းဝပ် တစ်ယောက်မှာမူ မျက်နှာဖြူရော်ပြီး သေနတ်ကို ဆုပ်ကိုင်ထားသော လက်ခေါက်မှာလည်း ဖြူနေသည်။ သူ့မျက်လုံးများတွင် အရောင်တောက်လာသည်။ အကြောင်းမှာ ရစ်တာကို ရုတ်ခြည်းပင် မှတ်မိလိုက် သောကြောင့် ဖြစ်သည်။

''ကျုပ်တို့ ဘာလုပ်ပေးရမလဲ''

ကင်းနင်းက မေးသည်။

''ဗိုလ်မှူးကြီးဟက်ဆာ''

စထရက်ဆာက ဟစ်တလာ၏ ညွှန်ကြားလွှာကို ထုတ်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဘာလင်ဌာနချုပ်ရဲ့ အမိန့်အရ ကျုပ် ဒီကိုလာတာပဲ၊ အမိန့်စာ အခိပတိကြီးကိုယ်တိုင် လက်မှတ်ထိုးထားတယ်၊ အောလဘတ် ရဲတိုက်ကြီးမှာ ရှိတဲ့ အကျဉ်းသားတွေကို ကျုပ် လက်ကို လွှဲပေးဖို့ပဲ"

သူက အမိန့်စာကို လှမ်းပေးသည်။ ဟက်ဆာက ဖယ်ပစ်ပြီး-

"နောက်ကျသွားပြီ လူကြီးမင်း၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က ဗိုလ်ကြီးဟောင်းဝပ်ဆီမှာ ကျွန်တော့်တပ်ဖွဲ့ လက်နက်ချလိုက်ပြီ၊ လောလောဆယ် မှာ ဗိုလ်ချုပ်ကင်းနင်းက ကွပ်ကဲအုပ်ချုပ်ပါတယ်"

ခေတ္တမျှ တိတ်ဆိတ်နေသည်။ နှင်းပွင့်များ တသဲသဲ ကျနေသည် ရုတ်တရက်ဆိုသလို သူတို့ကို လေပွေတစ်ချက် မွှေ့ယမ်းသည်။

စထရက်ဆာက-

"ဗိုလ်မှူးကြီး လုပ်တာ တရားမဝင်ဘူး၊ ကျုပ်သိသလောက် ပြောရရင် တော့ အထွေထွေ လက်နက်ချခြင်း မရှိသေးဘူး၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး လည်း ဘာမှ မစေ့စပ် မဆွေးနွေးရသေးဘူး၊ အခိပတိကြီးကိုယ်တိုင် ဘာလင် ဌာနချုပ်ကနေ ဂျာမန် ပြည်သူတွေကို ညွှန်ကြားအုပ်ချုပ်နေတဲ့ အချိန်မှာ ဒီကိစ္စ ဟာ ဖြစ်လည်း မဖြစ်နိုင်ဘူး"

"ဒီမှာ လက်နက်ချာကာဟာ စစ်ဥပဒေအရပဲ၊ ကျုပ်အနေနဲ့ ဘာမှ ဂုဏ်သိက္ခာ ထိခိုက်စရာ မဟုတ်ဘူး"

ဟက်ဆာက ပြောသည်။ စထရက်ဆာက-

"အမေရိကန် သုံးယောက်ဆီမှာ လက်နက်ချက်တာ ဂုဏ်သိက္ခာ ထိခိုက် စရာ မဟုတ်ဘူးလား"

"ပြောစရာ ရှိတာကို ကျုပ်နဲ့ ပြောပါ၊ ဒီမှာ ကျုပ် ကွပ်ကဲအုပ်ချုပ် နေတဲ့အကြောင်း ဟောဒီက လူကြီးမင်းကလည်း ပြောပြီးပါပြီ"

ကင်းနင်းက ပြောလိုက်သည်။

"အဲဒီလိုမျိုး မဟုတ်သေးပါဘူး ဗိုလ်ချုပ်၊ ကျွန်တော်တို့ အလုပ်က အောလဘတ် ရဲတိုက်ကြီးရဲ့ တပ်မှူးနဲ့ တွေ့ဖို့ပဲ၊ ကျွန်တော်တို့အဖို့တော့ သူဟာ အခုအချိန်အထိ ဗိုလ်မှူးကြီးမက်စ်ဟက်ဆာပဲ ဖြစ်ပါတယ်၊ သူကို ဂျာမန် တပ်မတော် ဌာနချုပ်က တာဝန်က မရုပ်စဲသေးသမျှ သူဟာ ကျွန်တော်တို့ ဗိုလ်မှူးကြီးတစ်ယောက်ပဲ ဖြစ်ပါတယ်"

ရစ်တာက တည်ငြိမ်စွာ ပြောသည်။ ထို့နောက် ဟက်ဆာဘက်သို့ လှည့်ပြီး-

"ဗိုလ်မှူးကြီးဟာ ကျွန်တော်တို့လိုပဲ၊ နိုင်ငံတော်နဲ့ အခိပတိကြီးအပေါ် သစ္စာဆို့ထားတဲ့ သူတစ်ယောက်ပဲ ဖြစ်ပါတယ်"





"ဂျာမနီနိုင်ငံကို ချတ်ခြုံကျစေတဲ့ အရူးတစ်ယောက်ကိုလား..."

ဟက်ဆာက မေးလိုက်သည်။ ရစ်တာက-

"နိုင်ငံတော်ကိုလည်း သစ္စာပြုထားရပါတယ် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး နဲ့ ကျွန်တော်ဟာ ဟောဒီက ဗိုလ်ချုပ်ကင်းနင်းနဲ့ ဗိုလ်ကြီးဟောင်းဝပ်တို့လိုပဲ စစ်သားတွေ ဖြစ်ကြပါတယ်၊ ဘာမှ မထူးခြားပါဘူး၊ ဒီပွဲမှာ ကျွန်တော်တို့က ကျွန်တော်တို့ဘက်ကနေ ကစားရတယ်၊ သူတို့က သူတို့ဘက်ကနေ ကစားတယ်၊ ကစားပွဲ မပြီးခင်က တစ်ဝက်တစ်ပျက်ကြီးမှာ ကိုယ့်အကျိုးစီးပွားကို ကြည့်ပြီး ကစားနည်း ဥပဒေကို ပြောင်းလို့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့အထဲက ဘယ်သူမှ ပြောင်းလဲနိုင်ပါဘူး၊ ကျွန်တော် ပြောတာ ဟုတ်တယ် မဟုတ်လား၊ ဗိုလ်ချုပ် ကြီး..."

သို့သော်သူ၏ အမေးကို ဖြေသူမှာ ဗိုလ်ကြီးဟောင်းဝပ်။

"ဒါက ဗိုလ်မှူးရဲ့ အမြင်ပဲပေါ့ ဟုတ်လား၊ ကစားပွဲတစ်ခုပဲပေါ့ ဟုတ်လား၊ ဒါ့ထက် ဘာမှ မပိုဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ရောမ ကစားပွဲကြီးတစ်ခုပါပဲ၊ လောင်းကြေးကတော့ နိုင်ငံတစ်နိုင်ငံနဲ့ အဲဒီနိုင်ငံသားတွေပဲ၊ လူတစ်ယောက်ဟာ သူ့ဘက်က သူ ရပ်ရင် အဲဒီလူဟာ အလကားပဲ"

ရစ်တာက ယင်းသို့ ပြောပြီး ဟက်ဆာဘက်သို့ ပြန်ကြည့်သည်။ ဟက်ဆာထံမှ အဖြေကို စောင့်စားနေသည်။ ဟက်ဆာက-

"ထင်ရှားတဲ့ အကျဉ်းသမားတွေ အားလုံးကို သုတ်သင်ဖို့ အခိပတိ ကြီးက နာဇီတပ်ဖွဲ့ကို တိုက်ရိုက် အမိန့်ထုတ်ဆင့်ထားတဲ့အကြောင်း ကျုပ် သိပြီးပါပြီ၊ ဒီအပြုအမူမျိုးဟာ အင်မတန် လူမဆန်တဲ့ အပြုအမူမျိုး ဖြစ်ကြောင်း လည်း ကျုပ် စဉ်းစားမိတယ်၊ ဒါကြောင့်မို့လို့ ဒီလိုကိစ္စမျိုးထဲမှာ ကျုပ်လည်း မပါနိုင်ဘူး၊ ကျုပ်လူတွေလည်း တစ်ယောက်မှ မပါနိုင်ဘူး"

စထရက်ဆာက-

"ဗိုလ်မှူး ပြောတာ မဟုတ်ဘူး၊ ဗိုလ်မှူးပြောတဲ့ သတင်း မမှန်ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်လို့ သံ့ပန်းအုပ်ချုပ်ရေး ဌာနချုပ်က လူတစ်ယောက်အနေနဲ့ ကျုပ် ကတိပေးနိုင်တယ်"

"ဒါဆိုရင် ကျုပ်တို့ကို ခင်ဗျားတို့ ဘာကိစ္စ လိုချင်နေသေးသလဲ၊ ပြောစမ်းပါဦး"

ကင်းနင်းက မေးလိုက်သည်။

"ထင်ရှားတဲ့ အကျဉ်းသားတွေ အားလုံးကို တစ်နေရာတည်းမှာ စု ထားဖို့ပါပဲ၊ သူတို့ရဲ့ လုံခြုံရေးအတွက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



''တစ်နေ့ကျရင် ဓားစာခံအဖြစ် သုံးဖို့ မဟုတ်လား''

''ကြိုတင်ပြင်ဆင်မှု တစ်ခုပဲ ဖြစ်ပါတယ် ဗိုလ်ချုပ်ကြီး''

''ဘယ်သူ့အတွက်လဲ၊ ကျုပ်တို့အတွက်လား၊ ခင်ဗျားတို့အတွက်လား''

နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်သည်။ သူတို့တစ်ဝေ့ ပတ်လည်နှင်းပွင့်များ ဝဲပျံကခုန်လျှက် ရှိသည်။

''ကျုပ် ဆုံးဖြတ်တဲ့အတိုင်းပဲ ကျုပ် လုပ်မယ်၊ ဒီမှာ လောလောဆ ဗိုလ်ချုပ်ကင်းနှင်းက ကွပ်ကဲအုပ်ချုပ်နေတယ်''

ဟက်ဆာက ဖြည်းလေးစွာ တစ်လုံးချင်း ပြတ်သားစွာ ပြောလိုက်သည်။

''ကျုပ်တို့ ဒီမှာ နိဂုံးချုပ်ကြပြီ၊ ကျုပ်တို့မှာ နောက်ထပ် ဘာ ဆွေးနွေးညှိနှိုင်းစရာ မရှိတော့ဘူး၊ ကျုပ် ပေးချင်တဲ့ အကြံဉာဏ်ကတော့ ဗိုလ်မှူးတို့ ဒီက အမြန်ဆုံး ပြန်ကြဖို့ပဲ၊ ကဲ ကိုယ့်လူတို့ သွားကြမယ်''

ဗိုလ်ချုပ်ကင်းနှင်း တစ်ဖက်သို့ လှည့်ပြီး တဲခါးမကြီးဆီသို့ လျှောက်သွားသည်။ သူ့အနောက်မှ ဗိုလ်မှူးကြီးဟက်ဆာ လိုက်ပါသွားသည်။ သို့သော် ဗိုလ်ကြီးဟောင်းဝပ် ကျန်ရစ်သည်။ သွန်မဆင် သေနတ်ကို ရင်ဝယ် ပိုက်ထားသည်။

ဟော့ဖာက ဟောင်းဝပ်ထံမှ မျက်လုံး တစ်ချက် မခွာချေ။ သူ့လက်က သူ့ခါးတွင် ချိတ်ထားသော ဝေါလတာပစ္စတို သေနတ်ဒင်ကို ဆုပ်ကိုင်ထားသည်။

ရစ်တာက သူ့ကို ဂရုမပြုဟန်ဖြင့် စီးကရက်တစ်လိပ်ကို အေးဆေး မီးညှိသည်။ တဲခါးမကြီးနှင့် ရဲတိုက် အုတ်ရိုးကြီးတို့ကို လှမ်းကြည့်ရှုနေသည်။

''ဒီအတိုင်းဆိုရင် သူတို့က တိုက်မယ်ဆိုတဲ့ သဘောပေါ့''

စထရက်ဆာက ပြောလိုက်သည်။

''ဒီသဘောပါပဲ''

ယင်းသို့ ပြောပြီး၊ ရစ်တာ တစ်ဖက်သို့ လှည့်သွားစဉ် ဟောင်းဝပ်က-

''ဗိုလ်မှူးကားရစ်တာ၊ ၅၀၂ တင့်ကားတပ်ရင်း၊ ဟုတ်လား''

ရစ်တာက ဖြည်းဖြည်း ပြန်လှည့်လာပြီး-

''ဟုတ်ပ''

''ကျွန်တော်တို့ အလျင်က တွေ့ဖူးတယ်''

''ဟုတ်လား...''

''လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ မနက်က အင်းဘရပ်လမ်း တိုက်ပွဲမှာ၊ ဗြိတိသျှ ...နှံ့ကား စစ်ကြောင်းတစ်ခုလုံးကို ဗိုလ်မှူး ဖြိုခွင်းလိုက်တုန်းကပဲ၊ ကျွန်တော် ...မသေဘဲ ကျန်ရစ်ခဲ့တဲ့ လူတစ်ယောက်ပဲ၊ နောက်နှစ်ယောက်ကတော့ ရဲတိုက် ...ကြီး အုတ်ရိုးပေါ်မှာ...''



''ချီးကျူးပါတယ်၊ ဗိုလ်ကြီးတို့ အင်မတန် ကံကောင်းတာပဲ''

ရစ်တာက တည်ငြိမ်စွာ ပြန်ပြောသည်။

''ဗိုလ်မှူးရဲ့ လူကို သေနတ်ပေါ်က လက် ဖယ်ထားလို့ ပြောပါ၊ ဒီ ...ချိန်မှာ ဗိုလ်မှူးတို့ကို ကျွန်တော် မသတ်သေးပါဘူး၊ ဒီပွဲမှာ ဒီနည်းဟာ ...သေးကမ်းနဲ့ မညီညွတ်ပါဘူး၊ ဟုတ်တယ် မဟုတ်လား''

''ဗိုလ်ကြီး ဆန္ဒကို ပြောပါ''

''ဗိုလ်မှူးတို့ တိုက်မယ် မဟုတ်လား၊ ဒါမှမဟုတ် တိုက်ဖို့ ကြိုးစား...ယ် မဟုတ်လား''

''ဒီလိုပဲ အောက်မေ့တာပဲ''

''ကောင်းပါပြီ၊ ဗိုလ်မှူးကို ကျွန်တော် စောင့်နေပါ့မယ်''

ကင်းနှင်းက တဲခါးမကြီးမှ လှမ်းအော်သည်။

''ဗိုလ်ကြီးဟောင်းဝပ်...''

ဟောင်းဝပ် တစ်ဖက်သို့ လှည့်ပြီး နှင်းပြင်ပေါ်တွင် ပြေးသွားသည်။

စထရက်ဆာက-

''သူ တကယ်ပြောတာပဲ၊ လွန်ခဲ့တဲ့ ငါးမိနစ်လုံးလုံး ကျုပ်လက်ကို ...သေနတ်မောင်းပေါ်မှာ တင်ထားတယ်၊ ကျုပ် အကျီတော့ နောက်ထပ် အပေါက် ...တစ်ပေါက် ပေါက်ပြန်ပြီလို့ ကျုပ် အောက်မေ့မိတယ်၊ ဒါကို သူ သိမလားပဲ''

''သူ သိတယ်''

ရစ်တာ တစ်ဖက်သို့ လှည့်ပြီး တင့်ကားများဆီသို့ လျှောက်သွားသည်။

...ဟောင်းဝပ် အတွင်းသို့ ရောက်ရှိပြီး တဲခါး ပိတ်လိုက်သောအခါ ကင်းနှင်းက -

''မောင်ရင် ဘာလုပ်နေတာလဲ၊ အပေါ်ကို သွား၊ ဘီအားကို ပြော၊ ...ကျုပ် အခုပဲ လာခဲ့မယ်လို့''

ဟောင်းဝပ်သည် ကျောက်လှေကားထစ်များကို နင်းပြီး ပြေးတက်သွား...သည်။ ကင်းနှင်းက ဟက်ဆာဘက်သို့ လှည့်ပြီး-

''လွန်ခဲ့တဲ့ ခြောက်လ ခုနစ်လလောက်တုန်းက တံတားကို ဆွဲတင်တာ ...ကျုပ် မှတ်မိပါသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီး၊ တင်လို့ ရ မရ စမ်းကြည့်တာပါ”

“ကောင်းပြီ အခုလည်း ရ မရ စမ်းကြည့်ကြဦးစို့”

ဟက်ဆာက ရှနေဒါကို ခေါင်းညိတ်ပြလိုက်သည်။ ရှနေဒါသည် ချွက်ချင်းဆိုသလို တံခါးမကြီး၏ လက်ဝဲဘက်တွင် ရှိသော မျှော်စင်ကြီး[အ]အောက်ခြေတံခါးကို ဖွင့်ပြီး အတွင်းသို့ ဝင်သွားသည်။ မီးခလုတ်ကို ဖွင့်လိုက်သည်။ ချိန်းကြိုးကြီးများကို ရစ်ပတ်ထားသော ရေမဘီးလုံးကြီး တစ်လုံး[ကို] တွေ့ရှိရသည်။ ဘီးလုံးကြီး၏ တစ်ဖက် တစ်ချက်စီတွင် လက်ကိုင်ဘီးကြီးများ ရှိသည်။

“ကဲ… တင်ကြရအောင်”

ကင်းနင်းက ပြောလိုက်ပြီး လက်ကိုင်ဘီးတစ်ခုဆီသို့ ရောက်သွားသည်။ ရှ[မ]နေဒါက အခြားဘီးတစ်ခုဆီသို့ ပြေးသွားသည်။ ထို့နောက် ဘီးများကို တစ်ပြိုင်[န]က် လှည့်ကြည့်သည်။

ဟောင်းဝပ်သည် အမြောက်ကြီး၏ ဘေးတွင် ဝပ်လိုက်ပြီး ကျည်ပစ်ပေါက်[မှ] နေ၍ ရစ်တာနှင့် အဖော် နှစ်ယောက် ဖင်လန်တပ်သားများဆီသို့ လျှောက်သွား နေကြသည်ကို ကြည့်သည်။ ဟူးဗားနှင့် ဖိုင်းဘမ်းတို့ သူနံဘေးသို့ ရောက် လာကြသည်။

“ဗိုလ်ကြီးတို့ ဘာဖြစ်နေကြတာလဲ၊ ဗိုလ်ကြီးနဲ့ ဂျာမန်အရာရှိ”

တပ်ကြပ်ကြီးဟူးဗားက မေးလိုက်သည်။

“သူပဲ… ဗုဒ္ဓဟူးနေ့က ကျုပ်တို့ စစ်ကြောင်းကို ဖြိုတာသူပဲ၊ [သူ့] နာမည် ရစ်တာ၊ ကားရစ်တာ”

ဖိုင်းဘမ်းက-

“ဂျစ်ကားကို ဆော်ထည့်လိုက်တာ သူလား… အဲဒီလူလား”

သူက အမ်ဝမ်းသေနတ်ကို မြှောက်ချိန်လိုက်ပြီး-

“ဘုရားမတာပဲ၊ သူ့ကို ကျုပ် ပြန်တွေ့သေးတာပဲ”

ဟောင်းဝပ်က ဖိုင်းဘမ်းကို ဆွဲထားလိုက်ပြီး-

“အခု မဟုတ်သေးဘူး၊ နောက်ပြီးတော့ သူက ကျုပ်လူပဲ”

တိုက်ကြဖို့ပဲ ရှိတော့တယ်၊ ဒီနည်းလမ်းတစ်ခုပဲ ရှိတော့တယ်၊ ရှေ့ဆုံးက သံ…



…တာ ကားကို ဆောင့်တုံးအဖြစ် အသုံးပြုပြီး မျက်နှာချင်းဆိုင် တူရူ ဆက်တိုက် …မယ်၊ ကျုပ်တို့ ဘာလုပ်မလဲဆိုတာ သူတို့ စဉ်းစားနေတုန်း ကျုပ်တို့ တစ်ချီး …တည်း တိုက်ရမယ်”

စထရက်ဆာက ပြောသည်။

“အုတ်ရိုးပေါ်မှာ လက်နက်ကိုင် ၂၀ ရှိတယ်၊ အမြောက်ဟောင်းကြီး …နားမှာ စက်ကြီးတစ်လက် ရှိတယ်၊ ကျုပ် စီးကရက် မီးညှိတုန်းက သူ့ကို ကျုပ် ကောင်းကောင်း မြင်ခဲ့ရတယ်၊ ပစ်နှုန်း တစ်မိနစ်မှာ ကျည်တစ်ထောင် …ထက် မနည်း ရှိတယ်၊ ပထမကမ္ဘာစစ်ကြီးတုန်းက ဟာစထရက်ဆာ ပါခဲ့တယ်၊ …မဟုတ်လား၊ အသေအချာ နေရာချထားတဲ့ စက်ကြီးတစ်လက်ကို မျက်နှာချင်း ဆိုင်ကနေ တူရူတက်တိုက်ရင် ဘာဖြစ်နိုင်တယ် ဆိုတာ မှတ်မိမှာပေါ့”

ရစ်တာ ပြန်ပြောသည်။

“ဗိုလ်မှူးတို့ရဲ့ ဆွေးနွေးပွဲက သဘောတရားရေးသက်သက်ပဲ ဖြစ် သွားပြီ”

ဆော်စာက ရဲတိုက်ကြီးဆီသို့ လက်ညှိုးထိုးပြီး ပြောလိုက်သည်။ …ထရက်ဆာနှင့် ရစ်တာတို့ လှည့်ကြည့်လိုက်သောအခါ ကျုံးရေပြင်ပေါ်မှ …တံတားကြီး မြင့်တက်သွားနေသည်ကို တွေ့ကြရသည်။

တံတားကြီးသည် တဖြည်းထက်တဖြည်း မြင့်တက်သွားနေပြီ။

စထရက်ဆာက-

“အင်း… အခြေအနေက အလယ်ခေတ်ကို ပြန်ရောက်သွားပြီ၊ အထဲကို ကျုပ်တို့ မဝင်နိုင်တော့ဘူး”

“သူတို့လည်း အပြင်မထွက်နိုင်တော့ဘူး၊ အရေးကြီးတာ တစ်ခုပဲ ရှိတယ်၊ အဲဒါကတော့ နည်းနည်း စိုးရိမ်စရာပဲ”

“ဘာလဲ”

“ရေဒီယို အဆက်အသွယ်ပဲ၊ သူတို့ အကူအညီတောင်းတာကို …မဟာမိတ် တစ်ခုခုက ဖမ်းမိသွားရင် ပြဿနာပဲ”

“ဒါအတွက်တော့ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ပြင်ပလောကကြီးနဲ့ သူတို့ အဆက်အသွယ်ပြတ်နေတာ အတော်ကြာသွားပြီ၊သူတို့ ရေဒီယိုပျက်နေ …တာ ရက်အတော်တော် ကြာသွားပြီ၊ ကျုပ် ပြောတာကို ယုံပေတော့ ဗိုလ်မှူး”

“နောက်ထပ် ချီးကျူးစရာ တစ်ခုပဲပေါ့၊ ဒီလိုဆိုရင် ဒီက ကျွန်တော် …တို့ သွားကြရုံပဲ”

ရစ်တာက ပြောလိုက်သည်။

“တကယ် ပြောတာလား၊ ဒါမှမဟုတ် အကွက်ဆင်တာလား”

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့ ပြန်သွားတာကို တွေ့ရင် ဗိုလ်ချုပ်ကင်းနှင်းတို့ သဘောတူ ကျေနပ်မှာ အမှန်ပဲ၊ အကွက်ဆင်ဖို့ ကိစ္စကတော့ နောက်တစ်ဆင့်ပဲ ပေါ့၊ ကျွန်တော်တို့ ဒီက ထွက်သွားကြပြီး ရဲတိုက်ကြီးက မမြင်နိုင်တဲ့ ပထမဆုံး အကွေ့မှာ ရပ်ကြမယ်''

''ကောင်းတယ် ဗိုလ်မှူး''

ဂျာမန်များ ဆုတ်ခွာသွားကြသည်ကို အုတ်ရိုးများပေါ်မှ နေ၍ ကင်းနှင်းတို့ ကြည့်ရှုနေကြသည်။

''ဗိုလ်ချုပ် ဘယ်လို သဘောရသလဲ''

ဘီအားက မေးလိုက်သည်။

''မပြောတတ်သေးဘူး၊ စထရက်ဆာဆိုတဲ့ လူကိုတော့ တစ်နေရာမှာ မြင်ဖူးတယ်လို့ ကျုပ် ထင်နေတယ်''

''ရစ်တာဆိုတဲ့ လူကိုကော''

''ဒီလိုလူမျိုးက ဘယ်တော့မှ အလျှော့ပေးမယ့် လူစားမျိုး မဟုတ်ဘူး သူ့ရင်ဘတ်က ဘွဲ့တံဆိပ်တွေကို တွေ့တယ် မဟုတ်လား''

ဟက်ဆာက-

''သူက နာမည်ကျော်တစ်ယောက်ပဲ၊ သူ့ရဲ့ကောင်းကြီးတစ်ယောက်ပဲ အရှေ့ဘက် စစ်မျက်နှာမှာ တင့်ကားတွေကို ဖြိုခွင်းခဲ့တဲ့ ဒိတ်ဒိတ်ကြဲတစ်ယောက် ပဲ၊ သူ့အကြောင်း စာနယ်ဇင်းတွေထဲမှာ မကြာခဏ ပါတယ်''

''စထရက်ဆာဆိုတဲ့ လူကိုကော ဗိုလ်မှူး မြင်ဖူးသလား''

''တစ်ခါမှ မမြင်ဖူးဘူး''

ကင်းနှင်း ခေါင်းညိတ်လိုက်ပြီး-

''ကောင်းပြီ၊ ကျုပ်တို့ အခုလုပ်ရမယ့် အစီအစဉ်တွေကို ပြောမယ် မြောက်ဘက် မျှော်စင်မှာ ကင်းနှစ်ကင်း ချထားမယ်၊ ဒီနေရာနဲ့ တယ်လီဖုန်း ဆက်ထားမယ်၊ အဲဒီကနေ ကြည့်ရင် အပြင်ကို တစ်ခွင်လုံး မြင်နိုင်တယ် တစ်ခုခု ထူးခြားတာနဲ့တစ်ပြိုင်နက် ချက်ချင်း သတင်းပို့ရမယ်၊ ကျန်တဲ့ ရဲဘော် တွေကို ၆ ယောက် တစ်တွဲ၊ ၇ ယောက် တစ်တွဲ အဖွဲ့ သုံးဖွဲ့ ခွဲပြီး လိုအပ်တဲ့ နေရာကို သွားနိုင်ဖို့ အဆင်သင့် ရှိနေကြရမယ်''

ထို့နောက် ဟောင်းဝပ်ဘက်သို့ လှည့်ပြီး-

''ဒီလုပ်ငန်းကို မောင်ရင်နဲ့ ဟူးဗား ကွပ်ကဲရမယ်၊ ဖိုင်းဘမ်းက



ဆက်သားအဖြစ် ကိုယ်နဲ့ နေရမယ်''

ထို့နောက် တစ်ဖက် ဟက်ဆာဘက်သို့ လှည့်ပြီး-

''ကဲ ကျုပ်တို့ လက်နက်တိုက်ကို ကြည့်ကြရအောင်''

ပထမဆုံး အကွေ့ကို လွန်သည်နှင့် တစ်ပြိုင်နက် စစ်ကြောင်းကို ရပ်လိုက်သည်။ ရစ်တာက ဆော်ဇာကို အမိန့်ပေးသည်။

''ကျုပ် အခု ရွာကို ပြန်မယ်၊ ကျုပ်နဲ့အတူ ဆရာဂက်ထရင်နဲ့ ရဲဘော် နှစ်ယောက် ခေါ်သွားမယ်၊ ကားတစ်စီးကို သုတို့ ယူသွားမယ်၊ ဗိုလ်ကြီးက တင့်ကားတွေနဲ့ ဒီမှာ နေရစ်ခဲ့၊ လူ ၁၅ ယောက် အယောက် ၂၀ လောက်ကို ရဲတိုက်ကြီးကို ပတ်ပြီး လျှောစီးနေကြပါစေ၊ တောစပ်ကို ကပ်ပြီး လှည့်ကြရမယ်၊ ဒါပေမဲ့ အထဲက လူတွေ မြင်သာရမယ်၊ တယ်လီဖုန်း အဆက်အသွယ် အမြဲ ရှိထားရမယ်''

''နောက်ပြီး ဘာလုပ်ရမလဲ''

''နောက်တော့ ကျုပ်ပြောမယ်''

ရွှေလင်းယုန်ဟိုတယ်ရှေ့တွင် စစ်မြေပြင်သုံး ကားကလေး နှစ်စီး ထိုးရပ်လိုက်ချိန် တွင် ပေါ်ဂီလတ်နှင့် မေယာတို့သည် လှေကားထိပ် ပြတင်းပေါက်အနီးတွင် ရှိနေကြသည်။ ဂက်ထရင်နှင့် ရဲဘော်များသည် ၎င်းတို့၏ ကားပေါ်တွင် စစ် မြေပြင်သုံး ရေဒီယို တယ်လီဖုန်းနှင့် ရေခဲပြင်စီး လျှောများကို တင်ဆောင်လာ ကြသည်။

ဂီလတ်က-

''ကဲ အောက်ကို ဆင်းပြီး သူတို့ ဘာလိုချင်သလဲ ဆိုတာ မေးကြည့် ဦး၊ လူသံ ကြားရင် ကျုပ် အဝတ်ဗီရိုကြီးထဲ ဝင်ပုန်းနေမယ်''

မေယာ အောက်ထပ်သို့ ဆင်းသွားပြီး အိမ်ရှေ့တံခါးကို ဖွင့်လိုက်သော အခါ ယမကာခန်းထဲသို့ ရစ်တာ ရှေ့ဆုံးမှ ဝင်ရောက်လာသည်။ သူ့နောက်မှ စထရက်ဆာနှင့် ဂျက်ဆင်တို့ လိုက်ပါလာကြသည်။ ထို့နောက် ဟော့ဖာက စထရက်ဆာ၏ ရေဒီယိုအိတ်ကြီးကို သယ်ဆောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အတွက် သီးသန့်အခန်း တစ်ခန်း ရနိုင်မလား"

စထရက်ဆာက မေယာကို မေးသည်။

"ကျွန်တော့်ရုံးခန်းကို သုံးနိုင်ပါတယ်"

"ဟုတ်ပြီ"

ထို့နောက် စထရက်ဆာသည် ဂျက်ဆင်ဘက်သို့ လှည့်ပြီး-

"ခင်ဗျားမှာ အမေရိကန် လေယာဉ်မှူးဝတ်စုံ တစ်ခု ပါတယ် မဟုတ်လား"

"လေယာဉ်ပျံထဲမှာ ကျန်ရစ်ခဲ့ပါတယ်"

"ဟုတ်ပြီ၊ အဲဒါဆိုရင် အမြန်ဆုံး သွားယူပါ၊ ကားကလေးတစ်စီး ယူသွား၊ လူ နှစ်ယောက် ခေါ်သွား၊ နောက်ပြီးတော့ ဒီကို အမြန်ဆုံး ပြန်လာပါ ဘာမှ မမေးနဲ့၊ ကျုပ် ပြောတာသာ လုပ်ပါ"

ဂျက်ဆင် အခန်းထဲမှ ထွက်သွားသည်။ စထရက်ဆာက ရေဒီယိုအိတ်ကို ဆွဲယူပြီး ရစ်တာဘက်သို့ လှည့်ကာ-

"ကဲ ခဏနေကြဦး၊ ကျုပ် အထဲကိုသွားပြီး အဆက်အသွယ်ကလေး တစ်ခု သွားလုပ်လိုက်ဦးမယ်"

မေယာနှင့် စထရက်ဆာတို့ ထွက်သွားကြသောအခါ ဟော့ဖာသည် အရက်ကောင်တာသို့ သွားပြီး-

"ဗိုလ်မှူး တစ်ခုခု သောက်မလား"

"ကောင်းတာပေါ့၊ ဘရန်ဒီ သောက်ရအောင်"

ထို့နောက် ရစ်တာသည် အာမေဋိတ်သံ ပြုလုပ်ပြီး တစ်ဖက် နံရံဆီသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

တစ်ဖက် နံရံပေါ်တွင်ကား ၁၈ ရာစုနှစ်က ရေးဆွဲပုံနှိပ်ခဲ့သော အော လဘတ် ရဲတိုက်ကြီး၏ အသေးစိတ် မြေပုံကြီးတစ်ချပ် ချိတ်ဆွဲထားသည်။

လက်နက်တိုက်ကား အံ့သြဖွယ်ရာတည်း။ ရှမ်စ်ဇာ သေနတ် တစ်ဒါဇင်၊ ရိုင်ဖယ် အလက် ၂၀၊ လက်ပစ်ဗုံး နှစ်သေတ္တာနှင့် ပလတ်စတစ်ဗုံး အချို့။ လက်နက်ကြီး ဟူ၍ လုံးဝမရှိချေ။

"ကျည်ဆန်တွေ အများကြီးရှိတာ ကောင်းတဲ့ အချက်တစ်ချက်ပဲ"

ကျောင်းနှင်းက ပြောလိုက်သည်။ ထို့နောက် သူသည် ဝေါလတာ ဓွေး



...လက်ကို ယူပြီး"

"ကဲ အမျိုးသမီးတွေဆီကို သွားလိုက်ကြဦးစို့"

ဥတ္တရဆောင် ဧည့်ခန်းမကြီးတွင် မဒမ်ရိုဇာလီယာ မီးလှုံလျက် ရှိသည်။

"ကလဲယာရော"

ကင်းနှင်းက မေးလိုက်သည်။

"သူ့အခန်းထဲမှာ ရှိတယ်၊ သူ အအေးမိသွားတယ်၊ ကျွန်မတို့ အပြင်မှာ ရပ်နေကြတာ တော်တော်ကလေး ကြာသွားတယ်"

ကင်းနှင်းက ပစ္စတိုသေနတ်များကို ပြပြီး-

"ဘယ်လို သုံးရမယ်ဆိုတာ သိတယ် မဟုတ်လား"

"ကျွန်မက စန္ဒရားပဲ တီးတတ်တယ်"

"ကိစ္စမရှိဘူး၊ သင်လိုက်ရင် တတ်ပါတယ်၊ ကဲ ဖိုင်းဘမ်းရေ... ဒမ်ရိုဇာလီယာကို သူ့လက်ညှိုး ဘယ်လို အသုံးချရတယ် ဆိုတာ ၅ မိနစ်အတွင်းမှာ ပြပေးလိုက်စမ်းပါ"

...လဲယာ၏ အခန်းတံခါး လက်ကိုင်ကို ကင်းနှင်း လှည့်ကြည့်လိုက်သောအခါ ...သော့ခတ်ထားသည်ကို တွေ့ရှိရသည်။ ကင်းနှင်းက တံခါးကို ခေါက်ပြီး သူမ၏ ...မည်ကို ခေါ်လိုက်သည်။ နှစ်မိနစ် သုံးမိနစ်ခန့် ကြာသောအခါ အတွင်းမှ ...င်းတုပ်ဖွင့်သံ ကြားရပြီး တံခါးပေါက်တွင် ကလဲယာ၏ မျက်နှာပေါ်လာသည်။ ...မ၏ မျက်လုံးများ ပြူးနေပြီး မျက်နှာမှာ ဖြူဖွေးနေသည်။

"ဆောရီး ဟင်မီလတန်၊ ဝင်လေ..."

သူမကို ဖြတ်ကျော်ပြီး အခန်းတွင်းသို့ သူ ဝင်သွားသည်။

"နေမကောင်းဘူးလား"

"ဟုတ်တယ်၊ နေလို့ ကောင်းကောင်း မကောင်းဘူး၊ နာဇီတွေ ရောက်လာပြီလို့ ကြားလိုက်ရတော့ တစ်မျိုးကြီး ဖြစ်သွားဘယ်"

ကင်းနှင်းက သူ့အိတ်ထဲမှ ပစ္စတိုကို ထုတ်လိုက်ပြီး-

"မင်းအတွက် သက်စောင့်ပဲ၊ ဘယ်လို ပစ်ရမယ်ဆိုတာ သိတယ် မဟုတ်လား"

အမျိုးသမီးက သေနတ်ကို ယူလိုက်ပြီး သူမ၏ လက်နှစ်ဖက်ဖြင့် ...ယ်ကိုင်ကာ-

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို သူတို့ လာခေါ်တာနဲ့ တစ်ပြိုင်နက် ကျွန်မကိုယ် ကျွန်း ပစ်လိုက်မယ်"

"ဗိုး… မဟုတ်တာဘဲ၊ မင်းကို ဘယ်သူကမှ ဘယ်ကိုမှ ခေါ်မသွားပါဘူး၊ ကဲ… ဧည့်ခန်းကို သွားကြရအောင်"

ယမကာခန်းတွင်းသို့ စထရက်ဆာ ဝင်ရောက်လာသော အချိန်တွင် ရစ်တာသည် နံရံမှ မြေပုံကြီးကို ဖြုတ်ချပြီး သေသေချာချာ ကြည့်ရှုလေ့လာလျက် ရှိသည်။

"အတော့်ကို ဟန်ကျသွားတာပဲ အောလဘာက် ရဲတိုက် မြေပုံကြီး"

ရစ်တာက ပြောလိုက်သည်။ စထရက်ဆာက-

"ဒီမြေပုံ မလိုတော့ပါဘူး၊ ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာ တစ်ခု ကို ကျုပ် တွေ့လာတယ်၊ ဟော့ဖာရေ…ကျုပ်တို့ မိတ်ဆွေကြီး မေယာကို ခေါ်ခဲ့စမ်းပါ"

"ဘာများလဲ"

ရစ်တာက ရှုးစမ်းလိုက်သည်။

"ဒေါက်တာပေါ်ဂီလတ် ဆိုတဲ့ သူတစ်ယောက် ဒီဟိုတယ်ထဲမှာ ရှိ နေတယ်၊ ကနေ့ မနက်ပဲ မေယာရဲ့ သားကလေး ခြေထောက် ကျိုးသွားတယ်"

"သေချာရဲ့လား"

"သေချာပါတယ်၊ ကျုပ် ရတဲ့ သတင်းက အင်မတန် ခိုင်လုံပါတယ်"

ရစ်တာ မျက်မှောင်ကုတ်လိုက်ပြီး-

"ဆရာကြီး စောစောက ရေဒီယိုဆက်တယ်၊ ဘယ်ကို ဆက်တာလဲ ရဲတိုက်ကြီးကိုလား… ရဲတိုက်ကြီးမှာ ဆရာကြီးရဲ့ လူတစ်ယောက် ရှိနေတာ ဟုတ်လား၊ ကျွန်တော် တကယ်ပဲ ချီးကျူးပါတယ် ဌာနချုပ်မှူးကြီး… အို ကျွန်တော် တောင်းပန်ပါတယ် ဟာစထရက်ဆာ၊ တကယ် အံ့သြစရာကောင်းတဲ့ စည်းရုံးရေးပဲ"

"အကုန်လုံး တိကျမှန်ကန်ဖို့ လိုတယ် ဗိုလ်မှူး၊ တစ်ခုကလေး မှား သွားရင် ကျုပ်ရဲ့ အသက်ပဲ"

တံခါး ပွင့်သွားသည်။ ဟော့ဖာက မေယာကို ခေါ်ဆောင်လာသည်။ စထရက်ဆာက ပြုံးလျက်-

"ဟာမေယာဟာ ကျွန်တော်တို့အပေါ်မှာ မရိုးသားတာတော့ အမှန်ပဲ"



ဒေါ်ဂီလတ်သည် ယခုထက်တိုင် သတိမရသေးဘဲ ရှိနေသော လူငယ်ကလေးကို စမ်းဆေးကြည့်ရှုနေစဉ် လှေကားမှ တက်လာသော ခြေသံကို ကြားရသည်။ သူသည် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် အဝတ်လဲခန်းထဲသို့ သွားရောက်ပြီး ဗီရိုထဲသို့ ဝင်လိုက်သည်။

အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထို့နောက် ရုတ်တရက် ဆိုသလို ဗီရိုတံခါး ပွင့်သွားသည်။

အပြင်ဘက်တွင် ရစ်တာ ရပ်နေသည်။ သို့သော် ရစ်တာသည် ခါးမှ သေနတ်ကို ထုတ်မချိန်ပါ။ သူက အေးအေးဆေးဆေး ပြုံးလိုက်ပြီး-

"ဒေါက်တာဂီလတ်ခင်ဗျာ… ဒေါက်တာရဲ့ လူနာသတိရပါပြီ"

ဒေါက်တာဂီလတ် တုံ့ဆိုင်းနေသေးသည်။ ပြီးမှ ရစ်တာကို ဖြတ်ကျော်ကာ တစ်ဖက်ခန်းထဲသို့ ဝင်သွားသည်။ ကယောင်ကတမ်း ညည်းတွားလျက် ရှိသော လူငယ်ကလေးအနီးတွင် စထရက်ဆာနှင့် မေယာတို့ ရှိနေကြသည်။

မေယာက တောင်းပန်သည့်အနေဖြင့် ရစ်တာကို ကြည့်သည်။ သူ့အဖို့ အရေးအကြီးဆုံးက သူ့သားကလေးပင် ဖြစ်သည်။

"ဗိုလ်မှူးတို့ ရောက်တဲ့အချိန်တုန်းက ဒေါက်တာနဲ့ ကျွန်တော်တို့ ဘာလုပ်ကြရမလဲ မသိဘူး ဖြစ်သွားတယ်၊ ကလေးရဲ့ အခြေအနေက သိပ်အရေး ကြီးနေတယ်"

"ကျွန်တော် သိပါတယ်၊ သူ့အခြေအနေ ဘယ့်နှယ် နေသလဲ"

ရစ်တာက ပြန်ပြောသည်။ ဂီလတ်က-

"မကောင်းဘူး၊ ခြေထောက်တစ်ဖက် ကျိုးသွားတယ်၊ အဖျား သိပ်ကြီး တယ်၊ သူ့ကို အမြဲတမ်း စောင့်ကြည့်နေဖို့လိုတယ်၊ ဒါ့ကြောင့် ကျုပ် ဒီမှာ နေနေတာပဲ၊ နောက်ပြီးတော့ ဗိုလ်မှူးတို့ ဒီမှာနေလို့လည်း မဖြစ်နိုင်ဘူး၊ ဗိုလ်မှူးတို့ အပြင်သွား ကြပါ"

ရစ်တာက စထရက်ဆာကို ကြည့်လိုက်သည်။ စထရက်ဆာ ခေါင်း ညိတ်သည်။ ဂီလတ်က သူတို့ကို မသိကျိုးကျွန်ပြုကာ သူငယ်ကလေး၏ နဖူးကို ရေပတ်တိုက်ပေးရင်း-

"ဗိုလ်မှူးတို့ ရဲတိုက်ထဲကို ဝင်လို့ မရဘူးပေါ့ ဟုတ်လား"

"ကျွန်တော်တို့ ဝင်မှာပါ ဒေါက်တာ၊ ကျွန်တော်တို့ ဒီမှာ အစောင့် တစ်ယောက် ချထားမယ်၊ လောလောဆယ်တော့ ကျွန်တော်တို့ ဒီအခန်းထဲက

www.burmeseclassic.com

www.burmeseclassic.com

သွားပါ့မယ်''

ရစ်တာက ယင်းသို့ ပြောပြီး မေယာကို ခေါင်းညိတ်ပြလိုက်သည်။ မေယာ ထွက်သွားသည်။ ဂီလတ်က ခေါင်းမော့ပြီး ကြည့်လိုက်ရာ စထရက်ဆာကို ပထမဆုံးအကြိမ် တွေ့မြင်သွားသည်။ သူ့ပါးစပ် ပွင့်ဟသွားသည်။ သူ့မျက်နှာတွင် အံ့ဩသည့် အမူအရာများ ပေါ်လာသည်။

''ဘုရား... ဘုရား... ခင်ဗျားကို ကျုပ် သိပါတယ်''

''ကျွန်တော်တော့ မသိဘူး၊ ကျွန်တော့်နာမည် စထရက်ဆာပါ၊ ဆိုသုံ့ပန်း အုပ်ချုပ်ရေး ဌာနချုပ်ကပါ''

ဂီလတ်က ရစ်တာကို ကြည့်လိုက်သည်။ ရစ်တာက ပြုံးလျက်-

''ဒေါက်တာ့ကို ဒေါက်တာ့လူနာနဲ့ ထားခဲ့မယ်''

ထို့နောက် ရစ်တာသည်စထရက်ဆာကို ရှေ့ဆောင်ပြီး အခန်းထဲမှ ထွက်သွားသည်။ တံခါး ပိတ်သွားသည်။

''ဘိုးမန်း... ငါတို့ ဘယ်တုန်းက တွေ့သလဲ၊ မြူးနစ် ၁၉၃၅ ခုနှစ် ဌာနချုပ်မှူး မာတင်ဘိုးမန်း၊ ငါ သေသေချာချာ လောင်းရဲတယ်''

ဂီလတ် တီးတိုးရွတ်ဆိုလျက် ရှိသည်။

ထိုအချိန်မှာပင် ဘာလင်မြို့ရှိ မြေအောက်ဌာနချုပ်တွင် မာတင်ဘိုးမန်းနှင့် ဟစ်တလာ၏ စစ်ရေးအရာရှိ ဗိုလ်ချုပ်ကြီးဝီလဟမ်ဘတ်ဒေါက်တို့သည် အဓိပတိကြီး ခန်းမဆောင် အပြင်ဘက်တွင် စောင့်ဆိုင်းလျက် ရှိကြသည်။ ဘတ်ဒေါက်သည် စစ်ဗိုလ်ချုပ်ကြီး ရွှန်းမဲကို အဆိပ်ကျွေး သတ်ခဲ့သူ ဖြစ်သော်လည်း ယခုအချိန်တွင် သူသည် ထိတ်လန့်တုန်လှုပ်ကာ ဖော့ချွေးပြန်လျက် ရှိသည်။

၃ နာရီခွဲအချိန်တွင် သေနတ်သံ ကြားရသည်။ အဓိပတိကြီး၏ ခန်းမဆောင်သို့ မာတင်ဘိုးမန်း ပြေးသွားသည်။ သူ့နောက်တွင် ဟစ်တလာ၏ လက်ယာရံ စေ ဟိန်းလင်ဂီနှင့် နာဇီတပ်ဖွဲ့ဆိုင်ရာ လက်ထောက်အရာရှိ ဗိုလ်မှူးကြီး အော့တိုဂူရှီတို့ လိုက်ပါလာကြသည်။ ခန်းမဆောင်ထဲတွင် ယမ်းခိုးများ ဝေလျက် ရှိသည်။ အဓိပတိကြီး၏ ဇနီး အီဗာဟစ်တလာသည် သူမကိုယ်သူမ အဆုံးစီရင်သွားချေပြီ။ သူ၏ ဘေးတွင် အဓိပတိကြီး လဲကျလျက် ရှိသည်။

အဓိပတိကြီး၏ ကိုယ်ရေးဆရာဝန် ဒေါက်တာစကမင်းဗက်ဂါနှင့် ရှောက်ပါးစေ လင်ဂီတို့သည် အဓိပတိကြီး၏ အလောင်းကို ဌာနချုပ် ဥယျာဉ်တွင်းသို့ သယ်ယူသွားပြီး စောင်အညိုကြီးဖြင့် ဖုံးအုပ်ထားလိုက်ကြသည်။ မာတင်ဘိုးမန်းက အီဗာဟစ်တလာကို သယ်ဆောင်လာသည်။

အလောင်းများကို တွင်းနိမ့်ကလေး တစ်ခုတွင် ထည့်ပြီး ဓာတ်ဆီဂါလံ ၅၀ သွန်းလောင်းကာ မီးသင်္ဂြိုဟ်လိုက်ကြသည်။

ထိုအချိန်တွင် ရုရှတပ်များသည် ဟစ်တလာ၏ ဌာနချုပ်နှင့် ကိုက် ၅၀၀ အကွာတွင် ရောက်ရှိနေကြသည်။

■


www.burmeseclassic.com

www.burmeseclassic.com

- ၁၂ -

ရစ်တာသည် မေယာ၏ စခန်းတွင်းရှိ စားပွဲတွင် ထိုင်လျက် အော်လဘတ်ရဲတိုက်ကြီး၏ မြေပုံကို ထပ်မံကြည့်ရှုလေ့လာလျက် ရှိသည်။ ဟော့ဖာသည် တံခါးဝတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။ ရစ်တာက လက်မှ ခဲတံကို ချလိုက်ပြီး ကုလားထိုင်တွင် ကျောမှီလိုက်သည်။

ထိုအခါတွင်မှ ဟော့ဖာက-

"ကျွန်တော်တို့ မတိုက်နိုင်ဘူးလား"

"ဘာမှ မတိုက်နိုင်စရာ မရှိဘူး၊ စည်းကမ်းရှိဖို့နဲ့ သတ္တိရှိဖို့ပဲ လိုတယ်၊ ကျုပ်တို့ရဲ့ ဖင်လန် တပ်သားတွေမှာလည်း ဒီအရည်အချင်း နှစ်ခုစလုံး ပြည့်စုံတယ်"

တံခါးပွင့်သွားပြီး စထရက်ဆာ ဝင်ရောက်လာသည်။

"ဂျက်ဆင် ပြန်ရောက်လာပြီ"

"ဩော်... ဟုတ်သားပဲ၊ ဆရာကြီး သူ့ကို အန်ဟိုင်း လွှတ်လိုက်တယ် ဘာကိစ္စလဲဆိုတာ ကျွန်တော်တို့ မသိရဘူးလား"

"ဗိုလ်မှူးရဲ့ တိုက်ပွဲအစီအစဉ်ကို အလျင် ပြောပါဦး"

ရစ်တာက အော်လဘတ်ရဲတိုက်ကြီး မြေပုံကို ကြည့်လိုက်ပြီး-

"မိုးချုပ်သွားတဲ့အထိ စောင့်မယ်၊ ဆိုကြပါစို့ သန်းခေါင်ပေါ့၊ အဲဒီအချိန်မှာ ရန်သူတွေဟာ တစ်နေကုန် အသင့်ရှိနေကြရတာမို့ အတော်ကလေး ပန်းနေကြပြီ၊ သံချပ်ကာ ကားတွေကို မသုံးဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ စက်တွေ နိုးတာနဲ့ တစ်ပြိုင်နက် ရန်သူကို တပ်လှန့်ပြီးသား ဖြစ်သွားမယ်"

"အဲဒီတော့..."

"လူအင်အား ၂၀ လောက် အမှောင်ထဲမှာ ကိုယ်ရောင်ဖျောက်ပြီး ကျုံးနားအထိ ရောက်တဲ့အထိ တက်သွားကြမယ်၊ လူနှစ်ယောက်က ကျုံးကို



ဖြတ်ကူးသွားမယ်၊ ဆွဲတံတားပေါ် တက်ပြီး မိုင်းခွဲမယ်၊ တံတားကို ဆိုင်းထားတဲ့ သံကြိုးတွေ ပြတ်ဖို့ မိုင်းအား သိပ်ကောင်းဖို့ မလိုဘူး၊ နောက်ပြီးတော့ တစ်ပြိုင်နက်တည်းမှာပဲ တံခါးမကြီးကို ဖောက်ခွဲပစ်လိုက်မယ်"

"သဘောပေါက်ပြီ၊ ဆွဲတံတားကြီး သံကြိုးပြတ်ပြီး အောက်ကို ကျလာမယ်၊ တံခါးမကြီး ပွင့်သွားမယ်၊ အဲဒီအချိန်မှာ ခင်ဗျား လူတွေ တက်တိုက်မယ်"

"သံချပ်ကာ ကားတွေရဲ့ အကူအညီနဲ့ တက်ရမယ်၊ မိုင်းကွဲသံတွေ ကြားတာနဲ့ တစ်ပြိုင်နက် ကားတွေ တက်ရမယ်၊ ဆရာကြီး ဘယ်လို သဘောရသလဲ"

"အင်တန် ကောင်းပါတယ်"

"လိုအပ်ချက် ဘာရှိဦးမလဲ"

"တစ်ခုပဲ လိုမယ်၊ တံခါးမကြီး အပြင်ဘက်မှာ မီးမောင်းကြီးတစ်ခု ထွန်းထားတယ်၊ လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်ကပဲ ထွန်းလိုက်တယ်၊ ဆော်ဇာကို ဒယ်လီဖုန်းဆက်ပြီး မေးရင် ကျုပ် ပြောတာ မှန်ကြောင်း ပြောလိမ့်မယ်"

ရစ်တာ နောက်ကျော မှီလိုက်ပြီး-

"ဆရာကြီးမှာ အင်မတန် မြန်ပြီး၊ အင်မတန် မှန်တဲ့ သတင်းဌာန ရှိဘာပဲ"

"ဆိုပါတော့... အဲဒီတော့ လက်ဖြောင့်တပ်သား တစ်ယောက်က အဲဒီ မီးမောင်းကြီးကို ပစ်ခတ် ဖောက်ခွဲရမယ်"

"အဲဒါဆိုရင် ကျွန်တော်တို့ တစ်ခုခု လုပ်တော့မယ်ဆိုတာ သူတို့ သိသွားမှာပေါ့"

"ကိစ္စမရှိပါဘူး"

"ဘာဖြစ်လို့လဲ"

"အတွင်းကနေပြီး တစ်ယောက်ယောက်က ဗိုလ်မှူးရဲ့ စီမံချက်အတိုင်း အကောင်အထည်ဖော်ပေးရင်လည်း ပြီးတာပဲ မဟုတ်လား"

ထို့နောက် စထရက်ဆာ တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

အားလ်ဂျက်ဆင် အခန်းတွင်းသို့ ဝင်လာသည်။ သူ့ကိုယ်တွင် အမေရိကန် ပြည်ထောင်စု လေတပ်မတော်မှ ဗိုလ်ကြီးဝတ်စုံကို ဝတ်ဆင်ထားသည်။ ဗိုလ်မှူးကြီး ဟက်ဆာနှင့် တပ်ကြပ်ကြီး ရှုနေဒါတို့သည် ကျောက်လှေကားထစ်များကို ဆင်းပြီး အရှေ့ဘက် အုတ်တံတိုင်းကြီးပေါ်သို့ တက်သွားကြသည်။ အေးစက်သော လေက သူတို့၏ မျက်နှာများကို တိုးဆောင့်လျက် ရှိသည်။ ချာသိဥတုက

www.burmeseclassic.com

www.burmeseclassic.com


ဆိုးဆိုးရွားရွား အေးမြသည်။ ဝပ်ကြပ်ကြီးသည် မက္ကဒါကို ချည်ထားသော သံကြိုးကို ပြောင်းကိုင်လိုက်သည်။

"ဒါလောက် အေးတဲ့ ညမျိုးမှာတော့ သူတို့ ကျွန်တော်တို့ကို အနှောင့်အယှက် ပေးမယ် မထင်ဘူး"

ရှနေဒါက ပြောလိုက်သည်။

"ရှရှတွေနဲ့တုန်းကလည်း ကျုပ်တို့ ဒီလိုပဲ ပြောခဲ့တာ မဟုတ်လား။ နောက်မှ ကျုပ်တို့အားလုံး သင်ခန်းစာ ရကြတာ မဟုတ်လား၊ ရစ်တာနဲ့ ပတ်သက်လို့လည်း ဒီလိုပဲ သဘောထားရမယ်၊ သူက အရှေ့ဘက် စစ်မျက်နှာမှာ အကြာကြီး နေလာခဲ့တဲ့ လူတစ်ယောက် မဟုတ်လား"

အုတ်တံတိုင်းပေါ်တွင် အစောင့်များ ခပ်ကျဲကျဲသာ ချထားနိုင်သည်။ မျှော်စင်တစ်ခုလျှင် တစ်ယောက်မျှသာ ဖြစ်သည်။

ဟက်ဆာသည် အစောင့်ရဲဘော်ကို အခြေအနေ မေးမြန်းပြီးနောက် ကျည်ပေါက်မှ ခေါင်းပြူကာ တံခါးမကြီးတွင် ထွန်းထားသော မီးမောင်းကြီးကို ကြည့်လိုက်သည်။

"ဒါကြီးကို သူတို့ မပစ်ဘဲ ဘယ်လောက်ကြာကြာ နေနိုင်မလဲလို့ ကျုပ် စဉ်းစားနေတယ်"

"သူတို့ တိုက်လိမ့်မယ်လို့ ဗိုလ်မှူးကြီး ထင်သလား"

"ရစ်တာကို မောင်ရင်လည်း တွေ့လိုက်တယ် မဟုတ်လား၊ ဒီလို လူမျိုးက ထွက်ပြေးမယ့် လူစားမျိုးလား၊ လျှော့စီး ကင်းသမားတွေ တစ်နေကုန် ပတ်နေတာ ဘယ်သွားထားမလဲ၊ အချိန်ကျတာနဲ့ တစ်ပြိုင်နက် သူ တိုက်မှာပဲ ဘာဖြစ်ဖြစ် ရေတံခါးကို သွားစစ်ကြရအောင်"

မျှော်စင်ပေါ်မှ သူတို့ ဆင်းခဲ့ကြသည်။

သံတံခါး ပိတ်ထားသော ရေမြောင်းပေါက်တစ်ခု ရှိသည်။ ယင်းကို တပ်ကြပ် ဝဂ္ဂနာက စောင့်ကြပ်လျက် ရှိသည်။ အရှေ့ဘက် စစ်မျက်နှာတွင် ဘယ်ဘက်လက် ဆုံးရှုံးခဲ့သူ ဖြစ်သည်။ ယခုအခါ သူသည် ရေတံခါးကို မှီ၍ ရပ်နေပြီး ညာဘက် လက်တွင် ရှမစ်ဆာ သေနတ်ကို ကိုင်ထားသည်။

"အခြေအနေအားလုံး ကောင်းတယ် မဟုတ်လား"

ဟက်ဆာက မေးလိုက်သည်။

"အခြေအနေအားလုံး ကောင်းတယ်လို့ မပြောနိုင်ပါဘူး၊ ဗိုလ်မှူးကြီး ကျွန်တော့်နားထဲမှာ အသံတစ်ခု ကြားနေတယ်"

သူတို့ နားစွင့်သည်။ တံခါးမှ နှင်းပွင့်များ လွင့်ဝင်လျက် ရှိသည်။

"လေသံပါ..."



ဟက်ဆာက ပြောသည်။

ထိုစဉ်မှာပင် မက္ကဒါ အသံ ညည်းညင်သည်။ သံကြိုးကို ရုန်းတင်းသည်။

"ဟုတ်တယ် ဗိုလ်မှူးကြီး၊ သူ ပြောတာ မှန်တယ်၊ တစ်ခုခု လှုပ်ရှားနေတယ်"

ရှနေဒါက ပြောလိုက်သည်။

ဟက်ဆာနှင့် ရှနေဒါ ၎င်းတို့၏ ပစ္စတိုသေနတ်များကို ဆွဲထုတ်လိုက်ကြသည်။ ကျုံး၏ တစ်ဖက်ဆီမှ အသံတစ်ခု ကြားရသည်။ ရေပြင်ထဲသို့ နှင်းပွင့်များ ကျဆင်းနေသည်။ ရုတ်တရက်ဆိုသလို အင်္ဂလိပ်လို ပြောလိုက်သံ တစ်ခု ထွက်ပေါ်လာသည်။

"အဲဒီဘက်မှာ ဘယ်သူ ရှိသလဲ၊ မပစ်ပါနဲ့၊ ကျွန်တော် အမေရိကန် ဗိုလ်တစ်ယောက်ပါ"

ရေထဲသို့ လူတစ်ယောက် ဆင်းလာသည်။

"လက်နှိပ်ဓာတ်မီး ထိုးစမ်း၊ တစ်စက္ကန့်ပဲ ထိုးပြီး မြေကြီးပေါ်ကိုထိုး"

ရှနေဒါ၏ လက်နှိပ်ဓာတ်မီးရောင်တွင် အားလ်ဂျက်ဆင် ပေါ်လာသည်။ သူက ကျုံးအလယ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။ ရေပြင်ပေါ်တွင် ခေါင်းကိုသာ ပေါ်ပြီး လျှင်မြန်စွာ ကူးလာနေသည်။

င်းဘမ်းသည် တံခါးမကြီး၏ အထက်တွင် ဝပ်နေရာမှ သူ၏ လက်ဝဲဘက် တွင်မှ ထွက်ပေါ်လာသော အလင်းရောင်ကို တွေ့မြင်လိုက်သည်။ သူ၏ အောက် တွင် ဟူးဗားနှင့် ဟောင်းဝပ်တို့သည် အုတ်တံတိုင်းကြီးကို မှီပြီး စီးကရက် သောက်နေကြသည်။

"ဗိုလ်ကြီး... အရှေ့ဘက် မျှော်စင်အောက်က ကျုံးပြင်ထဲမှာ မီးရောင် တစ်ခု တွေ့တယ်"

ဟောင်းဝပ်နှင့် ဟူးဗားတို့ ချက်ချင်းပင် မတ်တတ် ထလိုက်ကြသည်။

"ဟုတ်ရဲ့လား... ကျုပ် ဘာမှ မတွေ့ရပါကလား"

ဟောင်းဝပ်က ကျည်ပေါက်မှ ခေါင်းပြူကြည့်ရင်း မေးလိုက်သည်။

"မီးရောင် တစ်ခုပဲ၊ တစ်မိနစ်လောက်ပဲ မြင်လိုက်ရတယ်"

"ကောင်းပြီ၊ သွားကြည့်ကြမယ်"

ဟောင်းဝပ်က ပြောလိုက်သည်။

တံခါး လိုဏ်ခေါင်းထဲသို့ သူတို့ ဝင်ရောက်သွားသောအခါ ဂျက်ဆင်သည်

www.burmeseclassic.com

www.burmeseclassic.com



သံတံခါး၏ တစ်ဖက်တွင် ရှိနေသည်။ ဒူးဆစ်လောက် နက်သော ရေထဲတွင် ဖြစ်သည်။ တံခါး၏ သည်ဘက်တွင် ဟက်ဆာတို့ ရှိနေကြသည်။

"ကျွန်တော် ဝင်ပါရစေ၊ ဗိုလ်ချုပ်ကင်းနင်းနဲ့ တွေ့ချင်လို့ပါ"

"ဘာလဲ၊ ဘာဖြစ်လို့လဲ"

ဟောင်းဝပ်က မေးလိုက်သည်။

ဟက်ဆာက ဘာမျှမပြောဘဲ လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်သည်။ ရုတ်တရက် ထွက်ပေါ်လာသော အလင်းရောင်တွင် ဂျက်ဆင် မျက်လုံး မှိတ်သွားသည်။ သူ့တစ်ကိုယ်လုံး ရေတွေ ရွှဲရွဲစိုနေသည်။ သူ့အင်္ကျီမှ ရေ တစက်စက် ကျနေသည်။ ချမ်းလွန်းသဖြင့် မေးတခိုက်ခိုက်တုန်နေသည်။ သူ အမှောင်ထဲတွင် ရှိနေသော ဟောင်းဝပ်ကို လှမ်းကြည့်လိုက်သည်။

"ဗိုလ်ကြီးက အမေရိကန် ရဲဘော်တစ်ယောက်မဟုတ်လား၊ ကျုပ်ကို အထဲသွားဖို့ ဒီလူတွေကို ပြောစမ်းပါဦး၊ နောက် ၅ မိနစ်ဆိုရင် ကျုပ် သေလိမ့်မယ်"

"ဟုတ်တယ် ဗိုလ်ကြီး၊ သူ့ကို ကြည့်ရတာ အခြေအနေမကောင်းဘူး"

ဖိုင်းဘမ်းက ပြောလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

ဟောင်းဝပ်က မေးလိုက်သည်။

"ဟယ်ရီဘင်နာမင်၊ ဒီကနေ့ မနက်ပဲ ဒီကနေ ၁၀ မိုင်လောက် ဝေးတဲ့ နေရာမှာ ပီ ၄၇ လေယာဉ်ပျံ ပျက်ကျတယ်၊ နာဇီတပ်ဖွဲ့တစ်ခုက ဖမ်းမိသွားတယ်၊ ရွာထဲက ရွှေလင်းယုန်ဆိုတဲ့ ဟိုတယ်မှာ ချုပ်ထားကြတယ်"

"ဘယ်လိုလုပ်ပြီး လွတ်လာသလဲ"

"မေယာဆိုတဲ့ ဟိုတယ်ပိုင်ရှင်က ကူညီတယ်၊ အဲဒီမှာ နောက်ထပ် အကျဉ်းသားတစ်ယောက် ရှိသေးတယ်၊ ဂီလတ်ဆိုတဲ့ ပြင်သစ်တစ်ယောက်ပါ၊ သူကပဲ ကျုပ်ကို ဒီကို သွားဖို့ ဗိုလ်ချုပ်ကင်းနင်းနဲ့ တွေ့ဖို့ ပြောတယ်။ ဂျာမန် တွေက ဗိုလ်ကြီးတို့ကို တိုက်ဖို့ လုပ်နေတဲ့ အစီအစဉ်တွေကို ကျုပ် သိခဲ့တယ်"

ထို့နောက် သံတံခါးကို ကိုင်လှုပ်ရင်း-

"ကျုပ် ဝင်ပါရစေ၊ ကြာရင် ကျုပ် သေလိမ့်မယ်"

"ကောင်းပြီ"

ဟောင်းဝပ်က ဟက်ဆာဘက်သို့ လှည့်လျက်-

"တံခါးကို ဖွင့်ပြီး သူ့ကိုဆွဲသွင်းပါ၊ မြန်မြန်သွင်းပါ၊ ဖိုင်းဘမ်းရဲ့တာဝန်ပဲ၊ သူ တစ်ခုခု မဟုတ်တာလုပ်တာနဲ့ တစ်ပြိုင်နက် တစ်ခါတည်း ပစ်ထည့်လိုက်"





ဗိုလ်ချုပ်ကင်းနင်း၊ ဗိုလ်မှူးကြီးဘီအား၊ မဒမ်ရှိဗာလီယာနှင့် ကလဲယာတို့သည် ညဉ့်လယ်စာအဖြစ် ကော်ဖီနှင့် ဆင်းဒဝစ်မုန့်များကို စားသောက်နေကြစဉ်တွင် ဟက်ဆာနှင့် ဟောင်းဝပ်တို့ ဝင်ရောက်သွားကြသည်။ သူတို့၏ နောက်တွင် ဂျက်ဆင် စောင်ကြီးတစ်ထည်ကို ခြုံပြီး လိုက်ပါလာသည်။ ဖိုင်းဘမ်းက ဂျက်ဆင် ၏ နောက်ကျောကို သေနတ်ဖြင့် ချိန်ပြီး လိုက်လာသည်။

"ဘယ်လို ဖြစ်လာကြတာလဲ"

ကင်းနင်းက မတ်တတ်ရပ်ရင်း မေးလိုက်သည်။

"ကျုံးကို ဖြတ်ကူးပြီး ရေတံခါးပေါက်ကို ရောက်လာပါတယ် ဗိုလ်ချုပ်၊ အမေရိန်ကန် လေတပ်မတော်က အရာရှိတစ်ယောက်လို့ ပြောပါတယ်၊ သူ့မှာ ဘာစာရွက်စာတမ်း၊ ဘာအထောက်အထားမှ ပါမလာပါဘူး၊ ကိုယ်ပိုင်နံပါတ် ပြားတောင် မပါပါဘူး"

ဟောင်းဝပ်က သတင်းပို့သည်။

"နာဇီတွေ ယူထားလိုက်တယ်။ သူတို့ အားလုံး ယူထားလိုက်တယ် ဆိုတာ ကျွန်တော် ဘယ်နှခါ ပြောရမလဲ"

"ဘယ်တပ်ကလဲ"

ကင်းနင်းက မေးလိုက်သည်။

"၅၁၀ အုပ်စု၊ ၄၀၅ တပ်ရင်း"

"ဇတ်လမ်းက ဘယ်လိုလဲ"

"အောလဘတ်မြို့ရဲ့ တစ်ဖက်မှာ ရှိတဲ့ ရန်သူ့တပ်တွေကို ဗုံးကြဲပြီး အပြန်မှာ လေယာဉ် စက်ချွတ်ယွင်းလို့ ကွင်းထဲမှာ ထိုးဆင်းရပါကယ်"

"လေယာဉ်အမျိုးအစား

"ပီ ၄၇ သန်းဒါးဘိုးပါ ဗိုလ်ချုပ်"

"ဗိုလ်ကြီး နာဇီတပ်ဖွဲ့တစ်ခုက ဖမ်းမိသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ နာဇီတပ်ဖွဲ့ဆိုပေမဲ့ တပ်သားတွေအားလုံး လောက်ဟာ ဖင်လန်လူမျိုးတွေပဲ၊ ရစ်တာဆိုတဲ့ ဂျာမန်အရာရှိ တစ်ယောက်က အုပ်ချုပ်ပါတယ်"

"ဗိုလ်ကြီးကို သူတို့ တစ်နေ့လုံး ချုပ်ထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား၊ အောလဘတ်ရွာထဲက ရွှေလင်းယုန်ဟိုတယ် မှာ ချုပ်ထားပါတယ်"

သူ ခေတ္တမျှ ရပ်နားပြီးနောက်-

"ဘယ်လို ဖြစ်နေကြတာလဲ၊ ကျွန်တော့်ကို မယုံကြဘူးလား၊ ကျွန်တော့် ကို ဂျာမန်သူလျှိုတစ်ယောက်လို့ ထင်နေကြသလား"

www.burmeseclassic.com

www.burmeseclassic.com



ကင်းနှင်းက-

''အခုလို အခြေအနေမျိုးမှာ ကျုပ်တို့ဟာ ဘာတစ်ခုကိုမှ အရမ်းမယုံ နိုင်ဘူး''

''ဒေါက်တာဂီလတ်နဲ့လည်း တွေ့တယ်လို့ သူ ပြောပါတယ်''

ဟောင်းဝပ်က ထောက်လိုက်သည်။

''အမှန်ပါပဲ၊ ကျွန်တော် သူ့ကို တွေ့ခဲ့ပါတယ်''

''သူ့အခြေအနေ ဘယ်လိုလဲ''

''အဲဒီမှာ နေမကောင်းတဲ့ ကလေးတစ်ယောက်ကို သူ ကုနေပါတယ် မေယာဆိုတဲ့ ဟိုတယ်ပိုင်ရှင်ရဲ့ သားကလေးပဲ''

''ဗိုလ်ကြီး ဘယ်လိုလုပ်ပြီး လွတ်လာသလဲ''

''မေယာရဲ့ အကူအညီနဲ့ပဲ ကျွန်တော် လွတ်လာပါတယ်၊ ဒီကနေ့ မနက် အရဏ်မတက်ခင်မှာ အောလဘတ်ရဲတိုက်ကြီးကို သူတို့ တိုက်ကြမှာ ရစ်တာနဲ့ စထရက်ဆာဆိုတဲ့ လူတစ်ယောက် တိုင်ပင်နေကြတာကို သူ ကြားရ တယ်၊ သူတို့က တပ်သားအချို့ကို လွှတ်ပြီး ဆွဲတံတားကြီးကို မိုင်းခွဲပြီး ဖြတ် ချကြလိမ့်မယ်၊ ဒီအကြောင်းကို ကြားရတော့ ဂီလတ်က ကျွန်တော့်ကို ထွက်ပြေး ဖို့နဲ့ ဗိုလ်ချုပ်တို့ဆီကို သတင်းပို့ဖို့ ပြောပါတယ်''

''ထွက်ပြေးတဲ့ နေရာမှာတော့ သိပ်ပြီး အခက်အခဲ မရှိဘူးပေါ့''

ဘီအားက မေးသည်။

''မေယာပဲ အားလုံး စီစဉ်ပေးပါတယ်၊ နောက်ဖေးတံခါးကို သူ ဖွင့်ထားပေးပါတယ်၊ ကျွန်တော်လည်း ဒီကိုရောက်အောင် တရကြမ်း ပြေးလာခဲ့ တာပဲ''

အတန်ကြာအောင် တိတ်ဆိတ်နေသည်။ လူအားလုံးပင် သူ့ကို ကြည့် နေကြသည်။ ကင်းနှင်း ရုတ်တရက် ပြုံးလိုက်ပြီး-

''ဟုတ်ပြီ.. ဗိုလ်ကြီး၊ ဗိုလ်ကြီး ပြောတာတွေကို ကျုပ် ယုံပါတယ်''

ဟက်ဆာဘက်သို့ လှည့်လျက်-

''သူ့အတွက် အဝတ်အစား စီစဉ်ပေးပါ ဗိုလ်မှူး''

''ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ဂျာမန်စစ်ဝတ်စုံကို ဝတ်ဖို့ ဝန်မလေးဘူးဆိုရင် ဒီဘက်ကို သွားကြရအောင် ဗိုလ်ကြီး''

ဟက်ဆာ၏ နောက်သို့ ဂျက်ဆင် လိုက်ပါသွားသည်။ သို့သော် ရုတ် တရက် ရပ်လိုက်ပြီး-

''ဗိုလ်ချုပ်ကို ကျွန်တော် အစီရင်ခံစရာတစ်ခု ရှိပါသေးတယ်''

''ဘာများလဲ''



ကင်းနှင်းက မေးလိုက်သည်။

''စထရက်ဆာဆိုတဲ့ အရပ်သားအကြောင်း ကျွန်တော် ပြောတယ် မဟုတ်လား''

''အင်း…''

''တကယ်တော့ သူ ရောမပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ၊ ရစ်တာက သူ့ ကို ဌာနချုပ်မှူးကြီးလို့ ခေါ်တာ ကျွန်တော် ကြားရတယ်''

ဟက်ဆာ၏ မျက်နှာ ဖြူရော်သွားသည်။

''ဘုရား… ဘုရား… ဘိုးမန်းပါလား'' ဟု ရွတ်ဆိုလိုက်သည်။

''ဟုတ်ပြီ၊ ဒါကြောင့် ဒီမျက်နှာကို ကျုပ် မြင်ဖူးတယ်လို့ ထင်တာ ကိုး၊ ဟစ်တလာရဲ့ အတွင်းရေးမှူး မာတင်ဘိုးမန်း၊ ၁၉၃၆ ခုနှစ်တုန်းက ဘာလင် အိုလံပစ်ပွဲတော် စင်မြင့်ပေါ်မှာ သူ့ကို မြင်ခဲ့တယ်''

ကင်းနှင်းက စိတ်အားထက်သန်စွာနှင့် ပြောလိုက်သည်။ ထို့နောက် ဟက်ဆာဘက်သို့ လှည့်ပြီး-

''ဗိုလ်မှူး သူ့ကို မမှတ်မိဘူးလား''

''ကျွန်တော် သူ့ကို တစ်ခါမှ မမြင်ဖူးပါဘူး၊ သူက ကန့်လန့်ကာ နောက်ကွယ်က လူတစ်ယောက်ပဲ''

''လက်စသတ်တော့ သူ ကျုပ်တို့ကို ဒါလောက် လိုချင်နေတာ ကျုပ် တို့ စားစာခံလုပ်ပြီး သူ့အသက် ချမ်းသာရာရဖို့ကိုး''

ကင်းနှင်းက ပြောလိုက်သည်။

ဟက်ဆာနှင့် ဂျက်ဆင်တို့ ထွက်သွားသောအခါ မဒမ်ရိုဗာလီယာက-

''ဒီကိစ္စ ဘယ်လိုတွေ ဖြစ်နိုင်သလဲ ဗိုလ်ချုပ်၊ ဘိုးမန်းအကြောင်း ကျွန်မ ကြားဖူးတယ်၊ ဟစ်တလာရဲ့ အတွင်းလူတစ်ယောက်ပဲ၊ ဟုတ်တယ် မဟုတ်လား''

''ဘာမှ စိုးရိမ်စရာ မရှိပါဘူး မဒမ်၊ ကော်ဖီသောက်ပြီး အေးအေး ဆေးဆေးသာ ထိုင်နေကြပါ၊ ကျုပ် အခုပဲ ပြန်လာခဲ့မယ်''

ယင်းသို့ ပြောပြီးနောက် ကင်းနှင်းသည် ဟောင်းဝပ်တို့နှင့်အတူ အခန်း ထဲမှ ထွက်ခဲ့သည်။ လှေကားထိပ်သို့ ရောက်သောအခါ အမှောင်ရိပ်တွင် ကင်းနှင်း ရပ်လိုက်သည်။

''ဗိုလ်ချုပ် ဘယ်လို သဘောရပါသလဲ''

ဟောင်းဝပ်က မေးလိုက်သည်။

ကင်းနှင်းက ဖိုင်းဘမ်းကို ကြည့်လျက်-

''သူ့ကို အားကိုးရပါ့မလား''

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ဘွဲ့တံဆိပ်တွေ တစ်ဆုပ်တစ်ခဲကြီး ရထားတဲ့ စစ်သား တစ်ယောက်ပါပဲ ဗိုလ်ချုပ်"

ဟောင်းဝပ်က ပြောလိုက်သည်။

"ဟုတ်ပြီ ရဲဘော်၊ ရဲဘော်ရဲ့ တာဝန်က ဘင်နာမင်ကို သိန်းငှက်တစ်ကောင်ရဲ့ မျက်လုံးနဲ့ မျက်ခြည်မပြတ် စောင့်ကြည့်နေပါ၊ သိသိသာသာကြီး ကပ်မကြည့်ပါနဲ့၊ ခပ်လှမ်းလှမ်းကနေ မသိအောင် စောင့်ကြည့်ပါ"

ဗဟိုတံခါးပေါက်ကြီး၏ အထက်ဘက် ရင်တားပေါ်သို့ ဟောင်းဝပ် တက်သွားသောအခါ ဟူးဗားကို ဂျာမန် သုံးယောက်နှင့်အတူ တွေ့ရှိရသည်။

"ဘင်နာမင်ကိစ္စ ဘယ်လို ပြီးသွားသလဲ"

"သူက ယုံလောက်တဲ့ ဇာတ်လမ်း ပြောပြတာပဲ"

"ဗိုင်းဘမ်းကော"

"ဗိုလ်ချုပ်ကင်းနင်းရဲ့ အမိန့်အရ ဥတ္တရဆောင်မှာ ဘင်နာမင်ကို စောင့်ကြည့်နေတယ်"

ထိုစဉ်မှာပင် အစောင့်တစ်ယောက်က ဂျာမန်လို ဟစ်အော်လိုက်သည်။

"ဟိုမှာတစ်ခုခုပဲ"

မီးရောင်တွင် ရစ်တာ၊ ဟော့ဖာနှင့် စထရက်ဆာတို့ ပေါ်လာသည်။

"ဟဲလို... ဗိုလ်ချုပ်ကင်းနင်းနဲ့ တွေ့ချင်ပါတယ်"

ရစ်တာ ဟစ်အော်သည်။

"ဘာကိစ္စလဲ"

ဟောင်းဝပ်က ပြန်အော်သည်။

"ဟာစထရက်ဆာက ဗိုလ်ချုပ်ကင်းနင်းနဲ့ ဆွေးနွေးစရာ ရှိပါတယ်"

"ခဏနေဦး၊ ကျုပ် သတင်းပို့မယ်"

ဗိုလ်ချုပ်ကင်းနင်းထံသို့ ဟောင်းဝပ် တယ်လီဖုန်းဖြင့် သတင်းပို့သည်။

"ထောင်ချောက်ဆင်တာ ဖြစ်နိုင်တယ် ဗိုလ်ချုပ်"

"ကျုပ်တော့ မထင်ဘူး၊ မဟုတ်တာ လုပ်ရင် ခေါင်းပြုတ်သွားနိုင်တယ် ဆိုတာ သူတို့ သိတယ်၊ တံတားကို ချပြီး သူတို့ကို အထဲသွင်းပါ၊ စထရက်ဆာကို ကျုပ်ဆီ ပို့လိုက်ပါ၊ ရစ်တာကို အဲဒီမှာပဲ ထိန်းထားပါ"



ဟူးဗားက တံခါးကို ခေါက်ပြီး စထရက်ဆာကို လမ်းပြ ခေါ်ဆောင်သွားသောအချိန်တွင် ဧည့်ခန်းဆောင်အတွင်း၌ ကင်းနင်းနှင့် ဘီအားတို့ နှစ်ဦးတည်းသာ မီးဖိုအနီးတွင် ရပ်လျက် ရှိကြသည်။ စထရက်ဆာက လက်နှစ်ဖက်ကို သားရေကုတ်အင်္ကျီအိတ်များအတွင်းတွင် ထည့်ထားပြီး ခန်းမအလယ်တွင် တည်ငြိမ်စွာ ရပ်ပြီး-

"မင်္ဂလာပါ လူကြီးမင်းများ"

ကင်းနင်းက ဟူးဗားကို ခေါင်းညိတ်လိုက်ပြီး-

"မောင်ရင် အပြင်မှာ စောင့်နေပါ၊ အကြောင်းရှိရင် ကျုပ် ခေါ်လိုက်မယ်"

ဟူးဗား ထွက်သွားသည်။ စထရက်ဆာမီးဖိုအနီးသို့ လျှောက်လာပြီး လက်နှစ်ဖက်ကို မီးကင်သည်။

"အပြင်မှ တကယ်အေးတာပဲ၊ အရိုးတွေ အက်ကွဲကုန်မလား အောက်မေ့ရဟယ်"

ကင်းနင်းက ဘီအားကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ဘီအားက နံရံကပ်ဗီရိုဆီသို့ လျှောက်သွားသည်။ ဘရန်ဒီများများ တစ်ခွက် ငှဲ့ယူပြီး ပြန်လာသည်။

"ကျုပ်တို့ရဲ့ လူသားဝါဒကို ပြတာပါပဲ၊ ကဲ ဘာကိစ္စလဲဆိုတာ ပြောပါဦး ဘိုးမန်း"

စထရက်ဆာ ဘရန်ဒီ သောက်ရာမှ ရပ်လိုက်ပြီး-

"စထရက်ဆာပါ ဗိုလ်ချုပ်၊ ကျွန်တော့်နာမည် စထရက်ဆာပါ"

"အံ့သြစရာပဲ၊ ခင်ဗျားဟာ ၁၉၃၆ ခုနှစ်က ဘာလင် အိုလံပစ်မှာ ဟစ်တလာရဲ့နောက် စင်မြင့်ပေါ်မှာ ရပ်နေတဲ့ ဌာနချုပ်မှူး မာတင်ဘိုးမန်းနဲ့ တစ်ထေရာတည်းပဲ"

"ကျွန်တော့်ကို မြှောက်လိုက်တာပဲ၊ အမှန်ကို ပြောရရင် ကျွန်တော်ဟာ စစ်သုံ့ပန်းဌာနချုပ်က သိပ်အရေးမကြီးတဲ့ အရာရှိ တစ်ယောက်ပါပဲ"

"ကောင်းပြီလေ၊ ခင်ဗျား လာတဲ့ ကိစ္စကို ပြောပါဦး"

"ဗိုလ်ချုပ်တို့ရဲ့ အခြေအနေကို စဉ်းစားကြည့်ရအောင်၊ ဗိုလ်ချုပ်တို့မှာ အားလုံးပေါင်း လူ ၂၄ ယောက်ပဲ ရှိတယ်၊ အမျိုးသမီးတွေကို ထည့်တွက်ရင်တော့ ၂၆ ယောက်ပေါ့၊ ဗိုလ်ချုပ်ရဲ့ လူတွေ အကုန်လုံးလောက်ဟာလည်း တစ်ခါမှ မတိုက်ဖူးတဲ့ အရန်တွေနဲ့ သေနတ်ကို ကောင်းကောင်း မကိုင်နိုင်တဲ့ ဒုက္ခိတတွေပဲ ဖြစ်တယ်"

"အဲဒီတော့..."

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့ဘက်မှာက တိုက်ပွဲ ၁၀၀ အောင်ပွဲ ၁၀၀ ဆင်နွှဲလာတဲ့ လက်ရွေးစင် တပ်သား ၄၀ ရှိတယ်''

''ခင်ဗျား ပြောချင်တာက ဘာလဲ''

''ကျွန်တော်တို့ တိုက်လို့ရှိရင် ဗိုလ်ချုပ်တို့မှာ ပျက်သုဉ်းခြင်းပဲ ဖြစ်နိုင်တယ်''

''ဒါက ခင်ဗျားရဲ့ အယူအဆပဲ၊ ဒါလည်း ထားပါဦး၊ အဲဒီတော့ ခင်ဗျားက ဘာဖြစ်စေချင်သလဲ''

''ဗိုလ်ချုပ်နဲ့ ဗိုလ်မှူးကြီးဘီအားတို့ နှစ်ယောက်ကို ကျွန်တော်တို့ လက်ထဲ အပ်မယ်ဆိုရင် ကျွန်တော်တို့ ကျေနပ်ပါပြီ၊ အမျိုးသမီးတွေကို ဘေးကင်း ရန်ကင်း လွှတ်ပေးလိုက်မယ်''

''မဖြစ်နိုင်ဘူး''

ကင်းနင်းက ပြောလိုက်သည်။

စထရက်ဆာက ဘီအားဘက်သို့ လှည့်ပြီး-

''ဗိုလ်မှူးကကော...''

''ဝမ်းနည်းပါတယ်''

''အမျိုးသမီးတွေရဲ့ ဆန္ဒကိုကော မမေးတော့ဘူးလား၊ ဒီကိစ္စမှာ သူတို့လည်း ပြောပိုင်ခွင့် ရှိလိမ့်မယ်နဲ့ တူတယ်''

ကင်းနင်း ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် တံခါးဝဆီသို့ လျှောက်သွားသည်။ ဟူးဗားကို တစ်စံတစ်ရာ ပြောကြားပြီးနောက် ပြန်လာခဲ့သည်။

''အခုပဲ သူတို့ ရောက်လာလိမ့်မယ်''

ကင်းနင်းနှင့် ဘီအားတို့ စီးကရက် မီးညှိပြီးနောက် စထရက်ဆာ အခန်းကို လေ့လာကြည့်ရှုသည်။ စန္ဒရားပေါ်မှ နှင်းဆီပန်းအိုးကြီးကို တွေ့မြင်သွားသည်။

''အား...ကျုပ် အကြိုက်ဆုံး ပန်းတွေပဲ၊ ဆောင်းနှင်းဆီ၊ လူတစ်ယောက်ရဲ့ စိတ်နှလုံးကို ရွှင်လန်းချမ်းမြေ့စေနိုင်တဲ့ ပန်းပဲ''

စထရက်ဆာက လိုက်လိုက်လှဲလှဲ ပြောဆိုသည်။

တံခါးပွင့်သွားပြီး မဒန်ရှီဗာလီယာ၊ ကလဲယာနှင့် ဂျက်ဆင်တို့ ဝင်ရောက်လာသည်။ စထရက်ဆာက ဂျက်ဆင်ကို ပြုံးလိုက်ပြီး-

''ခင်ဗျားကို ညစာဝိုင်းမှာ မတွေ့ရတော့ဘူး''

''ကျွန်တော် မနေနိုင်တာ ဝမ်းနည်းပါတယ်''

''ကဲ အမျိုးသမီးတွေကို ခင်ဗျား စကားပြောချင်တယ်ဆို၊ သူတို့ ရောက်လာကြပြီ''



ကင်းနင်းက ပြောလိုက်သည်။

''ကျွန်တော်က အမျိုးသမီးနှစ်ယောက်ကို လွှတ်မြောက်ခွင့် ပေးပါတယ်၊ အာမခံပါတယ်၊ စည်းကမ်းချက်ကတော့ ဗိုလ်ချုပ်ကင်းနင်းနဲ့ ဗိုလ်မှူးကြီး ကျွန်တော်တို့နဲ့အတူ လိုက်ရပါမယ်''

မဒမ်ရှီဗာလီယာက ဘာမှ မပြောဘဲ စန္ဒရားခုံတွင် ထိုင်ပြီး ခလုတ်သွား ကို တို့ခတ်နေသည်။ ကလဲယာက နှင်းဆီပန်းအိုးဆီသို့ လျှောက်သွားပြီး ငုံ့မွှေး သည်။

စထရက်ဆာက-

''ကျွန်တော် သိသလောက်တော့ ဆောင်းနှင်းဆီဟာတခြားပန်းတွေ ထက် ပိုပြီး ဂရုစိုက်ဖို့၊ ပျိုးထောင်ဖို့၊ ကျွမ်းကျင်ဖို့ လိုတယ်လို့ ထင်တယ်၊ ဒီပန်းတွေကို မဒမ် စိုက်တာပဲလား''

''ဟုတ်ပါတယ်ရှင်၊ လူကြီးမင်း မြင်တွေ့တဲ့အတိုင်းပါပဲ၊ ကျွန်မမှာ ဒီပန်းတွေကို ပြုစုပျိုးထောင်ဖို့ ရှိနေပါသေးတယ်၊ လောလောဆယ်မှာ ဘယ်ကိုမှ မသွားနိုင်သေးပါဘူး''

''အမျိုးသမီး ပြောတာ ကြားတယ် မဟုတ်လား''

ကင်းနင်းက မေးလိုက်သည်။

စထရက်ဆာက နှင်းဆီပန်း အပွင့်ကောင်းကောင်းတစ်ခုကို ရွေးယူလိုက်ပြီး ရိုးတံကို ချိုးကာ အင်္ကျီ ကြယ်သီးပေါက်တွင် စိုက်လိုက်သည်။

''အင်း...ဒီကို လာရကျိုး နပ်ပါတယ်၊ ဗိုလ်ချုပ်ကော ဆောင်းနှင်းဆီ ကြိုက်သလား''

''ကျုပ်ကတော့ မဒမ်ဒီဘိုဗီး စိုက်တဲ့ ပန်း ဘာပန်း၊ ဆို ကြိုက်တာပဲ''

''ဟုတ်ပြီ၊ ကဲ ဒီလိုဆိုရင် ဗိုလ်ချုပ်ရဲ့ ရှာပနကျူရင် ဆောင်းနှင်းဆီ လှလှကလေး တစ်ပွင့် ကျွန်တော် ပို့ပေးပါ့မယ်၊ ကဲ လောလောဆယ်တော့ ကျွန်တော် ပြန်လိုက်ပါဦးမယ်''

ဂျက်ဆင်သည် ၄င်းအတွက် ပေးထားသော အခန်းတွင်းရှိ ခုတင်ပေါ်သို့ လဲလျောင်း ရင်း အချိန်ကို စောင့်ဆိုင်းလျက် ရှိသည်။ သူ၏ နာရီကို ကြည့်သည်။ ၁၂ နာရီ ထိုးပြီး၍ မိနစ် ၂၀ ရှိလေပြီ။ နောက် ၁၀ မိနစ်ဆိုလျှင် သွားရမည်။ ဒီးကရက်တစ်လိပ်ကို မီးညှိပြီး ချောက်ချားစွာ ရှိုက်ဖွာလျက် ရှိသည်။

နာရီကို ထပ်ကြည့်သည်။ အချိန်ကျပြီ။ အိပ်ရာမှ ထပြီး တံခါးဆီသို့ သွားသည်။ တံခါးကို ဖွင့်ပြီး ကြည့်လိုက်သောအခါ စင်္ကြံလမ်းသည် လူသူ လေးပါး ရှင်းလင်းလျက် ရှိသည်။ တစ်ဖက်တွင် မီးလုံးလေး တစ်လုံးသာ ထွန်းထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရီးယှောက် ရှိသည်။ ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ်တွင် သူ့ကိုယ်သူ ကြည့်လိုက်မိသည်။ သူက ဟက်ဆာ၏ စစ်ဝတ်စုံကို ဝတ်ထားသည်။သူနှင့် အတော်ဝင် ဖြစ်သည်။

ဂျက်ဆင် ဆက်ပြီး လျှောက်သွားသည်။ နံရံတစ်လျှောက်ရှိ ပုံတူ ပန်းချီကားကြီးများက သူ့ကို ပြုံးပြီး ကြည့်နေကြသည်။ တစ်ဖက်ထိပ်သို့ ရောက်သောအခါ လှေကားကို တွေ့သည်။ လှေကားထိပ်ရှိ တံခါးဖြူလေးတစ်ခုရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် တံခါးကို ခေါက်လိုက်သည်။

ချက်ချင်းဆိုသလိုပင် တံခါး ဟဟကလေး ပွင့်လာသည်။ အတွင်းမှ လူသည် အသင့် စောင့်ဆိုင်းနေဟန် ရှိသည်။

“ဗိမာန်”

ဂျက်ဆင်က တိုးတိုးကလေး ပြောလိုက်သည်။

“ဟုတ်ပြီ၊ အားလုံး အဆင်သင့်ပဲ”

ကလဲယာဒီဘိုစီးက ပြောသည်။

ဂျက်ဆင်က အခန်းတွင်းသို့ ဝင်သည်။ မျက်နှာသစ် စင်ပေါ်တွင် ရှမ်စ်ဆာ သေနတ်တစ်လက်နှင့် ဖောက်ခွဲရန် ပစ္စည်းများ အပြည့်အစုံ ရှိနေသည်။ သူက ဖောက်ခွဲရန် ပစ္စည်းများကို အင်္ကျီအိတ်များအတွင်းသို့ ထည့်လိုက်ပြီး သေနတ်ကို ကောက်ယူလိုက်သည်။

“ဘာလိုသေးသလဲ”

အမျိုးသမီးက မေးသည်။ သူမ၏ မျက်နှာ ဖြူရော်လျက် ရှိသည်။ သို့သော် တည်ငြိမ်လျက် ရှိသည်။

“သေနတ်ကလေး တစ်လက်လောက် ရချင်သေးတယ် ရှိသလား”

အမျိုးသမီးက ဗီရိုအံဆွဲကို ဖွင့်ပြီး ဝေါလသာပစ္စတိုသေနတ်ကို ပေးလိုက်သည်။ ဂျက်ဆင်က သေနတ်ကို စစ်ဆေးကြည့်ရှုပြီးနောက် အင်္ကျီ၏ အောက်ဘက် ခါးကြားတွင် ထိုးထားလိုက်သည်။

“သူ ဒီရောက်မှ ရေဒီယိုအဆက်အသွယ် ရသေးသလား”

“လွန်ခဲ့တဲ့ မိနစ် ၂၀ ကပဲ ရတယ်၊ အားလုံး စီစဉ်ထားတဲ့အတိုင်းပဲ၊ ရှင့်ကို သူတို့ စောင့်နေကြတယ်၊ ရဲတိုက် ရင်ပြင်ကို အဖြတ်မှာ ဂရိတ်ကုတ်ကြီး တစ်ထည် ဝတ်ပြီး ဦးထုပ်တစ်လုံး ဆောင်းသွားရင် ကောင်းမယ်၊ ရင်ပြင်ထဲမှာ လူတွေ ရှိနေတယ်၊ စကြံထိပ် လှေကားကလေးကနေ ဆင်းသွားရင် အဝင်အခန်းမကြီးကို ရောက်သွားမယ်၊ လှေကားရင်းမှာ အင်္ကျီတွေ ထားတဲ့ တန်းကို တွေ့လိမ့်မယ်၊ တံတားကြီးကို အတင်အချ လုပ်တဲ့ အခန်းက ဥမင်တံခါးဝရဲ့ ဘယ်ဘက်က ပထမဆုံး တွေ့တဲ့အခန်းပဲ”



ဧည့်ခန်းဆောက်တွင် ကင်းနှင်း တစ်ယောက်တည်း မီးလှုံလျက် ရှိစဉ် ဟက်ဆာ ဝင်ရောက်လာသည်။

“တကယ် အေးတာပဲ၊ ဗိုလ်ချုပ် ကျွန်တော့်ကို ခေါ်တယ်ဆို”

“ဆိုကြပါစို့၊ ဆွဲတံခါးကြီး အောက်ကို ကျသွားမယ်၊ တံခါးမကြီးကို ဖောက်ခွဲပစ်လိုက်မယ် ဆိုရင် နောက် ဘာဖြစ်မလဲ”

“သံချပ်ကာ ကားတွေနဲ့ သူတို့ တက်လာမှာပေါ့”

“ဟုတ်တယ်၊ အမ်းမတ်ကားတွေနဲ့ တက်လာကြမယ်၊ ကျုပ်တို့မှာ ဒီကားတွေကို တိုက်နိုင်တဲ့ လက်နက် ဘာမှ မရှိဘူး၊ ကံကောင်းလို့ရှိရင်တော့ တစ်ယောက်ယောက်က အနားနားကပ်ပြီး လက်ပစ်ဗုံးနဲ့ ပစ်နိုင်ရင်...”

“မှန်ပါတယ် ဗိုလ်မှူးဒါပေမဲ့ ဗိုလ်ချုပ်မှာ စိတ်ကူးတစ်ခု ရှိလို့ ဒီကိစ္စကို မေးတာ မဟုတ်လား”

ကင်းနှင်းက ပြုံးလိုက်ပြီး-

“အင်း...ကျုပ်တို့ ပေါင်းလာကြတာ ကြာပြီပဲ မက်စ်၊ ဟုတ်ပြီ ရင်ပြင်ကြီးရဲ့ အလယ်မှာ ဘစ်ဘာသာ အမြောက်ကြီး ရှိတယ် မဟုတ်လား”

“အဲဒီအမြောက်ကြီးကို နပိုလီယံ စစ်ပွဲ ပြီးကတည်းက တစ်ခါမှ မပစ်ဖူးသေးဘူး”

ဟက်ဆာက ပြောလိုက်သည်။

“ကျုပ် သိတယ်၊ ဒါပေမဲ့ ဒီအမြောက်ကြီးဟာ အခုထက်ထိ အကောင်း အတိုင်းပဲ ရှိသေးတယ်၊ ရှနေဒါကို တာဝန်ပေးပါ၊ ပြောင်းထဲကို ယမ်းထည့်ပါ၊ နောက်မှ သံတိုမယ်နတွေ ထည့်ပါ၊ နောက်ပြီးတော့ တံခါးဝက ဥမင်ဘက်ကို တည့်တည့်ချိန်ထားပါ၊ ပထမဆုံး ဝင်လာတဲ့ သံချပ်ကာကားကိုတော့ တစ်ချက်တည်း ရှင်းပစ်လိုက်နိုင်မှာ အမှန်ပဲ”

“ဒါမှမဟုတ် ပစ်တဲ့လူရဲ့မျက်နှာ အစိတ်အစိတ်အမြွာမြွာ ဖြစ်သွားမယ်”

“အဲဒါတော့ ကိစ္စမရှိဘူး၊ ပစ်မယ့်လူက ကျုပ်ပဲ၊ ကျုပ် တွက်ပြီးပြီ၊ ကျုပ် ဆုံးဖြတ်ပြီးပြီ”

ဟက်ဆာ သက်မချလိုက်ပြီး-

“ကောင်းပါပြီ ဗိုလ်ချုပ်၊ ဒီမှာ ဗိုလ်ချုပ် အုပ်ချုပ်နေတာပဲ၊ ကျွန်တော် မဟုတ်ဘူး”

ထို့နောက် ဂျာမန်ဗိုလ်မှူးကြီး အပြင်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

- ၁၃ -

ဂျက်ဆင်သည် နောက်ဖေး လှေကားမှ နေ၍ ခပ်သုတ်သုတ် ဆင်းသွားသည်။ အောက်ထပ်သို့ ရောက်သောအခါ ရပ်တန့်လိုက်သည်။ အမှောင်ရိပ်တွင် ပုန်းကွယ်လိုက်သည်။ သို့သော် သူ၏ ကြိုတင်ကာကွယ်မှုသည် မလိုအပ်ပါချေ။ ခန်းမကြီးထဲတွင် လူတစ်ယောက်မှ မရှိပါချေ။ သို့ဖြင့် သူ၏ လက်ဝဲဘက်ရှိ တံခါးလေးကို ဖွင့်လိုက်ပြီး အတွင်းဘက်သို့ ဝင်လိုက်သည်။ အခန်းဆီးကို ဖွင့်လိုက်သည်။

ကလဲယာ ပြောလိုက်သည့်အတိုင်းပင် ကုတ်အင်္ကျီကြီးများ ထားသည့် အခန်း ဖြစ်သည်။ ချိတ်များတွင် ကုတ်အင်္ကျီများနှင့် ဦးထုပ်များ ချိတ်ထားသည်။ သံခမောက် နှစ်လုံးကိုပင် တွေ့ရှိရသည်။ ခေတ္တမျှ တုံ့ဆိုင်းချိန်ဆပြီးနောက် အရာရှိသုံး ဂရိတ်ကုတ်ကြီးနှင့် စစ်မြေပြင်သုံး ဦးထုပ်တစ်လုံးကို ဆွဲယူလိုက်သည်။ သူနှင့် ဟက်ဆာတို့သည် ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းချင်း အတူတူလောက်ပင် ဖြစ်သည်။ မှောင်ထဲတွင်ဆိုလျှင် သူ့ကို ဗိုလ်ချုပ်ကြီးဟက်ဆာဟု ထင်မှတ်နိုင်ကြသည်။

ရှေ့တံခါးမကြီးကို ဖွင့်လိုက်သောအခါ နှင်းများ ပက်ဝင်လာသည်။ အပြင်ဘက်သို့ သူ လျင်မြန်စွာ ထွက်လိုက်သည်။ လှေကားထစ်များ၏ ထိပ်တွင် ရပ်ပြီး ကုတ်အင်္ကျီကြီးကို ဝတ်သည်။ ဦးထုပ်ကို ဆောင်းလိုက်သည်။ ရင်ပြင်တစ်ခုလုံး မှောင်နေသည်။ သို့သော် ရင်ပြင်ကြီး၏ အလယ်လောက်တွင် ဂျာမန်စစ်သားများသည် ဟောင်းဝပ်နှင့် ဟူးဗားတို့၏ ကြီးကြပ်မှုအောက်တွင် လက်ဆွဲမှန်အိမ် အလင်းရောင်ဖြင့် ဘစ်ဘာသာ အမြောက်ကြီးကို ပြုပြင်လျက် ရှိကြသည်။

ဂျက်ဆင်သည် လက်ဝဲဘက်သို့ ဆင်းသွားပြီး အမှောင်တွင်းသို့ ဝင်ရောက်သည်။ အုတ်ရိုးကြီး၏ အရိပ်ကို ခိုပြီး တံခါးမကြီးဆီသို့ လျှောက်သွားသည်။ ဥမင်ထိပ်တွင် သူ ခဏရပ်လိုက်သည်။ ညသည် တိတ်ဆိတ်လျက်ရှိသည်။ ရှုံ့ဖန်ရံခါမှသာ ရင်ပြင်လယ်မှ လူအုပ်ကြီးဆီမှ အသံများ ထွက်လာသည်။



...ရှတ်တရက် ဆိုသလို သူ့မျက်နှာကို လေပြင်းတစ်ချက် တိုးဝှေ့သည်။

ဂျက်ဆင်သည် တစ်စုံတစ်ခုကို နားစွင့်နေဟန် ရှိသည်။ စောင့်ဆိုင်းနေဟန် ရှိသည်။ သို့သော် ဘာရယ်လို့တော့ သေသေချာချာ မသိ။

ထို့နောက် ဥမင်ထဲသို့ သူ လျှောက်ဝင်သွားသည်။ ကလဲယာက လက်ဝဲဘက် ပထမဆုံး အခန်းဟု ပြောလိုက်သည်။ ဂျက်ဆင်သည် သေနတ်ကို လက်ထဲတွင် အသင့်ကိုင်ထားပြီး တံခါးလက်ကိုင်ကို လှည့်လိုက်သည်။ ဖြည်းညင်းစွာ ...ွင့်သွားသည်။ တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ သူ ဝင်သွားသည်။

အခန်းထဲတွင် မီးလုံး တစ်လုံးသာ ရှိသည်။ ပေါ်ဂီလတ်ကို ရွှေလင်းယုန် ...ိုတယ်တွင် စောင့်ကြပ်ခဲ့ရသော ဂန်သာဖော့သည် တံခါးကို ကျောပေးပြီး ခွေးခြေကလေးတစ်ခုတွင် ထိုင်ကာ စာဖတ်နေသည်။

''ဟန်လားဟော့၊ အချိန်ပြည့်ပြီလား''

သူက လှည့်မကြည့်ဘဲ မေးလိုက်သည်။

ဂျက်ဆင်က တံခါးကို ချောက်ခနဲ ကျသွားအောင် ပြန်ပိတ်လိုက်သည်။ ...ဖော့ လှည့်ကြည့်သည်။ ပါးစပ် ပြဲသွားသည်။

''ကျုပ် ပြောတဲ့အတိုင်း လုပ်ပါ''

ဂျက်ဆင်က ပြောလိုက်သည်။ အခန်းထဲသို့ သူ လျှောက်ဝင်သွားသည်။ ...ဖော့၏ မော်ဇာရိုင်ဖယ်ကို ကောက်ယူလိုက်ပြီး လက်လှမ်းမမီနိုင်သော အိပ်စင် ...တစ်ခုပေါ်သို့ ပစ်တင်လိုက်သည်။

''ခင်ဗျား ဘာလုပ်မလို့လဲ''

ဖော့က ထိတ်လန့်စွာ မေးလိုက်သည်။ သူ့မျက်နှာတွင် ချွေးတွေပြန် ...လာသည်။

''ကျုပ် ဘာမှ မလုပ်ပါဘူး၊ လုပ်ရမှာက ခင်ဗျားပါ''

သူ၏ လည်ကုပ်ကို လေအေးတစ်ချက် တိုက်ခတ်လာသည်။ တံခါးဆီ... အသံ တိုးတိုးသဲ့သဲ့ ကြားရသည်။

''ကဲ... ကိုယ့်လူ ကိစ္စပြီးပြီ''

ဖိုင်းဘမ်းက ပြောလိုက်သည်။

ထိုအချိန်မှာပင် ဂျက်ဆင်က ချာခနဲ လှည့်လိုက်သည်။ သေနတ်ကို ...မြှောက်ချိန်လိုက်သည်။ သို့သော် ဖိုင်းဘမ်းက သူ့လက်မောင်းကို ပစ်ထည့်လိုက်သည်။ သူ နောက်သို့ လဲကျသွားသည်။ သူ့လက်ထဲမှ သေနတ် လွင့်ကျသွားသည်။ ...က်ဆင် လူးလဲထသည်။ သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် လက်ချောင်း...ကြားမှ သွေးများ စီးကျနေသည်။

''သူ့ကို ရှာမလား''

www.burmeseclassic.com

www.burmeseclassic.com



ဖိုင်းဘမ်းက ဇော့ကို ပြောလိုက်သည်။ သူ့ကိုယ်မှ စနက်တံများနှ... ပလတ်စတစ်ခွင်းဖုံးများကို တွေ့သည်။

ထိုစဉ် တံခါးပွင့်သွားပြီး ဟောင်းဝပ်နှင့် ဟူးဗားတို့ ပြေးဝင်လာ... ကြသည်။

သေနတ်သံကို ကလဲယာ ကြားလိုက်ရသည်။ သူမ၏ ပြတင်းပေါက်မှ ... ရှေ့ရင်ပြင်ကို မမြင်ရပါ။ ရေဥယျာဉ်ကိုသာ တွေ့မြင်ရသည်။

သေနတ်သံ တစ်ခုခု ဖြစ်နိုင်သည်။ ဂျက်ဆင်တစ်ခုခု ဖြစ်နိုင်သည်။ ကလဲယာ ခုတင်စွန်းတွင် ထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိပြီး သောက်သည်။ စိတ်မတည်ငြိမ်ပါ။ ဘာဖြစ်သနည်း ဆိုသည်ကို သိဖို့ လိုသည်။ ဖြစ်ပေါ်လာ... သော အခြေအနေကို သူမအနေနှင့် မရှောင်လွှဲနိုင်ပါ။ သို့ဖြင့် သူမသည် မျက်... သစ် စင်အောက် တံခါးကို ဖွင့်ပြီး ဝေါလသာပစ္စတိုသေနတ်တစ်လက်ကို ထုတ်... ယူလိုက်သည်။ သေနတ်ကို သူမ၏ ဂျက်ကတ်အင်္ကျီအိတ်ထဲသို့ ထည့်ပြီး အခန်း... ထဲမှ ထွက်သွားသည်။

ဧည့်ခန်းဆောင်တွင် ကင်းနင်း၊ ဘီအား၊ ဟက်ဆာတို့နှင့်အတူ မဒမ်... ရှီဗာလီယာလည်း ရောက်ရှိနေပြီ ဖြစ်သည်။

''ဘာဖြစ်တာလဲ၊ သေနတ်သံတစ်ချက် ကျွန်မ ကြားလိုက်တယ်''

ကလဲယာက မေးလိုက်သည်။

ကင်းနင်းက သူမ၏ ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်ပြီး–

''ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ အခြေအနေအားလုံး ထိန်းနိုင်ပါတယ်... အခုပဲ ဟောင်းဝပ်ဆီက ဖုန်းလာတယ်၊ ဂျက်ဆင်ဖောက်ကာပဲပေါ့၊ သူ့ကို အ... ဒီကို ခေါ်လာနေကြပြီ''

မဒမ်ရှီဗာလီယာ ရှိရာ မီးဖိုအနီးသို့ ကလဲယာ လျှောက်သွားသည်။ ... တံခါးဖွင့်ပြီး ဟောင်းဝပ် ဝင်လာသည်။ နောက်မှ ဂျက်ဆင်နှင့် ဖိုင်းဘမ်း... ပါလာသည်။ ဂျက်ဆင်၏ ကိုယ်တွင် ဂရိတ်ကုတ်ကြီး မရှိတော့။ သူ့လက်မောင်း... တွင် အဝတ်စည်းထားသည်။

''ကဲ... ဘယ်လိုဖြစ်တာလဲ''

ကင်းနင်းက မေးသည်။

ဟောင်းဝပ်က ဖောက်ခွဲကိရိယာများကို ပြပြီး–

''ဆွဲတံတားထိန်းတဲ့ ဘီးကြီးကို ဖောက်ခွဲမလို့ဘဲ၊ ဖိုင်းဘမ်းက နော...



... ထက်ကြပ်ပါသွားလို့ ကျွန်တော်တို့အားလုံး ကံကောင်းကြတာပေါ့''

ကင်းနင်းက ဂျက်ဆင်သို့ လှည့်လျက်–

''ကဲ... ဘင်နာဆင်၊ မင်းနာမည် ဘာပဲဖြစ်ဖြစ်ပေါ့၊ မင်း ဘယ်သူဆို... ... မင်း ဘာဆို ပြောစမ်းပါ''

''ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ကျွန်တော်လည်း အဲဒီမေးခွန်းကို ဖြေဖို့ ကြိုးစားနေတာ အနှစ် ၃၀ ရှိပါပြီ၊ အခုအထိတော့ မဖြေနိုင်သေးပါဘူး''

ကင်းနင်းက တစ်ခုခု ပြောမည်ရှိစဉ် တံခါးပွင့်လာပြီး ဟူးဗား ဝင်... လာသည်။

''ဗိုလ်ချုပ်ကြီး ခင်ဗျား''

''ဘာလဲ''

တံတားထိန်းရုံးမှာ အစောင့်ကျနေတဲ့ စစ်သားက ဗိုလ်ချုပ်ကြီးနဲ့ ဖြစ်... ...၊ ဒါမှမဟုတ် ဗိုလ်မှူးကြီးနဲ့ ဖြစ်ဖြစ် တွေ့ချင်တယ်လို့ ပြောနေပါတယ်၊ ...နဲ့ ပတ်သက်လို့ သူမှာ ပြောချင်စရာ ရှိတယ်လို့ ပြောပါတယ်''

''ကောင်းပြီ၊ သူ့ကို ခေါ်ခဲ့''

အခန်းတွင်းသို့ ဇော့ ဝင်ရောက်လာသည်။

''သူ အင်္ဂလိပ်စကား မတတ်ဘူး၊ သူ့ကို ကျုပ် မေးမယ်''

ဟက်ဆာက ပြောလိုက်သည်။

ဇော့က ဂျက်ဆင်ကို လက်ညှိုးထိုးပြီး ကရားရေလွှတ်သလို ပြောသည်။ ...စကား ဆုံးသောအခါ ဟက်ဆာ မျက်မှောင်ကြုတ်လျက် ရှိသည်။

''ဘာတဲ့လဲ အကောင်းလား... အဆိုးလား...''

ကင်းနင်းက မေးလိုက်သည်။ ဟက်ဆာက ဂျက်ဆင်ကို ကြည့်လျက်–

''ဒီလူ့ကို မနေ့က အောလဘတ်မှာ သူ တွေ့ခဲ့တယ်တဲ့၊ မနေ့က ...တို့ အောလဘတ်ကို ရောက်လာတုန်းက သူဟာ ကားထဲမှာ စထေရ်က်ဆာတို့ ...အတူ ပါလာတယ်တဲ့၊ အဲဒီတုန်းက သူက ဂျာမန် နာဇီ ယူနီဖောင်း ဝတ်ထား... ...ယ်တဲ့''

''ဟုတ်လား၊ တယ်ဟုတ်ပါလား၊ မင်း အင်္ဂလိပ်စကား ဘယ်မှာ ...င်သလဲ ဘင်နာဆင်၊ ကျုပ် မင်းကို ချီးကျူးပါတယ်၊ တကယ် တော်တာပဲ''

''ဗိုလ်ချုပ် သူ့ကို ဂျာမန်လို့ ထင်လို့လား၊ မဟုတ်ဘူး၊ သူ့အင်္ကျီမှာ ...အမေရိကန်နိုင်ငံတံဆိပ် ပါတယ်တဲ့၊ ဇော့က ပြောတယ်''

ဟက်ဆာက ပြောလိုက်သည်။

ခေတ္တမျှ တိတ်ဆိတ်နေသည်။ ကင်းနင်းသည် ဂျက်ဆင်ကို ကြည့်လိုက်... ...သည်။ ထို့နောက် ဟက်ဆာဘက်သို့ လှည့်ပြီး မယုံကြည်နိုင်သော အမူအရာဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



''သူဟာ အမေရိကန်အစစ် တစ်ယောက်ပဲလို့ ခင်ဗျား ပြောတာလား''

''နာဇီတပ်မတော်မှာ နိုင်ငံခြားသားတွေ ရှိပါတယ်၊ နိုင်ငံစုံက လာတာ တွေကို စုထားတဲ့ နိုင်ငံခြားတပ်ဖွဲ့တွေ ရှိပါတယ်''

''တိုင်းပြည်နဲ့ လူမျိုးကို ရောင်းစားတဲ့ အမေရိကန်တွေ ရှိတယ်လို့ ခင်ဗျား ပြောနေတာလား''

''အများကြီးတော့ မဟုတ်ပါဘူး၊ လက်တစ်ဆုပ်စာလောက်ပါပဲ၊ သူတို့ ကို ကျားဝါရှင်တန်တပ်ဖွဲ့လို့ ခေါ်ပါတယ်''

ကင်းနှင်းက ဂျက်ဆင်၏ မျက်နှာကို လက်ပြန်ရိုက်လိုက်သည်။

''ခွေးမသား... သစ္စာဖောက်''

ဂျက်ဆင် ယိမ်းထိုးပြီး မဒမ်ရှီဗာလီယာအနီးသို့ ရောက်ရှိသွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူက အဘွားကြီး၏ လည်ပင်းကို လက်တစ်ဖက်နှင့် ရစ်သိုင်းလိုက်ပြီး တခြား လက်တစ်ဖက်က ၄င်း၏ ခါးမှ ပစ္စတိုသေနတ်ကို ထုတ်ယူလိုက်သည်။

''အားလုံး ကိုယ့်နေရာမှာ ကိုယ် ရပ်နေပါ''

ကလဲယာသည် ၄င်းတို့ နှစ်ယောက်၏ လက်ဝဲဘက်တွင် နီးကပ်စွာ ရှိနေသည်။ သူမ၏ လက်များက ဂျာကင်အင်္ကျီအိတ်များထဲသို့ နှိုက်ထားသည်။

ဂျက်ဆင်က-

''လောကကြီးဟာ အင်မတန် ရယ်စရာကောင်းတယ် ဗိုလ်ချုပ်၊ သိပ် မကြာခင်တုန်းက ကျွန်တော်ဟာ ဖင်လန်နိုင်ငံဘက်ကနေပြီး ရုရှတွေကို တိုက် ခဲ့တဲ့ အမေရိကန် လူငယ် ရဲဘော်တစ်ယောက် ဖြစ်တယ်၊ နောက်ကျတော့ ဗြုန်းခနဲဆို ဖင်လန်တွေက နာဇီတွေနဲ့ ပေါင်းသွားပြီး ရုရှတွေကို တိုက်ပြန်တယ် အခြေအနေက နည်းနည်းတော့ ရှုပ်ထွေးသွားတာပေါ့''

''သူ့ကို လွှတ်လိုက်ပါ၊ သူက အဘွားကြီးတစ်ယောက်ပဲ''

ကင်းနှင်းက ပြောလိုက်သည်။

''ကျွန်တော် သူ့ကို မလွှတ်နိုင်ပါဘူး ဗိုလ်ချုပ်၊ သူ ကျွန်တော်နဲ့အ ရဲတိုက်ကြီးရဲ့ အပြင်ဘက် ရောက်တဲ့အထိ လိုက်ရလိမ့်မယ်''

သူတို့အနီးသို့ ကလဲယာ တိုးကပ်သွားသည်။ သူမ၏ လက်ယာလက်က အင်္ကျီအိတ်ထဲမှ နှိုက်လိုက်သည်။ ပစ္စတိုသေနတ် ပါလာသည်။ သူမက သေ ပြောင်းကို သူ့နံဘေးတွင် တေ့ပြီး မောင်းကို ဆွဲလိုက်သည်။

သေနတ်သံ ကျယ်လောင်လှသည်။ တစ်ခန်းလုံး တုန်လှုပ်သွားသည်။ ဂျက်ဆင် တစ်ချက် အော်လိုက်ပြီး နောက်သို့ လဲကျသွားသည်။ ကလဲယာ သေနတ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်ပြီး သေနတ်မောင်းကို တစ်ချက်ပြီး တစ်



...နေသည်။ ကျည်ကုန်သည်အထိ ဖြစ်သည်။ ဂျက်ဆင်၏ ကိုယ်ခန္ဓာ မီးဖိုအနီး အထိ ရောက်ရှိသွားသည်။

ဂျက်ဆင်၏ ကိုယ်ခန္ဓာကြီး ကြမ်းပြင်ပေါ်တွင် ငြိမ်ကျသွားသောအခါ ...တွင်မှ သူမလက်မှ သေနတ်ကို လွှင့်ပစ်လိုက်သည်။

''ဟင်မီတန်...''

ကင်းနှင်းက သူ့လက်များကို ဖွင့်ပေးလိုက်ရာ ကလဲယာက ပြေးဝင် ...သည်။

...ခုတင်ပေါ်တွင် ကလဲယာ လဲလျောင်းနေသည်။ အမှောင်ထဲတွင် ဖြစ်သည်။ ...ဂျက်ဆင် သေဆုံးသွားသည်မှာ တစ်နာရီကျော်ကျော်ပဲ ရှိသေးသည်။ သူတို့ ...ပြန်လာကြမည်စိုးသဖြင့် သူမ မလှုပ်ရဲဘဲ ရှိသည်။ ရဲတိုက်ကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားသောအခါတွင်မှ သူမ အိပ်ရာမှထပြီး တံခါးဆီသို့ သွားသည်။ ...င်းတုပ်ထိုးသည်။

အမျိုးသမီးသည် မျက်နှာသစ်သည့် ဇလုံကြီးကို အောက်ခံသေတ္တာပေါ် ...မှ မထုတ်လိုက်ပြီး အောက်ဘက်တွင် ရှိသော ရေဒီယိုကလေးကို ထုတ်ယူလိုက် ...သည်။

အလိုအလျောက် အဆက်အသွယ်ပြုသော အီလက်ထရွန်းနစ် ခလုတ် ...ကလေးကို သူမ နှိပ်လိုက်သည်။ ရုတ်ခြည်းလိုပင် သူမ၏ နားထဲတွင် စထရက် ...ဘာ၏ အသံ ပေါ်လာသည်။ ပီသကြည်လင်သည်။

''ပြောနေတယ်''

''ဗိမာန်ပါ၊ အလုပ်မဖြစ်ဘူး၊ သူ့ကို လက်ပူးလက်ကြပ် မိသွားတယ်''

''ဟုတ်ပြီလား''

''ဟုတ်ကဲ့...''

''ကောင်းပြီ၊ မင်း ဆက်လုပ်ရမယ်၊ မင်းမှာ လိုအပ်တဲ့ ပစ္စည်းတွေ ...သေးတယ် မဟုတ်လား''

''ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်မ လုပ်နိုင်ပါ့မလား''

''ဘာမှ စဉ်းစားနေစရာ မလိုဘူး၊ မင်း မလုပ်ဘူးဆိုရင် ဘာတွေ ...ဖြစ်လာနိုင်တယ် ဆိုတာကို သိတယ် မဟုတ်လား၊ နောက်ပြီးတော့ မင်းအတွက် ...ခြေအနေကောင်းပါတယ်၊ ဂျက်ဆင်ကို မိသွားတော့ နောက်ထပ် ဒါမျိုး ထပ် ...ဖြစ်လိမ့်လယ်လို့ သူတို့ ထင်မှာမဟုတ်ဘူး၊ အဲဒီတော့ ကျုပ် ...ပ်ပြီး ပြောမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်း မလုပ်ဘူးဆိုရင် ဘာဖြစ်မယ်ဆိုတာ သိတယ် မဟုတ်လား''

''ကောင်းပါပြီ''

''ပြီးပြီ''

အတန်ကြာသော် သူမ ငေးငိုင်နေသည်။ နောက်မှ ရေဒီယိုကို ပြ
ထားလိုက်ပြီး အောက်ဆင့်အစွဲင်းမှ ဖောက်ခွဲသည့် ပစ္စည်းများကို ထုတ်ယူလိုက်
သည်။

စထရက်ဆာသည် မေယာ၏ ရုံးခန်းထဲတွင် ရေဒီယိုအိတ်ကို ပြန်ပိတ်လျက်
ရှိသည်။ ထို့နောက် အပြင်သို့ ထွက်သွားသည်။

ရစ်တာသည် ယမကာအခန်းထဲတွင် မီးဖိုအနီး၌ ထိုင်ပြီး ညလယ်စာ
စားနေသည်။ ဒိန်ခဲ၊ ပေါင်မုန့်နှင့် ဘီယာ။ မလှမ်းမကမ်းတွင် ဟော့ဖာ ရှိသည်

ရစ်တာက ကြည့်လိုက်သောအခါ စထရက်ဆာက-

''ဂျက်ဆင်ရဲ့ အစီကခန်း လုံးဝပျက်သွားပြီ၊ သူ သေပြီ''

''ဒါဖြင့် ဘာလုပ်ကြမလဲ''

ရစ်တာက မေးလိုက်သည်။

''စီမံချက်တော့ မပျက်မသေးဘူး၊ ကျုပ်လူက ဆက်ပြီး လုပ်လိမ့်မယ်''

ရစ်တာက စီးကရက်တစ်လိပ်ကို ယူပြီး မီးဖိုမှ ထင်းစတစ်ခုနှင့် မီး
ညှိကာ-

''ကျွန်တော် မရှင်းတာ တစ်ခုကတော့ ဒီကိစ္စကို ဆရာကြီးရဲ့ လူ
ဘာဖြစ်လို့ စောစောကတည်းက သူကိုယ်တိုင် မလုပ်သလဲ၊ ဂျက်ဆင်ကို ဘာ
လို့ အကွက်ဆင်ပြီး လွှတ်ရတာလဲ''

''ရှင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လူက မိန်းမတစ်ယောက်
ဖြစ်နေလို့ပဲ''

ကလဲယာသည် အောက်ထပ် လှေကားရင်းတွင် ရပ်လိုက်ပြီး နားစွင့်သည်
အားလုံး တိတ်နေသည်။ သူမ၏ လက်ဝဲဘက်ရှိ တံခါးကို ဖွင့်ပြီး စက်ရုံ
အဘွင်းသို့ ဝင်သွားသည်။ ခေတ္တမျှ အကြာတွင် ပြန်ထွက်လာသောအခါ သူမ



သည် စစ်ကုတ်အင်္ကျီကြီး ဝတ်သည်။ ခေါင်းတွင်လည်း သံခမောက် ဆောင်း
ထားသည်။ သံခမောက်က သူမနှင့် ကြီးလွန်းသည်။ သို့သော် အရေးမကြီးပါ။
အမှောင်ထဲတွင် မည်သူမျှ သေသေချာချာ မမြင်နိုင်ပါ။

အပြင်ဘက်သို့ သူမ ထွက်သွားသောအခါ နှင်းဖွဲဖွဲကျနေသည်။ ရင်ပြင်
ကျယ်ကြီး တစ်ခုလုံး မည်းမှောင်လျက် ရှိသည်။ အမြောက်ကြီးအနီးတွင်လည်း
မည်သူမျှ မရှိကြတော့။ သူမက အသက်တစ်ချက် အားရပါးရ ရှူလိုက်ပြီးနောက်
တံခါးမကြီးဆီသို့ လျှောက်သွားသည်။

အုတ်ရိုးပေါ်မှ အစောင့်များ၏ တီးတိုးသံများ ကြားရသည်။ ဥမင်ထဲ
ဘွင်မှ တိတ်ဆိတ်လျက် ရှိသည်။ တံတားထိပ်း အခန်းရှေ့တွင် ခေတ္တမျှ သူမ
ရပ်နေသည်။ ထို့နောက် တံခါး လက်ကိုင်ကို ဖြည်းညင်းစွာ လှည့်လိုက်သည်။
အသံ ဆတ်ဆတ်ကလေး မြည်ပြီး တံခါးပွင့်သွားသည်။ အထဲတွင် မှောင်နေ
သည်။ အတွင်းသို့ သူမ ဝင်လိုက်သည်။ လက်တစ်ဖက်ဖြင့် စမ်းကြည့်ရာ မီး
ခလုတ်ကို တွေ့သဖြင့် ဖွင့်လိုက်သည်။

ကင်းနင်း၊ ဟက်ဆာ၊ ဘီအား၊ ဟောင်းဝပ်နှင့် ဖိုင်းဘမ်းတို့ နံရံကို
မှီပြီး ရပ်နေကြသည်။

''ရှင်တို့ ဘယ်လိုလုပ်ပြီး သိသလဲ''

သူမက မေးလိုက်သည်။

''ဒီကိစ္စမှာ ကျွန်တော့်ကိုပဲ အပြစ်တင်ပါ မမ''

ဖိုင်းဘမ်းက သူ၏ သေနတ်ကို လွယ်လိုက်ပြီး သူမ၏ အနီးသို့
ရောက်သွားသည်။ သူမ၏ အင်္ကျီအိတ်များအတွင်းမှ ဖောက်ခွဲသည့် ပစ္စည်းများကို
ဆွဲတ်ယူလိုက်သည်။

''ဗိုလ်ချုပ်ကြီးက ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး ဘင်နာမင်ကို သံသယ
ရှိလို့ စောင့်ကြည့်ဖို့ ကျွန်တော့်ကို တာဝန်ပေးထားတယ်၊ ကျွန်တော်လည်း သူ့
နောက်ကနေ နောက်ယောင်ခံပြီး လိုက်တယ်၊ မမရဲ့ အခန်းကို သူသွားတာ
ကျွန်တော် တွေ့ရတယ်၊ ကျန်တာတွေကတော့ မမ သိပြီးတဲ့အတိုင်းပဲပေါ့၊
ဒါပေမဲ့ ဒီကိစ္စတွေကို ဗိုလ်ချုပ်ကြီးကို ကျွန်တော် ကြိုပြီး ပြောပြချိန် မရခဲ့ပါဘူး၊
ဘာပြုလို့တုန်းဆိုတော့ အဖြစ်အပျက်တွေက သိပ်ပြီးမြန်ဆန်နေလို့ပဲ''

ဖိုင်းဘမ်း ဘေးသို့ ဖယ်လိုက်သည်။ ကလဲယာ ထီးထီးကြီး ရပ်နေ
သည်။ ကင်းနင်းက သူမကို မီးတောက်နေသော မျက်လုံးများဖြင့် ကြည့်နေသည်။

''အဲဒီတော့ စထရက်ဆာဟာ ဘိုးမန်းပဲပေါ့''

မေးလိုက်သူမှာ ဟက်ဆာ။

''ကျွန်မ မသိပါဘူး၊ ကျွန်မ သူ့ကို တစ်ခါမှ မတွေ့ဖူးပါဘူး၊ လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်လလောက်က ဂက်စတာပိုတွေ လာပြီး ကျွန်မတို့ကို တစ်ယောက်ချင်း စစ်တာ အားလုံး မှတ်မိကြမှာပေါ့၊ အဲဒီတုန်းက ကျွန်မ နာဇီဗိုလ်မှူးကြီး ရက်တင်ဟားဗားဆီက ညွှန်ကြားချက်တွေ ရပါတယ်၊ သူက ဘိုးမန်းရဲ့ ကိုယ်စားလှယ်ပဲ ကျွန်မ အခန်းထဲမှာ စပယ်ရှယ်ရေဒီယိုတစ်လုံး တပ်ဆင်ပေးသွားတယ်၊ အဆက်အသွယ် လုပ်ရမယ့် အချိန်တွေကိုလည်း မှတ်ပေးသွားတယ်''

''ဒါဖြင့် ကျုပ်တို့ ရေဒီယိုကို ပျက်အောင်လုပ်တာ အမိပဲပေါ့''

ဟက်ဆာက မေးလိုက်သည်။

''ဟုတ်ပါတယ်''

''ဘုရား… ဘုရား…ဘာကိစ္စ မင်း ဒါတွေ လုပ်သလဲ''

ကင်းနင်းက ခပ်ကြမ်းကြမ်း အော်ပြီး မေးလိုက်သည်။

''ရှင်းပါတယ်၊ ကျွန်မ ယောက်ျားအတွက်ပဲပေါ့''

''ထွက်ပြေးဖို့ ကြိုးစားလို့ နာဇီတွေက သတ်ပစ်လိုက်ပြီပဲ''

''အစကတော့ ကျွန်မလည်း အဲဒီလိုပဲ ထင်တာပဲ၊ ဒါပေမဲ့ ရက်တင်ဟားဗားနဲ့ တွေ့တော့မှ သူ မသေသေးဘူး ဆိုတာ သိရတယ် ဟင်မီတန်၊ အခုထက်ထိ သူ အသက်ရှင်နေတုန်းပဲ၊ မော်ဆက်ဆင် အကျဉ်းစခန်းမှာ သူ့ကို ချုပ်ထားတယ်''

''ဟုတ်ပြီ၊ သူ ဆက်ပြီး အသက်ရှင်နေဖို့အတွက် ပေးရတာက မင်းရဲ့ ပူးပေါင်းဆောင်ရွက်မှုပဲပေါ့''

ဘီအားက ပြောလိုက်သည်။

''တော်လောက်ပြီ''

ကင်းနင်း အော်လိုက်သည်။

''မင်း လုပ်တာကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး''

သူ၏ ဒေါသသည် ကိုယ်ရေးကိုယ်တာ ကိစ္စနှင့် ပတ်သက်နေကြောင်း အားလုံးပင် သိရှိသည်။ သူ့လက်ကို မြှောက်လိုက်သည်။ သူ့လက်ထဲတွင် ပစ္စတိုသေနတ်ကို ဆုပ်ကိုင်ထားသည်။

''ပစ်လိုက်ပါ၊ ကျွန်မကို ပစ်လိုက်ပါ ဟင်မီတန်''

ပထမဆုံး လှုပ်ရှားလိုက်သူမှာ ဖိုင်းဘမ်း ဖြစ်သည်။ သူမ၏ ရှေ့တွင် ရပ်လိုက်သည်။ ကင်းနင်းကို မျက်နှာချင်းဆိုင်ထားလိုက်သည်။ သူ၏ သေနတ်မှာမူ သူ့ပခုံးတွင် လွယ်ထားလျက်ပင် ရှိသည်။

''ဗိုလ်ချုပ်ကြီး ခင်ဗျား… ဗိုလ်ချုပ်ကြီးကို ကျွန်တော် လေးစားပါတယ်၊ ဒါပေမဲ့ ဒီနည်းကတော့ မဟုတ်ပါဘူး၊ ဗိုလ်ချုပ်ကြီး ဒီလိုလုပ်တာကို ကျွန်တော့်မှာ လက်ပိုက်ပြီး ကြည့်မနေနိုင်ပါဘူး''



ကင်းနင်းက သူ့ကို စူးစိုက်ပြီး ကြည့်နေသည်။ ပစ္စတိုသေနတ်သည် သူ့လက်ထဲတွင် လှုပ်နေသည်။ ထို့နောက် ရုတ်တရက် ဆိုသလို သူ့ဝမ်းထဲတွင် ဒေါသများ ပြေပျောက်သွားဟန် ရှိသည်။ သူ့မျက်နှာ ဖြူရော်သွားသည်။ သေနတ်ကို အောက်သို့ နှိမ့်ချလိုက်ပြီး-

''ဗိုလ်ကြီးဟောင်းဝပ်''

''ဟုတ်ကဲ့ ဗိုလ်ချုပ်''

''တံတားကို ချပြီး တံခါးကို ဖွင့်ပါ''

''ခင်ဗျာ…''

''ကျုပ် ပြောတာ ကြားသလား၊ သူ့ကို ကျုပ် ဒီမှာ မထားချင်ဘူး၊ သူ သွားပါစေတော့၊ ကျုပ်တို့ကို ဒုက္ခမပေးနိုင်တော့ပါဘူး''

ထို့နောက် ကင်းနင်းသည် အမျိုးသမီးကို လွှတ်စေပြီး အပြင်သို့ ထွက်သွားသည်။

ဆွဲတံတားကြီး တဖြည်းဖြည်းချင်း အောက်သို့ နိမ့်ကျသွားနေသည်ကို ပထမဆုံး သတိပြုမိသူမှာ ဆော်ဇာ ဖြစ်သည်။ သူက သစ်ပင်ခွကြီးတစ်ခုတွင် တည်ဆောက်ထားသော ကင်းစောင့် မျှော်စင်ပေါ်တွင် ရှိနေသည်။ ရစ်တာသည် ယခုမှ ရွာထဲက ပြန်ရောက်လာပြီး ကားထဲမှာပင် ရှိသေးသည်။

''တစ်ခုခုတော့ တစ်ခုခုပဲ၊ တံတားကို သူတို့ ချနေတယ်''

ဆော်ဇာက လှမ်းအော်ပြီး ပြောလိုက်သည်။

ရစ်တာသည် ချက်ချင်းပင် မျှော်စင်ပေါ်သို့ တက်လာပြီး ကြည့်သည်။ ထိုစဉ်မှာပင် မလွယ်ပေါက်ကလေး ပွင့်လာပြီး အလင်းရောင်ထဲသို့ ကလဲယာဒီဘိုစီး ထွက်လာသည်။ သူမဟာ အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိဘဲ တံတားကို ဖြတ်လျှောက်လာသည်။ တံတားထိပ်သို့ သူမ ရောက်လာသည်နှင့် တစ်ပြိုင်နက် တံတားကြီးသည် ပြန်ပြီး မြင့်တက်သွားသည်။ အမျိုးသမီးက ဆက်ပြီး လျှောက်လာသည်။

''သူ ဘယ်သူလဲ ဗိုလ်မှူး… သိသလား''

ဆော်ဇာက မေးလိုက်သည်။

''မဒမ်ဘိုစီး၊ ထင်ရှားတဲ့ အကျဉ်းသမား တစ်ယောက်ပဲ၊ အင်း… ဒီကိစ္စကို သူ သိရင် ကျုပ်တို့ မိတ်ဆွေကြီး စထရက်ဆာ ဘာပြောမလဲ မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



---

ဆွဲတံဘားကြီးအပေါ်သို့ မြင့်တက်လာချိန်မှာပင် ကင်းနင်းသည် တံတားထိန်းအခန်းထဲသို့ ပြန်လည် ရောက်ရှိလာသည်။ ဖိုင်းဘမ်းနှင့် ဟူးဗားသည် ရောမဘီးကြီးများကို လက်ဖြင့် ဆွဲလှည့်လျက် ရှိကြသည်။ ဟောင်းဝပ်က ဘေးမှ ကြည့်နေသည်။ ဟက်ဆာနှင့် ဘီအားတို့ အသံတိုးတိုးဖြင့် စကားပြောနေသည်။

ကင်းနင်း၏ မျက်နှာသည် ဒေါသဖြင့် ဖြူဖွေးလျက် ရှိသည်။

''အဲဒီတော့ ဒီမှာ ကျုပ်အနေနဲ့ ဘာမှ မဖြစ်တာကို ငုတ်တုတ်ကြီး ထိုင်စောင့်နေရတာကို စိတ်မရှည်တော့ဘူး၊ အခြေအနေ ဘယ်လိုလဲ ဆိုတာ သိရအောင် ကျုပ် အပြင်ထွက်ကြည့်မယ်''

''ဘုရားရေ… ဗိုလ်ချုပ်ကြီး ဘယ်လိုလုပ်ပြီး ထွက်ကြည့်မှာလဲ''

ဘီအားက မေးလိုက်သည်။

''ရေတံခါးကနေ ထွက်မယ်၊ အဲဒီမှာ လိုဏ်ခေါင်းထဲမှာ လှေကလေး တစ်စင်း ရှိတယ်၊ ကျုံးကို အဲဒီလှေကလေးနဲ့ ဖြတ်မယ်၊ ဒီအချိန်မှာ သူတို့ အမျိုးသမီးနဲ့ ရှုပ်နေမယ်၊ နောက်ပြီးတော့ ဒီလိုမျိုး ထွက်လာလိမ့်မယ်လို့ သူတို့ နည်းနည်းမှ မျှော်လင့်ထားမှာ မဟုတ်ဘူး''

ဘီအား ပခုံးတွန့်လိုက်ပြီး-

''ဗိုလ်ချုပ်ကြီး ဒီအတိုင်း ဆန္ဒရှိတယ်ဆိုရင် ဗိုလ်ချုပ်ကြီးနဲ့ ကျွန်တော် လိုက်ခဲ့မယ်''

ဟောင်းဝပ်က-

''ဗိုလ်ချုပ်ကြီး ခင်ဗျား၊ ဗိုလ်ချုပ်ကြီးအနေနဲ့ ကိုယ့်ဆန္ဒအလျောက် လိုက်မယ့်သူ လိုတယ် ဆိုရင်-

''ဒီမယ် ဗိုလ်ကြီး… ကျုပ်ဘဝတစ်လျှောက်လုံးမှာ ကျုပ်အောက်က လူတွေကို ဘယ်တော့မှ ကိုယ့်ဆန္ဒအလျောက် လုပ်ဖို့ မပြောဘူး၊ လူတစ်ယောက်ကို ကျုပ် လိုချင်ရင် သူ့ကို လိုချင်တယ်လို့ ပြောတာပဲ''

ဟူးဗားနှင့် ဖိုင်းဘမ်းတို့ဘက်သို့ ခေါင်းညိတ်လျက်-

''သူတို့နှစ်ယောက်ကို ကျုပ် ခေါ်သွားမယ် ဗိုလ်ကြီး၊ ဒီမှာ ဗိုလ်မှူးကြီး ဘီအားရဲ့ လက်ထောက်အဖြစ်နဲ့ နေရစ်ပါ၊ ဘာမေးစရာ ရှိသေးလဲ''

ဘီအားက ပခုံးတွန့်လိုက်ပြီး-



''ဗိုလ်ချုပ်ကြီးက အမိန့်ပေးနေတာပဲ၊ ဗိုလ်ချုပ်ကြီးက ဒီမှာ အုပ်ချုပ်တဲ့ လူပဲ''

---

ရေတံခါး ဥမင်ထဲတွင် စွတ်စိုလျက် ရှိသည်။ အေးစိမ့်လျက် ရှိသည်။ ရှနေဒါ က ရေတံခါး လာဖွင့်သည်ကို သူတို့ စောင့်နေကြသည်။ ထို့နောက် တပ်ကြပ်ကြီးနှင့် သူလူနှစ်ယောက် လှေကလေးကို ရေမှာ ချသည်။

''လှေကလေးက တော်တော်ဆွေးနေပြီ၊ လှေဝမ်းကို ဖိနပ်နဲ့ တက်မနင်းမိဖို့ သတိထားပါ ဗိုလ်ချုပ်ကြီး''

ဟက်ဆာက ပြောသည်။

ဟောင်းဝပ်က သူ၏ သွန်မဆင်သေနတ်ကို ကင်းနင်းသို့ ပေးသည်။

''ဗိုလ်ချုပ်ကြီး ဒီသေနတ် ယူသွားပါ''

''ကျေးဇူးပဲ၊ အဲဒီသစ်ပင်တွေဆီကို ရောက်အောင် ကျုပ်တို့က အမြန်ဆုံး သွားမယ်၊ ပြီးတော့ အဲဒီ သစ်ပင်အကွယ်ကနေ ဖြတ်သွားပါ၊ လမ်းအကွေ့မှာ အခြေအနေ ဘယ်လိုရှိတယ် ဆိုတာကို ကြည့်မယ်၊ နာရီဝက်အတွင်း ဒီကို အရောက် ပြန်လာမယ်''

ဟူးဗားနှင့် ဖိုင်းဘမ်းတို့သည် လှေထိပ်တွင် ရောက်နေကြပြီ ဖြစ်သည်။ ကင်းနင်း လှေပေါ်သို့ တက်လိုက်ပြီး ပဲ့ပိုင်းတွင် ထိုင်သည်။ ဟောင်းဝပ်က လှေကလေးကို တအားတွန်းလိုက်သည်။ လှေကလေးသည် ကျုံးရေပြင်ပေါ်တွင် ရှပ်ပြီး ပြေးသွားသည်။ တစ်ဖက်ကမ်းသို့ လှေဦးစိုက်လိုက်မိသောအခါ ဖိုင်းဘမ်းသည် ကမ်းပေါ်သို့ ရောက်နေပြီ ဖြစ်သည်။ သူက ဒူးထောက်ကာ ထိုင်ပြီး သေနတ်ကို အသင့် ချိန်ထားသည်။ ဟူးဗားနှင့် ကင်းနင်းတို့က လှေကလေးကို ကမ်းပေါ်သို့ ရောက်အောင် ဆွဲတင်ထားကြသည်။

''ဟုတ်ပြီ သွားကြည့်''

ကင်းနင်းက ပြောလိုက်သည်။ ဖိုင်းဘမ်းက-

''ဗိုလ်ချုပ်ကြီး ကျွန်တော် တစ်ခု တင်ပြပါရစေ၊ ကျွန်တော်တို့ အခု တိုက်ကင်းထွက်ကြတာ မဟုတ်လား''

''ဟုတ်တယ်လေ''

''အဲဒီလိုဆိုရင် ကျွန်တော်တို့မှာ အစဉ်အလာတစ်ခု ရှိပါတယ်၊ ဟာရီရယ်… ကျွန်တော်ရယ်… ဗိုလ်ကြီးဟောင်းဝပ်ရယ် တိုက်ကင်းထွက်ကြလို့ရှိရင် ကျွန်တော် အမြဲတမ်း ရှေ့က နေပါတယ်၊ ကျွန်တော်က အနံ့ခံကောင်းပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘျှန်ဪကတို့ သုံးယောက် ကနေ့အထိ အသက်ရှင်နေကြတာပဲ''

''ကောင်းပြီ သွား…''

ရှတ်ခြည်းပင် သူ ပြေးတက်သွားသည်။ လျင်မြန်လှသည်။ သူ့နောက်သို့ ကင်းနင်း လိုက်ရသည်။ ဟူးဗားက နောက်ဆုံးမှ ဖြစ်သည်။ တောစပ်သို့ ရောက်သောအခါ သူတို့ ရပ်နားလိုက်ကြသည်။

ဖိုင်းဘမ်းက ဒူးတစ်ဖက် ထောက်ပြီး ရေခဲပြင်ကို မျက်နှာအပ်သည်။ ထို့နောက် မတ်တတ်ရပ်လိုက်ပြီး-

''လျှောရာတွေပဲ…ဒီကောင်တွေ အခုအချိန်ထိ ကင်းလှည့်နေကြတုန်းပဲ''

ထို့နောက် သူသည် သစ်ပင်များအကြားမှ နေ၍ တောင်စောင်းဆီသို့ ပြေးကပ်သွားသည်။ လျင်မြန်လှသည်။ ကင်းနင်း ဟောဟဲလိုက်နေသည်။ တောင်စောင်းထိပ်မှ နေ၍ အရှေ့ဘက် တောင်ခြေသို့ ခပ်ပြေပြေကလေး လျှောဆင်းသွားသည်။ ဖိုင်းဘမ်းသည် သူတို့ရှေ့မှ သွားနေရာမှ ရပ်ရန် လက်ပြလိုက်သည်။ သူတစ်ယောက်တည်း ရှေ့သို့ တက်သွားသည်။ ထို့နောက် သူတို့ကို လိုက်လာရန် လက်ပြသည်။

ဖိုင်းဘမ်းသည် လမ်း၏ အထက်ဘက် နှင်းပွင့်များ ဖုံးနေသော ချုံတစ်ခုအနီးတွင် ဝပ်လျက် ရှိသည်။ အောက်ဘက်တွင် ဖင်လန်တပ်သားများ စခန်းချလျက် ရှိသည်။ မှန်အိမ်နှစ်ခု၏ အလင်းရောင်ကြောင့် ၎င်းတို့ကို ကောင်းစွာ တွေ့မြင်ရသည်။ ဆော်ဇာ၊ ရစ်တာနှင့် ကလဲယာတို့သည် စစ်ကားကလေး အနီးတွင် မတ်တတ်ရပ်လျက် ရှိကြသည်။ ဖင်လန်တပ်သားများသည် မီးဖိုကလေး အနီးတွင် ဝိုင်းထိုင်နေကြသည်။ ဖိုင်းဘမ်းက-

''တကယ်ကောင်းတဲ့ ပစ်ကွင်းပဲ၊ လူ ၃၀ လောက် ရှိတယ်၊ အခုနေ ကျုပ်တို့ ပစ်ရင် အနည်းဆုံး တစ်ဝက်လောက်တော့ ကျနိုင်တယ်၊ နောက်ပြီးတော့ အမျိုးသမီးကို သုတ်သင်ပြီး ဖြစ်နိုင်တယ်၊ ဘယ့်နှယ်လဲ ဗိုလ်ချုပ် သဘော မကျဘူးလား''

''နည်းနည်းမှ သဘောမကျဘူး''

ကင်းနင်းက ပြောလိုက်သည်။

သူတို့နှစ်ယောက် ခွဲခွာခဲ့ပြီး ဖြစ်သည်။ သူမသည် အောက်ဘက်တွင် သုစိမ်းတစ်ယောက်အဖြစ်နှင့်သာ ရှိနေသည်။ သူ့တွင် အမျက်ဒေါသများ မရှိတော့ပါ''

''ဒါဖြင့် အမျိုးသမီး ထွက်သွားတဲ့အခါကျရင်ကော''

ဖိုင်းဘမ်းက မေးလိုက်သည်။

''အဲဒါက တစ်မျိုးပေါ့''



ဖိုင်းဘမ်းက ဟူးဗားဘက်သို့ လှည့်လျက်-

''ဟာရီရေ… ဟိုဘက်ဘေးကို ၁၀ ကိုက်လောက် သွားပါလား၊ ပစ်ကွင်း ပိုပြီးကောင်းတာပေါ့၊ ဗိုလ်ချုပ်တို့ကို ကျုပ်တော် စောင့်ကြည့်မယ်''

''မောင်ရင့်ကိုတော့ ဘယ်သူ စောင့်ကြည့်မလဲ''

ဟူးဗားက ယင်းသို့ မေးပြီးနောက် တစ်ဖက်သို့ ထွက်သွားသည်။

ဖိုင်းဘမ်းသည် ဂျာမန်လက်ပစ်ဗုံး နှစ်ခုကို ထုတ်ယူပြီး ရေခဲပြင်ပေါ်တွင် အဆင်သင့် ချထားသည်။

ကလဲယာ ကားပေါ်သို့ တက်သည်။ ရစ်တာက သူမ၏ ဘေးတွင် ထိုင်သည်။ ဟော့ဖာက စက်နှိုးသည်။

ဖိုင်းဘမ်းက-

''လှတယ်… သိပ်လှတယ်… အဆင်သင့် ဗိုလ်ချုပ်''

စစ်ကားကလေး အမှောင်တွင်းသို့ မောင်းထွက်သွားသည်။ ထိုအခါ ကင်းနင်းနှင့် ဖိုင်းဘမ်းတို့သည် အောက်ဘက် ပစ်ကွင်းဆီသို့ ၎င်းတို့၏ သေနတ်များကို ချိန်လိုက်ကြသည်။ ထိုအချိန်မှာပင် အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက် လှည့်ကြည့်လိုက်သောအခါ ဝတ်စုံဖြူကြီးနှင့် ဖင်လန်တစ်ယောက် သစ်ပင်များအကြားမှာ လျှောခနဲ ထွက်လာပြီး တုံ့ခနဲ ရပ်သွားသည်ကို တွေ့မြင်ကြရသည်။ ဖိုင်းဘမ်းက သုံးချက် ပစ်လိုက်သည်။ ဘသားချော ချုံတွေဘက်သို့ လွင့်ထွက်သွားသည်။

''နောက်မှာ လာနေပြီ''

ဟူးဗားက လှမ်းအော်သည်။ ကင်းနင်း လျင်မြန်စွာ လှည့်လိုက်သည်။ သစ်ပင်များအကြားမှ ဒုံးပျံတစ်စင်းလို ထွက်လာသော ဖင်လန်တစ်ယောက်ကို တွေ့ရသည်။ ကင်းနင်းက လက်ထဲမှ မောင်းပြန်သေနတ်ဖြင့် ပစ်ခတ်သည်။ ဆင်ခြေလျှောတစ်လျှောက်ရှိ နှင်းပွင့်များ တဖွားဖွား ထသွားသည်။ ဘသားချော တစ်ဖက်သို့ ယိမ်းကွေ့ပြီး ပျောက်ကွယ်သွားသည်။ အောက်ဘက်တွင် ဝရုန်းသုန်းကား ဖြစ်သွားသည်။ ဆော်ဇာ၏ အော်ဟစ် အမိန့်ပေးသံ ထွက်ပေါ်လာသည်။

သူတို့ အထက်ဘက်ရှိ သစ်ပင်များပေါ်မှ တစ်စုံတစ်ယောက်က စတင် ပစ်ခတ်သည်။ ထို့နောက် အောက်ဘက်ရှိ ဖန်လန်တပ်ကြပ်ကြီး တစ်ယောက် သည် သံချပ်ကာ ကားတစ်စီးပေါ်ကို ခုန်တက်ပြီး စက်သေနတ်ကြီးဖြင့် စတင် ပစ်ခတ်လေတော့သည်။

''ဗိုလ်ချုပ်ကြီး တိုက်ချင်နေတာ အခု တိုက်ရပြီ မဟုတ်လား''

ဖိုင်းဘမ်းက ပြောလိုက်သည်။ ထို့နောက် ဟူးဗားဘက်သို့ လှည့်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



''ယား··· ဟယ်ရီ သွားကြစို့၊ တစ် နှစ် သုံး သုံးစံအတိုင်းပေါ့''

ဟူးဗားထံမှ စကားပြန် မရပါ။ ဖိုင်းဘမ်းသည် ရန်သူများဆီသို့ ကျည်ကုန်သည်အထိ ပစ်ခတ်ပြီး နောက်ထပ် ကျည်တစ်ကပ် လဲလိုက်သည်။

''ဗိုလ်ချုပ်ကြီး သွားကြစို့''

ဖိုင်းဘမ်းသည် ချုံများအကြားမှ နေ၍ ဟူးဗားထံ တွားသွားသည်။

တပ်ကြပ်ကြီးဟူးဗားသည် ရေခဲပြင်ပေါ်တွင် ပက်လက်ကြီးရှိနေသည်။ သူ့မျက်လုံးများ ပြူးနေသည်။ သူ၏လည်ပင်းတွင် နီရဲသော စက်သေနတ် ကျည်ပေါက် နှစ်ပေါက်ရှိသည်။

ဖိုင်းဘမ်းသည် မူလနေရာသို့ ပြန်လာသည်။ ဖင်လန်များသည် ဆင်ခြေလျှော တစ်ဝက်လောက်သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။ ဖိုင်းဘမ်းသည် လက်ပစ်ဗုံး တစ်လုံးကို ကောက်ယူပြီး ပစ်လိုက်သည်။ နားကွဲလုမတတ်သော ပေါက်ကွဲသံကြီး ပေါ်ထွက်လာသည်။ နာကျင်ထိတ်လန့်သော အော်ဟစ်သံများလည်း ကြားရသည်။ သံချပ်ကာ ကားပေါ်မှ နာဇီတပ်ကြပ်က သူ့ဘက်သို့ စက်သေနတ်ဖြင့် လှည့်ဆွဲသဖြင့် ဖိုင်းဘမ်း ခေါင်းငုံ့လိုက်ရသည်။ နှင်းပွင့်နှင်းဖတ်များ အထက်သို့ ၆ ပေလောက် တခဲတန်းကြီး လွင့်တက်သွားကြသည်။

''သူငယ်ချင်းရေ··· သွားပေတော့''

ဖိုင်းဘမ်းက ဒုတိယလက်ပစ်ဗုံးကို ပစ်လိုက်သည်။ နာဇီတပ်ကြပ် ငုံ့ရှောင်သည်။ လက်ပစ်ဗုံးသည် ၎င်းအနီး ကားအတွင်းသို့ကျသည်။ တစ်စက္ကန့်အတွင်းမှာပင် ပေါက်ကွဲသည်။ ၎င်း၏ ကိုယ်ခန္ဓာကြီး လေထဲတွင် လွင့်တက်သွားသည်။

ကင်းနှင်းသည် ဖိုင်းဘမ်းနှင့် အဆက်အသွယ် ပြတ်သွားသည်။ သူ၏ သေနတ်ကို ရင်ဝယ်ပိုက်ပြီး ပြေးနေသည်။ အဝေးတွင် တံခါးမကြီးပေါ်မှ မီးမောင်းကြီးကို မြင်နေရသည်။

သူ၏ လက်ယာဘက် အထက်နားဆီမှ ရေခဲလျှောသံ ကြားရသည်။ သူ လှည့်ပြီး ပစ်သည်။ တစ်ဖက်က ရိုင်ဖယ်နှင့် နှစ်ချက် ပြန်ပစ်သည်။ သူ ခေါင်းငုံ့ပြီး ဆက်ပြေးသည်။

တောအုပ်အတွင်းမှ ထွက်မိသောအခါ လက်ယာဘက်ဆီမှ လျှောတစ်စီး ရုတ်ခြည်း ထွက်လာသည်ကို တွေ့ရသည်။ သူ လှည့်ပြီး ပစ်မည်ပြုသည်။ သို့သော် နောက်ကျသွားပြီ။ ဘသားချောက သူ့ကို တည့်တည့်ကြီး ဝင်တိုးသည်။ သူတို့ နှစ်ယောက်စလုံး တောင်စောင်းမှ လိမ့်ကျသွားကြသည်။ ရန်သူတွင် ရေခဲလျှော မရှိတော့။

ကင်းနှင်းက သူ့လက်မှ သေနတ်ကို မလွတ်အောင် ဆုပ်ကိုင်ထားသည်။



နောက်ဆုံးတွင် လဲကျရာမှ ထရပ်ရန် ကြိုးစားသော ရန်သူကို လက်ထဲမှ သေနတ်ဖြင့် တစ်ချက်တည်း လွှဲရိုက်လိုက်သည်။ ရန်သူ၏ ခေါင်းကို သံခမောက်အင်္ဂါနှင့် ခွပ်ခနဲ ရိုက်မိသည်။

ကင်းနှင်းသည် အသက်မရှူနိုင်လောက်အောင်ပင် မောနေသည်။ အမှုးသမား တစ်ယောက်လို ဒယီးဒယိုင်ဖြင့် ကွင်းပြင်ကြီးကို ဖြတ်သွားနေရသည်။ ရန်သူ လျှောသမားများ နောက်မှ လိုက်လာလျက် ရှိသည်။

နောက်ဆုံးတွင် ကျုံးစပ်အနီးတွင် သူ လဲကျသွားသည်။ သို့သော် သူ့အနီးသို့ ဖိုင်းဘမ်း အချိန်မီရောက်ရှိလာပြီး ရန်သူများကို တစ်ချီပြီးတစ်ချီ ပစ်ခတ်လျက် ရှိသည်။

''လာကြလေ··· တက်ခဲ့ကြလေ··· မင်းတို့အစွမ်း ဒါပဲလား''

ကင်းနှင်း ရေထဲသို့ ထိုးဆင်းသွားသည်။ ရေထဲတွင် အတင်းကုန်းပြီး သွားနေသည်။ သေနတ်မှာမူ ညာဘက်လက်တွင် ရှိနေဆဲ ဖြစ်သည်။ တစ်ချိန်တွင် သူသည် ရေထဲသို့ မြုပ်သွားသေးသည်။ ထို့နောက် တစ်စုံတစ်ယောက်က သူ၏ အင်္ကျီကော်လာကို ဆွဲယူလိုက်သည်။

''ဗိုလ်ချုပ်ကြီး ဖြည်းဖြည်း··· ဖြည်းဖြည်း···''

ဂျက်ဟောင်းဝပ်က ပြောလိုက်သည်။

ကင်းနှင်းသည် အုတ်ရိုးကြီးအနီးတွင် လေးဘက်ထောက်လျက် ရှိသည်။ သူ၏ ကိုယ်ခန္ဓာသည် မခံမရပ်နိုင်လောက်အောင်ပင် နာကျင် မောပန်းလျက် ရှိသည်။ ဟက်ဆာနှင့် ဘီအားတို့ သူ၏ ကိုယ်ပေါ်တွင် ကုန်းငုံ့လျက် ရှိကြသည်။ ဟက်ဆာက သူ၏ ပါးစပ်ထဲသို့ ဓာတ်ဘူးနှုတ်ခမ်းကို ထိုးထည့်သည်။ ဘရန်ဒီ ဖြစ်သည်။ ကင်းနှင်း၏ တစ်သက်တွင် ဤမျှလောက် အရသာရှိခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မကြုံဖူးပါချေ။

ကင်းနှင်းသည် ယခုထက်တိုင် သေနတ်ကို ဆုပ်ကိုင်ထားလျက် ရှိကြောင်း သတိပြုမိသဖြင့် သေနတ်ကို ဟောင်းဝပ်ထံသို့ လှမ်းပေးလိုက်သည်။

''ဗိုလ်ကြီးရဲ့ တပ်ကြပ်ကြီးကိုတော့ ကျုပ် ဆုံးခဲ့ပြီ''

''ဟူးဗား··· သူ သေပြီလား''

''လည်ပင်းမှာ စက်သေနတ်ကျည်ဆန် နှစ်ချက် ထိသွားတယ်''

ဖိုင်းဘမ်းက ကင်းနှင်း၏အနီးတွင် ဆောင့်ကြောင့်ထိုင်ရင်း ပြောလိုက်သည်။ ထို့နောက်-

''စီးကရက်တစ်လိပ်လောက် ရှိကြသလား၊ ကျွန်တော့် ဆေးလိပ်တွေတော့ အားလုံး ရေစိုကုန်ပြီ''

ဟက်ဆာက သူ့ကို စီးကရက်တစ်လိပ် ပေးသည်။ မီးညှိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုင်းဘမ်း၊ မင်း ပြောစရာ ဒါပဲလား၊ ဟယ်ရီ ဟိုမှာ ကျန်ခဲ့ပြီ"

ဟောင်းဝပ် ပေါက်ကွဲသည်။

"ကျွန်တော် ဘာပြောရဦးမလဲ ဗိုလ်ကြီး၊ ကျွန်တော် ခေါင်းလောင်းထိုးရမှာလား"

ဟိုနေရာမှ ဟောင်းဝပ် ထွက်သွားသည်။ ဥမင်အတိုင်း တစ်ယောက်တည်း လျှောက်သွားသည်။

■

- ၁၄ -

ရစ်တာနှင့် ကလဲယာတို့သည် လမ်းတွင် စကားတစ်ခွန်းမှ မပြောကြချေ။ ရွှေလင်းယုန်ဟိုတယ် ရှေ့တွင် ကားရပ်သောအခါတွင်လည်း အမျိုးသမီးသည် ကားပေါ်မှ ဆင်းရန် မကြိုးစားချေ။ တုံးကျိဘာဝေ ထိုင်နေသည်။ ဟင်းလင်းပြင်ကဲ့သို့ ငေးနေသည်။ သူမ၏ မျက်တောင်ပေါ်တွင် နှင်းပွင့်ကလေးများ တင်ကျန်လျက် ရှိသည်။

"ကျွန်တော်တို့ အထဲကို ဝင်ကြရအောင် မဒမ်"

ရစ်တာက ပြောလိုက်သည်။ ဟော့ဖာက သူတို့အတွက် တံခါးဖွင့်ပေးသည်။ ရစ်တာက သူမ၏ လက်ကို ထိန်းကိုင်ပေးသည်။ အမျိုးသမီး တုန်နေသည်။ သူက သူမ၏ ပခုံးကို ထိန်းဖက်ကာ-

"အားရစ်ရေ... မြန်မြန်၊ မြန်မြန် အထဲကိုသွား"

ဟော့ဖာ ပြေးသွားပြီး တံခါးဖွင့်ပေးသည်။ ရစ်တာက သူမကို အတွင်းသို့ တွဲခေါ်သွားသည်။ မေယာက မီးဖိုတွင် မီးထည့်လျက် ရှိသည်။ ကလဲယာကို မြင်သောအခါ သူ့မျက်နှာတွင် အံ့သြသည့် အမူအရာများ ပေါ်လာသည်။

"မဒမ်ဒီဘိုဗီး နေကောင်းရဲ့လား"

ယခုအခါ သူမသည် တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်နေပြီ ဖြစ်သည်။ ရစ်တာက-

"ဟာစထရက်ဆာ ဘယ်မလဲ"

"ကျွန်တော့် ရုံးခန်းထဲမှာပါ ဗိုလ်မှူး"

"ကျွန်တော် သူ့ကို အဲဒီကို ခေါ်သွားမယ်၊ ခင်ဗျားက ဒေါက်တာဂီလတ်ကို ခေါ်ခဲ့ပါ၊ အားရစ် သူနဲ့ လိုက်သွားပါ"

သူတို့နှစ်ယောက် လျင်မြန်စွာ ထွက်သွားကြသည်။ ကလဲယာသည် ရစ်တာ၏ ကိုယ်တွင် လေးလံစွာ မှီလျက်ရှိသည်။ သူက သူမကို တင်းကျပ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဆိန်းဖတ်ထားရသည်။ အချိန်မရွေး သူမ လဲကျသွားနိုင်သည်။ သူက သူမကို မီးဖိုအနီးသို့ တွဲခေါ်သွားပြီး လက်တင်ကုလားထိုင်ကြီးတစ်လုံးတွင် အထိုင်ခိုင်းရသည်။ ထို့နောက် သူသည် အရက်စင်သို့ သွားပြီး ဘရန်ဒီတစ်ခွက် ငှဲ့ယူလာသည်။

''နည်းနည်းလေး သောက်လိုက်ပါ၊ နေကောင်းသွားပါလိမ့်မယ်''

ကလဲယာ တိုးညင်းစွာ ညည်းလိုက်သည်။ ထို့နောက် ဘရန်ဒီကို သောက်လိုက်သည်။ သီးဆို့သွားဟန် ရှိသည်။ သူမ၏ လက်ခေါင်းများက သူ့ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ဟာစ်နေရာနှင့် ငေးစိုက်ကာ ကြည့်နေသည်။

''ဘယ်လို ဖြစ်တာလဲ၊ ဘာတွေ မှားကုန်သလဲ''

စထရက်ဆာက မေးသည်။

ရစ်တာ လှည့်ကြည့်ပြီး-

''သူ နေမကောင်းဘူး''

''ဒီကိစ္စက ကျုပ်ကိစ္စပါ''

ရစ်တာ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက် ဘေးသို့ ဖယ်ပေးလိုက်သည်။

''မင်းကို သူတို့ သိသွားကြပြီပေါ့''

''ဟုတ်ကဲ့''

''ဒါဖြင့် မင်း ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲ''

''ဗိုလ်ချုပ်ကင်းနင်းက ကျွန်မကို မောင်းထုတ်လိုက်တယ်''

''ဒီလိုပဲ ဖြစ်ရမယ်''

''ကျွန်မ ဘာလုပ်ရမလဲ''

''ကျုပ် ဘာတတ်နိုင်မှာလဲ''

''အို··· ရှင်ဟာ ဘိုးမန်း၊ ကျွန်မ ယောက်ျားကိစ္စ ဆရာကြီး ကတိပေးထားတယ် မဟုတ်လား''

''ကျုပ်နာမည် စထရက်ဆာပါ မဒမ်၊ မင်းယောက်ျားကိစ္စနဲ့ ပတ်သက်လို့ ကျုပ် ဘာမှ ကတိမပေးပါဘူး''

''ဒါပေမဲ့ ဗိုလ်မှူးကြီး ရက်တင်ဟူးဗားက···''

''သူ သေပြီ၊ သေသွားတဲ့ လူတစ်ယောက်ရဲ့ ကတိကို ကျုပ် ဘာမှ တာဝန်မယူနိုင်ဘူး''

သူမ၏ မျက်နှာတွင် ထိတ်လန့်မှုနှင့် မယုံကြည်နိုင်မှုများ လွှမ်းမိုးလျက်ရှိသည်။

''ဒါပေမဲ့ ကျွန်မကို ခိုင်းတာတွေ ကျွန်မ အကုန်လုပ်ပေးတယ် မဟုတ်



လား၊ ကျွန်မရဲ့ မိတ်ဆွေတွေကို ကျွန်မ သစ္စာဖောက်ခဲ့တယ်၊ ကျွန်မရဲ့ နိုင်ငံကို သစ္စာဖောက်ခဲ့တယ်''

တံခါးဝဆီမှ ဂီလတ်၏ အသံ ထွက်ပေါ်လာသည်။

''ဘုရားရေ··· ကလဲယာ မင်း ဘာတွေ ပြောနေတာလဲ''

အမျိုးသမီးက ဂီလတ်ဘက်သို့ လှည့်လိုက်ပြီး-

''အို··· ဟုတ်တယ်၊ ကျွန်မဟာ ရုပ်သေးရုပ်ပဲ၊ သူက ကျွန်မကို ကြိုးဆွဲနေတာပဲ၊ သူက ကျွန်မရဲ့ ကြိုးဆွဲဆရာပဲပေါ့၊ ဌာနချုပ်မှူး မာတင်ဘိုးမန်း''

''ကျုပ်တော့ တော်တော်ကြီး ငြီးငွေ့လာပြီ''

စထရက်ဆာက ပြောလိုက်သည်။

''ကျွန်မ အခုလို ဘာလို့လုပ်ရတယ် ဆိုတာကို ပြောပြမယ် ပေါ၊ မောင် သေပြီဆိုတာ မဟုတ်ဘူး၊ သူ အခုထက်ကို ရှိနေသေးတယ်၊ မော်ဆက်ဆင် အကျဉ်းစခန်းမှာ သူ ရှိနေတယ်''

ပေါဂီလတ်၏ မျက်နှာတွင် အတူးပင် စိတ်ထိခိုက်သည့် အမူအရာများ ပေါ်လာသည်။ သူက သူမ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး-

''ကိုယ် သိတယ် ကလဲယာ၊ ပဲရစ်မှာသူ ထွက်ပြေးဖို့ ကြိုးစားလို့ ပစ်သတ်ခံရတယ် ဆိုတာတော့ မဟုတ်ဘူး၊ အဲဒါကို ကိုယ် သိတာ ကြာပြီ၊ သူ့ကို မော်ဆက်ဆင်ကို ခေါ်သွားတာလည်း ကိုယ် သိတယ်''

''ပေါ သိတယ် ဟုတ်လား''

''မော်ဆက်ဆင် ဆိုတာ ကိစ္စတုံးစခန်းတစ်ခုပဲ၊ လူတစ်ယောက်ဟာ အဲဒီကို ရောက်သွားရင် ဘယ်တော့မှ ပြန်မလာတော့ဘူး၊ မင်းရဲ့ ယောက်ျားဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ကျောက်မိုင်းတစ်ခုမှ တခြား သုံ့ပန်း ၄၇ ယောက်နဲ့အတူ သေဆုံးခဲ့တယ်''

''ဘယ်လိုဖြစ်လို့ သေတာလဲ''

''အဲဒီကျောက်မိုင်းမှာ လှေကားထစ် ၁၂၇ ထစ် ရှိတယ်၊ အကျဉ်းသားတွေဟာ ပေါင် ၁၀၀ လောက် ရှိတဲ့ ကျောက်တုံးကြီးတွေကို ထမ်းပြီး အပေါ်ကို တက်ရတယ်၊ လူတစ်ယောက် လဲကျသွားရင်း ပထမဆုံး ရိုက်တယ်၊ နှက်တယ်၊ ကန်တယ်၊ ကျောက်တယ်၊ ပထမနေ့ ညနေမှာပဲ အကျဉ်းသား တစ်ဝက် သေသွားတယ်၊ နောက်တစ်နေ့ မနက်မှာ ကျန်တဲ့လူတွေ အားလုံး သေသွားတယ်''

ကင်းနင်းနှင့် ဘီအားကို့သည် ရဲတိုက်ကြီး၏ မြေပုံကို စန္ဒရားပေါ်တွင် တင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။ တစ်ဖက်တွင် မဒမ်ရှီဇာလီယာ ထိုင်ပြီး တိုးညင်းစွာ တီးခတ်နေသည်။ အခန်းတွင်းသို့ ဟက်ဆာနှင့် ဟောင်းဝပ်တို့ ဝင်ရောက်လာကြသည်။

"ခင်ဗျားတို့ နှစ်ယောက်ကို ခေါ်လိုက်တာကတော့ ရန်သူတွေ အလုံးအရင်းနဲ့ တိုးလာရင် ဘာလုပ်ရမယ် ဆိုတာ ပြောဖို့ပဲ"

ကင်းနင်းက ပြောလိုက်သည်။

"သူတို့ တကယ်တိုက်မှာပဲလား"

ဟောင်းဝပ်က မေးသည်။

"အသေအချာပဲပေါ့၊ နောက်ပြီးတော့ သေချာတာ တစ်ခု ရှိသေးတယ်။ သူတို့ တိုက်လို့ရှိရင် အမြန်ဆုံး တိုက်လိမ့်မယ်၊ နောက်အကျဆုံး မနက်အရုဏ်တက်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဆီမှာ အချိန် မရှိဘူး၊ မဟာမိတ်တပ်တွေ အချိန်မရွေး ရောက်လာနိုင်တယ်၊ အဲဒီတော့ သူတို့ တိုက်လာပြီ ဆိုပါတော့၊ တံတားကြီးအောက်ကို ကျသွားပြီ ဆိုပါတော့၊ တံခါးမကြီး ပွင့်မသွားအောင် ကျုပ်တို့ ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မလဲ ဗိုလ်ကြီး"

"ကျွန်တော်တို့ သိပ်ကြာကြာ ထိန်းမထားနိုင်ပါဘူး၊ ကျွန်တော်တို့မှာ စက်ကြီးတစ်လက်နဲ့ လက်နက်ငယ်ကလေးတွေပဲ ရှိတယ်၊သူတို့မှာက စက်သေနတ်ကြီးတွေ တင်ထားတဲ့ သံချပ်ကာကားနှစ်စီး ရှိနေသေးတယ်၊ နောက်ပြီးတော့ လူအင်အားလည်း အများကြီး သာတယ်"

"ဟုတ်ပြီ၊ တံခါးမကြီးကို သူတို့ ဖိတိုက်လာရင် ကျုပ်တို့ ဆုတ်ပေးရမယ်၊ ဘစ်ဘာသာ အမြောက်ကြီး အခြေအနေ ဘယ့်နှယ်လဲ မက်စ်"

"ဥမင်ပေါက်နဲ့ ကိုက် ၃၀ အကွာမှာ နေရာ ချထားတယ်၊ သံတိုမယ်နတွေ အပြည့် သိပ်ထားတယ်၊ ဒါပေမဲ့ စနက်တံရှိတဲ့ လူရဲ့ မျက်နှာကို မောက်ခွဲမပစ်ဘူးလို့တော့ ကျုပ် အာမမခံနိုင်ဘူး"

"အဲဒါက ကျုပ်အပိုင်းပါ၊ ကျုပ် လုပ်မယ်လို့ ပြောထားတယ်၊ ကျုပ် လုပ်မယ်၊ တကယ်လို့ ပစ်လို့ ရတယ်ဆိုရင်တော့ ဥမင်ထဲက ပထမဆုံး ထွက်လာတဲ့ သံချပ်ကာကားနဲ့ လူတွေကို စေ့စေ့ညက်ညက် ချေပစ်နိုင်တယ်၊ အခြေအနေကိုလည်း အတော်ကလေး ထိန်းနိုင်သွားမယ်"

"အဲဒီနောက်ကော"

ဟောင်းဝပ်က မေးလိုက်သည်။

"ဥတ္တရမျှော်စင်ကို ရောက်အောင် ဆုတ်မယ်၊ တံခါးကို ပိတ်ပြီး ကျုပ်တို့ ခံမယ်၊ နောက်ဆုံး ခံနိုင်တဲ့အချိန်အထိ ခံမယ်"

"တံခါးကတော့ အားမကိုးလောက်ဘူး ဗိုလ်မှူး"

ဘီအားက ပြောသည်။



"အဲဒီလိုဆိုရင် ကျုပ်တို့ အပေါ်ကို တက်သွားမယ်၊ သူတို့ကို တစ်ထပ်ပြီး တစ်ထပ် ခံတိုက်မယ်၊ ဒါမှမဟုတ်ရင် ဒါ့ထက် ကောင်းတဲ့ အကြံဉာဏ် ဘယ်သူ ပေးစရာ ရှိသလဲ"

ကင်းနင်းက မေးလိုက်သည်။ အားလုံး နှုတ်ဆိတ်နေသည်။

"ကောင်းပြီ၊ လူကြီးမင်းတို့ လုပ်စရာရှိတာ ဆက်လုပ်ကြပေတော့၊ ငါးမိနစ်အတွင်း အုတ်ရိုးပေါ်ကို ကျုပ် လိုက်ခဲ့မယ်"

အခန်းထဲမှ သူတို့ ထွက်သွားကြသည်။

ရွှေလင်းယုန်ဟိုတယ်၏ ယမကာဆောင်အတွင်းသို့ ဆော်ဇာ ဝင်သွားသောအခါ ရစ်တာသည် မီးဖိုအနီးတွင် ထိုင်နေသည်။ သူ့လက်ထဲတွင် ဖန်ခွက်တစ်လုံး ရှိသည်။ မီးဖိုဆောင် တံခါး ပွင့်သွားပြီး ဟော့ဖာ ကော်ဖီဗန်းကို သယ်ကာ ဝင်ရောက်လာသည်။

"ဗိုလ်မှူး ကျွန်တော့်ကို ခေါ်တယ်ဆို"

ဆော်ဇာက ပြောလိုက်သည်။

"ကျုပ်တို့ဘက်က အကျအဆုံး ဘယ်လို ရှိသလဲ"

"လေးယောက် ကျတယ်၊ နှစ်ယောက် ဒဏ်ရာ ပြင်းတယ်၊ သုံးယောက် အနည်းငယ် ဒဏ်ရာရ၊ ဒဏ်ရာရတဲ့ လူတွေကို ဆရာဝန်နဲ့ ကုရအောင် ဒီကို ခေါ်လာတယ်၊ သံချပ်ကာကားတစ်စီး လုံးဝ ပျက်သွားတယ်၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"မနက်မှ တိုက်မယ်၊ ၇ နာရီတိတိမှာ တိုက်မယ်၊ ဗိုလ်ကြီးနဲ့ ဗိုလ်ကြီးရဲ့ လူတွေဟာ မနက် ၉ နာရီအထိ ကျုပ်လူတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်မှူး"

"ကျုပ်ကိုယ်တိုင် ကွပ်ကဲပြီး တိုက်မယ်၊ အလုံးအရင်းနဲ့ တိုက်မယ်၊ ဆွဲတံတားကို တင့်ကားပစ် စိန်ပြောင်းပင်ဇာဖောက်တွေနဲ့ ပစ်ချမယ်၊ ဟော့ဖာဟာ ကျုပ်တို့ တပ်ရင်းမှာ အတော်ဆုံး အမြောက်ပစ်သမားပဲ၊ ဆွဲတံတား သံကြိုးတွေကို သူ ပစ်လိမ့်မယ် ဟုတ်လား အားရစ်"

"ဟုတ်ပါတယ် ဗိုလ်မှူး"

ရစ်တာက ဆော်ဇာကို မော့ကြည့်လျက်-

"ဘာမေးစရာ ရှိသလဲ"

"မေးလို့ကော အကြောင်းထူးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူး၊ နောက်ဆုံးကျရင် ကျုပ်တို့အားလုံး ငရဲကို သွားကြရမှာပဲ"

"ဖင်လန်မှာလည်း ဒီလိုပဲ စကားပုံ ရှိပါတယ်"

"တပ်ကြပ်ကြီး ဂက်ထရင်နဲ့ အကောင်းဆုံးလူ ၄ ယောက်ကို ဒီမှာ ထားခဲ့ပါ၊ ကဲ စခန်းကို ဗိုလ်ကြီး ပြန်ပေတော့၊ ခဏကလေးနေရင် ကျုပ် လိုက်လာခဲ့မယ်"

ဆော်ဇာ သူ့ကို အလေးပြုပြီး ထွက်သွားသည်။

စထရက်ဆာ အခန်းတွင်းသို့ ဝင်ရောက်လာသည်။

"ဗိုလ်မှူး ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"မနက် ၇ နာရီမှာ တိုက်မယ်၊ အလုံးအရင်းနဲ့ တိုက်မယ်၊ ဆွဲတံတားသံကြိုးတွေကို ပင်ဇာဖောက်နဲ့ ပစ်ပြီး ဖြတ်ချမယ်၊ တပ်ကြပ်ကြီး ဂက်ထရင်နဲ့ ရဲဘော် ၄ ယောက်ကို ဒီမှာ အစောင့်အဖြစ် ထားခဲ့မယ်"

"ကျုပ်လည်း ခင်ဗျားတို့နဲ့ လိုက်ခဲ့မယ်"

စထရက်ဆာက ပြောသည်။

"ဆရာကြီး ဒီမှာ နေရစ်ခဲ့ပါ"

ရစ်တာက ပြတ်သားစွာ ပြောလိုက်သည်။

အာနီ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ ဂီလတ်က သူ့နဖူးကို စမ်းကြည့်သည်။ အေးနေသည်။ သွေးခုန်နှုန်းလည်း မှန်သည်။

ဂီလတ် စီးကရက်တစ်လိပ် မီးညှိသည်။ ပြတင်းပေါက်သို့ သွားပြီး တံခါးကို ဖွင့်လိုက်သည်။ အပြင်တွင် မှောင်နေသည်။ နှင်းပွင့်များ ကျနေသည်။

ကော်ဖီဗန်ကို သယ်ဆောင်ကာ မေယာ ဝင်ရောက်လာသည်။ အစောင့်က တံခါးအပြင်ဘက်တွင် ဖြစ်သည်။

"သား ဘယ့်နှယ်နေသေးသလဲ ဒေါက်တာ"

"နေကောင်းသွားပါပြီ၊ အဖျားကျသွားပြီ၊ သူ ကောင်းကောင်း အိပ်နေပြီ၊ မဒမ်ဒီဘိုဗီးကို ကျုပ် သွားကြည့်ရဦးမယ်"

ဂီလတ်က မေယာ ထည့်ပေးသော ကော်ဖီကို သောက်ရင်း ပြောလိုက်သည်။

"မနက်ဖြန် မနက် ၇ နာရီမှာ အောလဘာတ် ရဲတိုက်ကြီးကို သူတို့ အလုံးအရင်းနဲ့ တိုက်ကြလိမ့်မယ်"

မေယာ တီးတိုး ပြောလိုက်သည်။

"သေချာရဲ့လား"

"ဗိုလ်မှူးရစ်တာနဲ့ ဟာစထရက်ဆာတို့ စောစောက ပြောနေကြတာတို့ ကျွန်တော် ကြားတယ်၊ ဗိုလ်မှူးရစ်တာ စောစောကပဲ သွားပြီ"

"စထရက်ဆာကော"

"စထရက်ဆာက လိုက်ချင်တယ်၊ ရစ်တာက လိုက်ခွင့်မပေးဘူး၊ သူ့ကို စောင့်ရှောက်ဖို့ လူ ငါးယောက် ထားခဲ့တယ်"

ဂီလတ် ပြတင်းပေါင်တွင် မှီလျက်-

"ဒီကောင်တွေ အလုံးအရင်းနဲ့ တိုက်ရင်တော့ ကျုပ်တို့ လူတွေ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး၊ ကျုပ်တို့ တစ်ခုခု လုပ်မှပဲ"

"ကျွန်တော်တို့ ဘာလုပ်နိုင်မှာလဲ ဒေါက်တာ၊ အခြေအနေက ဘာမှ မျှော်လင့်ချက် မရှိဘူး"

"အောက်မှာ ရေခဲလှေျှာတစ်ခု တွေ့တယ်၊ အဲဒါ ခင်ဗျားဥစ္စာလား"

"ဟုတ်ပါတယ် ဒေါက်တာ"

"ခင်ဗျားမှာ ကျုပ်ကျေးဇူးတွေ ရှိတယ်လို့ ခင်ဗျား ပြောခဲ့တယ်၊ အခု အဲဒီကျေးဇူးတွေကို ဆပ်ဖို့ အချိန်ရောက်လာပြီ၊ အဲဒီလှေျှာရယ်၊ အင်္ကျီရယ်၊ လက်အိတ်ရယ်၊ ဖိနပ်ရယ် ယူပြီး နောက်ဖေးက တဲကလေးမှာ ထားပါ၊ ကျုပ်ကို အဲဒါပဲ လုပ်ပေးပါ၊ ဒီအခန်းထဲက ထွက်နိုင်ဖို့ကို ကျုပ်ဟာကျုပ် လုပ်မယ်"

အခန်းတွင်းသို့ အစောင့်စစ်သား ဝင်လာသည်။ မေယာကို အခန်းထဲမှာ ထွက်သွားရန် ဖင်လန်လို ပြောပြီး လက်ရိပ်ပြသည်။ မေယာက ကော်ဖီဗန်းကို ကောက်ယူသည်။

"ခင်ဗျားကို ကျုပ် အားကိုးပါတယ် မေယာ"

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ဒေါက်တာ"

မေယာ ထွက်သွားသည်။ အစောင့်က တံခါးကို ပိတ်မည်ပြုသည်။ ဂီလတ်က ခေါင်းကို ယမ်းခါလိုက်သည်။ ထို့နောက် ဆေးအိတ်ကို ယူပြီး ကလဲယာ၏ အခန်းသို့ သွားရောက်သည်။

ကလဲယာသည် ခုတင်ပေါ်တွင် လဲလျောင်းလျက် ရှိသည်။ အစောင့်က အခန်းထဲ ဝင်လိုက်လာမည် ပြုသော်လည်း ဂီလတ်က တံခါးကို လျင်မြန်စွာ ပိတ်လိုက်သည်။

သူမက ထမည်ပြုသည်။

"မထနဲ့ အိပ်နေပါ၊ ဘယ့်နှယ် နေသေးသလဲ"

ဂီလတ်က ခုတင်စွန်းတွင် ဝင်ထိုင်ရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



''နည်းနည်းတော့ သက်သာလာပါပြီ''

''ဒါပေမဲ့ တစ်ယောက်ယောက် ဝင်လာရင်တော့ နေမကောင်းယောင်ဆောင်နေပါ''

''အစောင့် ဝင်လာရင်လား''

''သူနဲ့တော့ အလွှမ်းသင့်နေပြီ၊ သူ့လူနှစ်ယောက်ကို ကျုပ်ကုပေးထားတယ်၊ ဟိုမှာ သူတို့ တိုက်ပွဲဖြစ်ကြတယ်''

ဂီလတ်က ဆေးအိတ်ကို ဖွင့်ကာ နားကြပ်ကို ထုတ်ယူပြီး-

''ကျုပ်မှာ အချိန်သိပ်မရှိဘူး၊ အဲဒီတော့ ကျုပ်ပြောတာကို သေသေချာချာ နားထောင်ပါ၊ ဒီလူဟာ စထရက်ဆာပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့၊ မင်း သူ့အတွက် ဆက်လုပ်ဖို့ စိတ်ကူးသေးသလား''

''ပေါ ဘယ်လို သဘောရလို့လဲ''

သူက နာရကို ကြည့်လိုက်ပြီး-

''နောက်တစ်နာရီလောက်မှာ ရဲတိုက်ကြီးကို သူတို့ တိုက်ကြလိမ့်မယ်၊ သူတို့မှာ အင်အား အပြည့်အစုံ ရှိတယ်၊ ဘာမှ အတားအဆီး မရှိဘူး''

သူမ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

''ကလော်ဒင်၊ ဟင်မီတန်နဲ့ အားလုံး သွားပြီပေါ့''

''ဟုတ်တယ်၊ တစ်ယောက်ယောက်က တစ်ခုခု မကူညီဘူးဆိုရင်ပေါ့''

''ဘယ်လိုလုပ်ပြီး ကူညီနိုင်မလဲ''

''မေယာက ကျုပ်အတွက် ရေခဲလှော်တစ်စုံနဲ့ ပစ္စည်းတွေကို နောက်ဖေးက တဲကလေးမှာ ဝှက်ထားပေးတယ်၊ ဒီက ထွက်သွားနိုင်ဖို့အတွက်တော့ ကျုပ်ဟာကျုပ် ကြိုးစားရမှာပေါ့၊ အဲဒါ ကလဲယာ ကူညီနိုင်မလား''

''ကူညီမှာပေါ့၊ ကျွန်မလို လူမျိုးတစ်ယောက်ဆီက အကူအညီ ယူမယ်ဆိုရင်ပေါ့''

သူမက သူ့လက်ကို တင်းကျပ်စွာ ဆုပ်ရင်း ပြောသည်။

''ဩော်... ကလဲယာရယ်... ကျုပ်တို့ဟာ ဒီစစ်ကြီးကြောင့် အနည်းနဲ့ အများ ဆိုသလို ဆုံးရှုံးပျက်စီးကြရတယ်၊ ကျုပ်က မင်းကို ဘယ်လိုများ စီရင်ချက် ချနိုင်မှာလဲ''

အပြင်ဘက်မှ အသံများ ကြားရသည်။ ကလဲယာ ကမန်းကတန်း လှဲလိုက်သည်။ တံခါးပွင့်သွားပြီး စထရက်ဆာ ရောက်လာသည်။

''သူ ဘယ့်နှယ် နေသေးသလဲ''

''မကောင်းဘူး၊ စိတ်သိပ်ထိခိုက်နေတယ်''

''အင်း... စိတ်မကောင်းစရာဘဲ၊ ဒါနဲ့ ဒေါက်တာနဲ့ ကျုပ် စကား



ပြောစရာ ရှိတယ်''

''ခဏတော့ စောင့်ရလိမ့်မယ်၊ မဒမ်ဒီဘိုစီးကို ကျုပ် သေသေချာချာ ကြည့်ရဦးမယ်၊ ဒဏ်ရာ ရထားတဲ့ ဖင်လန် နှစ်ယောက်ကိုလည်း ကြည့်စရာ ရှိသေးတယ်''

''၁၀ မိနစ်၊ ၁၀ မိနစ်ပဲ ရမယ်၊ ပြီးရင် အောက်ကို လာခဲ့ပါ၊ ဟုတ်လား''

''ဟုတ်ကဲ့ ဌာနချုပ်မှူး''

စထရက်ဆာ ထွက်သွားသည်။ တံခါးပွင့်လျက်သား ကျန်ရစ်သည်။ ဖင်လန် အစောင့် အပြင်တွင် ရပ်နေသည်။

''အဲဒါ ဆိုးတာပဲ၊ အချိန်မရှိတော့ဘူးဆိုတဲ့ သဘောပဲ''

ဂီလတ်က ပြောလိုက်သည်။

''ဒေါက်တာ အခုသွားရင် သွား၊ မသွားရင် နောက် ဘယ်တော့မှ သွားနိုင်တော့မှာ မဟုတ်ဘူး''

''ဟုတ်တယ်''

အမျိုးသမီးက ထိုင်သည်။ သူမ၏ ခြေထောက်ကို အောက်သို့ လွဲချသည်။ ဂီလတ်၏ ဆေးအိတ်ကို တိုက်မိပြီး အောက်သို့ ကျသွားသည်။ ဆေးများ၊ ဆေးပုလင်းများ၊ ကိရိယာတန်ဆာပလာများ ပြန့်ကျဲသွားသည်။ သူမက ကုန်းငုံ့ပြီး ကောက်မည်ပြုသည်။ အခန်းတွင်းသို့ အစောင့် ဝင်လာသည်။ သူမက သူ့ကို ကြည့်လိုက်သည်။ အစောင့်က ပြုံးလိုက်ပြီး သေနတ်ကို ဖြုတ်ကာ ခုတင်ပေါ်တွင် ချထားလိုက်သည်။ ထို့နောက် ဂီလတ်၏ အနီးတွင် ဒူးထောက်ပြီး ထိုင်ချလိုက်သည်။

ကလဲယာ နည်းနည်းမျှ လက်မနှေးပါ။ စားပွဲပေါ်တွင် ရေပုလင်း တစ်လုံး ရှိသည်။ သူမက ပုလင်းကို လည်ပင်းမှ ကိုင်ပြီး ဘသားချော၏ နောက်စေ့ကို အားကုန် ရိုက်ချလိုက်သည်။ ပုလင်းလည်း ကွဲသွားသည်။ ခေါင်းလည်း ကွဲသွားသည်။ ဘသားချော တစ်ချက်မျှ မအော်နိုင်ဘဲ မှောက်သွားသည်။

အမျိုးသမီးက ခေတ္တမျှ ငိုင်သွားသည်။ နားစွင့်သည်။ ဘာသံမျှ မကြားရပါ။ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

''ကဲ ပေါ်ရေ... သွားပေတော့''

''မင်းကော...''

''ကျွန်မအတွက် ဘာမှ မပူပါနဲ့''

ဂီလတ်က သူမ၏ ပခုံးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပြီး သူမကို ဖြည်းညင်းစွာ နမ်းလိုက်သည်။ ထို့နောက် အခန်းထဲမှ လျှင်မြန်စွာ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလဲယာသည် မဂ်ဂါတတ်ရပ်လျက် အစောင့် စစ်သားကို ငုံ့ကြည့်နေသည်၊ သူမက အံ့ဩဖွယ်ကောင်းလောက်အောင်ပင် တည်ငြိမ်လျက် ရှိသည်။ သူမတွင် မည်သည့် စိတ်လှုပ်ရှားမှုမျှ မရှိတော့ပါ။ သို့သော် သူမသည် အထူး ပင်ပန်းနွမ်းနယ်လျက် ရှိသည်။ တစ်ခုခု သောက်လိုက်ဖို့ လိုနေသည်။ သို့ဖြင့် အခန်းထဲမှ သူမ ထွက်သွားသည်။ တံခါးကို နောက်တွင် ပိတ်ထားခဲ့သည်။

နောက်ဖေး လှေကားမှ ဂီလတ် ဆင်းသွားသည်။ အောက်ဘက်စင်္ကြံသို့ ရောက်သောအခါ နောက်ဖေးတံခါး ပွင့်သွားပြီး မေယာ ဝင်လာသည်။ သူ့ခြေထောက်မှ နှင်းများကို ဆောင့်ခါသည်။ ဂီလတ်ကို မြင်သောအခါ သူ လန့်သွားပုံရသည်။ ဂီလတ်က သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး-

"ကျုပ်ပြောတဲ့အတိုင်း လုပ်ခဲ့ပြီလား"

"ဟုတ်ကဲ့၊ ဒေါက်တာ ကျွန်တော် အခုပဲ ပြီးလို့ ပြန်လာပါတယ်"

"ဟုတ်ပြီ၊ စထရက်ဆာက ခင်ဗျားကို မေးရင် ဘာမှ မသိဘူးလို့သာ ပြောပေါ့"

တံခါးဖွင့်ပြီး ဂီလက် ထွက်သွားသည်။ အရှေ့ဦး အလင်းရောင်သည် သစ်ပင်များအတွင်းသို့ ထွင်းဖောက်ပြီး ဆင်းလာနေပြီ ဖြစ်သည်။ မြေပြင်တွင် မြူအနည်းငယ် ဆိုင်းနေသည်။ နှင်းလည်း ဖွဲဖွဲကျနေသည်။ မေယာ၏ ခြေရာများကို တွေ့ရသည်။ ယင်းခြေရာများအတိုင်း ဂီလတ် လျှောက်သွားသည်။ ထဲကလေးသို့ ရောက်သောအခါ တံခါးကို ဖွင့်ပြီး ဝင်လိုက်သည်။

ဂီလတ် စိတ်လှုပ်ရှားလျက် ရှိသည်။ သည်လိုမျိုး စိတ်မလှုပ်ရှားသည်မှာ နှစ်ပေါင်းများစွာ ကြာချေပြီ။ သူ့ခြေထောက်မှ ရှူးဖိနပ်ကို ချွတ်ပြီး သိုးမွေး ခြေအိတ်နှင့် လျှောစီးဖိနပ်ကြီးတို့ကို လဲစီးသောအခါ သူ့လက်များ တုန်နေသည်။ နှင်းကာအင်္ကျီမှာ အနီ ဖြစ်ပြီး ဟောင်းမြင်းလျက် ရှိချေပြီ။ ဖာရာတွေ ထပ်နေသည်။ သို့သော် ခေါင်းဆောင်းသည် လက်အိတ်များအတိုင်း သားမွေး ကွပ်ထားသည်။ သူက အင်္ကျီကို လျင်မြန်စွာ ဝတ်ဆင်ပြီးနောက် ရေခဲပြင်စီး လျှောနှစ်စုံနှင့် တုတ်များကို ယူကာ အပြင်သို့ ထွက်သွားသည်။

ယခုအခါ နှင်းပွင့်များ သဲသဲကျနေသည်။ အေးမြလှသည်။ နံနက်ခင်း တောင်ပေါ်နှင်း ဖြစ်သည်။ ဝင်းအပြင်ဘက်သို့ ရောက်သောအခါ လျှောများကို စီးလိုက်သည်။ ၅ မိနစ်ခန့်အကြာတွင် ယမကာဆောင်အတွင်း၌ ဂီလတ်၏



ဆောင့်မျှော်နေသော စထရက်ဆာသည် အပြင်ဘက် ကွက်လပ်ထဲမှ ဟာမိုနီအော်သံ တစ်ခုကို ကြားရသည်။ တံခါးပေါက်သို့ သူ သွားသည်။ ဂက်ထရင်နှင့် တပ်သား ၄ ဦး ကားအနီးတွင် ရှိနေကြသည်။ ဖင်လန်တစ်ယောက်က သစ်ပင်များ ပေါက်ရောက်လျက် ရှိသော တောင်နှာမောင်းဆီသို့ လက်ညှိုးထိုးလျက် ရှိသည်။

"ဘာဖြစ်တာလဲ"

စထရက်ဆာက မေးလိုက်သည်။

ဂက်ထရင်က မှန်ပြောင်းကို အောက်သို့ ချလိုက်ပြီး-

"ပြင်သစ်ကြီး"

"ဂီလတ်လား၊ မဖြစ်နိုင်ဘူး"

"ဆရာကြီးကိုယ်တိုင် ကြည့်ပါဦး"

သူက မှန်ပြောင်းကို လှမ်းပေးသည်။ စထရက်ဆာ ကြည့်သည်။ သစ်ပင်များအကြားတွင် သစ်ခုတ်သမား၏ လမ်းကြောင်းကို မြေ့လိမ်မြွေကောက် တွေ့မြင်ရသည်။ အင်္ကျီအနီကြီးနှင့် လျှောသမားတစ်ဦးကို တွေ့မြင်ရသည်။ ထိုအချိန်တွင် ဂီလတ်က နောက်ဘက်သို့ လှည့်ကြည့်ချိန်နှင့် ဆုံသဖြင့် သူ့မျက်နှာကို ထင်ရှားစွာ တွေ့မြင်ရသည်။

ဖင်လန်တပ်သား နှစ်ဦးက ၎င်းတို့၏ မော်တာရိုင်ဖယ်များနှင့် ချိန်ရွယ်လျက် ရှိနေကြသည်။ ဂက်ထရင်က-

"ပစ်ရမလား"

"ဒပစ်နဲ့၊ သူ့ကို ကျုပ် အရှင်ရချင်တယ်"

"ဒါက လွယ်ပါတယ်၊ ဒီလိုနေရာမျိုးမှာ လျှောနဲ့ဆိုရင် ဒီကောင်ကလေးတွေက အတော်ဆုံးပဲ"

ထို့နောက် ဂက်ထရင်က သူ့လူများကို ဖင်လန်ဘာသာဖြင့် အမိန့်ပေးသည်။ ၎င်းတို့သည် လျင်မြန်သွက်လက်စွာပင် ကားဆီသို့ ပြေးသွားကြပြီ၊ ရေခဲပြင်လျှောများကို ချယူကြသည်။

"သူတို့နဲ့ မင်း လိုက်သွား၊ ဘာမှ မမေးနဲ့၊ ဘာမှ မပြောနဲ့၊ တစ်နာရီအတွင်း သူ့ကို မိအောင် ဖမ်းခဲ့"

"အမိန့်အတိုင်းပါ ဆရာကြီး"

မိနစ်ပိုင်းအတွင်းမှာပင် ဂက်ထရင်နှင့် သူ့လူ လေးယောက်တို့သည် ရိုင်ဖယ်များကို လွယ်ကာ လျှောများဖြင့် ထွက်သွားကြသည်။

စထရက်ဆာသည် အင်္ကျီအိတ်ထဲမှ ပစ္စတိုသေနတ်ကို ထုတ်ယူပြီး ဗိုက်တယ်တွင်းသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ လှေကားကို တစ်ထစ်ကျော် ဆင်းတက်သွားသည်။ စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။ အာနီ၏ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တံခါး ပွင့်နေသည်။ ချာတိတ်ကလေး နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ စထရက်ဆာ ခြေထောက် တုံ့ဆိုင်းဆိုင်း နေပြီးနောက် ကလဲယာ၏ အခန်းသို့ သွားသည်။ အခန်းထဲတွင် အစောင့်တပ်သား လဲကျနေသည်ကို တွေ့ရသည်။ သေဆုံးနေပြီ ဖြစ်သည်။ အခန်းထဲမှ စထရက်ဆာ လျင်မြန်စွာ ထွက်ခဲ့သည်။

''မေယာ... မေယာ... ခင်ဗျား ဘယ်မှာလဲ''

လေ့ကားမှ ဆင်းသွားရင်း သူ ဟစ်ခေါ်သည်။

မေယာ မီးဖိုဆောင်အတွင်းမှ ထွက်လာသည်။ သူ့မျက်လုံးများ ထိတ်လန့်လျက် ရှိသည်။ တစ်ချိန်တည်းမှာပင် အရက်စင်တွင် ရှန်ပိန်ပုလင်းကို ဖွင့်နေသောကလဲယာကို စထရက်ဆာ တွေ့မြင်လိုက်သည်။

''သြော်... ဌာနချုပ်မှူးကြီးပါလား၊ အတော်ပဲ ရှန်ပိန်သောက်ကြရအောင်၊ လောကကြီးဟာ ကျွန်မ ထင်သလောက် မဆိုးသေးပါဘူး၊ ဒါပေမဲ့ ကိုယ် လိုချင်တာလည်း ဘယ်အကုန် ဖြစ်နိုင်မလဲ''

စထရက်ဆာက သူမ၏ စကားကို အမှုမထားဘဲ မေယာကို သေနတ်ဖြင့် ချိန်ကာ-

''သူ ထွက်ပြေးနိုင်အောင် ခင်ဗျား လုပ်ပေးတာပဲ မဟုတ်လား၊ သူ့ အနေနဲ့ လျှော်နဲ့ လျှော်စီးအဝတ်တွေကို ခင်ဗျား မပေးရင် တခြား ဘယ်က ရနိုင်မလဲ''

''ဟာစထရက်ဆာ မပစ်လိုက်ပါနဲ့၊ ဒီကိစ္စ ကျွန်တော်နဲ့ ဘာမှ မဆိုင်ပါဘူး''

ခမယာ ထိတ်လန့်တုန်လှုပ်စွာ တောင်းပန်သည်။

ကလဲယာသည် ဖန်ခွက်ထဲသို့ ရှန်ပိန်အပြည့် ငှဲ့လိုက်ပြီး ခွေးခြေကြီး တစ်လုံးပေါ်တွင် တင်ပါးစောင်း ထိုင်လိုက်သည်။ ရှန်ပိန်ကို တစ်ကျိုက် ကျိုက်လိုက်ပြီးနောက်-

''အား... တကယ်ကောင်းပါလား၊ တကယ် ကောင်းတာပဲ၊ မေယာ ပြောတာ မှန်တယ်၊ ပေါ်ကို ထွက်သွားနိုင်အောင် လုပ်ပေးတာ သူ မဟုတ်ဘူး ကျွန်မပဲ၊ ရှင့်လူတစ်ယောက်ကို သွေးသရဖူဆောင်းပေးလိုက်ရတာ တယ်အရသာ ရှိတာပဲ''

စထရက်ဆာ သူမကို မျက်လုံးပြူးပြီး ကြည့်သည်။

''မင်း... မင်း... ဟုတ်လား၊ မင်း ရိုက်လိုက်တဲ့လူ သေသွားပြီ ဆိုတာ မင်း သိသလား''

သူမ၏ မျက်နှာမှ အပြုံး ပျောက်ကွယ်သွားသည်။ သို့သော် ချက်ချင်းပင် တုံ့ပြန်သည်။



''ကျွန်မ ယောကျ်ားလည်း သေသွားပြီလေ''

''ခွေးစုတ်မ၊ နင် ဘာတွေ လုပ်တယ် ဆိုတာ သိသလား''

''ရှင့်ရဲ့ မဟာဒီမံကိန်းကြီးကို ဖျက်ဆီးလိုက်ပြီ မဟုတ်လား၊ ဒီဒေသ တစ်ဝိုက်မှာ မဟာမိတ်တပ်တွေ အများကြီး ရှိနေတယ်၊ ပေါ်ဟာ မဟာမိတ်တပ်ဖွဲ့ တစ်ဖွဲ့ဖွဲ့ကို အမြန်ဆုံး ရှာတွေ့မှာ သေချာတယ်''

''ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဂက်ထရင်နဲ့ လူ လေးယောက် သူ့နောက်ကို လိုက်သွားကြပြီ၊ သူတို့ဟာ ဂျာမန်တပ်မတော်မှာ အတော်ဆုံး လျှောသမားတွေပဲ၊ အသက် ၆၀ ကျော် အဘိုးကြီးတစ်ယောက်ကို သူတို့ ကြာကြာမလိုက်ရဘူး''

''အဲဒီအဘိုးကြီးက အိုလံပစ် ရွှေတံဆိပ်ဆုရ၊ သူ့ခေတ်တုန်းက ကမ္ဘာပေါ်မှာ အတော်ဆုံး လျှောသမားကြီးပဲ''

အမျိုးသမီး ဖန်ခွက်ကို မြှောက်လိုက်ပြီး-

''ငရဲကို ကြွမြန်းပေတော့ ဌာနချုပ်မှူးကြီး''

စထရက်ဆာက အချက်များစွာ ပစ်ခတ်သည်။ တစ်ချက်ပြီး တစ်ချက်။ အမျိုးသမီး ထိုင်နေရာမှ လည်ပြီး ကျသွားသည်။ စထရက်ဆာ ထပ်ပြီးပစ်သည်။ ကျည်ဆန် ကုန်သည်အထိ ပစ်ခတ်သည်။ ရစ်တာနှင့် ဆော်ဇာတို့သည် သံချပ်ကာ ကားတစ်စီးအနီးတွင် ကော်ဖီသောက်ရင်း ရွှေလင်းယုန်ဟိုတယ်မှ ရစ်တာ ဖြုတ်ယူခဲ့သော အောလဘတ်ရဲတိုက်ကြီး မြေပုံကို ကြည့်ရှုလေ့လာလျက် ရှိကြသည်။

''တံခါးမကြီးကို ကျုပ်တို့ စီးမိတာနဲ့ တစ်ပြိုင်နက် သူတို့အားလုံး ဌာနရမျှော်စင်ကို ဆုတ်သွားကြမယ်၊ တခြား ဘယ်မှ သွားစရာ မရှိဘူး''

ဖင်လန်တပ်သားများသည် အားလုံး အဆင်သင့် ဖြစ်နေကြပြီ ဖြစ်သည်။ သံချပ်ကာ ကားများအတွင်းတွင် အမိန့်ကို စောင့်ဆိုင်းနေကြသည်။ ပင်ဇာဖောက်ကားအနီးတွင် ၆ ယောက်ခန့် ရှိနေသည်။ ရစ်တာက အကျည်းတန်သော တင့်ကားငယ် လက်နက်ကြီးများကို ကြည့်ရှုစစ်ဆေးရင်း-

''ကျုပ်တို့မှာ အားလုံး ဘယ်နှခု ရှိသလဲ''

''၁၀ ခု''

''ဒါဆိုရင် တစ်ချက် လွဲသွားလို့ မဖြစ်ဘူး၊ ဟော့ဖာကို ကျုပ် တာဝန်ပေးမယ်၊ ဗိုလ်ကြီးရဲ့ လူတွေကို ပြောထားပါ၊ ဟော့ဖာဟာ အတော်ဆုံး အမြောက်ပစ်သမား တစ်ယောက်ပဲ''

ထိုစဉ်တွင် ဟော့ဖာက ကားကလေးဆီမှ လှမ်းအော်သည်။

''ဟာစထရက်ဆာ... ဖုန်းဆက်နေတယ် ဗိုလ်မှူး''

ကားဆီသို့ ရစ်တာ ရောက်သွားသည်။ စထရက်ဆာ၏ အသံကို

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ငြိမ်သက်စွာ ကြားရသည်။

"မတိုက်သေးဘူးလား"

"တိုက်တော့မယ်၊ ဘာဖြစ်လို့လဲ"

စထရက်ဆာက ဂီလတ် လွတ်သွားသည့် အကြောင်းကို ပြောသည်။ ရစ်တာက-

"ဒါဆိုရင် ကျွန်တော်တို့မှာ အချိန် သိပ်မရှိတော့ဘူးပေါ့၊ ဒါအတွက်တော့ ဘာမှ မပူပါနဲ့ ဗိုလ်မှူးကြီး၊ ကျွန်တော်တို့မှာ အစကတည်းကပဲ အချိန် သိပ်မရှိပါဘူး၊ ပြီးပြီ ပိတ်"

ရစ်တာသည် စကားပြောခွက်ကို ပြန်တင်ထားလိုက်ပြီး ဆော်ဇာဘက်သို့ လှည့်လိုက်သည်။

"ဘာပြဿနာလဲ"

ဆော်ဇာက မေးသည်။

"ဂီလတ် လွတ်သွားတယ်၊ လှေနဲ့ ထွက်ပြေးသွားတယ်၊ ဂက်ထရင်တို့အဖွဲ့ နောက်က လိုက်နေတယ်"

"ဒါအတွက်တော့ ဘာမှ ပြဿနာ မရှိပါနဲ့၊ ကျွန်တော့်လူတွေဟာ ဒီလုပ်ငန်းမှာ အတော်ဆုံး လူတွေပဲ၊ သူ့ကို ချက်ချင်း ဖမ်းမိမှာပဲ"

"ကျုပ်တော့ မထင်ဘူး၊ သူက အိုလံပစ် ရွှေတံဆိပ်ရ တစ်ယောက်ပဲ၊ ဂက်ထရင်တို့ လူစု သူ့ကို မမိခင် အင်္ဂလိပ် အမေရိကန်တပ်ဖွဲ့ တစ်ဖွဲ့ဖွဲ့ တွေ့သွားရင်-

"ဗိုလ်မှူး ပြောတာ ကျွန်တော် နားလည်ပြီ၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"အမြန်ဆုံး တိုက်ကြမယ်၊ အခုပဲ တိုက်ကြမယ်"

ရစ်တာက ပြောပြောဆိုဆိုပင် သံချပ်ကာ ကားတစ်စီးဆီသို့ သွားသည်။ ဆော်ဇာက သူ့လက်ကို ဆွဲထားလိုက်ပြီး-

"ခဏနေပါဦး ဗိုလ်မှူး၊ ဉမင်ထဲကို ရှေ့ဆုံးက ဝင်တဲ့ ကားဟာ အနည်းနဲ့ အများဆိုသလို ပြဿနာ တွေ့နိုင်တယ်၊ အဲဒီကားနဲ့ ကျွန်တော် လိုက်ပါရစေ"

"ဒီမှာ ကျုပ် ကွပ်ကဲတယ်၊ ဒါကိုလည်း ကျုပ် ရှင်းအောင် ပြောထားပြီးပြီ"

"ဒါပေမဲ့ ရဲဘော်တွေက ကျွန်တော့်ရဲဘော်တွေ ဖြစ်တယ်၊ ကျွန်တော်တို့ လက်တွဲလာကြတာ ကြာလှပြီ"

ရစ်တာက သူ့ကို စိုက်ကြည့်သည်။ မသိမသာ မျက်မှောင်ကုတ်သည်။



ထို့နောက် ခေါင်းညိတ်လိုက်ပြီး-

"ကျုပ် နားလည်ပြီ၊ ကောင်းပြီ၊ ဒီပွဲမှာ ဗိုလ်ကြီး ရှေ့ဆောင်ပေတော့၊ ကျုပ်နောက်က လိုက်မယ်၊ ကဲ သွားကြစို့"

ရစ်တာ တစ်ဖက်သို့ လှည့်လိုက်ပြီး ဒုတိယ သံချပ်ကာ ကားပေါ်သို့ တက်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

- ၁၅ -

မဒမ်ရှီဗာလီယာသည် စန္ဒရားခုံတွင် ထိုင်ပြီး 'ဆံကေသာ ပြေလျော့လျော့နှင့် မိန်းကလေး'ဟူသော သီချင်းကို တီးလျက် ရှိသည်။ သူမ အနှစ်သက်ဆုံး သီချင်းပင် ဖြစ်သည်။ သူမ ၁၂ နှစ်သမီး အရွယ်က တေးရေးသူကိုယ်တိုင် စပ်ပေးသွားသော သီချင်း ဖြစ်သည်။

တံခါးခေါက်သံ ထွက်ပေါ်လာပြီး အခန်းတွင်းသို့ ဖိုင်းဘမ်း ဝင်ရောက် လာသည်။ လက်ဝဲဘက် ပခုံးတွင် အမ်ဝမ်းရိုင်ဖယ်ကို လွယ်ထားပြီး လက်ယာ ဘက်တွင် ဂျာမန် ရှမစ်ဇာသေနတ် ရှိသည်။ ခါးတွင် လက်ပစ်ဗုံး သုံးလုံး ချိတ်ထားသည်။

အဘွားကြီး စန္ဒရားတီး မပျက်ဘဲ-

"ပြဿနာ ပေါ်ပြီလား မစ္စတာဖိုင်းဘမ်း"

"အဘွားကို လူတစ်ယောက် စောင့်နေဖို့ လိုလိမ့်မယ်လို့ ဗိုလ်ချုပ်က ပြောပါတယ်"

"ကျုပ်ကို စောင့်မှာ မောင်ရင်ပေါ့"

"ဟုတ်ပါတယ် မဒမ်။ ကျွန်တော် ဆေးလိပ် သောက်လို့ ရမလား"

"သောက်ပါ၊ ကျုပ်တို့ ဘာလုပ်ကြရမလဲ"

"လိုအပ်လာတဲ့ အချိန်မှာ ကျွန်တော်တို့ အပေါ်ဆုံးထပ်ကို တက်ကြ ရမယ်"

"အခု မဟုတ်သေးဘူးပေါ့"

"မဟုတ်သေးပါဘူး… သူတို့ မတိုက်သေးပါဘူး၊ ကျွန်တော့် အဘွားလည်း စန္ဒရားတီးတယ်၊ ကျွန်တော်က ကလာရီနက် မှုတ်တယ်"

"တယ်ဟုတ်ပါလား၊ ကျုပ် အခုတီးတဲ့ သီချင်းကို ကြိုက်သလား"

"ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော့်စိတ်ထဲမှာ လွမ်းသလိုပဲ၊ ကျွန်တော်



မလွမ်းချင်ဘူး"

"အို… ဟုတ်ပြီ၊ ဒါဖြင့် ဒါမျိုးတော့ ကြိုက်မှာပေါ့"

အဘွားကြီးက 'နေ့နှင့် ည' ကို တီးသည်။ ဖိုင်းဘမ်းက တစ်ဝက်သို့ ကွေ့သွားပြီး အဘွားကြီး၏ လက်များ လှုပ်ရှားသည်ကို ကြည့်သည်။

ထိုစဉ်တွင် ကားစက်သံ ပေါ်ထွက်လာသည်။

"ဘုရားသခင်…"

အဘွားကြီး စန္ဒရားတီးနေရာမှ ရပ်လိုက်သည်။

ပြတင်းပေါက်ဆီသို့ ဖိုင်းဘမ်း တန်းပြေးသွားပြီး ကြည့်စဉ်မှာပင် ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြီး စက်သေနတ်သံများ ကြားရသည်။

ဂီလတ်သည် ယခုအခါ အထက်ဘက် တောင်စောင်း တောအုပ်ထဲတွင် ရောက်ရှိနေပြီ ဖြစ်သည်။ ပထမဆုံး ပေါက်ကွဲသံကြီးနှင့် ပစ်ခတ်သံများကို ကြားရသော အခါ သူ ခေတ္တမျှ ရပ်နားလိုက်ပြီး နားထောင်သည်။ အသက် ရှူရလွန်းသဖြင့် သူ၏ အဆုတ်များ နာကျင်နေကြပြီ ဖြစ်သည်။ သူက လျှောစီးတုတ်တံများကို အားပြုပြီး ရပ်နေသည်။ သူ၏ ခြေထောက်များ တုန်ခါနေကြသည်။

သူ အသက်ကြီးပြီ ဖြစ်သည်။ အသက်ကြီးလှပြီ ဖြစ်သည်။ မောပန်းသည့် ဒဏ်ကို မခံနိုင်တော့။ သူ့တွင် အတွေ့အကြုံ အတတ်ပညာနှင့် ကျွမ်းကျင်မှုများသာ ကျန်ရှိတော့သည်။

တစ်ဖက်တွင်မူ သူ့နောက်သို့ ထက်ကြပ် လိုက်ပါလျက် ရှိသော ဖင်လန်တပ်သားများသည် လူငယ်များ ဖြစ်ကြသည်။ တိုက်ပွဲတွင် မှတ်ကျောက် တင်ထားကြသူများ ဖြစ်သည်။ ကိုယ်ခန္ဓာ အဖွံ့ဖြိုးဆုံး၊ အသန်မာဆုံး အချိန် ဖြစ်ကြသည်။ အစကတည်းကပင် သူသည် သူတို့နှင့် မယှဉ်သာပါ။

သူသည် တောင်ပေါ် တောင်ကုန်းကလေး တစ်ခုကို တက်ခဲ့သည်။ တောင်ကုန်းထိပ်သို့ ရောက်သောအခါ ရပ်လိုက်သည်။ တစ်ဖက်တွင် တောင်စောင်းသည် မတ်မတ်စောက်စောက်ကြီး ဖြစ်သည်။ အောက်ဘက်ရှိ နှင်းထုထဲသို့ ငိုက်ဆင်းသွားသည်။ မည်သည့်နေရာတွင် မည်သို့ ဆုံးချေမည် မသိ။

နောက်သို့ သူ လှည့်ကြည့်လိုက်သည်။ တစ်ဖက် တောအုပ်ထဲမှ ဖင်လန် တစ်ယောက် ထွက်ပေါ်လာသည်။ ကိုက် ၃၀ မျှပင် မဝေးပါ။ နောက်ထပ် တစ်ယောက် ထွက်ပေါ်လာပြန်သည်။ တတိယ တစ်ယောက်ကား ဂက်ဆရင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဂက်ထရင်က သူ့လူများကို ရပ်ရန် အချက်ပြလိုက်သည်။ ထို့နောက် သူ၏ လေကာမျက်မှန်ကြီးကို မတင်လိုက်ပြီး-

"ဒေါက်တာကြီး ခင်ဗျား၊ ဒေါက်တာကြီးရဲ့ အံ့ဖွယ်ကောင်းတဲ့ ပညာတွေ ပြပြီးပါပြီ၊ အဲဒီအတွက် ကျွန်တော်တို့ ချီးကျူးပါတယ်၊ ဒါပေမဲ့ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ တော်လောက်ပါပြီ၊ ကျွန်တော်တို့ ဟိုတယ်ကို ပြန်ကြပါစို့"

အောက်ဘက် မြူနှင်းများအကြားမှ ပေါက်ကွဲသံ နှစ်ခု ထပ်မံ ပေါ်ထွက်လာသည်။ လက်နက်ငယ်ကလေးများ၏ ပစ်ခတ်သံများလည်း အဆက်မပြတ် ထွက်ပေါ်လာလေသည်။ ဂီလတ်သည် သူ၏ မိတ်ဆွေများအကြောင်း စဉ်းစားလိုက်သည်။ မဒမ်ရှီဗာလီယာနှင့် ကလဲယာ၊ ကလဲယာ ဘာဖြစ်ချေမည်နည်း။

သူ့ရင်ဘတ်တွင် ဒေါသများ ရုတ်ခြည်း လှုံ့တက်လာသည်။ သူက နောက်ဘက်ရှိ ဖင်လန်များဆီသို့ ဟစ်အော်လိုက်သည်။

"ကဲ ဟော့ ကိုယ့်လူတို့ ဘယ်လောက် စွမ်းသလဲဆိုတာ ကြည့်ကြရအောင်"

ဂီလတ်သည် ချောက်ကမ်းပါးအစွန်းသို့ သွားရောက်ပြီး ဖြောင့်ဖြောင့်မတ်မတ်ကြီး စိုက်ဆင်းလျက်ရှိသော တောင်စောင်းအတိုင်း ပိန်းပိတ်နေသော နှင်းမြူထဲသို့ ထိုးချလိုက်သည်။ ဖင်လန်များလည်း ချောက်ကမ်းပါးစွန်းသို့ ရောက်ရှိသောအခါ အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိကြဘဲ တစ်ယောက်ပြီး တစ်ယောက် ထိုးစိုက်ပြီး ဆင်းသွားကြသည်။

တိတ်ဆိတ်ငြိမ်သက်လျက် ရှိသော နံနက်ခင်းတွင် ပထမဆုံး ကားစက်သံ ထွက်ဖောက် ပေါ်ထွက်လာသော အချိန်တွင် ကင်းနင်း၊ ဘီအားနှင့် ဟက်ဆာတို့သည် အဝင်ပေါက် ဥမင်အတွင်း၌ ရှိနေကြပြီး ဟောင်းဝပ်က အုတ်ရိုးပေါ်တွင် ရှိနေသည်။ ခေတ္တမျှအကြာတွင် သံချပ်ကာကားများ မြင်ကွင်းတွင် ပေါ်ထွက်လာပြီး နေရာယူ တပ်စွဲကြသည်။ ဖင်လန်တပ်သားများလည်း တောင်အကွယ်မှ ထွက်ပေါ်လာကြပြီး တပ်ဖြန့်ကာ နေရာယူကြသည်။ ဟော့ဖာနှင့် အဖွဲ့သည် လက်ဝဲဘက်တွင် နေရာယူသည်။

ဟောင်းဝပ် မှန်ပြောင်းကို ချိန်ကာ ၄င်းတို့ လူစု ဘာလုပ်ကြသနည်း



ဟု ကြည့်ရှုသည်။ သူ သဘောပေါက်ချိန်မှာပင် လိမ္မော်ရောင် မီးတန်းကြီး တစ်ခု ပေါ်ထွက်လာသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် တံတား၏ တစ်ဖက်ရှိ အုတ်ရိုးထိုပင်ဇာဖောက် ထိမှန်သဖြင့် ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

အားလုံးပင် ဝပ်လိုက်ကြသည်။

"အဲဒီဟာကြီးက ဘာများလဲ"

ဘီအားက မေးလိုက်သည်။

"ပင်ဇာဖောက်၊ တင့်ကားပစ် စိန်ပြောင်း၊ ဗိုလ်မှူးတို့ရဲ့ ဘဇူကာပေါ့"

ဟက်ဆာက ဖြေသည်။

"ကျုပ် သိပြီ"

နောက်တစ်ကြိမ် ပေါက်ကွဲသံ ထွက်ပေါ်လာသဖြင့် ခေါင်းကို ငုံ့ပြီး ရှောင်လိုက်သည်။ သည်တစ်ကြိမ်တွင်မူ တံတားကို တိုက်ရိုက်ထိမှန်သည်။

"တံတားကို ဆိုင်းထားတဲ့ သံကြိုးကြီးတွေကို ပစ်နေတာပဲ၊ ဘယ်လောက် ကြာကြာ ခံပါ့မလဲ"

ဘီအားက ပြောလိုက်သည်။

အုတ်ရိုး အထက်ဘက်ကို စက်သေနတ်ကြီးများဖြင့် ပစ်သည်။ ကျည်ဆန်များ ဝဲပျံနေကြသည်။

"ပစ်… အားလုံး ပစ်"

ကင်းနင်း ဟစ်အော်ပြီး အမိန့်ပေးလိုက်သည်။

နေဒါက ၄င်း၏ အမ်ဂျီ ၃၄ စက်သေနတ်ကို ပစ်ခတ်သည်။ ကျန်ရဲဘော်များက ကျည်ပစ်ပေါက်များမှ နေ၍ မော်ဇာရိုင်ဖယ်များဖြင့် ပစ်ခတ်ကြသည်။ ဖင်လန်များသည် သံချပ်ကာ ကားများနောက်တွင် အကွယ်အကာ ယူလိုက်ကြသည်။ သံချပ်ကာ ကားတစ်စီးက စိန်ပြောင်းတပ်ဖွဲ့ကို ကွယ်ပေးလိုက်သည်။

စဝေ့ဗ္ဗစိန်ပြောင်းကို ဟော့ဖာကိုယ်တိုင် ပစ်သည်။ တံတားကို တိုက်ရိုက် ထိမှန်သည်။ လက်ဝဲဘက် ဆိုင်းကြိုးအောက်ဘက်ကို ထိမှန်သည်။ တံတား သစ်သားများ ကျေမွသွားပြီး သံကြိုးကြီး ပြုတ်ထွက်သွားသည်။ တံတားကြီး တစ်ဖက်သို့ စောင်းသွားသည်။

"တစ်ဖက်တော့ ပြုတ်သွားပြီ၊ သိပ်မကြာတော့ဘူး"

ဟောင်းဝပ်က ပြောလိုက်သည်။

နောက်ထပ် နှစ်ချက် ထပ်ပြီး ပစ်သည်။ နောက်တစ်ချက်တွင် အုတ်ရိုးပေါ်ရှိ ရှုနေဒါတို့အဖွဲ့ ကျဆုံးသည်။ ၄င်းတို့၏ စက်သေနတ်ကြီး ဘေးသို့ လွင့်ထွက်သွားပြီး လုံးဝ ပျက်စီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းဝပ် ရှိရာသို့ ကင်းနှင်း လေးဘက်တွားပြီး ရောက်ရှိလာသည်။ ဘီအားနှင့် ဟက်ဆာတို့လည်း နောက်မှ ပါလာကြသည်။

ကင်းနှင်းက-

''သိပ်ကြာကြာ မခံတော့ဘူး၊ အဲဒီတော့ ဘီအားနဲ့ ဟောင်းဝပ်က ဒီကနေပြီး လူ ၆ ယောက်နဲ့ ခံနိုင်သမျှ ခံ၊ မက်စ်က ရဲတိုက်ကြီးကို သွားတော့''

''ဗိုလ်ချုပ်ကကော''

ဘီအားက မေးလိုက်သည်။

''ကျုပ်က ဘစ်ဘာသာ အမြောက်ကြီးကို တာဝန်ယူမယ်၊ ဒီကောင်တွေကို ခင်ဗျားတို့ တိုက်နိုင်သမျှ ခံတိုက်ပြီး ရဲတိုက်ထဲကို ဝင်ကြ''

ဘီအား တစ်ခုခု ပြောမည် ရှိစဉ်မှာပင် သူတို့၏ အောက်ဘက်ဆီမှ နောက်ထပ် ပေါက်ကွဲသံ တစ်ခု ထွက်ပေါ်လာသည်။ ကျန်ရှိနေသော ဆိုင်းကြိုးကြီး ပြတ်ထွက်သွားပြီး တံတားကြီး မြည်ဟည်းကာ အောက်ဘက်သို့ ပြုတ်ကျသွားတော့သည်။

ဖင်လန်များ လက်ခုပ်တီးကြသည်။ ကောင်းချီးသြဘာပေးကြသည်။ ရစ်တာသည် ကားပေါ်မှ ခုန်ဆင်းပြီး ဟော့ဖာထံသို့ ရောက်ရှိသွားသည်။

''ဘယ်နှခု ကျန်သေးသလဲ''

''နှစ်ခုပါ ဗိုလ်မှူး''

''တစ်ခုမှ မလွဲစေနဲ့၊ တံခါးမကြီးကို ပစ်''

ရှေ့ဆုံးမှ သံချပ်ကာကားဆီသို့ ရစ်တာ ပြေးသွားသည်။ ဆော်ဇာ ကားပေါ်မှ ကုန်းငုံ့ပြီး ရစ်တာ ပြောသည်ကို နားထောင်သည်။

''တံခါးမကြီးကို ဟော့ဖာ ပစ်လိမ့်မယ်၊ ဗိုလ်ကြီး ကြိုက်တဲ့အချိန်မှာ တက်ပေတော့၊ တည့်တည့်ကြီးသာ တန်းဝင်ပါ၊ ကျုပ်တို့ နောက်ကနေ ကာပစ် ပစ်ပေးမယ် သွားပေတော့''

ဆော်ဇာ ပြုံးလိုက်သည်။ လက်အိတ် စွပ်ထားသော လက်ကို မြှောက်ပြသည်။ မျက်မှန်ကို ဆွဲချသည်။ ဖင်လန်ဘာသာဖြင့် အော်ဟစ်အမိန့်ပေးသည်။ ဖင်လန်တပ်သား တစ်ကျိပ်ကျော်ကျော် သူ့ကားပေါ်သို့ ရောက်ရှိလာကြသည်။ ကားမောင်းသူ၏ ပခုံးကို သူ ပုတ်လိုက်သည်။ စက်သေနတ်ကြီးကို သူကိုယ်တိုင် ကိုင်တွယ်သည်။



နောက်ဆုံး စိန်ပြောင်းကျည် နှစ်ခုအနက် ပထမဆုံးကျည်သည် ထုထည်ကြီးမားသော တံခါးမကြီးကို ဖောက်ဝင်ပြီး ဥမင်အဆုံးဘက်တွင် ပေါက်ကွဲသည်။ ပေါက်ကွဲမှုကြောင့် အမြောက်ကြီးဘေးတွင် ရပ်နေသော ကင်းနှင်း လဲသွားသည်။ သူ့ကိုယ်ပေါ်တွင် ဖုန်မှုန့်များနှင့် အမှိုက်သရိုက်များ လွှမ်းခြုံသွားသည်။

သူ့မျက်နှာတွင် သွေးတွေ ရဲနေသည်။ သူ လဲနေရာမှ ထသည်၊ ဟော့ဖာက နောက်ဆုံး ကျန်ရှိနေသော ပင်ဇာဖောက်ကို ပစ်သည်။ တံခါးမကြီး၏ လက်ဝဲဘက်ခြမ်း ပြုတ်ထွက် လဲကျသွားသည်။

ရှေ့ဆုံးမှ သံချပ်ကာ ကားသည် လမ်းတစ်ဝက်လောက်တွင် ရောက်နေပြီ ဖြစ်သည်။ ဆော်ဇာက စက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်လျက် ရှိသည်၊ သူ့လူများကလည်း ဝိုင်းဝန်းပစ်ခတ်နေကြသည်။ ရစ်တာက ဒုတိယ သံချပ်ကာ ကားဖြင့် နောက်မှ လိုက်သည်။ စက်သေနတ်ဖြင့် အုတ်ရိုးပေါ်သို့ အဆက်မပြတ် ပစ်ခတ်သည်။ ခုခံသူများ ပြန်မပစ်သာ ရှိသည်။

ဟောင်းဝပ်က ရှေ့ဆုံးမှ သံချပ်ကာ ကား နီးကပ်လာသောအခါ လက်ပစ်ဗုံး နှစ်လုံး ပစ်ချသည်။ ဘီအားက သူ့လက်ကို ဆုပ်ကိုင်ပြီး-

''ကျုပ်တို့ ဆုတ်ကြစို့''

သူတို့နှင့်အတူ အုတ်ရိုးပေါ်တွင် ကျန်ရစ်ခဲ့သော ဂျာမန်တပ်သားများ အနက် သုံးယောက်သာလျှင် ကျန်ရှိတော့သည်။ ဟောင်းဝပ်က ၄င်းတို့ကို ခေါင်းညိတ်ပြလိုက်သည်။ ဂျာမန် သုံးယောက်သည် အုတ်ရိုးပေါ်မှ ခုန်ဆင်းပြီး ဟက်ဆာနှင့် တပ်သား ၇ ယောက်တို့ ရှိနေသော ရဲတိုက်ကြီး လှေကားထစ်များ ဆီသို့ ရင်ပြင်ကို ဖြတ်ကာ ပြေးသွားကြသည်။

ကင်းနှင်းသည် အမြောက်ကြီးကို လေးလံစွာ မှီလျက် ရှိသည်။ နဖူးမှ ချွေးများ မျက်လုံးများထဲသို့ စီးကျလျက် ရှိသည်။ ဟောင်းဝပ်သည် ကင်းနှင်းထံသို့ ပြေးသွားသည်။ သူ့အနီးသို့ ဟောင်းဝပ် ရောက်ရှိသွားချိန်တွင် ကင်းနှင်းသည် ဘေးတွင် ချထားသော မီးလောင်နေသည့် စနက်တံရှည်ကြီးကို လက်တစ်ဖက်ဖြင့် စမ်းလျက် ရှိသည်။

''သွား သွား ဒီက သွား''

ကင်းနှင်းက ဟောင်းဝပ်ကို အမိန့်ပေးသည်။

သို့သော် ထိုအချိန်တွင် ဟောင်းဝပ်က သူ့ကို စနက်တံကြီး လှမ်းပေးသည်။ ရှေ့ဆုံးမှ သံချပ်ကာကားသည် တံခါးမကြီးကို တိုက်ဖျက်ပြီး ဝင်ရောက်လာသည်။ ဆော်ဇာက စက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်နေသည်။ ကင်းနှင်းက သူ့လက်မှ စနက်တံကို ယမ်းအိုးတွင် တို့လိုက်သည်။

ဘစ်ဘာသာ အမြောက်ကြီး မြည်ဟည်းပေါက်ကွဲသည်။ မီးခိုးလုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



ခြည်းလာသည်။ ကိုယ်ထည်ကြီး နောက်သို့ ရုန်းထွက်သွားပြီး ပြောင်းထဲမှ သံကိုမယ်နှုများ ရှေ့သို့ ပြင်းထန်စွာ လွင့်ထွက်သွားကြသည်။ ဆော်ဇာနှင့်တကွ သံချပ်ကာ ကားပေါ်ရှိ လူများအားလုံး ကိစ္စချောသည်။ သံချပ်ကာ ကားကြီးလည်း တစ်ဖက်သို့ တိမ်းမှောက်သွားသည်။

ကင်းနင်းနှင့် ဟောင်းဝပ်တို့ နှစ်ယောက်စလုံးသည် ပေါက်ကွဲသည့် အရှိန်ကြောင့် နောက်သို့ လွင့်ထွက်သွားကြသည်။ ရစ်တာ၏ သံချပ်ကာကား ဥမင်လိုဏ်ခေါင်းထဲသို့ ရောက်လာသောအခါ ဟောင်းဝပ်သည် ဗိုလ်ချုပ်ကြီးကို ဆွဲထူပြီး ရဲတိုက်ကြီးဆီသို့ တွဲခေါ်ကာ ပြေးရသည်။

ဟက်ဆာနှင့် သူ့လူများသည် ဥတ္တရမျှော်စင် တံခါးမကြီးသို့ ဆုတ်ခွာရင်း ဟောင်းဝပ်တို့ကို ကာသည့်အနေဖြင့် သဲသဲမဲမဲ ပစ်ခတ်နေကြသည်။ ဟောင်းဝပ်နှင့် ကင်းနင်းတို့ လှေကားထစ်များသို့ ရောက်ရှိချိန်တွင် သံချပ်ကာကားသည် ဥမင်ထဲမှ ထွက်လာပြီး ရင်ပြင်ထဲသို့ ဝင်ရောက်လာသည်။ စက်သေနတ်ဖြင့်လည်း တရကြမ်း မွှေလျက် ရှိသည်။

ဟက်ဆာ၏ လူများက တံခါးမကြီးကို ပိတ်နေကြစဉ်တွင် ဟောင်းဝပ်က ကင်းနင်းကို လှေကားထစ်များပေါ်သို့ တွဲခေါ်ပြီး တက်လာသည်။ ဗိုလ်ချုပ်ကြီး လဲကျသွားသည်။ ဟက်ဆာနှင့် ဘီအားတို့သည် တံခါးပေါက်ကြားမှ နေ၍ ပြေးဆင်းလာကြသည်။

ဟောင်းဝပ်နှင့် ဘီအားတို့က ကင်းနင်းကို ဆွဲယူသွားကြသည်။ ဟက်ဆာက သူတို့နောက်မှ နေ၍ လက်တစ်ဖက်တည်းဖြင့် ခုခံပစ်ခတ်လျက် ရှိစဉ် စက်သေနတ် ကျည်ဆန်များ ထိမှန်သဖြင့် ရေခဲပြင်ပေါ်သို့ လွင့်ကျ သေဆုံးသွားတော့သည်။

ဟောင်းဝပ်နှင့် ဘီအားတို့ ကင်းနင်းကို တွဲယူပြီး တံခါးပေါက်ကြားမှ နေ၍ အတွင်းသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ထုထည်ကြီးမားလှသော တံခါးကြီးကို လုံးဝ ပိတ်လိုက်ကြတော့သည်။

ကင်းနင်း၏ လက်ယာဘက် နဖူးတွင် အကွဲကြောင်းကြီး ဖြစ်နေသည်။ ချုပ်မည်ဆိုလျှင် ၃ လေး ငါး ခြောက်ချက် ချုပ်ရမည်။ ဟောင်းဝပ်က ကမန်းကတန်း



ပတ်တီး စည်းပေးလိုက်သည်။

''သူ ဘယ့်နှယ် နေသလဲ''

ဘီအားက ဟောင်းဝပ်ကို မေးသည်။

''ကျုပ် ဘာမှ မဖြစ်ပါဘူး''

ကင်းနင်းက ဖြေသည်။

''ကျုပ်တို့ အားလုံး ဘယ်နှယောက် ကျန်သလဲ''

''ဂျာမန် ၆ ယောက်၊ ကျွန်တော်တို့ သုံးယောက်၊ အပေါ်မှာ ဗိုင်းဘမ်း တစ်ယောက်''

''သိပ်မကောင်းဘူး''

သူက တံခါးမကြီးရှိ ချောင်းကြည့်ပေါက်ကလေးမှ နေ၍ အပြင်သို့ ချောင်းကြည့်သည်။ ဒုတိယ သံချပ်ကာကား ဥမင်တွင်းသို့ ပြန်ဆုတ်သွားသည်။ မည်သည့် လှုပ်ရှားမှုမျှ မရှိ။

''သူတို့ ကြိုက်တဲ့ အချိန်မှာ ဒီကို ရောက်လာနိုင်တယ်''

ဟောင်းဝပ်က ပြောသည်။

''အဲဒီအခါကျရင် ကျုပ်တို့ အပေါ်ထပ်တွေကို ဆုတ်သွားမယ်၊ ကျုပ်ပြောတဲ့အတိုင်း တစ်ထပ်ပြီး တစ်ထပ် ဆုတ်သွားမယ်''

သံချပ်ကာ ကား ဥမင်အတွင်းမှ ခေါင်းပြူထွက်လာပြီး ရပ်သွားသည်။ သံချပ်ကာကားပေါ်ရှိ စက်သေနတ်ကို ဟော့ဖာက တစ်မိနစ်လျှင် ကျည်ထွက် ၈၅၀ နှုန်းဖြင့် တံခါးမကြီးကို ဖျန်းပက်ပစ်ခတ်သည်။ ကင်းနင်းတို့ လူစု ကြမ်းပြင်ပေါ်တွင် လှဲချလိုက်ကြသည်။ သူတို့၏ အထက်တွင် တံခါးမကြီး အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားသည်။

''ဒီမှာ နေလို့ မဖြစ်တော့ဘူး၊ အပေါ်ကို တက်ကြမယ်''

ကင်းနင်းက ပြောလိုက်သည်။

ဗိုင်းဘမ်းသည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေသော အပေါ်ထပ် ပြတင်းပေါက်မှနေ၍ အောက်ထပ်ရှိ သံချပ်ကာ ကားကို ငုံ့ကြည့်လိုက်သည်။

''ဘာတွေ ဖြစ်နေသလဲ မစ္စတာဗိုင်းဘမ်း''

ကြမ်းပြင်ပေါ်တွင် ဝပ်နေရာမှ မဒမ်ရှီဗာလီယာက မေးလိုက်သည်။

''ဘာပဲဖြစ်ဖြစ် မကောင်းတာတော့ အမှန်ပဲ အဘွား၊ ကျွန်တော်တို့ အပေါ်ထပ်ကို တက်ကြမယ်''

www.burmeseclassic.com

www.burmeseclassic.com



ထိုင့်ဗျာပင် သေနတ်သံများ ကြားရပြီး ပြတင်းပေါက်ကို တရစပ် ထိမှန်သည်။ အခန်းထဲတွင် မှန်ကွဲများ ပြန့်ကျဲသွားသည်။ အံ့ဩစရာကောင်းသည်ကတော့ အဘွားကြီး ကြောက်ရွံ့ဟန် မပြချေ။

"မစ္စတာဖိုင်းဘမ်းရဲ့ သဘောပဲ"

"အဘွားဟာ တကယ့်အံ့ဩစရာ ကောင်းတာပဲ"

ဖိုင်းဘမ်းက အဘွားကြီး၏ လက်မောင်းကို ဆုပ်ကိုင်ပြီး တံခါးဆီသို့ ခေါ်ဆောင်သွားသည်။ ထိုအချိန်တွင် အောက်ဘက် ရင်ပြင်ထဲရှိ သံချပ်ကာကားသည် ရှေ့သို့ တိုးတက်လာသည်။

ဂီလတ်သည် အောက်ဘက်တွင် ကားလမ်းမကြီးကို တွေ့မြင်လိုက်ရသောအခါ လက်မောင်းတွင် အားဆေး ထိုးလိုက်သည့်နှယ် ရှိသွားပြီး မျှော်လင့်ချက်အသစ်ဖြင့် လမ်းမကြီးဆီသို့ ဆင်းချသွားသည်။ ထိုအချိန်တွင် သူ့နောက်မှ လိုက်ပါနေသူများသည် လွန်မင်းစွာပင် နီးကပ်လျက် ရှိသည်။ ဂက်ထရင်နှင့် ဆော်လမိဆိုသော လူငယ်ကလေး တစ်ယောက်။

ဂီလတ် နောက်သို့ လှည့်ကြည့်လိုက်သည်။ သူတို့လက်မှ လွတ်ရန် မလွယ်ပါ။ သူ့တွင် စိတ်ဓာတ်သာ ရှိသည်။ နောက်ဆုံးအနေဖြင့် သက်စွန့်ဆံများ လုပ်ဆောင်ရန် တစ်ခုသာ ရှိတော့သည်။ အောက်ဘက်တွင် လမ်းမကြီးကို ကာရံထားသော ကမ်းပါးစောင်း ရှိသည်။ ဂီလတ်သည် သစ်ပင်များအကြားတွင် ကျည်တစ်တောင့်ပမာ ထိုးဆင်းသွားသည်။

ကမ်းပေါင်းစောင်းထိပ်သို့ ရောက်သောအခါ တုတ်နှစ်ချောင်းကို ထောက်ကာ အားယူပြီး လဟာပြင်ထဲသို့ ခုန်ချလိုက်သည်။ အောက်ဘက်တွင် ကားလမ်းကို မြင်ရသည်။ လမ်းကို လွန်သွားပြီး လမ်း၏ တစ်ဖက်ရှိ နှင်းပြင်ထဲသို့ ကျသည်။ နှင်းတွေထဲတွင် လျှောသွားပြီး လက်ဝဲဘက် လျှောဦးသည် နှင်းထုထဲတွင် စိုက်စင်းသွားပြီး သူ လဲကျသွားသည်။

ထိုအချိန်တွင် ဆော်လမိသည်လည်း လေထဲတွင် ပျံဝဲလာကာ သူ့ကို သွန်သွားပြီး တစ်ဖက်ရှိ ထင်းရှူးပင်ကြီးကို ဝင်ဆောင့်သည်။ ကြောက်မက်ဖွယ်ရာ ဟစ်အော်သံကြီး ပေါ်ထွက်လာသည်။

ဂီလတ် ထထိုင်သည်။ ဂက်ထရင်ကို မတွေ့မြင်ရပါ။ သူ မတ်တတ်ရပ်ကြည့်သောအခါ သူ့အခြေအနေ မကောင်းတော့ကြောင်း သိရသည်။ သူက လမ်းလျှောက်ကြည့်သည်။ ရှေ့ဘက်သို့ ထိုးကျသွားသည်။ လမ်းပေါ်သို့ လျှော



ကျသွားသည်။

သူ မတ်တတ်ထသည်။ ဆက်ပြီး လျှောက်သည်။ ထိုအချိန်တွင် သူ့နားထဲတွင် အသံကြီးတစ်ခု ကြားရသည်။ သူ၏ ရှေ့ဘက် ၁၅ ကိုက် အကွာ ကမ်းပါးစောင်းပေါ်တွင် ဂက်ထရင် ပေါ်ထွက်လာသည်။ ဂက်ထရင်က သူ၏ လျှောကို ချွတ်ထားပြီး သေနတ်ကို ကိုင်ထားသည်။

"ဟိုး...ဟိုး..."

သူ ဟစ်အော်လိုက်ပြီး တစ်ဖက်သို့ လှည့်ပြေးသည်။ ဂက်ထရင်က သူ့ပခုံးကို ပစ်ထည့်လိုက်သည်။ ဂီလတ် လဲကျသွားသည်။ သူ့နားထဲတွင် အသံတစ်ခု ပိုမိုကျယ်လောင်စွာ ကြားရသည်။ တံတောင်နှင့် ထောက်ပြီး ပြန်ထသည်။ ဂက်ထရင်က သေနတ်ကို နောက်တစ်ကြိမ် ချိန်ရွယ်လိုက်ပြန်သည်။

ဂီလတ် ကြားရသော အသံကြီးမှာ အင်ဂျင်စက်သံ တစ်ခု ဖြစ်သည်။ ဂေဝွန်းဝဲ တင့်ကားကြီး လမ်းအကွေ့မှ ထွက်ပေါ်လာသည်။ ဂက်ထရင် နောက်သို့ လှည့်လိုက်ပြီး သူ၏ သေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။ စက်သေနတ်သံများ ထွက်ပေါ်လာပြီး ဂက်ထရင် လဲကျသွားသည်။

ဂီလတ် ထိုနေရာမှပင် လဲနေသည်။ သူ့ထံသို့ ပြေးလာသော ခြေသံများကို ကြားရသည်။ သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ တင့်ကားတပ် အရာရှိဝတ်စုံနှင့် လူရွယ်တစ်ယောက် သူ့အပေါ်တွင် ကုန်းငုံ့နေသည်ကို တွေ့မြင်ရသည်။

"ဘုရား... ဘုရား... တကယ်ပဲလား၊ မင်းဟာ ပြင်သစ်တစ်ယောက်လား"

ဂီလတ်က ပြင်သစ်လို မေးလိုက်မိသည်။

"မှန်ပါတယ် မွန်ဆီယာ၊ ကျွန်တော့်နာမည် ဒူဘိုးပါ၊ အမှတ် ၂ ပြင်သစ် တင့်ကားတပ်မက ဗိုလ်ကြီး ဟင်နရီဒူဘိုးပါ၊ ဒါနဲ့ ဦးက ဘယ်သူပါလဲ"

"ကျုပ် ဘယ်သူလဲ ဆိုတာ အရေးမကြီးဘူး၊ အောလဘတ်ကို သိသလား"

"နောက်မှာ ကျန်ခဲ့တဲ့ ရွာပဲ၊ ဒီကနေ နှစ်မိုင် ဝေးတယ်"

"နှစ်မိုင်... ဟုတ်လား၊ ကျုပ် လှည့်ပတ်ပြီး ပြေးနေတာပဲ ဖြစ်မယ်၊ ဒီမယ် ကျုပ် ပြောနေတာကို သေသေချာချာ နားထောင်ပါ၊ သေရေးရှင်ရေး အရေးကြီးတဲ့ကိစ္စ ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ကာကား ရဲတိုက်ရင်ပြင်ကို ဖြတ်သန်းသောအခါ ကားကို ရစ်တာကိုယ်တိုင် မောင်းနှင်သည်။ ကားပေါ်တွင် ဖင်လန်တပ်သား ၁၂ ယောက်ခန့် ပါရှိပြီး စက်သေနတ်တွင် ဟော့ဖာ ရှိသည်။ ကျန် ဖင်လန်တပ်သားများသည် ကား နောက်မှ နေ၍ ခြေကျင် လိုက်လာကြသည်။

ရဲတိုက်ထဲတွင်ကား ခုခံသူများသည် လှေကားမှ တက်သွားကြပြီး ပထမ ထပ် လှေကားထိပ်တွင် နေရာယူလျက် ရှိကြသည်။ ဟောင်းဝပ်တစ်ယောက် သာလျှင် ဖွာလန်ကျဲနေသော တံခါးမကြီးအနီးတွင် ကျန်ရှိနေပြီး အပြင်သို့ ချောင်းကြည့်နေသည်။

"သူတို့ လာကြပြီ"

သူ ဟစ်အော်လိုက်ပြီး သွန်မဆင်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်သည်။

ရစ်တာသည် စက်ရှိန်ကို မြှင့်လိုက်ပြီး သံချပ်ကာကားကို လှေကား ထစ်များပေါ်သို့ မောင်းတက်သည်။ နောက်ဆုံးတွင် ဖွာလန်ကျဲနေသော တံခါးမ ကြီးကို အရှိန်ဖြင့် ဝင်ဆောင့်လိုက်သည်။ တံခါးမကြီး ပြိုလဲကျသွားချိန်တွင် ဟောင်းဝပ်သည် လှေကားတစ်ဝက်လောက်တွင် ရောက်ရှိနေသည်။ သံချပ်ကာ ကားကြီး ရပ်သွားသည်။

ခုခံသူများက ပထမထပ်မှ နေ၍ အောက်ဘက်ရှိ ရန်သူများကို တရကြမ်း ပစ်ခတ်ကြသည်။ ကင်းနင်းနှင့် ဘီအားတို့သည် ရှမစ်ဇာများဖြင့် ပစ်ခတ်ကြပြီး ဟောင်းဝပ်က သွန်မဆင်ဖြင့် ပတ်ခတ်ကြသည်။

ဖင်လန်တပ်သားများ အလူးအလဲ ခံရသည်။ ကားပေါ်မှ အထွက်တွင် သုံး လေးယောက် ကျသွားသည်။ ဟော့ဖာ၏ ပခုံးတွင် ကျည်ဆန်တစ်ချက် ထိမှန်သွားသည်။ ရစ်တာက စက်သေနတ် လက်ကိုင်ကို ဆွဲယူလိုက်သည်။

ထို့နောက် သူသည် ပထမထပ်ရှိ သူများကို စက်သေနတ်ဖြင့် ကျွမ်းကျင်စွာ မွှေယမ်းပစ်ခတ်သည်။ ဟောင်းဝပ်ကလည်း ကျည် တစ်ကပ်ပြီး တစ်ကပ် ပစ်သည်။ ရုံဖန်ရုံခါ မတ်တတ် ထရပ်ပြီး ပစ်သည်။

ပထမထပ် လှေကားထိပ် တစ်ခုလုံး စေ့စေ့ညက်ညက် ကျေသွား သည်။ ဂျာမန် ၄ ယောက် ထိမှန်သွားသည်။ ဂျာမန်တစ်ယောက် နာကျင်စွာ ဟစ်အော်လျက် ရှိသည်။ ဘီအား၏ လက်ယာဘက် လက်ကိုလည်း ကျည်ဆန် ထိမှန်သည်။ အောက်ဘက်တွင်လည်း အနည်းဆုံး ဖင်လန်တပ်သား ၉ ယောက် ခန့် ကျဆုံးသည်။

ကင်းနင်းက ဟောင်းဝပ်၏ အင်္ကျီလက်ကို ဆွဲပြီး–

"အခြေအနေ မကောင်းဘူး၊ ဒီကနေ ဆုတ်ကြစို့"

"ဘီအားကို ခေါ်သွားပါ၊ ကျွန်တော် ကာပစ် ပစ်ပေးမယ်"



ဟောင်းဝယ်က သေနတ်ထဲသို့ နောက်ထပ် ကျည်တစ်ကပ် ထည့်လိုက် သည်။ ဂျာမန် နှစ်ယောက်က ဘီအားကို တွဲခေါ်သွားသည်။ ရစ်တာ အပစ် ရပ်လိုက်သည်။ သူ အောက်သို့ ငုံ့ကြည့်သည်။ သံချပ်ကာ ကားကို မှီပြီး ထိုင် နေသော ဟော့ဖာကို တွေ့ရသည်။ သူက သူ၏ အင်္ကျီတွင်းသို့ ပတ်တီးစတစ်ခု ထိုးသွင်းလျက် ရှိသည်။

"အားရစ် ဘယ်လိုလဲ"

ဟော့ဖာ ခေါင်းညိတ်သည်။ သူ့မျက်နှာမှာ နာကျင်မှုဖြင့် ရှုံ့နေသည်။

"ရစ်တာ၊ မင်း ဘာလုပ်နေတာလဲ"

ဟောင်းဝပ်က အပေါ်ထပ် မီးခိုးတွေကြားမှ ဟစ်အော်သည်။

ရစ်တာ၏ မျက်လုံးများတွင် အရောင်တောက်လက်လာသည်။ သူက ရှမစ်၏ သေနတ်တစ်လက်ကို ကောက်ယူလိုက်ပြီး ကြမ်းပေါ်သို့ ခုန်ဆင်းလိုက် သည်။ သူ ဘာမျှ မပြောပါ။ ဘာအမိန့်မျှ မပေးပါ။ မီးခိုးတွေ ဝေနေသော လှေကားကိုသာ တက်သွားသည်။ ဖင်လန်တပ်သားများ သူ့နောက်သို့ လိုက်ပါ သွားကြသည်။

ကန့်လန့်ကာများ မီးစွဲလောင်လျက် ရှိသည်။ နံရံများလည်း မီးလောင် လျက် ရှိသဖြင့် ပထမ လှေကားထိပ် တစ်ခုလုံး မီးခိုးများ ပိတ်လှောင်နေပြီး၊ ရှေ့ တစ်လံလောက်အထိ ပိုပြီး မမြင်နိုင်ပါ။ ဟောင်းဝပ်သည် လှေကား တစ်ထစ် နှစ်ထစ် ထက်လိုက်ပြီးနောက် အမှောင်ထဲတွင် ရမ်းသမ်းပစ်လိုက်သည်။ ထို့နောက် ကျောက်လှေကားကို ပြေးတက်သွားသည်။

လှေကား အကွေ့တွင် သူ ရပ်လိုက်သည်။ သေနတ်ကို ပခုံးတွင် လွယ်လိုက်ပြီး လက်ပစ်ဗုံး နှစ်လုံးကို ခါးပတ်မှ ဖြုတ်ယူလိုက်သည်။ ထို့နောက် လက်ပစ်ဗုံး နှစ်လုံးကို တစ်လုံးပြီး တစ်လုံး အောက်သို့ ပစ်ချပြီးနောက် အပေါ် သို့ ပြေးတက်သွားသည်။

အောက်ဘက်တွင် ပေါက်ကွဲသံတစ်ခု ကြားရသည်။ နောက်ထပ်တစ်ခု ထပ်ပြီး ကြားရသည်။ နာကျင်စွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဟောင်းဝပ် အသက်ရှူ၍ မရပါ။ မီးခိုးတွေ အရမ်းမွှန်နေသည်။ အမှောင်ထဲတွင် သူ စမ်းပြီး လျှောက်သွားသည်။ ဧည့်ခန်းဆောင် လှေကားထိပ် တွင် ပိန်းပိတ်နေသည်။ အပေါ်ထပ်သို့ တက်ဖို့ လှေကားပေါက်ကို သူ တွေ့ သည်။ မျှော်စင်ကြီး၏ အပေါ်ထပ်သို့ သူ တက်သွားသည်။

ဘီအား လုံးဝ သတိလစ်သွားသဖြင့် ဂျာမန် နှစ်ယောက်သည် သူ့ကို အပေါ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အထိ ခေါ်မသွားနိုင်တော့ဘဲ ဧည့်ခန်းဆောင်အတွင်းသို့ တွဲသွင်းကြရသည်။

ကင်းနင်းသည် မီးခိုးများအကြားတွင် ဝပ်တွားလျက် နောက်ဆုံးအချိန်ကို စောင့်မျှော်လျက် ရှိသည်။

ကင်းနင်း မတ်တတ်ထပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ကျန်ရှိနေသော ပြတင်းပေါက်အောက်ပိုင်း မှန်ကို ရိုက်ခွဲလိုက်သည်။ ဂျာမန်နှစ်ယောက်သည် ဘီအားကို ဆွဲခေါ်လာကြသည်။

သူတို့အားလုံး ပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး လေကောင်းလေသန့်ကို ရှူရှိုက်ကြသည်။

''စားပွဲခုံကို လှဲလိုက်''

ကင်းနင်းက အမိန့်ပေးလိုက်သည်။

စားပွဲခုံနောက်တွင် သူတို့ ကုန်းငုံ့လျက် နောက်ဆုံး အချိန်ကို စောင့်ဆိုင်းနေကြသည်။

အောက်ဘက် လှေကားရင်းတွင် ရစ်တာ လိမ့်လိုက်သည်။ သူ့အနီးမှ ကိုယ်ခန္ဓာတစ်ခုကို တွန်းပစ်သည်။ သူ့ကိုယ်တွင် သွေးတွေ ပေကျံနေသည်။ သို့သော် သူ့သွေးများ မဟုတ်ပါ။ သူ မတ်တတ်ထလိုက်ပြီး နံရံကို ကပ်မှီသည်။ လက်တစ်ဖက်က သူ့ကို ထိန်းကိုင်သည်။ ဟော့ဖာ ဖြစ်သည်။

''ဗိုလ်မှူး ဘာဖြစ်သွားသေးသလဲ''

''ဘာမှ မဖြစ်ဘူး၊ အားလုံး အကောင်းပကတိပဲ အားရစ်''

သူတို့နှစ်ယောက် နောက်ပြောင်နေကျ စကားတစ်ခွန်းကို ပြောလိုက်သည်။ သို့သော် ယခုအခါ သူတို့ မရယ်နိုင်ကြပါ။

တံခါးပေါက်ဆီမှ လေတိုးဝင်လာသဖြင့် လှေကားရင်းတွင် မီးခိုးများရှင်းသွားသည်။ လူသေရုံကြီး ဖြစ်နေသည်။ ဘယ်နေရာ ကြည့်ကြည့် အလောင်းတွေပင် ဖြစ်သည်။ နံရံများတွင် သွေးတွေ ဦးနှောက်တွေ စွန်းပေလျက် ရှိသည်။

ဖင်လန်တပ်သား တစ်ကျိပ်လောက် အသက်ရှင်လျက် ရှိနေကြသေးသည်။ ဒဏ်ရာမရဘဲ အကောင်းပကတိ ရှိသေးသေးသည်။ လှေကားထိပ်တွင် ဝပ်နေကြသည်။ ရစ်တာက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။ ၈ နာရီခွဲ။

''ကဲ.. ကိုယ့်လူတို့ ကိုယ့်လူတို့ဟာ နောက်ထပ် နာရီဝက်ကြာတဲ့အထိ ကျုပ်လူတွေပဲ ဖြစ်နေသေးတယ်၊ နာဇီတပ်မတော်သားတွေအဖြစ်နဲ့ပဲ ရှိနေသေးတယ်၊ နှစ်ချီတစ်မောင်း တိုက်လိုက်ကြဦးစို့''



သူတို့ မလှုပ်ပါ၊ တစ်ယောက်မျှ မလှုပ်ပါ။

''မကောင်းပါဘူး၊ တော်လောက်ပါပြီ''

ဟော့ဖာက ပြောလိုက်သည်။

မီးခိုးများ ပြန်ဝေ့လာသည့် အချိန်တွင် ဖင်လန်များ အခန်းထဲမှ ဆုတ်ခွာသွားကြသည်။

''ဒီလိုကိုး''

ရစ်တာက ကုန်းငုံ့လိုက်ပြီး သေနတ်တစ်လက်ကို ကောက်ယူလိုက်သည်။

''ဗိုလ်မှူး မဟုတ်ဘူး၊ ဗိုလ်မှူး ဘယ်သွားမလို့လဲ''

ဟော့ဖာက သူ့လက်ကို ဆွဲထားပြီး မေးသည်။

''အပေါ်ဆုံးထပ်ကို ကျုပ် သွားမယ်၊ ကျုပ်တို့ တွဲလာခဲ့ကြတာ ကြာပြီ၊ ဒါပေမဲ့ အခု ဆုံးခန်းတိုင်သွားပြီ၊ ဘာအမိန့်မှ မရှိတော့ဘူး၊ ကိုယ်ပြောတာ မောင်ရင် သဘောပေါက်သလား''

ဟော့ဖာ သူ့ကို ငေးစိုက်ပြီး ကြည့်နေသည်။ ရစ်တာ လှေကားကို တက်သွားသည်။

မီးခိုးလုံးများအတွင်းမှ နေ၍ ဟောင်းဝပ် အပေါ်ထပ် လသာဆောင်သို့ ရောက်ရှိသွားသောအခါ ဗိုင်းဘမ်းက မှားယွင်းပစ်ခတ်မည် ရှိသည်။ ဟောင်းဝပ်လေးဘက်ထောက်ပြီး လဲကျသွားသောအခါတွင် ဗိုင်းဘမ်းက သူ့ဘေးတွင် ထိုင်ချလိုက်သည်။

''သူ ဘာဖြစ်သွားသလဲ''

မဒမ်ရှိဗာလီယာက မေးလိုက်သည်။

''လေသန့်သန့်ကလေး ရှူလိုက်ရရင် ကောင်းသွားမယ်''

ဟောင်းဝပ်က သူမ၏ အမေးကို ဖြေကြားသည်။ ထို့နောက် ပတ်ဝန်းကျင်ကို ကြည့်လျက်-

''ဗိုလ်ချုပ်တို့ကော...''

''ဒီကို ရောက်မလာဘူး၊ အောက်မှာ ဘာတွေ ဖြစ်ကုန်ပြီလဲ''

ဗိုင်းဘမ်းက မေးသည်။

''ဆိုးတယ်၊ ကျုပ် တွေ့သမျှထဲမှာတော့ အဆိုးဆုံးပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းဝပ် ထလိုက်ပြီး-

''ကျုပ် ပြန်သွားဦးမှ ဖြစ်မယ်၊ သူတို့ ဘာဖြစ်ကုန်ပြီလဲ မပြောတတ်ဘူး''

မဒမ်ရှီဗာလီယာ လသာဆောင် လက်ရန်းဆီသို့ လျှောက်သွားပြီး အောက်သို့ ငုံ့ကြည့်ကာ-

''တင့်ကားတွေ ဝင်လာတယ်၊ တင့်ကားတွေ အများကြီးပဲ''

ဖိုင်းဘမ်း ပြေးသွားပြီး ကြည့်သည်။ တင့်ကားကြီး ၆ စီးနှင့် ဘရင်းကယ်ရီယာ အမြောက်အမြား ဝင်ရောက်လာကြသည်ကို တွေ့မြင်ရသည်။ မသေဘဲ ကျန်ရှိနေသော ဖင်လန်တပ်သားများ ရဲတိုက်တံခါးမကြီးမှ ထွက်လာကြသည်။ ရင်ပြင်ကျယ်ကို ၄င်းတို့ ကူးအဖြတ်တွင် ပထမဆုံး ဝင်ရောက်လာသော တင့်ကားကြီးမှ စက်သေနတ်ဖြင့် ပစ်သည်။ ဖင်လန် နှစ်ယောက် လဲကျသွားသည်။ ကျန်ရှိသော ဖင်လန်တပ်သားများ ချက်ချင်းပင် သေနတ်များကို ပစ်ချပြီး လက်များကို ခေါင်းပေါ်တွင် မြှောက်ထားလိုက်ကြသည်။

ဖိုင်းဘမ်း လှည့်ကြည့်လိုက်သောအခါ ဟောင်းဝပ်လည်း သူ့ဘေးတွင် ရောက်ရှိနေပြီး အောက်ဘက်သို့ ငုံ့ကြည့်နေသည်ကို တွေ့ရသည်။

''ဒါလောက် လှတဲ့ ရှုခင်းမျိုး မြင်ဖူးသလား''

ဖိုင်းဘမ်းက မေးလိုက်သည်။ ဟောင်းဝပ်က ဘာမျှ ပြန်မပြောဘဲ အောက်သို့ ငေးစိုက်လျက်ပင် ရှိသည်။ သူ့မျက်လုံးများက ရီဝေလျက် ရှိသည်။ ဖိုင်းဘမ်းက ဟောင်းဝပ်ကို ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်ပြီး-

''ဗိုလ်ကြီး… တိုက်ပွဲ ပြီးသွားပြီ၊ ကျွန်တော်တို့ မသေတော့ဘူး''

''ဟုတ်လား''

ဟောင်းဝပ်က တုံ့ပြန်လိုက်သည်။

ထိုစဉ်မှာပင် မဒမ်ရှီဗာလီယာ ရုတ်တရက် ငိုချလိုက်သည်။

လှေကားထိပ်တွင် ရစ်တာ ရပ်နေသည်။ သူ့ပတ်ပတ်လည်တွင် မီးခိုးတွေ ဝေနေသည်။ သူ့ခေါင်းတွင် ဦးထုပ် မရှိပါ။ သူ့မျက်နှာတွင် သွေးတွေ ရဲနေသည်။ သူ့ဆံပင်များ နံနက်ခင်း အလင်းရောင်တွင် ဖျော့တော့နေသည်။ သူ၏ ဝတ်စုံနက်သည် ဖုန်များ ပေကျံလျက် ရှိသည်။ သို့သော် သူ၏ လည်ပင်းမှ သူ့ရဲကောင်းဘွဲ့တံဆိပ်များကား ဝင့်ဝါလျက်ပင် ရှိနေသည်။

''ဗိုလ်ကြီးဟောင်းဝပ်''



သူ ဟစ်အော်လိုက်သည်။

ဖိုင်းဘမ်း လှည့်လိုက်သည်။ ပခုံးမှ သေနတ်ကို ဖြုတ်လိုက်သည်။ သို့သော ဟောင်းဝပ်က သူ့ကို တွန်းဖယ်လိုက်ပြီး-

''ကျုပ်ကိစ္စပဲ၊ အသာနေပါ''

ဟောင်းဝပ်က ပြုံးနေသည်။ သူ့မျက်လုံးများ အရောင်တောက်လာသည်။ သူက ခပ်ဖြည်းဖြည်းပင် ကုန်းငုံ့လိုက်ပြီး သွန်မဆင် သေနတ်ကို ကောက်ယူလိုက်သည်။

''ပထမတန်းပွဲပဲ၊ ကျုပ် ချီးကျူးပါတယ်''

ရစ်တာ ပြောလိုက်သည်။

ဟောင်းဝပ် ပစ်သည်။ အတွဲလိုက် အရှည်ကြီး ပစ်သည်။ ရစ်တာ၏ လည်ပင်းမှ သူ့ရဲကောင်းတံဆိပ် လွင့်ထွက်သွားသည်။ ရစ်တာကိုယ်တိုင်လည်း နံရံဆီသို့ လည်ထွက်သွားသည်။ ရစ်တာ ဒူးထောက်ပြီး ကျသွားသည်။ သူ၏ ရှမစ်ဇာသေနတ်ကို လစ်တစ်ဖက်တည်းဖြင့် ထိုးချိန်ပြီး ပစ်လိုက်သည်။ ဟောင်းဝပ် နောက်သို့ လွင့်သွားသည်။ ပွဲချင်းပြီး သေဆုံးသည်။ ရစ်တာလည်း ရှေ့သို့ နိုက်ကျသွားသည်။

မီးခိုးများအကြားမှ ဟော့ဖာ ထွက်ပေါ်လာသည်။ သူ့လက်ထဲတွင် ပစ္စတိုသေနတ်ကို ကိုင်ထားသည်။ ရစ်တာ၏ အနီးတွင် ထိုင်လိုက်သည်။ ဖိုင်းဘမ်းသည် ဟောင်းဝပ်အနီးတွင် ဒူးတစ်ဖက်ထောက်ပြီး ထိုင်ချလိုက်သည်။ သူ ခေါင်းမှ ငြိမ်သက်နေသည်။ ထို့နောက် အမေရိကန် ရိုင်ဖယ်ကို ချိန်တွယ်လိုက်သည်။

''မပစ်နဲ့ တော်လောက်ပြီ၊ ကြားလား တော်လောက်ပြီ''

မဒမ်ရှီဗာလီယာ အသံကုန် ဟစ်အော်သည်။

ဖိုင်းဘမ်းသည် အဘွားကြီးသို့ ကြည့်လိုက်သည်။ ထို့နောက် ဟော့ဖာထံသို့ ပြန်ကြည့်လိုက်သည်။ ဂျာမန်သည် သူ့လက်မှ သေနတ်ကို လွှင့်ပစ်လိုက်ပြီး ရစ်တာ၏ ပခုံးပေါ်တွင် လက်တစ်ဖက် တင်ထားသည်။ ဖိုင်းဘမ်းသည် ဘာမျှ မပြောဘဲ သူ့လက်ထဲမှ ရိုင်ဖယ်ကို အောက်ဘက် ရင်ပြင်ထဲသို့ ပစ်ချလိုက်တော့သည်။

ဘဟိုတံခါးမကြီး၏ လှေကားထစ်များပေါ်တွင် ဟင်နရီဒူးဘိုးကို ကပ်နှင်း ပထမဆုံးအကြိမ် တွေ့ရှိရသည်။ ပြင်သစ် စစ်ဗိုလ်ကလေးသည် လက်တစ်ဖက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပန္နက်သေနတ်ကို ကိုင်ထားလျက် ဗိုလ်ချုပ်ကင်းနင်းကို အလေးပြုလိုက်သည်။

“လေးစားပါတယ် ဗိုလ်ချုပ်ကြီး၊ ကျွန်တော်တို့ ဒါ့ထက် စောပြီး မရောက်နိုင်တဲ့အတွက် ဝမ်းနည်းပါတယ်”

“ဗိုလ်ကြီး ဒီကို ရောက်လာတာ အံ့သြဖွယ်ရာ တစ်ခုပါပဲ”

“ဒေါက်တာဂီလာတ်ကြောင့် ရောက်လာတာပါပဲ”

“ပေါ... ဟုတ်လား... ဗိုလ်ကြီး သူ့ကို တွေ့သလား”

ကင်းနင်းက ဒူဘိုး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး မေးသည်။

“သူ ကနေ့မနက်ဘဲ ရွာထဲကနေ ထွက်ပြေးလာပါတယ်၊ တောင်တွေပေါ်ကနေ လျှောနဲ့ ထွက်ပြေးလာပါတယ်၊ သူ့နောက်ကို ဖင်လန်တွေ တရကြမ်း လိုက်ပါတယ်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့နဲ့ တွေ့တာပါပဲ၊ သူ အခု သူနာတင်ကားထဲမှာ ရှိနေပါတယ်”

“ကျေးဇူးပဲ ဗိုလ်ကြီး”

ကင်းနင်း အောက်သို့ ဆင်းသွားသည်။ သို့သော် ရပ်လိုက်ပြီး-

“ရွာမှာ စထရက်ဆာဆိုတဲ့ လူတစ်ယောက် ရှိတယ်၊ ဒီလုပ်ငန်းကြီး တစ်ခုလုံးကို သူ ခေါင်းဆောင်တာပဲ၊ သူနဲ့အတူ မဒမ်ကလဲယာဒီဘိုဗီး ဆိုတဲ့ အမျိုးသမီးလည်း ရှိနေတယ်၊ သူတို့ကို ဗိုလ်ကြီး တွေ့သလား”

“ကျွန်တော်တို့ ရွာထဲမှာ မရပ်ဘဲ တောက်လျှောက် လာခဲ့ကြပါတယ်။ အောလဘတ်ရဲတိုက်ကြီးက ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက် ဖြစ်ပါတယ်။ စထရက်ဆာ ဆိုတဲ့လူ ရွာထဲမှာ ရှိနေတယ် ဆိုရင်တော့ ကျွန်တော်တို့ သူ့ကို တွေ့မှာပဲ”

“ကျုပ်တော့ မထင်ဘူး”

ဂီလာတ်ကို သူနာတင်ကားပေါ်တွင် ကင်းနင်း တွေ့ရှိရသည်။ သူ့ကိုယ်ပေါ်တွင် စစ်စောင်ကြီးတစ်ထည် လွှမ်းခြုံထားသည်။ မျက်လုံးများ မှိတ်ထားသည်။ အိပ်ပျော်နေဟန် ရှိသည်။ သူ့နံဘေးတွင် ဆေးတပ်သားတစ်ဦး ထိုင်နေသည်။

“သူ ဘယ့်နှယ်နေသလဲ”

ကင်းနင်းက ပြင်သစ်လို မေးလိုက်သည်။

“နေကောင်းပါတယ် ဟင်မီတန်”

ဂီလာတ်ဟ ဖြေသည်။ သူ့မျက်လုံးများ ပွင့်လာသည်။ သူ့မျက်နှာ ပြုံးနေသည်။

“ခင်ဗျား လုပ်တာ ရောမ စွမ်းဆောင်မှုကြီးတစ်ခုပဲ”

“ကျန်တဲ့ လူတွေကော ဘေးကင်းကြရဲ့လား”



“ကလော်ဒင် ဘာမှ မဖြစ်ဘူး၊ ဂျပ်စတင် ဒဏ်ရာ ရသွားတယ်၊ ဒါပေမဲ့ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ကျန်တာတွေကတော့ အမင်္ဂလာသတင်းတွေ ပဲ၊ မက်ခ်နဲ့ ဗိုလ်ကြီးဟောင်းဝပ်တို့ ကျဆုံးသွားကြပြီ၊ ဖင်လန်တွေလည်း အများ ကြီးပဲ၊ ရစ်တာရောပေါ့၊ အတော်ကြီးကို တိုက်လိုက်ကြရတာပဲ”

“စထရက်ဆာကော”

“ကျုပ်တို့ သူ့ကို မိမှာပဲ၊ ကလဲယာရောပေါ့။ မြန်တာနဲ့ နောက်ကျတာပဲ ရှိမယ်”

ဂီလာတ်၏ မျက်နှာ ရှုံ့သွားသည်။

“သူ့ကို မလွှတ်စေနဲ့ ဟင်မီတန်၊ သူဟာဘာမဆို ဒုက္ခပေးနိုင်တဲ့ လူတစ်ယောက်ပဲ၊ ကောင်မကလေးကို သူ လုပ်ပုံဟာ အင်မတန် ရက်စက်တယ်”

“ကျုပ် သိတယ်၊ ကဲ... ခင်ဗျား အိပ်လိုက်ဦး နောက်မှ တွေ့ကြမယ်”

ကင်းနင်းသည် သူနာတင်ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ စထရက်ဆာ၏ လည်ပင်းကို ဖျစ်ညှစ်လိုစိတ်များ တဖွားဖွား ပေါ်နေသည်။ ထို့နောက် တစ်ဖန် ကလဲယာကို သူ တွေးမိလိုက်ပြန်သည်။ သူ့အတွက် သူမသည် အရေးအကြီးဆုံး တစ်ခု ဖြစ်သည်ကို ကင်းနင်း တွေးမိသွားသည်။

အနီးတွင် ဂျစ်ကားတစ်စီး ရှိနေသည်။ ကားပေါ်သို့ ကမန်းကတန်း ခုန်တက်လိုက်သည်။ ကားစက်ကို နှိုးပြီး ဥမင်ပေါက်အတွင်းမှ မောင်းထွက်သွားသည်။ ရွှေလင်းယုန်ဟိုတယ် ရှေ့တွင် ကားရပ်လိုက်သောအခါ လူသူ တစ်စုံတစ်ယောက်ကိုမျှ ကင်းနင်း မတွေ့ရှိရပါ။ ဟိုတယ်ဝင်း တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ကားနောက်ပိုင်းတွင် အမ်ဝမ်း ရိုင်ဖယ်တစ်လက် ရှိသည်။ ကင်းနင်းသည် သေနတ်တွင် ကျည်အပြည့် ရှိသည်ကို စစ်ဆေးပြီးနောက် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ ဟိုတယ်ရှေ့တံခါးကို ကန်ဖွင့်လိုက်သည်။

“စထရက်ဆာ... ခွေးမသား ခင်း ဘယ်မှာလဲ”

အရက်ခန်းထဲတွင် ပကတိ ငြိမ်သက်လျက် ရှိသည်။ နံရံမှ ကျည်ပေါက်များနှင့် ကြမ်းပြင်ပေါ်မှ သွေးများကို သူ တွေ့မြင်ရသည်။ သူ့နောက်မှ အသံကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ မေယာကို တွေ့ရသည်။

“သူ ဘယ်မှာလဲ”

“သူ သွားပြီ ဗိုလ်ချုပ်ကြီး၊ ဂီလာတ်နောက်ကို ဖင်လန်တွေ လိုက်သွားတဲ့အချိန်မှာ သူက ကားကို နောက်ဖေးမှာ ရွှေ့ထားတယ်၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က ပြင်သစ် တင့်ကားတွေ ဒီမှာ မရပ်ဘဲ ဖြတ်သွားကြတယ်၊ သူတို့လည်း သွားရော ဟာစထရက်ဆာလည်း ကားကို မောင်းထွက်သွားတာပဲ”

“မဒမ်ဒီဘိုဗီးကော... သူနဲ့ အတူ ခေါ်သွားသလား”

www.burmeseclassic.com

www.burmeseclassic.com



''ခေါ်မသွားပါဘူး၊ မဒမ် ဒီမှာပဲ ရှိနေပါတယ်''

မယော ရုတ်တရက် လှောက်သွားသည်။ သူ၏ ရုံးခန်းတံခါးကို ဖွင့်လိုက်သည်။ ကြမ်းပြင်ပေါ်တွင် ကလဲယာ လဲလျောင်းလျက် ရှိသည်။ စောင် တစ်ထည်ဖြင့် ခြုံလွှမ်းထားသည်။

ကင်းနှင်း မယုံကြည်နိုင်ဟန်ဖြင့် ငေးစိုက်ပြီး ကြည့်နေသည်။ သူ ဒူးထောက်၍ ထိုင်လိုက်ပြီး စောင်ကို ဆွဲဖွင့်လိုက်သည်။ သူမ၏ မျက်နှာသည် အပြစ်ကင်းစင်လျက် ရှိသည်။ ကလေးငယ်လေး တစ်ယောက် အိပ်ပျော်နေ သကဲ့သို့ ရှိသည်။

စောင်ကို ပြန်ဖုံးလိုက်ပြီး သူ မတ်တတ်ထလိုက်သည်။

''သူ ဘယ်သွားတယ် ဆိုတာ သိသလား''

''သူတို့ ခဏခဏ ပြောနေကြတာကို ကျွန်တော် ကြားရပါတယ် ဗိုလ်ချုပ်၊ ဒီကနေ ၁၀ မိုင်လောက် ဝေးတဲ့ အန်ဟိုင်းမှာ လေယာဉ်ပျံကွင်းဟောင်း တစ်ခု ရှိတယ်၊ အဲဒီမှာ လေယာဉ်ပျံတစ်စင်း စောင့်နေတာ ရှိတယ်''

''အဲဒီကို ကျုပ် ဘယ်လို သွားရမလဲ''

''ရွာအရှေ့ဘက်က တောင်ကုန်းပေါ် ရောက်တဲ့အထိ လမ်းမကြီး အတိုင်း လိုက်သွားပါ၊ နှစ်ဖာလုံလောက် သွားမိတဲ့အခါမှ ဘယ်ဘက် ချိုးတဲ့ လမ်းကလေးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီလမ်းအတိုင်း လိုက်သွားရင် အန်ဟိုင်းကို ရောက်ပါတယ်''

အန်ဟိုင်း လေယာဉ်ကွင်း လေယာဉ်ရုံအတွင်းမှ ဒါကိုတာ လေယာဉ်ကြီး လိမ့် ထွက်လာသော အချိန်တွင် နှင်းများ ကျဆင်းလျက် ရှိသည်။

''ရာသီဥတု ဘယ့်နှယ်လဲ၊ ပြဿနာ ဖြစ်မလား''

စထရက်ဆာက လေယာဉ်စက်ခန်းအတွင်း ဗာဂျာ၏ နံဘေးတွင် ထိုင် နေရာမှ မေးလိုက်သည်။

''ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ရာသီဥတုက ကျွန်တော်တို့ဘက်က ရှိနေပါတယ်''

''ကောင်းတယ်၊ ကျုပ် အောက်ကို ဆင်းပြီး စတော့ကလေးကို သွား ကြည့်လိုက်ဦးမယ်၊ ဘာသက်သေခံ အထောက်အထားမှ ကျုပ် မထားခဲ့ချင်ဘူး၊ ခင်ဗျား လေယာဉ်ကို ထွက်ဖို့ အဆင်သင့် လုပ်ထား၊ ကျုပ် အခုပဲ ပြန်လာခဲ့ မယ်''



ဗာဂျာ ပြုံးလိုက်ပြီး–

''ရှေ့ခရီးတစ်ထောက်ကတော့ စပိန်ပဲ ဒွာနချုပ်မှူးကြီး''

စထရက်ဆာ ခုန်ဆင်းလိုက်သည်။ ဒါကိုတာလေယာဉ်ကြီး ထွက်သွား စဉ်တွင် လေယာဉ်ရုံဆီသို့ သူ ပြေးသွားသည်။ သူ့အိတ်ထဲမှ လက်ပစ်ဗုံးတစ်လုံး ကို ထုတ်ယူပြီး လေယာဉ်ရုံ တံခါးပေါက်ဆီသို့ ပစ်လိုက်သည်။ လက်ပစ်ဗုံး သည် စတော့လေယာဉ်အောက်မှာပင် ပေါက်ကွဲသည်။ ချက်ချင်းပင် မီးဟုန်းဟုန်း တောက်လောင်သည်။

လေယာဉ်ပြေးလမ်းကြောင်းထိပ်ရှိ ဒါကိုတာကြီးဆီသို့ ပြန်ပြေးစဉ် လေယာဉ်ကွင်း အတွင်းသို့ ဝင်လာသော ဂျစ်ကားတစ်စင်းကို သူ တွေ့ရသည်။ ဂျစ်ကားသည် သူနှင့် ကိုက် ၃၀ ခန့်အကွာတွင် ရပ်သွားသည်။

လေယာဉ်လမ်းထိပ်ရှိ ဒါကိုတာကြီးကို ကင်းနှင်း တွေ့မြင်လိုက်သည်။ သူ နောက်ကျသွားပြီဟု တွက်လိုက်သည်။ ထိုစဉ်မှာပင် စတော့လေယာဉ် ပေါက်ကွဲသံ ကြားလိုက်ရသဖြင့် သူ့မျက်လုံးများ လေယာဉ်ရုံဆီသို့ ရောက်သွား သည်။ စထရက်ဆာကို လေယာဉ်ရုံရှေ့တွင် တွေ့မြင်လိုက်ရသည်။ သူက ကုန်း ငုံ့ပြီး သူ့အိတ်ထဲမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်သည်။

ကင်းနှင်းသည် အမ်ဝမ်းရိုင်ဖယ်ကို ယူပြီး သုံး လေးချက် ပစ်လိုက် သည်။ ကျည် ညပ်သွားသည်။ သေနတ်ကို လွှင့်ပစ်လိုက်စဉ်မှာပင် စထရက်ဆာ က သူ့ကို အေးဆေးစွာ နှစ်ချက် ပစ်သည်။ မှန်တွင် အပေါက်ကလေး ဖြစ်သွား သည်။

ကင်းနှင်းသည် ကားဂီယာကို ဆောင့်သွင်းလိုက်ပြီး တရကြမ်း မောင်း ထွက်သည်။ စထရက်ဆာက ဂျစ်ကားကို လွတ်အောင် ရှောင်လိုက်ပြီး နောက် ဆုံးအချိန်အထိ ဆက်ပစ်နေသည်။ ကင်းနှင်းက ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ ဂျစ်ကား ဟက်ထိုးတိုက်ပြီး ရပ်သွားသည်။

ကင်းနှင်းသည် ကားအရှိန် မသေခင်မှာပင် စထရက်ဆာထံသို့ ခုန်ဆင်း လိုက်သည်။ နှစ်ယောက်သား လုံးထွေးသွားသည်။ ကင်းနှင်း၏ လက်များသည် စထရက်ဆာ၏ လည်ပင်းပေါ်သို့ ရောက်ရှိသွားသည်။ ကင်းနှင်း ညှစ်စပြုသည်။ ထိုစဉ်မှာပင် စထရက်ဆာသည် သူ၏ ပစ္စတိုကို တအားလွှဲပြီး ကင်းနှင်း၏ ခေါင်းကို ရိုက်ချလိုက်သည်။

ကင်းနှင်း တစ်ဖက်သို့ လိမ့်ကျသွားသည်။ သတိလစ်သလောက် ဖြစ် သွားသည်။ စထရက်ဆာ ထရပ်သည်။ ပစ္စတိုသေနတ်ကို ချိန်ကာ နောက်သို့ ဆုတ်သွားနေသည်။ ကင်းနှင်း ဒူးထောက်ပြီး ထိုင်လိုက်သည်။ စထရက်ဆာက သေသေချာချာ ချိန်ရွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ဆက်ခဲ့ပါတယ် ဗိုလ်ချုပ်ကြီး"

သူက ခလုတ်ကို ဆွဲလိုက်သည်။

ချောက်ခနဲ မြည်သည်။ ကျည်ကုန်ပြီ ဖြစ်သည်။ စထရက်ဆာက သေနတ်ကို ကင်းနင်းထံသို့ ပစ်ပေါက်လိုက်ပြီးနောက် ဒါကိုတာ လေယာဉ်ကြီးဆီသို့ ပြေးသွားသည်။

ကင်းနင်း နောက်မှ ပြေးလိုက်သည်။ သူ့မျက်လုံးများ ဝေဝါးသည်။ သူ တစ်ခုပဲ ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။ လေယာဉ်ပေါ်သို့ စထရက်ဆာ ခုန်တက်သွားသည်။ လေယာဉ်ကြီး မောင်းထွက်သွားသည်။

ကင်းနင်း ဒူးထောက်ပြီး ကျသွားသည်။ နှင်းမြူထဲတွင် သဲရဲတစ္ဆေကြီး တစ်ကောင် ထွက်သွားသည်ကို ငေးမောပြီး ကျန်ရစ်သည်။

■

- ၁၆ -

ကင်းနင်း၏ စကားဆုံးသောအခါ လာဝါတာမြို့တွင် အရုဏ်ကျင်းချေပြီ။ မိုးက တဖွဲဖွဲ ရွာနေဆဲပင်ဖြစ်သည်။ ကျွန်တော် ထိုင်ရာမှထပြီး အပြင်သို့ ကြည့်လိုက်သောအခါ လူသူလေးပါး ရှင်းလျက်ရှိသည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ကင်းနင်းက မီးဖိုထဲသို့ ထင်းတုံးတစ်တုံး ထပ်ထည့်လိုက်ပြီး-

"ကဲ… မစ္စတာအိုဟက်ဂင်၊ ခင်ဗျား ဘယ်လို သဘောရသလဲ"

"လူကောင်းတွေကို ဖြန့်းတီးပစ်ကြတာပဲ"

ကျွန်တော်က ပြောလိုက်မိသည်။

"ဟုတ်တယ်၊ လူတော်လူကောင်းတွေပဲ၊ စထရက်ဆာတော့ မပါဘူးပေါ့၊ သူကတော့ မကောင်းဆိုးဝါးကြီး တစ်ကောင်ပဲ၊ ဒါပေမဲ့ ဂျက်ဟောင်းဝပ်၊ ရစ်တာ၊ ဆော်ဇာနဲ့ ဖင်လန်တပ်သားတွေဟာ…"

"သူတို့ ဘာဖြစ်လို့ တိုက်ကြသလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး၊ သူတို့ မတိုက်နိုင်ဘူးလို့ ပြောရင် ဖြစ်နိုင်တာပဲ"

"ဆော်ဇာနဲ့ သူ့လူတွေကို နားလည်နိုင်ပါတယ်၊ သူကို့ဟာ ကြေးစားတွေပဲ၊ သူတို့ဟာ အခကြေးငွေအဖြစ် ရွှေကို ယူတယ်၊ ပြီးတော့ သစ္စာဆိုကြတယ်၊ သူတို့ရဲ့ ကတိသစ္စာကို နောက်ဆုံးအချိန်အထိ ထိန်းသိမ်းကြတယ်"

"ရစ်တာကကော…"

"သူက ရေနက်ထဲမှာ ရောက်နေတဲ့ လူတစ်ယောက်ပဲ၊ ရေစီးထဲမှာ မျောပါနေတယ်၊ သူ သွားရမယ့် လမ်း တစ်လမ်းပဲ ရှိတယ်၊ သူနဲ့ ဂျက်ဟောင်းဝပ်တို့ဟာ တစ်မျိုးတစ်စားတည်းပဲ။ ဟိုဘက် သည်ဘက် ခြားနားတာပဲ ရှိတယ်၊ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ ပန်းပဲ၊ ဒါပေမဲ့ သူတို့နှစ်ယောက် ကိုယ့်တိုင်းပြည်အတွက် ကိုယ် သယ်ပိုးခဲ့ကြတာ အနှစ်ချုပ်လိုက်တော့ ဘာမှ အဓိပ္ပာယ်မရှိဘူး"

"စထရက်ဆာကကော…သူ့ကို ဘိုးမန်းလို့ ပြောမလား"

www.burmeseclassic.com



"အဲဒါ အပြောရ အခက်ဆုံးပဲ၊ မသေချာဘူးလို့ ဆိုရမှာပေါ့၊ လေယာဉ်မှူး ဘာဂျာကို မှတ်မိသလား၊ နောက်ဆုံးမှာ အန်ဟိုင်းကနေ ဒါကိုတာ လေယာဉ်ကြီးကို မောင်းသွားတဲ့ သူပေါ့၊ သူ့ကို ကျုပ် လွှန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက အီတလီမှာ တွေ့တယ်၊ အဲဒီအချိန်တုန်းက သူဟာ ကင်ဆာရောဂါနဲ့ သေတော့မယ့် အချိန်ပဲ ဖြစ်တယ်"

"သူက ဘာပြောသလဲ"

"သူကတော့ စထရက်ဆာဟာ ဘိုးမန်းလို့ပဲ ယူဆတယ်၊ စထရက်ဆာကို သူ နောက်ဆုံးတွေ့တာ ၁၉၄၅ ခုနှစ် ဇွန်လထဲကလို့ ပြောတယ်၊ ဘီလလိုမှာလို့ ပြောတယ်"

"ဌာနချုပ်စခန်းက သတင်းတွေက ဘယ်လိုလုပ်ပြီး ထွက်လာကြတာလဲ"

"အားရစ်ဟော့ဖာ၊ သူ အခုအထိ အသက်ရှင်နေတုန်းပဲ၊ ဟာဇာဘတ်မှာ ဟိုတယ်တစ်ခု ဖွင့်ထားတယ်၊ အိုက်ခမန်းရဲ့ စခန်းကို ရုရှ တပ်တစ်တပ် က သိမ်းမိတဲ့အချိန်မှာ ဝေါ်တာဘိုနစ်ဆိုတဲ့ အိုက်ခမန်းရဲ့ လက်ထောက် တစ်ယောက်ကို ဖမ်းမိတယ်၊ နောက်ဆုံးမှာ အနောက်ဂျာမနီကို သူ ပြန်ရောက် လာတဲ့အချိန်မှာ သူဟာ ခေါင်းသိပ်မကောင်းတော့ဘူး၊ သူ ပြောတဲ့စကားတွေ ကို သက်ဆိုင်ရာ သိပ်ပြီးမယုံကြည်ကြဘူး"

"ဘိုနစ်ကို ဗိုလ်ချုပ်ကြီး တွေ့သလား"

"ကျုပ် တွေ့ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ မတွေ့လိုက်ရဘူး၊ နောက်ကျသွားတယ်၊ သူ့ကိုယ်သူ သတ်သေသွားပြီ၊ ဒါပေမဲ့ သူနဲ့ပတ်သက်တဲ့ အစီရင်ခံစာကိုတော့ ကျုပ် ဖတ်ရတယ်"

"အဲဒီတော့ ကျွန်တော်တို့ ဘာကို အတိအကျ တွက်လို့ ရနိုင်မလဲ"

"အဲဒါတော့ ကျုပ်လည်း သေသေချာချာ မပြောနိုင်ဘူး၊ အောလဘတ်က လူဟာ စထရက်ဆာပဲလား၊ ဌာနချုပ်စခန်းက လူဟာ ဘိုးမန်းပဲလား၊ ဒါမှမဟုတ် ပြောင်းပြန်ပဲ ဖြစ်မလား၊ အဲဒီအတွေးဟာ ကျုပ်ကို တစ်သက်လုံး နှိပ်စက်နေတဲ့ ရောဂါကြီးတစ်ခုပဲ၊ ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေ အားလုံးကို ကျုပ် ချက်ချင်းပဲ ထောက်လှမ်းရေးက လူတွေကို ပြောခဲ့တယ်"

"သူတို့က ဘာပြောသလဲ"

"ကျုပ်ဟာ အကျဉ်းထောင်မှာ အကြာကြီး နေခဲ့ရလို့ ဦးနှောက် ချောင်နေပြီလို့ သူတို့ ယူဆပုံရတယ်၊ သူတို့ လက်ခံထားတာကတော့ ဘိုးမန်းဟာ ဘာလင်မှာ သေသွားပြီ၊ စထရက်ဆာ ဆိုတာကတော့ တခြား တစ်ယောက် ယောက်ပဲပေါ့"



"သူတို့ လက်ခံထားတဲ့ မှတ်တမ်းအရ ဘိုးမန်း ဘယ်လို ဇာတ်သိမ်းသွားသလဲ"

"မေလ ၂ ရက်နေ့ နံနက် ၁ နာရီခွဲမှာ ဌာနချုပ် မြေအောက်စခန်းကနေ သူ ထွက်သွားတယ်၊ သူ ရုပ်ဖျက်ပြီး မသွားဘူး၊ ဒီအတိုင်းပဲ သွားတယ်၊ နာဇီတပ်ဖွဲ့ ဒုတိယဗိုလ်ချုပ်ကြီးဝတ်စုံပေါ်မှာ သားရေကုတ်အင်္ကျီကြီး ထပ်ဝတ်သွားတယ်၊ လမ်းမှာ သူ့အတွင်းရေးမှူး ဖရော်ကရုဂျာနဲ့ အမှတ်မထင် တွေ့တယ်၊ အခြေအနေတွေ သိပ်မကောင်းတော့ဘူးလို့ သူ ပြောတယ်၊ ပြီးတော့ သူ ထွက်သွားတယ်"

"အဲဒီအချိန်က စပြီး ဒဏ္ဍာရီဇာတ်လမ်း စတာပဲပေါ့"

"ဟုတ်တယ် ဟာစ်တလာရဲ့ ဒရိုင်ဘာ ပြောသလို ဝိုက်ဒင်ဒမ်တံတားမှာ သူ သေသလား…"

"ဒါမှမဟုတ် အော်ဇမန် ပြောတဲ့အတိုင်း လာဟာတာဘူတာရုံမှာပဲ သေသလားပေါ့၊ အဲဒီအလောင်းကိုတော့ မစွမ်းမသန်ဆေးရုံနားမှာ စာတိုက်အလုပ်သမားတွေက မြှုပ်ထားလိုက်တယ်လို့ သိရတယ်"

"ဟုတ်တယ်၊ ၁၉၇၂ ခုနှစ်မှာ အဲဒီအဆောက်အအုံကို ဖျက်တော့ အရိုးစုတစ်ခု တွေ့တယ်၊ ဂျာမန်အာဏာပိုင်တွေကတော့ ဘိုးမန်းရဲ့ အရိုးပဲလို့ ပြောတယ်"

"ပါရဂူတွေကတော့ လက်မခံဘူး မဟုတ်လား"

"ပါရဂူကြီးတစ်ယောက် ပြောတာကတော့ ရှင်းတယ်၊ ဘိုးမန်းဟာ တစ်ချိန်တည်းမှာ နှစ်နေရာမှာ မရှိနိုင်ဘူးတဲ့၊ ဘာလင်မှာ သေပြီး တောင်အမေရိကမှာ ရှင်မနေနိုင်ဘူးတဲ့"

အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ပြတင်းပေါက်တွင် မိုးစက်ကလေးများ ရိုက်ခတ်နေကြဆဲ ဖြစ်သည်။ ကင်းနင်းသည် အရက်စင်ဆီသို့ လျှောက်သွားပြီး အရက်တစ်ခွက် ထပ်ငှဲ့သည်။

"အဲဒီတော့ ဗိုလ်ချုပ်ကြီးရဲ့ သဘောထားက ဘယ်လိုလဲ"

ကျွန်တော်က မေးလိုက်သည်။

"ကျုပ် အသက်ကြီးပြီ၊ ကျုပ် တာဝန်တွေ ကုန်ဆုံးပြီ၊ ဒီတစ်ကြိမ်မှာတော့ ကျုပ် သူ့ကို တွေ့ပြီလို့ အောက်မေ့ခဲ့တယ်၊ အခုတော့…"

ရုတ်တရက် ကျွန်တော့်ဘက်သို့ သူ လှည့်ပြီး–

"မောင်ရင့်ကို ပြောရဦးမယ်၊ ကျုပ် အိမ်ထောင်မပြုတော့ဘူး၊ လောကကြီးမှာ အမျိုးသမီးတွေ အများကြီးပဲ၊ ဒါပေမဲ့ သူ့ကို ကျုပ် မမေ့နိုင်ဘူး၊ အတော်တော့ ဆန်းတာပဲ၊ ကျုပ် အခု မေရီလင်းက အိမ်ကို ပြန်မယ်၊ မီးဖိုဘေး

www.burmeseclassic.com

www.burmeseclassic.com



မှာ အေးအေးဆေးဆေးပဲ ထိုင်တော့မယ်"

"စထရက်ဆာ… ဒါမှမဟုတ် ဘိုးမန်း"

"ကျုပ်ဘဝထဲက ဖယ်လိုက်ပြီ၊ နှစ်ယောက်စလုံး သွားကြပေတော့"

"ရေးရရင်တော့ အင်မတန် ကောင်းမယ့် ဝတ္ထုတစ်ပုဒ်ပဲ"

ကျွန်တော်က ပြော၍လိုက်သည်။

ကျွန်တော့်ကို သူကြည့်သည်။

"ကျုပ် သေမှ ရေးပါ၊ မသေခင်တော့ မရေးပါနဲ့၊ ကျုပ်ပြောတာ နားလည်သလား"

အမိန့် ဖြစ်သည်။ တောင်းပန်ခြင်း မဟုတ်ပါ။

"အမိန့်အတိုင်းပါ ဗိုလ်ချုပ်ကြီး"

အပြင်တွင် ကားရပ်သံကို ကျွန်တော် မကြားလိုက်ပါ။ သို့သော် ခပ်သွက်သွက် လျှောက်လာသော ခြေသံများကိုကား ကြားရသည်။ အခန်းတွင်းသို့ ရာဇီ ဝင်လာသည်။

"ဆီညော်စမစ်ခင်ဗျား၊ ဆီညော်အတွက် လေဆိပ်က ကားလွှတ်လိုက်ပါတယ်၊ အခုအချိန်မှာ လေယာဉ်ပျံထွက်ဖို့ ကောင်းတယ်လို့ ဆီညော်ရဲ့ လေယာဉ်မှူးက မှာလိုက်ပါတယ်၊ ဆီညော် အမြန်ဆုံးလိုက်သွားဖို့ လိုပါလိမ့်မယ်"

"ဟုတ်ပြီ"

ကင်းနင်းသည် ဖန်ခွက်ထဲမှ အရက်ကို ကုန်အောင် သောက်လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ်တွင် ချထားလိုက်သည်။

"မောင်ရင် ကျုပ်နဲ့ လိုက်မလား"

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ကျွန်တော် မလိုက်သေးပါဘူး၊ ကျွန်တော်တို့ သွားကြရမှာက တစ်နေရာစီ ဖြစ်ပါတယ်"

သူ ခေါင်းညိတ်လိုက်သည်။

"အခုလို တွေ့ကြရတာ ဝမ်းသာပါတယ် အိုဟက်ဂင်၊ ကျုပ်တို့ တစ်ညလုံး အချိန်ကုန်သွားကြတာပဲ"

"ဗိုလ်ချုပ်ကြီးက စာရေးဆရာဖြစ်ဖို့ ကောင်းတယ်"

"အိမ်း… ကျုပ်ဖြစ်ဖို့ကောင်းတာကတော့ အများကြီးပဲ သား"

တံခါးဆီသို့ သူ လျှောက်သွားသည်။ သူ ရပ်လိုက်သည်။ နောက်သို့ ပြန်လှည့်ပြီး–

"ကျုပ် ပြောတာကို မှတ်မိသလား၊ ကျုပ် မရှိတော့တဲ့အချိန်မှာ မောင်ရင် ကြိုက်တာ လုပ်နိုင်တယ်၊ ဒါပေမဲ့ အဲဒီအချိန်မတိုင်ခင်မှာတော့…"

ဧည့်ခန်းဆောင်ထဲတွင် လျှောက်သွားသော သူ၏ ခြေသံများကို ကြား



ရသည်။ ခဏအကြာတွင် တံခါးပိတ်သံ ပေါ်ထွက်လာပြီး ဟိုတယ်ရှေ့မှ ကား တစ်စီး မောင်းထွက်သွားသည်။

ကျွန်တော် သူ့ကို နောက်တစ်ခါ မတွေ့ရတော့ပါ။ တစ်ကမ္ဘာလုံးက သိကြသည့်အတိုင်းပင် နောက်သုံးရက်အကြာတွင် သူ၏ လေယာဉ်သည် မက္ကဆီကိုမြို့မှ အထွက် ကောင်းကင်တွင် ပေါက်ကွဲပြီး သူ သေဆုံးသွားသည်။ သတင်းစာတစ်စောင် နှစ်စောင်တွင် လုပ်ကြံမှု ဖြစ်လေဟန် ရေးသားကြသည်။ သို့သော် လေကြောင်းဌာန စစ်ဆေးရေးအဖွဲ့ကမူ ထိုသတင်းကို လက်မခံပါချေ။

သူ့ကို အာလင်တန်တွင် နိုင်ငံတော်၏ သားကောင်းတစ်ဦးအဖြစ်နှင့် ဂုဏ်ပြုသင်္ဂြိုဟ်ကြသည်။ အားလုံးကပင် လိုက်ပါပို့ဆောင်ကြသည်။ သမ္မတကြီးနှင့်တကွ ပင်တဂွန်စစ်ဌာနချုပ် ပုဂ္ဂိုလ်ကြီးများ အားလုံး လိုက်ပါပို့ဆောင်ကြသည်။

ထိုအချိန်က ကျွန်တော်သည် တောင်အမေရိကမှာပင် ရှိနေသည်။ လေယာဉ် ခက်ခဲ ရှိသဖြင့် ဈာပနအခမ်းအနားကို ကျွန်တော် မမီလိုက်ပါ။ အာလင်တန်သို့ ကျွန်တော် ရောက်ရှိသွားချိန်တွင် ပုဂ္ဂိုလ်များအားလုံး ပြန်သွား ကြပြီ ဖြစ်သည်။

ဥယျာဉ်မှူးတစ်ယောက် နှစ်ယောက်သာ ကျန်ရှိသည်။ အုတ်ဂူနှင့် အနီးတစ်ဝိုက်တွင် ပန်းခွေများ၊ ပန်းခြင်းများ၊ ပန်းပွင့်များ ပြည့်လျှံပျက် ရှိသည်။

မိုးရွာလာသည်။

ကျွန်တော်က ကုတ်အင်္ကျီ ကော်လာကို ထောင်လိုက်ပြီး ယာယီစိုက်ထူ ထားသော အထိမ်းအမှတ် ကျောက်တိုင်ကို ကြည့်ရှုပါသည်။

"ဗိုလ်ချုပ်ကြီး ခင်ဗျား၊ ဗိုလ်ချုပ်ကြီးကို သူတို့အားလုံး အမှတ်ရကြပါတယ်"

ကျွန်တော်က တိုးညင်းစွာ ပြောလိုက်ပြီး လှည့်ပြန်မည်အပြုတွင် ကျွန်တော်၏ မျက်လုံးများက အထိမ်းအမှတ်တိုင် ခြေရင်းတွင် တစ်စုံတစ်ခုကို တွေ့မြင်လိုက်မိပါသည်။

ကြက်သွေးရောင် နှင်းဆီပွင့်ကလေး တစ်ပွင့် ဖြစ်သည်။ ဆောင်းနှင်းဆီပွင့်ကလေး ဖြစ်သည်။ ကျွန်တော်က နှင်းဆီပွင့်ကလေးကို ကောက်ယူကြည့်လိုက်သည်။ နှင်းဆီပွင့်ကလေးနှင့် တွဲထားသော ကတ်ပြားကလေးတွင် ရေး ထားသည်မှာ ရှင်းရှင်းတိုတိုကလေး ဖြစ်သည်။

*ပေးထားသည့် ကတိအတိုင်း…*

နတ်နွယ်

www.burmeseclassic.com

www.burmeseclassic.com

## ရန်အောင်စာပေ -၂- မှ ထွက်ရှိပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ | ရန်အောင့်စာ ရန်အောင့်ဘဝ | ရန်အောင် |
| ၂။ | မြတ်ပန်းဥယျာဉ် | ရန်အောင် |
| ၃။ | ဝတ္ထုတိုစု(၁) | ရန်အောင် |
| ၄။ | အညာသူကလေး | ရန်အောင် |
| ၅။ | အောင်လံသားကွန့်… ဝတ္ထုတိုစု(၂) | ရန်အောင် |
| ၆။ | ကြုံလေဘုံဘွေအတွေ့တွေ… ဝတ္ထုတိုစု(၃) | ရန်အောင် |
| ၇။ | အချစ် | သုမောင် |
| ၈။ | ၃ နှင့် အခြားဝတ္ထုတိုများ | သုမောင် |
| ၉။ | စာမျက်နှာ ၁၆ | သုမောင် |
| ၁၀။ | အချစ်သစ်ပင် | သုမောင် |
| ၁၁။ | အချစ်နှင့် သူ၏ကိုကို | သုမောင် |
| ၁၂။ | အကြွေး | သုမောင် |
| ၁၃။ | အချစ်-၂ | သုမောင် |
| ၁၄။ | ရွှေပုံဖိုလ် | ယုဝတီခင်စိန်လှိုင် |
| ၁၅။ | ဗိုလ်ရွှေဖြင် | ယုဝတီခင်စိန်လှိုင် |
| ၁၆။ | ရန်ကင်းသူ | ယုဝတီခင်စိန်လှိုင် |
| ၁၇။ | တောင်ပံမဲ့သည့်ငှက်ငယ်များ | မောင်ထွန်းသူ |
| ၁၈။ | လာရာလမ်း လွမ်းမိပါရဲ့ | မောင်ထွန်းသူ |
| ၁၉။ | ဝက်ပါ | မောင်ထွန်းသူ |
| ၂၀။ | မင်းမဆိုးပါဘူး | မင်းလူ |
| ၂၁။ | မိညီမ | မင်းလူ |
| ၂၂။ | သံယောဇဉ်အလွဲ | မင်းလူ |
| ၂၃။ | အဆိပ်နှင့်ကမ္ဘာတစ်သိန်း | ချစ်ဦးညို |
| ၂၄။ | ဒုဋ္ဌဂါမဏိ | ချစ်ဦးညို |
| ၂၅။ | စစ်သူကြီးဒလဗန်းနှင့်… | ချစ်ဦးညို |
| ၂၆။ | တံခွန်တိုင်မောင်နှမများ | နတ်နွယ် |
| ၂၇။ | ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ | နတ်နွယ် |
| ၂၈။ | ပျံလေသည့် ငှက်ခါး | နတ်နွယ် |
| ၂၉။ | သံမဏိလိပ်ပြာ | တင်မောင်မြင့် |
| ၃၀။ | အတိတ်ခြေရာ(၂) | တင်မောင်မြင့် |
| ၃၁။ | တမ်းတတတ်သည်(၁+၂) | တင်မောင်မြင့် |
| ၃၂။ | အချစ်၏အခြားသောမျက်နှာစာ | တင်မောင်မြင့် |
| ၃၃။ | ဇော်တိုစကောဇနီ | လင်းယုန်မောင်မောင် |
| ၃၄။ | မှောင်မိုက်သောနေ့ရက်များ | လင်းယုန်မောင်မောင် |
| ၃၅။ | မာတင်ဘောမန်း | လင်းယုန်မောင်မောင် |
| ၃၆။ | ကမောက်ကမဟာသ-၁၀၀ | မောင်မောင်မြင့်သိန်း(ဇက်မှုတက္ကသိုလ်) |
| ၃၇။ | Essantial Essay and Writing | မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) |
| ၃၈။ | မင်းတရားရွှေထီးနှင့်ဘုရင့်နောင် | စိန်လွင်လေး |
| ၃၉။ | နတ်ရှင်နောင်နှင့်တတုကလျာ | စိန်လွင်လေး |
| ၄၀။ | မြန်မာ့စစ်မှတ်တမ်းနှင့်သေနင်္ဂဗျူဟာများ | စိန်လွင်လေး |
| ၄၁။ | သေမင်းကိုယ်တိုင်သေချင်တယ်နှင့် … | အိကြာကွေး |
| ၄၂။ | မိမိကိုယ်ကို ပြန်လည်တွေ့ရှိခြင်းနှင့်… | အိကြာကွေး |
| ၄၃။ | အိုင်ဖြစ်သွားသောအင်းနှင့်… | အိကြာကွေး |
| ၄၄။ | တောလုံးဝတ္ထုတိုများ (၁+၂) | တွင်းကြီးဝမ်းမောင် |
| ၄၅။ | တောလုံးဝတ္ထုတိုများ - ၃ | တွင်းကြီးဝမ်းမောင် |
| ၄၆။ | ရင်ဘွင်းခံစားမှုပုံရိပ်များ | ရေနံမြေမောင်မောင်ကြည် |
| ၄၇။ | စွဲလန်းရေ့ဘိမ်အခီး… | မောင်စိန်ဝင်း၊ ဇော်ဇင်၊ စုထား |
| ၄၈။ | ဝင်ကာစွပ်ခရုအိမ် | ချမ်းမြဲအောင် |
| ၄၉။ | ရှိသာကိုစတာ | မောင်မိုးသူ |
| ၅၀။ | ပိန်းရွက်ပေါ်မှ မိုးစက်များနှင့်… | ရွှေကူမေနှင်း |
| ၅၁။ | အခင်ကြည်ဝင်းရှုံ | ခင်ဆွေဦး |
| ၅၂။ | စစ်ကိုင်-ခင်းသား | ရွှေကြာ |
| ၅၃။ | ဇာဒါနှင့်မောင့်မပင်မြင်း | အောင်သင်း |

www.burmeseclassic.com